(Korea)

Yeongcheon Gyeongsan Cheongdo

ရန်ကုန်မြို့။

ရွှေတိဂုံကုန်းတော်၊ ဒေါ်လှဖြော်တန်ဆောင်း

မဟာနွဂဟာအာသင်းကြီး၏

ဦးစီးနာယကာ

အရှင်သီလာစာရ

မထေရ်သည့် ရေးသားစီရင်တော်မူအပ်သော

မဂ္ဂင်္ဂမဒေသ-သာသနာဝင်ကျမ်း။

ပထမအုပ်။

သက္ကရာဇ် ၁၂၉၂-ခု။

နှစ်တော်လအတွင်းပုံနှိပ်ပြီးစီးသည်။

ALL RIGHT RESERVED

မူပိုင်ရှင် ကျမ်းပြုပုဂ္ဂိုလ်

မြန်မာပိဋကတ်ပုံနှိပ်တိုက်။ နံပါတ်-၂၆၂။ လွှစွလမ်း၊ ရန်ကုန်မြို့။

အဘိုး ၆-ကျပ်၊



အရှင်သီလဝံစာရပုံ

အရှင်သီလာစာရပုံ။

ဦးရေ	အကြောင်းအရာ၊	မျက်နှာနံပါတ်
၁	မင်္ဂိုလဒေသ သာသနာဝင်ကျမ်းကြီး၏မဟာနိဒါန်း။	
၂	ပဏာမ	၁
၃	တိုင်းကြီးတဆဲ့ခြောက်တိုင်းအကြောင်း	၅
၄	တိုင်းကြီးတဆဲ့ခြောက်တိုင်းမှတပါး၊သော-တိုင်းပြည်များ အကြောင်း	၈
၅	အင်္ဂတိုင်းအကြောင်း	၉
၆	မဂဓတိုင်းအကြောင်း	၁၁
၇	ကာသိတိုင်းအကြောင်း	၂၀
၈	ဗာရာဏသီမြို့၏ထူးဆန်းသောအကြောင်းအရာများ	၂၄
၉	ကောသလတိုင်းအကြောင်း	၂၉
၁၀	ဝဇ္ဇီတိုင်းအကြောင်း	၃၁
၁၁	သက္ကတိုင်းအကြောင်း	၃၄
၁၂	မလ္လတိုင်းအကြောင်း	၄၀
၁၃	ဂန္ဓာလရာဇ်တိုင်းအကြောင်း	၄၉
၁၄	စေတတိုင်းအကြောင်း	၅၃
၁၅	ပုဂံနှင့်ပဂတိုင်းအကြောင်း	၅၅
၁၆	ဝံသတိုင်းအကြောင်း	
၁၇	လာလတိုင်း၊မဟိံသကတိုင်းအကြောင်း	၅၉
၁၈	ဝေရဇ္ဇယတိုင်းအကြောင်း	၅၇
၁၉	ဥတ္တရာပထတိုင်းအကြောင်း	၅၀
၂၀	ဝင်္ဂတိုင်း၊ကလိင်္ဂရာဇ်တိုင်းအကြောင်း	၅၉
၂၁	မာလာကုတတိုင်း	၆၁
၂၂	မဟိသ်ကတိုင်း	။
၂၃	ဆိဝရာဇ်တိုင်း	၊
၂၄	ဝနဝါသိတိုင်း	။
၂၅	ပန္နဝတိုင်း၊မဇ္ဈတိုင်းအကြောင်း	၆၃
၂၆	အပရန္တတိုင်း	၆၄
၂၇	သုရဋ္ဌတိုင်း	၆၆

ဦးရေ	အကြောင်းအရာ၊			မျက်နှာနံပါတ်
၂၀	အာသကတိုင်း	.....	.....	၆၇
၂၉	ဒကျိုကာပထဝေါအဝန်တိုင်း	.....	.....	၈
၃၀	ဆိန္နုတိုင်း	.....	.....	၆၉
၃၁	ရာဇပုတ္တနတိုင်း	.....	.....	၈
၃၂	ကဆ္ဆိရတိုင်း	.....	.....	၇၀
၃၃	ဝိဒေဟရာဇ်တိုင်း	.....	.....	၇၁
၃၄	ဧခါမတိုင်းနှင့်အာဠဝီတိုင်း	.....	.....	၇၃
၃၅	ကမ္ဘောဇတိုင်း	.....	.....	၇၄
၃၆	လက်ာဒိပက္ခန်းအကြောင်း	.....	.....	၇၅
၃၇	ဝိဇယမင်းသားအကြောင်း	.....	.....	၈၄
၃၈	ဟိမဝန္တာတောနယ်အကြောင်း	.....	.....	၉၅
၃၉	မြတ်စွာဘုရားရှင်၏အတုပ္ပတ္တိအကြောင်း			၁၀၄
၄၀	ဘုရားအဖြစ်သို့ရောက်တော်မူပုံအခန်း			၁၄၉
၄၁	မြတ်စွာဘုရား၏ဂုဏ်တော်များအကြောင်း			၁၅၈
၄၂	ရာဇဂြိုဟ်ပြည်တွင် ဝါကပ်ဆို၍ ဟောတော်မူသော တရားများ	.....		၁၆၇
၄၃	မဇ္ဈိမဒေသသို့ဘုရားဖူးရန်ခရီးစဉ်	.....	.....	၁၇၂
၄၄	သီလအမျိုးမျိုးခွဲပြခန်း	.....	.....	၁၈၇
၄၅	ငါးပါးသီလမှ၏အကျိုးခံစားရပုံအကျယ်			၂၀၇
၄၆	ဒါနကုသိုလ်အကြောင်းအကျယ်	.....	.....	၂၃၃
၄၇	ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းထူထောင်နည်း	.....	.....	၂၄၃
၄၈	ဝိပဿနာပွါးများပုံနည်းများ	.....	.....	၂၄၆
၄၉	နိဗ္ဗာန်၏သဘောအရသာကိုအမြွက်မျှပြခြင်း			၂၇၂
၅၀	တရားရတနာမြို့တော်ကြီးတည်ထောင်ပုံ			၂၇၆
၅၁	သတ္တဓနုဇာတ်တော်ကြီးလွှမ်းဘွယ် ဆွေးဘွယ်တရား ရဘွယ်များ	.....		၃၀၁
၅၂	မင်္ဂလေးပါးပေါ်ပုံ၊သစ္စာလေးပါးကိုပိုင်းခြားဖြင့်ပုံများ			၃၄၀

ပဌမတွဲမာတိကာပြီး၏၊

အာရှင်သိလစာရ ကျမ်းပြုပုဂ္ဂိုလ်၊ ရန်ကုန်မြို့၊

နိဒါန်း။

က။ တိလောကာ ဓိပတိ၊ မုနိပဝရ။ ဒွိပဒုတ္တမ။ မုနိန္ဒသယမ္ဘု။။သဗ္ဗ ညုဇိန။ ဥက္ကဋ္ဌမာရ၊အောင်၊ အခေါင်သိရိ၊မာရဇိသက္ကျ။ဗုဒ္ဓလောင်းလျာ။သူ တော်စွာသည်၊ ငါးဖြာမာရ်နှင်၊ဒိပက်ရာ။ထွ တ်ချာမှန်ကင်း၊သုံးလူမင်းဧ၍။ပျံ သင်းငုံအာ၊ပဒုမ္မာဟု၊ရုံနှစ်ဖြာခြေတော်ရင်းခို၊ ဝပ်စင်းခါသွင်းဝမ္မဖြင့်၊ ညွှတ် တွင်းမှာဆင်းကျသည့်၊ ဝေနေယျဟိန္ဒ္ဂ၊ များဗိုလ်လူအစု၊ ပေါင်းအထုတို့ အား၊ ကရဏာထား၊ ရင်ဝယ်သားကဲ့သို့၊ သနားတော်မူလျှ၍၊များသတ္တဝါ တထွေလူတို့ကို။ ခေဋ္ဌသောင်အောင်ရပ်သို့၊ ပေါင်ကပ်ခါပို့အံ့ဟု၊တည်တန့် သော နှလုံးထားဖြင့်၊ ကိုယ်တံတားအလျှ၊ ပုဇော်သောကာလ၊ ဗုဒ္ဓဖြတ် စွာ၊ စိုးစံယျာလည်း၊ အနာဂတံသ။ ဉာဏဝရဇိန်၊ ပစ်ချိန်ရှကြည့်တော် မူပြီးကာလ။ နိယတဗျာဒိတ်၊ တံဆိပ်တော်ပန်းကုံးကို၊ တဝိုင်လုံးဆင်ဖြန်း စေပြီးသောအခါမှ စ၍။ မဟုသာဟ၊ ကြီးစွာသော လုံ့လဖြင့် ကြိုးပမ်း အားထုတ်လာရာ၊ မဟာထုတိ၊ ဗေါဓိသမ္ဘာရ။ တစတစတိုးဆင့်။ ရင့်ကြိုး ရင့်၍၊ သိန်းမြှင့်တွက်ရေ၊ လေးသင်္ချေထက်၊ ဗုဒ္ဓဟောဆန်း၊ ပလ္လင်နန်းဝယ်။ လေးခန်းသစ္စာ၊ ဇေယျာကိတ္တိ၊ သိဒ္ဓိမင်္ဂလာ၊ ဝိဇ္ဇာသုံးဆင့်၊ ခိုင်လုံး ပွင့်သ ဖြင့်၊ သုံးခွင်တိုက်သူ။ဗိုလ်လူပေါယဟ်၊ များဝေနယ်တို့ကို၊ ရည်ရွယ်ရင်း တိုင်း။ မဆုတ်ဆိုင်းဘဲ၊ ရိုင်းပင်း ကုမတော်မူခဲ့ပြီးမှ။နိဗ္ဗာန သောင်ကမ်း သို့ ကြွလှမ်းတော်မူမည် အကြိုတွင်၊ သုဘဒ္ဒမထေရ်အား ဟောကြား ဆုံးမတော်မူခဲ့သည်မှာ။ ။ဣမေ စ သုဘဒ္ဒ ဘိက္ခူ။ သမ္မာဝိဟာရေယျုံ၊ အသုညော လောကော အရဟန္တေဟိ အာသ၊ ။သုဘဒ္ဒ၊ ဥပကာနှင့် ဆာဝါတို့၏ သားဖြစ်သော ချစ်သား သုဘဒ် ရဟန်းကြီး၊ ဣမေစဘိက္ခူ။။ ငါဘုရား၏ တပည့်သားဖြစ်ကုန်သော၊ ဤရဟန်းတို့သည်ကား၊ သမ္မာ၊ ကောင်းစွာ။ ဝိဟာရေယျုံ၊ သိလ၊ သမာဓိ၊ ပညာဟု ဆိုအပ်သော သာ သနာသုံးရပ်ကို အားထုတ်၍နေကုန်ငြားအံ့။လောကော၊လောကသည်၊အာရ ဟန္တေဟိ၊ အရိယာရဟန္တာတို့မှ။ အသုညော၊ မဆိတ် မကင်းသည်။ အာသ၊ဖြစ်ရာ၏။ ။ချစ်သားသုဘဒ်ရဟန်းကြီး-ငါဘုရား၏တပည့်ရဟန်း များနှင့် တကွမည်သူမဆို၊ ငါဘုရား ဟောတော်မူသော သိလ၊ သမာဓိ၊

နိဒါန်း။

ပညာ၊ သာသနာသုံးရပ်ကို အလွန်လိုလားနှစ်သက်၍၊ သင်္ခါတရားထက် သန်စွာနှင့်အားထုတ်၍နေသမျှကာလပတ်လုံး၊ သာသနာတော်သည် တည် တန့်နိုင်လတ္တံ့၊အားထုတ်သူမရှိက၊ မရှိသောနှုန့်ပင် သာသနာတော်ကွယ် ပျောက်လတ္တံ့။ သာသနာတော်ကွယ်ပျောက်လျှင် အရိယာရဟန္တာခေတ် များလည်း ကွယ်ပျောက်လတ္တံ့ဟူ၍ မိန့်မှာဟောကြားတော်မူခဲ့လေသည်။

၁။ ထို့ကြောင့် သုဘဒ္ဒရဟန်းကြီးကို မိန့်မှာတော်မူခဲ့သော ဒေသနာ တော်ကို ထောက်ဖြော်သဖြင့်၊ ယခုအခါ ရှိကြကုန်သော ရဟန်း၊ ရှင်၊လူ၊ ပညာရှိ ပုဂ္ဂိုလ်အပေါင်းတို့သည် အရေးအကြီးဆုံးဖြစ်သောသတိနှင့် ပညာ တရားကိုရှေ့ထား၍၊ သာသနာတော် အစွန့်ရှည်စွာ တည်တန့်နိုင်အောင် ၎င်း၊ သာသနာတော်သည် အဘိုး မပြတ်နိုင်အောင် ထိုက်တန်ကြောင်းကို ၎င်း၊ သာသနာတော်သည် ချီးမြှင့်၍ မကုန်နိုင်ကြောင်းကို ၎င်း၊ အလွန် အားကိုး အားထားရာ မှန်ကြောင်း ဟုံ ၎င်း၊ အလွန်မှန်ကန်၍ အားကိုးအား ထားရာ ဖြစ်သောကြောင့်။ မှားသော မိစ္ဆာဝါဒဘာသာတပါး တို့၏ ရန်ကို တွန်းလှန်ဖြိုဖျက်သည်အပြင်၊ သာသနာတော်တွင် ယုံကြည်ရင်း ဖြစ်ပြီး သော သူတို့အားလည်း။ မိစ္ဆာဝါဒဖြစ်သော ဘာသာတပါးသို့ ဟုတ်နိုး ထင်၍ ကောင်းနိုးထင်၍ ၊ကူးပြောင်း၍လည်း မသွားနိုင်အောင်။ သိလစ သော သာသနာတော်တည်းဟူသော ကံသင်းကြီးကိုလည်း၊ ဆယ်တင်နိုင် ကြရုံလေအောင်၎င်း၊ သာသနာတော်ကို ယုံကြည်အားထားရင်း ဖြစ်ပြီး သော ပဓိတို့သည်လည်း။ သတိ၊ပညာများကိုမသစ်ကြရအောင်၎င်း၊ အထူး သတိထား၍၊ သာသနာတော်ကြီးသည် တနေ့ထက် တနေ့၊တိုးတက် ပြန့် ပွား စီးကားထွန်းလင်းအောင်။ ဤကျမ်းစာကိုလက်ကိုင် ကိုယ်စီထားကြ၍။ ကြိုးစား အားထုတ်ကြည့်ရှုကြစေလိုကြောင်း သတိပေး နှိုးဆော်ရခြင်း ဖြစ်သော နိဒါန်း စကားပေတည်း။ ။

၇၊ ပါရှိသော မြေပုံနှင့် ကျမ်းစာကိုတွဲ၍ သေချာဂန ပိုင်နိုင်အောင် ကြည့်ရှုပြီး ဟောပြောပြသ၍ သာသနာပြုရလျှင်၊ ဘာသာတပါး မိစ္ဆာဝါ ဒတို့ကို တွန်းလှန် ဖြိုဖျက်နိုင်ကြောင်း ဤကျမ်းစာအုပ်ကကြွနပ်အောင် လုံလောက်စွာ သက်သေခံလိမ့်မည်။ သမ္မာသမ္ဗုဒ္ဓ သာသနာတော်ကို ယုံ ကြည်အားထားသူမှန်သမျှ အလောင်းတော် သိဒ္ဓတ္ထကုမာရမင်းသားသည်၊ လုမ္ဗိနီဥယျာဉ်၌ ဘွားမြင်တော်မူသည့်နေရာဌာနကဲ့၍၊ သစ္စာလေးပါးကို ဥာဏ်တော်တဆဲ့နှစ်ပါးဖြင့် ပိုင်းခြားဝေဘန်၍၊ ဆရာမကူ သယမ္ဘူဥာဏ်

၅၊ ဥဂ္ဂ သူဌေးကြီးသည် ရွှေလိပ်ရုပ် အပြည့်ခင်း၍ ဝယ်ပြီးလျှင် ကောဏာဂုံမြတ်စွာဘုရားရှင်အား လှူဒါန်းခဲ့ဘူးသည်။

၆။ သုမင်္ဂလ သူဌေးကြီးသည် ရွှေကပ်ပြားအပြည့်ခင်း၍ ဝယ်ပြီး လျှင် ကဿပ မြတ်စွာဘုရားရှင်အား ကျောင်းဆောက် လှူဒါန်းခဲ့ဘူး သဲ့သည်။

၇။ အနာထပိဏ်သူဌေးကြီးသည် ရွှေပြားအပြည့်ခင်း၍ ၎င်းဇေတ ဝန်ဥယျာဉ်မြေနေရာကို ဇေတမင်းသား၏ အထံမှ ဝယ်ယူပြီးလျှင် ဂေါ တမမြတ်စွာဘုရားရှင်အား ဇေတဝန်ကျောင်းတော်ကို ဆောက်လုပ် လှူ ဒါန်းခဲ့သော နေရာဖြစ်သည်။၎င်းပြင်မြတ်စွာဘုရားရှင်ဒုနစ်ဆူလုံးပင် ကြွမိန်း စက်တော်မူရာ ခုတင် ညောင်းစောင်း၏ အခြေလေးခြောင်းချရာ နေရာ သည်လည်းမရွေ့ တနေရာတည်းပင် ဖြစ်ကြပါသည်။ ထို့ကြောင့် ဇေတ ဝန်ကျောင်း မြေနေရာသည် ဗိပဿီ မြတ်စွာဘုရားရှင်ကစ၍ ဘုရားခုနစ် ဆူတို့၏ ကျောင်းတော်မြေနေရာ ဖြစ်ခဲ့ဘူးကြောင်း။ ၎င်းပြင် ဒေဝဒတ် မြေမျိုသောနေရာ၊ ဒေဝဒတ် ရေချိုးမည်ကြံသောရေကန်။ အလုပ်အကျွေး ဖြစ်သော အာနန္ဒာတည်ထောင်စိုက်မျိုးခဲ့သော ဗောဓိညောင်ပင်နှင့် ဇေတ ဝန်ကျောင်းတော်ကြီးသည်လည်း။ အောက်အခြေကြီးများသည် အဝေး အလျား ရှိသေးသည်၊ ဝိသာခါလှူဒါန်းသော ပုပ္ပါရုံ ကျောင်းတော်ကြီး သည်၊အဓိရဝတီမြစ်နှင့် နီးကပ်သောကြောင့် ပျက်စီး၍ မြစ်ထဲသို့ မြော ပါကုန်ပြီ။ ၎င်းပြင်ပရိနိဗ္ဗာန်ပြုပြီးသော များစွာသောရဟန္တာ အရှင်မြတ်တို့ ၏ ခါတ်တော်များကို ဌာပနာရာ စေတီနေရာများလည်း ကြည်ညိုကိုး ကွယ်ရန် များစွာရှိသေးကြောင်း။ ဤသို့သော အကြောင်းထူးတွေ အလွန် ထူးဆန်း ပေါများသောကြောင့်။ ၎င်းသာဝတ္ထိမြို့သည်လည်း ရောက်ဘူး၊ တွေ့ဘူး၊မြင်ဘူးရန် အလွန်သင့်လျော်၏ ဟူ၍ပင်သဘောရရှိသည်။ ထို ကြောင့် ဘုန်းကြီးပေါ်ပြဲခဲ့သော ခုနစ်ဌာနလုံးပင် စေ့အောင် ရောက်နိုင် လျှင် သာလွန်၍ပင် နှစ်သက်ကြည်ညိုစရာ ဝမ်းမြောက်စရာကြီး ပေ တည်း။၎င်းခုနစ်ဌာန၏ အဆင်းအရာ အကျယ်စကားများသည် ကျမ်း စာတွင် ပါရှိလိမ့်မည်ဖြစ်ကြောင်း၊ပေါ်ပြဲသော နိဒါန်းစကားပေတည်း၊

၈၊ ဤကျမ်းစာအုပ်တွင် ဟိမဝန္တာတောင်စဉ် တောင်ဝှမ်းခွ ရှိကြ ကုန်သောလွမ်းစရာ၊ဆွေးစရာ၊နှစ်သက်ဘွယ်ရာ အကြောင်းအရာ အလုံး စုံတို့နှင့်တကွ မြတ်စွာဘုရားရှင်သည် မည်သည့်နေရာအရပ်၌၊ မည်သည့်

ပုဂ္ဂိုလ်များကို၊ မည်သည့်တရားတော်များဟောခြင်း၊မည်သည့်တရားနှင့် အာ
ကျွတ်တရားရကြောင်း၊ အားထုတ်ပုံအလုပ်နှင့်တကွ ရှင်းလင်းသေချာစွာ
ပါရှိလိမ့်မည်။ ၎င်းပြင် သမထဝိပဿနာ အားထုတ်ပုံအမျိုးမျိုး အကျဉ်း
နည်း ရုံလင်စွာလည်း ပါရှိလိမ့်မည်ဖြစ်ကြောင်း။ မြတ်စွာဘုရားရှင် အ
လောင်းတော် အတိတ် အကြောင်း အလွန်ကောင်းသော ဇာတ်တော်များ
လည်း ပါရှိလိမ့်မည်၊ တရားဟောပုဂ္ဂိုလ်များ၏ အကျိုးငှါ တရားဟော
ရန် အလွန်နာပျော်ဘွယ်ကောင်းသော ဇာတ်တော်များလည်း ပါဝင်ကါထာ
နှင့်တကွ ပါရှိလိမ့်မည်၊အဘိဓမ္မာတရားဟောနည်းများလည်း ကောင်းစွာ
ပါရှိလိမ့်မည်။၎င်းပြင် ပရမတ္ထသဘာဝ အပျိုးပျိုးတို့၌ လက္ခဏာ ရသ
ပစ္စုပဋ္ဌာန်ပဒဋ္ဌာန်လေးမျိုးခွဲပုံတို့သည် နည်းနာနိသယ ကောင်းကောင်းရ
လောက်အောင်လည်း ပါရှိလိမ့်မည်။ နိဗ္ဗာန်ပေါက် ဆုတောင်း ရေစက်ချ
များလည်း ပါရှိလိမ့်မည်စသည်ကိုဖော်ပြသော နိဒါန်းစကားပေတည်း၊

ဆ။ သို့ဖြစ်၍ အထက်ကဖော်ပြခဲ့သမျှသော နိဒါန်းစကားအစဉ်တို့
တွင် အလွန်အရေးကြီးသော ပဋိဂ္ဂပုဒ္ဓသဝါသစက်ဟု ဆိုအပ်သော
မွန်မြတ်သော ကောင်းသော သင့်တင့်လျောက်ပတ်သော တိုင်းပြည် ဖြစ်ရာ
ဒေသအရပ်များ၌နေရ ထိုင်ရ လူဖြစ်ရမှသာလျှင် သာသနာအာသံ၊ ဘာသာ
အသံ၊ဒါနသံ၊သီလသံ၊ဘာဝနာသံ၊ကျောင်းသံ၊ဘုရားသံ၊ပရိတ်သံ၊စာသံ၊
မဂ်သံ၊ဖိုလ်သံ၊ စားလှည့်ကုန်သောက်လှည့်ကုန်စသောအသံတွေကိုအခါမ
စဲကြားရနာရသည်ကား အမှန်ပင်ဖြစ်၏။ ယင်းသို့ပဋိဂ္ဂပုဒ္ဓဝါသဥကာနှင့်
ကြုံကြိုက်ကြမှသာလျှင် အဆုမဲ့ကောင်း၊ အသွန်သင်ကောင်း၊အပြကောင်း၊
အပြောကောင်း၊ အပေါကောင်း၊ ဆရာကောင်းစသည်တို့နှင့် တွေ့လွယ်
ကြုံလွယ်သော သပ္ပုရိသုပနိဿယစက်နှင့်လည်းကောင်းကောင်း ပြည့်စုံ
နိုင်တော့သည်သာတည်း။ ဤကဲ့သို့ ပဋိဂ္ဂပုဒ္ဓဝါသစက်နှင့် ပြည့်စုံမှ
လည်း ရှေးအတိတ်ကပြုခဲ့အားထုတ်ခဲ့ဘူးသော ကုသိုလ်ကောင်းမှုတွေလဲ
ထက်သန်အားကောင်း၍ လာနိုင်ခြင်း၊ အကျိုးပေးမှီ့ ဖြိုး၍ လာနိုင်ခြင်း
ပုဗ္ဗစ ကတပုညတာ စက်နှင့်လည်း ကောင်းကောင်း ပြည့်စုံနိုင်တော့
သည်သာတည်း။ ဤသို့ပဋိဂ္ဂပုဒ္ဓဝါသစက်နှင့် ပြည့်စုံမှသာလျှင် ဒိဒိတို့
၏အားထုတ်အပ်၊နှလုံးသွင်းအပ်၊ ဆင်ခြင်လုပ်ကိုင်အပ်သော၊ လူ၊ နတ်၊
ဗြဟ္မာ၊ မဂ်၊ ဖိုလ်၊နိဗ္ဗာန်အကျိုးငှါ၊ ကောင်းသောလောကီ လောကုတ္တရာ
အကျိုးစီးပွားတို့ကို အလိုရှိတိုင်း တွင်တွင်အားထုတ်နိုင်ခြင်းအတ္တသမာ

နိဒါန်း။

ပဏ္ဏာဓိစက်နှင့်လည်း ကောင်းကောင်း ပြည့်စုံနိုင်တော့သည် သာတည်း။ ဤကား လောက သံသရာကြီးထဲ၌ ဖြစ်ဖြစ်သမျှကုန်သော၊သူသူ၊ငါငါ၊ မည်သူ မည်ဝါမဆို၊စက်ကြီးလေးပါးတို့တွင် ရှေးဦးပဌမ သာသနာတော်ထွန်းကားရာ အရပ်ဆိုတဲ့-ပဋိဂ္ဂပဒေသ စက်နှင့် ကွဲကြဲ၊က် တွေကွဲကြမှသာလျှင်၊ ကြွင်းသော သပ္ပုရိသုပနိဿယစက်။ ပုဗ္ဗေစ ကတပုညတာစက်။ အတ္တသမာပဏ္ဏိဓိစက်တို့နှင့် လွတ်လပ်ပိုင်ပိုင် တွေကွဲပြည့်စုံနိုင်တော့သည်သာ တည်းဟူ၍ ယုံကြည်စွာမှတ်ကုန်ရာ၏။ ။

၈။ ယခုအခါမှာ သာသနာတော်ရောက်ရာ၊ တည်ရှိရာ ရတနာသုံးပါး အသံမျှားကို၊ ကြားနာရသော၊ကောင်းသော၊ သင့်တင့် လျောက်ပတ်သော ပဋိဂ္ဂပဒေသာဒါသဖြစ်သောအရပ်မျှားကိုဖော်ပြဦးအံ့။ မြန်မာနိုင်ငံ၊ ယိုးဒယားနိုင်ငံ၊ကျပန်နိုင်ငံ၊ တိဗက်-တရုတ်ပြည်တောင်ပိုင်းနှင့်ဟိမဝန္တာတောမြောက်ဘက်တောင်ခြေတလျှောက်၊ မဏ္ဍိမဒေသမြောက်ပိုင်း၊ ဟိမဝန္တာတောအတွင်းရှိ နီပေါနိုင်ငံ၊ အိန္ဒိယတနိုင်ငံသုံးတွင်အချို့အချို့သော နေရာ ကွက်လပ်မျှား၊ သီဟိုဠ်တကျွန်းလုံး၊ ကျဝါးကျွန်းခွ အနည်းငယ်၊ ကျမန်ပြည်၊ပြင်သစ်ပြည်၊ အင်္ဂလန်၊အမေရိကံ၊ဆွစ်ဇာလန်၊ ရုရှားပြည် အပါအဝင် ဆိုင်ဘေရိယနယ်၊ ဟိမဝန္တာတောအတွင်းရှိ ဘူတန်နယ်၊ စစ်ကင်းနယ်မျှားမှ တဝက်စီလောက်၊ ကမ္ဘောဇ အာနံနယ်၊ ဒပ်ချ လူမျိုးတိုင်းပြည်၊ လျှိုခဲနက္ခန်း၊ ကိုရိယကန္ခန်းဆွယ်၊ ကက်ရှ်မီးယားနယ်မှာ တဝက်လောက်စီ၊ရှမ်းနယ်၊ ဤသို့-ယခုဖော်ပြခဲ့သော အရပ်ဒေသမျှားသည် ပဋိဂ္ဂပဒေသာဝါသ အရပ်မျှားဖြစ်ကြပါ၏။ သို့သော်လည်း ထို ဖော်ပြခဲ့သမျှသော ပဋိဂ္ဂပဒေသာဝါသ အရပ်တို့တွင်၊ဘုန်းကြီးတို့ ယခု နေထိုင်လျက်ရှိသော မြန်မာနိုင်ငံသည်။ အလွန်ကောင်းသော၊အလွန်တင့်အပ်လျောက်ပတ်သော၊ အလွန်မွန်မြတ်သော၊ သမ္မာသမ္ဗုဒ္ဓ သာသနာတော် အလွန်ထွန်းပြောင် ထိန်လင်းသော၊ပဋိဂ္ဂပ ဒေသာဝါသ အစစ် ဖြစ်သော နိုင်ငံ၊ နယ်ပယ်ကြီး ဖြစ်ပါပေသည်။ ယခုအခါ သံသရာက မှောင်လောကကြီး၌။ ဤယခုဘုန်းကြီးတို့ နေထိုင်လျက်ရှိသော၊ပဋိဂ္ဂပဒေသာဝါသအစစ်ဖြစ်သော မြန်မာနိုင်ငံကဲ့သို့၊ သင့်တင့်လျောက်ပတ် မွန်မြတ်သောအရပ်သည် အခြားတပါးသော အရပ်ဒေသတို့၌ မရှိချေဟူ၍ပင် မုချ မှတ်ယူရာ၏။ မြန်မာနိုင်ငံသည်၊ အလွန်မွန်မြတ်သော ပဋိဂ္ဂပဒေသာဝါသအရပ်ဖြစ်ကြောင်းကို ယခုခေတ်-ယခုအခါ၊ ယခုကာလ အထိုင်ဌာသာ ဖော်ပြရခြင်း ဖြစ်သည်။

ဘုန်းကြီးတို့နှစ်သက်ကြည်ညိုကိုးကွယ်သော အရှင်ဂါတမ သဗ္ဗညုဖြတ် စွာဘုရားရှင်သည်၊ သက်တော်ထင်လျှားရှိစဉ်က အလွန် ထူးမြတ် လွန်ကဲသော၊ ပဌမတန်း အထွဋ်အထိပ်ဖြစ်တူးသော ပဋိဂ္ဂပဒေသာဝါသ အရပ်များကိုဖော်ပြဦးအံ့။ ။

———:o:———

ဤ။ လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀-ကျော်၊ မြတ်စွာဘုရားရှင် သက်တော်ထင်လျှားရှိစဉ် အခါကာလက၊ ပဋိဂ္ဂပ အပေါင်းတို့၏ အထွဋ်၊ တမျှော်ပဝရ၊ ပဋိဂ္ဂပဆိုသော စကားအရ၊ ထိုစဉ်အခါ ပဋိဂ္ဂပ ဒေသာဝါသ စက်၏ ခြားနားခြင်းကား။ ။ထိုထိုနဂရ၊နိဂမ၊ဇနပဒ၊အဝဝသော အရပ်ဒေသတို့တွင် အကြင်အရပ်သည်၊ မင်း၊ ပုဏ္ဏား၊သေဋ္ဌး၊ ကုန်သည်လယ်လုပ်ဟုဆို အပ်သော ပရိသာတ်လေးပါးတို့၏ ရုဝေးရာသည်း ဖြစ်အံ့၊ ။ ဒါန သိလစသော ပုညကြိယာဝတ္ထုကို၏ဝိဝဋ္ဋနိဿိတ သဘောနှင့်ပြန့်ပွားရာသည်း ဖြစ်အံ့။ ။ပါရဂိဆယ်ပါး၊ ပါရမြီနှစ်ဆယ်၊ ပါရဂိသုံးဆယ်၊ အသီးသီးအားထုတ်သူတို့၏ ပြန့်ပွားရာလည်းဖြစ်အံ့။ ။ခန္ဓာ၊အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်၊ ပရမတ်၊ ပညတ်၊ လက္ခဏာ၊ ရသ၊ပစ္စု ပဋ္ဌာန်၊ ပဒဋ္ဌာန် စသော အဘိဓမ္မာဒေသနာတော်ကြီးတို့ကို။ဆွေးနွေးမေးမြန်း၊ ရုံစမ်းအားထုတ်ဆင်ခြင်၊ နှလုံးသွင်းသူတို့ပေါများ ပြန့်ပွားရာလည်း ဖြစ်အံ့။ ။ဗောဓိပက္ခိယ-၃၇-ပါး၊ ဝိသုဒ္ဓိ-၇-ပါး၊ သာသနာ-၃-ပါး၊ ဝိပဿနာဉာဏ်-၁၀-ပါး၊ ပရိညာ-၃-ပါး စသည်တို့ကိုဟောလေ့၊ ပြောလေ့၊ နာယူလေ့၊ ကျင့်ကြံအားထုတ်လေ့ရှိသူတို့ပေါများ ပြန့်ပွားရာလည်း ဖြစ်အံ့၊ ။ကိုးပါးသော အင်္ဂါနှင့် ပြည့်စုံသော။ ဘုရားရှင်၏ သာသနာတော် ထွန်းပေါတောက်ပရာလည်း ဖြစ်အံ့။ ထိုအရင်မျိုးမှသာ အလွန်မွန်မြတ် အလွန်လျောက်ပတ်သော ပဋိဂ္ဂပဒေသဖြစ်ပေသည်။ ထိုကဲ့သို့သော အရပ်မျိုးနှင့် အလားတူ ပဋိဂ္ဂပကို၊ ယခုခေတ်အခါ၊ သံသရာ ကမ္ဘာကြီးထဲ၌ ရှာဖွေမည်ဆိုလျှင်၊ မြန်မာနိုင်ငံတခုသာ တွေ့ရှိတော့သည်ဟူ၍၊ ဘုန်းကြီးသည် အလွန်ယုံကြည်၏။ ။မြတ်စွာဘုရားရှင် ရှိစဉ်က အလိုအားဖြင့်၊ ပဋိဂ္ဂပဒေသကို၊ သမ္ဘာရပရိဏာမ အားဖြင့်၊ ပိုင်းခြားဝေဘန်လျှင်၊ မြတ်စွာဘုရားရှင်ပွင့်တော်မူရာ၊ မဟာဗောဓိမဏ္ဍိုင်အရပ်၊ ဓမ္မစကြာဒေသနာဘော်မြတ်ကို၊ မိန့်မှတ်ဟောကြားတော်မူရာအရပ်၊ယဓိက်တေဇော ပြာဋိဟာကို ပြတော်မူရာအရပ်၊ တာဝတိံသာ နတ်ပြည်မှ ကြွချီသက်ဆင်း

တော်မူရာအရပ်တို့သည်၊ တင့်အပ်ထူးလွန်၊ အရပ်မှန်ဟူသော ပဒိုရုပဒေသ ဖြစ်သတည်း။ ။

ည၊ မဇ္ဈိမ ပရိစ္ဆေဒအားဖြင့် ကား၊ယူဇနာတသောင်းသော ဧမ္မ။ဒီပါကျွန်းတွင်၊ ရှေးသောအခါက၊တောနေသုံးထောင်၊ရေနေသုံးထောင်၊ လူနေလေးထောင် ဟူ၍ယူဇနာ အသိုးသိုးကျယ်ဝန်းကြ၏။ထိုနောက်တဖြည်းဖြည်း။ မင်း၊ ပုဏ္ဏားမှစ၍ လူတို့မတရား များကြသည်ဖြစ်၍၊ ဂုံးချေးစကား၊ အတိုက်အခိုက်၊ လိမ်လည်ကောက်ကျစ်၊ မရိုးမဖြောင့်၊ သဘောကောင်းစိတ်ကောင်းမရှိ လောဘ၊ ဒေါသ၊မာန၊ ဇာသာ၊ မဉ္ဆော့ရ စသည်များပြားသူတို့၊ ပြန့်ပွားပေါများသာသည်ဖြစ်၍၊ ရေရှည်သူဖျက်ဆီး ဖျက်ဆီးလာသည်ဖြစ်၍။လူနေမြေရာများသည်၊ ကျဉ်းမြောင်းလာလေသောကြောင့်။လူနေသုံးထောင်ဖြစ်ပြီး၊ ရေနေလေးထောင်ယူဇနာဖြစ်လာရသည်ဟူ၍ မှတ်ယူကြရမည်၊ အထူးသတိပြုကြလေ။ ။

ဗု။ တောနေယူဇနာ-၃၀၀၀။ ။လူနေယူဇနာ-၃၀၀၀။ ။ရေနေယူဇနာ-၄၀၀၀-အားဖြင့်၊ ဤသို့သုံးရပ်ပေါင်းသော်ယူဇနာ တသောင်းဆိုရာ၌၊ တောင်မြောက်ယူဇနာတသောင်း။ အရှေ့အနောက် ယူဇနာတသောင်း၊ အစန်းအားဖြင့် ယူဇနာသုံးသောင်း ရှိသော၊ ဤဧမ္မ။ဒီပါကျွန်းသည်။ သဏ္ဌာန်အားဖြင့် မြောက်ပိုင်း၌ကျယ်၏။ တောင်ပိုင်း၌၊ လှည်းဦးသဏ္ဌာန်ရှိ၏။ မြောက်နား အစွန်းကျွန်းဦး၌ ဧမ္မ။သပြေပင် ရှိ၏၊ ၎င်းဧမ္မ။သပြေပင်ရှိရာ တောနယ်၌ အဝန်းယူဇနာ ကိုးထောင်၊အချင်းယူဇနာသုံးထောင်။ အဖြင့်ယူဇနာငါးရာရှိသော။ ဟိမဝန္တာတောင်မင်းသည်၊ အတိုင်းမသိ ပြောပ၍ မကုန်နိုင်အောင်၊ အလွန်အံ့သြဖွယ်မြင်းစရာကောင်း၏။ ထိုဟိမဝန္တာတောင်၏အတွင်း၌၊ရှစ်သောင်းလေးထောင် မျှလောက်သော တောင်ငယ် တောင်ထွဋ်တို့သည်လည်းကောင်း။ အလွန်ထင်လျားကျော်စော်သော၊ အလွန်ထူးဆန်းသော၊ အလွန် အဘိုးတန်သော ကျောက်မြက်ရတနာတို့ ပေါများသော စကြာငါးပါး တို့နှင့်ပြည့်စုံသော၊အလွန်မြင့်သော နှစ်ရာတာဆယ်သော တောင်တို့သည်လည်းကောင်း။ထိုနှစ်ရာတာဆယ်သော တောင်တို့မှ အလွတ်ဖြစ်သော၊ဝေပုလ္လ၊ ဝေဘာရ၊ တောင်တို့သည်လည်းကောင်း။အလွန်ထူးဆန်း၊အံ့သြ၍ မကုန်နိုင်သော။ အိုင်ကြီး ခုနစ်အိုင် တို့သည်လည်းကောင်း။ထိုအိုင်ကြီး ခုနစ်အိုင်တို့တွင်၊အနေးတပြေးအိုင်ကြီး၏ သာလွန်ထူးကဲသော အကြောင်းအရာတို့သည်လည်းကောင်း။ ထိုအနော

နိဒါန်း။

တတ္တာအိုင်ကြီးမှ လေးမျက်နှာတို့သို့ စီးဆင်းသော မြစ်အပေါင်း တို့တွင်။ သာလွန်ထူးဆန်းသော၊ ချီးမွမ်းပြောပ၍ မကုန်နိုင်သော။ တောင်မျက်နှာ မဏ္ဍိမ ဒေသသို့ စီးဆင်းသော၊ ဂင်္ဂါမြစ်ကြီး၏ အကြောင်းအရာတို့ သည့် လည်းကောင်း၊ အနောတတ္တာအိုင်ကြီး၌ ရံလျက်တည်ရှိသော ဇတောင်ထူး၊ တောင်မြတ် ငါးလုံးတို့တွင်၊ ဂန္ဓမာဒနတောင်သည် ဟိမဝန္တာ တောင် ၌မ်း တနယ်လုံးပင် မဆိုထားဘိ၊ ဇမ္ဗူဒိပါ တကျွန်းလုံးတွင်လည်း။ပဌမ တန်း ဇတောင်ထူး တောင်မြတ်ဖြစ်ကြောင်း။ နိဗ္ဗာန်ချမ်းသာကြီးနှင့်လည်း ဥပမာထားသင့်ကြောင်း။ လောကီရတနာ အပေါင်း တို့တွင် ဘယ်မျှ လောက်ထွန်မြတ် အာဘိုးထိုက်တန်သော ဂုတနာတို့နှင့် ပြည့်စုံကြောင်း။ မည်သည့်ပုဂ္ဂိုလ်မျိုးသည် အမြဲသီတင်းသုံးနေထိုင်ပျော်မွေ့ကြောင်း၊ ဂန္ဓမာဒနတောင်၏ အကြောင်းအရာအထူးပုတ္တိတို့ကိုစုံလင်စွာ နားလည်သိ ရှိပါက၊ ဒိန္ဆာဒီဠ္ဍဖြစ်သော ဘာသာတရားတို့အား သာသာနာပြုရန်ဟာ ပြောစရာ အလွန်ကောင်းသော အချက်အလက်တွေလည်း၊ အလွန်များ ပြားသောကြောင့်။ ထိုအကြောင်းတွေ စုံလင်စွာ ဤကျမ်းစာအုပ်တွင် ပါ ရှိလိမ့်မည်ကို ပြဆိုသောနိဒါန်းစကား အစဉ်ပေတည်း၊

၌၊ ထိုမျှလောက် ချီးမွမ်း၍၊မကုန်နိုင်အောင်ထူးဆန်း အံ့ဩဖွယ်ရာ အ လွန်ပေါများသော၊ဇမ္ဗူဒိပါကျွန်းကြီးသည်၊လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင် ကျော် သုံးထောင်လောက်က၊ ဘုရင်တပါးစီ အုပ်ချုပ်သော တိုင်းပြည် ပေါင်း ဝာရာ့တပြည်ရှိသည်၊ဘုရင်များ၏လက်အောက်ခံ၊ ဆိုင်ရာဆိုင်ရာ ဘုရင်တို့၏ ဝန့်ရှင်တော်မင်းကြီးများ အုပ်ချုပ်သော ခရိုင်နယ်ပေါင်း၊တ သိန်း ရှစ်သောင်း၊ ကိုးထောင်ရှိသည်၊ ထင်လျားသော နန်းတော်တည်ရာ မြို့တော်ပေါင်း၊ တရာ့တမြို့ရှိသည်၊ ၎င်းပြင် အလွန်ထင်လျား စိကားသော မြို့ကြီး၊ ရွာကြီးပေါင်း၊ ကုံးသန်း၊ကိုးသိန်းရှိသည်၊ ကုန်ကူးသန်းသွားလာ သော နေ့ဥည့်မစဲစိကားသော သင်္ဘောဆိပ်ပေါင်း ကုဋေကိုးသန်း၊ ခြောက် သိန်းရှိသည်၊စိန်ကျောက်ပတ္တမြားစသော ကျောက်မြက်ရတနာ ဇွေ ငွေတို့ ထွက်သော ဌာနပေါင်း ငါးဆဲ့ခြောက်ဌာနရှိသည်၊ ထင်းလျား ထူးဆန်း သော တောင်ပေါင်း၊နှစ်ရာသုံးဆယ်ရှိသည်၊ထင်လျားသော အိုင်ပေါင်း ငါး ဆဲ့လေးအိုင်ရှိသည်၊ ထင်းလျားသော တောတန်းကြီးပေါင်း၊ သုံးဆဲ့ကိုးရှိ သည်၊ ထင်လျားသောမြစ်ကြီးပေါင်း၊ နှစ်ဆဲ့လေးမြစ်ရှိသည်၊ ထင်လျား သောချောင်းကြီး ချောင်းငယ်ပေါင်း၊သုံးရာငါးဆယ်ရှစ်ရှိသည်၊ ၎င်းချောင်း

ကြီး ချောင်းငယ်တို့သည်။ မိုးယံးဥတု ရာသီ၌သာ ရေရှိသည်၊ မိုးယံးဥတု ကုန်လျင် ရေမရှိ၊သဲသောင်မျှားသာ ဖြစ်တော့သည်ကား မှန်၏၊ယခုပေါ် ပြခဲ့သမျှသော၊ချီးမွမ်းစရာ၊အံ့သြစရာ၊ချီးမွမ်းသည်တို့ထက် သာလွန်မွန်မြတ်၍ အထွဋ်အထိပ်ဖြစ်သော အတုမရှိ၊အလုံးစုံရာဖြစ်သော မြတ်စွာဘုရား။ ရှင် ပစ္စေကဗုဒ္ဓါ၊ အင်္ဂသာဝက၊ မဟာသာဝက ရဟန္တာအရှင်မြတ်တို့ သည်လည်း၊ဤစမ္ဘူဒီပါကျွန်းဌသာ၊ ပွင့်ထွန် ဖြစ်ပေါ် မြဲ ဓမ္မတာလည်းဖြစ်၏၊ ထိုကြောင့် ဤစမ္ဘူဒီပါကျွန်းသည်။ အနဗတင်္ဂသံသရာ ငကြဉ်ဌာ တွင်းဌအလွန်ထူးကဲ မွန်မြတ်သော ကျွန်းကြီးဖြစ်ကြောင်း ရေးသားဖော် ပြမည်နိဒါန်းစကားအစဉ်ပေတည်း။

ခု။ ယခုဖော်ပြခဲ့သော နိဒါန်းအစဉ်တို့သည်၊ မဟာဂေါဝိန္ဒသုတ်ပါ ဠိတော်၊သာဂတ္တဒီပနီဋီကာ။ ဇိနာလင်္ကာရဋီကာ စသည်တို့ဌ လာသောစကားရပ်တို့ပေတည်း၊ 'ဤမျှလောက်ပင် ထူးခြားနေအံ့ဖြို့၍ မကုန်နိုင်သော။ ဘုန်းကြီးတို့ ယခုနေထိုင်လျက်ရှိသော၊ စမ္ဘူဒီပါကျွန်းထူး ကျွန်းမြတ်ကြီး၏ လူနေယူဇနာ ၊သုံးထောင်အလယ်ဌ တောင်မြောက်အလျား ယူဇနာသုံးရာ။အင်္ဂရှ အနောက် အနံယူဇနာ နှစ်ရာငါးဆယ် အဝန်းအားဖြင့် နယ်သတ်အနားပတ်လည်၊အကွေ့ အကောက်ရှိသည်အတိုင်း၊မသုန်မထားဘဲ။စေ့စေ့ဂပ်ဂပ်၊အမှန်ကျနအောင် တိုင်းသည်ရှိသော်၊ ယူဇနာ ကိုးရာရှိသော မဏ္ဍိမဒေသသည် နယ်သတ်အားဖြင့်၊ အင်္ဂရှလားသော် ရှေးသရော အခါက အလွန်စိပင်ထွန်းကားဘူးသော မြန်မာပြည်မြောက်ပိုင်းရှိ ဇင်္ဂလရာကြီးရှိ၏။ အင်္ဂရှတောင်လားသော် သလွာဝတီအမည်ရှိသောချင်းတွင်း မြစ်ရှိ၏။တောင်လားသော် သိဝရာဇ်တိုင်း ပဒိုင်ဒရာဘက်နယ် အပါအဝင် ဖြစ်သော ရှေးကကြက်ပျံမကျ အလွန်စိပင် သာယာဘူးသော၊ သေတကဏ္ဍကြီးရှိ၏၊ အနောက်လားသော် အဝန္တိတိုင်းဌအတွင်း အလွန်စိပင်သာယာဘူးသော ဓနပုဗ္ဗားရာရှိ၏၊ မြောက်လားသော် ဟိမဝန္တာတောနယ် တောင်နယ်အတွင်း ဂုတနာခုနစ်ပါးတို့ပေါ်မှူးဘူးသော ဥသိဂဒ္ဓဇတောင်ရှိ၏၊ဤနယ်နိဒိတ်ငါးရပ်လျှင်ပိုင်းခြားခြင်းရှိသော မဏ္ဍိမဒေသ၏အလယ်ချက်ဌကား မြတ်စွာဘုရားရှင်တို့ပွင့်တော်မူရာဖြစ်သော ဗောဓိမဏ္ဍိုင် ချောက်ရာအရပ်သည်လည်း ယခုထက်တိုင် အထင်အလျားရှိ၏၊ ယင်းသို့ နယ်နိဒိတ်ငါးချပ်တို့ဖြင့် ပိုင်းခြားသတ်မှတ်လျက်ရှိသော မဏ္ဍိမဒေသသည်ပင်လျှင် ဂင်္ဂါဝါဠုသဲရမက ပွင့်တော်မူသော သမ္ဗဒ္ဓမြတ်စွာ

ဘုရားရှင် အစဉ်အဆက်တို့ ပွင့်တော်မူရာ ဌါနလည်းမှန်၏။ ပဒွေကဗုဒ္ဓါ အရှင်မြတ်တို့ ပွင့်ထွန်းဖြစ်ပေါ်ရာဌာနလည်းမှန်၏။ အဂ္ဂသာဝကာ မဟာသာဝကဖြစ်သော ရဟန္တာအရှင်မြတ်တို့ ပွင့်ထွန်းဖြစ်ပေါ်ရာ ဌာနလည်းမှန်၏၊ မြတ်စွာဘုရားရှင် အလောင်းတော် အစဉ်အဆက် ပဒုံသန္နေယျူရာ ဌာနလည်းမှန်၏။ မြတ်စွာဘုရားရှင် အစဉ်အဆက် ဓမ္မစကြာတရားတော် ဟောရာ ဌာနလည်းမှန်၏၊ မြတ်စွာဘုရားရှင် အစဉ်အဆက် ပရိနိဗ္ဗာန်ပြုရာဌာနလည်းမှန်၏၊ ထို့ကြောင့်ဤမဏ္ဍိမဒေသသည်၊ မြတ်စွာဘုရားရှင်တို့ သက်တော်အဆုံးအသျှားရှိစဉ်အခါ အထွဋ်အမြတ်ဆုံးဖြစ်သော ပဒုံရူပ အရပ်မှန် အရပ်မြတ် အရပ်ကောင်းဖြစ်ဘူးကြောင်း။ အလွန်ထင်လျှားစေခြင်းငှါ ဖော်ပြမည်ဖြစ်သော နိဒါန်းစကားအစဉ်ပေတည်း။

၈။ ဤသို့ဖွယ်ရာဖော်ပြခဲ့သမျှသော နိဒါန်းစကားအစဉ်တို့နှင့် ညီညွတ်သင့်လျော်အောင် စီရင်ရေးသားမည်ဖြစ်သော။ မဏ္ဍိမဒေ မြေပုံနှင့်တကွ ကျမ်းစာအုပ်ကြီးကို ဗုဒ္ဓဘာသာ သာသနာ၌ယုံကြည်အားကိုးရင်း ဖြစ်သော ပညာရှိသူတော်စင်အပေါင်းတို့ ကိုယ်စီ ကိုယ်ငှ တယောက်မကျန် လက်ကိုင်ထားသင့်ကြောင်း။ လက်ကိုင်ထားကြပြီးလျှင်လည်း မကြာ မကြာ အဓိပ္ပါယ်ပေါ်လွင်အောင် လေ့လာဘတ်နာ ကြည့်ရှုသင့်ကြောင်း။အထူးသတိပေးလိုက်သည်။ ။ယင်းသို့သတိပေးခဲ့သည်အတိုင်း အထက်က ဖော်ပြခဲ့သမျှသော၊ နိဒါန်းစကား အစဉ်၌ပါရှိသော အကြောင်းအရာ။ အထူးပုတ္တိတို့ ရုံလင်စွာ ပါရှိလေအောင်။ မြတ်စွာဘုရားရှင် ဟောတော်မူသော၊ ပါဠိတော်၊ ပဒုံသန္တိဒါ ပတ္တရဟန္တာ အရှင်မြတ်တို့ စီမံတော်မူသော အဋ္ဌကထာများနှင့် တကွ။လွန်ခဲ့သော နှစ်ပေါင်း-နှစ်ထောင်ကျော် သုံးထောင် ခန့်လောက်က လောကီပညာရှိ ပုဂ္ဂိုလ်များ အသေအချာ ရုံစမ်း ရှာဖွေ၍ စီမံရေးသားခဲ့သော။ သက်ရှိကိဘာသာကျမ်း။အင်္ဂလိပ်ဘာသာကျမ်းများနှင့် သေချာအောင် ကြည့်ရှုညှိနှိုင်းလျက်၊ ဘုန်းကြီးကိုယ်တိုင်လည်း၊ မဏ္ဍိမဒေသသို့။ တဆဲ့သုံးခေါက် တိုင်တိုင် သွားရောက်ပြီး ရုံစမ်းရေးသားသော။ မဏ္ဍိမဒေသမြေပုံနှင့် ယှဉ်တွဲ၍ ပါရှိအောင် စီမံသော မဏ္ဍိမဒေသမြေပုံကျမ်းစာအုပ်ကြီးဖြစ်ပါပေသည်။သို့ဖြစ်ပါ၍။ ဤကျမ်းစာအုပ်ကိုလက်ကိုင် ကိုယ်စီထား၍ ကြည့်ရှုသမျှသော။ ပေဟန်း၊ ရှင်၊လူ၊တို့နှင့် ဘာသာတပါးလူမျိုးခြားတို့ပါ အလွန်နှစ်သက် ကြေနပ်အောင်။နိဒါန်းစကားအစဉ်တို့တွင်ရှိ ပါသမျှ အကြောင်းအရာ စကားအရေးရပ်တို့။ ရုံ

နိဒါန်း။

လင်စွာပါနှင့်ရှိလိမ့်မည်ကို။ဘုန်းကြီးကိုယ်တိုင်၊ပဒိုညာဉ်ထား၍ဝန်ခံရင်းရှိခဲ့
သည်နှင့်လျော်ညီစွာ၊ဤယခု**မဇ္ဈိမဒေသသာသနာဝင်ကျမ်း**
စာအုပ်ကြီးကို။ အလွန်နှစ်သက်ရွှင်လန်စွာနှင့်။အားကိုးအားထားပြုလေ့
ရှောင်။ကြည့်ရှုဘူးသမျှ ပုဂ္ဂိုလ်တို့ လက်မလွတ်ချင်လောက်အောင် စိတ်
ချယုံကြည်စွာ၊စေတနာကောင်း၊သဒ္ဓါကောင်းနှင့် မေတ္တာပုဇွန်မတရားကြီး
ရှေ့ထား၍ ရေးသားစီရင်ပေးခဲ့သတည်း။ ။ဤနိဒါန်းကို သုံးခေါက်စေ့
အောင်ဘတ်ကြပါ။

နိဒါန်းပြီး၏။

အရှင်သီလာစာရ
ဓမ္မာနုဂ္ဂဟအသင်းကြီး၏ဦးစီးနာယက
ရွှေတိဂုံကုန်းတော်၊ ဒေါလှည်းပြေ တံဆောင်း၊
ဂဏန်းဆုန်လြှဲ။

က။ ရှေးရှေးသော ပါရမီရင်၊ ပညာရှင်အစဉ်အဆက်၊ ကျမ်းပြုဆရာ တော်ဖြစ်ကုန်သော၊ ကျေးဇူးတော်ရင် အရှင်မြတ်တို့သည်၊ ကျမ်းမပြုမီ၊ ရှေးဦးအစ။ပဌမကတင်ကြို၍။ အန္တရာယ်ကင်းခြင်း၊ ကျမ်းပြီးခြင်းအကျိုး ငှာ၊ ရတနာမြတ်သုံးပါး အပေါင်းတို့အား။ ရှိခိုးခြင်းပဏာမ။ ပြုမြဲဖြစ်သော ဓမ္မဘာ တံထွာ။ လက်သုံးသဘောရှိကြသည်အတိုင်း။ ရှေးရိုးဓမ္မတာအစဉ် အလာကိုရှိသေစွာလိုက်နာ၍။ ယင်းအခါ ဤ(မဏ္ဍိမဒေဿသာသနာဝင်ကျမ်း) ကြီးကို ရေးသားစီရင်လတ္တံ့သော။ အကျွန်ုပ်သည်၊ ကျမ်းမပြုမီရှေးအစ။ ပဌမကတင်ကြို၍။ အန္တရာယ်ကင်းခြင်း၊ ကျမ်းပြီးခြင်းအကျိုးငှာ၊ ရတနာ မြတ်သုံးပါး အပေါင်းတို့အား၊ အထူးသဖြင့် ရှိသေစွာ။ရှိခိုးခြင်းပဏာမကို ပြုပေအံ့။ ။

ခ။ ယင်းအခါ အကျွန်ုပ်၏ ရှိခိုးခြင်းသည်လည်း။ ဘယပဏာမ။ လာဘပဏာမ။ကုလာစာရပဏာမ။ ဝိစ္ဆာဒိဋ္ဌိပဏာမ။သမ္မောဟ ပဏာမ။ ပရူပ ဝါဒ ပဏာမ၊ သဒ္ဓါပဏာမတည်းဟူသော။ခုနစ်ပါးသော ပဏာမတို့တွင်။ သဒ္ဓါပဏာမသက်သက်ဖြင့်သာ ရှိခိုးပေအံ့။ ။

ဂ။ (တနည်း) ပဏာမပုဗ္ဗက ဂန္ထာရမ္ဘ။ ဝတ္ထုပုဗ္ဗက ဂန္ထာရမ္ဘ၊ အာသီသပုဗ္ဗက ဂန္ထာရမ္ဘတည်းဟူသော။ ရှိခိုးခြင်းပဏာမ ဂန္ထာရမ္ဘသုံးပါးတို့တွင်၊ ပဏာမပုဗ္ဗကဂန္ထာရမ္ဘဖြင့်သာ ရှိခိုးပေအံ့။ ။

ဃ။ (တနည်း) ရတနတ္တယဝန္ဒနာ။ ဂန္ထာဘိဓေယျော။ဂန္ထပ္ပကာရ၊ ဂန္ထာဘိဓာန။ ဂန္ထပ္ပယောဇနဟူ၍၊ ငါးပါး အပြားရှိရာတွင်၊ရတနတ္တယ ဝန္ဒနာဖြင့် ရှိခိုးပေအံ့။ ။

ဃ။ (တနည်း) ပဏာမ။ ပဏာဓိတာဇ္ဇ၊ ပဏာမဟေတု။ ပဏာမ သမုဋ္ဌာန်။ပဏာမ ပယောဇဉ်ဟူ၍၊ ငါးပါးအပြားရှိရာတွင်၊ ပဏာမဟူသော အချက်ဖြင့်သာ ရှိခိုးပေအံ့။ ။

စ။ (တနည်း) သညာ။ နိဒိတ်၊ကတ္တား၊ ပရိမာဏ။ပယောဇဉ် ဟူ၍၊ ငါးပါး အပြားရှိရာတွင်လည်း။ နိဒိတ်ဟူရာ၌။ နှစ်ပါးအပြားရှိ၏၊ နှစ်ပါးဟူသည်ကား။ အစ္ဆာတ္ထိကနိဒိတ်။ ဗာဟိဒ္ဓနိဒိတ်ဟူသည်တည်း။ အစ္ဆာတ္ထိကနိဒိတ်သည်။ ကျမ်းပြုဆရာ၏ သနားခြင်း တည်းဟူသော။ ကရဏာအကြောင်းကို ခေါ်သည်။ဤကျမ်းကို ရေးသားပြုစုမံရာ၌။ အစ္ဆာတ္ထိကနိဒိတ်ဖြင့်သာ စိမံရေးသားသည်ဟူ၍ပင် မှတ်ယူကြပါကုန်။ ။

ဆ။ (တနည်း) ရတနတ္တယ ပဏာမ။ အဘိဓေယျ။ ကရဏပ္ပကာရ၊ ပကရဏာဘိဓာန။ ပယောဇဉ်ဟူ၍။ ငါးပါးအပြားရှိရာတွင်။ ရတနတ္တယ ပဏာမဖြင့်သာ ရှိခိုးပေအံ့သတည်း။ ။

ဇ။ ရှိခိုးခြင်းပဏာမ ပြုသောဂါထာ။ ၎င်းဂါထာကို နှုတ်တက်ရအောင် ကျက်မှတ်၍ ထားပြီးလျှင်၊ ညဉ့်အိပ်ရာ ဝင်ခါနီးတိုင်းနေ့စဉ် ၈ ပြတ် ဘုရားရှိခိုးနိုင်လျှင်၊ အလွန်ကောင်းပါပေ၏။ ။

သံသာရေ သံသရန္တံ၊
အဓာကတ္ထာယ စာရကံ။
နိဗ္ဗာနဓမ္မဒေသေန္တံ၊
သမ္ဗုဒ္ဓံ လောကနာယကံ။ ။

အဟံ၊ သိသာစာရနာမသမုတ် အကျွန်ုပ်သည်။ သံသာရ၊ ဂုဏ်လျှားလွှားသတ္တဝါကို။ လွန်စွာဖိစီးရုပ်နာမ် ခန္ဓာ သံသရာကြီး၌။ သံသရန္တံနှံ၊ မရပ်မနား ရုဟာတ်ခြားသို့ ကျင်လည်ပြောင်းသွားနစ်မွန်းပါး၍ တဖြီးဖြီးနေရကုန်သော။အဓာကံ၊အကျွန်ုပ်တို့၏၊အထွာယ၊ လောကီလောကုတ် မယုတ်တိုးပွား အကျိုးများကြစေခြင်းငှာ။စာရကံ၊ လေးသစ္စာနှင့် တွက်ရောက်မှာတသိန်းကြာအောင် ခန္ဓာအသက် ငဲ့ကွက်မညှာ စွန့်စားကာ နေတော်မူပေတတ်ထသော၊နိဗ္ဗာနဓမ္မဒေသေန္တံ၊ နိဗ္ဗာန်ရောက်ကြောင်းကောင်းသောနည်းလမ်း၊ကျင့်စဉ်ဌာန်းကို လူနတ်သကြားဗြဟ္မာသတ္တဝါအများ သောင်းတိုက်သားတို့အား ဟောကြားသွန်သင်ပြ ဆုံးမတော်မူပေတော်ထသော။ လောကနာယကံ၊ဗြဟ္မာနတ်လူ သုံးဘုံသူတို့၏ အကြီးအမှူး ဦးစီးနာယကလည်း ဖြစ်တော်မူထသော၊ သမ္ဗုဒ္ဓံ၊ ဒုက္ခ သမုဒယ နိရောဓနှင့် မဂ္ဂသစ္စာလေးအင်္ဂါ

ကို ဆရာမကူ သယမ္ဘူ။ဖြင့် ကိုယ်တော်တိုင် ထိုးထွင်း၍ သိမြင်တော်မူ သော သဗ္ဗညုဖြတ်စွာဘုရားကိုယ်တော်ဖြတ်ကြီးကို။ဝန္ဒာမိ၊သဒ္ဓါစေတနာ ဉာဏ်ပညာဖြင့် လွန်စွာဖြတ်နိုး ရှိခိုးပူဇော် ဖူးမြော်ကန်တော့ပါ၏ အရှင် ဘုရား။ ။

ပဏာမပြီး၏။

အရှင်သိလာစာရ၊
သိလာစာရကျောင်း။ကြားတောရလယ်း။
ချာချိလယ်းစာတိုက်။ရန်ကုန်မြို့။

ဘဝတု သဗ္ဗမင်္ဂလံ။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က၊ ပဌမတန်း အမှန်အမြတ် ဆုံးဖြစ်သော ပဋိဂ္ဂပအစစ်၊ မဇ္ဈိမဒေသ၌၊ မဟာဗောဓိမဏ္ဍိုင်ကို ပတ်လည် ဝန်းရံလျက် တည်ရှိကြကုန်သော ရှေးသရောအခါ အမည်ဟောင်း ဖြစ်ကြကုန်သော တိုင်းကြီး တဆဲ့ခြောက်တိုင်းတို့ ဟူသည်ကား။ ။အင်္ဂတိုင်း၊ မဂဓတိုင်း၊ ကာသိတိုင်း၊ ကောသလတိုင်း၊ ဝဇ္ဇီတိုင်း၊ မလ္လာတိုင်း။ စေတီ ယတိုင်း၊ ဝံသတိုင်း၊ ကုရုတိုင်း၊ ပဉ္စာလတိုင်း၊ မစ္ဆတိုင်း၊ သူရသေနတိုင်း၊ အဿကတိုင်း၊ အဝန္တိတိုင်း၊ ဂန္ဓာရတိုင်း၊ ကမ္ဗောဇတိုင်းတို့ ဟူသည် တည်း။ ။ဤကား ရှေးသရောအခါက ဘုရင်တပါးနှင့်တပါး မကြာမကြာ လည်း မဟာဓိတ် ဖြစ်ကြ၏။ မကြာ မကြားလည်း စစ်ဖြစ်ကြ၏။ စစ်သည် ဗိုလ်ပါလည်း မြောက်များစွာ ကိုယ်စီပြည့်စုံကြ၏။ လက်နက် အင်အားနှင့် တကွ ပညာရှိအမတ်များလည်း ပြည့်စုံကြ၏။ သားကောင်း သွီးကောင်း ရ တနာများလည်း ထွန်းကားလေ့ ရှိကြ၏။ သူဌေးကြီး၊ သူကြွယ်ကြီးတို့နှင့် လည်း ပြည့်စုံလေ့ရှိကြ၏၊ ရွှေငွေရတနာ အဘိုးတန် ကျောက်မြက် ရတနာ စပါး ဆန် ရေ ထင်း မီးစသည် တို့နှင့်လည်း ပြည့်စုံလေ့ရှိကြ၏၊ အဘိုးတန် လက်မှုပညာဖြင့် လုပ်ကိုင်သော အထည်အလိပ်များလည်း အလွန်ပေါများ ၏။ဒိသာပါမောက္ခ ဆရာများလည်း နေထိုင်လေ့ ရှိကြ၏။အကူးအသန်း အ သွားအလာ အရောင်း အဝယ်လည်း အလွန်စီကား၏။ အခြားသော အ

တိုင်းတိုင်း အပြည်ပြည် တို့ကလည်း အထူးနှစ်သက် ထွက်ဝင် သွားလာ ဆက်ဆံလေ့ ရှိကြ၏။ ဤသို့သော အကြောင်းအရာ အင်္ဂါလက္ခဏာတို့နှင့် လွန်စွာညီညွတ်ပြည့်စုံလေသောကြောင့်၊ တိုင်းကြီးတဆဲ့ခြောက်တိုင်းဟူ၍ ထင်ရှားကျော်စောလေသတည်း။ ။

ထို့ပြင်၊ သာမ၊ ယဇု၊ ဣယု၊ အာထပ္ပန ဆိုတဲ့ ဗေဒင်ကျမ်း။ လက္ခဏာကျမ်း။ ဇာတိဟာသကျမ်း။ နိဂဏ္ဌုကျမ်း၊ကေတုဘကျမ်း၊သဒ္ဒါကျမ်း။ ဆန်းကျမ်း၊ပုရာဏကျမ်း၊ အက္ခရုပ္ပဓေဒကျမ်း၊ဝေယျာကရိဏ်းကျမ်း၊ဘာသာသာသကဒူကျမ်း၊ ဥပါဒ်ကျမ်း၊ အိပ်မက်ကျမ်း၊ တိတ်ကျမ်း၊ နိမိတ်ကျမ်း၊ အလင်္ကာကျမ်း စသည်တို့၌ ပါရှိသော အတတ်ပညာတို့ကို တဘက်ကမ်း ရောက် တတ်မြောက်သော ရသေ့ ပုန်ကား စသည်တို့နှင့်လည်း လွန်စွာ ပြည့်စုံ ကြ၏။ ကျုံး မြောင်း၊ ပစ္စင် ယင်းတား ပြဒိုး တန်ဆောင်း ဖွေနှုန်း ပြာသာဒ်တို့နှင့်လည်း လွန်စွာပြည့်စုံလေ့ရှိကြ၏။ ရတနာသံလျင်း ဖွေယဉ် ဖွေဝေါတို့နှင့်လည်း လွန်စွာပြည့်စုံလေ့ ရှိကြ၏။ နွားတ်မှ လက်မှုပညာတို့နှင့် လုံလောက်သော ပညာရှိ ပုဂ္ဂိုလ်တို့နှင့်လည်း လွန်စွာ ပြည့်စုံလေ့ ရှိကြ၏။ လယယ် ယာ ချောင်း မြောင်း ဥယျာဉ်စသော လုပ်ခင်းကိုင်တာ တို့နှင့်လည်း လွန်စွာ ပြည့်စုံ၏။ အောင်စည် အောင်မောင်း ချိပ့်ချိပ့်ညောင်းမျှ ထောင်သောင်းရံလျက်၊ နမန္တအာခင်း စစ်မက်ကျင်း၍ ဆင် မြင်း အမြောက် ဖွေ ခြောက် နောက်လေး ရထားပြေး ရင်ပေါင်တန်း လခြမ်းခရုပတ် ပဲ့ တင်ခပ်မျှ နတ်ဗဟိုရ်စည် မရိုးစည်နှင့် ဗေဟိအဂ္ဂမ အဒိန္နခေါ် စည်သံ နဲ့သံ အဲသံ သိချင်းသံ မောင်သံ ကြေးနင်း လက်ခပ် ဆိုင်း နဲ့ ခရာ ဒုံမင်း ပတ်သာ ပဉ္စင် တူရိယာ စောင်းညှင်း မိဉ်ကြောင်း ပျော်ကြောင်း ပျော်ခင်းဖြစ်သော ဗဟိုရ် စည်သံ ခေါင်းလောင်း ကြေးစိသံ ပတီသံ လင်းကွင်း ဒုံမင်းသံ တူရိယာသံ တို့ဖြင့် တရုံမစဲရှိလေသည်၊ ထို့ပြင်၊ တသောင်းခြောက်ပြန့် ဗိုလ်ပေါင်းလျှံသောဆင်တပ်မြင်းတပ် ရထားတပ်နှင့် ခြေလျင်တပ်ပါ ခေါဘိဏီမျှ သေနင်္ဂြိုဟာ သကဒူဗြိုဟာ စက္ကဗြိုဟာ ပြဒုမဗြိုဟာဆိုတဲ့ စစ်အင်္ဂါလေးပါးနှင့်အညီ မည်သည့်အခါမဆို အလိုရှိလျှင် အရုံသင့်ဖြင့်ဆင် ခင်းကျင်းရန် လွန်စွာပြည့်စုံ ကြလေသောကြောင့်လည်း တိုင်းကြီး တဆဲ့ခြောက်တိုင်းဟူ၍ အလွန်ထင်ရှား ကျော်စောခဲ့ဘူး ကြလေသတည်း။ ။

ထို့ပြင်အုပ်ချုပ်သော ဘုရင်တို့သည်၊ ဘုရင်တို့၏ အားအင်ဗလ. ဆိုတဲ့ အားငါးပါးတို့နှင့်လည်း ပြည့်စုံကြလေသည်၊ အားငါးပါးဟူသည်ကား၊

(ဗာဟုဗလ) မည်သည့်ရန်သူမျိုးကိုမျှ မကြောက်မ ရွံ့ခြင်း အားတပါး။ (အမမ္ပဗလ) လိမ်မာသော ပညာရှိသော မင်းတိုင်ပင် အမတ်များနှင့် ပြည့်စုံခြင်းလည်းတပါး။ (ဘောဂဗလ) တိုင်းကြီး ပြည်ကြီးတို့နှင့် လျော်ညီစွာ ရှိအပ် ပြည့်စုံအပ်သော ဟွေတိုက်၊ ငွေတိုက်၊ စိန်တိုက်၊ မြတိုက်၊ ပတ္တမြားတိုက်၊ အဝတ်အစား စပါးဆန်စသော ဥစ္စာရတနာ တိုက်တာ ကျီ ကျတို့နှင့် ပြည့်စုံခြင်း အင်္ဂါတပါး။ (ပညာဗလ) မင်းတို့တတ်အပ် သိအပ် လိမ်မာအပ်သော အဋ္ဌာရသ တဆဲ့ရှစ်ရပ်သော အတတ်ပညာတို့နှင့်လည်းပြည့်စုံခြင်း အင်္ဂါတပါး။ (အဘိဇစ္စဗလ) ဆွေမျိုး အစဉ်အဆက်၊ ဘိုးဘွား ဘီဘင် အစဉ်အဆက်၊ ခမည်းတော် မယ်တော် အစဉ်အဆက်၊ သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အညွှန့် အဖွန့်ရှည်ကြာနှစ်ပေါင်းများစွာကာလ၍ မင်းမျိုးမင်းနွယ် အစစ်အမှန်ဖြစ်ခြင်း အင်္ဂါတပါး။ ဤသို့ အားဖြင့်ပြည့်စုံအပ်သော ဘုရင်မင်းတို့၏ အားငါးပါးနှင့်လည်းလုံလောက် ပြည့်စုံကြလေသတည်း။ ။

ထို့ပြင်၊ မင်းတို့ကျင့်ရာ ဆယ်ဖြာသောစဉ်မွေ့သက်ဟာလေးမည်၊ ခြောက်တည်သော နာယကဂုဏ်၊ အပရိဟာနိယ တရားခုနစ်ပါးစသော မင်းတို့၏ ကျင့်အပ် နှလုံးသွင်းအပ်သော မင်းကျင့်တရားတို့နှင့်လည်း ပြည့်စုံကြလေသည်။ ။

ထို့ပြင်၊ စကြာရတနာ၊ ပတ္တမြားရတနာ၊ မြောက်ကျွန်းသူ ဒိဗုယားကြီးရတနာ၊ သားတော်ကြီးရတနာ၊ သူဌေးကြီးရတနာ၊ ဆင်ပျံရတနာ၊ မြင်းပျံရတနာဟု ဆိုအပ်သော ရတနာခုနစ်ပါးနှင့် ပြည့်စုံသော လေးကျွန်းသင်္ဃနင်း စကြာမင်းကြီး တို့သည်လည်း ဤတိုင်းကြီးပြည်ကြီး တဆဲ့ခြောက် တိုင်းနယ်အတွင်း၌သာ ဖြစ်ထွန်းပေါ်ပေါက်လေ့ရှိသည်။ ဤသို့ ဖော်ပြခဲ့သမျှသော အကြောင်းအရာ အင်္ဂါလက္ခဏာတို့နှင့် လွန်စွာ ပြည့်စုံသော ဘုရင်မင်း အပေါင်းတို့၏ စိုးမိုးအုပ်ချုပ်ရာ ဖြစ်လေသောကြောင့် တိုင်းကြီးတဆဲ့ခြောက်တိုင်းဟူ၍ အလွန်ထင်ရှားကျော်စော ခဲ့ဘူးကြလေသတည်း။

ထို့ပြင်၊ သဇိုင်းပြည့်နှံ၊ တုတ်ခွန်ဆင်းသွင်းရာ မျှားစွာသော တိုက်တာအိမ်ခြေတို့ကို တွက်စင်ခွဲပေါင်း ရေသူညောင်းမျှ တသောင်းငယ်ကျော်ဝါ မြေမျက်နှာတွင် လွန်စွာပြည့်နှက် စက်ဆင် စက်သွားသင်္ဘောများနှင့် ရထားဆင်မြင်းခရုသင်း စည်ကြီး နားမငြိုးသော ဆယ်ပါးသောအသံတို့ဖြင့် အုတ်ကျက်ဆူညံ တရံမချိ မြို့၏အင်္ဂါခုနစ်ဖြာတို့ဖြင့် သားယားပြိုးဝေ ဖွေးဖွေ

ရတနာ အစာလေးပါး သိုထားမြဲကြို၊ အနှက်ပြည့်လျက် ပရိမဏ္ဍလကျယ် စွန်ကသံ ကြက်ပျံမကွစီပင်လှသဖြင့် စေတနာဗလဝ မဟတ္တန့်နှင့် ဒါန သိ လ ဘာဝနာကို လွန်စွာနှစ်ချိုက်တအားစိုက်လျက်၊ အမြဲကဗိုလ်မင် အနှယ် အောင်ပန်း ပန်ဆင်မြန်းရန် စိမံဖန်ဝင်းအင်သော ဧရေ တန်ဆောင်း ဂူ ကျောင်း ပြာသာဒ အလှူမဏ္ဍပ်တို့နှင့် ဓာတ်တော် မွေးတော် ဆံတော်မြတ် နှင့် ပရိဘောဂ ဥပနာကြသော စေတီဥသုံ၊ အရိယာ သံဃာတော် အလုံး စုံတို့နှင့်တကွ၊ မင်း ပုဏ္ဏား သူဌေး လယ်လုပ် ကုန်သည် အလိမ်လိသော ဒါ ယကာ ဒါယိကာမ အပေါင်း သူတော်ကောင်းတို့၏ ကိန်းအောင်းခိုလှုံကြ ရာ သာသနဝေပုံ သာသနဇေယျံ၊ ကျောင်းဇွေဘုံတို့နှင့် ကုန်လုံကြွယ်ဝ တစမကျန် အတန်တန်တို့ဖြင့် လွန်စွာပြည့်ရုံ လေသောကြောင့် တိုင်းကြီး တဆဲ့ခြောက်တိုင်းဟူ၍လည်း အလွန်ထင်ရှားလေသတည်း။ ။

ထို့ပြင်၊ ဂင်္ဂါဝါဋ္ဌသဲရမက ပွင့်ထွန်းပေါ်ပေါက်၍၊ အနုပါဒိသေသ နိဗ္ဗာန်သို့ ကြွသွားတော် မူလေကုန်ပြီးသော သဗ္ဗညုဖြတ်စွာဘုရားရှင်တို့ သည်လည်းကောင်း၊ ပစ္စေကဗုဒ္ဓါအရှင်ဖြတ်တို့သည် လည်းကောင်း၊ အဂ္ဂ သာဝက မဟာသာဝက အရိယာ ရဟန္တာ အရှင်ဖြတ်တို့ သည်လည်း ကောင်း၊ ဤတိုင်းကြီး တဆဲ့ခြောက်တိုင်း နယ်အတွင်းဌိသာ ပွင့်ထွန်းပေါ် ပေါက်တော်မူလေ့ရှိကြသောကြောင့်ဂုဏ်း၊ ယောက်ျားမြတ်မိန်းမမြတ်ပညာရှိ ပုဂ္ဂိုလ်မြောက်စသည်တို့ ပေါ်ပေါက်ရာလည်း ဖြစ်လေသောကြောင့် တိုင်းကြီး တဆဲ့ခြောက်တိုင်းတို့ဟူ၍ အလွန်ထင်ရှားကျော်စောခဲ့ဘူးလေသတည်း၊ ဤကား၊ တိုင်းကြီး တဆဲ့ခြောက်တိုင်း ဟူ၍ ပဋိရူပအစစ် ဖြစ်ဘူးသော မဏ္ဍိမဒေသ၌ အလွန်ထင်ရှား ကျော်စော ခဲ့ဘူးကြောင်းကို လုံလောက်စွာ သက်သေခံထင်ရှားအောင် ဖော်ပြခြင်းတို့ပေတည်း။ ။

တိုင်းကြီးတဆဲ့ခြောက်တိုင်းတို့ကိုပြဆိုခန်းပြီး၏။

မဏ္ဍိမဒေသ၌ ဤယခုဖော်ပြခဲ့သော တိုင်းကြီး တဆဲ့ခြောက်တိုင်း တို့ အပြင်၊ အခြားရှိကြကုန်သေးသော၊ တိုင်းပြည်တို့ကိုလည်း ဖော်ပြဦးအံ့။ ။

၁။ ယောမတိုင်း။ ဝါ ပဝ္ဇုဏ္ဏတိုင်း အမည်တွင်ခဲ့ဘူးသော အာဠဝီ တိုင်း။ ။ J။ ခေါမတိုင်း အမည်တွင်ခဲ့ဘူးသော အာသံနယ်။ ။၃။ဘူ

တန်နယ်၊ စစ်ကင်းနယ်ပါဝင်သော၊ ဝိဒေဟရာဇ်တိုင်း။ ၄။ (နီပေါနယ်သည်။ မလ္လာတိုင်းမှာ ပါဝင်ခဲ့ပြီ)။ ၅။ ကသ္မီရတိုင်းသည်။ ပဉ္စာလတိုင်းမှာ ပါဝင်ခဲ့ပြီ၊ ရံဖန်ရံခါ ပဉ္စာလတိုင်းကို သူရသေနတိုင်း ဟူ၍လည်း ခေါ်သည်၊ ၆။ သိန္ဓုတိုင်း၊ ယောနကတိုင်းတို့သည်။ ကမ္ဘောဇတိုင်းမှာပါဝင်ခဲ့ပြီ၊ ၇။ သုရဋ္ဌတိုင်းသည်၊ အာသကတိုင်းတွင် ပါဝင်ခဲ့ပြီ။ ၈။ မဟာရဋ္ဌတိုင်း။ ၎င်းသည် သူရသေနတိုင်း တွင်ဘူးသည်။ ၉။ ဗူဋရဋ္ဌတိုင်း။ ၁၀။ တောင်ပိုင်း မဟိသ်ကတိုင်း။ ၁၁။ မာလကုတတိုင်း။ ၁၂။ ကလိင်္ဂစာဇ်ဘိုင်း။ ၁၃။ သိဝရာဇ်တိုင်း။ ၁၄၊ပန္ဓဝတိုင်း။ ၁၅။ ဝန ဝါသိတိုင်း။ မဇ္ဈဘိုင်းတွင် ပါဝင်ခဲ့ပြီ၊ ၁၆။ ဝင်္ဂတိုင်း။ ၁၇။ ဥတ္တရပထတိုင်း။ ၁၈။ ဝေရဇ္ဇယတိုင်း။ လာလတိုင်းတို့သည်၊ ဝံသတိုင်းတွင် ပါဝင်ခဲ့ပြီ။ ၁၉။ မြောက်ပိုင်း မဟိသ်ကတိုင်း။ မဂဓတိုင်းတွင် ပါဝင်ခဲ့ပြီ၊ ၂၀။ အလ္လကပ္ပဘိုင်း၊ စေတီယတိုင်းတွင် ပါဝင်ခဲ့ပြီ။ ၂၁။ ကာသိတိုင်းတွင်ပါဝင်ခဲ့ပြီ။ ၊ဤသည်ကား တိုင်းကြီးတဆဲ့ခြောက် တိုင်းတွင် ပါဝင်သော တိုင်းပြည်များနှင့်၊ မပါဝင်သော တိုင်းပြည်များကို ဝေဘန်ခွဲခြား၍ ပြဆိုခန်းပြီး၏။ ။

ဖော်ပြခဲ့သော တိုင်းကြီးတဆဲ့ခြောက်တိုင်းနှင့်။ ၎င်းတိုင်းကြီးများတွင် ပါဝင်သောတိုင်း။ မပါဝင်သောတိုင်းတို့ အရပ်ရပ် ပေါင်းလိုက်သော်၊ တိုင်းပြည်ပေါင်း လေးဆဲ့တစ် (၄၀) ရှိကြသည်။ ထိုလေးဆဲ့ တာဆသော တိုင်းပြည်တို့တွင်၊ မင်းနေပြည် မြို့တော်များနှင့် ထင်ကျား ကျော်စောဘူးသော မြို့ကြီးရွာကြီးများကို အမည်ဟောင်း၊အမည်သစ်ပြောင်းလဲပုံနှင့် ခရီးလမ်းစဉ်အစဉ်တို့ကို ပြဆိုဦးအံ့။ ။

၁။ အင်္ဂတိုင်း စမ္ပာနဂိုရ်မြို့တော် မင်းနေပြည် ဖြစ်ဘူးသည်၊ ၎င်းမြို့သည် စမ္ပာမြစ်ပေါ်မှာ တည်သည်၊ ၎င်းမြို့ဟောင်းကို ယခုအခါ၊ ချန်တာနဂိုရ်မြို့ခေါ်သည်၊ ရှေးက ဒီဃာပါမောက္ခဆရာ ရှိဘူးသောကြောင့်၊ တက္ကသိုလ်တွင်ဘူးသည်၊ စမ္ပာမြစ်ကို ယခုအခါ ဟူဂလီ မြစ်ခေါ်သည်။ အင်္ဂတိုင်းကို ယခုအခါဘဂဲ်လားနယ်ခေါ်သည်။ရှေးက ၎င်းမြို့မှာ ဘုရားလောင်းဇနက္ကမင်းဘွားမြင်သည်၊ အလောင်းဘဝ်စဉ်မှယျနဂါးမင်းလည်း၊စမ္ပာမြစ်အတွင်း၊တယူဇနာဝေးသောအောက်အတို့ိနဂါးပြည်မှာ ဘွားမြင်သည်။ အ

လောင်းတော်နဂါးမင်းသည်။ ဧမ္မာမြစ်နားရွာငယ်၏အနီး တရေသောတောင်ပိုင်ဥပုသ်သီလဆောက်တည်ဘူး၍၊ ဒေဝဒတ်အလောင်းအလမ္ဗာယသ်ဆရာ၏အနိပ်ဧက်ခံရဘူးသည်။ စမ္ဗာနဂိုရ်မြို့ တောင်ဘက် မနီးမဝေးနေရာ။ ဧမ္မာမြစ်ကမ်းပေါ်တွင်တည်ရှိသော ရှေးက ကာလအမည်ရှိသော မြို့ဟောင်းကိုယခုအခါ ကာလကတ္တားမြို့ခေါ်သည်။ ၎င်းမြို့ကမေဝ်းတော်ကားနှင့် မြောက်အရပ်သို့၊ ၁၀ ရိုင်လောက်သွားလျှင်။ ယခုခေတ်အခါမှာ အလွန်ထူးဆန်းသော ကမ္ဘာပေါ်တွင် ယခုအခါမရှိသော၊ ရှေးသရေအခါက ဆဒ္ဒန်ဒန်ဝိုင်အနီး ဆဒ္ဒန်ဆင်မင်းသည်။ ဆင်ဝံဖုဝေးနှစ်ပါး။ ၎င်းပြင် အလုပ်အကျွေးဖြစ်သော ဆင်ပေါင်း ရှစ်ထောင်နှင့် နွေလရာသီ ပူဒဂိုဏ်သောအခါ။ ပျော်ပါးခိုအောင်း နေထိုင်လေ့ရှိသော အမြစ် ပါးပြင်ပေါင်း တထောင်ရှိသော ဆဒ္ဒန်ညောင်ပင်ကြီးကဲ့သို့သော ညောင်ပင်ကြီးတပင်ရှိ၏။ ယခုအခါမှာ သွားရောက်ကြည့်ရှု၍ မြင်ရသူအပေါင်းတို့ အလွန်ချီးမွမ်း အံ့သြကြလေသည်။ဆဒ္ဒန်ညောင်ပင်ကြီးလောက်မကြီးကျယ်ဟု။ သို့သော်လည်း ယခုခေတ်အခါမှာ ကမ္ဘာပေါ်တွင် အတုမရှိကြီးကျယ်သော ဝဉ်ညောင်ပင်ကြီးဟူ၍ပင် ခေါ်ဝေါ်သမုတ် ကြလေသည်၊ ၎င်းပြင် ကာလကတ္တား မြို့ပေါ်မှာ အင်္ဂလိပ်ဝိဆိုရိယ ဘုရင်မကြီးရှိစဉ်ကစိမံတည်လုပ်ထားခဲ့သော။ကျောက်ဖြူ ဝိဆိုရိယ နန်းတော်ကြီးတခုရှိသည်။ ဘုရင်မကြီး ငယ်ရွယ်စဉ်ကစ၍၊ လက်ဆပ်သောအခန်း၊ နန်းဘက်ဘိသိက်ခြောက်သောအခန်း။ သေလွန်ကွယ်ပျောက်သော အခန်းစသော အဝေးကြောင်း အရာရုံလင်စွာ ရှင်ပုံနှင့်တကွ ရှိသည်၊အံ့သြဘွယ်ရာ အလွန်ကောင်း၏။ ၎င်းပြင် တိုင်းကြီးတဆဲ့ခြောက်တိုင်းတွင် မဂဓတိုင်းအပါအဝင် အဓာတသတ်မင်း၏ အင်နှံ့အရာအမတ်ကြီးများ တည်ထားခဲ့သော၊ ပါတလိပုတ်မြို့ကြီးကို အစိုးရတော်မူသော တတိယ သင်္ကိယနာတင် မင်းတရားဖြစ်ခဲ့သော၊ သိရိဓမ္မာ သောကမင်းကြီး၏ အဖြစ်အပျက် အလုံးစုံတို့ပုစ္ဆာ၍၊ နောက်နောက်သော မင်းစဉ်အဆက်တို့၏အင်ကြောင်းအရာတို့ရုံလင်စွာ တွေ့မြင်ရသော အလွန်ကြီးကျယ်သော အုံသြဘွယ်ရာအလွန်ကောင်းသော၊ ပြတိုက်ကြီးတခုရှိသည်။ ၎င်းပြင်လွန်ကဲ့သော ဆယ်နှစ်းကျော်လောက်ကပြောပြ၍ မကုန်အောင်။အလွန်ရုံလင်သော ကုန်းသတ္တဝါရေသတ္တဝါကောင်းကင်ပျံသတ္တဝါအလွန်ထူးဆန်းသော တိရစ္ဆာန်အမျိုးမျိုးတို့ အလွန်ပေါများသော တိရစ္ဆာန်ရုံကြီးတခုရှိသည်။ ယခုအခါမှာ ရှေးကလောက်မရုံလင်ဘဲ ဖြစ်နေသည်။သို့

သော်လည်းကြည့်ရှုဘွယ်ကောင်းပါသေး၏။လူတယောက်လျှင် ဝင်ခဲပိုက်ဆံ တပဲခပေးရသည်။ ၎င်းဖြင့် ပုရာဏကသပစသော ပိန္ဆာဒိဋ္ဌိကိုက်းဝင်။ လူမျိုးတို့ယုံကြည် ကိုးကွယ်းသာ အစေလက တိတ္ထိရုပ်ကြွေးကို ရွှေဖြင့်ထုလုပ်၍၊ကျောက်မျိုးစုံချယ်လယ်၍၊ အကြီးအကျယ်မှန်စိတ်ဂိုက်ကြွေးတွေနှင့်အာဆောင်ဆောင်အမျိုးမျိုးဆောက်လုပ်ပြီး။ အုပ်ရိုးနံရံကြွေးတွေနှင့်ထားသော။ ကျိန်လူမျိုး ဘုရွေးကျောင်းဝိုက်ကြီး တရုတ်ိသည်။ ကာလကတ္တားမြို့သည်။ မြန်မာနိုင်ငံ၌ ရန်ကုန်၊မော်လမြိုင်၊မန္တလေး ဘုံးမြို့ပေါင်းထက်။အနည်းငယ်ပို၍ ကျယ်ဝန်းလိမ့်မည် ထင်သည်။ ဈေးရုံပေါင်း ခြောက်ဆယ်ကျော်ရှိသည်။ တဆဲ့လေးထပ်ရှိသော တိုက်တလုံးရှိသည်။ အခြားကြည့်ရှု စရာတွေ အများကြီးရှိသေးသည်။မိုးရုထားဘုတာရုံကြီးနှစ်ခုရှိသည်။ သင်္ဘောနှင့် မိုးရထားအဆင်းအတက်မှာ ရှေ့ဆောင်ပုဂ္ဂိုလ်ကောင်း အလွန်လိုသည်။ မြန်မာပြည်က မည်သူမဆိုဘုရားဖူးသွားလိုလျှင်၊တည်းခိုရန် မြန်မာရဟန်းတော်များနေထိုင်လျက် ရှိသော တိုက်ကျောင်းများရှိသည်။အလွန်ကောင်းမွန်သန့်ရှင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနှင့် တည်းခိုလိုလျှင်၊ ကာလကတ္တားမြို့ ဇေဒင်-ဆေးရုံကြီးအနီး၊ သုံးထပ်တိုက်နံပါတ် တဆယ်။ မြန်မာဗုဒ္ဓဘာသာ သာလာယံစရပ်ကြီးဟူ၍ ခေါ်သည်၊ တနည်း။ ဟိန္ဒူဘာသာနှင့်(ဘရမာဒရပ်ဆာလာ) ဟူ၍လည်းခေါ်သည်၊ ၎င်းမှာတည်းခိုနိုင်သည်။ ကာလကတ္တားမြို့ပေါ်မှာ မြန်မာကျောင်းသားတွေရှိသည်၊ မြန်မာမိုးမတွေ့၊ တရုပ်လူမျိုးများနှင့် ဆက်ဆံ၍ အဆောင်းအဝယ်နှင့် နေကြတာတွေလဲများစွာရှိကြသည်။ မြန်မာတို့၏ အသုံးအဆောင် အစားအသောက် များကိုလည်း ရောင်းချလျက်ရှိကြသည်။ ရုပ်ဟန်းတော်များကိုလည်း ကြည်ညိုကြပါ၏။ဤကား အင်္ဂလိပ်ခေါ်သော ဘ ်လားနယ်၏အကြောင်းကို အကျဉ်းအားဖြင့် ပြဆိုခန်းတည်း။ ။

အင်္ဂလိပ်အကြောင်းပြီး၏။

၂။ မဂဓတိုင်း ရာဇဂြိုဟ်မြို့တော်၊မင်းနေပြည် ဖြစ်ဘူးသည်။ ဂေါတမညောင်ပင်ရောတို။ ဗောဓိပင်လိုင်၊ ဧရည်းပင်လိုင်။ ကျောက်ညိုလိုင်၊ သပ္ပဲသာဏ်ဘိုးလိုင်၊ တံပါဒါမြှား၊ မြက်စွာဘုရားရှိစည်းက ရှင့်နာက်များကို အစားကျွေးသော နေရာ။မဒ္ဒကုစ္ဆိမိဂဒါယ ဥယျာဉ်တော စ

သောနေရာများလည်း၊ အလွန်ထင်လျားခဲ့ဘူးသည်။ ၎င်းမြို့၏ ပတ်လည်၌ တောင်ငါးလုံးရံလျက်ရှိသည်။ ရှေးကမြို့တွင်းမှာ အိမ်ခြေပေါင်း ကိုးကုဋေ လောက်ရှိသည်။ တောင်ငါးလုံးဟူသည်ကား၊ ရှည်လျား၍ အမြင့်အမောက် ဆုံး တောင်ဘက်စွန်းက အထက်သို့ အလွန်ချွန်တက်၍ ထိပ်ပေါ်မှာ စေ တီတဆူရှိသော တောင်တန်းကြီးကို၊ ဂိဇ္ဈကူဋ်တောင်ခေါ်သည်၊ တောင်ခြေ မှာ ဇီဝကဆေးဆရာ၏ သရက်ဥယျာဉ်နေရာရှိသည်။ မြတ်စွာဘုရားရှင် သည်၊ ၎င်းတောင်ခြေမှာပင် တပည့်ရဟန်းများကို။ အကြိမ်များစွာ ဝိနည်း တရားတော်များ ဆုံးမဘူးသည်၊ တောင်ပေါ် ရှိကျောက်တုံး၊ ကျောက်ပြား ကျောက်ထပ်ကြီးများမှာ ကပ်လျက် ရှိသော၊ ကျောက်စွန်း၊ ကျောက်ဆွယ် ကလေးတွေသည်။ လင်းဒဋ္ဌက်၏။ နှုပ်သိုးနှင့်တူ သောကြောင့်၊ ၎င်းတောင် ကြီးကို ဂိဇ္ဈကူဋ်တောင်ဟူ၍ခေါ် သည်၊ ၎င်းတောင်၏အနောက်တက်နားက ကပ်လျက် တည်ရှိသော တောင်မြင့်ကြီးကို ပန္ဒေတောင်ခေါ်သည်။ သိဒ္ဓတ္ထ မင်းသားရဟန်းဖြစ်စဉ်က၊ ရာဇဂြိုဟ်မြို့တွင်းမှာဆွမ်းခံပြီး၊ ၎င်းတောင်၏ အ နောက် တောင်ခြေ၊ တောင်ရိပ်မှာ ဆွမ်းစားဘူးသည်၊ ထိုဆွမ်းစားဘူးသော နေရာမှာ၊ ယခုအခါ လာရောက်သမျှ လူအပေါင်းတို့ သိရှိကြစေခြင်းငှာ၊ ကျောက်နံရံကြီးဝန်းရံလျက် သံတံခါးနှင့်ထားသည်။ပန္ဒေတောင်၏ တောင် ဘက် အစွန်းမှာ ကျောက်မြို့ရိုးကြီးဖြင့် ဆက်သွယ်လျက်ရှိသော တောင် မြင့်ကြီးကို ဇာသိဂိလိတောင်ခေါ်သည်။၎င်းတောင်နံရံမှာ၊ မြတ်စွာဘုရားရှင် အလွန် နှစ်သက်တော်မူသော ကျောက်ညို လိုင်ကြီးတခု ရှိသည်၊ တခါ တရံ ရောက်ဘူးသူတို့ ဥပုသ်သီလများ ခံယူပြီး။ တတ်နိုင် သလောက် ကမ္မဋ္ဌာန်း၊ဘာဝနာများ ပွားများနေထိုင်ရန် အလွန်ကောင်းသည်။ အရှင် မောဂ္ဂလာန် မထေရ်သည်၊ ၎င်းလိုင်ဏာပင် ပရိနိဗ္ဗာန်ပြုတော်မူသည်။ ပန္ဒေ တောင်နှင့် ဇာသိဂိလိတောင် နှစ်လုံးကြားမှာ၊ အလွန်မြေကြည်လင်သော စိမ့်စမ်းချောင်းငယ် တခုရှိသည်။ခရီးသွားသူတို့ အပန်းပြေနားနေသော အ ခါ၊သောက်ချိုးသုံးစွဲရန် အလွန်ကောင်းမွန် သန့်ရှင်းစင်ကြယ်သော ချောင်း ရေ ဖြစ်သည်။ ချောင်းငယ်အနီး တောင်ရိပ်မှာ၊ ခရီးသွားသူ ဟိန္နူလူမျိုး တို့ ကိုးကွယ်ပူဇော်ပသလေ့ရှိသော နတ်ဧင်ငယ် တခုရှိသည်၊မလေးမစား မပြုကြနှင့် သတိပြုကြလေ။ သိဒ္ဓတ္ထမင်းသား ရဟန်းဖြစ်စက။ ပန္ဒေတောင် ရိပ်မှာ ဆွမ်းစားပြီး၊ ထိုချောင်းငယ်ကလေးမှာပင်၊ သပိတ်ဆေးခြင်း။ ရေ များသုံးဆောင်ခြင်း ပြုလုပ်ပြီးမှ ချောင်းငယ်ကိုဖြတ်၍၊ တောင်နှစ်လုံးကြား

ရှိလူတို့သွားလာရာ ခရီးလမ်းအစဉ်ဖြင့် တောင်မျက်နှာ ဥရုဝေလတော ရှိရာ။ မဟာဗောဓိပင်သို့ ကြွသွားတော်မူလေသတည်း။ ဤသီဂိလိတောင်၏ အနောက်တောင်ဘက်က မနိုးမဝေးမှာ တည်ရှိသော တောင်မြင့်ကြီးကို။ ဝေပုလ္လ တောင်ခေါ်သည်။ ၎င်းတောင်နံရံမှာ ကျောက်ဂူလိုဉ် ရှိသည်။ ၎င်း လိုဉ်၌ မြတ်စွာဘုရားရှင် အလွန်နှစ်သက် ပျော်မွေ့တော်မူသည်။ ဝေပုလ္လ တောင်ခြေ မြောက်ဘက်နားမှာ၊ ဇောတိက သူဌေးဏ်၏ မြေကပေါ်ပေါက် သော အိမ်နေရာရှိသည်။ ၎င်းဝေပုလ္လတောင်နှင့် မနိုးမဝေး ပြောက်ဘက် နားက တောင်မြင့်ကြီးကို ဝေဘာရတောင် ခေါ်သည်။ ထိုဝေဘာရတောင် ခြေ အရှေ့ဘက်နားက အရှင် မဟာကဿပ မထေရ် သီတင်းသုံးတော်မူ သောကျောက်ဂူလိုဉ်ကြီးရှိသည်၊ ၎င်းလိုဉ်မှာ အရှင်မဟာကဿပရဟန္တာ မထေရ်မြတ်နှင့် အဇာတသတ်မင်းတို့ ကြိုးမှူး၍၊ ငဋ္ဌမ သင်္ဂါယနာတင် တော်မူကြသည်။ အဇာတသတ်မင်း လက်ထက်က ဓာတ်တော်တွင်းမျှား ယခုထက်တိုင် အထင်အရှားရှိသည်၊ ၎င်းဓာတ်တော်တွင်းကို အချို့ကုလား တွေက ရဟန္တာ၏ အရိုးအိုးပြောကြသည်။ သားတော်အဇာတသတ်မင်း က ခမည်းတော် ဝိမ္ဗိသာရမင်းကြီး၏ ခြေဘဝါးကို ထားနှင့် ခွဲသောနေရာ မျှားရှိသည်။ ရာဇဂြိုဟ်မြို့မှာ ဝန်းရံလျက်ရှိသော တောင်ငါးလုံးသည်။ မြေ သားပကတိ မဟုတ်။ ကျောက်တောင်ချည်းသက်သက်သာ ဖြစ်ကြသည်၊ တောင်ပေါ်မှာ ဥယျာဉ်ခြံမြေမျှား လုပ်ကိုင် စားသောက်နိုင်ရန် မည်သည့် အခါမျှ မဖြစ်ချေ။ ရာဇဂြိုဟ်မြို့တွင်းမှာ ကျောက်အလွန်ပေါသည်၊ ၎င်း တောင်ခြေမျှားမှာ၊ ရေပူတွင်း၊ ရေငွေးတွင်းမျှားရှိသည်။ ဟိန္ဒူလူမျိုးတို့ ကိုး ကွယ်သွားလာ မကြာမကြာ ရောက်လေ့ရှိကြသည်။ ရောဂါအနာရောယ် ကင်း သည်ဟူ၍ အယူဝါဒရှိကြသည်။ယခုအခါ ရာဇဂြိုဟ်မြို့တွင်းမှာ၊ လုပ်ခင်း ကိုင်တာ အလွန်ညံ့ဖျင်းသည်အတွက်၊ လူနေအိမ်ခြေ လေးဆယ်လောက် သာ ရှိတော့သည်၊ အလွန်သိမ်ဖျင်းသော တောရွာငယ် သက်သက်သာ ဖြစ်နေတော့သည်။ မြတ်စွာဘုရား ရှိတော်မူစဉ်က သီတင်းသုံးဘူးသော ကျောင်းကြီး တဆဲ့ရှစ်ရပ်တို့၏ နေရာမျှား ယခုထက်တိုင် အမှတ်အသား နှင့် အထင်အလျှားရှိသေး၏။ ဝိမ္ဗိသာရမင်းကြီးဆောက်လုပ် လှူဒါန်းသော ဝေဠုဝန်ကျောင်းနေရာမျှား ရှိသည်။ ၎င်းကျောင်းတော်မှာ မြတ်စွာဘုရား ရှင် (၅) ဝါ သီတင်းသုံးဘူးသည်။ ရေစက်ချစဉ်က အကြီးအကျယ် ပြင် လျင်လှုပ်ဘူးသည်။နန်းတော်နေရာမျှားလည်း ထင်လျှားရှိသေး၏။ ယခုအခါ

ရာဇဂြိုဟ်မြို့ဟောင်းကို (ရာဇဂိရိကွန်း)ဟူ၍ ခေါ်ကြသည်။ မြန်မာပြည်က ရဟန်းရှင်လူတို့ သွားလာတည်းခိုရန် အလွန်လွယ်ကူစိမ့်သာငှာ၊ အုပ် တိုက်ကျောင်းနှင့် အုပ်သိမ်များ စိမံဆောက်လုပ်၍ မြန်မာရဟန်းတော် တပါးရှိသည်။ ၎င်းရာဇဂြိုဟ်မြို့၏ မြောက်ဘက် မြန်မာဒေရိုး လေးတိုင်ခန့် လောက်ကွာဝေးသော နေရာမှာ၊ ရှေးကနာလိက ပုဏ္ဏားရွာခေါ်သော ရွာ ငယ်ကို ယခု(နာလန္ဒာရွာငယ်ခေါ်သည်။ ၎င်းရွာအနောက်မြောက် ရှစ်ရှစ်ခန်း မှာ၊ မြတ်စွာဘုရားရှင် (တဝါ) သီတင်းသုံးဝါကပ်တော်မူဘူးသော ဒကို ဏာဂိရိတောင်ကုံးပေါ်ရှိနာလိကာရုံအုပ်တိုက်ကျောင်းတော်ကြီးသည်။အ ထက်က ပျက်စီး၍၊အောက်အခြေအလွန်ခိုင်ခန့်စွာနှင့် ယခုထက်ထိအထင် အလျား ရှိသေးသည်။ ရာဇဂြိုဟ်နှင့် နာလိကရွာများမှာ၊ ရဟန္တာအရှင် မြတ်တို့၏ မာတ်တော်များဌာပနာသော။ ဧတိပျက် ဧတိပောင်းနေရာ များ ယခုထက်တိုင် များစွာအထင်အလျား ရှိသေးသည်၊ ရာဇဂြိုဟ်မြို့ကို သွားသောအခါ၊ ဝိသာခါ မွေးဘွားရာ အရပ်ဖြစ်သော ရှေးက (ဘဒ္ဒိယမြို့) ယခုအခါ ဘဒ္ဒိယပူရ် ခေါ်သောမီးရထားဘူတာမြို့ကြီးက လမ်းခွဲမီးရထား ကလေးနှင့် သွားရသည်။ လူဟယောက်အတွက် တတိယတန်းလက်မှတ် တဆဲ့နှစ်ဖဲနှင့် ပိုက်ဆံနှစ်ပြားပေးရသည်။ ရာဇဂြိုဟ်မြို့ အကြောင်းကို အ ပေါဒကောင်းသော ပုဂ္ဂိုလ်များနှင့်သွားရလျှင်၊အလွန်ကြည်ညိုဖွယ်ရာ၊ အလွန် လွမ်းစရာ၊ ဆွေးစရာ၊ ဝမ်းနည်းစရာ အကောင်းဆုံးသော မြို့ဖြစ်သည်။ အ ဇာတသတ်၊ဇီဝက၊ဥာလိသ၊ဇောတိက စသည်တို့ ရာဇဂြိုဟ်ဇာတိများဖြစ် ကြသည်၊ ခရီးလမ်းစဉ်လည်း မခဲယဉ်း။အလွန်လွယ်ကူသင့်လျော်သည်။ ရာဇဂြိုဟ်မြို့၏အကြောင်းကို ကုန်းဝင်းအောင် ရေးသားရလျှင်။ အလွန်ရှည် လျားလိမ့်မည်ဖြစ်၍၊ အကျဉ်းအားဖြင့် ဤမျှလောက်သာဖော်ပြ လိုက်ရပေ သည်။ ။

ရှင်ပြင့် ရာဇဂြိုဟ်မြို့၏ အနောက်တောင်ရှုန်းရှုန်းခရီးနှစ်ယူဇနာလောက် ကွာဝေးသော အရပ်မှာ ရှေးက ဂယာသီသရွာရှိသည်။ ၎င်းရွာကို ယခု အခါ ဂါယာကြီး ခေါ်သည်။ ဂယာသီသဆိုတာ ၎င်းရွာ၏ အနောက် မြောက် မနီးမဝေးမှာရှိသော ကျောက်တောင်ကြီးကိုစွဲ၍ ခေါ်သည်၊ ထို တောင်ပေါ်မှာ၊ ဆင်ဦးခေါင်းနှင့်တူသော ကျောက်လုံး၊ ကျောက်ပြားကြီး များရှိသည်၊ဂယာဆိုတာဆင်ကိုခေါ်သည်၊သီသဆိုတာ၊ ဦးခေါင်းကိုခေါ် သည်။ ဂယာသီသဆိုတာ၊ဆင်ဦးခေါင်းကို ခေါ်သည်.ဤ ဆင်ဦးခေါင်

နှင့်တူသော၊ ဂယာသီသ ကျောက်ဗျာပေါ်မှာ၊ မြတ်စွာဘုရားရှင်သည်၊ ဥရုဝေလ ကဿပ၊ ဂယာ ကဿပ၊ နဒီကဿပ အမှုးရှိသော၊ ရှင်တထောင်တို့ကို။ ကယ်ဆွတ်တော်မူဘူးသည်။ ဂယာသီသ ကျောက်လုံး၊ ကျောက်ပြားကိုစွဲ၍၊ ဂယာသီသတောင်။ ဂယာသီသ ရွာဟူ၍ ယခုထက်တိုင်ခေါ်ဝေါ်သမုတ်လျက် ရှိနေသည်။ တောင်ပေါ်မှာ အုပ်ဂူဟာခုလည်းရှိသည်၊ ဂူထဲမှာ ဟိန္ဒူလူမျိုးတို့ ကြည်ညိုနှစ်သက်၊ ကိုးကွယ်သော၊ ကျောက်ကို ထုလုပ်ထားသော၊ ရာမရုပ်ပုံ၊ ဒေဝဒတ် ဖြေမျိုသောရုပ်ပုံများရှိသည်။ ဂယာသီသရွာမှာ၊ ဥပကကြီး ဘွားမြင်သည်။ ၎င်းရွာ၏ တောင်ဘက် အရပ်၊ ခရီးယူဇနာခွဲ၊ သို့ပေါ့တ်အင်္ဂလိပ်မိုင်၊ ခုနစ်မိုင် ကျော်ကျော်လောက်ကွာဝေးသောနေရာအရပ်မှာ၊ဥရုဝေလ သရက်တောကြီးသည်ရှိသည်။ ၎င်းတောကြီးထဲမှာ၊ မဟာဗောဓိပင်နှင့် အပ္ပရုဒ္ဓိတရွေ့ပလွင်ပေါ်ပေါက်ရာ နေရာဌာနများ၊ ယခုထက်တိုင် အထင်အလျားရှိသေးသည်။ သတ္တမဌာနနေရာ များမှာ၊သိရိဓမ္မာသောက မင်းကြီးလက်ထက်က၊ နောင်လာ၊နောက်သားသိုးများ၊ အစဉ်အဆက်တို့၊ သွားလာကြည်ညို ကိုးကွယ် မှတ်သားရစ်စေခြင်းငှာ၊ စိမံပြုလုပ်၊ တည်ထားခဲ့သော စေတီ၊ ဂူ၊စသည်တို့ ယခုထက်တိုင် အထင်အလျားရှိသေးသည်။ သို့သော်လည်း ယခုရှိသော ဗောဓိ ဧတီတော်ကြီးသည်၊ အင်္ဂလိပ်က စရိပ်ပေး၍၊ မင်းတုံးမင်း တည်ထားသည်။ လမ်းပြကောင်း အပြောကောင်းပုဂ္ဂိုလ်များနှင့် သွားကြရမည်။ ဘုရားဖူး သွားလာသူတို့တည်းခိုနေထိုင်စရာများ ကောင်းစွာပြည့်စုံပါ၏၊ သန့်ရှင်းပါ၏။ သို့သော်လည်း သင်္ခါပျက်စရာ၊ စိတ်မကောင်းစရာ အချက်အလက်တွေအလွန်များပြားသည်။ သာသနာတော်အို မယုံကြည်၊မကိုးကွယ်သော၊ မဟာတဂိ အာမည်ရှိသော ကုလားကြီးတယောက်က၊ ဂရန်ပိုင် ပြုလုပ်ပြီး၊အစိုးရ အာဏာအမှတ်နှင့် အုပ်ချုပ်စိမံနေသည်။ သို့အတွက်ကြောင့် ရှေ့ကို ကြီးပွားခြင်းမရှိဘဲ ဘဖြည်းဖြည်း ဆုတ်ယုတ်ပျက်စီးရန်သာ ရှိတော့သည်ဟူ၍ ဘုန်းကြီးသဘောရှိသည်။ မြန်မာလူမျိုးတို့၏ လက်တွင်းသို့၊ ဂရန်နှင့်တကွ အစိုးရ အာဏာအမှတ်ပြုပြီးလျှင်၊ ရောက်ရှိခဲ့သော် ရှေ့ကိုမရွှေ့အားဖြင့် ကြီးကျယ်ခမ်းနားစွာ ဖြစ်ရန် လမ်းများစွာ မြင်သည်ဖြစ်၍၊ သမ္မာသမ္ဗုဒ္ဓ သာသနာတော်ဝင် ရဟန်း၊ ရှင်၊ လူတို့ အထူး စဉ်းစားကြစေရန် သတိပေးလိုက်ရပေသည် နေရဉ့်ချမြဲသည် အထင်အလျားရှိသည်၊

မဟာဗောဓိ စေတီတော်၏ အရှေ့ဘက်နားက မြစ်ကို၊ ဂယာမြစ်ခေါ်သည်။ ၎င်း ဂယာမြစ်အရှေ့ဘက်ကမှိသော မြစ်ကိုသာ နေရဉ္ဇရာမြစ်ခေါ်သည်။ ဖိုးညတုအခါသာ ရေတိုး၍။ဖိုးကုန်လျှင် ခမ်းရေမရှိ၊သဲသောင်များသာဖြစ်နေသည်။အရပြောကောင်းသောပုဂ္ဂိုလ်များနှင့် သွားရလျှင်၊ အလွန်ကြည်ညိုစရာလွယ်းစရာတွေ ပေါများသည်။ ။

၎င်းပြင်-ဂယာသီသရွာကြီး၏၊အရှေ့တည့်တည့် တယူဇနာ၀၀၊ခဲ့သုံးဖိုင်ခန့်လောက် အကွာမှာ၊ဥပတိသရွာကြီးရှိသည်၊၎င်းရွာမှာ အရှင်သာရိပုတ္တရာမထေရ် ဘွားမြင်တော်မူသည်။ ။၎င်း ဥပတိသရွာ၏ ဘောင်ဘက်ခုနစ်ဖိုင်ခန့်သောက် အကွာမှာ၊ကောလိတရွာကြီး ရှိသည်။ ၎င်းရွာမှာ အရှင်မောဂ္ဂလာန်မထေရ်ဘွားမြင်တော်မူသည်။ ၎င်းရွာများမှာ ယခုထက်တိုင် စေတီပျက်။ဂူပျက်များ ဖွေ့မြင်ခဲ့ရသည်။၎င်းရွာမှာ အချို့သက်ရိုက်ဘာသာတစ်သော ကုလားတွေ၊ ဗုဒ္ဓဘာသာများဖြစ်ကြ၍၊ ရဟန်းသံဃာတော်များကို ယခုထက်တိုင် ကြည်ညိုရိုသေလေးမြတ်ကြသည်ကို တွေ့မြင်ခဲ့ရသည်။ များသောအားဖြင့် ကုလားတွေသည်။အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလန်မထေရ်မြတ်တို့၏ ပုံတော်၊ ဆင်းတုတော်များကို ရေးသားဆုလုပ်ကိုးကွယ်ကြသေးသည်။ရဟန်း သံဃာတော်များ ကြွသွားလျှင် တည်းခိုနေထိုင်စရာ လွယ်ကူပါ၏။ ။

၎င်းပြင်၊ မဟာဗောဓိပင်၏၊ အရှေ့တောင်မကျတကျ။ လေးဖိုင်ခန့်သောက်အကွာမှာ၊ နွားနို့ယနှာဆွမ်းကပ်လှူဘူးသော၊ သုဇာတာသူမြေးသို့၏ မွေးဘွားရာ၊ သေနဂရာကြီးရှိသည်။ ၎င်းသုဇာတာသည် ရေတွင်းကုသိုလ်များပြုသုဝ်းလေ့ရှိသည်၊ သုဇာတာ၏ ရေတွင်များမှာ အုတ်ဝင်းကမြတ်ဗွာဘုရားရှင်၏ ရုပ်တုတော်များကို၊ အင်္ဂတေဖြင့် ပြုလုပ်ထားလျက်ရှိကြသည်။ သိရှိမြောသောက မင်းကြီး၏ ကောင်းမှု ကုသိုလ်ဖြစ်သော ရေတွင်းများနှင့် ပုံသဏ္ဌာန်တူကြသည်။သို့သော်လည်း၊ သုဇာတာ၏ ရေတွင်းများမှာ၊ အတွင်းနားခန်းအောက် နှစ်တောင်ကွာလောက်မှာ၊ဆင်းထုတော်များပါရှိသည်။ သိုက်ခမြာသောကမင်းကြီး၏ရေတွင်းများမှာဆင်းထုပုံတော် မပါဝံရှိဟူ၊ ဤမျှလောက်သာ ကွာခြားသည်။သတိမူ၍ ကြည့်ရှုကြလေ။ ။

၎င်းပြင်၊သေနဂရာ၏အနောက်ဒေါ်ရာဇဂြိုဟ်မြက်ကမ်းတလျောက်မှာ၊ရှေးကအင်ကြင်းတောကြီးများရှိသည်၊ ၎င်းအင်ကြင်းတောသို့၊ သိဒ္ဓတ္ထမင်းသား

ဘုရားမဖြစ်မီ၊ရဟန်းဖြစ်ဝင်က၊ နေရာဒေသမြစ်၌ အဓိဋ္ဌာန် ဖွေ့ကာ မျှောပြီ့လျှင်၊ တနေ့ပတ်လုံး ဈာန်သမာပတ် ဝင်စားဘူးသည်၊ ထိုနေရာမျှားမှာ ယခုအခါ အင်ကြင်းတောမရှိ၊သရက်တောတွေသာဖြစ်နေတော့သည်။

ဂင်းပြင် မဟာဗောဓိပင်ဇို့ အနောက်တောင်ယွန်းယွန်း၊ မြန်မာခရီးတတိုင်လောက် ဝေးသော နေရာမှာ၊ အလောင်းတော်သည် အဓိဋ္ဌာန် ဖွေ့ခဲ့ကာမျှော်ပြီး၊ နေသန့်ရာအင်ကြင်းတောက၊ ညနေချမ်းအချိန် မဟာဗောဓိသို့ကြွ၍ လာရာ၊ လမ်း ခုလပ်တွင်၊ မြက်ရှစ်ဆုပ် လှူဘူးသော သုဇ္ဇာယာမောင်စင် နေထိုင်သော ဗုဒ္ဓသာဝကယ်တရ၊ ယခုထက်တိုင်အထင် အာလျှားရှိသည်။

ဂင်းပြင်၊ ဗုဒ္ဓဂယာရွာ၏ တောင်ဘက်ခရီးဘယူစနာလောက်ကွာဝေးသော အရပ်မှာ ဓုတင်တဲ့သုံးပါး တရားအကျင့်မှာ ဇောဒက် ရတော်မူသော၊ မဟာသာဝက ရဟန္တာ အရှင်မဟာကဿပ မထေရ်မြတ်ကြီး၏ မွေးဘွားတော်မူရာ၊ မဟာတိတ္ထရာကြီးရှိသည်။ ဂင်းရွာမှာ ရဟန္တာအရှင်မြတ်တို့၏ ပရိဘောဂမျှားနှင့် ဓာတ်တော်မျှားဌာပနာထားသော စေတီးဟောင်း အပျက်အစီးမျှား ယခုရှိသေးသည်။

ဂင်းပြင်၊ မဟာတိတ္ထရာကြီး၏ အနောက်ဘက်၌၊ ဂယာမြစ်နှင့် နေရာဒေသတို့ အလွန်၊မနီးမဝေးမှာ၊ ဝက်ဟာရရွာ ရှိသည်၊ ဂင်းရွာ အနီးမှာ တောတန်းကြီးမျှားနှင့် ဘောင်တန်းကြီးတခုရှိသည်။ ဂင်းဝက်ဟာရရွာမှာ ပါဠိတော်အလို (စာပါ)အမည်ရှိသော၊လောကဝေါဟာရအားဖြင့်(ဆဝေါ) အမည်ရှိသောမိန်းကလေးဖွားမြင်သည်၊ဂင်းဆဝေါ၏ အဖိအဘမျှားသည်၊ ထို တောင်တန်းနှင့် တောဘန်းကြီးထဲမျှားမှာ၊ မူဆိုး အဖြင့်နှင့်၊ သမင်၊ ဒရယ်၊ ကျီငယ်၊ စိုင်ဆတ်၊ ဖွတ်၊ ပဒင်၊ရုံ၊ကြောင်စသည်တို့ကို အဖြမဖြတ် လိုက်လံရှာဖွေ.ဖမ်းဆီး၍၊ ရောင်းချစားသောက်အံ့သက်မွေးလျက် နေကြလေသည်။

ဂင်းပြင်၊ ဝက်ဟာရရွာ၏ အနောက်ဘက်၊ ၎င်-၂၀-လောက်ကွာဝေးသော နေရာမှာ။ သလွဝါသ ရွာကြီးရှိသည်။ ဂင်းရွာ၏ အနီးမှာ အရှင်မေဂ္ဂလာန်မထေရ်၊ ဖောဘိကွ္ခရဟန်းဖြစ်သည်၊ယင်းသို့ ဖောဘိကွ္ခရဟန်းဖြစ်ပြီး၊ ခုနစ်ရက်ကြာသောအခါ၊ မြတ်စွာဘုရားရှင်သည်၊ အရှင်မေဂ္ဂလာန်မထေရ်အား၊ ငိုက်မြည်းခြင်း၊ ထိန၊မိဒ္ဓ၊တရားအလွန်ဆိုးဝါးကြောင်း။ သံသရာ၌ တာရှည်စွာ ကျင်လည်စေတတ်ကြောင်း။ နိဗ္ဗာန်နှင့် ဖိလာဖြစ်

တတ်ကြောင်း အစရှိသော၊ဘေး အမျိုးမျိုးတို့ကို ပေါဖြာဆုံးမတော် မူသောအခါ၊ အရှင်မောဂ္ဂလာန်သည်၊ အလွန် ကြောက်ရွံ့ ထိပ်လန့်လေသောကြောင့်၊သတိသံဝဂများစွာဖြစ်ပြီး၊ရှေးဦးစွာ ဒုက္ခသစ္စာကို သွယ်ပိုင်ပိုင် သိဖြင့်၍၊မဂ်စည်အတိုင်း တက်ရောက် ရဟန္တာအဖြစ်သို့ ဆုံးခန်းတိုင် ဖြစ်မြောက်တော်မူလေသတည်း။ ။

ဂုဏ်ပြင် ရာဇဂြိုဟ် အနောက်တောင်မှာ၊ သုကရတ အမည်ရှိသော၊ ကျောက်ဂူလိုင်ကြီးတခုရှိသည်။ ဂုဏ်လိုင်မှာ မြတ်စွာဘုရားရှင်သည်၊ အရှင်သာရိပုတ္တရာ၏ တူဖြစ်သော၊ ဒီဃနခ၊ ပရိဗိုဇ် ရဟန်းအား သုခဝေဒနာသည်၊ ဘေးတုံးဘေးဒဏ်ကြီး မှန်ကြောင်း။ဒုက္ခဝေဒနာသည်၊ညောင့် တံသင်းနှင့် တူသည်မှန်ကြောင်း။ ဥပေက္ခာဝေဒနာသည်၊ အနီစွ မှန်ကြောင်း ပေါဖြာဆုံးမနေစဉ်။ အရှင်သာရိပုတ္တရာ ဝေထရ်လည်း၊ ထိုအခါ အနိုးဌ်ရှိ၍ ကြံ့ကြိုက် လေသောကြောင့်၊ ထိုဝေဒနာတရားကို နာခံရ သဖြင့်၊ ပညာဉာဏ်ခင့်သန်၍၊ ဇေယျတိက္ခုဖြစ်ပြီး ၁၅-ရက် စေ့သောအခါ။ ဒုက္ခသစ္စာကို ရှေးဦးစွာမြင်၍ ဂေါဒဉ် အတိုင်းဖြင့် တက်ရောက်၊ရဟန္တာ အဖြစ်သို့ ဆုံးခန်းတိုင် ဖြစ်မြောက်တော်မူလေသည်။ဤသို့ ယခုပေါ်ပြခဲ့သော အရှင်သာရိပုတ္တရာ မထေရ်၏ ရဟန္တာ ဖြစ်ခန်း သံသရာမှ ထွက်လမ်းဝေဒနာတရားတို့ကို၊ ရိုးရှင်းသမျှကုန်သော၊ ရဟန်း၊ရှင်၊လူ၊ တို့၏ အကျိုးကို မြော်ကိုးရည်သန်၍၊ အားထုတ်ပုံနည်းနာနိသယ၊ကျကျနန၊ရကြေစေခြင်းငှာ၊ အကောင်းဆုံးသော လုင်ထုံး လုပ်နည်းတို့ကို ရှေ့၌ ပေါ်ပြလတံ့၊ သဘိရှု၍ ကြည့်ရှု နည်းယူကြလေ။ ။

ဂုဏ်ပြင် မဟာဗောဓိပင်၏မြောက်။ ရာဇဂြိုဟ်မြို့၏ အနောက်မြောက် ယွန်းယွန်း၊ဂင်္ဂါမြစ်ကမ်းမှာ မဂဓတိုင်း အပါအဝင်ဖြစ်သော ရှေးက၊ ပါတလိရွာငယ်တခု ရှိသည်။ထိုနောက် အဓေတသတ်မင်းသည်၊ အလွန် စီးကား ကြီးကျယ်သော၊ ဝေသာလီပြည်မြို့တော်ကြီးကို၊ တိုက်ဖျက်လုယူလိုသောကြောင့်။ ထိုဝေသာလီမြို့နှင့်နီးစပ်ရုံလေအောင်ဂုဏ်း။ အတိုက် အခိုက် လွယ်ကူစိမ့်သောဌာဂုဏ်း၊အဓေတသတ်မင်းကြီး၏ အမိန့် အရှင့် အမတ်ကြီးများသည် ပါတလိကိုခွဲထွင်၍ မြို့ကြီးဖြစ်အောင် တည်ထွင်ပြုလုပ်ကြပြီးမှ၊ ပါတလိမြို့ကြီးဟူ၍ ထင်လျားလေသည်။ ဂုဏ်း ပါတလိမြို့ကြီးသည်၊ဗိန္ဓုသာရုမင်းကြီးလက်ထက်ကစ၍၊ ပါတလိပုတ်မင်း နေပြည်မြို့တော်ကြီးဟူ၍ အလွန်ထင်ပေါ်ကျော်စော၍ လာလေသည်။ ဂုဏ်းဗိန္ဓု၊

သာရမင်းကြီး၏ သားတော်၊သိရိခမ္မာဒေသကမင်းကြီးသည်၊ခက်လက်ထိုးစံသော အခါ၊သာလွန်၍ပင်၊ ထင်ပေါ်ကျော်စောပြုနိုလေသည့် သိရိခမ္မာသောကမင်းကြီးသည်၊ အရှင်မဟာ မောဂ္ဂလိပုတ္တာကိသပဋိသန္တိဒါပတ္တရဟန္တာအရှင်မြတ်နှင့်မျှားစွာသောရဟန္တာအရှင်မြတ်တို့ကိုလျှောက်ထား၍ပင်ဖိတ်၍၊ ကြည်ညိုကိုးကွယ်ရန် တည်ထား ဆောက်လုပ်တော်မူသော အာဒေသကာ ရာမကျောင်းတော်ကြီးနေရာသည်၊ ယခုထက်တိုင်အထင်အလျား ၇၀သည် ၎င်းမြို့သည်အရှင်မဟာမောဂ္ဂလိပုတ္တတိသမထေရ်နှင့်၊သိရိခမ္မာသောကမင်းကြီးတို့ ကအကြိမ် အမှုးပြု၍၊တတိယသင်္ဂါယနာတင်ရာမြို့တော်ကြီးလည်းဖြစ်ခဲ့ဘူးသည်။ယခုအခါအင်္ဂလိပ်မင်းများစိုးစံ အုပ်ချုပ်လျက်ရှိနေသည်၊ အင်္ဂလိပ်မင်းများက၊ ၎င်းမြို့တော်ကြီးသည်း အဓာတသတ်မင်း၏ လက်ထက်ကလည်း စစ်အောင်မြင်ရာ မြို့ဖြစ်ဘူးသည်။ သိရိခမ္မာသောကမင်းကြီး လက်ထက်မှာလည်း၊ တရုတ်တပါးသော မင်းတို့၏လက်ဆောင်ဏ္ဏာဘက်သွင်းရာ၊ ဇကရာဇ်မင်းဖြစ်ခဲ့ဘူးသည်၊ ဤသို့သောအကြောင်းအရာ အလုံးစုံတို့ကို အထင်အလျားသိရှိကြလေသောကြောင့်၊ အောင်မင်္ဂလာမြို့ကြီးဟုသမုတ်၍၊ အင်္ဂလိပ်စစ်တပ်ထားရာ ခံတပ်မြို့ကြီးပြုလုပ်၍၊ စစ်သားများနေထိုင်ကြရန်၊ စစ်တပ်အုပ်တို့ကိုတွေ့အပြောက်အများဆောက်လုပ်တည်ထားကြသည်။ မိုးရထားပေါ်ကကြည့်လျှင်၊ မြန်မာနိုင်ငံ၊ အင်းစိန်မြို့က၊ လှည်းကူးမြို့ကို မေဉ်တော်ကားနှင့် သွားသောအခါ၊ လမ်းခရီးဆုလပ်မှာ၌သော မင်္ဂလာတံခွန်သင်နှင့်အလွန်တူလေသည်။ ရောက်ဘူးသူတို့ သတိထား၍ မိုးရထားပေါ်မှ၊ ကြည့်ရှုကြလျှင်၊ လက်ျာလက်ဝဲ အထင်အလျား၊ အကြိုးအကယ်တွေ့မြင်ကြရလိမ့်မည်၊ ၎င်းပါတလိပုတ်မြို့တော်ကြီးကို၊ ယခုအခါ ပတ္တနားမြို့ဟူ၍ခေါ်ဝေါ် သမုတ်ကြလေသည်။ ၊ကာလကတ္တားမြို့ကမိုးရထားနှင့်၊ ဗောဓိပင်၊ကုသိနာရုံ၊သာဝတ္ထိ၊ လုမ္ဗိနီစသည်ဘုံကို ဘုရားဖူးသွားကြသောအခါမိုးရထားလမ်းမှာအထက်လမ်း အောက်လမ်းဟူ၍ နှစ်လမ်းရှိသည်။ အထက်လမ်းကို အင်္ဂလိပ်ဘာသာနှင့် ပတ္တနာလိုင်းခေါ်သည်၊ အောက်လမ်းကို ဂယာလိုင်းခေါ်သည်၊ ဘုရားဖူးသွားကြသူတို့သတိမူကြရန်၊ အသွားမှာအောက်လမ်းကသွား၍ အထက်သမ်းကပြန်လျှင်၊ သာလွန်၍ လွယ်ကူသည့်ပြင်၊ စုံလင်စွာလည်း တွေ့ကြုံဖူးမြင်ရသည်ဟူ၍ပင် သဘောရှိသည်၊ စားရိပ် အကုန် အကျွေးသည်း အနည်းငယ်သက်သာသည်၊ သို့သော်သည်း ဤနေ

ရာမှာ ဂေါ့ဆောင်၊ ဂေါ့ရွက်ပြုလုပ်သော ခေါင်းဆောင်ပုဂ္ဂိုလ်သည်သာ။ လိုရင်းပခာန် ဖြစ်သည်ဟူ၍ ဒုတိယယူကြလေ။ ဤကားမဂဓတိုင်းခေါ်သော ဘိဟာနယ်၏ အကြောင်းအရာတို့ကို အကျဉ်းအားဖြင့် ပြဆိုခန်းတည်း။

မဂဓတိုင်း၏ အကြောင်းပြီး၏။

—— ○ ——

၃။ ကာသိတိုင်း၊ ဗာရာဏသိမြို့တော် မင်းနေပြည်ဖြစ်ဘူးသည်။ ၎င်းမြို့သည် ရံဘန်ရံခါ၊ ကေတုမတီမြို့ဟူ၍လည်း အမည်ပြောင်းလဲလေ့ ရှိသည်။ ယင်းသို့ ကေတုမတီမြို့ဟူ၍အမည်ပြောင်းလဲလျှင်၊ ၎င်းမြို့ကြောမင်း ပေါ်ပေါက်တော့မည်ဟူ၍၊ အနှစ် တရာက တင်ကြို၍၊ သတင်းကျော်စောလာမြဲ ဖြစ်လေသည်။ ဤကားရှေးရှေးက ဗာရာဏသိမြို့ကြီး၏ အထိန်းအမှတ်တမျှသာတည်း။ ၎င်းဗာရာဏသိမြို့ကြီးသည် ရှေးသရာအခါကစ၍ ယခုထက်တိုင်၊ အထင်အလျားရှိသည်။ မိုးရထား ဘူတာကြီးလည်း အလွန်ကြီးကျယ်သည်။ ဘူတာရုံမှာ ခရီးသွားများကူလိုဌားသောအခါ၊ အသက်အရွယ်ကြီးငဲ့သော ကူလီများကို ငှားမိလျှင်။ ကူလီခတ်ယောက်လျှင် ထုံးစံ၊ နှစ်ပဲ။ နှုံထားရှိပါလျက်နှင့် မတန့်အတန်၊ ပိုရှိ၍ တောင်းလေ့ရှိသည်။ ဇွတ်တရွတ် အတင်း၊ အဓမ္မပြုလုပ်လေ့ရှိသည်။ လက်မှတ်စစ် များကလည်း၊ အနည်းငယ်ရှင်ပွေတတ်သည်။ ရဲရဲတင်းတင်းချခံ၍၊ လမ်းကျအောင်၊ အင်္ဂလိပ်ဘာသာနှင့် ဖြစ်စေးဖိန့်။ ဘာသာနှင့်ဖြစ်စေ ပြောနိုင်လျှင်ကောင်း၏။ မပြောနိုင်လျှင် ပိုက်ဆံနှစ် လေးပဲလောက်ပေးလျှင် ကိစ္စကျေလွယ်သည်။ ၎င်းဘူတာမှာ အလွန် ကျယ်ကျင်နားလည်သော ခေါင်းဆောင်းပါမှ သာ၍ကောင်းသည်၊သတိမူကြလေ။ ။

၎င်းဗာရာဏသိမြို့သည်၊ ယခုအခါ မြန်မာနိုင်ငံရှိ၊ ရန်ကုန်မြို့။ မန္တလေးမြို့။ မော်လမြိုင်မြို့နှင့်-ပုသိမ်မြို့။ လေးမြို့စာလောက်ကျယ်ဝန်းသည်။ ဘူတာကြီးနှစ်ခုရှိသည်။ မြို့မတွင်းရှိ ဘူတာကို(စစ်တီးဘူတာခေါ်သည်) ပိဂဒါဝုန်သွားသော လမ်းမကြီးနှင့် အလွန်နီးစပ်သော၊ မြို့ အစွန်အဖြားနားမှာရှိသော ဘူတာကို(ကင်တိုမင့်ဘူတာခေါ်သည်) ဗာရာဏသိ မြို့မကြီးကို အာရုံပြုလျှင်၊ စစ်တီးဘူတာကိုဆင်း။ ပိဂဒါဝုန်ကိုအာရုံပြုလျှင်၊ ကင်တိုမင်ဘူတာကိုဆင်း။ ၎င်းဘူဘာနှစ်ခု၊ ကူးသန်းသွားလာလိုလျှင်၊ လူ တယောက်- တတိယတန်းလက်မှတ် တဆောင်တပဲစီ ပေးရသည်၊ ၎င်း

မြို့ကြီးသည် ဂင်္ဂါမြစ်ကမ်းမှာ တည်ရှိသည်။ မြို့နှင့်မျက်နှာချင်းဆိုင်၊ မြစ်တဘက်မှာ၊ ဟိန္ဒူစော်ပွား ဘုရင်၏နန်းတော်ကြီးရှိသည်။ ၎င်းမြို့၏ မြစ်ကမ်းတန်းလျှောက်မှာ၊ဟိန္ဒူလူမျိုးကို၏ ဓနလွဘာသာ။အယူဝါဒရှိကြသည် အတိုင်း၊ နှစ်စဉ်ပြုလုပ်မြဲ၊ဂင်္ဂါမြစ်ရေချိုးပွဲကြီးသည်။ နတ်တော်လပြည့် ခါနီးလောက်မှာ ပြုလုပ်လေ့ရှိကြသည်။၎င်းအခါမှာ နှစ်စဉ်တယောက်နှင့် တယောက်၊ တိုးကြ၊ ဖိကြ၊ နင်းကြလဲကြလေသောကြောင့်၊ လူနှစ်ဆယ် ကျော်-သုံးဆယ်ခန့်လောက် သေမြဲဖြစ်ကြလေသည်။ ဤအခါ မီးရထားများမှာလည်း၊ မစီးနိုင်၊ မလိုက်နိုင်အောင်လူအားကြီးသည်၊ ရေချိုးပွဲရက်၊သုံးရက်သာရှိသည်။ ထိုအချိန်အခါမှာ၊ ဘုရားဖူး သွားသူတို့ကျောက်ရာ၊ နေရာအရပ်မှာပင်၊ တန့်ရပ် ဆိုင်းငန့် နိုင်လျှင် သားလွန်၍ သင့်လျော်သည် ဖြစ်ကြောင်း အထူးသတိပေးလိုက်သည်။ ဗုဒ္ဓရောဟိမြို့၊ ကင်တိုမင် ဘူတာနှင့် ပေပေါင်း-၁၅၀၀-လောက်ကွာဝေးသော နေရာမှာ၊ ဟိန္ဒူသေဌေး ပြည့်တန်းဆာမတယောက်က ဆောက်လုပ်ထားသော၊ သာလာယံ အုပ်တိုက်စရပ်ကြီးတခု ရှိသည်၊ မည်သည့်လူမျိုးမဆို တည်ခို နိုင်သည်။ ၎င်းစရပ်ကြီးမှာ စောင့်ရှောက်သော ဒုခုဝမ် ကုလား တယောက် ရှိသည်။ ၎င်းကုလားကို ပြောလျှင်၊သန့်ရှင်းစွာ တည်းခိုနေထိုင်ရန်၊ တိုက်ခန်းများသော့နှင့်တကွရနိုင်သည်၊ ရေတွင်း-ရေစက်များလည်း အသင့်ရှိသည်။သို့သော်လည်း သားစိမ်း၊ ငါးစိမ်းများ ချက်ပြုတ်၍ စားလိုလျှင်၊ ကုလားတွေမမြင်စေနှင့်။ သက်သတ်လွတ်စားမှသာ ကုလားတွေက သဘောကျ၍ နှစ်သက်ဝမ်းမြောက်စွာနှင့် လက်ခံ၍စကားပြောလေ့ရှိသည်။ သတိပြုကြလေ။ ၎င်းပြင်ဗာရာဏသီမြို့မှ၊ ဧစ်တီးဘူတာနှင့် မနီး မဝေးမှာ မြန်မာရဟန်းတော်များလည်းရှိသည်။ဗာရာဏသီမြို့ ရေချိုးဆိပ် ရှိရာ၊ မြစ်ကမ်းတလျှောက်မှာဟိန္ဒူလူမျိုးတို့ကိုးကွယ်သော။ ရာမာလက္ခဏာ၊ သီတာဒေဝီ၊ ဟနုမန်မျောက်၊ဒေဝဒတ်၊ အဇာတသတ် ရုပ်ပုံများနှင့် မယ်တော်မာယာဒေဝီရုပ်ပုံများ၊ ထုလုပ်၍ထားသော တိုက်ကျောင်း၊တိုက်စုံ၊တိုက်တန်ဆောင်းကြီးတွေသည် အကြီးအကယ် ဆောက်လုပ် ထားသည်မှာ တခုနှင့်-တခု၊ဆောက်ခါ၊ဆောက်ခါ၊ ခုနစ်ဖိုင်ခန့်လောက်ခရီးတာ၊ ရှည်လျားသည်ဟူ၍၊ ဖွန်းခြေအားဖြင့် သတောရှိသည်။ ဤကား ဘုန်းကြီး၏ ထင်မြင်ချက်ကို ပြောပြရသည်၊ဖွားလျှင် အပြစ်မတင်ကြဘဲ။ သည်းခံ ကြစေလိုကြောင်း၊ ခရီးအဝေးအကွာဆိုတာ၊ အတိုင်းအထွာမသိလျှင်၊ဖွန်းခြေ

လောက်သာပြောနိုင်သည်။ အမှန်မရှုမပြောနိုင်။မည်သူမဆို ဗာရာဏသီမြို့သို့ရောက်ကြလျှင်၊ ၎င်းရေချိုးဆိပ်ကို သွားရောက်ကြည့်ရှုရန် အလွန်သင့်လျော်သည်၊ ထိုရေဆိပ်၌ ဆောက်လုပ်သမျှ တိုက်ကြီး တာကြီးတို့၏ ကုန်ကျငွေသာ စရိတ်ငွေများ။ ကုဋေပေါင်း နှစ်ဆယ်လောက်ကုန်ကျလိမ့်မည်ဟူ၍။ ဟိန္ဒူဘုန်းကြီးများနှင့် သူဌေးကြီးများက ပြောဘူးသည်။ ၎င်းကုန်ကျသမျှသောစားရိပ် အလုံးရုံတို့တွင်။မြန်မာနိုင်ငံ ဟိန္ဒူကုလားလူမျိုး၊ ကုန်သည်ကြီးများက တင်ပို့သော မြန်မာနိုင်ငံကငွေ၊ သုံးပုံနှစ်ပုံလောက် ပါဝင်သည်ဟူ၍ ပြောပြကြသည်၊ ထိုစကားသည်သင့်၏။ ဤကားဘုန်းကြီး၏ အဆုံးစံမင်းချက်များဖြာသည်။ ဗာရာဏသီမြို့ဖွစ၍ မဇ္ဈိဒေသ၊ ဥာဏ်ဒေသနိုင်ငံ တဝှမ်းလုံးမှာ ခရီးသွားဧည့်သည်ဘို့ တည်းခို နေထိုင်ရန် ဆောက်လုပ်ထားသော၊ သာလာယံ စရိတ်ကြွေးများကို၊ ဟိန္ဒူဘာသာနှင့် (ဒရမ်မ၊ဆာလာ)ဟူ၍ ခေါ်လေ့ရှိကြသည်။ကောင်းစွာမှတ်သား၍ထားကြလော။ ။

ဗာရာဏသီမြို့ကို ဟိန္ဒူဘာသာနှင့် (ဗာနာရက်ဆ်)ခေါ်သည်၊ အင်္ဂလိပ်ဘာသာနှင့် (ဗနဂိုဆ်)ခေါ်သည်။ ဤအမည်များကိုလည်း သတိပြုကြလော။ ၎င်းပြင် ဗုဒ္ဓဘာသာဝင်ကန်တိုမင် ဘူတားက အနောက်မြောက်ယွန်းယွန်း။ ခရီး ခုနစ်ရိုင်ခန့်လောက် ကွာဝေးသောနေရာမှာ။ မြက်စွာဘုရားရှင် ဓမ္မစကြာတရားဟောတော်မူရာမိဂဒါဝုန်တောရှိသည်။ဟိန္ဒူဘာသာနှင့် ဓိဒါဝုန်နေရာဌာနကို (ဆာနဝ်) ခေါ်သည်။ ဗာရာဏသီမြို့သား။ နဒ္ဒိယဒါယကာဆောက်လုပ်သော ကျောင်းတော်ကြီးသည်။ အထက်က အလုံးရုံပျက်စီး၍၊အောက်အခြေလောက်သာ ရှိတော့သည်။ကျောက်လွှာများအထင်အလျားရှိသေးသည်။ ၎င်းကျောင်းတော်မှာ မြတ်စွာဘုရားရှင် ဘုရားဖြစ်စက။ ပဉ္စဝဂ္ဂိငါးဦး၊ နတ်အသင်္ဃာ။ ပြဟ္မာတဲ့ ရှစ်ကွေ့ တို့အား။သံသရာ ဘေးဒုက္ခ အမျိုးမျိုး တို့ကို ပြ၍။ သံသရာမှ ထွက်မြောက်ရာ ဖြစ်သောမဂ္ဂင်ရှစ်ပါး သစ္စာလေးပါးတရားတော်ကို ဟောပြရာ၊အလုံးစုံ သောတာပန် အရိယာဖြစ်ကြသည်။ ထိုနောက် ဟောမာဝတနတ်နှင့် သာတာဂိရိနတ်တို့အား၊ သေခြင်းဘေး ဒုက္ခအပေါင်းတို့၏ ကင်းရာ လွတ်ရာဖြစ်သောတရားမြတ်ကို ဟောပြရာ၌နောက်ပါနတ်သားများနှင့်တကွ အလုံးစုံ သောတာပန် အရိယာဖြစ်ကြသည်။ ထိုနောက်တဖန် ပဉ္စဝဂ္ဂိ ငါးဦးတို့ကို အမှားထား၍ အလုံးစုံသော နတ်ပြဟ္မာတို့အား။ခန္ဓာငါးပါးတရားတော်ကို ဆက်

လက်၍ ဟောပြပြနိုရာ။တဦးမကျန် အလုံးစုံတို့ပင် ရဟန္တာချဉ်းဖြစ်ကြလေသည်၊ မဌမဦးဟောသော မဂ္ဂင်၅စ်ပါး။ သစ္စာလေးပါးတရားတော်ကို၊ ဓမ္မစကြာသုတ္တန်ခေါ်သည်၊ဒုတိယဟောပြသော သေခြင်းဘေးဒုက္ခတို့၏ ကင်းလွတ်ရာ။ တရားကောင်းတရားမြတ်သည်၊ ဟောမာဝတနတ်၏ လျှောက်ထား တောင်းပန်ချက်အရ။ ဟောမာဝတနတ်ကို အမှုးထား၍ ဟောသော ကြောင့်၊ ဟောမာဝတ သုတ္တန်ခေါ်သည်။ ပဉ္စဝဂ္ဂီ ငါးဦးကို အမှုးထား၍ တတိယအကြိမ် ဟောပြသော။ ခန္ဓာငါးပါးတရားကို အနတ္တသုတ္တန်ခေါ်သည်၊ယသဖေဝါပြခဲ့သော သုတ္တန်သုံးမျိုးတို့တွင် တရစ်ဖြင့် ရဟန်း၅င်လူမည်သူမဆို၊ သံသရာမှ ထွက်လမ်း။ အဂိယာဖြစ်ခန်းများကို အလွန်လိုလားသော ပညာ၅ိုပုဂ္ဂိုလ်တို့၏အကျိုးငှာ။ နည်းနာနိသယ ကျကျနန ရကြရလေအောင်။ အကျဉ်းအားဖြင့် အကောင်းဆုံးသော လုပ်ထုံး။ လုပ်နည်းများကို ရှေးခြ ရေသားဖေဝါပြလတံ့။ကြည့်၅ု၍ နည်းယူကြလော။ ။

မြတ်စွာဘုရား၅ှင်သည်၊ ထိုဖေဝါပြခဲ့သော သုတ္တန်သုံးမျိုးတို့ကို ဟောတော်မူ၍ နေစဉ်။ ဗိမ္ဗိသာရဥတု အချိန်အခါနှင့် ကြုံကြိုက်လေသောကြောင့်၊ ဗိဂဒါဝုန်တောရှိနန်္ဒိယဒါယကာဆောက်လုပ်သောကျောင်းမှာပင်၊ဘုရားဖြစ်စပဌမရှေးဦးစွာ တဝါ။ဝါကပ်ဆိုတော်မူသည်၊ဇင်းဗိဂဒါဝုန်တောခမြစကြာတရားဟောတော်မူသော နေရာနှင့် ကပ်လျက်အနီးမှာ။ သိရိဓမ္မာသောကမင်းကြီး ထည်ထားတော်မူသော စေတီတော်ကြီး တဆူ၅ှိသည်။ စေတီအနီး ပတ်လည်ဝန်းကျင် ကုံးပြင်တဝှမ်းလုံး အလွန်သန့်၅ှင်း စင်ကြယ်သည်၊ဥပုသ်သီလဆောက်တည်၍။ညနေချမ်းအခါ ကမ္မဋ္ဌာန်းဘာဝနာများပွားရန် အလွန်ကောင်းသည်။စေတီတောင်ဘက်မှာ။ ကျိန်းလူမျိုးကိုးကွယ်သော အဓေလကအုပ်တို့က်ကျောင်း တခု၅ှိသည်။ ဗိဂဒါဝုန်ကုံး၏ တောဘက်လမ်းအနီးမှာ ပြဘို့က်တခု၅ှိသည်။ ၎င်းပြဘို့က်တွင် မြေမှတူးဖေဝ်၍ရသော မြတ်စွာဘုရား၅ှင်၏ပရိဘောဂ အမျိုးမျိုးတွေ့၅ှိသည်။မည်သူ မဆို ဝင်ရောက် ကြည့်၅ှုနိုင်သည်။ အဘိုးမ၅ှိ။ ကုံးတော်၏အနောက်ဘက်နှင့် အရှေ့ဘက်ကကျောင်းမှာ ရဟန်းတော်များ၅ှိသည်၊ အလွန်စိတ်သဘောကောင်းကြသည်။ ဘုရားဖူးသွားသူတို့ တည်းခိုရန် အလွန်ကောင်း၏။ သန့်၅ှင်းစင်ကြယ်၏။ဗိဂဒါဝုန်စေတီတော်၅ှိရာ ကုန်းတော်မရောက်မီ၊ လမ်းမကြီး၏ အနောက် ပေတရာလောက် ကွာသောနေရာ။ တောင်ကုံးကလေးပေါ်မှာ ရှေးကပဉ္စဝဂ္ဂီငါးဦးတို့သိဘင်းသုံးနေထိုင်ဘူးသော အုပ်ဂုတခန့်နှင့်

ကျောင်းပျက်များ ရှိသည်။ ဘုရားဖူး သွားရောက်သူတို့ သတိမူ၍ နှုံးစပ်
အောင် ကြည့်ရှုကြလေ။ နားသည် ကျွမ်းကျင်သော ရှေ့ဆောင် ရှေ့ရှုက်
တားယောက်နှင့်သွားလျှင် သာ၍ ကောင်း၏။ ဗာရာဏသီမြို့က မိဂဒါဝုန်
အသွားအပြန် မော်တော်ကား ငှားလျှင်။ စီးလုံးငွေတဆယ်လောက် ပေးရ
တတ်သည်၊ အသွားသက်သက် ငှားလျှင်။ တစီးလုံးခြောက်ကျပ်လောက်
ပေးရတတ်သည်၊အပြန်သက်သက် ငှားလျှင်။ စီးလုံးလေးကျပ်ခွဲဖြစ်စေ။ ငါး
ကျပ်ဖြစ်စေ ပေးရတတ်သည်၊ လူဆယ်ယောက်လောက်နှင့် ပစ္စည်းအကုန်
တင်နိုင်သည်။ စားဘွယ်သောက်ရုန် ဗာရာဏသီက ဝယ်သွားကြလေ။
လမ်းခရီးမှာ ဟိန္ဒူစေ်ပွား များတည်းခိုသော နှုန်းတော် တရ ရှိသည်။
အင်္ဂလိပ် အစိုးရရုံးကြီး တရုလည်းရှိသည်၊ အတွင်းပြင် ဆေးရောင်စုံနှင့်
ကြည့်ရှုဘွယ်အလွန်ကောင်းသည်၊ရှေးကမိဂဒါဝုန်တောနယ်မှာသစ်ပင်အ
မျိုးမျိုး။ တောအမျိုးမျိုးရှိသည်၊ ရှေးရှေးသော မြတ်စွာဘုရားရှင် အစဉ်
အဆက်တို့သည်၊ ၎င်းမိဂဒါဝုန်တောမှာပင် ဓမ္မစကြာတရား ဟောတော်
မူလေ့ရှိသည်ကား။ ဓမ္မတာပင်တည်းဟူ၍ ကျမ်းစာများမှာ တွေ့ရှိရသည်။
နှစ်သက်ကြည်ညိုဘွယ် ကောင်းပေစွ။ တသက်တခေါက်ဆိုသလို ရောက်
ဘူးအောင် ကျိုးစားကြလေ၊ ဤမိဂဒါဝုန်တောမှာပင်၊ ဓမ္မစကြာ တရား
ဟောတော်မူသေားရှေးရှေးသော မြတ်စွာဘုရားရှင်တို့ကို။ ဘုန်းကြီးမှတ်ပို
သလောက်ဖော်ပြဦးအံ့။ မှတ်သား၍ထားကြလေ။ ။

၁။ ဒီပင်္ကရ မြတ်စွာဘုရား။ မိဂဒါဝုန်တော အတွင်း၊ သုနန္ဒာရုံ
ဥယျာဉ်မှာ။ဓမ္မစကြာတရားဟောတော်မူသည်။ ။

၂။ ကောဏ္ဍည မြတ်စွာဘုရား၊ မိဂဒါဝုန်တော၊ ဒေဝပုန်ဥယျာဉ်၌
ဓမ္မစကြာဟောသည်။ ။

၃။ မင်္ဂလ မြတ်စွာဘုရား။ မိဂဒါဝုန်တော။သိရိဝဏ္ဏ ဥယျာဉ်၌၊
ဓမ္မစကြာ ဟောသည်။ ။

၄။ သုမန မြတ်စွာဘုရား၊ မိဂဒါဝုန်တော။ မေခလ ဥယျာဉ်၌၊ ဓမ္မာ
စကြာ ဟောသည်။ ။

၅။ ရေဝတ မြတ်စွာဘုရား။ မိဂဒါဝုန်တော။ ဘရာဏာရုံ ဥယျာဉ်၌၊
ဓမ္မစကြာဟောသည်။ ။

၆၊ သောဘိတ မြတ်စွာဘုရား။၌ဂဒါဝုန်းတော။ သုဓမ္မဥယျာဉ်ဝယ်
ဓမ္မစကြာဟောသည်။ ။

၇။ အနောမဒဿီ မြတ်စွာဘုရား။ ဓိဂဒါဂုန်တော၊ သုဒဿန ဥယျာဉ်ဝယ်၊ဓမ္မစက်ခြာဟောသည်။ ။

၈။ ပဒုမမြတ်စွာဘုရား။ ဓိဂဒါဂုန်တော။ ဓနဉ္ဇယ ဥယျာဉ်ဝယ်။ ဓမ္မစက်ခြာ ဟောသည်။ ။

၉။ နာရဒ မြတ်စွာဘုရား။ ဓိဂဒါဂုန်တော၊ ဓနဉ္ဇယ ဥယျာဉ်ဝယ်၊ ဓမ္မစက်ခြာ ဟောသည်။ ။

၁၀။ ပဒုမုတ္တရ မြတ်စွာဘုရား။ ဓိဂဒါဂုန်ဝယ်။ ဓမ္မစက်ခြာ ဟောသည်။ ။

၁၁။ သုမေဓာ မြတ်စွာဘုရား။ ဓိဂဒါဂုန်တော။ သုဒဿန ဥယျာဉ်ဝယ်၊ဓမ္မစက်ခြာ ဟောသည်။ ။

၁၂။ သုဇာတာ မြတ်စွာဘုရား။ ဓိဂဒါဂုန်တော။ သုမင်္ဂလဥယျာဉ်ဝယ်။ဓမ္မစက်ခြာဟောသည်။ ။

၁၃။ ဗိယဒဿီ မြတ်စွာဘုရား။ ဓိဂဒါဂုန်တော၊အင်္ဂြိုင်းဥယျာဉ်ဝယ်၊ ဓမ္မစက်ခြာဟောသည်။ ။

၁၄။ အတ္ထဒဿီ မြတ်စွာဘုရား၊ဓိဂဒါဂုန် တော၊အင်္ဂြိုင်းဥယျာဉ်ဝယ်၊ ဓမ္မစက်ခြာ ဟောသည်။ ။

၁၅။ ဓမ္မဒဿီ မြတ်စွာဘုရား။ ဓိဂဒါဂုန်တော၊ ဇီးပင်ပေါမျှားသော ဥယျာဉ်ဝယ်။ ဓမ္မစက်ခြာတရားဟောသည်။ ။

၁၆။ သိဒ္ဓတ္ထ မြတ်စွာဘုရား၊ဓိဂဒါဂုန် သိုးပင်တောဝယ်၊ဓမ္မစက်ခြာ ဟောသည်။ ။

၁၇။ တိဿ မြတ်စွာဘုရား။ ဓိဂဒါဂုန် သိုးတောဝယ်၊ ဓမ္မစက်ခြာ ဟောသည်၊ ။

၁၈။ ဖုဿ မြတ်စွာဘုရား၊ ဓိဂဒါဂုန် ကုက္ကိုတောဝယ်၊ ဓမ္မစက်ခြာ ဟောသည်။ ။

၁၉။ ဝိပဿီ မြတ်စွာဘုရား။ ဓိဂဒါဂုန်ကုက္ကိုတောဝယ်၊ဓမ္မစက်ခြာ ဟောသည်၊ ။

၂၀။ သိခီ မြတ်စွာဘုရား။ ဓိဂဒါဂုန် ဂျားတောဝယ်၊ ဓမ္မစက်ခြာ ဟောသည်၊ ။

၂၁။ ဝေဿဘူ မြတ်စွာဘုရား၊ဓိဂဒါဂုန် အင်္ကြင်းတောဝယ်၊ ဓမ္မစက်ခြာ ဟောသည်၊ ။

၂၂။ ကကြုသန်မြတ်စွာဘုရား။ မိဂဒါဝုန် ရှာတောဝယ်။ ဓမ္မစကြာ ဟောသည်။ ။

၂၃။ ကောဏာဂုံ မြတ်စွာဘုရား။ မိဂဒါဝုန် ရှာတောဝယ်။ ဓမ္မစကြာဟောသည်။ ။

၂၄။ ကဿပ မြတ်စွာဘုရား။ မိဂဒါဝုန် ရှာဘောဝယ်၊ ဓမ္မစကြာဟောတော်မူသည်။ ။

၂၅။ ယခုအခါ သာသနာဆင်ဝင်ချားရှိတော်မူသေးသော။ အရှင်ဂေါတမ မြတ်စွာဘုရားသည်၊ မိဂဒါဝုန် မကျည်းပင်တောမှာ။ဓမ္မကြာတရား ဟောတော်မူသည်။ ။

ဤကား မှတ်ဗိ၊ သိရှိသင့်လောက် ရေးသားဖော်ပြ လိုက်ရ ပေသော မြတ်စွာဘုရားရှင်တို့၏ ဘွဲ့တော်နှင့်တကွ အကျဉ်းပြီး၏။ ။

ဗာရာဏသီမြို့သည် ဘုရားတဆူနှင့်တဆူ။ဘုရင်တပါးနှင့်တပါး အမည် အမျိုးမျိုး ပြောင်းလဲပုံ။ ။ဗာရာဏသီ၊ ဝါ၊ ဒွါရာဝတီ၊ ဝါ၊ ဟံသာဝတီ၊ ဝါ၊ ရမ္မာဝတီ။ဝါ၊ကေတုမတီ။ဝါ၊ပုဉ္ဇဝတီ။ဝါ၊ဗန္ဓုမတီ။ဝါ၊အမရဝတီ။ဝါ၊ သုရုန္ဓန။ ဝါ၊သုဒဿန၊ ဖြဟ္မဝဇ္ဈာ။မောလိယ၊ဖြဟ္မဝုဠှ။ စန္ဒာဝတီ။ သုဓ ဉာဝတီ။ကာသိ။ခေမာဝတီ သောဘတ်မြို့စသည်တို့ဟု၍ အမည်အမျိုးမျိုး ပြောင်းလဲလေသည်။ ။

၎င်းပြင် ဗာရာဏသီမြို့၌၊ ပဂ္ဂိုလ်ဘုံ၊ပဂ္ဂိုလ်မြတ်များ အထူးထူးသော အဖိဝမ်းဝယ်။ပဋိသန္ဓေယူဘုံကြောင်း ပြဦးအံ့။ ။

၁။ ဒီပင်္ကရမြတ်စွာဘုရား အလောင်းတော်။ ဗာရာဏသီမြို့။သုဒေဝ မင်းကြီး၏သမီးမခေါ မိဂုယားကြီး ဝမ်းဝယ်၊ပဋိသန္ဓေယူသည်။ ။

၂။ ကောဏ္ဍညမြတ်စွာဘုရား အလောင်း၊ ဂင်းမြို့ သုနန္ဒာမင်းကြီး၏ သုဇာတာမိဂုယားကြီးဝမ်းဝယ်၊ပဋိသန္ဓေယူသည်။ ။

၃။ ဓေဝတမြတ်စွာဘုရား အလောင်း၊ ဝိဟုလမင်းကြီး၏ ဝိဟုလာ မိဂုယားကြီးဝမ်းဝယ်၊ပဋိသန္ဓေယူသည်။ ။

၄။ အနောမဒဿီ မြတ်စွာဘုရားအလောင်း၊ ယသဝါမင်းကြီး၏ ယသောဓရာ မိဂုယားကြီး ဝမ်းဝယ် ပဋိသန္ဓေယူသည်။ ။

၅။ နာရဒ မြတ်စွာဘုရားအလောင်း။ ဝါဒုဒေဝ စကြာဝဠတေးမင်းကြီး၏၊အနောမာဓိဗုယားကြီးဝမ်းဝယ်၊ပဋိသန္ဓေယူသည်။ ။

၆။ ပဒုမုတ္တရ မြတ်စွာဘုရားအလောင်း၊ အာနန္ဒာမင်းကြီး၏ သုစာတာ ဓိဗုယားကြီးဝမ်းဝယ်၊ ပဋိသန္ဓေယူသည်။ ။

၇။ သုမေဓာ မြတ်စွာဘုရားအလောင်း၊ သုဒတ္တမင်းကြီး၏ သုဒတ္တာဓိဗုယားကြီးဝမ်းဂယ်၊ပဋိသန္ဓေ ယူသည်။ ။

၈။ ဒီယဒဿီမြတ်စွာဘုရားအလောင်း၊သုဒတ္တမင်းကြီး၏ စန္ဒာဒေဝီဓိဗုယားကြီးဝမ်းဝယ်၊ပဋိသန္ဓေ ယူသည်။ ။

၉။ ဗုဿ မြတ်စွာဘုရား အလောင်း၊ဓနဉသေနမင်းကြီး၏ သိရိမာဓိဗုယားကြီးဝမ်းဝယ်၊ပဋိသန္ဓေယူသည်။ ။

၁၀။ ဝိပဿီ မြတ်စွာဘုရား အလောင်း၊ ဗန္ဓုမင်းကြီး၏ ဗန္ဓုမတီဓိဗုယာဝမ်းဝယ်၊ ပဋိသန္ဓေ ယူသည်။ ။

၁၁။ ကကုသန် မြတ်စွာ ဘုရားလောင်း၊ အဂ္ဂိဒတ်တ ပုရောဟိတ်ပုဏ္ဏား၏ ဝိသာခါအမည်ရှိသော ပုဏ္ဏားမဝမ်းဝယ် ပဋိသန္ဓေယူသည်။ ။

၁၂။ ကောဏာဂုံ မြတ်စွာဘုရားလောင်း၊ ယညဒတ်တပုဏ္ဏား၏ ဥတ္တရာမည်သော ပုဏ္ဏားမဝမ်းဝယ် ပဋိသန္ဓေယူသည်။ ။

၁၃။ ကဿပ မြတ်စွာဘုရားလောင်း၊ ဗြဟ္မဒတ်တပုဏ္ဏား၏ ဓိပုလဂ္ဂဇာဝတီ အမည်ရှိသော ပုဏ္ဏားမ၏ ဝမ်းဝယ် ပဋိသန္ဓေယူသည်။ ။

ဤကားပြခဲ့ပြီးသော မြတ်စွာဘုရားရှင်အလောင်းတော်တို့သည် အဆုံးစွန် ဘုရားဖြစ်မည်ဘဝ။ ဗောရာဇာသိမြို့၌ ပဋိသန္ဓေရှိတော် မူကြကြောင်းကို၊ဘုန်းကြီးတွေကြို သိမြင်ဘူးသလောက်သာ ဖေဖြလိုက်ရသည်။ ပိုမို၍ သိမြင်တွေကြုံဘူးသော ပညာရှင်များက ပိုမိုထည့်သွင်း၍ ဘတ်ရှုကြစေလိုကြောင်း။ ယခုဖေဖြခဲ့ပြီးသော ဤသို့ထူးကဲမြင့်မြင့်သော ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေယူရာ နေပြည်တော်ကြီးလည်း ဖြစ်ဘူးသည် တကြောင်း။ မိဂဒါဝုန်တော၏ နိုးစပ်ရာ မြို့ကြီးလည်း ဖြစ်ဘူးသည် တကြောင်း။ အလွန်လည်းကြီးကျယ် စိုကားဘူးသည် တကြောင်း။ ဤသို့သော အကြောင်းမျိုးစုံတို့ကို ထောက်မြော်သဖြင့် ယခုလို ကျန်းကျန်းမာမာရှိကြတဲ့ အခါမှာ မည်သူမဆို တသက်တာခါက် ဆိုသလိုဘဲ ရောက်ဘူးကြရန် အလွန် သင့်လျော်သည်ဟူ၍သဘောရသည်။သို့သော်လည်း အလွန်နားလည်ကျွမ်းကျင်သော ခေါင်းဆောင်ပုဂ္ဂိုလ် အရေးကြီးသည် ဗောရာဇာသိမြို့ကြီးသည် မည်သို့ပင်

အမည်ပြောင်းလဲသော်လဲ ယခုထက်တိုင်ရှိသော မြေနေရာ ဂင်္ဂါမြစ်ကမ်း မှာပင်ဟူ၍ မှတ်ယူကြရမည်။ သို့သော်လည်း ဗာရာဏသီမြို့၌ယခုရှိသော ရွာမှ အနောက်မှီပညာရှိပုဂ္ဂိုလ်ကြီးများက ပြောဘူးသည်မှာ မြို့နေရာသည် ရွာထွက်အောမင်းများလက်ထက်က အနည်းငယ် မဆိုသလောက် မြေနေရာ အနှံ့ပြောင်းထဲ့အခါလည်း ရှိတတ်သည်ဟူ၍ ကြားသိခဲ့ရဘူးသည်။ အလွန်ကျော်ကြားသော အဘိုးထိုက်တန် လှစွာသော အထည်အလိပ် ကောင်းများလည်း ဖြစ်ထွန်းဘူးသည်၊ ယခုအခါကြေးနီ၊ ကြေးဝါ၊ အသုံးအဆောင် ပစ္စည်းများ အလွန်ပေါသည်။ ။၎င်းပြင် ဗာရာဏသီမြို့၌ ပဒိုသန္ဓေရှိဘူး သော ပုဂ္ဂိုလ်များကို ပြဦးအံ့။ ။

တေဝိမင်းသား၊ ၎င်းပြင် မြို့အနီး ဖြစ်ကမ်းရှိ နေသာဒရွာမှာ ဒုကုလ၊ ပါရိကာတို့မွေးသည့် စန္ဒကုမာရမင်းသား၊ အရှင်ဂေါတမဘုရားအလောင်း တော် သုမေဓာရသေ့ဖြစ်စဉ်က အတူဆုပန်ဘူးသော သုမိတ္တာသည် ဗာရာဏသီ စာတိဖြစ်သည်၊ သူဆင်းရဲဘဝမှ သူဌေးကြီး ဖြစ်လာရသော မဟာဒုက်။ ပစ္စေကဗုဒ္ဓါ သားငါးရာ၏အမိ ပဒုမဝတီ၊ ပေါရိသာဒ၊ သမုဒ္ဒဃောသမင်းသား၊ သင်္ကာခနုမင်းသားစသည်တို့တည်း။ သိသလောက် ကုန်စင်အောင် ရေးရလျှင် အလွန်ရှည်လျား လိမ့်မည်ဖြစ်၍၊ ဤမျှလောက်သာ ပေါ်ပြလိုက်ရပေသည်။ အဝေလောင်းတော် သမုဒ္ဒဃောသစာတ်နှင့် သင်္ကာခနု စာတ်ကို ဘတ်ရှာသူတို့ အလွန်နှစ်သက် လောက်အောင်ရင်း၊ တရားဟော ပုဂ္ဂိုလ်တို့၏ အကျိုးငှာရင်း ပါဠိအနက်နှင့်တကွ ရှုခွင် ရေးသား ပေးပြီလတ္တံ့။ ။ဤယခုပေါ်ပြခဲ့သော ပုဂ္ဂိုလ်များကိုစွဲ၍လည်း ဗာရာဏသီမြို့သည် ထင်ပေါ်ကျော်စောသည်ကား မှန်၏။ ဒေးရှင်ဂေါတမ ဖြတ်စွာဘုရားရှင်သည် သုမေဓါရသေ့ဖြစ်စဉ်က အမရဝတီမြို့မှာ ဘွားမြင်ပြီး၊ ဗာရာဏသီမြို့မှာ ဒီပင်္ကရဖြတ်စွာဘုရားရှင်၏ ရွေတော်ရင်းခံ ရှေးဦးစွာ နိယတ ဗျာဒိတ်ပန်း ပန်ဆင်ခဲ့ရလေသည်။ ဆဒ္ဒန်ဆင်မင်းကို ရန်ညှိုးဖွဲ့သော စူဠသုဘဒ္ဒါဆင်မသည် ဗာရာဏသီမင်း၏ ဇိဂုယားကြီး ဖြစ်သောဘဝမှာ ဆဒ္ဒန်ဆင်မင်းဖြစ်သော ဗုဒ္ဓဘဝယ်ကိုဖြတ်စေသည်။ ဗာရာဏသီမြို့၏ ထူးသောအကြောင်းတွေကို ဒုံလင်းနောင်ရေးရလျှင် အလွန်ရှည်လျား ကျယ်ဝန်းနေမည် စိုး၍ ဤမျှလောက်နှင့်ပင် ပာန့်ရပ်လိုက်ရ ပေသည်။

ကာသိတိုင်း၏အကြောင်း [illegible]။

၄။ ကောသလတိုင်း။ သာဝတ္ထိမြို့တော်သည် ရှေးက မင်းနေပြည်ဖြစ်ဘူးသည်။ ကောသလတိုင်းကို အစိုးရသော ပသေနဒိကောသလမင်းကြီးနှင့် ဝိမ္မိသာရမင်းကြီးတို့ သိုးယောက်ဖအရင်း ဖြစ်ကြသည်။ ယခုအခါမှာ မြို့နေရာသာ ရှိတော့သည်။ ၎င်းသာဝတ္ထိမြို့ နေရာဟောင်းနှင့် မနီးမဝေးမှာ ဘာလန်ပူဟူသော ဒီးရထားဘူဘာရုံမြို့ကြီးတမြို့ရှိသည်။ ၎င်းကို သာဝတ္ထိမြို့သစ်ဟူ၍လည်း ခေါ်လေ့ရှိကြသည်။ မြန်မာရဟန်းတော်များ ကျောင်းနှင့် သီတင်းသုံးလျက်ရှိသည်။ ဘုရားဖူးသွားသူတို့ တည်းခိုနေထိုင်ရန် အလွန်ကောင်းမွန်သန့်ရှင်း၏။ အစိုရဝတိမြစ်နှင့် နီးစပ်သောကြောင့်၊ ဟင်းလျာအလိုငှာ စားသောက်ရန် ငါးအလွန်ပေါသည်၊ ဘာလန်ပူမြို့က သာဝတ္ထိမြို့ဇေတဝန်ကျောင်းတော်ရှိရာသို့ မြင်းရထားနှင့်ဖြစ်စေး၊ ခြေလျင်ဖြစ်စေ သွားလျှင် အလွန် လွယ်ကူပါ၏။ အပြောကောင်း၊ အပြကောင်း ရှေ့ဆောင် တယောက်နှင့် သွားကြရမည်။ ခရီးဆယ်ရိုင်လောက် ကွာသည်၊ တခါတရံ သာဝတ္ထိ ဇေတဝန် ကျောင်းတော်နေရာမှာ ရဟန်းတော်များလည်း သီတင်းသုံး နေထိုင်လျက် ရှိတတ်သည်၊ သာဝတ္ထိမှာ မြင်စွာဘုရားရှင် အကြာဆုံး သီတင်းသုံးတော်မူသည်။ ထိုအခါတုံးက သာဝတ္ထိမြို့တွင်းမှာ လူဦးရေ ဆုနစ်ကုဋေ ငါးသန်းခန့်လောက် ရှိသည်။ ခြောက်လုံးဇာ ငါးသန်းခန့်လောက်က သမ္မာသမ္ဗုဒ္ဓ သာသနာတော်ကို ယုံကြည်ကိုးကွယ် ကြသည်။ တကုဋေလောက်က ပုရာဏကဿပစသော မိစ္ဆာဒိဋ္ဌိအယူကို ယုံကြည်ကိုးကွယ်ကြသည်။ ကောသလတိုင်းကြီးရှင် ပသေနဒိကောသလမင်းကြီးနှင့် မလ္လိကာမိဖုရားကြီးတို့ကလည်း သာသနာတော်ကို လွန်စွာယုံကြည်ကိုးကွယ် အားပေးထောက်ပံ့ကြသည်။ အနာထပိဏ်ဟာ သူဌေးကလည်း အသပြာ ငါးကုဋေကို ကုန်ကြေး အကုန်ခံ၍ ဇေတဝန်ကျောင်းကြီး ဆောက်လုပ်ခဲ့သည်ဟု ဆိုသည်။ ဇနပုဒယသူဌေးကြီး၏သို့ မိဂါရသူဌေးကြီး၏ ချွေးမဖြစ်သော ဝိသာခါသည်လည်း ကုဋေသုံးဆယ်ကျော် လေးဆယ်ခန့်လောက် အကုန်ခံ၍ ပုဗ္ဗာရုံကျောင်းတော်ဆောက်လုပ်လှူဒါန်းသည်။ မင်းနှင့် မိဖုယားကြီးတို့ကလည်း ဇေတဝန်ကျောင်းတော် အရံတွင်းမှာ တဆဲ့ငါးကုဋေလောက် အကုန်ခံ၍ မင်းကျောင်းအမည်နှင့် ကျောင်းတော်ဆောင် ဆောက်လုပ် လှူဒါန်းကြသည်။ မြတ်စွာဘုရားရှင်လည်း ၎င်းကျောင်းတော်မျာ၌ ရှေးကပါတပည့်ရဟန်းတော် အဖြောက်အပြားတို့နှင့် ဘီတင်းသုံးနေထိုင်ရှိခဲ့ သည်ဟု ဆိုလေသည်။ ဤသို့ သူဌေးကြီးများ၏ သို့မဟုတ် မိဂါရသူဌေးကြီး၏ ချွေးမဖြစ်သော ဝိသာခါသည်လည်း ကုဋေသုံးဆယ်ကျော် လေးဆယ်ခန့်လောက် အကုန်ခံ၍ ပုဗ္ဗာရုံကျောင်းတော်ဆောက်လုပ်လှူဒါန်းသည်။ မင်းနှင့် မိဖုယားကြီးတို့ကလည်း ဇေတဝန်ကျောင်းတော် အရံတွင်းမှာ တဆဲ့ငါးကုဋေလောက် အကုန်ခံ၍ မင်းကျောင်းအမည်နှင့် ကျောင်းတော်ဆောင် ဆောက်လုပ် လှူဒါန်းကြသည်။ မြတ်စွာဘုရားရှင်လည်း ၎င်းကျောင်းတော်မျာ၌ ရှေးကပါတပည့်ရဟန်းတော် အဖြောက်အပြားတို့နှင့် ဘီတင်းသုံးနေထိုင်ရှိခဲ့ သည်ဟု ဆိုလေသည်။ ဤသို့ သူဌေးကြီးများ၏ သို့မဟုတ် မိဂါရသူဌေးကြီး၏ ချွေးမဖြစ်သော ဝိသာခါသည်လည်း ကုဋေသုံးဆယ်ကျော် လေးဆယ်ခန့်လောက် အကုန်ခံ၍ ပုဗ္ဗာရုံကျောင်းတော်ဆောက်လုပ်လှူဒါန်းသည်။ မင်းနှင့် မိဖုယားကြီးတို့ကလည်း ဇေတဝန်ကျောင်းတော် အရံတွင်းမှာ တဆဲ့ငါးကုဋေလောက် အကုန်ခံ၍ မင်းကျောင်းအမည်နှင့် ကျောင်းတော်ဆောင် ဆောက်လုပ် လှူဒါန်းကြသည်။ မြတ်စွာဘုရားရှင်လည်း ၎င်းကျောင်းတော်မျာ၌ ရှေးကပါတပည့်ရဟန်းတော် အဖြောက်အပြားတို့နှင့် ဘီတင်းသုံးနေထိုင်ရှိခဲ့ သည်ဟု ဆိုလေသည်။

မှာ ဝါနှစ်ဆယ်တိုင်တိုင် ဝါကပ်ဆိုတော်မူသည်။ သတ္တုန် ဝိနည်း အဘိ ဓမ္မာတရားတော်များ အကြိမ်အများဆုံး ဟောတော်မူသည်။ ဇာတ်တော် နိပါတ်တော်များကိုလည်း အများဆုံးဟောတော်မူသည်။ ပုဗ္ဗာရုံ ကျောင်း တော်မှာ ခြောက်ဝါတိုင်တိုင် ဝါကပ်ဆိုတော်မူသည်။ သတ္တုန် ဝိနည်း အ ဘိဓမ္မာတို့ကိုလည်း အကြိမ်များစွာ ဟောတော်မူသည်၊ မြတ်စွာဘုရား ရှင်၏ သာသနာတော်ကို ယုံကြည်အားထားသူတို့ အလုံးစုံအရိယာဖြစ်ကြ သည်၊ တိတ္ထိများကို ဆုံးမအံ့သောငှာ ပြိုင်ဆိုင်၍ ယဖိုက်ပြဋိဟာ တန်းခိုးပြ သော သရုက်ပင်ရင်း နေရာနှင့် ရုတနာဂူနေရာများ ယဆုထက်ဝတိ အမှတ် အသား ရှိသေးသည်။ အဒ္ဒလောင်းတော် ငုံးမင်းဖြစ်စဉ်ကနေသော ချုံပိတ် ပေါင်း နေရာသည် ယဆုထက်ဝတိ အမှတ်အသား ရှိသေးသည်၊ သာဝတ္ထိ မြို့ အကြောင်းကို နိဒါန်းစကား အစဉ်မှာလည်း အနည်းငယ် ဖော်ပြခဲ့ပြီ။ သတိမူ၍ ပြန်ကြည့်ကြ စေလိုကြောင်း။ ။

ထို့ပြင် သာဝတ္ထိမြို့၌ ဖွားရာဇာတိရှိဘူးသော ပုဂ္ဂိုလ်တို့ကို အနည်း ငယ်ဖော်ပြဦးအံ့။ ။အနာထပိဏ်သူဌေး၊ ဗိဂါရသူဌေးနှင့် ၎င်း၏သား၊ ဝိ သာခါ၏ ခင်မွန်းဖြစ်သော ပုဏ္ဏာဝဒကာသူဌေးများ သာဝတ္ထိ ဇာတိဖြစ်ကြ သည်။ ဥပဂုတ်၊ သုန္ဒရိပရိဗိုဇ်မ၊ စိဉ္စမာန၊ အင်္ဂုလိမာလ၊ ဝဇိရာဘိက္ခုနီ စသည်တို့ဖြစ်ကြသည်။ အင်္ဂုလိမာလ လက်ညှိုးပေါင်း တစ်ဆယ် ဖြတ်စဉ် က နေထိုင်ပုန်းအောင်သော ဇာလိနီတောတန်းကြီးသည် ကောသလတိုင်း ၌ပါဝင်သည်။ သာဝတ္ထိမြို့မှ အနောက်မြောက် ယူဇနာလေးဆယ်ဖေးပြန် အကွာ ဟိမဝန္တာတောစပ်မှာရှိသည်။ ယဆအခါ အင်္ဂုလိမာလ ဘုရား ဝိုင်းပြုလုပ်ထားသည်၊ မျော်ကာ အလွန်ပေါသည်။ မြေဘဝင်ကားသွားသော ဖြတ်လမ်းကြီး ရှိသည်၊ ဟိမဝန္တာတောင်ခြေ ဒဏ္ဍကီဗျူဟာဥယျာဉ်တွင် မှာ သူဆင်းရဲကုလားတွေ လုပ်ကိုင်သော သတ္တော-ဖြောင့်ဂုံ ကျွဲတွေပေါ် စသည်တို့ကို ချောင်းချရန်မြို့ရွာရှိရာသို့ လာကြသောအခါ ထိုဥယျာဉ်မှ ဖြတ်သန်းမကြီးမှ လာကြသည်၊ သာဝတ္ထိမြို့အကြောင်း အကျဉ်းပြီး၏။ ။

ဂုင်းပြင် သာဝတ္ထိမြို့၏အရှေ့တောင်ယွန်းယွန်းမှာ သာကေတမြို့ရှိသည်။ ဂုင်းမြို့ကို ယဆအခါ ဇိုင်ဇာဘတ်မြို့ခေါ်သည်။ ဝိသာခါ မဂဓတိုင်းဘဒ္ဒိယ မြို့မှာ မွေးဖြီး။ ကောသလမင်းကြီးက ဝိမ္မိသာရမင်းကြီးထံ သူဌေးကြီး တယောက်ကိုတောင်းရာ။ ဝိသာခါ၏အဘ ဓနဥယသူဌေးကြီးပေးလိုက်၍၊ သာကေတမြို့မှာ နေကြသည်။ သာဝတ္ထိမြို့မှာ ဝဇိရာဘိက္ခုနီ ခန္ဓဝါးပါး

ဖြင့် အဓိပ္ပာယ်ဖြစ်ပုံရှေ့၌ လုပ်ထုံးလုပ်နည်းနှင့်တကွ ပေါ်ပြလတ္တံ့။ အလိုရှိလျှင် နည်းယူကြလေ။

ကောသလတိုင်း၏အကြောင်းပြီး၏။

၅။ ဝဇ္ဇီတိုင်း ဝေသာလီမြို့တော် ရှေးကမင်းနေပြည်အကြီးအကျယ်ဖြစ်ဘူးသည်။ ယခုအခါ ၎င်းမြို့ကို (ဘေဆာ) မြို့ဟူ၍၎င်း၊ ဆိုဒေပျမြို့ဟူ၍၎င်း ခေါ်ကြသည်။ ပတ္တနာဘူတာကမြောက်ပိုင်းသွား မီးရထားနှင့်လိုက်ရသည်။ တတိယတန်းလူတယောက် သုံးကျပ်လောက်ပေးရသည်။ ၎င်းမြို့သည် ရှေးကအလွန်ကြီးကျယ် စီကားဘူးသည်။ ပါလိလေယျကတောနှင့် နီးသည်။ အနုပိယသရက်တောနှင့် နီးသည်။ မဟာဝုန်တောနှင့် နီးသည်။ ဝေသာလီမြို့အနီး မဟာဝုန်တောစပ်။ မဟာဝုန်ဥယျာဉ်တွင်း ရုလစ်မွန်ခြုန်တတ်သော စရပ်ပေါ်မှာ မြတ်စွာဘုရားရှင်သည်။ကဝါ၊ဝါကပ်ဆိုတော်မူဘူးသည်။ ဝေသာလီမြို့ဟောင်းနေရာသို့ ရောက်ဘူးကြရုန် အလွန်သင့်လျော်သည်။ အဘယ်ကြောင့်ဆိုသော်၊ မြတ်စွာဘုရားရှင်သည်။ ဝေသာလီမြို့အရှေ့ ဥဒေနစေတီသည် အလွန်မွေ့လျော်ဘွယ်ကောင်း၏။ မြို့တောင်ဘက်ရှိ ဂေါတမ စေတီ မွေ့လျော်ဘွယ်ကောင်း၏၊ မြို့အနောက်ဘက်ရှိ သတ္တမ္ဗစေတီ အလွန်မွေ့လျော်ဘွယ်ကောင်း၏။ မြို့မြောက်ဘက်ရှိ ဗဟုပုတ္တိကစေတီ အလွန်မွေ့လျော်ဘွယ်ကောင်း၏။သာနန္ဒရုစေတီ အလွန်မွေ့လျော်ဘွယ်ကောင်း၏။ စာပါလစေတီ အလွန်မွေ့လျော်ဘွယ်ကောင်း၏ စသည်ဖြင့် အာနန္ဒာကို မိန့်တော်မူဘူးသည် ဖြစ်၍၊ ဝေသာလီမြို့သည် ထူးကဲသော မြို့ဖြစ်ကြောင်း သိရှိရလေအောင်။ ရဟန်းရှင်လူ မည်သူမဆို တသက် တခေါက်ဆိုသလို ရောက်ဘူးကြရုန် အလွန်သင့်လျော်သည် ဟူ၍ သဒ္ဒာရှိသည်၊ရခိုင်ပြည် စစ်တွေမြို့မြောက်ဘက်မှာလည်း ဝေသာလီမြို့တမြို့ ရှိသည်၊မြို့ချင်းလဲ လွဲနေတတ်သည်။သတိမူကြလေ။ ရှေးကဝေသာလီမြို့မှာလို နွားငိမင်းငါးရာတို့အလှည့်ကြ မင်းလုပ်ကြသည်.. နန်းတော်ပြာသာဒ်ဆောင်မျှားလည်း မင်းတပါးလျှင် ပြာသာဒ်ဆောင်တခုကြအထိမ်းအမှတ်ပြုပြီးလျှင်။ ပြာသာဒ် ဆောင်ပေါင်း ငါးရ ရှိသည်၊ အုံသြဘွယ် ကောင်းပေစွ။

ဂုင်းပြင် မြတ်စွာဘုရားရှင်အား မတရား စွပ်စွဲ၍၊ မိန္ဆာဒိဋ္ဌိအယူဝါဒနှင့် ချခံဘူးသော သစ္စက ပရိဗိုဇ်ရဟန်း၏ မွေးဘွားရာလည်း ဖြစ်သည်။ လိစ္ဆဝီမင်းများ၏နောက်။ ကာလာသောကမင်းလက်ထက်ကျကာလ။ ရှင်ယသ ရဟန္တာမထေရ်မြတ်နှင့် ကာလာသောကမင်းကြီးတို့ကြီးမှူး၍၊ ဒုတိယသင်္ဂါယနာတင်ရာ မြို့တော်လည်း ဖြစ်ခဲ့ဘူးသည်၊ ဤကား ဝေသာလီမြို့၏ အကြောင်းကို အကျဉ်းအားဖြင့် ပြဆိုချနိုး။ ။

ဂုင်းပြင် ဝေသာလီမြို့၏ အနှံ့အပြားကိုဘကိယွန်းယွန်း တယူဇနာခွဲခန့် လောက်၊ ဝါးတဆဲ့ရှစ်မိုင်ခန့်လောက် ကွာဝေးသောနေရာမှာ။ ဝဇ္ဇိဝင်္ဂါ ငယ်တရုံရှိသည်။ ဂုင်းဌာနကို ရံဘန် ရံခါ ကုလား လူမျိုးတွေက။ ဗဇ္ဇိဝင်္ဂါ ဟူ၍လည်းခေါ်လေ့ရှိကြသည်။ အလွန်ကြီးကျယ်သော ဝါးတောကြီးများနှင့် နီးပပ်လျက် တည်ရှိသည်။ ဂြေးကဝေသာလီမြို့တွင်းမှာ လူအများတို့ သုံးစွဲရန်၊ ဝါးများကို ဂုင်းဌာသားတွေက သွားရောက်တင်ပို့ ရောင်းလေ့ရှိကြသည်ဟူ၍ ကုလားလူမျိုးတွေပြောသံ ဆိုသံကိုကြားသိခဲ့ဘူးသည်။ ထိုစကားသည် သင့်လိမ့်မည်ထင်သည်။ ဂုင်းဝဇ္ဇိဝင်္ဂါမှာ မြတ်စွာဘုရား ရှင်သည် အဆုံးစွန်တဝါ။ ဝါကပ်ဆိုတော်မူဘူးသည်။ ။

ဂုင်းပြင်ဝေသာလီမြို့၏ အနှံ့အပြားက တဆဲ့ငါးယူဇနာ ခန့်လောက် ကွာဝေးသော ဟိမဝန္တာတောင်ကြားအရပ်မှာ၊ ပါလိလေယျက ဆင်မင်း ပျော်ပါး ကျက်စားရာ ပါလိလေယျက တောကြီးရှိသည်။ တောစပ်အနီး တောင်ဘက် တောင်ကမ်းပါးရံမှာ ပါလိလေယျကရှာငယ်လည်း တရုံရှိသည်၊ ပေါထပါဒ မျောက်မင်းလည်း ရှာအနီး တောကြို. တောင်ကြားမှာ သစ်သီးဝလံများကို ရှာဖွေစားသောက် ပျော်ပါးလျက်ရှိနေသည်။ထိုပါလိလေယျကတောကြီး၏။ အခြို့သော တောအုပ်တောင်လိုဏ် ဂန္ဓိုင်ချောက်ကြား စုံပျားရောမြေထဲများမှာ စိမ့်စမ်းချောင်းငယ် မျောင်းငယ်များလည်း အလွန်ပေါများသည်။ အလွန်သာယာနှစ်သက်ဘွယ်အလွန်ပျော် ရွှင်ဘွယ်ကောင်းသည်။ စားသောက်နှစ်သက်စရာ သစ်သီးဝလံ ပန်းမန်တို့ အလွန်ပေါများသည်၊ ချောင်းစပ် ရေစပ်နားများမှာ ကျောက်ကောင်း ရတနာကောင်းများလည်း တွေ့ရှိတတ်သည်ဟူ၍ ဝေသာလီကုလားများက ပြောဘူးသည်။ ပါလိလေယျကတော၏ မြောက်ဘက်အစပ်က တလျှောက်လုံး လူသူမနီး တောမြိုင်ကြီးတွေရှိသည်၊ ထိုဗြဟာရညဟုဆိုအပ်သော လူသူမနီး တောမြိုင်ကြီးတွေများ တခါတရံမည်သူမဆို ရောက်သွားပလားဆိုမှ

ဖြင့် စိုးရိမ်နှောင့်လို့ ကြောင့်ကြပရာမရှိ၊ တိရစ္ဆာန်သတ္တဝါတွေလဲ အလွန်ယဉ်ကျေးသည်ဟူ၍ ဝေသာလီကုလားတွေ ပြောဘူးသည်။ ကောင်းကင်ပျံ သတ္တဝါတွေလဲ အလွန်ပေါများသည်။ ပါလိလေယျက မြောက်ဘက်တောစပ်တလျှောက်မှာ အလွန်သာယာလှပွားသော အသံတို့ဖြင့် ဘတောင်ပုံကူး တတောင်မြှောက် တတောပုံကူး တတောမြှောက် တပင်ပုံကူး တပင်မြှောက် ကူးဇေသံညှင်း နတ်သိုရှင်းကဲ့သို့ သန့်ရှင်းချိုသာ သံစာစာနှင့် လာကုန်သွားကုန်သော လူသူရဟန်း ရသေ့တို့၏စိတ်နှလုံးကို နှောင်ပြိုးပျော်မွေစေတတ်သော ခင်ဘုတ်ဌက်တွေဇီဝဝိုးဌက်တွေ ဥဒေါင်းဌက်တွေပျံကြဝဲကြတာ အလွန်ပေါများသတဲ့။ စိမ့်စမ်းချောင်းရိုးတလျှောက်မှာလဲ ဟာသ်ာ၊ဝမ်းကဲ၊ ရေကြက်၊ စက္ကဝက်တွေဆိုတာလဲ အလွန်ပေါများသတဲ့၊ကာရေဝိတ်၊ ကြိုးကြာ၊ တမာဥသြ၊ ကျေးတောကုလား၊ သာလိကာများနှင့်ကျီးဖြူတွေ၊ ကျီးညိုတွေအလွန်ပေါများသတဲ့။ ဌက်အမျိုးမျိုးတို့ကဟံ၊ နှောင်ဟံမြည်တွန်သံတွေလဲ မကြာမကြာ ကြားရတတ်သည်ဟူ၍ ဝေသာလီကုလားတွေပြောဘူးသည်၊ အခြို့သော ကုလားလူမျိုးတွေသည်၊ရသေ့၊ရဟန်း အဖြစ်နှင့်ဝင်း။အခြို့ကလဲဝတ်ဖြူစင်ကြယ်ဝတ်ပြုံး လူသူတော် အဖြစ်နှင့်ဝင်း၊ ပါလိလေယျကတောထဲမှာအခြို့၊ မြောက်ဘက်တောကြီးထဲများမှာအခြို့၊ သစ်သီဝလံးတွေ ရှာဖွေစားသောက်ပြီး မေတ္တာကမ္မဋ္ဌာန်းဘာဝနာများ ပွားများတရားအားထုတ်လျက် ယခုတိုင်ပျော်မွေ့နေထိုင်လေ့ရှိကြသည်ဟူ၍ဝေသာလီကုလားတွေ ပြောသံဆိုသံများ ကြားဆိုခဲ့ရဘူးသည်၊မြတ်စွာဘုရားရှိစဉ်က ပါလိလေယျကတောထဲမှာ ပါလိလေယျက ရှာသားများ ဆောက်လုပ် လှူဒါန်းသော အင်ကြင်းပင်းရင်းတဲကျောင်း၌၊ပါလိလေယျကဆင်မင်းနှင့် ပေါထပါဋ္ဌမျောက်မင်းတို့၏ အလုပ်အကျွေး အပြုအစုခံသျှက် တဝါ၊ဝါကပ်ဆိုတော်မူဘူးသည်။ ပါလိလေယျက ရှာသားကုလားတွေသည်။ ဂေးသရောအခါကစ၍ ယခုထက်တိုင် သက်သတ်လွတ် စားလေ့ရှိသည်၊ရဟန်းသံဃာများနှင့်တွေ့လျှင် ကြည်ညိုကြပါသေး၏။ ပါလိလေယျက တောထဲသို့သွား၍ တရားအားထုတ် လိုသည်ပြောလျှင် မည်သည့်လူမျိုးကိုမဆို လမ်းပြလေ့ရှိသည်။ ယာယိတဲကျောင်း ဆောက်လုပ်ပေးလေ့ရှိသည်၊ဝေသာလီမြို့တွင်းမှာသစ်ခေါက်ဆိုးအဝတ်နှင့် ဆွမ်းခံလျှင် မည်သည့်အချိန်မဆို သစ်သီးဝလံ ဆွမ်းဖြစ်စေ ပျားရည်ဆွမ်းဖြစ်စေ၊နွားနို့ဆွမ်းဖြစ်စေ လှူဒါန်းလေ့ရှိသည်။ နံနက်ဖြစ်စေ၊

နေ့လည်ဖြစ်စေ၊ ည‌နေဖြစ်စေ အချိန်နာရီကို ပဓါနမထား။ အလှူခံလာလျှင် လက်မလွတ်ရ လှူဖြဲဓမ္မတာဖြစ်သည်။ ဝေသးထီမြို့ကို မည်သည့်လူမျိုး မဆိုသွားလျှင် ရသေ့ရဟန်းများပါမှ သာလွန်၍တည်းခိုရန်လွယ်ကူသည်။ ဝေသာလ်မြို့က ပါလိလေယျကတောကို သွားသောအခါ လမ်းခရီးမှာ ရေတွင်း ရေကန်နှင့် စရင်များလည်းရှိသည်။ ဝေသာလ်မြို့အဝင်ဝမှာ ကုလားသူဌေးနှစ်ဦးတိုက်အိမ် မျက်နှာချင်းဆိုင်လျက်ရှိသည်။ ၎င်းသူဌေးများက၊ ပါလိလေယျကတောသို့သွား၍ တရားအားထုတ်နေထိုင်လိုသည်ပြောလျှင် အလုံးစုံလုံလောက်အောင် ထောက်ပံ့လေ့ရှိသည်။ ရှေးကမြတ်စွာဘုရားရှင်ဝါကပ်ဘူးသောနေရာမှာ စေတီပျက်တဆူရှိသည်။ ဝေသာလ်မြို့တွင်းမှာ နေထိုင်ကြသော အချို့သောကုလားအိမ်းတွေမှာ မြတ်စွာဘုရားရှင်၏ ရုပ်ထုတော်များ ထွေ့မြင်ခဲ့ရသည်။ ဝေသာလ်မြို့မဟာဝနဉယျာဉ်နယ်ပယ်အတွင်းမှာ ရဟန္တာအရှင်မြတ်တို့၏ ဓါတ်တော်များဌာပနာသော စေတီပျက်၊ စေတီဟောင်း၊ ကျောင်းပျက်နေရာတွေ ယေ့ခုထက်တိုင် အထင်အလျားရှိကြသေးသည်။ (အထူးမှာထားရန်) ဝေသာလ်မြို့နှင့် ပါလိလေယျကရွာသားကုလားလူမျိုးတွေက မြတ်စွာဘုရားရှင်၏ အရပ်တော် ဥာဏ်တော်သည် သူတို့လူမျိုး၏ လက်အတိုင်းအထွာနှင့် တဆဲ့ရှစ်ဖိုက်သားရှိသည်ဟူ၍ အမြဲအစွဲသာယူလေ့ရှိသည်။ သုံးဖိုက်ကိုတဝေတာင် တဆဲ့ရှစ်ဖိုက်မှာ ခြောက်တောင်ရှိသည်၊ ဤကားဝေသာလီလူမျိုးတို့၏ ယေ့ခုထက်တိုင် အယူရှိသော ဝါဒကိုပြလိုက်ရသည်။ မြန်မာပြည်နှင့်များစွာကွဲလွဲသည်၊

ထိုပြင်ဝေသာလ်မြို့၏အနောက်မြောက် နှစ်ယူဇနာခန့်လောက် ကွာဝေးသော နေရာမှာ ပုဏ္ဏားရွာကြီးတခုရှိသည်။ ယေ့ခုအခါသရက်ပင်အလွန်ပေါများသည်၊ တဆဲ့နှစ်ရာသီလုံး အစင်မပြတ် သရက်သီးရနိုင်သည်။ တတိယ သင်္ဂါယနာတင်ရာ အကြီးအမှူးပြုသော အရှင်မဟာမောဂ္ဂလိပုတ္တတိဿရဟန္တာအရှင်မြတ်ကြီးသည်။ ၎င်းပုဏ္ဏားရွာ၌ပင် ဘွားရောဇာတိဖြစ်သည်။

ထိုပြင်ရာဇဂြိုဟ်မြို့၏မြောက်ဘက် ဂင်္ဂါမြစ်ကြီးရှိသည်၊ ဂင်္ဂါမြစ်ကြီး၏မျောက်ဘက်မှာဝိဇ္ဇီတိုင်းရှိသည်။ ၎င်းဝိဇ္ဇီဘုံဝင်းရှိမင်းနေပြည်ဖြစ်သော ဝေသာလီမြို့၏အနောက်တောင်ယွန်းယွန်းမှာကုလကရွှေ့ရှိဘူးသည် ၎င်းကုလကရွှေ့သည်၊ ရာဇဂြိုဟ်မြို့ကဆိုလျှင် မြောက်တည့်တည့်အရပ်ကြသည်။ ယခုအခါ ကုလကရွှေ့သည်။ လူနေအိမ်းခြေ အလွန်နည်းပါး၍ ရွာသိန် ရွာ

ငယ်ဖြစ်နေသည်။အရှင်ဂေါတမ မြတ်စွာဘုရားရှင်ပွင့်တော်မူစ ဓိဂဒါဒုန် တော၌ ဓမ္မစကြာတရား ဟောတော်မူ၍နေစဉ်၊ သာတာဂိရိနှတ်နှင့် ဟောမာ ဝတနှတ်တို့ သန်းခေါင်ယံအချိန်ကောင်းကင်၌ ထွေ့ဆုံပြီး မြတ်စွာဘုရားရှင် တို့၏အင်္ဂါလက္ခဏာမျှားကိုအမေးအဖြေပြုလုပ်နေကြရာ ကုလကရွှိကွင်း ရှိ သူဌေးတယောက်၏သိုး ကာလိအမည်ရှိသော ဒါယိကာမတယောက် သည်၊ ပဒုိသန္ဓေအရင့်အမာနှင့်ပင်လျှင် ပိဝိနေအိမ်ခေါင် အထက်တည့် တည့်မှာကြုံကြိုက်၍နေလေသောကြောင့်။အမေးအဖြေသံကိုကြားရာဆယ် ချက်သောအမေးအဖြေတို့ကို သိလသမာဓိကောင်းမွန်စွာဖြင့် ဖွတ်သားမိ အောင် အထူးဂရုပြုပြီး နာယူ၍နေလေသည်။ ယင်းသို့အမေးအဖြေတရား တော်ကို နာယူ၍နေစဉ် သစ္စာလေးပါးဖြင့်၍အရိယာ သောတာပန်အဖြစ် သို့ရောက်သေသတည်း။ ထိုကာလိသည် အရိယာ သောတာပန်အဖြစ်သို့ ရောက်ပြီးနောက် ထိုညဉ့်သန်းခေါင်ကျော် အချိန်လောက် ငိမ်မှာသားတာ ယောက် မျက်နှာသန့်ရင် ဘွားမြင်လေ၏။ ထိုသားကို(သောဏ) ဟူသော အမည်ကိုပေးကြကုန်၏။ အဖွားယ်ရောက်၍ရှင်သာမဏေပြုပြီး အသက်နှစ် ဆယ်ပြည့်သောအခါ မြတ်စွာဘုရားရှင်၏ သာသနာတော်၌ အလွန်မွေ သျော်သည်ဖြစ်၍ ရဟန်းပဉ္စင်းအဖြစ်သို့ ရောက်ပြန်လေ၏။ မြတ်စွာဘုရား ရှင်၏သစ္စာလေးပါး တရားတော်ကို နာကြားရာတွင် အရိယာရဟန္တာဖြစ် ၍ သာသနာတော်၌ သူဌေးသား ရှင်သောဏရဟန္တာဟူ၍ အလွန်ထင် လျားကျော်စောလေသတည်း။

ထိုဖြင့်မဟာဒုန်တောကြီး၏သာယာပျော် ရွှင်ဘွယ်ရာကောင်းကြောင်းအ နှံ့သင်ငယ်ဖော်ဖြဉ်းဆံ့း ။ဟာမဒုန်တောကြီးသည်။ ဝန်ဆိတ်ဦးခွံပါဝင်သည်။ ဝေသာလိမြို့နှင့်လည်းနီးသည်။ရှေးသရောအခါ မဟာဒုန်တောကြီး၌ သစ် သီးအမျိုးမျိုး၊သစ်ပင်အမျိုးမျိုး၊ပန်းပင်အမျိုးမျိုး အလွန်ပေါများကြသည်။ ရဟန္တာရဟန်းတို့ သွားလာနေထိုင်စရာလည်းအလွန်ကောင်း၏၊ရေအိုင် ရေ ကန်များလည်းပေါ၏။ လမ်းဆုံ၊ လမ်းခွ၊ လမ်းလေးမျှောတို့လည်း ပေါ၏၊ တော၏ ပက်လည်ရှိကိုင်းပြည်ရှင်ဘုရင် မင်းတို့သည်လည်း။ တောလည် ပျော်ပါးအကစားလာရောက်လှည့်လည်လေ့ရှိကြသည်ဟူ၍ သင်္ကရိုက် ကျမ်းဟောင်းများမှာ တွေ့ရှိရသည်။ ရောက်ဘူးသမျှသော ဘုရင်မင်းတို့ သည်လည်း။ ထိုးတောကြီးကို အလွန်သာယာ နှစ်သက်စရာ ကောင်း အောင် ပြုပြင်လေ့ကြသည်၊ ဝေသာလီမြို့လိစ္ဆဝီမင်းသားတွေက ငိမိတို့

ပိုင်နယ်ဖြစ်သောကြောင့်၊ သာလွန်၍ ပိုမိုဂရုစိုက်ပြီး ပြုပြင်လေ့ရှိသည်၊ မဟာဝုန် တောနယ်အတွင်း တောင်မြောက် ချောက်ကြား သွားလာသမျှ ရသေ့ ရဟန်းတို့နှင့်တကွ မည်သူမည်ဝါ သတ္တဝါတို့မှာ နှစ်သက်ခွင့်လန်း အခန်းခန်းတို့ကို ဖြင်ကြတွေ့ကြရတာလဲ။ သာယာစုံလင် မြိုင်တောခွင်ဝယ်ရှက်ကျင်ရှက်ဟောင်းကြွကြပြောင်း၍ တပေါင်းနွေဦး၊ ညွှန့်ဂူးပေါ်စ။ ချိန်ရောက်ကလျှင်၊ ပိတောက်အင်ကြင်း နံ့သင်းစွယ်တော်၊ ကန့်ကော်စကား၊ ခယားပုန်းညက်၊ သရဖီသဇင်၊ ရနံ့ကြိုင်သင်းသော ပန်းသစ်ပင်တို့ သည်ပင်ချင်းနွဲညွတ်၍၊ ပင်လုံးကျွတ်အောင်၊ ပွင့်ဝတ်ဆင်သည်ကို နေ့ရောညဉ့်ပါဘယ်ခါမလတ်တွေ့မြင်ရသနည်း။ ထိုကြောင့်ရှေးက ရသေ့ရဟန်းတို့အာလွန်ပျော်မွေ့နှစ်သက်လေ့ရှိသည်ဟူ၍ သင်္ကာရိုက်ကျမ်းဟောင်းကြီးများမှာတွေ့ရမြင်ရဘူးသည်။ ဤကားမဟာဝုန်တောကြီး၏ချီးမွမ်းဘွယ်၊ နှစ်သက်ပျော်ဖွယ် ကောင်းကြောင်း အကျဉ်းအားဖြင့် ပြဆိုခန်းတည်း။ ။

ဝဇိုတိုင်းအကြောင်းပြီး၏။

၆။ သင်္ကာတိုင်းကပိလဝတ်မြို့တော် မင်းနေပြည်ဖြစ်ဘူးသည်။ ရှေးကသင်္ကာတိုင်းကို၊ ရံဘန်ရံခါ ကပိလတိုင်းဟူ၍ လည်း ခေါ်လေ့ရှိသည်။ ကပိလဝတ်မြို့ကို။ ယခုအခါ ကံဒိလဟူ၍ ၎င်း၊ ကက်ပတိ်ဟူ၍ ၎င်း၊ ကုလားလူမျိုးတွေခေါ်ကြသည်။ ကပိလဝတ်မြို့က၊ မြောက်တည့်တည့် အရပ်ကို မြော်ကြည့်လျှင်၊ ဟိမဝန္တာတောင်တန်းကြီးကို ညို့ညို့မှိုင်းမှိုင်းနှင့် ထင်လျားစွာ မြင်ရသည်။ ရောက်ဘူးသူတို့ သတိမူ၍ ကြည့်ရှုကြလေ။ ၎င်းမြို့သည်၊ ဗာရာဏသီမြို့က မြောက်ပိုင်းသွား ဒီးရထားကို စီးရသည်၊ တတိယတန်း လူတန်းယောက်၊ သုံးကျပ်လောက်နေးပေးရသည်။ နှတ်တော်လ ပြာသိုလလောက်မှာ၊ တိဗက်တရုပ်လူမျိုးတွေကို များစွာ တွေ့မြင်ရတတ်သည်၊ ကပိလဝတ်သွားသော လမ်းမှာ တောင်တွေ မြင်တိုင်း။ ရှေးကရဟန္တာအာရှင်မြတ်တို့၊ သီတင်းသုံး မျှတာဘူးသောတောင်ချည်းသာတည်း။ စေတီဟောင်း၊ ဂူဟောင်းမရှိသောတောင်ဟူ၍ရှာမရ၊ ကြည့်ညိုစရာကောင်းသော တောင်တွေသာ ဖြစ်ကြကုန်၏။ ရှေးသရော အခါ မူလ အရင်း အမြစ်၊ ကပိလဝတ်မြို့ ဝတည်ပုံကိုပြဆိုဦးအံ့၊ ရှေးသရောအခါ ဗာရာဏသီမြို့၌၊ ဥက္ကာကရာဇ်မင်းကြီး မင်းပြုစဉ်အခါက။ မင်းကြီးအား။ ဟတ္ထာ၊

စိတ္တာ၊ စန္ဒာ၊ ဇာလိနီ၊ ဝိသာခါဟူ၍ ဒိဗုယားကြီးငါးယောက်ရှိသည်။ တ
ယောက်တယောက်၌လည်း။ ဓိဗုယားငယ် အင်္ဂြိ အရုံ ငါးရာစီရှိကြကုန်
သည်။ထိုဓိဗုယားကြီး ငါးယောက်တို့တွင်၊ ဟတ္ထာဓိဗုယားကြီး၌။ ဥက္ကာ
မုခ၊ကရဒဏ္ဍာ၊ ဟတ္ထိနိက၊ နိပုဏဟူ၍ သားတော်လေးယောက်၊ ပိယာ၊
သုပိယာ၊ အာနန္ဒာ၊ ဝိဇိတာ၊ဝိဇိတသေနာဟူ၍ သို့ဖြင့် ငါးယောက်ရှိ
သည်၊တရုံရောအခါ ထိုဟတ္ထာဓိဗုယားကြီးရတောကွယ်လွန်လျှင်။အဆင်း
ကြွန်အင် လက္ခဏာနှင့် ပြည့်စုံသော ဓိဗုယားငယ် တယောက်ကို။ ဓိဗု
ယားကြီးအရာ၌ထား၍ ချီးမြှောက်ရာတွင်၊ ဇနီးမြည်သောသားတော်တ
ယောက်ဘွားမြင်၍။ အလွန်လျှင် ချစ်ခင် လေးမြတ်ခုကား။ ဓိဗုယားအား
သင်အလိုရှိသော ဆုကိုတောင်းလော့ ခွင့်ပြုလျှင်။ ဓိဗုယားလည်း အ
ခြားဆုကိုမတောင်း။ ၎ငါသားအား၊ကာသိတိုင်းကို အပ်နှင်း၍။ဗာရာဏ
သီနေပြည်တော်ကြီး၌၊နန်းရင်ထီးပြု အုပ်ချုပ်မင်းလုပ်အံ့သောငှာ၊ဆုတာ၍
ကိုသာ ပေးပါမည်အကြောင်း။ ၎ငါးဆုကိုသာ တောင်းလေ သဖြင့်၊ မင်း
ကြီးလည်း။ သင်သည်ငါ၏သားတော်ကြီးတို့ကို အနှံရယ် ပြုလေသည်
ဟု၊ အကြိမ်ကြိမ်တားမြစ်သော်လည်းမရ၍၊ ဇနီးမင်းသားအား မင်း
ဖြစ်အံ့သော ဆုကိုပေးရလေ၏။ သားတော်ကြီးတို့ကို ခေါ်တော်မူ၍။
သားတော်တို့။ သင်သားတော်ကြီးတို့၏ ညီ အငယ်ဆုံးဖြစ်သော။ ဇနီး
မင်းသားအား၊ ခမည်းတော်သည် နန်းရင်ထီးပြုအပ်နှင်း၍ မင်းပြုအံ့သော
ဌာ ဆုကိုပေးပြီချေပြီ၊ သားတော်ကြီးတို့သည်၊ ၎မည်းတော်အားငင်း၊
ဓိဗုယားကြီးငင်း၊ ညီငယ်ဇနီးမင်းသားအားငင်း၊ ရန်သတ္တုရှိ မပြုကြ ပါ
နှင့်၊စိတ်သဘော ညီညွတ်ကြကုန်လော့၊ ငါ၏ သားတော်ကြီးတို့မှာလည်း
မင်္ဂလာရှိသော ဘင်ဖြင်းရထားတို့ကို ထားခဲ့၍။အလိုရှိတိုင်း ယူပြီးသော
အခါ ဟိမဝန္တာသို့သွား၍နေထိုင်ကြကုန်လော၊ ငါကွယ်လွန်သည်နောက်
မှလာ၍။ မင်းပြုခုစ်ကြကုန်လောဟု ပို့နှံတော်မူ၍။နောက်ပါ ရှစ်သောင်း
သော အမတ်တို့နှင့် တကွလွှတ်တော်မူလိုက်၏။ ။သားတော်ကြီးလေး
ယောက်တို့သည်လည်း၊အထူးထူးအပြားပြား များစွာငိုကြွေး မြည်တန်း
လျက်၊ ဆင်၊ မြင်း၊ ရထား တို့ကိုယူပြီးလျှင် ထွက်ကြလေကုန်၏။ နှစ်မ
တော် ငါးယောက်တို့သည်လည်း၊ မောင်တော်တို့ မနှံ့လျှင်။ ဤဝံ့ငင်းပြည်
မှာ မနေရစ်ပါပြီဟု၊မောင်တော်များနှင့်ပင် အတူတကွ ထွက်၍ လိုက်
ကြကုန်၏။ထိုနှတပါး အခြားသော သူတို့သည်လည်း၊ ဤ မင်းသားတို့

သည်။ခမည်းတော်ကွယ်လွန်လျှင်၊ ဇကနဲပြန်၍မင်းပြုလတ္တံ့ဟု နှလုံးပိုက်၍။ သုံးယူဇနာသော ခရီးမှာ အပြည့်အနှက်ဖြစ်သော စစ်သည် အပေါင်းတို့သည်။ မင်းသားမင်းသို့မိုးတို့၏ နောက်သို့လိုက်ကြလေကုန်၏၊ နောက်ပါစစ်သည်ဘို့ကို မြင်သောအခါ၊ မင်းသားညီနောင်တို့က၊ ငါတို့သည်ဤမျှသော စစ်သည် ဗိုလ်ပါတို့ဖြင့် စေတတိုင်း၊ မဒ္ဒရာဇ်တိုင်းဝသော တိုင်းပြည်နိုင်ငံတို့ကို။ လုယက်ဖျက်ဆီး၍ ယူလျှင်လည်း။ အလွယ်တကူနှင့် ရနိုင်လတ္တံ့။ ခံနိုင်တော့မည် မဟုတ်။သို့ပင်ဖြစ်သော်လည်း။ သူတပါးတို့၏တိုင်းနိုင်ငံကို လုယက်ဖျက်ဆီးသဖြင့်။ အဘယ်အကျိုးရှိအံ့နည်း။ ဇမ္မဴ။ဒီပါဓမ္မအပြင်လည်းအလွန်တရာကျယ်ဝန်းလှစွာ၏။ ငါတို့သည် ဟိမဝန္တာတော အရပ်သို့ ဝင်၍။မြို့ရွာတည်ထောင်လျက်နေထိုင်ကြကုန်အံ့ဟု စိတ်ကောင်း စေတနာကောင်းဖြင့်၊ စစ်သည်ဗိုလ်ပါရဲမက်သားတို့နှင့် အတူတကွ၊ ဟိမဝန္တာသို့ ဝင်၍၊ မြို့ရွာတည်ထောင်ရန်ဖြေနေရာများကိုလှည့်လည် ရှာဖွေကြကုန်၏။ ။

ထိုအခါဘုန်ကြီးတို့ကြည်ညိုကိုးကွယ်သော အရှင်ဂေါတမ မြတ်စွာဘုရားအလောင်းတော်သည်၊ ဗြဟ္မာဏမဟာသာလပုဏ္ဏားမျိုး၌။ ကပိလအမည်ရှိသော ပုဏ္ဏားဖြစ်၍။ ရဿေ့ရဟန်းပြုပြီးလျှင်၊ ဟိမဝန္တာ၏အနီးအပါး၊ ပေါက္ခရဏီရေကန်ကို မှီ၍။ တရားသော ကျွန်းပင်တော၌။ သစ်ရွက်ထိုးသော ကျောင်းသစ်မ်းကို ဘန်ဆင်း၍ နေ၏။ ထို ကပိလ ရဿေ့သည်၊အထက်ကောင်းကင်၌ရင်း၊ အောက်မြေထဲ၌ရင်း၊အဆိုးအကောင်းအကြောင်း အရာ ဒုလုံးစုံတို့ကို။ ကောင်းစွာ သိမြင်နိုင်သော (ဘူမိဇာတက) မည်သော အတတ်ကို တတ်သဖြင့်။ တခုသော အခါ၌။ မြက်ချုံနွယ်တို့သည်၊ လက်ျာရစ် လည်၍။ အရှေ့ မျက်နှာသို့သာ အဖျား ညွတ်ကုန်သည်။ ခြင်္သေ့၊ ကျား၊ ကြောင် တို့သည်၊သမင်၊ ဒရယ်၊ဝက်၊ကြွက်ကြွက်၊ ဘဝ်း စသည်တို့ကို လိုက်၍၊ ထိုအရပ်သို့ ရောက်လျှင် သမင်၊ ဒရယ်၊ဝက်၊ ကြွက်၊ ကြွက်၊ ဘဝ်း စသည်တို့က တဘန်ပြန်၍ လိုက်မည်ဟန် ပြုသောကြောင့်။ ခြင်္သေ့၊ ကျား စသည်တို့သည်၊ ပြန်၍နောက်ဆုတ်ပြေးကြရကုန်၏၊ ထိုမြေအရပ်နှင့်တကွ အဖြစ်အပျက်အကြောင်းအရာအလုံးစုံတို့ကို၊ ကပိလရှင်ရဿေ့မြင်လျှင်။ ဤမြေ အရပ်ကား။ မြတ်သောနေရာဌာနတည်းဟု နှလုံးသွင်း၍၊ မိမိသစ်မ်းကျောင်းကို။ ထို မြေအရပ်သို့ ပြောင်းရွှေ့၍ နေလေ၏။ ။

ထိုအခါ မြို့ရှာတည်အံ့သောငှာ၊ မြေနေရာရှာကြကုန်သော။မင်းသားညို နောင်တို့သည်လည်း။ ကပိလရှင်ရသေ့၏ ကျောင်းသခ်မ်း အနီးအပါးသို့ ရောက်လာကြကုန်၍၊ ရှင်ရသေ့က။ မင်းသားတို့အား အကြောင်းကိုမေး ပြီးလျှင်၊ အလုံးစုံသိရသောအခါ။ သင်တို့သည် တပါးအရပ်သို့မသွားကြ ကုန်လင့်၊ ဤငါ၏ကျောင်းသခ်မ်းနေရာ၌၊ မြို့ရှာ တည်ထောင်ဘန်ဆင်းပါ မူကား၊ ဇမ္ဗူဒိပါကျွန်းအပြင်၌၊ မြတ်သောမြို့ဖြစ်လတ္တံ့။ ဤမြို့၌ ဘွားမြင် သော ယောကျ်ားတယောက်ကို၊ တပါးသော အရပ်က၊ယောကျ်ားတရာ တထောင်သခ်လည်း၊ ဒိန်မ်နင်းခြင်းငှာ မတတ်နိုင်၊ ဤအရပ်၌ဘွားရာဇာ တိဖြစ်ပါမူကား။ ဒွန်းစတ္တား၏ သားဟောင်ဖြစ်သခ်လည်း၊ စကြဝတေးမင်း သားထက် သာလွန်၍၊ မြတ်သည် ဖြစ်လတ္တံ့၊ ငါရှင်ရသေ့၏ ကျောင်း သခ်မ်းနေရာဟု၊ မအောက်မေ့ကြကုန်လင့်တော့၊ ဤအရပ်၌ပင်၊ မြို့ရှာဘန် ဆင်း တည်ထောင်ကြကုန်လေ့ဟု၊ရှင်ရသေ့ကမိန့်တော်မူလျှင်။ မင်းသား ညီနောင်တို့လည်း။ ထိုကပိလ ရှင်ရသေ့၏ ကျောင်း သခ်မ်း နေရာ၌ပင်။ မြို့ရှာတည်ထောင် ဘန်ဆင်း၍နေကြကုန်၏၊ ငှင်းမြို့ကိုလည်း၊ ကပိလရှင် ရသေ့၏ ကျောင်းသခ်မ်းနေရာ၌၊ တည်ထောင် ဘန်ဆင်းသော မြို့ဖြစ်၍။ ကပိလဝတ်မြို့ဟု၊ အမည်ပညတ်ဖြင့် ယခုထက်တိုင်ထင်လျှားကျော်စော လေ၏။ ။ဤကား ကပိလဝတ်နေပြည်တော်၏တည်ထောင်စအကြောင်း တည်း။ ။

ထိုပြင်ကပိလဝတ်မြို့၌ ဘွားရာဇာတိရှိဘူးသော၊ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ် မြတ်တို့ကိုဂြဠိုးအံ့။ ။အနုရုဒ္ဓါမင်းသား၊ ညီတော်နန္ဒမင်းသား၊ ဓနုပဒက လူးကြီး၊အလုပ် အကျွေးဖြစ်သော အာနန္ဒာ၊မောင်ဆန်၊ကာဠုဒါယီ၊ကဏ္ဍ ကဇြင်း။ သိဒ္ဓတ္ထမင်းသားမှာ ကပိလဝတ်မြို့၊ မယ်တော်မာယာဒေဝီဝမ်း ဝယ်ပဋိသန္ဓေယူရုံသေးစေတိရှိသည်။ ကပိလဝတ်မြို့၏။အရှေ့မြောက်ယွန်း ယွန်း။လမ်္ဘိဉ်ယျာဉ်တော်၌မှက်နှာသန်းငင် ဘွားမြင်တော်မူပြီးမှ၊ကပိလ ဝတ်မြို့ကြီးမြင့်ရသည်၊ (အထူးပြခြင်း) သိဒ္ဓတ္ထမင်းသားတိုင်အောင်သာ ကိုဝင် အနွယ်အဆက်ကိုပြဦးအံ့။ ။သာကိဝင်ဆိုသော စကားသည်၊ သကုံသဟူသော မဂဓဘာသာ စကားမှ ဖြစ်ပေါ်လာသည်၊မြန်မာဘာ သာနှင့် သေခ်ကား။ (သ)ကို (သာ) ပြု၍၊ (က္ခ)ကို (ကော်)ပြု၍၊ (ဝံသ) ကို (ဝင်)ပြု၍၊သာကိဝင် ဟူသော မြန်မာဘာသာ စကားဖြင့် ဖြစ်ပေါ်လာ သည်၊ရှေးဦးအင်၊ ကဠလဝတ်မြို့ကို၊ ဥက္ကာ မုခမင်း အမှုရှိသောကိုးပါး

သောမောင်တော် နှစ်မဒေတာ်တို့သည်။ ကပိလ ရှင်ရသေ့နှင့် တိုင်ပင်၍ တည်ထောင်ကြသည်။ ဂင်းမြို့၌ မင်းစဉ် မင်းဆက်၊ အစဉ် အတိုင်းအုပ် ချုပ်စိုးစံ၍ လာကြရာ၊ ဓေယသိန်မင်းကြီးလက်ထက် ကျသော အခါ။ဒေဝဒဟမြို့မှာလဲ ဒေဝဒဟမင်းကြီးအုပ်ချုပ် စိုးစံသူက် ရှိသည်။ ဓေယသိန်မှာ။သားတော် သိဟနု၊ သွီးတော်ယဒေသာဓရာဟူ၍ မောင်နှစ်မ နှစ်ယောက်ထွန်းကားသည်။ ဒေဝဒဟမင်းမှာလဲ။သားတော်အဥ္ဇန၊သွီးတော် ဘဒ္ဒကစ္စနာဟူ၏ မောင်နှစ်မနှစ်ယောက် ထွန်းကားသည်။ ။ဓေယသိန် မင်းကြီး၏သားတော် သိဟနုမင်းသားနှင့်၊ ဒေဝဒဟမင်းကြီး၏ သွီးတော် ဘဒ္ဒကစ္စနာကို ထိမ်းမြား လက်ထပ်ကြရာ။ သုဒ္ဓေါဒန၊ ဓောတောဒန။ သင်္ကြောဒန၊ သုက္ကောဒန၊ အမိတ္တောဒန ဟူ၍ သားတော် ငါးယောက်။ အမိတ္တာ၊ ပါလိတာဟူ၍ သွီးတော်နှစ်ယောက်အားဖြင့် အစဉ်အတိုင်း ခုနှစ်ယောက်တွားဖြင်သည်။ ။ဒေဝဒဟမင်းကြီးသားတော် အဥ္ဇနမင်း သားနှင့်။ ဓေယသိန်မင်းကြီး၏ သွီးတော် ယသောဓရာတို့ထိမ်းမြားလက် ထပ်ကြရာ။ ဒဏ္ဍပါဏိ၊ သုပဗုဒ္ဓဟူ၍သားတော်နှစ်ယောက်။ မာယာဒေ ဝိ၊ ပဇာပတိဂေါတမီဟူ၍သွီးတော်နှစ်ယောက်အားဖြင့် မောင်နှစ်မလေး ယောက်တွားဖြင်သည်။အဥ္ဇနမင်းကြီး၏ သားတော် သုပဗုဒ္ဓမင်းသားနှင့်။ သိဟနုမင်းကြီး၏ သွီးတော် အမိတ္တာတို့ထိမ်းမြားလက်ထပ်ရာ။ သား တော်ဒေဝဒတ်နှင့် သွီးတော် ယသောဓရာ ဝိမ္ဘာဒေဝီဟူ၍ မောင်နှစ်မ နှစ်ယောက်တွားဖြင်သည်၊ ။သိဟနုမင်းကြီး၏ သားတော် သုဒ္ဓေါဒန မင်းသားနှင့် အဥ္ဇနမင်းကြီး၏ သွီးတော်အကြီး မာယာဒေဝီ၊သွီးတော် အ ငယ် ပဇာပတိ ဂေါတမီ နှစ်ယောက်လုံးနှင့်ပင်ထိမ်းမြားလက်ထပ်သည်။ တောင်နန်းစံ မဟာသီဝိဟုယားကြီး ဖြစ်သော မဟာမာယာဒေဝီက အ လောင်းတော် သိဒ္ဓတ္ထကုမာရမင်းသားတယောက်တွားဖြင်ပြီး၊ လေးရက် ကြာသောအခါ မြောက်နန်းစံဖြစ်သော ညီမတော် ပဇာပတိ ဂေါတမီမှာ၊ နန္ဒမင်းသားနှင့် သွီးတော်ဇနပဒကလျာဏီနှစ်ယောက်တွားဖြင်သည်။ ။ သုဒ္ဓေါဒနမင်းကြီး၏ သားတော် သိဒ္ဓတ္ထမင်းသားနှင့် သုပဗုဒ္ဓမင်း၏သွီးတော် ယသောဓရာ ဝိမ္ဘာဒေဝီတို့ထိမ်းမြားလက်ထပ်ကြ၍။ကပိလဝတ်မြို့၊ မင်း နေပြည်တော်ကြီး၌ အုပ်ချုပ်မင်းလုပ် စိုးစံကြလေသတည်း။ ဤကား သာ ကိုဝင်အနွယ်စဉ်ဟူသည် ဖြစ်လာပုံကဉ်၍ သိဒ္ဓတ္ထမင်းသား တိုင်အောင်သော အခန်းကို။ အကျဉ်းအားဖြင့် ပြဆိုခန်းတည်း။ ။သာကိုဝင် ဟူသော

သကျဝံသ စကား၏ အဓိပ္ပါယ်ကား။ အမျိုးမတူသူကို မဆက်ဆံတဲ့။ အမျိုးတူချင်းသာ ဆက်ဆံခြင်းကို သကျဝံသ သာကီဝင်ခေါ်သည်၊ ဤကား လိုရင်းအဓိပ္ပါယ်တည်း။ ယင်းသို့ ဖော်ပြခဲ့သော သကျဝံသဟူသော စကား၏ အစဉ်ကို လိုက်၍၊ ယခုအခါ မြန်မာနိုင်ငံမှာ ဝံသာနုအသင်းများ ထူထောင်ဖွဲ့စီးကြရုံလေသည်။ အထင်မြောက်အောင်မြင်ကြလျှင်၊ သာကီဝင်မျိုးတို့၏ အဆက်အနွယ်ဖြစ်ကြလတ့ံ၊ စင်းစားကြလေ။ ။

ထိုပြင် သကျသာကီဝင်အစစ်ဖြစ်သော အလောင်းတော် သိဒ္ဓတ္ထမင်းသားနှင့်ယသောဓရာ ဗိမ္ဗာဒေဝီမင်းသွီးတို့ စတည်ပါရမီ ဆုံဆည်းခဲ့၍ ဆုတောင်းဘက်ဖြစ်လာပုံ စကားအစဉ်ကိုဆက်၍ ပြဦးအံ့။ အလောင်းတော် သည်သားမဖွားရသေ့ဖြစ်စဉ်ရမ္မာဝတီအမည်တွင်ခဲ့ဘူးသောဗာရာဏသိမင်းနေပြည်ရှိတော်ကြီးသို့၊ ဒိပက်ရာမြတ်စွာဘုရား ကြွရောက်သည်။ နောက်ပါတပည့် သံဃာတော်လေးသိန်းတို့နှင့် ဆွမ်းအလိုငှာ ကြွလာတော်မူရာ၊ လမ်းခရီးကို တာဝန်ယူ၍ သုတ်သင်ရှင်းလင်း ပြင်ဆင်၍ နေပါသော်လဲ မပြီးသေးသောကြောင့်၊ ထိုလမ်းပြင်ဆင်သော သူမဖွားရှင်ရသေ့သည်၊ မိမိ၏ ဆံကို ဖြေလျက်၊ လျှော်ဖတသက်နှင့် တကွသော သစ်နက်ဂေါကို ခွာ ညွှန်ခြင်းခင်းပြီးလျှင်၊ မှောက်၍အိပ်လျက် ငါသုမေဓာရသေ့သည်၊ ဒိပက်ရာမြတ်စွာဘုရား ခြေတော်ရင်းခွ၊ သာဝကပါရမီဉာဏ်ကို အလိုရှိခဲ့ပါမူ။ အလွယ်တကူနှင့်ပင်ရတော့မည်။ သို့ပါသော်လဲ ကံ၊ ဉာဏ်၊ ဝီရိယ၊ သဒ္ဓါ၊ စေတနာထက်သန်စွာသောအားနှင့် ပြည့်စုံသော ယောကျ်ားကောင်း တယောက်ဖြစ်ပါလျက်နှင့် သံသရာတည်းဟူသော ဤမှာဘက်ကမ်းမှ နိဗ္ဗာန်တည်းဟူသော ထိုမှာဘက်ကမ်းသို့၊ ငါတယောက်အထည်းတည်း ကူးသဖြင့် အဘာသ်အကျိုးရှိအံ့နည်း။ ပုထုဇဉ်အလား ဒုက္ခိတသတ္တဝါ။ သံသရာခရီးသမားတွေပါယူဆောင် ကယ်တင်အံ့သောဌာ၊ ယခုအခါ အလိုရှိပါမူကား ဇကနမရဟ ရနိုင်လတ့ံသော သာဝကပါရမီဉာဏ်ကို စွန့်လွှတ်ပယ်ထား၍၊ အသက်ကိုစွန့်၍ တံတားခင်းရသော ကုသိုလ်နှင့်တကွ အလုံးစုံ ပြုပြုသမျှ ကုသိုလ်တို့ကြောင့်၊ ဗြဟ္မာနတ်လူ သုံးဘုံသူတို့၏ မှီခိုကိုးကွယ်ရာအစစ် သဗ္ဗညုဘုရားရှင်အဖြစ်သို့ မလွဲဧကန်ရောက်ရပါလို့၏ဟူ၍ ဆုတောင်းပြီးလျှင် အနီးသို့ ချဉ်းကပ်ကြွလာတော်မူသော၊ ဒိပက်ရာ မြတ်စွာဘုရားရှင်အား သုံးလှူသခင် ကျေးဇူးတော်ရင် အရှင်မြတ်စွာဘုရား၊ သဗ္ဗညု အရှင်မြတ်စွာဘုရားနှင့် သေးသိန်းသော သံဃာတော်အရှင်မြတ်တို့ပါ၊ တပည့်

တော်၏ကျောက်ကုန်းထက်သို့ ခင်းထားအပ်သောတံတားအမှတ်ဖြင့် နင်း၍ကြွသွားတော်မူပါဟု လျှောက်၏။ ထိုအခါ ဒီပင်္ကရာ မြတ်စွာဘုရားရှင်သည် သုမေဓာရသေ့၏ ဗျာဒိတ်ရခြင်း အကံ်ရှစ်ပါးနှင့် ပြည့်စုံခြင်းကို မြင်တော်မူ၍၊ အနာဂတ်သညာဏ်ဖြင့် ကြည့်တော်မူလျက်။ ရှင်ရသေ့၏ ဦးခေါင်းငေါင်၌ ရုပ်တော်ပျံပြီးလျှင်၊ ဤသုမေဓာ ရှင်ရသေ့သည်။ ဘုရားဖြစ်ခြင်း၏အကြောင်း၊ကောင်းစွာ ဆုတောင်းပတ္ထနာပြုသည်အတိုင်း။ ဤသာရကမ္ဘာဌစ၍ လေးသင်္ချေနှင့် ကမ္ဘာတသိန်းထက် ဥရုဝေလတောရွာ ဗုဒ္ဓဟော ဗောဓိပင်၌ သစ္စာလေးပါးကို်သိ၍၊ ဂါတမဘုရားဖြစ်လတံ့၊ မယ်တော်ကား၊ မဟာမာယာ။ ခမည်းတော်သုဒ္ဓေါဒန၊ လက်ျာရံ ရဟန္တာယောကျ်ားကား ရှင်သာရိပုတ္တရာ။ လက်ဝဲရံ ရဟန္တာယောကျ်ားကား၊ရှင်မောဂ္ဂလာန်။ လက်ျာရံရဟန္တာမိန်းမကား ခေမာ။ လက်ဝဲရံရဟန္တာမိန်းမကား ဥပ္ပလဝဏ်။ရဟန်းအလုပ်အကျွေးကား အာနန္ဒာ။ဒါယကာအလုပ် အကျွေးကား စိတ္တာနှင့် ဟတ္ထာဠဝကဟူ၍ နှစ်ယောက်။ ဒါယိကာမိန်းမ အလုပ်အကျွေးကား ဝိသာခါနှင့် နန္ဒမာတာ ဥတ္တရာတို့နှစ်ယောက်။ ပဉ္စင်္ရာဗောဓိပင်ကား ညောင်ဗုဒ္ဓဟော ဖြစ်ကုန်လတံ့ဟူ၍ ဗျာဒိတ်စကား ကြားဘော်မူ၏။ထိုအခါ ယသောဓရာမိဗုဟား၏ အလောင်းဖြစ်သော သုမိတ္တာပုဏ္ဏားမယ်သည်လည်း၊ ဒီပင်္ကရာမြတ်စွာဘုရား ကြွလာသည်ကို ပူဇော်အံ့သောငှာ၊ အလွန်တရာကြည့်ရှုဘွယ်ကောင်း၍၊ တင့်တယ်လှပစွာသော ကြာပန်း ရှစ်လက်တို့ကို ကိုင်ယူခဲ့၍၊ ထိုဗျာဒိတ်ပွဲ သဘင်သို့ ရောက်လာလျှင်၊ သံသရာ ဘဝအဆက်ဆက်က ပေါင်းဘက်ဆက်ဆံဘူးသော ဝါသနာဓလေ့ကြောင့်၊သုမေဓာရှင်ရသေ့ကို မြင်လျှင်မြင်ချင်း ခြေရင်းတော်အလုပ်အကျွေးဖြစ်လိုသော စိတ်ဇောကိုစော၍၊သုမေဓာရှင်ရသေ့၏ အထံသို့ကပ်ပြီးလျှင်၊ဤကြာပန်းငါးလက်ကို အရှင်ရသေ့ဖုံးအလိုငှာ၊ သင့်ညှတ်ဆုကို ရည်၍ ပူဇော်ပါ၊ ဤကြာပန်း သုံးလက်ကိုကား အကျွန်ုပ်နှင့် အတူတကွဖြစ်ခြင်းငှာ ပူဇော်ပါ။ သုမိတ္တာကလည်း ပိဋိကိုယ်တိုင် ရှင်ရသေ့နှင့် ဘဝအဆက်ဆက်၌ ခြေရင်းအလုပ်အကျွေး ဖြစ်စေသော ဟု ဆုတောင်း၏။ ရှင်ရသေ့လည်း ပုဏ္ဏားမယ် တဆဲ့ခြောက်နှစ်ရွယ်၏ လက်မှ ရှစ်လက်သော ကြာပန်းကို လှမ်းယူပြီးသော်၊ ဒီပင်္ကရာ မြတ်စွာဘုရားအား ပုဏ္ဏားမ လျှောက်ထားသည့်အတိုင်း လှူဒါန်း ပူဇော်၍ ဆုတောင်း၏။ ဒီပင်္ကရာ မြတ်စွာဘုရားရှင်လည်း အနာဂတ်သညာဏ်ဖြင့် ဆင်ခြင်ကြည့်ရှု

တော်မူ၍ သုဓမ္မာရုံသေ့လည်း ဘုရားဖြစ်လတ္တံ့၊ သုမိတ္တာပုတ္တောမလည်း ဘဝအဆက်ဆက် ခြေရင်းအလုပ်အကျွေး အဖြစ်နှင့် ကုသိုလ်ကောင်းမှုပြုဘက် ဖြစ်လတ္တံ့ဟူ၍ ဗျာဒိတ်စကား ကြားတော်မူလေသတည်း။

ယင်းသို့ သုဓမ္မာနှင့် သုမိတ္တာဘဝ၊ နိယတဗျာဓိ၊ မုနိသင်္ခနင်း၊ ဒီပင်္ကရ ခြေတော်ရင်း၌ ဝတ်ဝင်းဆင်ပန် အောင်ပွဲတော် ခံရသောအခါ။ အမတံသိဝံ၊ ပြည်မွန် နိဗ္ဗာန၊ ကိုယ်တော်တိုင် ကြွနိုင်သော်လဲ၊ မျှားလှသတွေ့၊ ကျွတ်ဖိုလ်ခြေကို၊ ကမ်းမြေအခေါင်၊ ဂူဇွေသောင်သို့၊ ဖောင်တော်မင့်ငင်၊ နာဝါယာဉ်ဖြင့်၊ ကယ်တင်ကူးတို့၊ ပို့ဆောင်ယူတင် နိုင်အံ့သောဌာ၊ တေဓိယ၊ ဓနုက၊ ဘူရိဒတ်၊ ဝိရူဠ။ ဝေဿန္တရာ၊ မဟာဇာတက ဖြစ်လေသမျှတို့၌ ကိုယ်တော်၏ ဆင်းရဲခြင်း၊ စိတ်တော်၏ ဆင်းရဲခြင်းတည်းဟူသော ဆင်းရဲကြီးတို့ကို၊ အတိုင်းမသိ သည်းခံတော်မူမှု၊ ပန္ဆိမဘဝ၊ ကာလတွက်စစ်၊ ဤဆိဒ္ဓတ္ထမင်းသားနှင့် ယသောဓရာအဖြစ်သို့ ရောက်ကြလေကုန်သတည်း၊ ဤကား ပါရမီဆုံ၍ ယှဉ်တွဲလာပုံကို အကျဉ်းအားဖြင့် ပြဆိုခန်းတည်း၊

ဤသို့ဖော်ပြခဲ့ပြီးသော စကားရပ်တို့ကြောင့်လည်း ကပိလဝတ်ပြိုးတော်သည် ရှေးက အလွန်ထူးဆန်း အံ့သြဘွယ်ရာ ကောင်းဘူးကြောင်း။ ယခုအခါ နိပေါနယ်ကိုလည်း ရှေးက သက္ကတိုင်း၊ ဝါ၊ ကပိလတိုင်းဟူ၍ တွင်ဘူးကြောင်း၊ သသ်ကရိက်ကျွန်းဟောင်းကြီးများစွာတွေ့ဘူးသည်။ထိုကပိလဝတ်ပြိုအနီး ရောဟဏီမြစ်နား၊ နိဂြောဓသာကီဝင်မင်းသားတို့ အပိုင်ဖြစ်သော အရံတွင်း ဆွေတော် မျိုးတော်တို့ ဆောက်လုပ် လှူဒါန်းသော နိဂြောဓာရုံ ကျောင်းတော်၌ မြတ်ဗွာဘုရားရှင်သည် တဝါ ဝါကပ်ဆိုတော်မူသည်၊ ။

ထို့ပြင်၊ ကပိလဝတ်မြို့၏ အရှေ့တောင် ကုသိနာရုံမြို့၏ အနောက်မြောက်ယွန်းယွန်း၊ သုံးဆဲ့နှစ်ဖိုင် ကွာဝေးသော အရပ်ဌာနမှာ ကောလိယမြို့ရှိသည်၊ ၎င်းမြို့ကို ယခုအခါ (ဂေါရပူ)မြို့ဟူ၍ ခေါ်ကြသည်၊ ရှေးက ကောလိယမြို့ဟူ၍ ထင်လျားစဉ် မင်းနေပြည် ဖြစ်ဘူးသည်။ယခုအခါ ထိုမြို့ကို (ဂေါရပူ)မြို့ဟူသော အမည်နှင့် အင်္ဂလိပ်မင်းများက စက်ရုံငယ်၊၊ အရေးပိုင်ရုံးများထား၍၊ဒိစတြိတ်မြို့ကြီးတခုပြုလုပ်ထားသည်၊ လူဦးရေသုံးဆယ်ကျော်ကို ၎င်းမြို့က လက်မှတ်ခံ၍ ဒီးရထားစီးရသည်။ မျောက်တွေ အလွန်ပေါသည်၊ မြို့တွင်းမှာ ဈေးမရှိ၊ အိမ်ဆိုင်တွေသာ ရှိသည်၊ ကြေးနီ၊ ကြေးဝါ

ကို ပြုလုပ်သော အိမ်သုံးပစ္စည်းတွေ အလွန်ပေါသည်။ ကောလိယမြို့ဟူ၍ ရှေးဦးပဌမ တည်ထောင်စတည် ဖြစ်ပေါ်လာပုံ ပြဦးအံ့။ ။

အထက်က ဖော်ပြခဲ့သော ကဝိလဝတ်မြို့ကို တည်ထောင်၍၊ မောင်တော် နှမတော် ကိုးယောက်တို့ နေထိုင်ပြီးသောအခါ၊ အဟူတကွလိုက်ပါလာသော အာမတ်တို့ ဆင်ခြင်ကြသည်မှာ၊ ဤမင်းသား မင်းသို့တို့သည် ဒဝချိန်အမျှယ်သို့ ရောက်ကုန်ပြီ။ အကယ်၍ ခမည်းတော်ထံမှာဖြစ်လျှင် သင့်တင့်သော တပါးသော တိုင်းနိုင်ငံတို့က ပင်တိုင်စံ သို့းတော်ကညာ ရတနာတို့နှင့် ထိပ်းမြားခြင်းမင်္ဂလာကို ပြုကုန်ရာ၏။ ယခုမှာမူ ငါတို့၏တာဝန်သာ ဖြစ်တော့သည်ဟု ကြံစည်ကြ၍၊ မင်းသား လေးယောက်တို့နှင့် တိုင်ပင်လတ်သော်၊ ထိုအခါ မင်းသားတို့သည် ငါတို့နှင့်အမျိုးတူသောမင်းသို့းများလည်း ဤအရပ်၌မရှိ။ နှစ်မတော်တို့နှင့် အမျိုးတူသော မင်းသားများလည်း ဤအရပ်၌ မရှိ၊ အမျိုးမတူသော သူတို့နှင့် ဆက်ဆံ၍ဖြစ်ပေါ်လာသော သားတော် သို့းတော်များလည်း အပိုမှုငင်း၊ အဘမှုငင်း မစင်ကြယ်သည် ဖြစ်ရာ၏ဟု အမျိုးပျက်မည်ကို စိုးရိမ်သောကြောင့်၊ အမကြီးကို အာပိအဓရ၌ ထားပြီးသျှင်၊ မင်းသား လေးယောက်တို့သည် အစဉ်အတိုင်း နှမတော်တယောက်စီနှင့် ထိပ်းမြားလက်ထပ်ခြင်းကို ပြုကြကုန်၏။

အခါတပါးသော နေ့၌ အပိအရာ၌ ထားသော အမကြီးမှာ နွားနာရောဂါပေါက်ရောက်လာ၍ အဟူတကွ စားသောက်နေထိုင်ကြပါက ရောဂါ ကူးစက်ပြန့်ပွားမည်ကို စိုးရိမ်သောကြောင့်၊ ဟိမဝန္တာအရပ် တခုသော နေရာ၌ မြေတွင်းတူး၍ ခဲတွယ်ဘောဇဉ်တို့ကိုလည်း စားသောက်လောက်အောင် ပေးထားပြီးသျှင် လေဝင် လေထွက်ပေါက်များ စီမံ၍ အထက်ကနေ့ပူ ဖိုလယ်းရေလွှတ်အောင် သစ်ခက်များဖိုးအုပ်၍ ထား၏။ ထိုအခါ ရာမဇာမည်ရှိသော ဗာရာဏသီမင်းတပါးသည်လည်း နွားပေါက်ထွက်၍ ငိုဖုယား မောင်းမကချေသည် အပေါင်းတို့ကစက်ဆုပ်သဖြင့် သံဝေဂရ၍ ထီးနန်းကို သားတော်အားအပ်နှင်းခဲ့ပြီးလျှင် ဟိမဝန္တာတောသို့ဝင်လျက်သစ်ဖြစ်သစ်သီးတို့ကို သုံးဆောင်စားသောကြီသဖြင့် ကင်ရောက်သော ရောဂါသည်ကြောင့်မိကင်းရှင်းပျောက်လွင့်၍ ရွှေအဆင်းနှင့် တူသောကိုယ်ရေကိုယ်သား ဖြစ်လာသည်ဖြစ်၍၊ တရားသာအခေါင်းရှိသော။ ကလောပင်ကြီးကိုကွေ့ဖြင့်ဖျော်၍ တခဲ့ခြောက်တောင်ရှိသော အရပ်ကို သုတ်သင်ရှင်းလင်းလျက်၊ လေသာပြူတင်း တံခါးရွက်တို့ကို ပြုလုပ်စီမံ၍ အမြဲနေထိုင်ခြင်းကို

ပြု၏။ ထိုရာမမင်းသည် ညဉ့်အခါ၌ ခြင်္သေ့ သစ် ကျားတို့၏ အသံကို နာခံ မှတ်သား၍အိပ်ပြီးလျှင် နံနက်အခါခြင်္သေ့သစ် ကျားတို့မရှိခိုက် ထိုအရပ်သို့ သွား၍ ခြင်္သေ့ သစ် ကျားတို့၏ စားကြွင်းတို့ကို ကောက်သူ၍ ချက်ပြုတ်ခါ စားသောက် နေလေ၏။ တနေ့သ၌ နံနက်ထအခါ ဒိုးထည့်နေသည်ရှိသော်၊ မင်းသို့ကြိုး၏ ကိုယ်နှံ့ကြောင့် သစ် ကျားတို့သည် လာလျက် မင်းသို့ဒိုး အထက်က မြေပုံကို ယက်လျှင်၊ မင်းသို့ဒိုးလည်း ကြောက်လန့်၍ ပြင်းစွာဟစ်အော်လေ၏။ ထိုအသံကို ရာမမင်းကြားလျှင် ဒိန်းမ အသံဖြစ်သည်ကို သိ၍၊ ထိုအရပ်သို့ သွားလျက် အသူနည်းဟု မေးသောအခါ မောင်တော်-အဲ့ကျွန်ုပ်ကား ဒိန်းမ ဖြစ်ပါသည်ဟု ဆိုလေသော်၊ ရာမမင်းက ဒိန်းမဖြစ်လျှင် တွင်းမှ အထက်သို့ တက်ခဲ့ပါလောဟု ဆို၍ တက်လာတွေ့ဆုံကြ၍၊ အချင်းချင်း အဖြစ်အပျက် အကြောင်းအရာအလုံးစုံတို့ကို စုံစမ်းမေးမြန်းကြသောအခါ၊ မင်းသား မင်းသို့အဖြစ်ကို ပြန်ကြား သိရှိကြရသောကြောင့်၊ သနား ကရုဏာနှင့် ရာမမင်းသည် မင်းသို့ကြိုးကို ပိပိနေရာသို့ ဆောင်ယူခဲ့၍၊ ပိပိစားသောက်သော အစာအာဟာရနှင့်တကွ၊ ဆေးအာဟာရတို့ကို အစဉ်အတိုင်းပေး၏။ ကလောပင်ကြီး၌ပင် နေအိမ်ပြု၍ နေကြလေ၏။ မင်းသို့လည်း ဆေးအာဟာရဖြင့်ရင်း ကလောပင်တွင်း၌နေသောကြောင့် ကလောနွေ သင့်သဖြင့်ရင်း၊ မကြာမြင့်မိပင်လျှင် ကပ်ရောက်သော နွေနာရောဂါသည် ကိုယ်မှကင်းရှင်း ပျောက်၍ သန့်ရှင်း စင်ကြယ်စွာ ဖြစ်လာ၏။ ထိုနောက် တဦးနှင့်တဦး ကျေးဇူး ထောက်မြောသဖြင့်ရင်း၊ မေတ္တာသက်ဝင်ကြပြီးလျှင်၊ထိမ်းမြားလက်ထပ်ခြင်း ပြုလုပ်နေကြရလေ၏။ထိုသို့နေကြရာတွင်မင်းသို့၌ နှစ်ယောက်အရုံအရုံ တဆဲ့ခြောက်ကြိမ် သားယောကျ်ားတို့ ဘွားမြင်သဖြင့် သားတော် သုံးဆဲ့နှစ်ယောက်တို့ ဖြစ်ကြကုန်၏။ ထိုသားတို့ကို အစွယ်ရောက်သောကာလ ကပိလဝတ်မြို့သို့ စေလွှတ်၍၊ ဂေဆိပ်သို့ဆင်းသက်လာသော သာကိဝင်မင်းသို့တို့ကို ကယောက်စီဆောင်ယူစေ၏၊ မင်းသို့တို့ကလည်း ငါတို့ကို ဆောင်ယူသူတို့သည် အခြားသူတို့မဟုတ်ကုန်။ ငါတို့၏ အစ်မကြီးအရင်းဖြစ်သူ၏ သားတော်တို့ပင် အမှန်သိကြသောကြောင့်၊ တစုံတခုသော ဧကားကိုမျှ မဆိုကြကုန်။ နှစ်သက်သဘောတူကြလေ၏၊ ။

တနေ့သ၌ ရာမမင်းကြီး စိုးစံတော်မူခဲ့သော ဗာရာဏသီမြို့မှ မူဆိုးတယောက်သည် ထိုဟိမန္တာတောအရပ်သို့ ရောက်လာ၍၊ ရာမမင်းနှင့်

တွေ့၍ အကြောင်းမျိုးကို မေးလျက်၊ တိုင်းပြည်သို့ ပြန်ပြီးလျှင် နန်းရေပထိုး ဖြူကို အပ်နှံထားခဲ့သော သားတော်အား ခမည်းတော် ရာမမင်းနှင့် တွေ့ခဲ့ကြောင်း အဖြစ်အပျက်အလုံးစုံတို့ကို လျှောက်ထားသောအခါ။ သားတော်သည် ခမည်းတော်ကို တိုင်းပြည်သို့ပြန်၍ ယူဆောင်အံ့ဟု စစ်အင်္ဂါလေးပါးနှင့်တကွ ထွက်ခဲ့၍၊ ခမည်းတော်ထံ ရောက်လျှင် တဖန် ရှေးကကဲ့သို့ ပြန်၍ မင်းပြုလုပ်တော် မူပါဦးဟု ခတောင်းပန်၏။ ခမည်းတော် ရာမမင်းကြီးလည်း ငါသည် တိုင်းပြည်သို့ မပြန်လိုပြီ၊ ဤယခု ငါနေသော ကလောပင်ကြီးကိုရှင်းလျက် မြို့တည်ထောင်၍ ပေးခဲ့လေ့ဟု သားတော်အား ပိန့်တော်မူလျှင်၊ သားတော်လည်း ပိန့်တော်မူတိုင်း ကလောပင်ကြီးကို ပယ်ရှား သုတ်သင်လျက် မြို့တည်ထောင်၍ ပေးပြီးလျှင်၊ သားတော်သည် ခမည်းတော်အား လက်ျာရစ်လှည့်၍ ပူဇော်ပြီးမှ တိုင်းပြည်သို့ ပြန်ခဲ့လေ၏။ ထိုမြို့ကား ကလောပင်နေရာ၌တည်ထောင်သော မြို့ဖြစ်သောကြောင့်၊(ကောလိယ)မြို့ဟူ၍ထင်လျှားကျော်စော လာလေသည်။ဤမြို့ကို ယခုအခါ၌ကော်ရပူမြို့ခေါ်သည်။ဤကားကောလိယမြို့စတည်ခြင်းအကြောင်းကိုပြဆိုခန်းတည်း။

မြတ်စွာဘုရားရှင် ထင်လျှား ရှိတော်မူစဉ်၊ လာဘ်လာဘအရာမှာ ဇေတဒင်္ဂရတော်မူသော မဟာသာဝကရဟန္တာ ရှင်သိဝလိအရှင်မြတ်သည် ထိုကောလိယမြို့မှာပင် ကောလိယမင်း၏ သုပ္ပဝါသာ အမည်ရှိသော မိဖုယားဝမ်းဝယ် ပဋိသန္ဓေယူ၍ ဘွားမြင်တော်မူသည်၊အဓိကား သောတာပန်။သားတော်ကား မဟာသာဝကရဟန္တာတို့ ဖြစ်ကြလေသတည်း။ ။

ထိုပြင်၊ ကောလိယမြို့၏ အရှေ့တောင်ယွန်းယွန်း၊ ဗာရာဏသီမြို့၏ မြောက်အရပ်မှာ ယခုအခါ (တက္ကသိဒိုရီယာ) အမည်ရှိသော မိုးရထားဘုတာမြို့တခုရှိသည်။ ဤမြို့ကို သွားလိုလျှင်ဗာရာဏသီက ညဉ့်ကိုးနာရီအချိန်လောက်မှာ လက်မှတ်ခံ၍ လိုက်လျှင် ထိုမြို့သို့ နံနက်စောစော ငါးနာရီခွဲလောက်မှာရောက်သည်၊ ဤမြို့ကို(တနည်း)(ဒိုင်အိုရီယာ)ဘုတာဟူ၍လည်း ခေါ်လေ့ရှိကြသည်။ရှေးက(ဒေဝဒဟ)မြို့ဟူ၍ ခေါ်သည်။ယခုပြောပြသော(တက္ကဆ်ဒိုရီယာ)မြို့ဘုတာမှ ကုသိနာရုံ ဗြော်စွာဘုရား ငရိနဒ္ဒာန်ပြုရာဌာနသို့သွားကြရသည်။ခရီး နှစ်ဆယ့်နှစ်မိုင် ကွာဝေးသည်။မော်တော်ကား လုတယောက်လျှင် တဆဲနှစ်ပဲပေးရသည်။ ဒေဝဒဟဝမှာ ပဋိသန္ဓေစာတိနေ၍ ဘွားမြင်ဘူးသော ပုဂ္ဂိုလ်များကို ပြဆိုဦးအံ့။။မယ်တော်မာယာဒေဝီ၊ဖိထွေးတော် ပဓာပတိဂေါတမီ၊ ဒေဝဒတ်၊ဓနပဒကလျာကို စသည်

တို့တည်း၊ထင်လျားသော ပုဂ္ဂိုလ်တို့ကိုသာ ပြလိုက်ရသည်။များစွာရှိသေး၏။သို့သော်လည်းမာယာဒေဝီသည် တပါးသောသူတို့ထက်ဆုတောင်းပါရမီ အလွန်ထူးသဖြင့် အံ့ဘွယ်တဆဲ့နှစ်ပါးနှင့် ပြည့်စုံကြောင်းပြဆိုဦးအံ့။ ။

၁။ ဆန်တစလယ်ချက် ထမင်းကို မာယာဒေဝီ၏ အနီးဌ ထားပြီး လျှင်၊ အလှူပေးပါမူကား။ ဇမ္ဗူဒီပါတက္ကန်းလုံး စား၍မကုန်နိုင်ခြင်း။ ။

၂။ ရောဂါဝေဒနာ ကင်ကြောက်သူတို့ကို မာယာဒေဝီလက်နှင့် သုံးသပ်လျှင် ဝိန်းကြာဘက်ပေါ် ရေမတင်သကဲ့သို့ လျှောကျခြင်း။ ။

၃။ မာယာဒေဝီ၏လက်နှင့် သစ်ခက်သစ်ရွက်တို့ကို ကိုင်လျှင် ကိုင်ခြင်း ဖွေအာတိဖြစ်ခြင်း။ ။

၄။ မာယာဒေဝီ၏လက်နှင့်ကိုင်၍ သစ်စေ့များကို မြေ၌စိုက်ပျိုးလျှင် ခဏခြင်းဖြင့် အပင်ပေါက်၍ အရွက် အပွင့် အသီးတို့ ဖြစ်ပေါ်လာခြင်း။

၅။ ရေမရှိသော တောင်ထိပ်မှာပင် ဖြစ်သော်လည်း ရေကို တောင့်တလျှင် အလွန်အရသာရှိ၍ မွေးကြိုင်လှစွာသော ရေနှံ့သာ တန်ခွန် ပေါ်ပေါက်ခြင်း၊ ။

၆။ မည်သည့်နေရာ အရပ်ကမဆို တောင့်တလျှင် နတ်တို့၏ ရေနှံ့သာချိုးရခြင်း။ နတ်ဝတ်တန်ဆာများ ဝတ်ဆင်ရခြင်း။

၇။ အလိုရှိသောအခါ အာဟာရကိုတောင့်တလျှင် နတ်တို့၏ အာဟာရများကို ရွေးခွက်နှင့်ထည့်၍ ဆက်သရခြင်း။ ။

၈။ အိပ်ချာကြက်သရေတိုက်ခန်းဌ ဝင်၍အိပ်သောအခါ နတ်ဘိလူး ရှစ်ယောက် လက်နက်များနှင့် စောင့်ရှောက်ရခြင်း၊ ။

၉။ ပုဒ္ဓိက်သောအခါ နတ်တို့က ဟိမဝန္တာ အိုင်ကြီး ခုနစ်အိုင်မှ ရေငှက်ကို ယူ၍ ချိုးပေးရခြင်း။ ။

၁၀။ ချမ်းဇသောအခါ ဟိမဝန္တာမှ နတ်ပင်ဒသာ အဝတ်ပုဆိုးများကိုယူ၍ ခုံစေ ဝတ်စေခြင်း။ ။

၁၁။ အလှူပေးလိုလျှင် ကောင်းကင်မှ ရတနာမိုးယံးရွာသွန်း၍ ပေးရခြင်း။

၁၂။ အလိုရှိရာ အရပ်တိုင်းက တောင့်တလျှင် ထန်းလုံးပမာကရှိသော ရေတန်ခွန် ပေါက်ရခြင်း။ ။

ဤကား မာယာဒေဝီ၏ ဆုတောင်းကြောင့်၊ အကျိုးပေးသော
အံ့ဘွယ်တဆဲ့နှစ်ပါးတည်း။

ထို့ပြင်၊ ဒေဝဒဟဂြို့ စတည်ဖြစ်ပေါ်လာပုံကိုလည်း ပြဦးအံ့။ ။ကပိလဝတ်မြို့က သာကိဝင်မင်းသားတို့ ရေကစား၍ ရေသဘင်ပွဲကျင်းပလေ့ရှိသော ရေအိုင်ကြီးတခုသည် ကပိလဝတ်မြို့နှင့် ကောလိယမြို့များ၏ အနှောတောင် မနီးမဝေးသောအရပ်တခု၌ ရှိ၏၊ ထိုရေအိုင်ကြီးသည် သာကိဝင်မင်းတို့၏ ရေကစားရာ အိုင်ကြီးဖြစ်ခြင်းကြောင့်၊ ထိုအိုင်ကြီးကို (ဒေဝဒဟ)အိုင်ဟူ၍ ခေါ်တွင်ကြလေသည်။ အိုင်၏အနီးဠ မင်းသားတို့ တည်းခိုရန် ဆောက်လုပ်ထားသော မင်းဘဲနေအိမ်ကြီးတခုလည်း ရှိသည်။အချို့သော မင်းသားတို့သည် ကပိလဝတ်မြို့သို့ မပြန်မူ၍၊ ထိုဒေဝဒဟ အိုင်၏ အနီးဠသာလျှင် မြို့တည်ထောင်၍ နေကြလေသည်။ ထိုမြို့ကား ဒေဝဒဟ အိုင်၏အနီးဠ တည်ထောင်သောကြောင့်၊ ဒေဝဒဟမြို့ဟူ၍ပင် ထင်လျားကျော်စေလေသတည်း။ ။

သက္ကတိုင်း။ ဝါ၊ ကပိလတိုင်း။ ဝါ၊ နိပေါနယ်၏ အကြောင်းပြီး၏။

၇။ မလ္လာဘိုင်း။ ကုသိနာရုံမြို့သည်မင်းနေပြည် ဖြစ်ဘူးသည်။ ၎င်းမြို့ကို ယခုအခါ ကာဆီယာခေါ်သည်၊ ကုလားစော်ဘွား နေသည်။ အခွန်တော် လေးသိန်း ဝင်သည်၊ အလောင်းတော် ကုသမင်းကြီး လက်ထက်တော်က ကုသဝတီမြို့ကြီး တွင်ဘူးသည်။ အခုင်ဂေါတမ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရာ ဌာနဖြစ်သည်၊ ပရိနိဗ္ဗာန်ပြုပြီးနောက်။ မဟာပန် ရဟန္တာ အခုင်မြတ်သည် သံဃာတော် ငါးရာနှင့် စာသင်တိုက်ကြီးဖွဲ့၍ စာပေပို့ချလျက် သိတင်းသုံး နေထိုင်ဘူးသည်၊ အလောင်းတော် မဟာသုဒဿနစကြာမင်းကြီး ၎င်းမြို့မှာ ဖြစ်ဘူးသည်၊ ဓာတ်တော် ဝဏ္ဏ ရာဇကြိုဟ်မင်း၊ ဝေသာလိမင်း၊ ကပိလဝတ်မင်း၊ အလ္လကပ္ပမင်း၊ ကောလိယမင်း၊ ဝေဠုဒိပကမင်း၊ မလ္လဲမင်းတို့ တည်းဟူသော ခုနစ်ပြည်ထောင် မင်းတို့ အသင့် အတင့် အညီအညွတ်နှင့် အောင်မြင်ပြီး ငြိမ်းရာ ဌာနလည်း ဖြစ်သည်၊ ၎င်းမြို့အနီးရှိဘက် နှစ်ဖိုင်လောက် ကွာဝေးရာဌာနမှာ စန္ဒကူးနှံ့သာတုံးတို့ဖြင့် တေဇောဓာတ် မီးသင်းကြိုဟ်ရာ မကုဋ္ဌယာမတောင် ရှိသည်။ တောင်ပေါ်မှာ ညောင်ပင်ကြီး နှစ်ပင်ရှိသည်။ ကုလားလူမျိုးတွေ ဓာတ်တော်များ ရှာကြတာ။ တူးကြ- ဆွကြတာနဲ့ တွင်းကြီး ဖြစ်နေသည်။ တောင်ဘက်က တံခါးပေါက်ကြီးလို ဖြစ်နေသည်။ အနောက်ကောင်းသူနှင့်

သွားကြခုလျှင် လူတိုင်းဘဲ ဝမ်းနည်း ပက်လန်နှင့် မျက်ရည်မဆည်နိုင်အောင် ငိုကြွေးကြရသည်။ ယခုအခါ အထင် အလျားအလွန် ကြည်ညိုဘွယ်ကောင်းသော ပရိနိဗ္ဗာန်ပြုပုံ ကျောက်ညိုကိုထုလုပ်၍ကျောက်ဂူကြီးနှင့် ရှိသေးသည်မှာ၊ သိရိဓမ္မာသောကမင်းကြီး၏၊ ကုသိုလ်ကောင်းမှု ဖြစ်သည်။ဂူကြီး၏ အရှေ့ဘက်အနီးမှာ မလ္လာမင်းကောင်းမှုဖြစ်သောအလွန်ကြီးကျယ်သော စေတီတော်ကြီးတဆူရှိသည်။ဂူကြီး၏အနောက်တောင်ပေပေါင်း နှစ်ထောင်ကျော်ကျော်လောက် ကွာဝေးသော နေရာမှာ အုပ်ဂူနှင့် ကျောက်ဆင်းသု တဆူရှိသည်၊ ၎င်းကို ယခု အခါ မတွေ့ရှုဝခေါ်သည်၊ ယင်းထိုက်ပင် တွေ့ အလွန်ပေါသည်။ ကျောင်းတိုက်ကြီးတွေ ပျက်စီး၍ အောက်အခြေ အုပ်ခြစ်လောက်သာ ရှိတော့သည်။ ဘုရားဖူးသွားသူတို့၊ တည်းခိုနေထိုင်ရန်ပြည့်စုံ၍သန့်ရှင်း၏၊ရေကောင်း၏၊မျောက်အလွန်ပေါသည်။ နွားနို့ အစစ် တပိသာ-ပိုက်ဆံ နှစ်ပဲလောက် ပေးရသည်၊ သင်္ဘီးဝယ် အလွန်ပေါသည်။ မြန်မာဟန်းတော်များ ရှိသည်၊ စိတ်သဘော အလွန်းကောင်းသည် ကုသိနာရုံ၏ အရှေ့မြောက် ခရီးငါး တိုင်လောက် အကွာမှာ၊ပန်းထိမ်သည်၊ရုန္ဒနေသော ပါဝါမြို့ရှိသည်၊

မလ္လာတိုင်းအင်ကြောင်းပြီး၏၊

—o—

(အထူးမှာထားခြင်း) အထက်က ဖော်ပြခဲ့ပြီးသော ဝဋ္ဋတိုင်းကို ယခုအခါအင်္ဂလိပ်မင်းများက၊ဘင်္ဂလားနယ်တွင် ထည့်သွင်း၍ ပေါင်းထားသည်။ ။ကာသိတိုင်း၊ ကောသလတိုင်း တဝက် သက္ကတိုင်း ၎င်းတိုင်းသုံးတိုင်းကို အင်္ဂလိပ်မင်းများက တပေါင်းတည်းပြုလုပ်၍။(ယူနိုက်တက် ပရိဘင့်ဆက်) နယ်ဟူ၍ ခေါ်တွင်စေသည်၊ ၎င်းပြင် ကောသလတိုင်း၏ ကျန်တဝက်၊ ဥတ္တရပဒေသလတိုင်း၊ သူရသေနတိုင်း။ ကဇင်္ဂလာဇတိုင်း၊၎င်းတိုင်းတို့ကို အင်္ဂလိပ်များက တပေါင်းတည်းပြုလုပ်၍၊ ပန်ဂျပ်နယ်ဟူ၍ အမည်ထားပြီးလျှင် ခေါ်တွင်းစေသည်။ (အထူးသတိပြုရန်) ကောသလတိုင်း မြောက်ပိုင်း၊ဟိမဝန္တာ တောစပ်မှာ၊အင်္ဂလိမလာလ-လက်ညှိုးပေါင်းတထောင်ဖြတ်သော၊ ဇာလိနီတောတန်းကြီးရှိသည်။ မြေပုံမှာ အထင်အလျားပြထားသည်။ကောသလတိုင်းပါဝင်သော ရှေးက ဒက္ခိဏာပဒေသလ

မြို့ကို ယခုအခါ ကွန်ပြိမြို့ခေါ်သည်။သားရေ အလွန်ပေါသည်။ ၎င်းပြင် ရှေးက လက္ခဝတီမြို့ကို ယခုလပ်ခနာင်မြို့ခေါ်သည်။သက္ကလပ်ထည် အလွန်ပေါသည်။ကောသလတိုင်းပါဝင်သော ရှေးက သင်္ဃသနဂိုရ်မြို့သည် ယခုအခါ ပျက်ပြားလျက် ရှာသိန်း၊ရှာငယ်သာ ရှိတော့သည်။ ကျောင်း ပျက်၊စေတီပျက်များ အမှတ် အသားရှိသေး၏။ မြတ်စွာဘုရားရှင်သည်၊ ခြောက်ဝါ အလွန် ခုနစ်ဝါမြောက် တာဝတိံသာနတ်ပြည်၌၊မယ်တော် မိနတ်သားကို အမှာထားခဲ့၊ ကုဋေရှစ်ဆယ်သော နတ်သိကြား၊ ဗြဟ္မာ တို့အား၊ အဘိဓမ္မာတရားတော် ဟောကြားဆုံးမပြီး၊လူပြည်သို့ ပြန်လည် ကြွချီတော်မူသော်အခါ၊ ပဉ္စမြားစောင်းတန်း ချရာဌာန မြို့ဟောင်း ဖြစ်သည်။ ထိုသင်္ဃသနဂိုရ်မြို့ဟောင်းရှိရာဌာနသို့ သွားလိုလျှင်။ အာဂရာမြို့ က၊လှည်းနှင့်သွားကြရသည်။ ။

၇။ ထိုပြင်-ကောသလတိုင်း၀ါ၊ ပဉ္စာလတိုင်းပါဝင်သော ရှေးက၊ ဇုန္ဒပတ္တနဂိုရ်မြို့ကို ယခုအခါ ဒေလီမြို့ခေါ်သည်၊၎င်းမြို့မှာ အရှင်ဂေါတမ မြတ်စွာဘုရားရှင်အလောင်းတော်ပညာရှိဝိရူဝရ အမတ်ကြီးဘွားဖြင်သည်။ ယခုအခါမှာ ဘုရင်ခံချုပ်ကြီး အမြဲနေသည်။ ရှေးကမင်းနေပြည်ဖြစ်ဘူးသည်။ ။

ထိုပြင် ကောသလတိုင်း မြောက်ပိုင်းကို၊ဥတ္တရပဉ္စာလတိုင်းတွင် ဘူးစည်က၊ဥတ္တရပဉ္စာလမြို့သည် ရှေးက မင်းနေပြည်ဖြစ်ဘူးသည်။ အရှင်ဂေါတမမြတ်စွာဘုရား အလောင်းတော်သုဓနု ဘွားမြင်သည်၊ဂုင်းဓာတ်တော်ကိုရှေ့၌ ဖေါ်ပြလတံ့၊ဂုင်းမြို့ကို ယခုအခါ ဒီရပ်မြို့ခေါ်သည်။ ။

ထိုပြင် ဥတ္တရပဉ္စာလတိုင်း၏ အလယ်ဗဟိုရှိရာဌာနမှာ၊စာလိယတောင်၊ စာလိယတော၊ စာလိယမျှာရှိသည်၊ဂုင်းတောင်တောမှာ မြတ်စွာဘုရားရှင် နှစ်ဝါ၊ ဝါကပ်ဆိုတော်မူဘူးသည်။

၉။ ဇုန္ဒပတ္တနဂိုရ်မြို့သည်၊ ရှေးက ရံဘန်ရံခါ၊ကုရုတိုင်း၏မြို့တော် မင်းနေပြည် ဖြစ်ဘူးသည်။ကုရုတိုင်းသည် ယခုအခါ၊ ရာဇပုတ္တနနယ်မှာ ပါဝင်သည်၊ကုရုတိုင်းမှာ ပါဝင်သော သုစ်မြို့တော် ရှေးကရံဘန်ရံခါ မင်းနေပြည် ဖြစ်ဘူးသည်။ ကုရုတိုင်းနယ်တွင်းမှာ ရှေးက ပေါရိုဏ်းဒမင်းပုံးအောင်း၍ တောခိုသော နေရာအရပ်မှာ၊မြတ်စွာဘုရားရှင် သတိပဋ္ဌာန်တရားတော် ဟောကြားဆုံးမဘူးသည်။ ၎င်းနေရာကို ရှေးက၊ ကမ္မာသ

ဒမ္မရွာခေါ်သည်။ ယခုအခါ ထိုရွာသည် အထင်အလျားရှိသေး၏၊ နွားနို့ကိုပြုလုပ်သော ထောပတ်စစ် အလွန်ပေါသည်။ တပိဿာလျှင် ပိုက်ဆံ ၈ဝဲ လောက်ပေးရတတ်သည်။ ဝဲ၊ အာလူး အလွန်ပေါများသည်။ ပိုက်ဆံရှားသည်၊ အဘယ်ကြောင့် ကုရုတိုင်းဟူ၍ခေါ်ဆိုပါသနည်း။ ။ရှေးက စကြာမင်းကြီးလေးကျွန်းကို လှည့်လည်တော်မူရာ၊ မြောက် ဥတ္တရ ကုရုကျွန်းသူ၊ကျွန်းသားတို့ကို၊ ဤဓမ္မ။ဒိပါကျွန်းသို့ ခေါ်ဆောင်ခဲ့ပြီးလျှင် ဤနေရာဌာနမှာမြို့ရွာတိုင်းပြည်ကည်ထောင်ကာ၊ နေရာချထားသောတိုင်းပြည်ကြီးဖြစ်၍၊ကုရုတိုင်းဟုခေါ် ဆိုရပါသည်။ ။

၁၀၊ ထို့ပြင် ဥတ္တရပဉ္စာလတိုင်းနှင့်ကန္တာဇတိုင်းနယ်စပ်မြောက်ပိုင်း၊ဆိန္ဓုမြစ်နှင့် မဟီမြစ်ကြားမှာ၊သံသုမာရဂိရိ တောင်၊သံသုမာရဂိရိမြို့။ ဘဂ္ဂါယနရွာ၊ဘေသကလာတောများရှိသည်။သံသုမာဂိရိတောင် အနီးမှာ၊ ဘဂ္ဂါယနရွာသားများ ဆောက်လုပ်လှူဒါန်းသော တဲကျောင်းမှာ မြတ်စွာဘုရားရှင် တဝါ၊ ဝါကပ်ဆိုတော်မူသည်၊ သံသုမာရဂိရိမြို့မှာဗောဓိမင်းသားဘွားမြင်သည်၊ ၎င်းမြို့လည်။ ရှေးက မင်းနေပြည် မြို့တော် ဖြစ်ဘူးသည်၊ ပဉ္စာလတိုင်းပါဝင်သော သလာဟူရမြို့ ရှေးက ရံဘန်ရံခါ မင်းနေပြည် ဖြစ်ဘူးသည်။၎င်းမြို့ကို ယခုအခါ ဏာဟိမြို့ခေါ်သည်။ ဗုဒ္ဓဘာသာကိုးကွယ်သော အဆက် အနွယ်တွေများစွာ ယခုထက်တိုင် ရှိကြသေးသည်။မြို့လည်းစိကားသာယာပါသေး၏။ ဒေလိမြို့က ဒီးရထားနှင့် သွားရသည်။ရေအလွန်ကောင်းသည်။ နွားနို့ထောပတ် အလွန်ပေါသည်။ ၎င်းမြို့ရှိကုလားမတွေ အရက်အကြောက် အလွန် နည်းပါးသည်။ လူဆင်းရဲအလွန်ပေါသည်။ ။

ထို့ပြင် ကန္တာဇတိုင်းကို ယခုအခါ အနောက်မြောက် ပရိဘင့်နယ်ခေါ်သည် ရှေးက ကန္တာဇတိုင်းမှာ၊ သေတမြို့သည်းမင်းနေပြည် ဖြစ်ဘူးသည်။ ၎င်းမြို့ကို ယခုအခါ ပက်ရဝါမြို့ခေါ်သည်၊၎င်းမြို့မှာ၊ ယသောဓရာ အလောင်း စိရပဘာမင်းသို့ ဘွားမြင်သည်၊ ၎င်းဇာတ်တော် အလွန်ကောင်းသည်၊ရှေ့၌ ဖေါ်ပြလတံ့၊ ဂရုပြု၍ ကြည့်ရှုကြလေ။ တရားဟောပုဂ္ဂိုလ်များနှင့်လည်း အလွန် သင့်လျော်အောင် စီမံရေးသားလိမ့်မည်ဖြစ်ကြောင်း။ ။

ထို့ပြင် ကန္တာဇတိုင်း အနောက်ပိုင်းသိန္ဓုမြစ်၏ အနောက်ဘက် တလျောက်ကို ရှေးက၊ ယောနကတိုင်းခေါ်သည်၊ ၎င်းတိုင်းကို ယခုအခါ

ဘီလူးစစ်ဧတန်းယံခေါ်သည်။ သမ္မာသမ္ဗုဒ္ဓသာသနာတော် အလွန်ထွန်းကားဘူးသည်။ ယခုအခါမှာ၊သာသနာတော် ပရိယာယ်တိမ်ကောဖြစ်ပြီး ဘာသာနှင့် ခရာဇ်ယန် ဘာသာ လူမျိုးတွေသာ ရှိကြတော့သည်။ ရှေးကယောနကတိုင်း ဖြောက်ပိုင်း ဟိမဝန္တာ အနောက်တောင်ဘက် တောင်ဆွယ်တောင်ကမ်းပါးယံမှာ ဇင်္ဂလပုဏ္ဏားရွာရှိ ဘူးသည်၊ ၎င်းရွာမှာ၊ အရှင်နာဂသေန ရဟန္တာမထေရ်ဘွားမြင်သည်။ ၎င်းထေရ်သည် လောကုတ္တရာ ပရိယတ္တိများကို၊ မဂဓတိုင်း၊ ပါဘသိပုတ်မြို၊ အသောကာ ရာဇကျောင်း။ရဟန္တာအရှင်ဓမ္မရက္ခိတ မထေရ်မြတ်၏ထံပါးဒွသင်ကြားတတ်မြောက်သည်။ ။

အရှင်နာဂသေန ရဟန္တာမထေရ်မြတ်ဘွားမြင်တော်မူရာ၊ ဟိမဝန္တာတောင်ကမ်းပါးယံရှိ၊ဇင်္ဂလပုဏ္ဏားရွာမှာ ယခုအခါ ကုလားလူမျိုးတွေ ရှိကြပါသေး၏။ ရွာသိန်၊ ရွာငယ်ကလေးတွေ ဖြစ်နေကြသည်။ သင်္ဘောမျောက်ဥ၊ ပိန်းဥ၊ဗျဲဥ တွေစိုက်မျိုးလုပ်ကိုင်စားသောက်ကြသည်၊ အချို့နေရာမှာ၊ လဘက်ခြောက်စိုက်မျိုးကြသည်၊ တောင်ခြေမှာ ပြောင်း၊ ကြံ၊ အာလူးပေါသည်။အချို့နေရာမှာ၊ ကျောက်သင်္ချိုင်းကြီးများရှိနိုင်သည်။ ပိုက်ဆံတပြားပေးလျှင်၊ လူတယောက်စား၍ မကုန်နိုင်။ မလိုချင်အောင်ရှိသည်။ ထိုဇင်္ဂလရွာမှာ အရှင်နာဂသေန မထေရ်၏၊ အမိ-အဘ တို့လက်ထက်က အထိန်းအမှတ်ထားခဲ့သော၊ ကျောက်ဂူများ။ ကျောက်ပြား စိသော ရေတွင်း၊ရေကန်များ ယခုထက်တိုင် အထင်အလျား ရှိသေးသည်။ အရှင်နာဂသေနမထေရ်၏။ အဘ-အမိများမှာ သောလူတ္တရ ပုဏ္ဏားနှင့် သောလူတ္တရာပုဏ္ဏေမတို့ဖြစ်သတည်း။ ။

၁၁။ ဂန္ဓာလရာဇ်တိုင်း၊ တက္ကသိုလ်မြို့သည်။မင်းနေပြည် ဖြစ်ဘူးသည်။ဂန္ဓာလရာဇ်တိုင်းကို ယခုအခါ၊ အာဖဂန်နယ်ခေါ်သည်။ ဂန္ဓာလရာဇ်တိုင်း၊ဝါအာဖဂန်နယ်သည်၊ ရှေးက သမ္မာသမ္ဗုဒ္ဓ သာသနာတော် အလွန်ထွန်းကားဘူးသည်၊ ယခုအခါ အလုံးစုံပသိဘာသာတွေဖြစ်နေကြသည်။ အလွန်ဝမ်းနည်းဘွယ်ကောင်းပေစွ။

ဂန္ဓာလရာဇ်တိုင်းအကြောင်းပြီး၏၊

———○———

၁၂။ ဧရေတီယတိုင်း။ဝါ စေဟတိုင်း သာဂလမြို့သည်၊ ဗောဓိတိမင်းသို့ဖြူးလက်ထက်က၊ မင်းနေပြည်ဖြစ်ဘူးသည်။ ၎င်းမြို့သည်။ယဇသောဓရာ အာလောင်း၊ ဗန္ဓုမတိမင်းသို့ဖြူးလက်ထက်က၊ ဖွဖုံးမြို့ တွင်ဘူးသည်။ ၎င်းမင်းသို့၏ ဓာတ်တော်ကို ဝမ္မကထိကပုဂ္ဂိုလ်များ၏ အကျိုးငှာ ရှေ့ပေါ်ပြလတံ့၊ထိုမြို့ကို ယခုအခါ ကုလားလူမျိုးတွေက(ဆာဂလပုရ)မြို့ဟူ၍ခေါ်ကြသည်၊ ယခုထက်တိုင် ကြည့်ရှု၍ တင်းမတိမ်နိုင်းအောင်လှပယဉ်ကျေးသောမိုးနိမ့်ချာ၊ မိန်းမလှ၊ ကုလားမတွေ အလွန် ပေါများသေးသည်။ နှစ်စဉ် နတ်တော်လတိုင်း၊ ရာဇကြိုပ်မြို့၊ ဝေဘာရတောင် ခြေအရှေ့ဘက် ကရေပူတွင်းများသို့၊ ရေချိုးသွားလေ့ ရှိကြသည်။ ရာဂျဂိရ်ဘူတာက၊ လက်ဖက်ဝယ်၍ မိုးရထားနှင့် သွားလျှင်၊ သာဂလဘူတာကို ရောက်နိုင်သည်။

ထိုပြင် စေတတိုင်းမှာ သာဂလမြို့ တောင်ဘက် ယူဇနာနှစ်ဆယ်ကျော်ကျော်လောက် ကွာဝေးသောနေရာမှာ မဒ္ဒရာဇ်မြို့ရှိသည်၊ တေဝိမင်းသားဖြစ်တော် စန္ဒာဒေဝီမင်းသို့း ဝေဿန္တရာမင်း၏ မယ်တော်ဖု သတီမင်းသို့း ဝေဿန္တရာမင်း၏ ဇိဝှရားမဒ္ဒီဒေဝီမင်းသို့းတို့ ဘွားမြင်ရာ ဓာတိမြို့ဖြစ်သည်။ ယခုအခါကုလားလူမျိုးတွေက ထိုမြို့ကို မရုဂမြို့ဟူ၍ လည်း ခေါ်းလှုရှိကြသည်။ ၎င်းမြို့မှာ ယခုထက်တိုင် အလွန်လှပယဉ်ကျေးသော ကုလားမတွေ အလွန်ပေါများကြသည်၊ အထည်အလိပ်များ အလွန်ပေါသည်။ လက်ယက်ကန်းအလုပ်ကို များစွာကျွမ်းကျင်ကြသည်။ မဏ္ဍိမဒေသဖြစ်သော ၎ကန္ဓိယနိုင်ငံမှာ ယခုင့်ကြသောကုလားဧော်ဘွား ရာဓာများ၏ မယ်တော်များဖြစ်စေ၊ မိဖုယားများဖြစ်စေ၊ ဥစ္စာဓနပေါကြွယ်ဝသော မိန် မများဖြစ်စေ၊ ဂုဏ်အသရေရှိသောမိန်းမများသည်။မဒ္ဒရာဇ်မြို့က ယက်လုပ်သော အထည်များကိုသာ ဝတ်လေ့ ဆင်းလေ့ ရှိကြသည်။ ကုလားမများတို့ အသုံးပြုလေ့ရှိသော အပေါ်ဝုံတထည်ငါးရာ၊ ဝါ။ ခြောက်ရာဝါ၊ ရှစ်ရာ၊ ဝါ၊ တဆောင်ထိအောင်များ ပေးရတတ်သည်။မြန်မာသက္ကရာဇ် ၁၂၄၀ ပြည့်နှစ်မှာ ဘုန်းကြီးကိုယ်တိုင် ကုသိနာရုံကာဆီယာမြို့ စေ်ဘွား ကုလားအိမ်မှာတော့ ဖြင့်ခဲ့ရဖူးသည်။

ထိုပြင်မဒ္ဒရာဇ်မြို့၏ အနောက်တောင်အရပ် ယူဇနာနှစ်ဆယ်လောက် ကွာဝေးသောနေရာမှာ ဝေဒိသမြို့ရှိသည်။ ၎င်းမြို့ကိုယခုအခါ (ဆန်ချီ) မြို့

ဟူ၍ခေါ်ကြသည်။ အာဂရာမြို့က မိုးရထားနှင့်သွားလျှင် ခရီးလမ်းစဉ် အလွန်သင့်လျော်သည်။ အချို့နေရာမှာ မိုးရထားကဆင်းသျှင် မော်တော်ကားနှင့်လည်း အနည်းငယ် တဆင့်သွားရတတ်သည်။ သို့သော်လည်း မခဲယဉ်းချေ။ ဂုင်းလမ်းစဉ် ခရီးစဉ်မှာ ထန်းပင် ဒန့်သလွန်းပင် သရက်ပင်တွေ အလွန်ပေါသည်။ အပြောကောင်းသော ရှေ့ဆောင်တယောက်ပါလျှင် အလွန်နားထောင်ကွယ်ရာတွေ များသည်။ လွမ်းစရာလည်းကောင်း၏ ဇီးပင် ဇီးသီး အလွန်ပေါသည်။ အပင်အောက်မှာ မည်သူမဆိုကောက်ယူ၍ စားသောက်ကြလျှင် အတိုးအစမရှိ၊ အပင်ပေါ်ရှိအသီးများကို အလိုရှိလျှင် ပိုက်ဆံပေးရသည်။ ထိုဝေဒိသကမြို့သည်။ သိရှိမပွားသောက မင်းကြီး၏ အဂ္ဂမဟေသိဝိဒိုယားကြီး၏ဘွားမြင်ရာဇာတိအရပ်ဖြစ်သည်။ ဂုင်းဝိဒိုယားကြီး၏အမျိုးအနွယ်မှာ သူဌေးမျိုးဖြစ်သည်။ ဝေဒိသကသူဌေး၏သွီး ဝေဒိသက ဒေဝီဟူ၍ ငယ်မည်တွင်ပြီးမှ ပါတလိပုတ်မြို့သို့ရောက်၍ တောင်နှုန်းစံအဂ္ဂမဟာသိ ရာထူးရသောအခါကစ၍ အသွှဲဝိတ္တာ ဝိဒိုယားကြီးဟူ၍ ကျော်ဝေါဟာရလျှားလေသတည်း။ မဟိန္ဒသားတော်နှင့် သွီးတော်သမင်ဝိတ္တာတို့ကို ဘွားမြင်သည်။ ဝေဒိသကမြို့မှာ စေတီကြီးများရှိသေးသည်။ ကျောင်းတောင်းများ ပျက်စီးကုန်ပြီ၊ နေရာလောက်သာ ရှိတော့သည်။

ထိုပြင်စေတတိုင်း တောင်းပိုင်းနယ်စပ်မှာ ရှေးကအမရဝတီမြို့ရှိသည် ဂုင်းမြို့ကိုယခုအခါ၌လည်း အမရဝတီမြို့ဟူ၍ ကုလားလူမျိုးတွေက ရှေးအမည်အတိုင်းပင် ခေါ်ဝေါ်သမုတ်လျက်ရှိနေကြသည်။ ဂုင်းအမရဝတီမြို့မှာ အလောင်းတော် သုမေဓါရသေ့ ဘွားမြင်သည်။ ကပ်ကမ္ဘာ ဘယ်လိုပင် ပြောင်းလဲသော်လဲ နေရာမပြောင်း အမည်မပြောင်းဘဲ အမရဝတီဟူသောအမည်သည်အစဉ်ပါသည်ဟူ၍သာ်ကရိုက် ကျမ်းဟောင်းကြီးများ၌အဆိုရှိသည်။ စေတီပျက် ကျောင်းပျက်များ အထင်အလျားရှိသေးသည်။ ဂုင်းမြို့ရှိကုလားလူမျိုးတွေ ရသေ့ပြုံလုပ်၍ ကသိုဏ်းနှင့် မေတ္တာဘာဝနာများ ဆင်ခြင်နှလုံးသွင်းလေ့ရှိကြသည်။ သုမေဓါရသေ့ တောထွက်ခန်းကို ပြောဟောတတ်သူများ ရောက်သွားလျှင် မည်သည့်ဘာသာဝင် လူမျိုးတို့မဆို အလွန်နှစ်သက် ကြည်ညိုကြသည်။ အစားမရှား အသောက်မရှား ပေးချင် ကမ်းချင်သူ အလွန်ပေါသည်။ သုမေဓါရသေ့၏ရုပ်ပုံကို အိမ်တိုင်းခွဲထား၍ ယာရထက်တိုင် ကိုးကွယ်လျက်ရှိနေကြသည်။ ဗုဒ္ဓဝင်ကိုဟော

ပြော၍ သာသနာပြုရလျှင် ကောင်းကောင်းဖြစ်နိုင်ပုံ အရိပ်အမြွက်များ ပေါ်သေး၏။

ထိုပြင် စေတတိုင်းအနောက်ဝိုင်း ဝေဒိသကမြို့၏ အနောက်တောင် ဂုစ်ယူဇနာလောက် ကွာဝေးသော အရပ်မှာ ဘူပါလမြို့ရှိသည်၊ ၎င်း မြို့ကို ယခုအခါ(ဘူပါလ်)မြို့ဟူ၍ခေါ် ကြသည်။

စေတတိုင်းအကြောင်းပြီး၏။

—o—

၁၃။ ပုဂံအုပ်တိုင်း အာတုမမြို့နှင့် ဘဒ္ဒဝတီမြို့။ ၎င်းနှစ်မြို့သည်ရှေး က တလွဲစီမင်းနေပြည်ဖြစ်ဘူးသည်။ ယခုအခါ မီးရထားဘူတာရုံကြီး များရှိကြသည်၊ မြို့အခင်း အကြင်းကောင်း၏။ ဈေးမရှိ၊ အိမ်ဆိုင်အလွန်ပေါ သည်၊ ကြေးနီ ကြေးဝါကိုပြုလုပ်သော ဝတ္ထုပစ္စည်းပေါသည်၊ အလွန် အသွားထက်သော၊ အလွန်သံကောင်းသော၊ ကပ်ကြေးများ၊ ကွမ်းညှပ်များ၊ ခေါင်းရိပ်ထားများ အလွန်ပေါသည်၊ မြို့တွင်း မြို့ပြင်သရက်ပင် အလွန်ပေါ သည်၊

ပုဂံအုပ်တိုင်းအကြောင်းပြီး၏။

—o—

၁၄။ ဝံသတိုင်း ကောသမ္ဗိမြို့ မင်းနေပြည်ဖြစ်ဘူးသည်။ ယခုအခါ (ကိုဆန်) မြို့ခေါ် သည်၊ မြို့အခင်းအကျင်း အလွန်ကောင်းသည်။ စိတ်နှလုံး ဖြူဖြောင့်သော ကုလားတွေ အလွန်ပေါများသည်။ အရောင်း အဝယ်နေရာ မှာ စကားပြော၍အလွန်ကောင်းသည်။ ကုလားသူဌေးတယောက်မှာ ခရီး သွားလာသောအခါတိုင်း အသုံးပြုသောတောဖြင်းကျား ခြောက်ကောင်ရှိ သည်၊ ဆင်ဖြင်ထားသော အခါ အလွန်လှသည်၊ ကလေးသူငယ်တို့ ဆိတ် လှည်းများကို အသုံးပြုလေ့ရှိကြသည်။ ဧယာသကဇာတ် ကျွတ်တန်းဝင် ခန်း ၎င်းမြို့မှာဖြစ်ပေါ် သည်၊ တရားဟော၍ အလွန်ကောင်းသည်။ မြို့တိုင်း ရွာတိုင်း အလွန်နှစ်သက်ကြသည်။ ကျက်မှတ်၍ဟောပြောကြလေ။ ထိုမြို့ မှာပင် မြတ်စွာဘုရားရှင် တဝါ ဝါကပ်ဆိုတော်မူဘူးသည်။ ဝံသတိုင်း

အရှေ့ပိုင်းနယ်သတ်နားမှာ ရှေးက ဝါးတောကြီးတရုရှိသည်။ ၎င်းတောမှာ ရှင်အနုရုဒ္ဓါဂုဟာနှာဖြစ်သည်။

ဝံသတိုင်းအကြောင်းပြီး၏။

——o——

(အမှာ) ဖေဘြဲခဲ့ပြီးသော စေတတိုင်း၊ပုဂံနှစ်ပုတိုင်း၊ဝံသတိုင်း၊၎င်းသုံးတိုင်းကို ယခုအခါ အလယ်အငြိုင်းနယ်ဟူ၍ခေါ်သည်၊

ထိုဘြင် ဝံသတိုင်း၏ အရှေ့ဘက်ဂ မဟိသ်ကတိုင်းနှင့် လာလတိုင်းကိုယခုအခါ(အိုရုန္တား)နယ်ခေါ်သည် ယခုပြသောမဟိသ်ကတိုင်းနှင့် မဏ္ဍိမဒေသ၏ တောင်ဘက်၌ရှိသော မဟိသ်ကတိုင်းတို့ နာမည်ခြင်း တူသောကြောင့် အပြောလွဲနေတတ်သည်။ သတိပူကြလေ။

၁၅။ လာလတိုင်းသည် လွန်ခဲ့သောနှစ်ပေါင်း သုံးထောင်လောက်က အလွန်ကြီးကျယ်သော ဆင်ပုံး၊ ကျားအောင်း၊ ခြင်္သေ့အောင်း တောကြီးဖြစ်၏၊၎င်းတောကြီးထဲမှာ ကျောက်ဂူကြီးနှင့်နေသော ခြင်္သေ့မင်းတကောင်လဲရှိသေး၏၊အကြီးအကြယ်တောကြီးဖြစ်နေစဉ်ကလဲလာလတောကြီးပင်ခေါ်ကြသည်။ သိဟဗာဟုနှင့် နှစ်မတော် သိဟာသိဝလိတို့ ၎င်းတောကြီးရှိ ကျောက်ဂူထဲမှာပင် ဘွားမြင်ကြသည်၊ ၎င်းတို့၏မယ်တော်ကသရီ မင်းသို့ကြီးသည်၊ ခြင်္သေ့နှင့် အကြောင်းဆက်လက်သောကြောင့် ထိုမင်းသား မင်းသို့တို့ ဖြစ်ထွန်းပေါ်လာ ကြရလေသည်၊ တဖန်ထိုမောင်နှစ်ဖ နှစ်ယောက်ပင် အကြောင်းဆက်လက်ထိမ်းမြားပြန်သော အခါ သားတော်ဝိဇယမင်းသားကို ဘွားမြင်ပြန်၏။ယခုဖော်ပြခဲ့သောလာလတောကြီးသည်။ သိဟဗာဟု မင်းလင်ထက်ကျကာလမှ သုတ်သင်ရှင်းလင်း၍ သိဟပုရမြို တည်ထောင်ပြီးလျှင် လာလတိုင်း သိဟပုရမြိုဟူ၍ ထင်လျှားကျော်စောလာလေသည်၊

ထိုဘြင်သာလတိုင်းအရှေ့ပိုင်း ပင်လယ်ကမ်းနားမှာ ဒန္တပုရမြို့ရှိသည်။ ၎င်းမြို့ကိုယခုအခါ(ကျဂနတ်)မြို့ဟူ၍ခေါ်သည်။ တငါသည်အလုပ်နှင့် အသက်မွေးသူတို့အလွန်ပေါသည်။ ၎င်းမြို့၏အရှေ့ဖြောက် ဗြဟ္မဒိုဖြစ်ကမ်းရှိ ကာတက်မြို့သည်၊ ရှေးကမြို့ဟောင်း ရှေးကအမည်ဟောင်းပင် ယခုထက်တိုင် အထင်အလျားရှိသည်။ ၎င်းမြို့မှာ မြန်မာပြည်က တိုင်တားမင်းကြီးကို အာဂိလိပ်များကပို့ထားသည်။ ကာတက်မြို့တည်ရှိသော ဗြဟ္မ

နိုဗြစ်ကိုရှေးက နေရဇ္ဇရာဖြစ်ခေါ်သည်။ ကာဝကဖြို့သည်။ မိုးရေထား ဘူတာရုံကောင်း၏။ ဖြို့နေအိမ်ခြေစိကား၏။ ၎င်းဖြို့ရှိ ကုလားတွေ ပေါင်းသင်းဆက်ဆံမကောင်း အလွန်စိတ်တိုသည်။ စကားတိုတို ပြောလေ့ရှိသည်။ ဘာသာမတူ ဓာတ်မတူလူမျိုးများ တဦးနှင့်တဦး စားရေးသောက်ရေး ကိစ္စမျာအလွန်ခဲယဉ်း၍ အကြပ်အတည်းနှင့် တွေ့ကြုံတတ်သည်။သတိမူလော၊

လာလတိုင်း အချို့နေရာများမှာ၊ယခုထက်တိုင်တောကြီးများ ရှိတဲ့နေရာလဲ ရှိကြသေး၏။ ထင်ရှားရှိသေးသော တောကြီးများမှာအခြေလေးချောင်းရှိသော သတ္တဝါများရှိကြသေး၏။ ဌက်အမျိုးမျိုးလဲ ရှိကြသေး၏ ၎င်းတောရှိ သတ္တဝါတွေကို နည်းအမျိုးမျိုးတို့ဖြင့် ဘမ်းယူပြီးလျှင်ကာလကတ္တား တိရစ္ဆာန်ရုံသို့ ပို့ကြသည်၊ဆိုင်ရာ အရာရှိများက ပေးပို့လာသူတို့အား ဆုလာဘ်ပကာများပေးသည်။

လာလတိုင်းနှင့် မဟိသ်ကတိုင်း အကြောင်းပြီး၏

(အထူးမှာထားခြင်း) ရှေးကမဏ္ဍိမဒေသ အရှေ့ပိုင်း ပင်လယ်ကမ်းရိုးတလျှောက်ရှိသော လာလတိုင်း ဝေရဇ္ဇယတိုင်း (ဥတ္တရပထတိုင်း။ ဝါ၊ ဥက္ကလာပတိုင်း) ဝင်္ကတိုင်း ကလိင်္ဂတိုင်း မာလာကုတ တိုင်း ၎င်းခြောက်ခုသော တိုင်းပြည်တို့သည်။ ဘုရင်အချင်းချင်း ဆွေတော်မျိုးတော်ချင်း ဖြစ်ဘူးသောအခါလည်းရှိကြ၏။ ရံဘန်ရံခါ ထိုခြောက်ပြည်ထောင်လုံးကို ပေါင်း၍ ကလိင်္ဂတိုင်းက ဘုရင်တပါးတည်း ထား၍ အုပ်ချုပ်တဲ့အခါလည်း အုပ်ချုပ်ခဲ့ရဘူးသည်။ ဤကဲ့သို့အုပ်ချုပ်ခဲ့ရတဲ့ အခါမှာ အလုံးစုံကို ကလိင်္ဂတိုင်းဟူ၍ပင် အမည်တမျိုးတည်း တွင်ဘူးတဲ့အခါလည်း ရှိ၏၊ ဟူ၍သင်္ကရိုက် ဘာသာရောင်ပေါင်းကြီးများမှာတွေ့ရှိရဘူးသည်။ယခုအခါ ၎င်းတို့ဒေးပြည်များကိုပေါင်း၍ မဒရပ်နယ်ဟူ၍ခေါ်သည်။

၁၆။ လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင် ခြောက်ရာခန့်လောက်က ကလိင်္ဂတိုင်းတွင် ပါဝင်သော ဝေရဇ္ဇယတိုင်း ရှိ၏။ ယင်းဝေရဇ္ဇယတိုင်းမှာ အလွန်စိုကား သာယာဘူးသော၊ ဝေရဇ္ဇယရွာကြီးရှိသည်။ ရံဘန်ရံခါ ဝေရဇ္ဇယမြို့ဟူ၍လည်း အမည်တွင်ဘူးသည်၊ ၎င်းတိုင်း အပါ

အဝင် ပင်လယ် ကမ်းရိုး တလျောက်မှာ၊ ဌက်ပျော်ပင် တောကြီးတွေ တမ ပင်တောကြီးတွေ အကြီးအကျယ် ရှိတူးသည်။ ထိုတောကြီးများ၌ ဘီလူးသတ္တဝါများလည်း၊ အလွန်ပျော်ပါး၊ကျက်စား နေထိုင်လေ့ ရှိကြသည်။ အချို့သောဘီလူးများလည်း ယဉ်ကျေးကြ၏ ဘီလူး အပေါင်းတို့၏ အကြီး အမှူးဖြစ်သော (နဋ္ဌရ) အမည်ရှိသော ဘီလူးသည်၊ နယ်အကျယ် ဆုံးပိုင်စား၏။ ၎င်း နဋ္ဌရအမည်ရှိသော၊ ဘီလူး၏ပိုင်စားနယ်ပယ်တွင် အပါ အဝင်ဖြစ်သော၊ ဝေရဇ္ဇပ္ပ မြို့ နိုးမဝေးမှာ၊ အလွန် ကြီးကျယ်စိုး ကားသော တမာပင်ကြီး တပင်သည်ရှိ၏။ ၎င်းတမာပင်ရင်း၌၊ မြင်စွာ ဘုရားရှင်သည်၊ ဝေရဇ္ဇ၊ပဏ္ဍားကြီး၏ပင့်ဖိတ်ချက် အရ၊ နောက်ပါ သံဃာတော်များနှင့် တဝါး၊ ဝါကပ်ဆင်တော်တူးသည်။ ဝေရဇ္ဇယ မြို့ကိုပင် ဝေရဇ္ဇယခေါ်ဟူ၍ ခေါ်သည်။ မြို့ကတဌာန၊ ရွာကတဌာန ဟူ၍ခွဲခြား၍ မယူရ။ တနေရာတည်း၊ တဌာနတည်းပင် ယူကြရမည်။ ဝေရဇ္ဇယ မြို့ကိုပင် ဝိဇယဂိရိမြို့ဟူ၍ ခေါ်သည်၊ ယခုအခါ၊ ဝိဇဂပတ်မြို့ဟူ၍ခေါ် သည်။ မြန်မာနိုင်ငံ ရန်ကုန်မြို့နှင့် သဘော်လမ်း ဆက်သွယ်သည်။ ယခု အခါမှာ အလွန်စိကားသာယာသည်။သို့သော်လည်း မြို့သူမြို့သားတို့ အ ပြော အဆို အလွန်ရိုင်းစိုင်းသည်။စေတီပျက် ကျောင်းပျက် နေရာများရှိ သေး၏၊ သဘော်ဆိပ်နှင့် မီးရထားဘူတာရုံများ ရှိသည်။ အလွန်ကြမ်း ပိုးကုံကသည်။ အလွန်ခြင်ကိုက်သည်။ ညဦးအိပ်ကြနှင့်၊မီးရထားပေါ် မှ ပါလာသော အချို့ကြမ်းပိုးများသည်လည်း လက်နှင့်ဘမ်း၍ အသေအချာ ကြည့်လျှင် အမွေးတွေ မြင်ရသည်၊ စက်ဆုပ်ဖွယ် ကောင်းပေစွ။ ထို့ ပြင်ဝိဇဂပတ်မြို့၏ အရှေ့ဖြောက် ပင်လယ်လမ်းမှာ၊ ဂန္ဓုန်မြို့ ရှိသည်။ ရန်ကုန်မြို့နှင့် သဘော်လမ်းဆက်သွယ်သည်။ မြို့၏ အနောက်ဘက်မှာ ဝိဇဂပတ်မြို့နှင့် အတူတူ။ ။

ကလိင်္ဂရာဇ်တိုင်း၏ တစိပ်ဖြစ်သော ဝေရဇ္ဇယတိုင်း

အကြောင်းပြီး၏။

—o—

၁၇။ ကလိင်္ဂရာဇ်တိုင်းပါဝင်သော၊ ဥတ္တရဝဏတိုင်း။ ဝါ၊ ဥက္ကလာပ တိုင်း အတိသဗ္ဗုန်မြို့။ ဝါ၊ပေါက္ခရဝတီမြို့သည်။ ရှေးက၊ ဝဇ္ဇိသ၊ ဘဂ္ဂိ ကညိုနောင်တို့ မွေးဖွားရာ ဒေသဖြစ်သည်။ဤတိုင်းပြည်သူ၊ ပြည်သားတို့သည်၊ မြောက်ဘက် အရပ်၊ မဂဓဘိုင်း၊ အင်္ဂဘိုင်းများသို့၊ ကုန်းရောင်း

ကုန်ဝယ်သွားလာလေ့ရှိသည်။ တောင်ဘက်ပင်လယ်ကမ်းတလျှောက်ရှိ၊ တိုင်းပြည်နယ်ပယ်များကလည်း။ ထို့အတူ၊ ဥတ္တရပထတိုင်းဂိုဖြတ်သန်း၍၊ မြောက်အရပ်သို့ ကုန်ကူးသန်း သွားလာလေ့ ရှိကြသည်။ ထိုတိုင်းသည် မြောက်အရပ်သို့ ကုန်ချောင်း ကုန်ဝယ် သွားလာရာ လမ်းဆုံလမ်းမကြီးသဖွယ်ဟူ၍၎င်း၊ မြောက်အရပ်သို့ ကုန်ကူးသွားသူတို့စခန်း၏ချရာအရပ်ကြီးဟူ၍၎င်း၊ မြောက်အရပ် ကုန်များနှင့်တောင်အရပ်ကုန်များ။ အချင်းချင်းလဲသွယ်ရာ ဗဟိုရုံချက်မအရပ်ကြီးဟူ၍၎င်း၊ထင်လျှား ကျော်ဿသောကြောင့်၊ ဥတ္တရပထတံငိုးဟူ၍၊ ကုလားလူမျိုးများတို့ ခေါ်တွင်သမုတ်ကြလေသည်။ ထိုအခါတုံးက မင်းဟူ၍ အသီး အခြားမရှိ။ ကလိင်္ဂရာဇ်မင်းက သော်၎င်း၊ ဝင်္ကတိုင်း၊ ဝင်္ကရာဇ်မင်းက သော်၎င်း။ အလွှာလွှာကျ အုပ်ချုပ်ကြသည်။ အလွှာလွှာသော မင်းကအခွန်အကောက်ယူကြသည်။ ဥတ္တရ ပထတိုင်းမှာ၊ ရှားကမြင်းများမွေးလေ့ရှိကြသည်။ အလွန်ကြီးထွားသည်၊ အားခွန်ဗလ ကောင်းသည်။ မြင်းကုန်သည် အလွန်ပေါသည်။ မြင်းပွဲစားများ အလွန်ပေါသည်၊ ယခုလဲ ထိုအခါတုံးကမြင်းများ အဆက်အနွယ်တွေရှိကြသေး၏။ ။

ဥတ္တရပထတိုင်းအကြောင်းပြီး၏။

—o—

၁၁။ ဝင်္ကတိုင်း၊ဝင်္ကဖြိုသည်ရှေးကမင်းနေပြည်ဖြစ်သည်။လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ကျော်လေးဘက်။ ၎င်းတိုင်းရှိ ဝင်္ကရာဇ်မင်းနှင့် ကလိင်္ဂရာဇ်တိုင်းရှိ၊ ကလိင်္ဂရာဇ်မင်းသို့သည် ထိမ်းမြားလက်ထပ်ကြီး၊ ဝင်္ကဖြိုမှ ထီးနန်းစိုစံတော်မူကြရာ သိဟဗာဟု၏မယ်တော်။ ကောသမိမင်းသို့ကဲ့သို့ မြင်သည်။ ဝင်္ကဖြိုမှာ ယခုအခါ ဒီးရထားဘူတာရုံရှိသည်။ ၎င်းဝင်္ကတိုင်းမှာ ပင်လယ်ကမ်းနှင့်လည်း မနီးမဝေး၊ ကောင်္ကိုမာရခေါ်တွင်ဘူးသော၊ ဂေါဒါဝရီမြစ်နှင့်လည်း မနီးမဝေးသော နေရာမှာ၊ အာခဲ့သည် တောင်တန်းတခုရှိသည်။ ၎င်းတောင်ခြေပတ်ဝန်းကျင်ရှိ၊ တောအရပ်ဝေးထဲမှာ ရှေးက ဆင်မျိုးရတနာ အဖြာဖြာသော သတ္တဝါတို့သည်၎င်း၊ နွားလား ဥသဘနှင့် မြင်းသတ္တဝါတို့သည်၎င်း၊ သစ်၊ကျား၊ ခြင်္သေ့ တို့သည်၎င်း။ တွန်မြည်ရင့်ကျူး၊အုတ်းအင် ရွှင်ညံ့၊အသံများကိုလည်း ညည်း၊နံကဲတိုင်းကြား၊မြင်ရမြဲဖြစ်လေသည်။ တောင်ခြေပတ်လည်၊ တောရှိသမျှနယ်ပယ်

တွင်းမှာမြှုးထူးပျော်ပါး၊သွားကြ၊လာကြ မည်ကြ၊ တွန်ကြ၊သင့်ဝါများနှင့် သစ်ပင်ဟူသမျှ၊ခက်ရွက်ညွှန့်ဖူး၊ ယှက်ကူး၊သိုင်းမို့၊ စိမ်းညို့မှိုင်း၀ေ၊ပင်ခြေရှင်းရှင်း။ သင်းသင်းပျံ့မွှေးသော။တောအရေးဇော်တင့်တယ်ခြင်းကို။မြေဝါခါရွှခါ၊ လှည့်ခါပတ်ခါ၊ ရိပသိုခါနှင့်သွားစရာ၊လာစရာတွေ။စားစရာမြိန်ငံစရာသစ်သီး၀လံတွေလဲအလွန်ပင်ပေါများသောနေရာဌာန၊ စိမ့်တောမြိုင်တောကြီးဖြစ်ခဲ့ဘူးသည်၊ ယခုအခါမှာ မြို့သစ်၊ ရွာသစ်တွေ၊လယ်ယာ၊ ဥယျာဉ်တွေဖြစ်ကုန်ပြီ။ရှေးက ပင်လယ်ကမ်းနားရှိ၊ ကောင်္ကိုမာရဖြစ်နား၊ အာရဇွယတောင်ဆိုတာ၊ မင်းကျွင်တရားပွက်သော၊ အပြစ်ရှိသောမင်းများကို၊ တိုင်းပြည်မှ နှင်ထုတ်သောအခါ၊ ၎င်းတောင်၊တောသို့သွားရောက်နေထိုင်ကြရလေသည်။ အဲလောင်းတော် ၀ေဿန္တရာမင်းကြီးလက်ထက်က၊အမတ်ကြီးတယောက်သည်၊ ၀ေဿန္တရာမင်းကြီးကို၊အပြစ်မရှိပါလျက်နှင့် နတ်များလှည့်ပတ်သောကြောင့်၊၎င်းတောင်သို့ ထွက်သွားရမည်၊သို့သည်းမင်းကြီးကစေခိုင်းသည်ဟူ၍၊မှားယွင်းငြီး လျှောက်ထားဘူးသည်။ နောက်ဖွမိမိလျှောက်ခြင်းသည်၊ မှားယွင်းစွဲတ်ချော်၍သာလျှောက်ထားမိကြောင်းသိရှိ၊အဖတ်ရသောအခါမှ၊မိမိလျှောက်ထားမိသော စကားကို ပြန်၍ ပယ်နှုတ်ရလေသည်၊ဤစကား အချက်မျှားသည်။ ၀ေဿန္တရာဇာတ်အဋ္ဌကထာမှာ ပါရှိလေသည်။ ။

၁၉။ ကလိင်္ဂရာဇ်တိုင်းရင်းကို ယခုအခါ၊ မဒရုပ်နယ်ခေါ်သည်။ ၎င်းကလိင်္ဂရာဇ်တိုင်းအမရ၀တီမြို့သည် ရှေးကမင်းနေပြည်ဖြစ်ဘူးသည်၊ ၎င်းမြို့ကို ယခုအခါ မဒရုပ်မြို့ဟူ၍ ခေါ်သည်။မြန်မာနိုင်ငံ ရန်ကုန်မြို့နှင့် သဘော်လမ်း ဆက်သွယ်သည်၊ မီးရထားဘူတာ နှစ်ခု ရှိသည်၊မြောက်ဘက်ဘူတာက၊ မြောက်ပိုင်းနှင့် အနောက်မြောက်ပိုင်း သွားသည် ။အနောက်တောင်ရှိဘူတာက၊ အနောက်တောင်နှင့် တောင်ပိုင်း သို့ဟိုဠ်ကျွန်းရောက်အောင် သွားသည်။ ဗုဒ္ဓဘာသာရောင်ရောင်၊ အဆက်အနွယ်များ၌ကြသေး၏၊ သို့သော်လဲ ဗုဒ္ဓဘာသာ အမှန်အစစ်မဟုတ်။ သတိမူကြလေ။

ထို့ပြင်အမရ၀တီမြို့၏ အနောက်မြောက် ယူဇနာ လေးဆယ်လောက်ကွာ၀ေးသောနေရာမှာ ဒုန္ဒိဝိဠ္ဍာကြီးတည်ရှာရှိသည်။ ၀ေဿန္တရာမင်းကြီးရှိစဉ် ခေတ်အခါတုန်းက ဇာလိကာဏ္ဍာဇိန်တို့ကို အလှူခံသော ဗုဒ္ဓကာပုဏ္ဏားနှင့်မယား အမိတွားပုံတို့နေဘူးသည်။ အမိတွားပုံသည် မထင်ရှား

သော ချောင်းငယ်ကလေးတခုသို့သွား၍ ရေခပ်ရာ အခြားပုဏ္ဏားမတို့၏ ကဲ့ရဲ့ပြစ်တင် စကားတင်းဆင့်ခြင်းကို များစွာခံခဲ့ရဘူးသည်။ ၎င်းတို့ငယ်မှာ သွားလာသော ယာဆအခါ၌ အချို့သောမိုးရထားများ အလွန်ကြမ်းပိုးကိုက်သည်။ လူဆင်းရဲအလွန်ပေါလည်း၊ ခရစ်ယာန်ဘာသာတွေ အာလွန်များသည်။

ကလိင်္ဂရာဇ်တိုင်းအကြောင်းပြီး၏

— ၀ —

၂၀။ မဏ္ဍိမဒေသခေါ်သော ဥာန်ဒီယာတိုင်းပြည်၏ တောင်ပိုင်း အာစွန်ဆုံး ပင်လယ်ကမ်းနားမှာရှိသော မာလာကုတတိုင်းကို ယခုအခါ မဒရင်နယ်တောင်ဘက် အစွန်ပိုင်းခေါ်သည်၊ ၎င်းတို့မှာ ရှေးက မရူခမြို့ မင်းနေပြည်ဖြစ်ဘူးသည်။ ၎င်းက သိပ္ပိုဋ္ဌသွားသော မိုးရထားလမ်းမှာ နာနတ်ခူညည် အထည်အလွန်ပေါသည်။ မရူခမြို့ မရူခမင်းသို့နှင့် သိပ္ပာဟု၏သား ဝိဇယမင်းသားတို့ လက်ဆက်ထိမ်းမြားခဲ့၍ လက်ဒီပခေါ်သော သိပ္ပိုဋ္ဌကျွန်းမှာ ကလျာဏီမြစ်နှင့် ဂင်္ဂါမြစ်ကြားမှာ တမ္ပပါဏိမြို့တည်၍ နန်းစံလေသည်၊ မရူခမြို့သည်၊ ယခုထက်တိုင် အမည် မပြောင်းလဲဘဲတည်ရှိနေသေးသည်။မာလာကုတတိုင်း တောင်ပိုင်းအစွန်နားမှာ လမ်းမြောင်လမ်းကြား အလွန်ပေါသော တောင်တလုံးရှိသည်၊ ၎င်းတောင်ခြေမှာ ဥတုကောင်း၏။ တရားတော်များအားထုတ်၍ နှလုံးသွင်းနေထိုင်ရန် သာလွန်ကောင်းသည်၊ သစ်သီးဝလံများ စိုက်ပျိုးလျှင် ဖြစ်ထွန်းလွယ်သည်၊လေကောင်းသည်၊

မာလာကုတတိုင်းအကြောင်းပြီး၏။

— ○ —

၂၁။ မဏ္ဍိမဒေသ တောင်ဘက်ရှိ မဟိသ်ကတိုင်းနှင့် စူဠရဋ္ဌတိုင်း တို့ကို ယခုအခါမိုင်ဆိုနယ်ဟုခေါ်သည်၊ ။မဟိသ်ကတိုင်း ကာက ရာဇဋ္ဌာနီမြို့၌ မင်းနေပြည်ဖြစ်ဘူးသည်။ ဒိသာပါမောက္ခဆရာ ရှိဘူးသော ကြောင့် တက္ကသိုလ်မြို့ဟူ၍လည်း တွင်ဘူးသည်။၎င်းမြို့ကိုယခုအခါ မိုင်ဆိုမြို့ခေါ်သည်၊ များသောအားဖြင့် မိုင်ဆိုနယ်ကလူမျိုးတွေ သိပ္ပိုဋ္ဌကျွန်းသို့ သွားရောက်ကူးသန်း ရောင်းဝယ်လေ့ရှိကြသည်။ မိုင်ဆင်မြို့မှာ ယခုရှိကြသော ကုလားတွေ ဗုဒ္ဓဘာသာ ရဟန်းတော်များနှင့် တွေ့ဆုံမိ

၂၅။ မဇ္ဈတိုင်း အဓိပတိမြို့ သာမည မထင်ရှားသော မင်းနေပြည်ဖြစ်ဘူးသည်။အလွန်ကြီးကျယ် အုံ့ညြဘွယ်ရာကောင်းသော ကျောက်ဂူကြီးတခုရှိသည် အရှင်ဂေါတမ မြတ်စွာဘုရားရှင် ခေတ္တသီတင်းသုံးဘူးသည်။ ယင်ဆထက်တိုင် ထိုဂူကြီးသည်၊မပျက်မစီးရှိသေး၏၊ ရံဘန်ရံခါ ကုလား ရဟန်းများနေလေ့ရှိကြသည်။အနီးအနားမှာ ဟနုမန်မြောက်ကို ကိုးကွယ်သူတို့ အလွန်ပေါများသည်၊ ဆန်စပါး အသင့်အတင့်လုပ်ကိုင်ကြသည်၊ အထည်အလိပ်များလည်းထွက်၏။အဓိပတိမြို့ကို ယခုအခါ အရံဂဘတ်မြို့ခေါ်သည်။ မီးရထားဘူတာရုံရှိသည်။ မဇ္ဈတိုင်းသည်။ ဘုံတိုင်နယ်နှင့် ဟိုင်ဒရာဘတ် နယ်များ၌ တဝက်စီပါဝင်သည်။အဓိပတိမြို့သည် ဟိုင်ဒရာဘတ်နယ်တွင် လုံးလုံးပါဝင်သည်။ တိုင်းနယ်တဝှမ်းလုံး မြေသြဇာ အလွန်ပြုပြင်နိုင်မှုကောင်းသည်။ ဂျုံနှင့် ပဓင်းငုံပင်များ အလွန်စိုက်ပျိုးကြသည် သရက်ပင်အနည်းငယ်ရှိ၏။

မဇ္ဈတိုင်းအကြောင်းပြီး၏။

—o—

၂၆။ ဘုံတိုင်နယ် ပင်လယ်ကမ်းတလျှောက်မှာ မြောက်ပိုင်းကို အပရန္တတိုင်း တောင်ပိုင်းကို မဟာရဋ္ဌတိုင်းခေါ်သည်။ တောင်ပိုင်းမဟာရဋ္ဌမှာ ရုတနာဂိရိမြို့သည်ထင်လျှား၏။အင်္ဂလိပ်များက သိဘောဘုရင်ကိုဘမ်းယူ၍ ၎င်းမြို့မှာထားသည်။ ဆန်စပါးကူးသန်းရောင်းဝယ်သူတို့ အသင့်အတင့်ရှိကြသည်။သင်္ဘောဆိပ်ကမ်းရှိသည်။သာယာ၏။ဥတုကောင်း၏။ ရောဂါအန္တရာယ်ကင်းသည်။ ဘုံတိုင်နယ် ပင်လယ်ကမ်းရိုး တလျှောက်မှာ ဆန်စပါးလုပ်ကိုင်သူပေါများသည်၊အတွင်းဘက်မှာ တောင်တန်းကြီးတခုရှိသည်။ အလွန်ရှည်လျားသည်။ တောင်ကြားလမ်းတွေ များစွာရှိသည်။ တောင်ခြေမှာ မြေသြဇာကောင်း၏။ တောင်ပေါ်မှာ ကျောက်ပေါသည်။

၂၇။ အပရန္တတိုင်း သုပ္ပါရကသင်္ဘောဆိပ်မြို့ ရှေးကအလွန် စိတ်ကားသည်။ ၎င်းမြို့ကို ယခုအခါ ဆူရတ်မြို့ဟူ၍ခေါ်သည်။ သင်္ဘောဆိပ်ရှိသည်။မီးရထား ဘူတာရုံရှိသည်။ ယင်ဆုထက်တိုင် အလွန်စိတ်ကားသည်။ သာယာ၏။ သို့သော်လည်း မကြာမကြာ အကြီးအကျယ်ရောဂါဘယ အလွန်ထူထပ်ပါသည်၊အဲ့ရောင်းအဝယ်ကောင်း၏။ ၎င်းသုပ္ပါရက သင်္ဘောဆိပ်၏မြောက်ဘက် အလွန်နီးကပ်သောနေရာမှာ သောဘုမ္မရဖြစ်ရှိသည်။ ဝေဿန္တရာမင်းကြီး၀က်ဘာတောင်ကို ထွက်ရမည်ရှိနေစဉ် မဒ္ဒီမိဒုယား

က လိုက်ပါရစေ လျှောက်ထားသောအခါ ယောကျ်ားမဖြစ်သူ ဖုသတို့ မယ်တော်ကြီးက ခွင့်ပြုမဖြစ်ဒေဝီ မလိုက်လေနှင့်။ ဝင်္ဘာတောင် သွား သောလမ်းမှာ သောတာပန်ဖြစ်သည် အလွန်ဆိုးဝါးလှစွာသော ကျွဲရိုင်း တွေ့ပေါ်သည်၊ လူကိုမျှားစွာ အနှံရာယ် ပြုတတ်သည်ဟူ၍ ပြောဘူး ကြောင်း။ ဝေဿန္တရာဇာတ် အဋ္ဌကထာမှာ ပါရှိလေသည်။ ယခုအခါ သောတာပန်ရ မြစ်ကမ်းရိုးတလျှောက်ရှိ ကျွဲရိုင်းတွေကို ကုလားလူမျိုးတွေ ကကြံကြံစီစီအနည်းနည်း အဖုံဖုံဖြင့်ဘမ်းယူပြီး ကာလကတ္တားကိုရောက်စွာ ရုံသို့ ပို့ကြသည်။ ဘမ်းယူရန်လည်း အလွန်ခဲယဉ်းသည်။ တန့်စ်လောက် ကြာအောင် ကြိုးစီမှန့်ကောင်လောက်ရသည်၊ဘမ်းယူမည်ကြံစီ စီမံနေစဉ် ကုလားတယောန့်ယောက်လောက်မှာ နှစ်စဉ်လို ကျွဲရိုင်းများ၏ ဘေးရန် ကြောင့် သေကြေပျက်စီးမြဲ ဖြစ်ကြသည်။ ကျွဲရိုင်းပေါသော သောတာပန်ရ မြစ်သည်အခြားမဟုတ်၊သုပ္ပါရကာသဘော်ဆိပ်နှင့်နီးကင်လျက်ရှိသောမြစ်-ကိုပင် သောတာပန်ရခေါ်သည်။ ၎င်းမြစ်ကို ယခုအခါ(တက်ပတိ)မြစ်ဟူ၍ ခေါ်ကြသည်၊၎င်းတက်ပတိမြစ်၏မြောက်ခြောက်ယူဇနာလောက်ကွာ ဝေးသော နေရာမှာ ချယားပင် အလွန်ပေါသော မကုဋ ဟောင်တန်းကြီး ခြားလျက် မြစ်တခုရှိသေးသည်။၎င်းမြစ်ကို သသ်ကရိုက်ဘာသာနှင့် နရဗဒ္ဓ မြစ်ခေါ်သည်။ ဟင်ဒီဘာသာနှင့် နရဗဒ္ဓမြစ်ခေါ်သည်။ ပါဠိဘာသာနှင့် နမ္မ ဒါမြစ်ခေါ်သည်။ မြန်မာဘာသာနှင့် နမန်အာမြစ် ခေါ်သည်၊ ထို့မြစ်နှစ်ခု၏ ကမ်းတလျှောက်မှာ လူနေအိမ်ခြေမရှိသလောက်ဖြစ်သည်။တောတိရစ္ဆာန် ရိုင်းများကို ဘမ်းယူလေ့ရှိသော ရဲစွမ်းသတ္တိနှင့် ပြည့်စုံသော ကုလားများ၏ အိမ်ခြေလောက်သာ အနည်းငယ်ရှိကြသည်။ အိမ်ခြံဝန်းကျင်မှာ ဆူး ရှည်ပင်တွေ ပတ်လည် ဝိုင်းရံလျက် စိုက်ထားလေ့ရှိကြသည်။ ထို့တက်ပ တိမြစ်နှင့် နရဗဒ္ဓမြစ်တို့ကြားမှာရှိသော မကုဋ တောင်ခြေမှာ အရှင် ဂေါ တမ မြတ်စွာဘုရားရှင်၏ ခြေတော်ရာတဆူ စက်လက္ခဏာအစုံနှင့် ယခု ထက်တိုင် ရှိသည်၊ ၎င်းခြေတော်ရာ ရှိသောနေရာ တောင်ခြေနှင့် အတော် ဝေးကွာသောနေရာ တောင်ထိပ်ပေါ်မှာလဲ ခြေတော်ရာတဆူ ရှိပြန်သည်။ မကုဋ တောင်ခြေနှင့်တောင်ပေါ် ရှိ ခြေတော်ရာနှစ်ဆူသည် အလွန်တန်း ခိုးကြီးသည်။ထူးဆန်းသည်၊အံ့သြဘွယ်ရာ အလွန်ကောင်းသည်။ ကုလား လူမျိုးတွေမရှိမသေ ပြုလုပ်လျှင်၊ဆွဲအ၍ သွားကြသည်။ အချို့မှာ နှုတ်ခမ်း ရှဲ့ခြင်း၊ ဟွက်စိ ထွေးခြင်း ဖြစ်သွားကြသည်။ အချို့မှာ မျက်စိလည်

လမ်းမှား၍ တောတိုရွာနွားနို့ဖျော် အကုန်ရာယ်ကြောင့် သေကြေပျက်စီးလေ့ ရှိကြသည်။ ထိုတောင်သည် ပင်လယ် ကမ်းနှားနှင့်လည်း နီးသည်။ ၎င်း မကုဋ္ဌားတောင်မှာ ချယားပင်းပါသေးနေရာ၌ အရှင်းဂါတမ မြတ်စွာဘုရား ရှင်သည်၊ တဒါ-ဝါကပ်ဆိုဘေဝိယဘုံးသည်၊ အချို့ဆရာတို့က ၎င်းတောင် သည် ရာဇဂြိုဟ်မြို့အရှေ့ အင်္ဂပင်လယ်၊ ဝါ၊ ဘင်္ဂသား ပင်လယ်ကမ်းမှာ ရှိသည်ဟူ၍လည်း ဆိုကြ၏၊ ။

ထိုပြင် အပရန္တာကိုင်း ပင်လယ်ကမ်းနှင့်မနီးမဝေးမှာ ကျွန်းတခုရှိသည်။ ရွာငယ်ကလေးတွေသာ ရှိကြသည်၊ အချို့လယ်ယာလုပ်ကိုင် စားသောက် ကြသည်၊အချို့မှာ တငါအလုပ်နှင့် စားသောက်ကြသည်၊ရှေးကမထင်မရှား ဖြစ်နေသည်၊ ယခုအခါမှာ အလွန်ကြီးကျယ် စီကားသော မြို့ကြီးတခုဖြစ် နေပြီ၊ အရောင်းအဝယ် အလွန်ကောင်းသည်၊ ဂုန်ကုန်မြို့ထက် သာ၏ ဆိပ်ကြီးကျယ်သည်၊ ဥစ္စာဓန ပေါကြွယ်ဝသူ အလွန်ပေါများသည်။ ပိုး ထည်၊ ဖဲသည်၊ ချည်သည်မျှားလည်း ထွက်သည်၊ ပသိဘာသာ၊ ဟိန္ဒူဘာ သာ အယူဝါဒးတွေချည်းသာ ဖြစ်ကြသည်။ ဓမ္မပါလ အမည်ရှိးသာ ကု လားရဟန္တာကိုယ်တော်ကြီး ဆောက်လုပ်သားသော ဇုန္ဒဘာသာဝင် လူမျိုး များတည်းခိုနေ အလွန်သန့်ရှင်းသော သာလာယံတိုက်စရပ်ကြီးတခုလည်း ရှိသည်။ မိုးရထား ဘူတာရုံရှိသည်။ ၎င်းမြို့ကို ဘုံဘိုးမြို့ကြီးဟူ၍ခေါ်ကြ သည်။ ။

အပရန္တာကိုင်းအကြောင်းပြီး၏။

၂၀။ သူရဋ္ဌတိုင်း။ ဂိရိနရမြို့။ ရှေးကမထင်ရှားသော သာမညမင်းနေ ပြည်ဖြစ်ဘူးသည်။ ၎င်းတိုင်းကို ယခုအခါ ဂူဗျာရတ် နယ်ဟူ၍ဂုဇ်း၊ က ထဝါနယ်ဟူ၍ဂုဇ်း ခေါ်သည်၊ မြန်မာနိုင်ငံ ဂုန်ကုန်မြို့ မဂိုလမ်းရှိ စိန်ကုန် သည် ဘာဘူကုသားလူမျိုးများ၏ အခုပ်ဒေသ ဖြစ်သည်၊ ထွက်ကုန်မရှိ၊ သို့သော်လည်း စိန်ကုန်နှင့် ရွှေထည် ငွေသည်များ၊ ၎င်းဖြင့်၊ ပုလဲများနှင့် ပတ်သက်သော အနောင်းအဝယ်မှာ ကမ္ဘာတဝှမ်းသုံးမှာ သွားလာဆက် ဆံသူက်ရှိနေကြသည်။ မြန်မာနိုင်ငံနှင့်ဆက်ဆံဘူးသော ကုလားများသည် အနည်းငယ် ယဉ်ကျေးကြသည်။ မဆက်ဆံဘူးသေးသော ကုလားမှန်သ၍

မှာ အလွန်ရိုင်းစိုင်းကြသည်၊ သို့သော်လည်း ၎င်းနယ်တဝှမ်းလုံး၌ လူမျိုးတို့၏ ဓမ္မတာအလေ့အကျင့်မှာ လူကြီးကပြောလျှင်၊ လူငယ်များနာယူလေ့ရှိသည်၊ ပြန်လှန်ခုခံ ပြောဆိုခြင်း မရှိကြချေ။ (ဤအချက်မှာ အလွန်းညီးယူသင့်သည်၊)။

သူဌေးတိုင်းအကြောင်းပြီး၏၊

၂၉။ အသကတိုင်း။ ပေါတပုရမြို့ မင်းနေပြည် ဖြစ်ဘူးသည်။ ၎င်းမင်းနေပြည်မြို့၏ အရှေ့တောင်ယွန်းယွန်း၊ တဆဲ့ ငါးယူဇနာလောက် ကွာဝေးသောနေရာ၊ ပင်ထယ်ကမ်းနားမှာ အနုတ်ပုရမြို့ရှိသည်။ ယခုအခါ အသကတိုင်းသည် အသိုးအခြားမရှိ။ ဘုံဘိုင်နယ်ဟူ၍ပင် ခေါ်သည်။ ပေါတပုရမြို့ကို ယခုအခါ (ပတန)မြို့ခေါ်သည်၊ မိုးရထားဘူတာရုံရှိသည်၊ အနုတ်ပုရမြို့ကို ယခုအခါ (ခါရုဂိဒါ)မြို့ ခေါ်သည်။ မိုးရထားဘူတာရုံရှိသည်။ အသင့်အတင့် စီကားကြသေး၏။ ။ထိုအသကတိုင်း၏ အနောက်ဘက် အလွန်ကွာဝေးသော ပင်လယ်ထဲမှာ လောမအမည်ရှိသော ကျွန်းရှိသည်၊ ၎င်းကျွန်းတွင် လောမဒီပမြို့သည် ရှေးက မင်းနေပြည် ဖြစ်ဘူးသည်။ ရှေးသရောအခါ လောမကျွန်း၊ လောမဒီပဟူသည် ထီးနန်းစိုးစံတော်မူဘူးသော အက်ုရမင်း၏ နာမတော် ပင်တိုင်စံဖြစ်သောယဉ်သကိုယ်ဖြစ်အမည်ရှိသော မင်းသွေးနှင့် အသကတိုင်း၊ ပေါတပုရမြို့၌ ထီးနန်းစိုးစံတော်မူသော ယဿမင်းတို့ အကြောင်းဆက်၍ ထိမ်းမြားမင်္ဂလာ ပြုကြသည်။ ယသကိုယ်ဖြစ် ဒိဗုယားကြီး ဝမ်းဝယ် ဒေရင်ဂေါတမ မြတ်စွာဘုရား အလောင်းတော် နတ်သားသည် နတ်ပြည်မှ စုတော့၍၊ ပဋိသန္ဓေယူတော်မူသည်။ ထိုဒိဗုယားသည် ဆယ်လခုနှစ်သောအခါ အလောင်းတော် မင်းသားကို ဘွားမြင်သည်၊ သခင်ပင့်ဘ မင်းသားဟူ၍ အမည် မှည့်ကြသည်၊လောမကျွန်းကို ယခုအခါ(ကင်ဆွယ်) ခေါ်သည်၊ ။

အသကတိုင်းနှင့် လောမကျွန်း အကြောင်းပြီး၏၊

—— o ——

၃၀၊ အဝန္တိတိုင်း၊ ဝါ၊ ဒက္ခိဏာပထတိုင်း၊ ၎င်းတိုင်းသည် ဘုံဘိုင်နယ်နှင့် ရာဂျပုတ္တနနယ်များမှာ တဝက်စီ ပါဝင်နေသည်၊ ရှေးက ဘုံဘိုင်

နယ် မြောက်ပိုင်း၊ အဲပရန္တတိုင်းကို အာဝန္တိတိုင်းက အုပ်စိုးဘူးသည်။အာဝန္တိတိုင်း၊ ဥဇ္ဇေနိမြို့ မင်းနေပြည် ဖြစ်ဘူးသည်၊ သိရိဓမ္မာသောကမင်းသည် အိမ်ရှေမင်းသားအဖြစ်က ဝေဒိသကဒေဝီကို ပဓမယားကြီးအရာ့ ထားပြီးလျှင်၊ ၎င်းမြို့မှာ မင်းအဖြစ်ဖြင့် စိုးစံဘူးသည်။ မဟိန္ဒ သားတော်နှင့် သင်္ဃမိတ္တာသင်္ဃီးတော်တို့ ဘွားမြင်သည်။ ဥဇ္ဇေနိမြို့မှာဒိသာပါမောက္ခ ဆရာနေဘူးသောကြောင့်၊ တက္ကသိုလ်မြို့ တွင်ဘူးသည်၊ ၎င်းမြို့ကို ယဇုအခါ(ဥဂျိန်)မြို့ ခေါ်သည်။ ဒီးရထား ဘူတာရှိသည်။ ရဟန္တာ အရှင်မြတ်များသိတင်းသုံးဘူးသော ကျောင်းတော်ကြီးများ ပျက်စီးလျက် နေရာများ ရှိသေးသည် ဥဇ္ဇေနိမြို့ကိုသိမ်းခြား၍၊ ယဇုဒခါ အလယ် ဇူန်ဒြီယနယ်မှာ သွင်းထားသည်။ ၎င်းဥဇ္ဇေနိမြို့၏ အရှေ့မြောက်ဘက်နားက သောရေယျမြို့ ရှိဘူးသည်။၎င်းမြို့၌ သောရေယျသူဌေးသားသည် အရှင်မဟာကစ္စည်းရဟန္တာ မထေရ်မြတ်ကို ဖြစ်မှားမိ၍ ယောကျ်ားအဖြစ်က မိန်းမအဖြစ်သို့ ပြောင်းလဲသွားရသည်၊ ပြန်၍ ကံတော့သော အခါမှ ယောကျ်ား ဖြစ်ပြီးလျှင်၊ ရဟန္တာဖြစ်သည်။ အဝန္တိတိုင်းကို ဒက္ခိဏာပထတိုင်း ဟူ၍လည်း ခေါ်ဝေါ် သမုတ်ကြသည့် အကြောင်းမှာ၊ အဝန္တိတိုင်းရှိ လူများတို့သည် တောင်ဘက် နယ်ပယ် အပရန္တတိုင်း၊ မဟာရဋ္ဌတိုင်းစသည်တို့သို့ ကုန်ကူးသန်း သွားလာရေး ရှိကြသည်။ သိန္ဓုတိုင်းနယ်ရှိ လူများတို့သည်လည်း သိန္ဓော မြင်းမျိုးတို့ကိုယူ၍၊ အဝန္တိတိုင်းမှာ စခန်းချပြီးလျှင်၊ တောင်ဘက် နယ်များသို့ သွားရောက်၍ မြင်းများကို ရောင်းချလေ့ရှိကြသည်။ ၎င်းပြင်၊ အဝန္တိတိုင်းနှင့်တကွ မြောက်ဘက် နယ်ပယ်က ထွက်သမျှ ကုန်များနှင့် အဝန္တိတိုင်း၏ တောင်ဘက်နယ်က ထွက်သမျှ ကုန်များကို ယူလာကြ၍ အဝန္တိတိုင်းမှာပင် စခန်းချ ဝယ်ရောင်းကြပြီးလျှင်၊ ကုန်ချင်း လဲလှယ် ရောင်းဝယ်လေ့ ရှိကြသည်။ များသောအားဖြင့် မြောက်ဘယ် နယ်ပယ်ရှိ လူမျိုးတို့သည် အရောင်းအဝယ်မှာ တောင်ဘက်နယ်ကိုသာ အားကိုးရင်း ရှိကြသည်ကို စွဲ၍ဂုင်း၊ တောင်ဘက် နယ်ပယ်များသို့ ကုန်ကူးသန်း သွားလာကြသော အခါ အမြဲစခန်းချရာ အရပ်ကြီးဖြစ်သည်ကို စွဲ၍ဂုင်း၊ အဝန္တိတိုင်းကို ဒက္ခိဏာပထတိုင်းဟူ၍ ခေါ်ကြသည်။ ၊ဥဇ္ဇေနိမြို့ကို သွားလိုလျှင် အဂရာမြို့က မီးရထားလက်မှတ်ခံ၍ သွားနိုင်သည်၊လမ်းခရီးမှာ ဝေဒိသကမြို့နှင့် ဘူပါလ မြို့ကြီးများကို တွေ့မြင်ရသည်။ ခေါင်းဆောင် ပုဂ္ဂိုလ် ကောင်းလျှင် အကြောင်းအရာ အထူးပြုတတ်အမျိုးစုံတို့ကို သိရှိကြားရလိမ့်

မည်။ ဟိန္နုစကား ကောင်းကောင်း နားလည် ကျွမ်းကျင်သော ရဟန်း တော်တပါး ပါလျှင် အတည်း အိုရို အနေ အထိုင် အစား အသောက်စသည် တို့ အလွန်လွယ်ကူသည်၊ သတိမူကြလေ။ ။

အဝန်တိုင်းအကြောင်းပြီး၏။

၃၁။ တံတိုင်နယ် ပြောက်ဘက် အစွန်အဖျားဌိုင်သော သိန္နုတိုင်းမှာ၊ ကာရသိမြို့။ ဝါ၊ ကာရဂျိမြို့သည် ဧရိုက သင်းဘောမျာနှင့် ကုန်သည်တို့ ကူးသန်းသွားလာ ထွက်ဝင်ဆိုက်ကပ်ရာ သင်းဘောဆိပ်မြို့ကြီးဖြစ်သည်၊ အလွန် စီကားသည်၊ လူမျိုးများ ရိုင်းစိုင်းသည်၊ ဟိန္နု နှင့် ပသိ ရောပြွမ်းနေသည်။ ဘာသာမရှိသော လူမျိုးများကိုလဲ တွေ့ခဲ့ရသည်။ သိန္နုနယ်၊ သိန္နုမြစ်ကမ်း တဇလျောက်မှာ အပြေး အသွား အလွန် လျင်မြန်သော မြင်းမျိုး တွေ့ပေါသည်။ ထိုမြင်းတွေသည် သိန္နုမြစ်ကိုစွဲ၍ ဧရိုက သိန္နောမြင်းဟူ၍ ခေါ်လေ့ရှိကြသည်။ သို့သော်လည်း သိန္နောမြင်းမျိုးအစစ်မ ဟုတ်ချေ။ နေ ရာအရပ်ကိုသာ စွဲ၍ခေါ်ကြသည်။ ၎င်းနယ်မှာ ရှေးရှေးက သမ္မာသမ္ဗုဒ္ဓ သာသနာတော် ထွန်းကား ဘူးသည်။ ယခုအခါ သာသနာတော် လုံးလုံး ကွယ်ပျောက်၍၊ လူမျိုးတို့သည် ကာမဂုဏ်အလွန်အား ကြီးသည်။ အပျော် အပွဲ အား ကြီးသည်၊ အစားအစာ များစွာစားသောက်လေ့ ရှိသည်။ သဲ ကန္တာရများမှာ ခရီးသွား အလွန်ကောင်းသည်။ အရှင်နာဂသေန ရဟန္တာ မထေရ်၏ အကြောင်း ကောင်းကောင်း ပြောတတ်သူကို ရှိသေလေ့ ရှိကြ သည်။ ကျေးဖြင်းပေးဖြင်း ရှိကြသည်။ ၎င်းအကြောင်းကို ထောက်သဖြင့်။ ဘုန်းကြီး၏သတော အရပ်မှာ၊ သာသနာပြုရလျှင် အောင်မြင် ဖြစ်ထွန်းလိမ့် မည် ထင်သည်။ မည်သည့်ပုဂ္ဂိုလ်မဆို သွားရောက်၍ သာသနာပြုရမည် ဆိုသော်လဲ အားပေး ကူညီသော အသင်းကြီးတရ ခိုင်ခိုင်ခန့်ခန့် မရှိလျှင် မဖြစ်နိုင်။ ။

သိန္နုတိုင်းအကြောင်းပြီး၏။

၃၂။ ရာဇပုတ္တနတိုင်း။ ရှေးသရောအခါက လူနေအိမ်ခြေမရှိ၊ ဘီလူး တို့နေထိုင်ကျက်စားရာ သဲကန္တာရကြီးသက်သက်ဖြစ်သည်။ ၎င်းကန္တာရ

ကို ဖြတ်သန်း၍ သွားလာကြသော မြင်းကုန်သည် လှည်းကုန်သည်တို့မှာ၊ မျှားသောအားဖြင့် ဘီလူးတို့၏ဘေးရန်ကြောင့် သေကြေပျက်စီးလေ့ ရှိကြသည်။ အလွန်ပင်ပြည်ညာဏ်ကြီး၍၊ အတိတ်အနာဂတ်ကို မြော်မြင်တတ်သော ကုန်သည်မျှားမှသာ၊ အသက်ဘေးမှ ချမ်းသာလွတ်ရှိကြသည်၊ တိုင်းပြည်၏ အလယ်မှာ၊ နဂါးသဏ္ဌာန်နှင့်တူသော နဂါးတောင် ခေါ်သော ကျောက်တောင်တခုရှိသည်၊ ကြည့်ရှု၍ အလွန်လှသည်၊ သို့သော်လဲ အသုံးမကျ။ သစ်သီးဝလံ ဥယျာဉ်ခြံမြေဝိုက်မျှိုး၍ ဖြစ်သော တောင်မဟုတ်ခြင်းကြောင့်၊ လူသူသွားလာရောက်ပေါက်ခြင်းမရှိ၊ ယခုအခါ မိုးရထားပေါက မြင်နိုင်သည်။ ။

၎င်းတောင်တန်း၏ အနှံ့ရှိတောင်အရပ် မနီးမဝေးမှာ၊ ထိုတောင်၏ အမည်ကို ဖွဲ့၍ခေါ်သော နဂါးမြို့ဟူ၍ မြို့တမြို့ရှိသည်၊ ကန္တာရခရီးသွားကုန်သည်တို့ အမြဲတည်းခို စခန်းချရာမြို့ဖြစ်သည်။ ထိုကန္တာရကြီးကို ရှေးက မည်သည့်တိုင်းပြည် မည်သည့်မင်းကမျှ အုပ်ချုပ်စိုးပိုင်ခြင်းမရှိ၊ ဘီလူးတွေသာ်သာ်သားအုပ်ချုပ်စိုးပိုင်နေကြသည်။ အစောမရှိရေမရှိသောကြောင့် အသုံးမကျသော ကန္တာရသာ်သာ်သာဖြစ်သည်။ နဂါးမြို့တခုသာလျှင်၊ ခရီးသွားတို့ကိုမှီ၍ အသက်မွေးကြသည်။ ၎င်းမြို့မှာ ရေကန်တွေ အကြီးအကျယ်ရှိကြသည်။ ရေဓုပတ္တနဟူသော အမည်သည် ရှေးအမည်မဟုတ်။ လွန်ခဲ့သော နှစ်ပေါင်း နှစ်ရာခန့်လောက်ကမှ ဖြစ်ပေါ်လာသော အမည်ဖြစ်သည်၊ ယခုအခါမှာ မိုးရထားများ ဖြတ်သန်း သွားလာကြသောကြောင့်၊ ကန္တာရနယ်ပယ်ထဲမှာ ဘူတာရုံ ရှာကလေးတွေ အချို့ဘူတာနှင့်မနီးမဝေး ရွာငယ် မြို့ငယ်ကလေးတွေကလည်း ထောင် ဖြစ်ပေါ်လာကြပြီ၊ ဘီလူးတွေလဲ မနေနိုင်တဲ့၊ ထွက်ခွါ၍ သွားကြရလေပြီ၊ ။

ရာဇပုတ္တနကန္တာရတိုင်းအကြောင်းပြီး၏။

၃၃၊ ကသို့ရှိတိုင်းသည်၊ ရှေးအမည်အတိုင်းပင် ယခုထက်တိုင် အမည် မပြောင်းမလဲဘဲ တည်ရှိလေသည်၊ သို့သော်လည်း၊ ကသို့ရမှာ၊ ယခုရှိသောကုလားတွေက၊ ၎င်တိုင်းသည် ရှေးက စေတတိုင်းတွင်ဘူးသည်ဟု ပြောကြသည်။ ၎င်ကား ကုလားများ၏အလို၊ သူရသေနကိုင်းက အုပ်စိုးဘူးသည်၊ ရံဘန်ရံခါ ဘုရင်အသိုးအခြားလည်းရှိ၏။ ဥက္ကဋ္ဌမြို့နှင့် မဏ္ဍာရ

ဌဖြို့တို့သည်။ အလှည့်ကျမင်းနေပြည် ဖြစ်ကြသည်၊ ယခုအခါတိုင်အောင် ထင်ရှားရှိသောသိရိနာဂဖြို့သည်၊အလွန်စီကားသည်၊တိုင်းပြည်တနယ်လုံး မှာသိုးမွေး သားမွေးများကို အထည်အလိပ်အမျိုးမျိုးယက်လုပ်ကြသည်၊ ဆောင်းရာသီမှာ၊မြစ်၊ ချောင်း၊အိုင်၊ရေတွင်း၊ရေကန်များ၌ ရေခဲအလွန်ပေါသည်။ ဒီတောင်ကုန်းဟူသမျှ အလွန်ဇောသည်၊ ချိုင့်ဝှမ်းသောနေရာတို့၌ ရေခဲရှိသည်။ သစ်သီးဝလံးပေါသည်။ ရှေးသူရောအခါကဟိမဝန္တာတောတောင်နယ်အတွင်းမှာ လုံးလုံးပါဝင်သည်၊ သမ္မာသမ္ဗုဒ္ဓ သာသနာအလွန် ထွန်းကားဘူးသည်၊ထင်းတိုင်းပြည်မှာ ဒေ့ချိုကုလားတွေ အလောင်းတော်ဆဒ္ဒန် ဆင်မင်းဇာ ရုပ်ပုံကို ကိုးကွယ် ကြသည်။ ရဟန္တာအဂ္ဂရှင်ဖြတ်ကြွရောက်၍ သာသနာပြုဘူးသည်။ယခုအခါမှာ ဘာသာအမျိုးတွေ ကွဲပြားနေကြသည်။ သို့သော်လဲ ဗုဒ္ဓဘာသာရဟန်းတော်များ ရောက်သွားလျှင်၊ တည်းခိုနေထိုင်ရန် အလွန်လွယ်ကူသည်။ ဆဒ္ဒန်ဆင်မင်းတော်ကော်ကို အပြောကောင်းသောပုဂ္ဂိုလ်များ ရောက်သွားလျှင် အစာမရှား အဝတ်မရှား အလွန် ဘုန်းကြီးသည်။

ကထိုရတိုင်းအကြောင်းပြီး၏၊

—○—

၃၄။ ဝိုးဒဟာရတိုင်း ယခုအခါ ဘင်္ဂလားနယ်မှာ ထည့်သွင်း၍ ဘင်္ဂလားနယ်ဟူ၍ပင် ခေါ်သည်။ ပဒိလာမြို့သည် ရှေးကအလွန်ထင်ပေါ်ကျော်စောဘူးသော မင်းနေပြည်ဖြစ်ဘူးသည်၊ ၎င်းမြို့ကို ယခုအခါ(ပါတောတီပူ)မြို့ခေါ်သည်။ ယခုထက်တိုင် စီစီကားကားရှိသည်။ အရှိဋ္ဌဇနကနှင့် ပေါလ ဇနကမင်းသားညီနောင်တို့ ဘွားမြင်သည်၊ အလောင်းတော်ဇနကမင်းနှင့် ယားသာဓရာ အလောင်းတော် သီဝိလိဒေဝီတို့အကြောင်း ဆက်လက်၍ စိုးစံအုပ်ချုပ်ဘူးသည်။ ပဒိလာမြို့ အရှေ့ဘက်ရှိ၊ မဇ္ဈိနိဂုံးရွာမှာ၊ အလောင်းတော် မဟောသဓေဘွားမြင်သည်၊မြောက်တက်အရပ်ရှိ ဥတ္တရယဝဂ္ဂရွာမှာ ယသောဓရာအလောင်းတော် အမယာဒေဝီ ဘွားမြင်သည်။ဂင်းပြင် လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင်သုံးရာကျော် လေးရာခန့်လောက်က ဝိဇိုဒျုပမင်းဖြစ်ရန်ကြောင့် သာကိဝင်မင်းတို့ ထွက်ပြေးတိမ်းရှောင်၍၊ ဟိမဝန္တာတောတွင်းမှာ အသစ်ကည်ထောင်၍နေသော၊မောရိယမြို့ကို ယခုအခါ ဒါကျိလင်မြို့ဟု၍ခေါ်သည်။ ဂင်းမြို့၏မနိုးမဝေးလော တောတောင်အရပ်

တွေထဲမှာ၊ ဥဒေါင်းအမျိုးမျိုး ဟာသ်အမျိုးမျိုး ကြိုးကြာအမျိုးမျိုးတို့ ဘာသာ ဘာဝ ကကြ၊ ခုန်ကြ၊ ပျံကြ၊ ခွင်ကြ၊ ပျံကြ၊ ဝဲကြသောအသံတွေ အလွန်ပေါများစွာ တွေ့ရ၊ မြင်ရ၊ ကြားရသည်။ မိုးရေငန်းဘုတာရုံရှိသည်၊ ရေကောင်းသည်။ သစ်သီးဝလံ ပေါသည်။ ပန်းမျိုးစုံပေါသည်။ ကာလကတ္တားမြို့က မိုးရထားနှင့်သွားနိုင်သည်။ ဝိဒေဟာရာဇ်တိုင်းမြောက်ပိုင်းမှာ၊ တောတောင်အလွန်များသည်။ လူများနှင့် အခြားမည်သည့် သတ္တဝါမျိုး ကိုမျှ အနှောရယ် မပြုတတ်သော၊ ဖြေသတ္တဝါတွေအမျိုးမျိုး အလွန်းပေါများသည်၊ အရောင်အဆင်းမှာလည်း အလွန်လှသည်။ တောနွားနှင့် တောဆိတ်များအလွန်ပေါသည်။ ဂေးသရောအခါက တောတိရစ္ဆာန်အမျိုးမျိုးတို့ကို ဘမ်းဆီးခြင်းခို့ အလွန်ကျွမ်းကျင်နားလည်သော တိုင်းနယ်ကလေးတခုရှိသည်။ ယခုအခါ ထိုတိုင်းနယ်ကလေးကို စစ်ကင်းနယ်ဟု၍ ခေါ်သည်။ ကုလားစော်ဘွားအုပ်စိုးသည်။ ၎င်းပြင် ဝိဒေဟာရာဇ်တိုင်း၏အရှေ့မြောက်အရပ် ဟိမဝန္တာတောတန်းတလျှောက်မှာ၊ အသီးအခြား တိုင်းနယ်ကလေးတခုရှိသေးသည်၊ ယခုအခါဘုတ်ခုနှစ်ခေါ်သည်။ စော်ဘွားပိုင်သည်။ မဟာသခေမင်းသား လက်ထက်က၊ ထိုနယ်ကိုအပိုင်စားရ၍ စိုးစံအုပ်ချုပ်ဘူးသည်၊ တောမြင်းကျားတော၊ သစ်ကုလားအုပ်တွေ၊ ကြံ့ကောင်တွေ၊ အလွန်ပေါများဘူးသည်၊ လွန်စွာသဲသန်းနှံ့ပြန်လောက်က ၎င်းနယ်ရှိ၊ ပုန်ခါအမည်ရှိသောမြို့တမြို့မှာ၊ ခိုင်ခန့်သောတံခါးအိမ်တလုံးနှင့်နေသော ပစ္စည်းအတော်အတန်ပြည့်စုံသော၊ နွားနို့ကို ပြုလုပ်သော မခန့် ထောပတ် ချောင်း၍ အသက်မွေးသော အသက်အရွယ် ခြောက်ဆယ်လောက် ရှိသော၊ ကုလားတယောက် ရှိသည်။ ဟိန္ဒူစကားနှင့် အင်္ဂလိပ်စကားပြော အလွန်ကောင်းသည်။ အလောင်းတော် ဇနကမင်းနှင့် မဟာသဓာ ဇာတ်ဆုပ်များ ကောင်းစွာ နားလည်ကျွမ်းကျင်သည်။ ရဟန်းများနှင့်တွေ့လျှင် ကြည်ညိုနှစ်သက်လေ့ရှိသည်၊ ကုလားများစားသော အာဟာရများကို လှူဒါန်းကျွေးမွေးလေ့ရှိသည်။ ကေစာရနေ၍၊ ကမ္မဋ္ဌာန်းဘဝနှင့် နေထိုင်ရန် နှစ်သက်ဖွယ်ကောင်း၊ သာနေရာတွေ အလွန်ပေါသည်၊ ဒေ့ပေါသည်၊ သစ်သီးပေါသည်၊ ကာလကတ္တားမြို့မှ မြောက်ပိုင်းသွား မိုးရထားနှင့် လိုက်ရသည်၊ ကုလားအုပ်နှင့် သေဝင်း၊ ဆာင်နှင့် သေဝင်း၊ လှည်းနှင့် သေဝင်း၊ ခြေလျင်ခရီးသေဝင်း သွားလာရသော စာမ်းတွေ့ အလွန်များသည်။ တိဘက်တရုပ်လူမျိုးနှင့် အလွန်ဆက်နွယ်ကြသည်။ ဗုဒ္ဓသာသနာတော်ကိုယုံကြည်

ကိုးကွယ်သူတို့ ပေါများကြသေး၏၊ ဟိန္နုစကားတော်သော၊ ရဟန်းတော်များကြွရောက်၍၊ သာသနာပြုရလျှင် တဖန်ပြန်၍ ထွန်းကားလိမ့် ဦးမည့် သဘောရှိ ထင်ဖြင့်ခဲ့ရဟူးသည်။ ။

ဝိဒေဟရာဇ်တိုင်း အကြောင်းပြု၍၊

——o——

၃၅၊ မဏ္ဍိမဒေသ အရှေ့ပိုင်းအင်္ဂါတိုင်းအရှေ့ဘက်ကခေါမတိုင်းရှိသည်၊အဘိုးတန်အထည်အလိပ် များစွာထွက်သည်။ဘုရင်အာသီးအခြားအုပ်စိုးဘူးသော်လည်း၊ အင်္ဂါတိုင်း၏ အုပ်စိုးခြင်းခံခဲ့ရဘူးသည်။ပိုးထည်၊ချိထည်များကို ယက်လုပ်သော၊ ယက်ကန်းပညာကိုကောင်းစွာတတ်မြောက်ကြွမ်းကျင်သူတို့ အလွန်းပါသည်။ ယခု အခါ မနိုပုရ အာသံနယ် ခေါ်သည်။ မြောက်ပိုင်းမှာ၊ တောတောင် အလွန် ပေါသည်၊ နေရာတိုင်းမှာ တောခွေး အလွန်ပေါသည်။ တိဘက် တရုတ်ပြည်ကိုသွားနိုင်သည်။ ဗုဒ္ဓဘာသာ အလွန်ထွန်းကားဘူးသည်။အနှံ့နေရာမှာ၊ စေတီများ၊ ကျောင်းများ၊ ယခုထက်တိုင် ရှိသေးသည်။ဂင်းနယ်က လူမျိုးတွေ၊ မြန်မာနိုင်ငံ မန်လေးမြို့သို့ အရောက်များကြသည်။ ။

ခေါမတိုင်း အကြောင်းပြု၍။

——o——

၃၆။ မဏ္ဍိမဒေသ၌အရှေ့မြောက်၊အစွန်အဖျားမှာ၊ အာဠဝိတိုင်းရှိသည်၊ဂင်းအာဠဝိတိုင်းကို၊ပဉ္စာ၊ဏ္ဏာတိုင်းဟူ၍ဂင်း၊ ယောမတိုင်းဟူ၍ဂင်း ခေါ်သည်။ အမည်သုံးမျိုးရသည်။ အာဠဝီမြို့သည်၊ ငင်းနေပြည် ဖြစ်ဘူးသည်။ ရှေးက၊အထည်းကောင်း၊ အလိပ်းကောင်းတွေများစွာ ထွက်သည်။ အားဠဝီမြို့၏ အရှေ့မြောက်ယွန်းယွန်း၊ဟိမဝန္တာတောင်ခြေမှာ၊ကျောက်တွင်း၊ ကျောက်ဂူကြီးနှင့် အာဠဝက ရက္ခဒိုင်းနတ်၊ ဘီလူးကြီးသည် ဘီလူးထီး၊ ဘီလူးမတွေများစွာနှင့် နေသည်၊ အရှင်ဂေါတမ မြတ်စွာဘုရားရှင်နှင့် တွေ့သော အခါမှာ၊ ဘီလူးကြီးသည်၊ မာနနှင့် ဒေါသကို နှိမ်ချ၍၊ ဗောဓိပက္ခိယ တရားတော်ကို နာရသောကြောင့်။ သစ္စာလေးပါး မြင်၍၊ အရိယာ သောတာပန် ဖြစ်သည်။ အခြားဘီလူးထီး၊ဘီလူးမများစွာတို့လဲ အရိယာ သောတာပန်ဖြစ်ကြသည်၊ အာဠဝိမင်းကြီးနှင့် အာဠဝကကုမာ

ရမင်းသားကလေးလဲ၊ အရိယာဖြစ်ကြသည်။ အာဠဝကဘီလူးကြီးသည်၊ မြတ်စွာဘုရားနှင့် မတွေ့မီက၊ တဆဲနှက်နှစ်တိုင်တိုင်၊ လူသားများကို စားသောက်နေသည်မှာ၊ လူပေါင်း နှစ်ထောင်သုံးရာ၊ ရှစ်ဆယ်ကုန်ပြီ၊ အာဠဝိမင်းကြီးနှင့် အာဠဝကဘီလူးတို့၏ တောင်းပန် လျှောက်ထားချက်အရ၊ အာဠဝကဘီလူ ပိုင်စားရသော်၊ နေရာနှင်းပယ် အတွင်းညောင်ပင်ရင်း၊ အဂ္ဂါသဝန်းတိုင်သ ကျောင်းမှာ၊ မြတ်စွာဘုရားရှင်၊ တဝါဝဲကပ်ဆိုတော် မူသည်၊ မြန်မာနိုင်ငံ အထက်ပိုင်း မြောက်ဗျာဒ်ရှိ၊ မြစ်ကြီးနားမြို့သည်။ ရှေးက အာဠဝိတိုင်းမှာ ပါဝင်သည်။ဥတုရာသီမှာ အလွန်ပူသည်၊ တရုပ်ပြည်နှင့် မျှားစွာဆက်ဆံကြသည်၊ အာဠဝကဘီလူးနေသော နေရာနှင့်၊ မြတ်စွာဘုရားရှင်၊ ဝါဆိုတော်မူဘူးသော နေရာမှာ၊ ဂူပျက်၊ ကျောင်းပျက်၊ စေတီပျက် များ၊ယခုဆက်တိုင် အထင်အလျှားရှိသေးသည်။ အာဠဝိမြို့ကို ယခုအခါ (မရိအာနိ) မြို့ခေါ်သည်။ မိုးရထား ဘူတာရုံရှိသည်၊ အာဠဝိတိုင်းသည်၊ ယခုအခါ၊ မနိပုရ၊ အာသံနယ်နှင့် မြန်မာ နိုင်ငံတွင်၊ တဝက်စီ၊ ထည့်သွင်း ပေါင်းစပ်ထားသည်။ အာဠဝိတိုင်းဟူ၍ အသိုး အခြားမရှိ၊ ။

အာဠဝိဘိုင်း အကြောင်းပြီး၏။

———o———

၃၇။ ယိုးဒယားပြည်ကို ရှေးက၊အယုဇ္ဈယနုယ်ခေါ်သည်။ ယောန ကတိုင်းဟူ၍လည်း တွင်ဘူးသည်။ သာသနာတော် လွန်စွာ ထွန်းကားဘူးသည်။ ယိုးဒယားပြည် အရှေ့ မြောက်မှာ၊ တောင်ကွန်နုယ် ရှိသည်။ သာသနာတော် ထွန်းကားဘူးသည်။ ယိုးဒယားပြည် အရှေ့ဘက်၊ တရုပ်ပင်လယ် ကမ်းတလျှောက်မှာ၊အာနံနယ်။ ဝါ၊စပယ်နယ်ံရှိသည်။ သာသနာတော် ထွန်းကားဘူးသည်။ယိုးဒယားပြည် အရှေ့တောင်မှာ၊ ကမ္ဘောဇ တိုင်းရှိသည်။ပိလိန္ဒမင်းကြီး အုပ်စိုးဘူးသည်။ ၎င်းကမ္ဘောဇ တိုင်းသည်။ မဇ္ဈိမဒေသ၏ အနောက်မြောက်ရှိ၊ကမ္ဘောဇဘိုင်းနှင့် အပြောလွဲနေတတ် သည်။ သတိမူကြလေ။ယခုဖေဘ်ပြလိုရင်း ဖြစ်သော၊ပိလိန္ဒမင်းကြီး အုပ်စိုး ပိုင်နှင်းစိုးစံဘူးသော ကမ္ဘောဇတိုင်းမှာ၊သာဂလမြို့သည်။မင်းနေပြည်ဖြစ် ဘူးသည်၊ ၎င်း သာဂလမြို့ကို ယခုအခါ (ဆေကုံ) မြို့ခေါ်သည်။ကမ္ဘောဇ တိုင်းကို ယခုအခါ (ကံဘိုးဒီယား) နယ်ခေါ်သည်။ ပြင်သစ်ပြည်က အုပ် စိုးနေသည်၊ ရှေးကမင်းများ အစဉ်အဆက်မရှိတော့ပြီ။ပိလိန္ဒမင်းကြီး၏

နန်းတော်ဟောင်းနှင့် ဂုဟာန္တာဒအရှင် နာဂသေနမထေရ်မြတ်၏ ကျောင်း ဟောင်းများ ယခုရှိသေးသည်။ နန်းတော်နှင့် ကျောင်းတော် တဖိုင်သာ သာလောက် ဝေးကွာသည်းငုံးတို့ရုတ်တရက်၊ မပျက်မစီးနိုင်။ကျောက် ကို စိမံပြုလုပ်ထားသည်။ နန်းတော်တွင်းမှာလူများနေနိုင်သည်။ ကျောင်း တော်တွင်းမှာ နေထိုင်ခြင်းမရှိကြ။ ကျောင်းတော် အပြင်ဘက ရံဘန်ရံခါ၊ ယိုးဒယားဟုန်းကြီးများနေကြသည်။ ရှေးကသာသနာလွန်စွာ ထွန်းကား ဘူးသည်။ ယခု အခါမှာ၊ သာသနာတော် ကို ယုံကြည်သူတို့ကို ရှားမရ သလောက်ဖြစ်နေသည်။ သာဂလမြို့မှာ သင်္ဘောဆိပ်လောက်သာရှိသည်။ အံ့နည်းငယ် စိကားသေး၏၊ လယ်ယာ လုပ်ကိုင် စားသောက်သူများရှိ ကြ၏။သို့သော်လည်း စပါးဆန်ကောင်းကောင်းမထွက်၊ငြေသြဇာညံ့ဖျင်း သည်၊ ယိုးဒယားပြည် ဗန်ကောက်မြို့က၊ သင်္ဘောနှင့် ဖြစ်စေ၊ခြေလျင် ဖြစ်စေ သွားနိုင်သည်၊ ယခု အခါမှာ မည်သူ မဆိုသွားသျှင်၊ ရောက်ဘူး ရုံသာရှိမည်၊ ကျေးဇူးများမည် မထင်၊ တာရှည်စွာ နေနိုင်ရန် အလွန်ခဲ ယင်းသည်။ ကုန်ရောင်း၊ ကုန်ဝယ်မကောင်း၊သာသနာတော် အတွက် လည်း အားကိုးရတော့မည် မထင်၊တရုပ်လူမျိုးပေါသည်။ပြင်သစ်လူမျိုး များ မင်းအစိုးရလုပ်သူနှင့်၊မြေပိုင်ရှင်များလောက်သာ ရှိသည်။ ကမ္ဘောဇ တိုင်းသားတို့သည်၊ယိုးဒယား လူမျိုးနှင့် အနေအထိုင် အစား အသောက် အမူအရာ စိတ်သဘောထားတူမျှကြသည်။ ။

ကမ္ဘောဇတိုင်း အကြောင်းပြီး၏။

—o—

၃၈။ မြန်မာနိုင်ငံ၏ အကြောင်းအရာ အထူးပုတ္တိကို၊ မြန်မာနိုင်ငံရှိ ရဟန်း၊ ရှင်၊ လူ တို့ သိရှိပြီး ဖြစ်ကြလေသော်ကြောင့်၊ ၎င်း မြန်မာနိုင်ငံ၏ အကြောင်း အရာ၊ ရာဇဝင်၊ သဒ္ဓိုင်းမှစ၍၊ စာအုပ်အမျိုးမျိုးတို့ကြည့်ရှု ဖုန်၊ အသင့်ရှိပြီးဖြစ်၍။ ဤကျမ်းစာအုပ်တွင်၊အထူးဖော်ပြရန် မလိုတော့ ပြီ သဘောရှိသောကြောင့် ချန်လှပ်၍ ထားခဲ့ရလေသည်။ ။

၃၉၊ ဇမ္ဗုဒိပါ ကျွန်း၏ အရံ ဖြစ်သော၊ မဏ္ဍိမ ဒေသ၏ အပြင်၊ တောင်ဘက် အနောက်ကသော၊ လင်္ကာဒိပ ကျွန်း၏ အကြောင်းကို ပြဆို ဦးအံ့။ ။လင်္ကာဒိပကျွန်းကို။ ကကုသန်မြတ်စွာဘုရား သာသနာ တော်

တွင်းမှာ၊ ဩဇောဒိပကျွန်း။ ကောဏာဂုံ မြို့တော်စွာဘုရား သာသနာတော်တွင်းမှာ၊ ဝရဒိပကျွန်း။ ကဿပမြို့တော်စွာဘုရား သာသနာတော်တွင်းမှာ၊ မဏ္ဍောဒိပကျွန်း၊ ဂေါတမ မြို့တော်စွာဘုရား သာသနာတော်တွင်းမှာ၊ လက်ာဒိပကျွန်းတွင်ခဲ့ဘူးသည်။ ယခုအခါ သိဟိုဠ်ကျွန်းဟူ၍ ခေါ်ကြသည်၊ ၎င်းကျွန်းသည် လွန်ခဲ့သော နှစ်ပေါင်း၊ နှစ်ထောင်ဝါးရာကျော်က အလွန်ကြီးကျယ်သောတောကြီးတွေဖြစ်နေသည်။ ဘီလူးသတ္တဝါတွေသာနေကြသည်။ လက်ာဒိပကျွန်း၏ မြောက်ဘက်အနီးရှိ၊ မဟိလာဒိပကျွန်းနှင့် နာဂဒိပကျွန်းမှာနဂါးသတ္တဝါတွေနေကြသည်။ ထိုအခါတုံးက၊ ဘီလူးနှင့်နဂါးတို့ မကြာမကြာ၊ မသင့်မတင့်ဖြစ်၍ စစ်ဖြစ်လေ့ရှိကြသည်။ တဦးနှင့် တဦးနိုင်သည်၊ ရှုံးသည်ဟူ၍ မရှိကြ၊ ဘီလူးနှင့် နဂါးပင် ဆုံးရသော်လဲ၊ နတ်ဘီလူး၊ နတ်နဂါးတွေဖြစ်ကြလေသောကြောင့်၊ လူယောင် ဘန်ဆင်းနိုင်ကြသည်။ ပင်လယ် ခရီးသွား သဘော်၊ လှေ၊ ဖောင်များ ပျက်စီး၍၊ ထိုကျွန်းသို့ရောက်ကြသောအခါ၊ လူယောက်ျားများဖြစ်လျှင်၊ ဘီလူးမက ဖြစ်စေ၊ နဂါးမက ဖြစ်စေ၊ လူစစ်ဖြစ်သော၊ လှပယဉ်ကျေးသော၊ မိန်းမယောင်ဘန်ဆင်းငြိုးလျှင်၊ ကာမဂုဏ်ဖြင့် ဖြားယောင်း၍ သိမ်းပိုက် ဆက်ဆံ ပေါင်းသင်း လေ့ရှိသည်။ လူမိန်းမဖြစ်လျှင်၊ ဘီလူးထီးကဖြစ်စေ၊ နဂါးထီးကဖြစ်စေ။ လူစစ်ဖြစ်သော၊ လှပယဉ်ကျေးသော၊ ယောကျ်ား ယောင်ဘန်ဆင်းငြိုးလျှင်၊ ကာမဂုဏ်ဖြင့် ဖြားယောင်း၍၊ သိမ်းပိုက်ဆက်ဆံပေါင်းသင်းလေ့ ရှိသည်။ ဘီလူးသတ္တဝါတွေက၊ လူးယောကျ်ား၊ လူမိန်းမတို့ရောက်လာသော အခါ၊ ချစ်နှစ်သက်လောက်းသာ ရုပ်အဆင်းမရှိခဲ့လျှင်၊ အထက်က ပြခဲ့သော နည်းအတိုင်း၊ ကာမဂုဏ်ဖြင့်ဖြားယောင်း၍ ခေါ်သွားပြီးလျှင်၊ သင့်တင့်ရာတော့ အတွင်း၌၊ ဘီလူးအစောင့်အရှောက်တို့ဖြင့် ထား၍၊ လူးသားတို့ကိုစားလေ့ရှိကြသည်။ ရှေးကလူနေသော မြို့ရွာမရှိ၊ ဘီလူးအချင်းချင်းတိုင်ပင်၍ဖြစ်စေ၊ နဂါးအချင်းချင်း တိုင်ပင်၍ဖြစ်စေ။ အသင်း အဘိုး အဘိုး ဘွဲ့ပြိုး နယ်ပယ်သတ်မှတ်၍၊ ပိုင်စားအုပ်ချုပ်ကြသည်။ လက်ာဒိပကျွန်းမှာ ရှေးသရော်အခါကစ၍၊ ယခုထက်တိုင်၊ ဂင်္ဂါမြစ်၊ ကလျာဏီမြစ်များရှိကြသည်၊ အလွန်မြင့်သောတောင်တလုံးရှိသည်။ ရှေးကဌင်းတောင်ခြေ၊ တောင်ခုလတ်၊ တောင်ထိပ်ပေါ်မှာ၊ ဘီလူးတွေ နေကြ၏။ တနှစ်တကြိမ်ဘီလူးတွေ ပျော်ပါးသွားလာ၊ ဆင်းတက်လေ့ရှိကြသောကြောင့်၊ ဘီလူးပျော်တောင်ဟူ၍ဌင်း၊ သုမနတောင်ဟူ၍ဌင်း၊ ခေါ်တွင်ကြသည်၊ ထို

တောင်ကို၊ ယခုအခါစေတီပါဒတောင်ဟူ၍၊ အမည်ပြောင်းလဲခေါ်ဝေါ်ကြလေသည်၊ ကုလားတွေကစေရီပါဒ တောင်ခေါ်သည်၊တောင်ထိပ်ပေါ်မှာ မြတ်စွာဘုရား ကြွတော်မူခိုက်ကြိုး၍၊သုမန နတ်မင်းတောင်းပန်သောကြောင့်၊အရှင်ဂေါတမမြတ်စွာဘုရားရှင်၏။ ပရိဘောဂ အစစ်ဖြစ်သော၊ ခြေတော်ရာ တဆူချထား၍ ရှိသည်။ ကျွမ်းကျင် နားလည်သော ခေါင်းဆောင်ပုဂ္ဂိုလ်များနှင့် သွားလျှင်၊ၦင်းတောင်၏ အကြောင်း၊ ကြည်ညိုနှစ်သက်စရာ၊ဝမ်းမြောက်စရာ၊ လွမ်းစရာ၊ ဆွေးစရာတွေများစွာတွေ့ရ၊မြင်ရ၊ကြားရသည်။ အလွန်ကယ်ဝန်းသော ရေကန်ကြီးတခုရှိသည်၊ ဘီလူးတွေရေကစားကြသည်။ ကြာဖြူ၊ကြာညို၊ ကြာနီ ကြာဝံဆင်ပါ၊ကြာခေါင်းလောင်း။ ကြာပုဇွန်မိုက်တို့ အလွန်ပေါသည်။ ဘီလူးတို့လူသားကဲ့မစားရသော အခါ၊ ကြာရိုး၊ ကြာစွယ်၊ ကြာ၊ ဌက်ငုပျာ၊ အုံး၊ ထန်းခေါင်း၊ ဖရုံ၊ ဖရဲ၊ဇူး၊ သခွါး၊ စသော အလိုအလျောက်ပေါက်သော၊ အပင်၊ အနွယ်၊ သစ်သီးဝလံတို့ကိုလည်းစားလေ့ရှိကြသည်။ အခြားသော ဘီလူးတို့သည်။ တောတိရစ္ဆာန်သတ္တဝါတို့ကို ရှာ၍ အသေး၊ အသားတို့ကိုလည်းစားလေ့ရှိကြသည်။ အလွန် ကြီးကျယ်သော၊ တောနက်ကြီး ထဲမျှားမှာ၊ ဆင်မျှား၊ကျားကြံ့မျှား၊ ဝက်ဝံမျှားရှိဘူးသည်။ အုံးငှက်မျှားမှာ ယခုထက်တိုင် အောင်အလွန်းပေါသည်။ လင်မရှိသော၊ အလွတ်အလပ်ဖြစ်သော၊ ဘီလူးမတွေအမြဲဌာဝရ၊ဂင်္ဂါမြစ်နှင့်၊ကလျာကီမြစ်ရိုး ကမ်းဘက်လျှောက်မှာပျော်ပါးနေထိုင် သွားလာလေ့ရှိကြသည်၊မဇ္ဈိမဒေသ ဌေဝဒုတောဌာနေသော ဟာနုနန် မျောက်မင်းသည်။ မျောက်သငှာဝါ မှူးစွာတို့အားပါဠိ မျောက်မင်းကြီးဖြစ်သည်။ထိုဟာနုမန် မျောက်မင်းကြီးသည်။ တနှစ်တကြိမ် မျောက်မိဘုယားကြီးမှူးနှင့်တကွ ကေရးကျွန်ဖြစ်သော မျောက်ထီး မျောက်မမှူးစွာတို့ဖြင့်။ လင်္ကာဒီပကျွန်းသို့ လာရောက်၍ ကျွန်း၏တောင်ပိုင်းရှိ ချိုချဉ်သစ်သီး လုံးကြီးလုံးငယ် အလွန်ပေါသော သုမနေတောင်သို့ သွားပြီးလျှင် သုံးလ လေးလလောက်ကြာအောင် ပျော်ပါးခဲ့သောက် နေထိုင်လေ့ရှိကြသည်၊မဇ္ဈိမဒေသ တောင်ဘက်နယ်အစွန်အဖျား ပင်လယ် ကမ်းထိပ်နှင့် လင်္ကာဒီပကျွန်းကို အကူးအသန်း အသွားအလာ လွယ်ကူစီမံသောငှါ ဟာနုမန် မျောက်မင်းကြီးနှင့် အားသွန်ဗလ ကြီးသော မျောက်ကြီး တို့က ကျောက်တန်းမျှား ဆယ်တင်ထားသည်မှာ ယခုထက်တိုင် အထင် အထွားရှိသည်၊အချို့သော ကုလားလူမျိုးတွေသည်၊ ယခုထက်တိုင် ဟာနုမန်

မျောက်မင်းကြီးကို ကြည်ညိုကိုးကွယ်လျက်ရှိနေကြသည်။ ထိုခေတ်ကာလအခါတုန်းက မင်္ဂလာမင်္ဂဒသနယ် အတွင်းအပြင်မှစ၍ ရှိရှိသမျှသော အရပ်ရပ် အနယ်နယ်တို့၌ ကုလားလူမျိုးတို့သည်။ အထူးအဆန်းကိုလိုက်၍ ကိုးကွယ်လေ့ရှိကြသည်။ ဆင်ထူးဆန်းလျှင် ဆင်ကိုပင် သဘောကြိုက်သောကုလားတွေကအသင်းအပင်းဖွဲ့၍ကိုးကွယ်လေ့ရှိကြသည်။ထိုအတူ မြင်းထူးဆန်းလျှင်မြင်းကို၊ နွားထူးဆန်းလျှင်နွားကို။ ခြင်္သေ့သစ်ကျားထူးဆန်းလျှင်ခြင်္သေ့သစ်ကျားကို၊သစ်ပင်ထူးဆန်းလျှင်သစ်ပင်ကို မြစ်ထူးဆန်းလျှင်မြစ်ကို၊တောထူးဆန်းလျှင်တောတောင်စသည်တို့ကို ကိုးကွယ်လေ့ရှိကြသည်။ လူမျှားလဲအနေအထိုင် အစားအသောက်ထူးဆန်းလျှင် ထိုထူးဆန်းသော လူကိုပင် ကိုးကွယ်ကြသည်၊ ထိုသို့ထူးဆန်းသော သတ္တဝါဝတ္ထုပစ္စည်းတို့ကို၊ကိုးကွယ်ကြစေရန် မည်သူတစုံတယောက်ကမျှ ဟောပြောခြင်းမရှိ တိုက်တွန်းခြင်း မရှိကြပါဘဲလျက်။ မိမိတို့ကသာ ထူးဆန်းလျှင် အထွန့်အမြင့်ပြုလုပ်၍ ကိုးကွယ်ရလိမ့်မည်အထင်နှင့် ကြည်ညိုကိုးကွယ်ကြလေသတည်း။

ဤကဲ့သို့ ထင်ရာမြင်ရာတို့ကို ကိုးကွယ်ကြကုန်သော အလိမ္မာပညာအလွန်နည်းပါးသော လမ်းကောင်း လမ်းမှန်ကိုပြတတ်သော ဆရာကောင်းလမ်းညွှန် ပုဂ္ဂိုလ်တို့မရှိသော ဘရမ်းပဒါ ဖရိုဖရဲဖြစ်နေကြသော ကလိယုတ် ဆုတ်ကပ် ခေတ်အခါကြီးထဲမှာ ဘုန်းကြီးတို့၏ကျေးဇူးရှင် ကိုးကွယ်ရာအစစ်ဖြစ်သော အစိန္တိယဟူသည့်ဩဇာတရားရှင်သည်။ထင်လျား ပွင့်ထွန်းပေါ် ပေါက်၍ လာသောအခါ ထိုထိုသောထင်ရာ မြင်ရာ အထူးအဆန်းတွေကိုလိုက်၍ ကိုးကွယ်ကြကုန်သော မိန္တာဒိဋ္ဌိအယူမှားတွေကို တရားလမ်းကောင်းပြ၍ ဆုံးမပေးတော်မူသောအခါ အချိုလဲ အကျွတ်တရားရကြ၏။ အချိုလဲသင့်ကောင်တည်ကြ၏။အချိုလဲ အတော်အသင့် လိမ္မာယဉ်ကျေးခဲ့သွားကြ၏။ အချိုမှာမိမိတို့၏အယူကို အပြင်းအထန်စွဲလမ်း၍ နေသောသူတို့ကိုကား မြတ်စွာဘုရားရှင်သည် လက်လွှတ်ရ၏၊ အချိုကလဲ မိမိတို့၏စားလမ်း သောက်လမ်းပျက်ပြားမည် စိုးသောကြောင် မြတ်စွာဘုရားရှင်ကို ရုခံကြ၏၊ဤကဲ့သို့သော မြတ်စွာဘုရားရှင်၏အလွန်မှန်သောအယူဝါဒနှင့် မိန္တာဒိဋ္ဌိအယူမှားတို့၊အကြီးအကျယ် ရှုပ်ထွေးလာသည်မှာ ယခုထက်တိုင်အောင် နှစ်ပေါင်းများစွာ ကြာရှိခဲ့လှလေပြီ။လောကသံသရာကြီးထဲမှာ အလွန်မှန်ကန်သော အယူဝါဒနှင့် တ

ကွ ထင်ပေါ်မြင့်မြတ်သောပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့ပေါ်လာလျှင်၊အတုအပအပြိုင်အဆိုင်ဖြစ်သောရန်သူတို့ပေါ်လာမြဲ ဓမ္မတာဖြစ်သည်၊ထိုပေါ်လာသော ရန်သူတို့မှာလဲ မိမိတို့၏မှားသော အယူဝါဒကို စွဲစွဲလန်းလန်းမရှိသေးလျှင် ဟောပြော၍ ရနိုင်သေး၏။ ဆိုးဝါးဖိုက်မဲသော စိတ်ဓါတ်အခံပြင်းထံ၍ ယူမိသောအယူမှားကို စွဲသန်း၍နေခဲ့လျှင်၎င်း၊ ဖိုက်မဲသော အယူဝါဒရှိသော ဆရာကို ဆည်းကပ်မိလျှင်၎င်း၊ဆရာ၏မျက်နှာကိုထောက်ညှာ၍နေသမျှကာလပတ်လုံး ဟောပြော၍မရနိုင်ဘဲ ရှိနေတတ်သည်။ ထိုမှားသော အယူဝါဒရှိကုန်သော သူတို့အား မှန်းသောအယူဝါဒ ရှိသော ပညာရှိပုဂ္ဂိုလ်တို့က ဘယ်လိုပင် ကရုဏာမေတ္တာဒေါသရှုထား၍ ဟောပြော ဆုံးမပြားသော်လဲ မရုနိုင်သည်ပြင် ဇနသူဖြစ်ရုံသာရှိမည်။သတိမူကြလေ။

လက်ဒီပက္ခန်းခွ ဝိဇယမင်း မရောက်မီက မည်သည့်အခါမျှ လူနေအိမ်ခြေ မရှိဘူးသောအရပ်ဖြစ်၍ ဘီလူးတို့၏ တိုင်းပြည်သက်သက် ဖြစ်သည်။ ရှေးက၎င်းလက်ဒီပက္ခန်းမှာ ဘီလူးကိုတည်ထောင် ဘန်ဆင်းသော မြို့နှစ်မြို့ရှိဘူးသည်။ ထိုမြို့မျှားကို နတ်ဘီလူးတွေ ဘန်ဆင်းတည်ထောင်သောကြောင့် နတ်မြို့ဟူ၍လည်းခေါ်နိုင်၏။သိရိသဝတ္ထုမြို့နှင့်လင်္ကာမြို့တို့ဖြစ်ကြသည်။ ဘီလူးမင်းမျှား စိုးစံအုပ်ချုပ်ကြသည်။ အကယ်၍အခြားတိုင်းပြည် နယ်ပယ်ကျွန်းမြေအရပ်က လူဖြစ်စေ အခြားသတ္တဝါမျိုးတို့ဖြစ်စေ ရောက်လာလျှင်း ထိုနတ်မြို့မျှားကို မမြင်မတွေ့ရ လေအောင်ကွယ်ပျောက်၍ လည်းထားနိုင်၏။ထိုနတ်မြို့မျှားကို ယခုအခါရှာ၍မရ၊ ဘီလူးတို့ ကွယ်ပျောက်သည့်နှင့်တပြိုင်နက် နတ်မြို့မျှားလည်း ကွယ်ပျောက်ခဲ့ကြလေပြီ။

လက်ဒီပက္ခန်းကိုသိဟိုဠ်ကျွန်းဟူ၍အမည်ပျောင်းလဲလာပုံကား၌သို့တည်း၊ လက်ဒီပက္ခန်းခွဲဘီလူးတွေနေထိုင်ရာမှလူနေအိမ်ခြေမြို့ရွာစတည်ဖြစ်ထွန်းပေါ်လာရခြင်းသည်။ မဏ္ဍိမဒေသ နယ်ပယ်တွင် ပါဝင်သော လာလတိုင်းက အဆက်အနွယ်ဖြစ်သည်၊ လာလတိုင်းဟူ၍ ဖြစ်ထွန်းပေါ်လာရခြင်းသည်လည်း။ ဝင်္ကတိုင်း၏ အဆက်နွယ်ဖြစ်သည်။ ထိုကြောင့် ဤစကားအစဉ်၌ ဝင်္ကတိုင်းကစ၍ ပေါ်ပြမှသာ စကားအစဉ်အလျှင်းသင့်မည်ဖြစ်၍ ဝင်္ကတိုင်းကစ၍ ပေါ်ပြပေအုံး၊

ရှေးသရောအခါ အရှင်ဂေါတမ မြတ်စွာဘုရားရှင် ပွင့်တော်မမူမီ နှစ်ပေါင်းတရာခန့်ကာလ၌ ဝင်္ဘိုင်း ဝင်းနုပြည့်ဘဝ်ကို အစိုးရသော ဝင်္ဘရာဇာမင်းကြီးသည်။ ကာလိင်္ဂရာဇာမင်းကြီး၏ သိဒ်းတော်ကိုဆောင်ယူ၍ မိဖုယားမြောက်ပြီးလျှင် ထီးနန်းစံသည်တွင် မိဖုယား၏ဝမ်း၌ ပဋိသန္ဓေရ၍ တဒေယျာက်သောသိဒ်းကိုဘွား၏။ထိုမင်းသိဒ်းဘွားမြင်စအခါကပင် သာမ၊ယ ဇု၊ဇ္ဈာယု၊အာတာနုပ္ပဆိုဘဲ့ ဗေဒင်ကျမ်း၊လက္ခဏာကျမ်း၊ဇ္ဈာတိဟာသကျမ်း၊ နိဃဏ္ဍုကျမ်း ကေတုဘကျမ်း၊သဒ္ဒါကျမ်း၊ဆာန်းကျမ်း၊ ပုရာဏ်ကျမ်း၊အာကွ ရပ္ပဘေဒကျမ်း၊ဝေယျာကရိဏ်းကျမ်း၊ဘာသာသက်ရိုက်ကျမ်း၊ဥပါန်ကျမ်းအိပ်မက်ကျမ်း၊ တိတ်ကျမ်း၊ နိမိတ်ကျမ်း၊ အလင်္ကာကျမ်းစသော လောကီပညာ ကျမ်းပေါင်းများစွာတို့ကို တဘက်ကမ်းရောက်တတ်မြောက်သော လက္ခဏာဘတ်ပုဏ္ဏားတို့က ဧာတာစန်းလက်ကို တွက်ချက်၍ နိမိတ်ဘတ်ကြသောအခါ။ပညာရှိပုဏ္ဏားတို့က ဤမင်းသိဒ်းသည်။ ကောသရာဇာ ခြဲသော်မင်း၏၊မိဖုယားဖြစ်သတဲ့ဟု နိမိတ်ဘတ်ကြ၏။ထိုအကြောင်းကြောင့် မင်းသိဒ်းကို ကောသရိဟူသော အမည်ဖြင့် ခေါ်တွင်သမုတ်ကြလေ၏။မင်းသိဒ်းသည်လည်း လှပတင့်တယ် ရုပ်ချင်ဘွယ်ကောင်းသော အဆင်းအင်္ဂါရုပ်၏ ကာမဂုဏ်ဘို့၌ တတ်မက်မောခြင်းအား ကြီး၏။ အရွယ်သို့ရောက်သောအခါ မယ်တော်မိဖုယားသည်။ တားမြစ်ဆုံးမ၍ မရနိုင်ရှိလေသော် ပြည်သူအများနှင့်တကွ တရုဉ်ဘပါးသောမင်းတို့ ကြားခဲ့ပါမူ အရှက်ရလတံ့ဟူ၍ စက်ဆုပ်ရွံရှာခြင်း ကြီးသဖြင့် သိဒ်းတော်ကို တိုင်းပြည်မှ နှင်ထုတ်လိုက်ရလေ၏။မင်းသိဒ်းလည်း အလွန်အခွင့်သာသဖြင့် အလိုရှိတိုင်းကျင့်၍ချမ်းသာစွာနေထိုင်လိုသောကြောင့် မထင်မရှားသောဆင်းရဲသူမအသွင်ဖြင့်တယောက်ချင်း ဝင်္ဘိုမှထွက်ခဲ့သော် မဂဓတိုင်းသို့သွား အုံသော လှည်းကုန်သည်တို့နှင့်တွေ့၍ ထိုလှည်းကုန်သည်တို့ကို အဖေဘ်ပြုပြီးလျှင် တောအုပ်ခရီးဖြင့် သွားလေ၏၊ လာသတိုင်းဖြစ်သော အလွန်ကြီးကျယ်သောတောအုပ် တောင်လိုင် ဂနိုင်ချောက်ကြားကြီးထဲသို့ ရောက်သောအခါ ထိုတောအုပ်ကြီးအတွင်း ကျောက်ဂူ၌နေသော ကောသရာဇာခြဲသော်မင်းသည်။ တောနယ် တောင်တန်း အရပ်ရပ်သို့ လှည့်ပတ်နေစဉ် လူသံလွှသံနွားသံတို့ကို ကြားရလေသော် ထိုထိုသို့သော အသံများရှိရာအရပ်သို့လိုက်လေ၏၊ ကုန်သည်လှည်းသများတို့သည်။ အလွန်ကြောက်လန့်ကြသည်ဖြစ်၍ လှည်းနွား ကုန်များကို ပြန်မကြည့်နိုင်ဘဲ ထားခဲ့၍ထိုမှဤမှ

လက်လွှတ်ပြုပုံး ရှောင်ရှားကြရလေကုန်၏။ မင်းသို့မှာမူကား ငယ်ရွယ်စဉ်က ပုဏ္ဏားတို့နိမိတ်ဘတ်သော အကြောင်းကို သိပြီးဖြစ်လေ သောကြောင့် မကြောက်မရွံ့ဘဲ ခြင်္သေ့မင်းရှိရာသို့ပြေးလေ၏။ ခြင်္သေ့မင်းလည်း အစာအာဟာရတို့ကို ကိုက်ဖျိုမိမိကျောက်ဂူသို့ သွားသည်ရှိသော် အဝေးမှ ပြေးလာသော မင်းသို့ကိုမြင်လျှင် ရွှင်လန်းတတ်မက် နှစ်သက်သော စိတ်ရှိသည်ဖြစ်၍အပြီးနှင့် နားရွက်တို့ကိုလှုပ်လျက် ယဉ်ကျေးသော အမူအရာဖြင့် မင်းသို့အနားသို့ကပ်၏၊ မင်းသို့းလည်း ခြင်္သေ့မင်းအပါးသို့ ကပ်ပြီးလျှင် အင်္ဂါကြီးငယ်တို့ကို သုံးသပ်၏။ ခြင်္သေ့မင်းသည် မင်းသို့း၏ ဖေါ်ပွဲဖွဲ့ ကိုယ်အတွေ့ဖြင့် အလွန်တပ်စွန်းသော စိတ်ရှိရကား မင်းသို့းကို ကျောက်ကုန်းထက်သို့တင်ပြီးလျှင် ပိမိနေရာကျောက်ဂူသို့ဆောင်ယူ၍ အတူတကွ ပေါင်းသင်းဆက်ဆံ၍ နေကြလေ၏။ရက်လရှည်လတ်သော် မင်းသို့းမှာ ခြင်္သေ့ကိုစွဲ၍ ကိုယ်ဝန်ရသဖြင့် နေ့လစေ့သော် သားတယောက် သို့းတယောက်အားဖြင့် နှစ်ယောက်သောကလေးတို့ကို အမျှောဘွားမြင်၏။ သားငယ်၏ လက်ရုံး လက်မောင်း ခြေချောင်း စသော အင်္ဂါတို့သည်။ ခြင်္သေ့မင်း၏သက်ရုံး လက်မောင်းနှင့်တူသော အခြင်းအရာ ရှိသည်ဖြစ်၍ သတို့သားကို သီဟဗာဟု ဟူသောအမည်ကိုမှည့်၏။ သတို့သို့းကိုလည်း သီဟသိဝလိ ဟူသောအမည်ကို မှည့်၏။ ထိုကလေးနှစ်ယောက်တို့သည် အစဉ်အတိုင်း ကြီးမြောက်၍၊ တဆဲ့ခြောက်နှစ်ရှိယ် ရှိသောအခါ မိခင်ကို ဤသို့ မေးကြ၏၊ မိခင်- အခြားအခြားသော ကွဲ့၊ နွား၊ဆင်၊ မြင်း စသော သတ္တဝါတို့သည်အဘနှင့်အမိသည်ဎင်း၊ သားသို့းသည် ဎင်းအသွင်သဏ္ဌာန် တူကြမြဲ ဖြစ်ပါသည်ကို တွေ့မြင်ရသည်။ ကျွန်ုပ်တို့မှာမူကား၊ မိခင်ဘခင် တို့လဲ အသွင်သဏ္ဌာန် မတူပါ။ ကျွန်ုပ်တို့ သားသို့းများမှာလဲ မိခင်နှင့်သာ အသွင်သဏ္ဌာန် တူပါသည်၊အဘနှင့်ကား အဘယ်ကြောင့် အသွင်မတူဘဲ ဖြစ်ပါသနည်းဟု မေး၏။ အမိသည် ဤသို့ပြန်ပြောပေ၏၊ ချစ်သား ချစ်သို့းတို့-အမိသည်မူကား။ဝက်တိုင်း၊ ဝက်မြိုကိုအစိုးရသော ဝက်ရာဇာမင်းကြီးယို သို့းအခင်း ဖြစ်သော ခင်ဗျားအစစ် ပေတည်း။ အမိကိုဘွားမြင်စအခါက ပညာရှိလက္ခဏာဘတ် ပုဏ္ဏားတို့သည် ခြင်္သေ့စက်ပါသည်ဟု ဟောပြောသောကြောင့်၊ခမည်းတော်၊ မယ်းတော်တို့က ရက်၍တိုင်းပြည်မှ နှင်ထုတ်လိုက်၏၊ ။

ထိုအခါ အဓိသည် အလုံးစုံသော စကြဝဠာကမ္ဘာမြေရေ မြင့်မိုရ် သတ္တရဝာန် သိဒ္ဓါသမုဒ္ဒရာစသော အရပ်များ၌ အခြေလေးချောင်း ရှိသော သတ္တဝါတို့ကိုအစိုးရသော ခြသေ့မင်းကြီးကိုဂုဏ်း။အလုံးစုံသော တောအုပ် တောင်လိုင် ဂန္ဓိုင်ခြောက်ကြား ဆုံဖြားရေမြေတို့၌ ကျက်စားသွားလာ၍ နေ ကြကုန်သော အခြေလေးချောင်းရှိသော သတ္တဝါတို့အပေါ်၌ အုပ်ချုပ် စိုး ရိုးသော ခြသေ့မင်းကြီး၏ ရုပ်သွင်ကိုဂုဏ်း၊ မြင်လို ကြည့်လိုသော ဆန္ဒရှိ လှသဖြင့် အရွယ်သို့ရောက်စအခါက ဝင်္ကိုင်းမှ မဂဓတိုင်းသို့ သွားသော လှည်းကုန်သည် တို့နှင့်လိုက်၍ လာရာတွင် ယခုနေသော လာလတောကြီး သို့ ရောက်ကာလ၊ သားသိုးတို့၏ အဘ ဤကောသရာဇာ ခြသေ့မင်းကြီး နှင့်တွေ့၍၊ မိခင်အားဘမ်းယူပြီးလျှင်၊ ဤဂုဒ္ဓထား၍၊ ပေါင်းသင်းဆက်ဆံ လေသောကြောင့်၊ မောင်တို့သားသိုး နှစ်ယောက်ကို ဘွားမြင်လေသည်ဟု အလုံးစုံသော အကြောင်းတို့ကို ပြန်ပြောလေ၏။ အဲသည်တော့ သားတော် သိဟဗာဟုမင်းသားက။ မိခင်-တာဖြင့်ရင် အဘယ်ကြောင့် နေရင်းဌာနသို့ မပြန် မသွားသနည်းမေးသော်၊ ချစ်သား-နားထောင် သင်တို့ဘခင်သည် အ စာရှာသွားလိုသောအခါ ဤကျောက်ဂူ၌ ကြီးစွာသောကျောက်ဗျာဖြင့် ပိတ် ထားခဲ့သောကြောင့်၊ မသွားမပြေးနိုင်ဘဲ နေရပါသည်ဟု ပြောဆို၏၊ ထို စ ကားကို ကြားရသော်၊ သားတော် သိဟဗာဟုလည်း ဤသို့ကြံ၏၊ ငါ၏ မိ ခင်နှင့် နှစ်မတို့ကို ငါဆောင်မှလျှင် နေရင်းဌာနသို့ ရောက်နိုင်ကြတော့မည်။ သို့ရာတွင် ဤခြသေ့၏ ဌာနမှ လွတ်ထွက်အောင်၊ ငါသည်ဆောင်နိုင်ပါ မည်လော။မဆောင်နိုင်မည်လောဟု စုံစမ်းဦးမည်ကြံလျက် ထွက်ခါကြည့် ရှုလည့်ပတ်လေသော်၊ မိဖိုသည် တရက်မျှကိုပင် ယူဇနာငါးဆယ် အသွား အပြန်ရောက်နိုင်သည်ကို သိ၍၊ တနေ့သ၌ အဘခြသေ့မင်းကြီးသည်၊ အ စာရှာသွားသောအခါ ဂူဝိတ်ထားသော ကျောက်ဗျာကိုဖွင့်လှစ်၍ အဓိကို လက်ျာပခုံး၊ နှာမကို လက်ဝဲပခုံးဖြင့် ထမ်းဆောင်လျက်၊ မယ်တော်၏ ဗွား ရာဇာတိ အရပ်ဖြစ်သော ဝင်္ကိုင်းသို့ ဂေးရွှေပြေးလေ၏။ တနေ့ချင်းဖြင့် ယူ ဇနာ နှစ်ဆယ်သော ခရီးကိုလွန်၍ ဝင်္ကိုင်း နယ်စွန်ဖြစ်သော ပစ္စန္တရာဇ် ရွာအနီးသို့ ရောက်လေ၏။ ။

ထိုအခါ အဓိဖြစ်သော မင်းသွီးသည် သင်္ဘက်တို့ကို တဲအပ်ဖြင့် စပ် လျက် ဦဖိုလည်းဝတ်ဆင်၏။ သားသွီးတို့အားလည်း ဝတ်စေ၏။ ထိုအခါ ကောသရိ မင်းသွီး၏ ဦးလေး၏သား မောင်ဝမ်းကွဲဖြစ်သော အနုနအမည်ရှိ

သော မင်းသားသည် စစ်သူကြီးဖြစ်၍ ပစ္စန္တရောဇာရှာငယ်တို့ကို အုပ်ချုပ်ရ၏၊ အမှုကြီးငယ်တို့ကို စစ်ဆေး စီရင်အံ့သောဌာ၊ ပစ္စန္တရောဇာရှာငယ်တို့သို့လာသော အခါ၊ ရှာ၏အနီး တဆသော ညောင်ပင်ကြီးရင်းခွ တရားစီရင်၍နေစဉ်၊ တောမှ ချောက်လာသော သားအမိ သုံးယောက်တို့ကို မြင်လျှင် သင်တို့သည် အဘယ်သူနည်း။ အဘယ်အရပ်မှ ရောက်လာကြ သနည်းဟု မေး၏။ ထိုအခါ သားအမိ သုံးယောက်တို့က အကျွန်ုပ်တို့သည် လာလေတောကြီးခွ နေပါသည်။ တောခွ ကြီးပွားသော သူတို့တည်း။ လာလေတောကြီးမှ မြို့ရှာကို ကြည့်ရှုအံ့သောဌာ မြို့ရှာတို့ကို မြင်လို၍ လာပါသည်ဟုပြော၏။ စစ်သူကြီးလည်း ထိုဓိသားသုံးယောက်တို့အား သနားလေးမြတ်ခြင်း ရှိသည်ဖြစ်၍၊ ဝတ်ဆင်ရန် ပုဆိုးကြမ်းတို့ကို ပေး၏။ ဓိသားသုံးယောက်တို့လည်း ယူ၍ ဝတ်ဆင် ကြလေသော်၊ ထိုသူတို့၏ ဘုန်းကံအာနုဘော်ကြောင့် အလျားအနုံငယ်သော အဝတ်တို့သည် ကြီးပြန့်ရှည်လျားစွာ ဖြစ်လာ၏။ ရုန့်ရင်းကြမ်းထမ်းသော အဝတ်များ ဖြစ်ပါလျက်နှင့် ခရေမွှေးနူးညံ့စွာ ဖြစ်လာ၏။ သစ်ရွက်စွက်တို့ဖြင့် ထမင်းအစာကို ထည့်၍ ပေးပြန်သည်ရှိသော်၊ ထိုသူတို့၏ ဘုန်းကံအာနုဘော်ကြောင့် ရွှေခွက် ငွေခွက်တို့သည် ဖြစ်ကုန်၏။ ထိုသို့ဖြစ်သည်ကို စစ်သူကြီးမြင်လေလျှင် ဤသူတို့ကား အံ့ဘွယ်သရဲ မဖြစ်တူးမြဲသော သူတို့ပေတကားဟု များစွာကြည်ညိုသော စိတ်ရှိသည်ဖြစ်၍၊ သင်တို့သည် အဘယ်အမျိုးအနွယ်မှ ဆင်းသက်၍ အဘယ်သူ၏ သားဧမြီးတို့နည်းဟု မေးပြန်၏။ မင်းသို့ကလည်း အကျွန်ုပ်တို့သည် အခြားသူ မဟုတ်။ ဤဝက်တို့ငြီးကို အစိုးရသော ဝက်ရာဇာမင်းကြီး၏ သို့နှင့် ဧမြီးများဖြစ်ကြပါသည်။ ကျွန်ုပ်မှာ ဗွားမြင်စအခါကပင် ခြင်္သေ့စက်ပါသည်ဟု အရွယ်ရောက်စအခါက မြို့မှနှင်ထုတ်သောကြောင့် တောခွ နေခဲ့ရပါသည်။ ခြင်္သေ့မင်းနှင့် စပ်မိကြသဖြင့် ဤသူငယ် မောင်နှမနှစ်ယောက် ဖြစ်ထွန်းရပါသည်။ယခုအခါ သားငယ်သို့ငယ်တို့သည် တော၌ မပျော်ပိုက်ကြသောကြောင့်၊ မြို့ရှာ၌နေခြင်းငှာ လာခဲ့ပါသည်ဟု ဧ့ဝုံစွာပြောလေသော်၊ သင်သည် အခြားသူ မဟုတ်။ ငါ၏ အဂ်ိုးတော် ဓိဇုယားဇ်၏သို့းဖြစ်၍ ငါ၏ နှမပင်တည်း။ ငါနှင့် လိုက်ခဲ့ကြဟု ခေါ်၍ ဝင်္ဂါသို့ ယူဆောင်ပြီးသျှင် ဓိဇုယားပင်ပြု၍ ထားလေ၏။ ။

ခြင်္သေ့မင်းလည်း အစာရှာသွားရာမှ ပြန်လာ၍ နေရာကျောက်ဂူ၌ မယားနှင့်သားသို့းတို့ကို မမြင်လေလျှင် ပူပင်လိုက်လဲ့ ကြည်ကွဲစိုးရိမ်ခြင်းရှိ

လှသည် ဖြစ်၍၊ အစာကိုလည်းမစား။ ရေကိုလည်းမသောက်။ အိပ်လည်းမ
အိပ်စက်ဘဲတောနက်တောင်ဝှမ်း ဖြစ်ကမ်းရှိသမျှစေ့အောင် ရှာဖွေ၍မတွေ့
သောအခါ လူတို့၏နေရာ တိုင်းစွန် ဖြိုနား ရွာနားတို့သို့ ဝင်၍ အစည်လှည့်
ပတ်ကာ ရှာ၏။ ခြင်္သေ့ ဝင်သမျှသော မြို့ရွာတို့သည် လွန်စွာကြောက်ရွံ
ထိတ်လန့်ကြသည် ဖြစ်၍၊ ထွက်ပြေးကြကုန်သောကြောင့်၊ ရွာငယ်အများ
ပင် ပျက်စီးကြ၏။ ထိုအခါ ရွာစွန် ရွာနားရှိလူကြီး လူငယ်တို့သည် ဝက်
ရာဇာမင်းကြီးထံသို့ကပ်၍၊ အရှင်မင်းကြီး-အကျွန်ုပ်တို့၏ ခင်ရွာသို့ ခြင်္သေ့
တကောင် ဝင်လာ၍ သတ္တဝါတို့ လန့်ထိတ် ကြသောကြောင့်၊ ရွာစွန် ရွာ
ငယ်အများ ပျက်စီးကြပါသည်။ အရှင်မင်းကြီးသည် ဤခြင်္သေ့ကို တား
မြစ်တော် မူပါဟု လျှောက်ထားကြ၏။ ဝဏ္ဏာရာဇာမင်းကြီးလည်း ပြည်သူတို့
၏ လျှောက်ထားသံကို ကြားတော်မူလျှင်၊ မှူးမတ်တို့အား ခြင်္သေ့၏ရန်ကို
တားမြစ်နိုင်အံ့လောဟု မေးတော်မူ၏။ မတားမြစ်နိုင်ကြောင်းကို လျှောက်
ထားကြသောအခါ။ ကောင်းပြီ၊ တာဖြင့်ရင် ခြင်္သေ့၏ရန်ကို တားမြစ်နိုင်သူ
ကို ရှာဖွေကြလော့ဟု အမိန့်တော် ရှိလျှင်၊ ရုံစမ်းရှာဖွေကြရာ။ တရုံတ
ယောက်မျှ မရ မတွေ့သောကြောင့် ဆင်ကျောက်ကုန်းထက်၌ အသပြာငွေ
ဘဏ္ဍာထုပ်ကိုတင်၍၊ အကြင်သူသည် ငါတို့၏ တိုင်းစွန် ရွာစွန်သို့ဝင်
လာသော ခြင်္သေ့ကို ဘမ်းနိုင် သတ်နိုင်အံ့၊ ထိုသူသည် ဤအသပြာငွေ တ
ထောင်ထုပ်ကိုယူလော့ဟု စည်လည်းစေ၏၊ ထိုသို့စည်လည်ပါသော်လည်း
တယောက်မျှမပေါ်မထွက်ဘဲ ရှိလေသော်၊ ဆင်ကျောက်ကုန်းထက်၌ တ
ဖန် အသပြာငွေ နှစ်ထောင်ထုပ်ကို တင်ပြန်၍ ဂြိုးနည်းအတူ စည်လည်
စေပြန်၏၊ တယောက်မျှ မပေါ်မထွက်ပြန်သော်၊ သပြာငွေ သုံးထောင်ထုပ်
ကို တင်၍ စည်လည် စေပြန်၏။ ထိုသုံးကြိမ်မြောက် နောက်ဆုံးအသံကို
ကြားသော် သိဟဗျာဟု မင်းသားဘည့် ဤသို့ကြွေး၏။ ဤခြင်္သေ့ကား ငါတို့
သားအမိသုံးယောက်ကို မတွေ့သမျှကာလပတ်လုံး ရှာဖွေတော့မည်။ မင်း
ကြီး၏ အသပြာငွေထုပ်ကိုယူ၍ ငါသတ်မှသာ ထိုခြင်္သေ့၏ရန်ငြိမ်းလွယ်
တော့မည်ဟု ကြုံးပြီးလျှင်၊ မယ်တော်ကို တိုင်ပင်၏။ မယ်တော်က အကြင်
လင်မယားဖြစ်ခဲ့ဘူးလေသောကြောင့်၊ တိရစ္ဆာန်မျိုးပင် ဖြစ်သော်လဲ၊ သံ
ယောဇဉ်နှင့် တဏှာမပြတ် နိုင်သေးသည်ကို ထောက်သဖြင့်၎င်း၊ သား
တော်၏အဘဖြစ်ဘူးသော ဂုဏ်ကျေးဇူးကို ထောက်သဖြင့်၎င်း၊ အကြံမ
ကြံတော်ပေါင်းပန်၏။ တော်းပန်သော်မရ။ နောက်တော့ သားတော် သိဟ

ဗာဟုမင်းသားက မယ်တော်ကို မပြောဘဲ၊ ကြော်ငြာသော မင်း၏ အာသ
ပြာထုပ်ကိုယူ၍၊ မင်းချင်းအမတ်တို့- ခြင်္သေ့ကို အကျွန်ုပ်သတ်မည်ဟု ရဲ
ရဲတင်းတင်း ဝန်ခံလိုက်၏၊ အမတ်တို့လည်း အလွန် ဝမ်းမြောက် ကြသ
ဖြင့် သိဟဗာဟုမင်းသားကို ခေါ်ဆောင်၍ မင်းကြီးအား ပြလေ၏၊ မင်း
ကြီးက အမောင်သည် မည်သူ၏ အမျိုးအနွယ်နည်း၊ မည်သည့် အရပ်က
လာသနည်း စသည်ရဲစမ်းမေးမြန်းတော် မူသောအခါ၊ သိဟဗာဟုမင်းသား
က မယ်တော်ထံမှ ကြားသိရသမျှသော စကားအလုံးစုံတို့ကို တစ်မကွန်
သံတော်ဦးတင်သောအခါ၊ အမောင်သည် အခြားသူမဟုတ်။ ငါမင်းကြီး၏
မြေးတော်ရင်း ဖြစ်ပေသည်ဟု ချစ်ခင်နှစ်သက်လှသည် ဖြစ်၍၊ ကောင်းပြီ။
အမောင် မြေးတော်သည် ခြင်္သေ့ကို ဘမ်းနှိုင် သတ်နိုင်သည် ဖြစ်အံ့။ ဤ
တိုင်းပြည် အလုံးစုံကို မင်းပြုစိမ့်သေးဘ၊ အမောင်အား ငါပေးမည်ဟု ဆို
လိုက်၏။ သိဟဗာဟု မင်းသားလည်း ကောင်းပါပြီဟု ဝန်ခံ၍ ဓိုင်း၊ လွှား၊
ကာ၊လေး၊ မြှား၊သံသျှက် ထား၊လက်နက် ငါးပါးတို့ကို ယူပြီး၍၊ခြင်္သေ့
နေရာ ကျောက်ဂူသို့ သွားလေ၏၊ ခြင်္သေ့မင်းလည်း မယားနှင့် သားသမီးတို့
ကို ဝှာ၍ မရှေ့ခဲ့သော် ပြန်၍သွားရာ၊ ကျောက်ဂူဝင်ပေါက် ဝေစောက ရောက်
နှင့်လေ၏။ ။

ခြင်္သေ့လည်း အဝေးကလာသောသားကို မြင်လေလျှင်၊ ချစ်ခင်သော
မေတ္တာစိတ်ဖြင့် ကိုယ်လုံးနှံ့လျက်၊မြှောင်လင့်ကာနေ၏။ မင်းသားကလည်း
မြှားရောက်လောက်သော နေရာကရပ်၍၊ခြင်္သေ့ကို သေစေအံ့သောဌာ၊မြှား
ကိုပစ်လွှတ်၏၊ ခြင်္သေ့လည်း သားအပေါ်၌ ချစ်ခြင်းမေတ္တာ အားကြီးလွ
သောကြောင့်၊ ပစ်လွှတ်သော မြှားသည် မထူးဘဲ နဖူးကို မှန်ပြန်ငြိုးမှ ပြန်
လည်၍။ မင်းသား၏ ခြေရင်းဦးကျ၏။ ဤနည်းအတိုင်း သုံးကြိမ်မြောက်
အောင် ပစ်သော်လည်း၊ ရှေးအတူသာပြန်လည်၍ ကျလာ၏။ပစ်ဘန်များ
သော်၊ ခြင်္သေ့လည်း သည်းခံနိုင်သဖြင့် အမျက်ထွက်၍ သားပင်ဖြစ်
သော်လဲ မရှောင်နိုင်ဘဲ လိုက်၍ နှိပ်စက်ခြင်းငှာ၊ကိုယ်ကိုလှုပ်ရှား၍ အား
ထုတ်၏။ ထိုအခါမှ ပစ်လွှတ်သောမြှားသည်။ ရင်သားမှ ထွင်းဖောက်၍
နောက်ကျောက်ကုန်းသို့ ထွက်သဖြင့် ထိုနေရာ၌ပင် သေခြင်းသို့ ရောက်
လေ၏၊ သိဟဗာဟု မင်းသားလည်း သေလေသော အဘ ခြင်္သေ့၏ ဦး
ခေါင်းကို လည်ဆံနှင့်တကွဖြတ်၍၊မင်းကြီးအား ပြခြင်းငှာ ယူဆောင်လာ
ခဲ့လေ၏၊ သို့သော်လဲ ဝက်ဆင်မင်းကြီးသည် ခြင်္သေ့၏ ရန်ကိုပယ်လွှန်စိမ့်

သောဌာ၊ သိဟဗာဟု မြေးတော်ကို လွှတ်ပြီး၍၊ မကြာမီပင် ကိုယ်တွင်းရောဂါဖြင့် ကံကုန်၍ နတ်ရွာစံလေ၏။ အလောင်းတော်ကို သင်္ဂြိုဟ်ပြီးသည်နောက်။ ဆုနစ်ရက်ကြာသောအခါမှ မြေးတော်မင်းသား ပြန်ရောက်လာလေ၏။ဝင်ရောမင်းကြီးမှာ သားတော်လည်းအခြားမရှိသည်၏ အဖြစ်ကြောင့်၎င်း၊ သိဟဗာဟု မင်းသားသည် မြေးတော်ရင်း ဖြစ်သောကြောင့်၎င်း၊ကောသရောဇာ ခြသေ့မင်း၏ ရန်ကိုလည်း ပယ်သွန်ပျက်ဆီးနိုင်သောကြောင့်၎င်း၊ မှူးမတ်အပေါင်းတို့သည် တညီတညွတ်ထည်း တိုင်ပင်၍၊ အရှင်မြေးတော်မင်းသားသည်ပင်။ ဤတိုင်းပြည်ကဲ့ မင်းပြုအုပ်စိုးတော်မူပါလေ့ဟု အပ်နှင်းကြကုန်၏။ သိဟဗာဟုမင်းလည်း ကောင်းပြီဟု ဝန်ခံ၍ မယ်တော် ကောသရီမင်းသို့း၏ ခင်မွန်းဖြစ်သော မိဘ၏ ဘဝွေး၊ စစ်သူကြီးအား ထီးနန်းတင်းပြည်ကို အပ်နှင်း၍ မင်းပြုစေ၏။ မိဘမှာမူကား။ နှမတော်သိဟသိဝလိကို မိဖုယားတင်မြောက်၍၊ လိုက်လိုသော သူအာပေါင်းတို့ကို ခေါ်၍၊ဘွားတော်မူရာ ဌာနဖြစ်သော လာလတိုင်းတောအုပ်ကွင် အဘခြသေ့မင်းနေသောကျောက်ဂူကို အဦးထား၍ သိဟပုရအမည်ရှိသောမြို့ကို တည်ထောင်၍ မင်းပြုနန်းစံလေ၏။ တောအုပ်ကြီးကိုလည်း သုတ်သင်ရှင်းလင်းရာ ယူဇနာတရာ ကျယ်ဝန်း၏၊ ရွာကြီးရွာငယ်တို့ကိုလည်း အသီးသီးဖွဲ့စည်း၍ နေစေ၏။ နှမတော်မိဖုယားဦလည်း အမွာအစုံအစုံဖြစ်သော သားယောကျ်ားတို့ကို တဆဲ့ခြောက်ကြိမ် ဘွားမြင်သည်ဖြစ်၍၊သားတော် သုံးကျိပ် နှစ်ယောက် ထွန်းကားတော် မူလေသတည်း။အကြီးဆုံးဖြစ်သော သားတော်ကား။ ဝိဇယမင်းသားဟူသော အာမည်ကို တွင်စေ၏။ ။ဤကား ဝိဇယမင်းသားတိုင်အောင်သော အခန်းသည် ပြီး၏။ ။

ဝိဇယမင်းသား၏အကြောင်းကို ဆက်၍ပြဦးအံ့။

သားတော်အကြီးဖြစ်သော ဝိဇယမင်းသားသည်။ အရွယ်သို့ ရောက်သောအခါ ဆုနစ်ရာမျှလောက်သော ကျေးကျွန်သင်းပင်းတို့ကို မွေးမြူ၍၊ ပြည်သူပြည်သားတို့အား နှိပ်စက်ခြင်း၊ လုယက်ခြင်း၊ အနိုင်အထက် ပြုခြင်း အစရှိသော မတရားသော အကျင့်တို့ကို ကျင့်လေ့ရှိသည် ဖြစ်၍၊

ကျေးကျွန်သင်းပင်း အပေါင်းတို့ကလည်း၊ ပြည်သူပြည်သားနှင့် ရွာသူ ရွာသားတို့အပေါ်၌ စေ့ကား ရမ်းကား ခိုးယူစဉ်းလဲ သွင်းဆဲခြင်းကိုသာ ပြုကြလေကုန်၏၊ထိုသို့ပြုကုန်သည်ရှိသော်၊ ပြည်သူ ပြည်သား ရွာသူရွာသားတို့သည်။ သည်းမခံနိုင်ကုန်သည် ဖြစ်၍၊ သိဂၤဗာဟုမင်းကြီးထံသို့ ကပ်၍၊ထိုအကြောင်းကို ကြားလျောက်ကြကုန်၏။ မင်းကြီးသည်လည်း ပြည်သူတို့အား နှစ်သိမ့်စေ၍၊ သားတော်ဝိဇယကိုခေါ်၍ ကောင်းစွာ ကျင့်စဉ်မဲ့သောဌာ ဆုံးမ၏။ မင်းသားလည်း မကောင်းကျင့်မြင်၌ ကျင့်ပြုနှံသောကြောင့်၊ပြည်သူတို့ကမင်းကြီးအား လျောက်ကြားကြပြန်သော်၊ မင်းကြီးလည်း ခေါ်ယူစေ၍ ဆုံးမ၏။ထိုနောင်လည်း အကျင့်ကိုမပျောက်ဘဲ။ ဆိုးသွမ်းပြန်သော်၊ များစွာသော ပြည်သူပြည်သားနှင့်တကွ မှူးမတ်တို့သည်။ မင်းကြီးအထံသို့ ကပ်၍ အရှင့်သားတော်နှင့်တကွ ကျေးကျွန်တို့ပါ ပြည်၌ထား၍ မလျော်ပါ။ အရှင့်အာဏာတော်ကို ကျူးလွန်လျက်၊ ပြည်သူတို့ကို မတရားပျက်ဆီးသောသူတို့ဖြစ်၍၊ အဆုံးသော်ငင်း စီရင်သင့်ပါသည်။ တိုင်းပြည်မှသော်ငင်း၊နှင်ထုတ်သင့်ပါသည်ဟု လျောက်ကြ၏။ထိုအခါ သိဂၤဗာဟုမင်းကြီးလည်း၊ ပြင်းစွာအမျက်ထွက်ရကား။သားတော် ဝိဇယကို အဆုံးစီရင်အံ့သောဌာ ကြံပါသော်လည်း၊ ဦဗုယားကြီး၏မျက်နှာကို ထောက်သဖြင့် မစီရင်ဘဲ။ ကျွန်သင်းပင်း ခုနစ်ရာနှင့်တကွ ဦးခေါင်းခွံ ထက်ဝက်သောဆံပင်တို့ကို 'ဂိတ်ပေငြိုးသော်၊ ကြိုးစွာသောလွေခွံ တင်၍၊ သမုဒ္ဒရာရေပြင်သို့ မျှောစေ၏။ ထိုသူတို့၏မယား ခုနစ်ရာတို့ကိုလည်း လွေကြိုးတစင်းခွံ တင်၍၊သားငယ် သမ်းငယ်တို့ကိုလည်း၊လွေကြိုးတစင်းဖြင့်တင်၍၊ သမုဒ္ဒရာ ရေပြင်သို့ပင် မျှောစေ၏။ ယင်းသို့ အသီးအသီး မျှောလိုက်သောသူတို့သည်။ အချင်းချင်း ကွဲပြားး မျှောသွားကြလေသဖြင့် သားငယ်သမ်းငယ်တို့၏ လွေသည်။နာဂဒီပကျွန်းခွံ တင်၏။မယားတို့၏လွေသည်းမဟိလာဒီပကျွန်းခွံ တင်၏။ ၎င်းမဟိလာဒီပကျွန်းကို တခါတရံ ဘရိယောက္ခအဲ့ ကျွန်းဟူ၍လည်း တွင်ဘူးသည်။ ဝိဇယမင်းနှင့် ကျွန်ပေါင်း ခုနစ်ရာတင်၍ မျှောသော လွေသည်၊ လင်္ကာဒီပကျွန်းခွံ တင်၏၊(စကားညွှတ်၍သွင်းဦးအံ့၊) ထိုအခါအရှင်ဂေါတမ မြတ်စွာဘုရားရှင်သည်၊ပရိနိဗ္ဗာန်စံတော်မူခါနိုး ဖြစ်၍၊ပရိနိဗ္ဗာန်ပြုအံ့သောဌာ၊ကုသိနာရုံမြို့ အင်ကြင်းဥယျာဉ်သို့ကြွတော်မူလာ၍၊ အင်ကြင်းပင်မျိုတို့၏အကြား ခင်းထားအပ်သော ရတနာညောင်စောင်းခွံ လျောင်းတော်မူသောအခါ။ ၎ါစကြာဝဠာခွံ နေ

ကုန်သော နတ်ပြဟ္မာအပေါင်းတို့သည်။ သောင်းသောင်းကြွေးကျော်လျက် ပူဇော်ခြင်းငှာ ချဉ်းကပ်လာကြကုန်သည် ဖြစ်၍၊ များစွာသော နတ်တို့၏ အစည်းအဝေးသည် ဖြစ်သတည်း။ ထိုအစည်းအဝေးတွင် မြတ်စွာဘုရား ရှင်၏ အနီးဌာနစား၍နေသော သိကြားမင်းကို မြတ်စွာဘုရားရှင်သည်။ ဒါယကာသိကြားမင်း-လာလတ္တိုင်း သိဟပုရမြို့မှာ။ သိဟဗာဟုမင်း၏ သားဖြစ်သော ဝိဇယမင်းသားသည်။ ကျွန်သင်းပင်း ခုနစ်ချာနှင့်တကွ လက်ဒါဒိပကျွန်းသို့ ရောက်လေပြီ။ ထိုသူတို့သည် ထိုကျွန်းမြေ၌ လူတို့နေရာမြို့ရွာတို့ကို တည်ထောင်၍ စိပင်ကြီးပွားလတ္တံ့။ ငါဘုရားရှင်၏ သာသနာတော်ရောက်၍ တွန်းကားသာယာလတ္တံ့။ တာရာရည်စွာလည်း တည်တန့်လတ္တံ့။ ထို့ကြောင့် သင်သိကြားမင်းသည် ထိုဝိဇယမင်းသားစသော သူတို့အား ဘေးရန်မရှိစိမ့်သောငှာ၎င်း၊ လက်ဒါဒိပကျွန်းကိုလည်း သာယာစီကားကြီးပွားစိမ့်သောငှာ၎င်း၊ ကောင်းစွာ စောင့်ရှောက်ဘိလော့ဟု၍ မိန့်တော်မူ၏။ ။

သိကြားမင်းလည်း မြတ်စွာဘုရားရှင်၏ အမိန့်တော်ကို ကြားရလျှင်၊ ရှိသမျှနာခံ၍ နက်ပရိသတ်တွင်ပါသော သူတော်ကောင်းတို့ ဥပုသ်လပတ်တော် အမှည့်ရှိသော နတ်သားတကာ အပေါင်းတို့ထက် အလွန်ဆုံး အယာဉ်ဆုံးဖြစ်သော ကြာညှိပန်း။ ကြာညှိရွက်အဆင်းရှိသော နတ်သားအား လက်ဒါဒိပ၌ ဝိဇယမင်းသားတို့ကို စောင့်မစိမ့်သောငှာ၊ မြန်စွာသွားချေဟု စေလိုက်၏။ ဥပုသ်လပတ်တော် နတ်သားလည်း၊ သိကြားမင်း၏ အာဏာအတိုင်း မြန်စွာ သွားလေ၏။ လက်ဒါဒိပကျွန်းသို့ ရောက်၍ တရုသောသန့်ရှင်း စင်ကျယ်သော သစ်ပင်ရင်းခြံ အလွန်ကြည်ညှိဖွယ်ကောင်းသော ရဟန်း၏အသွင်ဖြင့် နေလင့်၏၊ ဝိဇယ မင်းသားနှင့် ကျွန်သင်းပင်း ခုနစ်ချာသည်လည်း။ ကျွန်းပေါ်သို့ အစည်အတိုင်းသွားကြရာ။ သစ်ပင်ရင်းခြံနေသော ရဟန်းကိုမြင်လျှင်၊ အနီးသို့ကပ်၍၊ အရှင်ဘုရား ဤကျွန်းကား အဘယ်မည်သော ကျွန်းနည်း။ လူတို့၏ နေရာသည် အဘယ်မှာရှိပါသနည်းဟု မေး၏။ ရဟန်းကလည်း ဒါယကာတို့ ဤကျွန်းကား၊ လက်ဒါဒိပအမည်ရှိ၏။ လူနေမြို့ရွာမရှိစဘူး၊ နတ်ဘီလူးတို့၏ နေရာသာလျှင်ဖြစ်၏။ ယင်းဘို့ဖြစ်သော်လည်း၊ သင်တို့အား ဘီလူးတို့က ဘေးရန်မပြုစိမ့်သောငှာ၊ ဤပရိတ်ရေဖြင့် ငါဖျန်းလိုက်အံ့။ ဤပရိတ်ချည်ကိုလည်း ဆောင်ကြလော့ဟု မိန့်တော်မူ၍၊ မိမိ၌ပါလာသောကရားမှ ပရိတ်ရေဖြင့် သွန်းဖျန်း၏။ ကိုယ်၌လည်း စေ့ငဆောင် ပက်ဖျန်း၏။ ပရိတ်ချည်တို့ကိုလည်း လည်၌ပတ်ရစ်စေ၏။ လက်မောင်း၌လည်း ပတ်စေ၏။

ယင်းသို့ ဘိလူးတို့၏ရန် ကင်းစေခြင်းငှာ၊ ပေးခဲ့ပြီးမှ ရဟန်းသည် ကောင်းကင်သို့ ကြွလေ၏။ ။

မင်းသားနှင့်တကွသော လူတို့သည်။ သစ်ပင်ရင်းခွပင် ရုဝေးလျက်နေကြ၏။ ကုဝဏ္ဏာ မည်သော ဘိလူးမ၏ အစေခံကျွန်ဖြစ်သော၊ ဘိလူးမတာယောက်သည်။ သစ်ပင်ရင်းခွ ရုဝေးခြင်းသော လူတို့ကို မြင်၍၊ လှည့်ပတ်ဖြားယောင်း၍ လူသားကိုစားလိုသောကြောင့်၊ ခွေးနက်မယောင် ဘန်ဆင်းပြီးလျှင် မနီးမဝေးကသွား၏၊ယောကျ်ားတယောက်က ထိုခွေးနက်မကို မြင်လျှင်၊ ဤကျွန်းခွ လူတို့နေရာမြို့ရွာဂိုသောကြောင့်သာလျှင်၊ ဤခွေးမလာသည် ဖြစ်လတံ့။ ထို့ကြောင့် အကျွန်ုပ်လိုက်ချေဦးမည်ဟု အပေါင်းအသင်းတို့ကို ပြော၏။ ဝိဓုယမင်းသားကလည်း၊ ရဟန်း၏ စကားကိုကြားရပြီး ဖြစ်၍၊ သင်မလိုက်လေလင့်ဟု တားမြစ်၏။ တားသော်လည်း ထိုယောကျ်ားသည် မနာပယူဘဲ။ ခွေးနက်မ၏နောက်သို့ လိုက်လေသော်၊ ရေကန်တော၏ အနီးဖြစ်သော သစ်ပင်ကြီးရင်းခွ ကုဝဏ္ဏာမည်သော ဘိလူးမသည်။ ရသေ့မ၏အသွင်ကို ဆောင်လျက် ထိုင်၍ နေ၏။ ထိုယောကျ်ားသည်၊ သန့်ရှင်းသာယာသော ရေကန်ကိုဂုဏ်း၊ ရသေ့မကိုဂုဏ်း မြင်လျှင်၊ ရေချိုးချင် ရေသောက်ချင်သော အလိုဆန္ဒဖို၍။ ရေကန်သို့ သက်ဆင်း၍၊ ချိုးခြင်းသောက်ခြင်းကိုလည်း ပြု၏။ အရှင်ဖြစ်သောမင်းသားအား ဆက်ခြင်းငှာ၊ ကြာစွယ် ကြာရိုးတို့ကိုယူ၍ ကြာရွက်ဖြင့် ရေကိုထည့်ပြီးသော်၊ ရေကန်မှတက်ခြင်းငှာ ထ၏။ထိုအခါ ကုဝဏ္ဏာဘိလူးမသည် ရသေ့မ၏ အသွင်ကို ကွယ်စေ၍ ဘိလူးမ၏ ရုပ်ဝါကို ပြလျက် ကြိုဝင်းဝါး၏။ ဟယ်ယောကျ်ား- သင်ဘာသံသို့ သွားအံ့နည်း။ သင်ကား ငါ၏အစာဖြစ်ပြီ။ ဤတွင် ထိုင်လော့ဟု ဆို၏။ ထိုသို့ ဘိလူးမပြောသံကိုကြားလျှင် ယောကျ်ားသည်လည်း အာသည်းနှလုံးတုန်လှုပ်ကြောက်ရွံ့လှလျက် တုံတုံခိုက်ခိုက်နှင့် ရပ်၏။ဘိလူးမသည် ထိုယောကျ်ားကို ရုတ်တရက်စားချင်ငြားသော်လည်း ပရိတ်ချည်၏ တန်ခိုးအာနုဘော်ကြောင့် မစားတည့်နိုင်ဖြစ်၍၊သင်၏ လက်နှင့် လည်ပင်းမှာ ရစ်ပတ်ထားသော ချည်ကို ငါ့အား ပေးလော်ဟု တောင်း၏၊ ထိုယောကျ်ားက မပေးဘဲနေလေလျှင် ဘိလူးမသည် အတင်းဆွဲ၍ ယူသောအခါ။ ကြောက်ကြောက် ရွံ့ရွံ့နှင့် ငိုမြည်တမ်း၍ နေစဉ်၊ ပရိတ်ချည်ကို ဘိလူးမက ငိမ်၏ နေအိမ်အတွင်းသို့ ပစ်၍ ထားလေ၏။ ယောကျ်ားကို သိုဝှက်၍ ထား၏။ ခွေးမ၏ နောက်သို့လိုက်သောသူ မပြန်လာသော်၊ အ

ပေဒါ ယောကျ်ားတို့သည် တကျိပ်ရင်း၊ နှစ်ကျိပ်ရင်း ထင်မံ၍ လိုက်ပြန်ဇ၏။ ထိုသူတို့လည်း ရေကန်ကိုမြင်လျှင် သောက်ခြင်း ချိုးခြင်း အစရှိသည်ကို ပြုကြသော်၊ ကုဝဏ္ဏာဘိလူးမလည်း ကြောက်မက်ဘွယ်သောအသွင်ကို ပြ၍ မြိမ်းချောက်ပြီးမှ ရှေးနည်းအတိုင်း လူတို့ကို ဒိဒိအိမ်၌ သွင်းထားလေ၏။

ချုနစ်ရာသော ကျွန်ယောကျ်ားတို့ သွားတိုင်း၊ ဘိလူးမက ဤနည်းအတိုင်း ပြု၍ တယောက်မှမပြန်သာသော်၊ ဝိဇယမင်းသည် ဤသို့ကြံဇ၏။ ငါ၏ကျွန်အပေါင်းတို့သည် ဘေးတွေ့ကြပြီ။ ငါကိုယ်တိုင်လိုက်မှသင့်မည်ဟု ကြံလျက်။ ဒိုင်း၊ လွှား၊ ကာ၊ လေးမြှား၊ သန်လျက်၊ ထား၊ လက်နက်ငါးပါးတို့ကို မြဲမြံစွာယူ၍ ထိုသူတို့ သွားသောခရီးဖြင့် လိုက်လေသော်၊ ရေကန်နှင့် ရသေ မကို မြင်၍ ရေကန်၏ လက္ခဏာကို ကြည့်၍၊ အဆင်းဆြေရာရှိလျက်၊ အတာက်ဆြေရာကို မမြင်သောကြောင့်၊ ဤရသေ့မပင် ငါ၏ကျွန်များကို ဘမ်းယူဝှက်ထားသည် ဖြစ်လတံ့ဟုဆင်ခြင်၍ ရသေ့မ၏အနီးသို့ ကပ်ပြီးလျှင်၊ ရှင် ရသေ့မ-အကျွန်ုပ်၏ ကျေးကျွန် ချုနစ်ရာတို့ကို တွေ့ပါဖြင်ပါသလော ဟု မေး၏။ ရသေ့မကလည်း အရှင်သား-ကျေးကျွန်တို့ကို အဘယ်ကြောင့် မေးလိုသနည်း။ အရှင်သားလျှင် ဤရေကန်၌ အလိုရှိတိုင်း သောက်ချိုးပါလော်ဟု ဆျောက်ထား၏။ မင်းသားသည် ရသေ့မ၏စကားကို ကြားလျှင် ဤရသေ့မသည် ငါ၏မျိုးရိုးဓာတိကို ချက်ခြင်းသိ၏။ လူပိန်းမမဟုတ်၊ ဘိလူးမဖြစ်မည်ဟု တွေးတော ပို၏။ ငါ၏ ကျွန်များကို ဤရသေ့မယောင်ဆောင်သော ဘိလူးမသည်ပင် ဝှက်ထားလိမ့်မည် ကြံပြီးလျှင်၊ ရသေ့မ၏ အနားသို့ကပ်၍၊ ဂါထာမန္တာန်တို့ကိုစီးသား၍ ကြော့ကွင်းဖြင့် လည်ပင်းခွဝပ်၍ ဆွဲပြီးလျှင်၊ ဒဏ်သွက်ဖြင့်မိုး၍ ကြိမ်းပလေ၏။ ဟယ်ဘိလူးမ-နှင်သည် ငါ၏သတင်းကို မကြားဘူးသလော။ လာလတိုင်းရှိ လူအားလုံးကို ရုံးရင်း ခတ်၍ ဆတ်ဆတ် တုန်လှုပ်စေသော ဝိဇယမင်းသားဟူသည် ငါမဟုတ်လောဟု အာမည်ကို ကြား၍၊ ကြိုးဝါးပြီးမှ၊ ဟယ်ဘိလူးမ- နှင်သည် ငါ၏ကျွန်တော်မျိုးအများကို အဘယ်ကြောင့် သိုဝှက်သိမ်းထားဘိသနည်း။ ယခု ချက်ခြင်း ငါ့အား ပေးအပ်လော့၊ မအပ်လျှင် ယခုသတ်တလောပင် နှင့်ကို သတ်အံ့ဟု ပြိမ်းမောင်း၏။ ထိုအခါ ကုဝဏ္ဏာဘိလူးမသည် သေဘေးမှကြောက်သည်ဖြစ်၍၊ အရှင်သား- ဤကျွန်ုပ်ကို မသတ်ပါလင့်၊ အသက်ဘေးမှ ချမ်းသာပေးတော်မူပါ။ ကျေးကျွန်တို့ကိုလည်း ပြန်၍ အပ်ပါမည်၊

ဤလက်ာဒီပကျွန်းဌ မင်းအဖြစ်ကိုလည်း ရအောင် ကြံစီ၍ ပေးပါမည်။ အ
ရှင်သား အလိုရှိသမျှ အမှုတော်ကိုလည်း ကျေနပ်အောင် ဆောင်ရွက်ပါ
မည်ဟု ဝန်ခံလေ၏။

ဝိဇယမင်းသား၊လည်း ဤဘိလူးမသည် မည်သည့်အခါမျိုးမျှ လုတို့ အ
ပေါ်၌ ဖောက်ပြန် ပြစ်မှားခြင်း မပြုစဖူးသောဌာ၊ ထိုဘိလူးမအား သစ္စာပြု
စေ၏။ ကျိန်ဆိုစေ၏။ ပြီးမှ ကျွန်တော်မျိုးတို့ကို ဟယောက်မကျွန် အပ်
သောဟု တောင်း၏။ ဘိလူးမလည်း ထိုခဏခြင်းဖြင့်ပင် ကျွန်တော်မျိုး ခ
နစ်ရာတို့ကို အပ်ပေးရ လေ၏။ ဝိဇယမင်းသားကလည်း ကျွန်များကို ရ
လျှင်၊ ဟယ်ဘိလူး၊မ-ငါ၏ ကျွန်များသည် အစာပြတ်၍ သေမွတ်ကြသည်။
လုတို့ စားဘွယ်ရာ ဆန်ရိက္ခာကို ပေးနိုင်ပါဘဲ့လောဟု တောင်းသော်။ ဘိ
လူးမသည် လွန်ခဲ့သောရှစ်ရက်လောက်ကပင် သတော်ရာ လွေဖြင့် ကပ်ရောက်
လာကုန်သော ကုန်သည်တို့ကို ပိုပြန့်စွာကား ဘိလူးတို့ စား၍ ပါလာသော
မုံပဲ အချို အချဉ် စားဘွယ် သောက်ဘွယ် စသည်တို့ သတော်ထဲ လွှတ်၌
ပင်ရှိလေသည်ကို ညွှန်ပြ၏။ မင်းချင်း ယောကျ်ားတို့လည်း ဘိလူးမညွှန်ပြ
သော အစာအာဟာရတို့ကို ယူ၍ အခမ်းဖြစ်သော ဝိဇယမင်းအား လုပ်
ကျေးပြီးမျှမ ပိဝိတ်ရှိလည်း စားကြကုန်၏။ ဘိလူးမ၏ ဝေရအဘိုကိုလည်း
ပေး၏။ကုဝဏ္ဏာဘိလူးမလည်း ခွေးနက်မသဏ္ဌာန်ဖြင့် ပန်ဆင်း၍စား၏။

ဘိလူးမသည် လုတို့၏ အစာအာဟာရကို ဝစ္စာစားရသော်၊ လှပပြည့်
ဖြိုးသော ချင်ရေရှိသည်ဖြစ်၍၊ မင်းသားနှင့် ဆက်ဆံ ပေါင်းဘင်း လိုသော
ကြောင့် ပိဝိကိုယ်ကို ကြွင်နှာချစ်ခင်စဘွယ် တင့်တယ်လှပသော အဆင်း
ရှိသော တဆဲ့ခြောက်နှစ်ရှယ် ပိန်းမငယ်၏ သဏ္ဌာန်ကို ဘန်ဆင်းလျက်။
ချင်ရေအစက်ါ မင်္ဂလာကြက်သရေမှာလဲ။ မဲ-ပြူ-ကြိုက်-ဆူ-နိမ့်-မြင့်အားဖြင့်
အပြစ်ခြောက်ပါးကင်းလျက်၊ ဇမ္ဗူရောဇ်ဆွေစင်ကဲ့သို့ ဘူးချင်စဖွယ် တင့်တယ်
သော အရေ၏ကောင်းခြင်း၊ နူထွတ် ညှိုးထွားသော အသား၏ကောင်းခြင်း၊
ပါဘုံးရောင်ကဲ့သို့ တညီတညွတ်းဆင်း၍ ဇခြမျက်စေ့ တို့ဝင်အောင် ဂျာလျှံလျား
ကောဿလွယ်သော ဆံပင်၏ကောင်းခြင်း၊ အကောက်အကွေ့ အဖုအထစ်
ကင်း၍ ပြေပြစ်သော အရိုး၏ကောင်းခြင်း၊ သာယာချိုမြိန် နှစ်သိမ့် ဆန်း
ကြယ် နာပျော်ဘွယ်ရှိလှသော အသံ၏ကောင်းခြင်း၊ခရုသင်းပွတ်သစ်ကဲ့
သို့ ဖြူဖွေး ညီညွတ်သော သွား၏ ကောင်းခြင်း။ နှုံသာ ဖြူနှေး၊ အကျော်စမျှာ
ကဇမက်စသောအနှံများကဲ့သို့ မွေးယနှံကျင်း၊လှိုင်ပြန့်သင်းသော ခံတွင်းနှံ

၏ ကောင်းခြင်း။ ပြကတ္တေအားဖြင့် ကျိုးအာသီး အဆင်းကဲ့သို့၊ ရှုချင်စဘွယ် တင့်တယ် နီမြန်းသော လက်ဘဝါး၊ ခြေဘဝါးနှင့်လဲ ပြည့်စုံခြင်း၊ ခိုမျက်စေ့ကဲ့သို့ မျက်လုံးနားဠ ရစ်၍ မထင်မရှား နီရောင် ညိုရောင် ပြီးသော အရေး၏ တင့်တယ်ခြင်း၊ ပွေးဘွားခွဲ တလဂရိသော သမင်မငယ်၏ မျက်လုံးကဲ့သို့ ရှုမဆုံးတင့်တယ်သော မျက်စေ့နှင့်လဲ ပြည့်စုံခြင်း။ သုံးဂက် လက်ဝဲသို့သော မျက်ခုံး၊ တင့်တယ်သော အလုံးစုံမှာဝေဘဲ့လဲ ပြောစရာမရှိ။ ဦးခေါင်း၊ ငခုံး၊ လက်ရုံး ကြော ရင်ခါး တင ခြေပြင်ထိအောင် ရွှေပွတ်တိုင်ကဲ့သို့ သေသပ်ကျော့ရှင်းသော လုံးရပ်သဏ္ဌာန် ကိုယ်ဟန်ပြပြစ်၊ အဆင်းနှင့် ပြည့်စုံစွာ ကြွနအင်္ဂါအပေါင်းတို့တွင် ပြော့ပျောင်း ကျစ်လစ်နူးညံ့ ပြပြစ်၊ အပြစ်ကင်းစွာ အင်္ဂါလက္ခဏာတို့နှင့်လဲ ပြည့်စုံခြင်း၊ ရွှေတကျစ်နွယ် ကိုတယ်ညာ တောင်မြောက်က လာရောက်၍ လေညှင်းထိလျှင် တအိအိ တယိမ်းယိမ်း တိမ်းနွဲ့သကဲ့သို့ နုထွတ်နွဲ့နှောင်း ညံ့ပျောင်းစွာ ကောင်းလှသော လုံးရပ်ဟန်ပန် ကောင်းမျိုးငါးသွယ်၊ တင့်တယ်သော ကိုယ်သဏ္ဌာန်တွင် မျက်မြတ်ရတနာ ကိုးပါးတို့ဖြင့် စီချယ်အပ်သော ရွှေထဘီ၊ ရွှေတဘက် (ကဝဋ်။ သင်္ဃတိ၊ မေခလာ၊ ရတနာကလာပ ဆင်တဲ့ပုလဲသွယ်တွေ စီချယ်ထားသော ရွှေခါးကြိုးတန်ဆာ) (ဧကာဝလိ၊ ဇာစွဆွဲတံ။ ဂေါထန။ အဒ္ဓဇ ဟာရ၊ မာနဝ၊ ရဿဆ ဆိုတဲ့ ပုလဲသွယ်တွေ စီချယ်ထားသော ရွှေခါးကြိုးတန်ဆာ။) ရွှေပုဝါ၊ ရွှေဘီး၊ ရွှေတိနပ်။ ရွှေထီးနှင့်ဘန်ဆင်း ဆင်မြန်းပုံကတမျိုး။ ခေါမ ယောမ၊ သောဋ္ဌသကဲ့ဖြင့်တဲ့ ပိုးဗဲရောင်ဝါ၊ ပင်္ဂုမြား နားခေါင်း၊ ရွှေစိပေါင်းတို့နှင့်တကွ၊ ဘယက်တန်းဆာ ဒွါဒရာတို့ဖြင့် ဆင်မြန်းဘန်ဆင်းထားလိုက်ထာကလဲ အဝတ်တန်းဆာ ရတနာရောင် ကိုယ်သွေးအရောင် နှစ်ပါးပေါင်းသော်၊ ဆောင်းလရာသီ၌ တည့်တည့်း တောက်လောင်သော မီးရှူးရောင်ကဲ့သို့၊ တထိန်ထိန် တဝင်းဝင်း တဖြောင်ဖြောင် ဖြင့်သူအာ ပေါင်း ရှုမညှောင်းလောက်အောင် တင့်တယ်လှပတဲ့ အရာမတော့ဖြေပြင် ရှိသမျှ တဝမ်းလုံး၌ အလွတ်ကာတစ်၊ အရင်တကဲ့ဝင်တ်၊ အညွန့်တကာ ပဌမတန်းဆိုတဲ့ သတ္တသဗ္ဗီးကညာ ရတနာတို့နှင့် နှိုင်းပြိုင်လိုက်မယ်ဆိုရင် ဘယ်ဥပမာနဲ့ တူပါသလဲ ဆိုတော့၊ နက္ခတ်တာရာကြယ်တကာ အပေါင်း တို့ခြံရံလျက် တိမ်တိုက်မှထွက်ပေါ်လာသော လပြည့်ဝန်းကြီးကဲ့သို့၊ ယဉ်ကျေး၍ မကုန်၊ တင့်တယ်၍ မကုန်၊ လှပ၍မကုန်၊ ရှုမဆုံးတင့်တယ် ဆင်ယင်ဘန်ဆင်းလိုက်ထာက စကြာရတနာဒေဝီမဟာသီလောင်းခေါ်လောက်

အောင် ပြုပြင်ပြီး၊ ဝိဇယမင်းသား၏ အနိုးသို့ ချဉ်းကပ်လေ၏။ မင်းသား ကလည်း နှစ်သက် စုံမက်လှသဖြင့်၊ ချစ်နှမ-ယနေ့ည ငါတို့နေထိုင်ရာ အာဘယ်မှာ သင့်သနည်း။ ကျေးကျွန် သင်းပင်းတို့နှင့်တကွ အိပ်ခန်း နေရာကို စီရင်ပါဟု ဆိုလျှင်၊ ဘီလူးမက သစ်ပင်ကြီး၏ အရိပ်၌ သာယာစွာ ပြု၍ ထက်ဝန်းကျင်သော အရပ်၌ မြတ်သော သူတို့အား ထိုက်သော တင်းတိမ် ရံကာလျက် မြစွာသော ဗိဘာန်ဖြင့် ကြက်အပ်သော ညောင်စောင်းသလွန်ကို ကောင်းမွန်စွာ ခင်းထားလေ၏။ ။

မင်းသားကလည်း ဤလက်ဒဒိပကွန်းခွ မင်း၏ အဖြစ်ကိုယူ၍ ဘီလူးမက ပေးလတံ့သော အကျိုးကို မျှော်၍ ဘီလူးမဖွန်း သိလျက်နှင့်ပင် ကြင်ရာမြောက်သား မိဖုယားပြုလျက် ထား၏။ ထိုညဉ့်ခွပင် ဘီလူးမ စိမံ၍ ပေးသော နေရာ၌ပင် အိပ်စက်တော် မူကြလေ၏။ အလုံးစုံသော ကျေးကျွန်ယောကျ်ားများတို့သည်လည်း တင်းတိမ်အရံ၏ပြင်ဘက်မှမြို့ရံလျက် အိပ်ကြကုန်၏။ ဝိဇယမင်းသားလည်း အိပ်စက်၍ ညဉ့်နက်သော အခါ၊ စည်၊ စောင်း၊ ဒိုမင်းပတ်သာ တူရိယာတို့၏ တီးမှုတ်သော အသံကိုလည်း များစွာ သော ခေါသံ ကြွေးကျော်သံတို့ကိုလည်း၊ သာယာစွာ သိချင်းသံတို့ကိုလည်း ကြား၍၊ အကြောင်းကိုသိလိုသောကြောင့် မိဖုယားဖြစ်သော ဘီလူးမအား ချစ်နှမ-ဤသို့ တည့်ညဉ့် ကြားရသော အသံကား အာဘယ်အသံနည်းဟု မေး၏၊ ဘီလူးမလည်း ဤသို့ကြံ၏၊ ငါသည် ဤကျွန်းခွ လူတို့၏ နေရာဖြစ်စေ၍၊ ဤမင်းသားအား မင်းအဖြစ်ကို ပေးသည်ဖြစ်ဘဲ့၊ ငါ၏ ဆွေမျိုးဖြစ်သော ဘီလူးတို့သည် အမျက်ထွက်၍ ငါ့အား သတ်ကြကုန်လတံ့။ ဘီလူးတို့က ငါ့ကိုမသတ်မီ ခပ်သိမ်းသော ဘီလူးအပေါင်းတို့အား ဤမင်းသားကို သတ်စေမှ သင့်မည်ဟု ကြံပြီးလျှင်၊ မင်းသားအား နှစ်သက်ဘွယ်သော စကားကို ဤသို့ လျှောက်ကြ၏။ ။

အရှင်မင်းသား ဤပြည်သည်ကား ဘီလူးတို့၏နေရာ ဖြစ်သော သိရိသဝဏ္ဏုမည်သော မြို့ပေတည်း၊ ဤမြို့၌ မင်းပြုသော မဟာကာလသေနမည်သော ဘီလူးမင်းမှာ မိဖုယားအလိုရှိသောကြောင့်၊ လက်ာမြို့၌ မင်းလုပ်သော၊ ဘီလူးမင်း၏သို့ဖြစ်သော၊ ပေါလမိတ္တာမင်းသို့ကို။ ဤမြို့သို့ဆောင်ယူခဲ့ပါသည်၊ ထိုမင်းသို့၏မယ်တော်ဖြစ်သော၊ ကောဏ္ဍာမည်သော မိဖုယားကြီးသည်လည်း၊ များစွာသော အခြံအရံဖြင့် လက်ဆောင်ပဏ္ဏာကာရများစွာတို့ကို ဆောင်လျက် လာပါသည်၊ ထိုထိမ်းမြားမင်္ဂလာပွဲ၌ ကြီးကျယ်စွာ

သော နတ်ပွဲသဘင်ကို။ ခုနစ်ရက်ပတ်လုံးပြုကြပါသည်။ ယနေ့ညဉ့်အပြီး သတ်နေ့ဖြစ်ပါသည်။ အရှင်သားကြားတော်မူသောအသံသည်။ ဘိလူးတို့ပွဲသဘင်က အသံပင်ဖြစ်ပါသည်၊ ဘိလူးပရိသတ်တို့၏ အစည်း အဝေးသည့် အလွန်ကြီးကျယ်များပြားဖြ၏၊ အရှင်သားသည် ဤကျွန်းဌ လူတို့၏နေရာ မြို့ရွာကို တည်ထောင်၍ နေရလေအောင်။ အစည်းအဝေးဌ ရုပ်ဝေးရောက်လာကုန်သော၊ဘိလူးဟူသမျှကို ယနေ့ညဉ့်သတ်တော်မူပါ။ဤနေ့က လွဲလျှင်၊အရှင်သားသည် ဘိလူးတို့ကို သတ်လိုသော်လဲ၊ဤမျှလောက်ပြည့်စုံအောင် ဘိလူးအစည်းအဝေး မရနိုင်ပါ။ ထိုစကားကိုကြားလျှင်၊ ဝိဇယမင်းသားကလည်း၊ ချစ်နှမ-သတ်ရမည်ဆိုလျှင် သည်လိုပါ။ အကယ်၍ လူတို့၏ မျက်စေ့နှင့် မမြင်မထင်သော ဘိလူးတို့ကို အဘယ်သို့ သတ်နိုင်ပါအံ့နည်းဟု ဆိုလျှင်၊ အရှင့်သား-မစိုးရိမ်ပါနှင့်။ အကျွန်ုပ်သည် ထိုဘိလူးတို့၏ စည်းဝေးရာဌာနသို့ သွား၍၊ အသံကိုပြုပါအံ့၊ ကျွန်ုပ်၏အသံကိုမှတ်၍၊ မှန်အောင်လေးဖြင့်သော်လည်း ပစ်ပါ၊သို့လျက်ဖြင့် သော်လည်း၊ခုတ်တော်မူပါ။ ကျွန်ုပ်၏ မန္တန်အာနုဘော်ဖြင့် ထိုဘိလူးများ၏ ကိုယ်ပေါ်သို့ လက်နက် ကျစေအံ့ဟု ဆို၏။ ထိုစကားကို ကြားသော်၊ မင်းသားကလည်း ကောင်းပြီဟု ဝန်ခံ၍၊ ဒိုင်း၊လွှား၊ကာ၊လေးမြား၊ သံထျောက်ထား တို့ကို မြစွာကိုင်စွဲပြီးလျှင်၊သင်္ဘမသည် သွား၍၊အသံပြုချေဟု စေလိုက်၏။ မင်းသားသည် ကိုယ်တိုင် အားထုတ်၍ ဘိလူးတို့ကိုသတ်လေလျှင်၊ များစွာသော ဘိလူးတို့သေကြေပျက်စီးကြကုန်၏။မသေမကျေကျန်သော အနှိုသော ဘိလူးတို့သည် အခြားကျွန်းသို့ ပြေးကြလေကုန်၏။ ။

ဝိဇယမင်းလည်း၊ ဘိလူးတို့ကို တည်ဌိတွင်းဖြင့် အောင်မြင်လေသော်၊ မင်းသားသည် သိရိသဝဏ္ဏမြို့ကို အပိုးရသော၊ မဟာကာလသေနဘိလူးမင်းဝတ်ဆင်သော တန်းဆာတို့ကို ယူ၍၊ ဝတ်ဆင်တော်မူလေ၏။ ကျွန်းကျွန်အပေါင်းတို့ကိုလည်း၊ မွှးမတ်အရာ၌ တင်၍၊ ဘိလူးအမတ်တို့ ဝတ်သော တန်ဆာတို့ကို ပေး၍၊ရာထူးအလျောက် ခြီးမြှောက် ဝတ်ဆင်စေ၏။ ကြွင်းသောတပည့်တို့အား ဘိလူးစစ်သူကြီးတို့ဝတ်သော တန်ဆာတို့ကို ပေး၍ စစ်သူကြီးအရာ၌ထား၍၊ ဝတ်ဆင်ကြစေ၏။ ဝိဇယမင်းသည် ဤမြို့၌ လေးရက်မျှနေပြီးလျှင်၊ မြို့ရွာအသစ်တည်ထောင်အံ့သောငှာ၊ သာယာထျောက်ပတ်သောနေရာကို ရှာသော်၊ နိသော အရောင်အဆင်း ရှိသော မြေအပြင်ကို တွေ့၍၊ထိုမြေအပြင်၌ မြို့တည်၍၊ တမ္ဗပါဏိမြို့တော်ဟု သ

မတ်ဆိုးရင်းဖြို့ကို ယခုအခါ ဝိုလ်ဂဟာဝေလဖြို့ခေါ်သည်။မီးရထားဘူတာ ရုံရှိသည်။ဝိပိသည် ကုဝဏ္ဏာဘိလူးမှန့်တကွ ပါလာငှေးဖြစ်သော တပည့် တို့ကို ချီးမြှောက်ပြီးသည်အတိုင်းပင်၊ နှုန်းတော်တည်ဆောက်၍ မင်းလုပ် စိုးစံလျက်နေကြလေ၏။ များမကြာမီ မဟိလာဒေါပကျွန်း နာဂဒေါပကျွန်းများ ၌ လှေနှင့် တင်ကြသော၊ မိန်းမချွန်စရာနှင့်သားသွေးတို့သည်လည်း အလုံးစုံ ရောက်လာကြ၍၊ အတူတကွ ပေါင်းဝိုင်းကြလေကုန်ရာ၏။ ဝိဇယမင်း နှုန်းစံ သောဖြို့ကို စွဲ၍၊ ဤကျွန်းသည်၊ တမ္ဗပဏ္ဏိကျွန်းဟူ၍လည်း တွင်ဘူးသည်။ ၎င်းပြင် ဝိဇယမင်းသားသည် ခြင်္သေ့ဖြူ မျိုးစဉ်အနွယ်မှ ဆင်းသက်၍လာ လေသောကြောင့်လည်း၊ ဤကျွန်းသည် သီဟဠမည်သော၊ သီဟိုဠ်ကျွန်းဟူ ၍၊ယခုထက်တိုင် ထင်ပေါ်ကျော်စောခြင်း လာလေသတည်း။ဤကား လင်္ကာ ဒီပကျွန်းသည် သီဟိုဠ်ကျွန်းဟူသောအမည် ပြောင်းလဲလာပုံကို ပြဆိုခန်း ပြီး၏။ ။(တနည်း) ဟ ကို ဃ ပြု၍၊ သိန်းဃိုဠ်ကျွန်းဟူ၍လည်းခေါ်ဆို ကြကုန်သေး၏။ ။

လင်္ကာဒီပကျွန်းဟူသောအမည်မှ သီဟိုဠ်ကျွန်းဟူသော အမည်ပြောင်းလဲလာပုံအကြောင်းပြီး၏။

—o—

၄၀။ လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင်ကျော်က၊ အာဠဝိတိုင်း။ခေါမ တိုင်း။ ဝိဒေဟရာဇ်တိုင်း၊ ဝင်္ဂီတိုင်း။ မလ္လာတိုင်း။သက္ကတိုင်း။ ကောသလ တိုင်း၊ ဗာဟာပဠာလတိုင်း။ ဥတ္တရုပဇ္ဈာယတိုင်း။ ကသ္မီရတိုင်း၊ ကဇ္ဇောဇ တိုင်း။ ဂန္ဓာလရာဇ်တိုင်း။ ယောနကတိုင်းတို့သည်။ ဟိမဝန္တာတောနယ် ယူဇနာ သုံးထောင်အတွင်းမှာ ပါဝင်ကြသည်။ ။

ဟိမဝန္တာတောနယ်၏အကြောင်းကိုပြဆိုဦးအံ့။ ။ဟိမဝန္တာဆိုတာ ဆီးနှင်းကိုခေါ်သည်၊ ဆီးနှင်းအလွန်ပေါသောတောင်ကို။ဟိမဝန္တာတောင် ခေါ်သည်။ ဆီးနှင်းအလွန်ပေါသောတောကို၊ ဟိမဝန္တာတောခေါ်သည်။ ဤကား(သင်္ကရိုက်ဘာသာအလို)မင်္ဂလိမဒေသမြောက်ပိုင်းဌိုင်သော၊ ဟိမ ဝန္တာတောင်နယ်သည်။ ယူဇနာသုံးတောင်ကျယ်သည်။အမြင့်ဆုံးတောင် ထိပ်အထိ ယူဇနာ ငါးရာမြင့်သည်၊ (တယူဇနာမှာ အင်္ဂလိပ် ကဆဲ့လေး ဖိုင်လောက် ရှိသည်။) ဟိမဝန္တာတောင်ကြီးဌိ ကျောက်တောင် အထွဋ် ပေါင်း ရှစ်သောင်း လေးထောင်ရှိသည်၊ အလွန်ထင်ပေါ်ကျော်စောသော

အတိတ်ရတောင်ပေါင်း၊ နှစ်ရာဘဆယ်ကျော်ရှိသည်၊တောင်ထိပ်တွေပေါ်မှာ၊သာမညသစ်ပင်မျိုးတွေမရှိ။ နတ်များဘိလူးများ၊ ကုမ္ဘဏ်များ စောင့်ရှောက်ရသော နတ်ဆေးပင်များသာရှိသည်၊ တောင်ခုလတ်တွေမှာ၊ ဘိလူးတွေ၊ကုမ္ဘဏ်တွေနေကြသည်။ တောင်ခြေဖြေညြိရာအရပ်နှင့် ကုန်းပြင်တွေရှိသောနရာအရပ်များမှာ၊ ဗျာနိရ၊ ရသေ့များ ဝိဇ္ဇာဓိရ်များ၊ ဆင်ပျံ၊မြင်းပျံ၊ ကိန္နရာမည်သော လူပျံများနေကြသည်။ ခြင်္သေ့၊ကျား၊ကြံ့၊သြောင်း၊ မြင်းကျား၊တောကျွဲ၊တောနွား၊ လူကိုပင်ချိယူနိုင်သောဂျက်ကြီးတွေ စသည်တို့နေကြသည်။ဟိမဝန္တာတောင်သည်၊ တောင်ဘက်တန်း။မြောက်ဘက်တန်းဟူ၍၊ တောင်ကမ်းပါးရံ နှစ်ထပ်ရှိသည်။ နှစ်ထပ်အသယ်က အလွန်ကြီးကျယ်သော ချိုင့်ဝှမ်းနက်ကျယ်သော ချောက်ကြီးရှိသည်။ ဆီးနှင်းမြစ်တွေအလွန်ပေါသည်။ဂျက်အမျိုးမျိုး။အခြေလေးချောင်းသတ္တဝါအမျိုးမျိုး။ အခြေမရှိသော သတ္တဝါအမျိုးမျိုး အလွန်ပေါသည်။ နိုင်ရာစားကြသည်။ အချိုဆီးနှင်းက ဖြစ်သော ရေကန်ကြီးတွေ တဘက်ကမ်းမမြင်ရ။ အလွန်ကျယ်ဝန်းသည်၊ဆီးနှင်းမြစ်တွေလဲ ပင်လယ်လောက်ကျယ်သည်။အချို့ယူဇနာ နှစ်ဆယ်၊ သုံးဆယ်။လေးဆယ်၊ ငါးဆယ်စသည် ကျယ်ဝန်းသော ကျောက်ခွက်ကြီးတွေထဲမှာ၊ဆီးနှင်းရေတွေ၊ပင်လယ်ဖြစ်နေသည်။ဝိဇ္ဇာဓိရ်များ၊ဘိလူးထိုး။ဘိလူးမတွေများ ဖောင်လုပ်၍ ရေကစားကြသည်။တဘက်ကမ်းရောက်းအောင် ကူးကြသည်၊ ဟိမဝန္တာတောနယ် တဝှမ်းလုံးမှာ၊ မြေညြိရာအရပ်ဟူသမျှတို့၌ မြေသားပကတိများသည်။ တောင်တွေမှာ အချို့မြေဘောင်။ အချို့များသောအားဖြင့် ကျောက်တောင်တွေသာ ဖြစ်ကြသည်။ထင်ပေါ်သော တောင်များတွင် ပါဝင်သော၊နေရုံမည်သော တောင်ထွဋ်ကား ယွေစင်အတိပြိုး၏၊ ယွေချောင်တခဲနက်ထွက်၏။ ကျီး၊ ဗျိုင်း၊ စွန်လင်းတစသော ငှက်တို့ချောက်သွားလျှင်၊ ယွေတုံးယွေခဲကဲ့သို့ အဆင်းဖြစ်ကြကုန်၏။ ဝေပုလ္လတောင်၊ ဝေဘာရတောင်များသည်။ အဘိုးမပြတ်နိုင်သော ပဏ္ဍုမြေား၊ရတနာတွေပေါ်၏။ကိုင်မိလျှင်၊ မြေလျှိုးဓိဃဝိုးပျံနိုင်သော သနပ်လျက်စကြာ၊ခြေနင်းဘိနပ်စကြာတွေပေါ်၏၊ အလိုရှိရာကို ငေလွှတ်၍၊ ခန်သူမျိုးအပေါင်းကို အောင်မြင်နိုင်သော၊ လုံစကြာ၊ လေးစကြာ၊ မြားစကြာတွေပေါ်၏။ ငင်းတို့ကို ဘိလူးတွေ။ကုမ္ဘဏ်တွေစောင့်သည်၊ ဘုန်းရှိသောမင်းများပေါ်လျှင်၊ နတ်များကယူ၍ ဆက်သကြရသည်။ နန္ဒာသိရိတောင်မှာ၊ တကြိမ် စားသောက် မှိဝဲရလျှင်၊ နှစ်ပေါင်း တထောင်ကြာအောင် အစာ

မစား ဘဲနေနိုင်သော နိပ္ပန္နာဆေးဖြစ်ထွေ ပေါသည်၊ အဆင်းမှာ ဖြူရောင် ဝါရောင် ရှိသည်။ အရသာချို၏၊ ၎င်းပြင် တကြိမ်စား ရသျှင်၊ အသက်ငါးရာ။ တဆေး၊ တသောင်း၊ အနာကင်း၍ ရှည်စွာ နေနိုင်သော အာယုဒိဿဆေးဖြစ်တွေ ပေါသည်၊ ရုပ်အမျိုးမျိုး၊ သဏ္ဌာန်အမျိုးမျိုး ပြောင်း လဲနိုင်သော၊ နာနာရုပ ဆေးပင်တွေပေါသည်၊ အသက်ရှည်၍၊ ခုနှုတ်ဖျားနှင့် ပွေ့ဆောင်းကဲ့သို့သော အဆင်းဖြစ်နိုင်သော၊ ဝတ္ထုကဏ္ဍဆေးပင်တွေ ပေါသည်။ ခြင်္သေ့မင်းကြီးကဲ့သို့၊ အလွန် ရဲရင့်သော သူရသတ္တိနှင့်ပြည့်စုံ စေနိုင်သော။ ဆင်ပြောင် ငါးစီးအားကို ဆောင် နိုင်စေတတ်သော၊ သူရိယ ဆေးပင်တွေ ပေါသည်၊ အရောင်မှာ အလွန် တောက်ပသည်၊ လက္ခဏာ၊ သန်းခေါင်၊ တိမ်တောင် ပိတ်ဆီး၊ တောကြီး၊ ဥမင်လိုင်ခေါင်း များသို့ ဆောင်ယူ သွားလျှင်၊ နေရောင် ကဲ့သို့လင်းနိုင်သည်။ ၎င်းပြင် လက်နှင့် ကိုင်ယူသွားလျှင် တဆဲ့နှစ်တောင် တိုက်ခန်းကို လင်းစေနိုင်သော၊ သိသာဆတ်တွ ဆေးပင်တွေပေါသည်၊ အလွန်အိုမင်း ရင့်ရော်သော သူကို၊ အလွန်နုပျိုစေတတ်သော။ ဇရာရုပဆေးပင်တွေပေါသည်။ အလို ရှိရာ ရုပ်ဝါးမျိုး။ သဏ္ဌာန် ငါးမျိုးလောက်သော၊ ပြောင်းခါ၊လဲခါဘန်ဆင်း နိုင်သော၊ ပဉ္စက လျှာကြီးဆေးပင်တွေအလွန်ပေါသည်။ ၎င်းပြင် ဂဠုန်ယောင် နဂါးယောင်၊ဆင်ယောင်၊ မြင်းယောင်၊ နွားယောင်၊ ဘီလူးယောင်၊ လူယောင် တို့၊ ပြောင်းခါ၊ လဲခါနှင့် ရုပ်သုန်စမျိုး ဘန်ဆင်းနိုင်သော၊ သတ္တရုပ ဆေး ပင်တွေအလွန်ပေါသည်၊ ကြေးနီ ကြေဝါများကို ဖြစ်စေ။ ခဲသတ္တု၊ သံ သတ္တုများကို ဖြစ်စေ။ ရုတ်တရက်၊ ချက်ခြင်း၊ ဖွေးစစ်၊ ဖွေးကောင်း ဖြစ် စေနိုင်သော၊ ကန့်ချုပ်နက်ဆေးပင်တွေ အလွန်ပေါသည်၊ ။

၎င်းပြင်မည်သူ၏၊ လက်ဦ မဆိုကိုင်မိလျှင်ဖြစ်စေ၊ စားမိလျှင်ဖြစ်စေ။ ကိုယ်မှာ ဂေနှင့်သွေး၍ လိမ်းကျုံထားလျှင်ဖြစ်စေ၊ ရုတ်တံနှင့်ကိုယ်မှာ ထိုးထားလျှင်ဖြစ်စေ။ရန်သူမျိုးအပေါင်းတို့ ချစ်ခင်စေတတ်သော၊ လူသား ကို စားလို သတ်လို၍ လာသော၊ခြင်္သေ့ ၊ သစ်၊ ကျားပင်သော်လည်းချစ် ခင်စေတတ်သော။သွားလေ ရာရာ၊လာလေ ရာရာတို့ဦး၊မျက်နှာကို မြင်သ မျှ၊ အသံကိုကြားသမျှသူ အပေါင်းတို့ဦး၊ ချစ်ခင်စေနိုင်သော၊ နတ်များ အ ပေါင်းတို့ကလည်း ချစ်ခင်သည်ဖြင်၊ ဥစ္စာရတနာတို့ဖြင့် ကြည့်ရှုစောင်မ စေတတ်သော၊ ဗီယဆေးပင်တွေ အလွန်ပေါသည်။ဤမျှလောက်နှစ်သက် စရာ၊ ရောက်ချင်စရာ၊ လိုချင်စရာတွေ ပေါသော နန္ဒာသိရိတောင်သည်။

ဟိမဝန္တာ၊ မြောက်ဘက်ကမ်းပါးရံ၊ ကုနာလဒိုင်နှင့်၊ ဝေဘာရတောင် တို့၏ကြားမှာရှိသည်။ရင်းတောင်ခြေနှင့် တောင်ခုလတ်မှာ၊နတ်ဘီလူးတွေ ကုန်တော်းတွေ။ လက်နက် ငါးပါးနှင့် စောင့်ရှောက်နေကြရသည်။ အဓိပ္ပေး သည့်နေ့ကစ၍၊ ငါးပါးသီလ အလွန်စင်ကြယ်သော၊ ဘုန်းရှိသော၊ပါရမီ ကောင်းသော ပုဂ္ဂိုလ်တို့အား။ နတ်များကလည်း ယူဆောင်၍ ဆက်ကြသည်။ (စန္ဒကူးဆေးပင်၊ဆေးမြစ် အစစ်ဆိုတာ၊ တာဝတိံသာနတ်ပြည် နန္ဒဝန်ဥယျာဉ်မှာလဲ ရှိသည်။)ထိုတောင်မျှားကိုး၊ ရံဘန်ရံခါ၊ နတ်များက ကွယ်ဝှက်၍ လည်း ထားလေ့ ရှိကြသည်၊ ထို့ကြောင့် ဟိမဝန္တာ တော တောင်သည်။ရှေးက ဤမျှလောက် အုံဩဖွယ်ကြီးမှုပ်းစရာကောင်းပါပေ၏။ ။

ထို့ပြင် ဟိမဝန္တာ တောင်ကမ်းပါးရံနှစ်ထပ် အတွင်းဘက်မှာ။ အသက်ရှည်နိုင်သော၊ အဆင်းလှနိုင်သော၊ ရောဂါဘယ ကင်းရှင်းစေနိုင်သော အလွန်အရသာနှင့်ပြည့်စုံသော၊သစ်သီးဝလံတွေ အလွန်ပေါသည်၊ ဘီလူးကုန်တော်တို့ အစောင့်မရှိ၊သို့သော်လည်း သွားရာလမ်းမှာ၊ အလွန် နက်ကျွယ်သောဆီးနှင်းရေခဲမြစ်တွေးပါသည်၊ ဗျာန်ရေသွေးမျှားသွားရော်စား၊သောက်လေ့ ရှိကြသည်၊ ကိန္နရီကိန္နရာမျှားလည်း သွားရောက် စားသောက်လေ့ရှိကြသည်၊ရင်းပြင် ဟိမဝန္တာတော အလယ်၊ ဆီးနှင်း မြစ်ကမ်းတလျှောက်မျှားမှာ၊ လိုရာခဲနှုန်း၊ လောကီ အရာရာဟူသမျှပြည့်စုံနိုင်သော၊ အာကာသဆောင်တွေ ပေါသည်။လက်နှင့်ကိုင်မိလျှင်၊ ယူဇနာတရာ ဝေးသော ခရီးကို၊ မမောမပန်းဘဲ၊ ချမ်းသာစွာနှင့်ခရာခြင်း ရောက်နိုင်သော မဟာဗလဆောင်။သီဃာတက ဆောင်တွေပေါသည်။ ရင်းပြင် ယူဇနာငါးရာမြင့်သော ဟိမဝန္တာတောင်ထိပ်မှ အောက်အာတို့။ ယူဇနာ နှစ်ဆယ်လောက် ကွာဝေးသော နေရာမှာ။ဒေဝဒတ္တတောင် ရှိသည်။ရင်းတောင်မှာ၊ သန့်လွတ်စကြာ၊ လှံစကြာ၊ခြေနှင်းစကြာ၊ လေးစကြာ၊ မြားစကြာ များရှိသည်။နတ်များ စောင့်ကြပ်လျက် ရှိနေကြသည်။ ။

ထို့ပြင် ဝေပုလ္လ တောင်ထိပ်နှင့်၊ တောင်ခုလတ် မြေသားနှင့် ကျောက်သားရောသော နေရာများမှာ၊ ဖောတိရသကျောက် ရှိသည်၊ရင်းကျောက်ရိုးသတ္တိမှာ၊ကိုင်၍ ကြည့်လျှင်၊သုံးဆဲ့တဘုံကို၊ ဘုံစဉ်နှင့် တကွသတ္တဝါတွေပါအလုံးစုံမြင်စွမ်းနိုင်သည်၊ ရင်းပြင်လိုအပ်သောလောကီဆန္ဒအကုန် ပြည့်စုံစေနိုင်သော၊မနောမယ ကျောက်များရှိသည်။ မြားထိပ်မှာ တတ်၍ပစ်လျှင် လိုရာရောက်နိုင်သော၊ ဝရဇိန်ကျောက်များရှိသည်။ ရေများ၊

သစ်ရွက်များနှင့်ထိလျှင် ချဉ်သောအရသာ ဖြစ်စေတတ်သော။ ၎င်းရေချဉ်ကိုသောက်လျှင် ချောဂါ မရွေးပျောက်ကင်းစေနိုင်သော၊ အိမင်းသောသူကို နုမျိုစေနိုင်သော၊ ကြွေး၊ သံ၊ ခဲများကိုလည်း၊ ရွှေဖြစ်စေနိုင်သော၊ ထန်းသီးထဲက အစေ့နှင့် သဏ္ဌာန်တူသော၊ တာလာဗီဇ ကျောက်မျိုးဂို သည်၊ ဝေဟင်္ဂလေတောင်က၊ ပင်္ကူမြားကျောက်တလုံးကိုယူ၍။ အတောင်-၆၀ ဆယ်ရှိသော၊ ဝါးဗျားမှာတင်၍ထားလျှင်၊ ထက်ဝန်းကျင်တယူဇနာ အတွင်း၌။ နေရောင်ကဲ့သို့ အရောင်ထွန်းလင်းဏီ။ ၎င်းပြင် ဝေဘာရတောင် ထိပ်၊ မြေသားနှင့် ကျောက်သားရောသော နေရာများမှာ၊ အသားအရေတို့ကို ရွှေရောင်ကဲ့သို့ တောက်ပစေနိုင်သော။ ခဲ၊ ကြွေး၊ သံ စသည်တို့ကို အရည်ကြို၍ ကျောက်ကို၊ ကမိန့်စ်သောက်ထည့်ထားလျှင်၊ ရွှေဖြစ်စေနိုင်သော၊ သုဝဏ္ဏပဋ္ဌာ ကျောက်မျိုးပေါသည်၊ ပျားရည်မှာ စိမ်သောက်လျှင်၊ ဥဒေါင်းသံ၊ ကြိုးကြွေသံ၊ ကရဝိက်သံများကဲ့သို့ အသံကောင်းစေတတ်သော၊ မောရဂိဝါ ကျောက်မျိုးပေါသည်။ ပျားရည်မှာ စိမ်သောက်လျှင်၊ စာတုမဟာရာဇ်၊ တာဝတိံသာ နတ်သား၊ နတ်သမီးများကဲ့သို့၊ အဆင်းကြွေအင်္ဂါလက္ခဏာနှင့် ပြည့်စုံစေနိုင်သော၊ ဒေဝဒကကျောက်မျိုးပေါသည်၊ ပျားရည်မှာ စိမ်သောက်လျှင်၊ အိမင်းသော ဇရာအရွယ်က၊ နုမျိုသော အရွယ်ကို ဖြစ်စေတတ်သော၊ ဇရာရူပကျောက်မျိုးပေါသည်၊ ပျားရည်မှာစိမ်၍သောက်လျှင်၊ အသင်္ခိရာ၊ ရုပ်သဏ္ဌာန် ငါးမျိုးလောက်သာ အရွယ်အဆင်းပြောင်းလဲနိုင်သော၊ ဥဇ္ဇကာထျောဏ်အံ ကျောက်မျိုးပေါသည်။ အာဘိုးမပြတ်နိုင်သော၊ မဿာရဂလ်ကျောက်မျိုးပေါသည်။ (ဝေရောစန ကျောက်မျိုးသည်။ တာဝတိံသာ နတ်ဘုံမှာသာရှိသည်)သိကြားမင်းသည်၊ အလောင်းတော် ကုသမင်းကို ဆက်သော ကျောက်မျိုး ဖြစ်သည်၊

ဟိမဝန္တာတောင်ထိပ်မှာ၊ ကျောက်ကောင်ထွန်ငါးလုံးရှိသည်၊ထိုငါးလုံးတွင် ပါဝင်သော၊ သုဒဿနတောင်သည်၊ ရွှေသားအာတိ ဖြစ်သည်၊ တောင်ထိပ်မှာ၊ သုဝဏ္ဏ ဂိရိမြို့ရှိသည်။ ကိန္နရီ၊ ကိန္နရာတို့ နေကြသည်။ သံသျှက်စကြာရသော ဝိဇ္ဇာခိုရ်မင်းများ အုပ်စိုးသည်၊စိုက်ရတောင်သည်။ ရွှေ၊ ငွေ၊ စိန်၊ မြ၊ ပတ္တမြား၊ ဖလ်၊ မှန် စသော အထူးထူးသော ရတနာကျောက်တို့ဖြင့်ပြီး၏။ တောင်ထိပ်မှာ၊ခတရဋ္ဌဟာသ်ာမျိုးနေသည်။တောင်ခြေမှာ၊ ပါဒဟာသ်ာမျိုး၊ ရွှေဂူ၊ ငွေဂူ များဒ်နေသည်။ရှေးသရောအခါလွန်

ခဲ့သော ဘဝပေါင်းများစွာက၊ဘုန်းကြီးတို့ ယခုကိုးကွယ်သော ဖြတ်စွာဘုရားရှင် အလောင်းတော်၊ဓတရဋ္ဌ ဟသ်ာမင်းဖြစ်စဉ်က၊ တောင်ခြေရွှေဂူမှာနေသော ပါကဟသ်ာမင်း၏ သို့၊ယသောဓရာ အလောင်း၊ ဟသ်ာမနှင့် လက်ထပ်၍ တောင်ထိပ်မှာ စိုးစံဘူးသည်၊ ၎င်းဖြင်းတောင်နှင့် မနိုးမဝေး ပတ်လည်ဝန်းကျင် အရပ်တို့၌၊ တိဏဟသ်ာမျိုး၊ ပဏ္ဏုဟသ်ာမျိုး၊ မနောသိလာဟသ်ာမျိုး၊ သေတဟသ်ာမျိုးစသည်တို့၊ဂုဒမျိုးမျိုးတို့၌ နေကြသည်၊ ဤကား စိတ္တရတောင်၏။ ဆန်းကြယ်ပုံကို ပြလိုက်သည်။ ၎င်းဖြင် ကာလကုန် တောင်သည်။ ပတ္တမြားညို အတိဖြစ်သည်၊ ဂန္ဓမာဒန တောင်၌ကား၊ နံ့သင်းစွယ်တော်၊ ကာလာနုသာရီ၊ စန္ဒကူး၊ ထင်းရှူး။ လဝက် သီး၊ပွက်လျက်၊ကုက်ံမံ၊ ပန်းညို၊ ဇာတိပို့လ်စသော ပန်းရနံ့မျိုးတို့သည်။နေ့ညည် မပြတ်၊အစည့်အဝေးဖြင့်၊ လေအောက်၊လေညာ၊တကြိုင်ကြိုင် မွှေးရနံ့ကြိုင် လိုင်ပျံသင်းလျက်နေ၏၊ တောင်ထိပ် တောင်ကမ်းပါးရံပတ်လည်တို့၌။ဇွေဂူ၊ ငွေဂူ၊ဗလ်ဂူ၊ မှန်ဂူ၊ စိန်ဂူ၊ မြဂူ၊ ပတ္တမြားဂူ စသည်တို့ကို အလွန်းပါမျှားသည်။ဇွေဂူမှာ ဇွေပန်းပင်၊ ငွေဂူမှာငွေပန်းပင်၊ ဗလ်ဂူမှာ ဗလ်ပန်းပင်းစသည်၊အသီးသီးဂူတိုင်းမှာပင်၊ ပန်းပင်ရှိကြ၏။၎င်းပန်းပင်တွေကို၊ မဋ္ဌ။သကပန်းပင်မျိုးဟူ၍ခေါ်သည်၊ ထိုဂူများအထဲမှာ၊ ပဒ္မေက ဗုဒ္ဓါ အရှင်မြတ်တို့ သီတင်းသုံးတော်မူလေ့ရှိကြသည်၊ ပန်းပင်တို့သည်လည်း၊ အလွန်မွှေးကြိုင်ကောင်းမြတ်သော နံ့သာပင်မျိုးသာဖြစ်ကြကုန်၏၊ ဟိမဝန္တာတောင်၌၊ ဘယ်ရတနာမျိုး။ ဘယ်ကျောက်မျိုးဖြင့်၊ မရှိပြီဟူ၍ မဆုံနိုင်။ ဘယ်သစ်ပင်းမျိုးဖြင့် မပေါက်ဟူ၍မရှိ၊ ဘယ်နံ့သာမျိုး၊ ဘယ်ပန်းမျိုးဖြင့် မရှိပြီဟူ၍ မဆိုနိုင်။ အလုံးစုံရှိ၏။ ပြည့်စုံ၏။ ယခုကာလ ခေတ် အခါ၌၊ ဘယ်လိုလူမှ မသွား

မရောက်နိုင်၊ လေယဉ်ပျံနှင့် သွားသော်လည်း။ ဟိမဝန္တာတောင်မင်းကြီး သို့ ရောက်အောင် မသွားနိုင်၊ မည်သည့် အခါမဆို၊ မြေပင်လယ်ကောင်း ကင်လမ်းတို့ကို မမှန်းနိုင်လောက်အောင်၊ ဆီးနှင်းအလွန် အားကြီးသည်။ ရေ အလွန်အားကြီးသည်။ ဆီးနှင်း ရေခဲအလွန် အားကြီးသောကြောင့်၊ မည်သည့် လူမျိုးမဆို၊ ဘယ်လိုပင်လက်နက်ကောင်းနှင့် သွားသော်လဲ။ မဖြစ်နိုင်၊ ခြေဆစ် လက်ဆစ်တွေ ကြွေကျသည်၊ နှင်းခဲ နှိပ်စက်သော ကြောင့်၊ ဘိန်ပျားစိမ့်၍ သွားသော်လဲ၊သံခွါတွေ၊ သားရေတွေအလိုလို ကျွတ်ထွက်သည်။ ကွဲထွက်သည်။ အဝတ်အစားတွေ၊အသားအရေတွေ၊ လက်သည်း၊ ခြေသည်းတွေ ကွဲထွက် သည်၊ ကျွတ်ထွက်သည်။ ဤမျှ လောက်ပင် နှင်းခဲ၏အန္တရာယ်တွေ ကြီးကျယ်သောကြောင့်၊ မသွားနိုင် မရောက်နိုင်ကြဂိုသည်။ သွားသူမျှားလဲဂိုကြပါ၏။ တောခြေနှင့်မနီး မဝေး လောက်သာ ရောက်နိုင်ကြသည်။ဌင်းပြင် ဟိမဝန္တာတောင်မင်း၌၊ ထူး ဆန်းသော အချက်တချမှာ၊ နတ်သိုးမျှားကဲ့သို့ လှပတင့်တယ်သော၊ မိန်း မရုပ်သိုးသော၊ သူယောင်ပင်၊ သူယောင်တောကြီးဂိုး၏။ ဤသူယောင်ပင် တွေကား။ ဟိမဝန္တာတောင်ပေါ်၊တောင်ဘက်စောင်း၊ တဏ္ဍာဝဖုန အာ မည်ဂိုသောတောင်၌ ပေါက်ကုန်၏၊ဟိမဝန္တာနှင့် ဌင်း၏မြောက်၊ကျွန်းဦး သဖြေပင်ကြီး။ ဤနှစ်ခု အကြားမှာလည်းပေါက်ကုန်၏၊ ထိုသူယောင်သိုး တို့သည်၊ဆွတ်ပြီးသည့်နောက်၊ ခြောက်လလောက်ကြာမှ၊ ပုတ်ရိယုက်စိုး ကုန်၏၊ထိုသူယောင်မဘမ်းစားမိသော သူတို့သည်လည်း။လေးလလောက် ကြာမှ သတိရနိုင်ကြကုန်၏၊ ။

ထိုပြင် ဟိမဝန္တာဒေသတွင်း မြေညီရာကုန်းအရပ်တို့၌ အချိုနေရာမြေ ပြု၏၊ အချိုနေရာ မမြေနိုင်၏၊ ဝါ၏။မည်းနက်၏၊ အချိုနေရာ၌မြေငန်၏။ရေလည်း ငန်၏။ အချိုနေရာ၌ အလွန်နံစော်သော ငြေရေဂိုး၏။ အချိုမြေညီရာ၌ ဘွဲ့ ကျောက်၊ငွေကျောက်၊စိန်ကျောက်၊မြကျောက်၊ပတ္တမြားကျောက် စသော အဘိုး မပြတ်နိုင်လောက်သော ကျောက်ငယ်တွေ ပေါ၏။ အချိုနေရာ၌ ကြေးနီ၊ကြေးဝါ၊သံ၊သွတ်၊ဂျွတ်၊ပြဒါး။ ဆေးဒန်း၊ဒုဏ္ဍာ၊ ထုံးကျောက်၊ စကျင်ကျောက်၊ ဂဝံကျောက်၊ မှတ်ကျောက် စသည်တို့အလွန်ပေါသည်။ အချိုနေရာမှာ ကျောက်ဒိုးသွေးပေါသည်၊ ရေနံထွက်သည်။ သို့သော်လဲ ရှေးကအသုံးပြုသူမရှိကြ၊အချိုရာနှုန်းအထူးထူးသော စပါးမျိုး။အချိုနေရာ

၌ စားကောင်းသော၊တည်သိုး၊လွဲသိုး၊ သစ်မဉ္ဇူသိုး၊နွဲ့သိုး၊ထောက်ရှာသိုး၊ သရက်ဖြူသိုးစသော ချိုချဉ်သစ်သီးလုံးကြီး လုံးငယ် အသွယ်သွယ်တို့ အလွန်ပေါသည်း အချို့နေရာ၌ ကနုဖိုးချဉ်ချို၊ ရှောက်ချဉ်၊ ရှောက်ချို၊ သံပုရာ၊မာကလာ၊ပိန္နဲ၊နွဲ့၊မျောက်လုပ်၊ သစ်အယ်၊ သစ်ကြား၊ သစ်ဆိပ်၊ အုံး၊ ထန်းစသော အလိုအလျောက်ပေါက်သော သစ်သီးပင်တွေ ဝသံပင်တွေ အလွန်ပေါသည်။ ရှေးသရောအခါ ဗာရာဏသီမင်းကြီး၏ စူဠဥသုဘဒ္ဒါ မိဖုယားကြီးက ငေခိုင်း၍ ဆဒ္ဒန်အိုင်အနီးဦးနေသော ဆဒ္ဒန်ဆင်မင်း၏ အစွယ်ကိုဖြတ်ရအောင် ချနစ်နှစ်၊ ချနစ်လ၊ ချနစ်ရက်တိုင်တိုင် သွားသော သောဏုတ္တရမထေရ်ဆိုးသည်။ ဟိမဝန္တာတောင်ဘက် တောင်တန်းကြီး၏ အပြင်ကမ်းပါးရံ တောင်ခြေလောက်သာသွားရသည်။ အတွင်းဘက်ကို မရောက်၊တောင်ဘက် တောင်တန်းကြီး၏ အတွင်းဘက်မှာ သေတတ်သောသစ်ပင်၊ ရှူးတတ်သော တောက်တတ် ယားတတ်သော သစ်ပင်တွေ အလွန်ပေါသည်။ အချို့သော ရေဒိုင်များဒွ ဂိုးသောရေတို့သည်။ သောက်မိလျှင် သေတတ်သော၊ရေ။ ရှူးတတ်သောရေ။ ထိမိလျှင် ယားတတ်သော ရေများလည်းဂိုး၏၊အချို့သောရေဒိုင်များဒွ ဂိုးသောရေတို့သည်။ သောက်မိလျှင် ချောဂါကင်းသည်။ ချိုးမိလျှင် အသားအရေပေါ်ဒွပေါက်သော အနာချောဂါတို့ ကင်းစင်သည်း (အထူးမှတ်ရန်) ဟိမဝန္တာတောနယ် အတွင်းမှာ အန္တရာယ်ဖြစ်စေတတ်သော သစ်ပင်၊ ရေ၊ကျောက်၊ မြေသလဲ၊ရှိ ညွှန်စသည်တို့ဂိုသော နေရာများမှာ ပေါက်သော မြက်ပင်တွေသည်။ လက်ဝဲရစ်လှည့်၍ ပေါက်ကြသည်။ အပင်ဝါသည်။ ၎င်းပြင်အန္တရာယ်ကင်းစေတတ်သော အန္တရာယ်ကို ကာကွယ်စေတတ်သော သစ်ပင်စသည်တို့ ဂိုသောနေရာ၌ ပေါက်သောမြက်ပင်တို့သည်။ လက်ျာရစ်လှည့်၍ပေါက်သည်၊အပင်စိမ်းသည်၊ဖြူသည်။ ညို့သည်၊ ဤကားအထူးသတိပြုကြရန်။

ထိုပြင် အိုင်ကြီးရှနစ်အိုင်တို့သည်လည်း အချို့ဟိမန္တာ တောင်ခြေမှာတည်ကြ၏။ အချို့တောင်ရုလတ်မှာ တည်ကြ၏။ အနဝတတ်အိုင်ကြီးမှာမူကား ဟိမဝန္တာ တောင်ထိပ်တည့်တည့်ဝယ် အထက်ပေဝ်ပြခဲ့သော သုဒဿနတောင်၊ စိတ္တရထောင်၊ ကာလကူဋတောင်၊ ဂန္ဓမာဒနတောင်၊ ကေသာသတောင်ငါးလုံးတို့၏ အကြားအလယ်မှာတည်၏။ ၎င်းအိုင်သည်

အနော်ဘက်ကမ်းနား ခြင်္သေ့ခံတွင်းနှင့်တူသော ရေငြိမ်မှတွက်သော ရေကြောင်း ရေသွယ်တို့သည်၊ အနောသမုဒ္ဒရာသို့ စီးဝင်ကြလေကုန်၏။ အနော်ဘက် ခြင်္သေ့ခံတွင်းဝ ရေပေါက်နားမှာ တိဏခြင်္သေ့၊ ကာလခြင်္သေ့ ပဏ္ဏာခြင်္သေ့၊ နဂခြင်္သေ့၊ ကောသရာဇာခြင်္သေ့မျိုးတို့ အများအပြားနေကြသည်။ ။မြောက်ဘက်ကမ်းနား မြင်းခံတွင်းနှင့်တူသော ရေငြိမ်မှတွက်သော ရေကြောင်း ရေသွယ်တို့သည်၊ မြောက်သမုဒ္ဒရာသို့ စီးဝင်ကြလေကုန်၏။ မြောက်ဘက် မြင်းခံတွင်းဝ ရေပေါက်နားမှာ ဝဠာဟကမြင်း၊ သိန္ဓဝမြင်း၊ အာကာတိန္ဒမြင်း၊ ဝဠာယမမြင်း၊ သုဝဏ္ဏသာမ မည်သော မြင်းမျိုးတို့ အများအပြားနေကြသည်၊ ၎င်းမြင်းမျိုးတို့တွင် အချို့သည်။ ကောင်းကင်ပျံနိုင်၏၊ အချို့မြေပြင်မှာပင် တနေ့ခြင်းယူဇနာ တရာနှစ်ရာလေးရာသည်အသွားအလှမ်းရှိ၏။ ။အနောက်ဘက်ကမ်းနား ဆင်ခံတွင်းနှင့်တူသော ရေငြိမ်မှတွက်သော ရေကြောင်း ရေသွယ်တို့သည်။ အနောက်သမုဒ္ဒရာသို့ စီးဆင်းကြလေကုန်၏။ အနောက်ခံတွင်းဝ ရေပေါက်နားမှာ ကာလာဝကဆင်၊ ဂဇ်ယူဆင်၊ ပဏ္ဍရဆင်၊ တမ္ဗဆင်၊ ပိဂ်လဆင်၊ ဂန္ဓဆင်၊ မဂ်လဆင်၊ ဟေမဆင်၊ ဥပါသဏဆင်း၊ ဆဒ္ဒန္တဆင်းမျိုးတို့ အများအပြားနေကြသည်။ (အထူး) ကာလာဝက ဆင်ဆိုသည်မှာ ယခုလောကလူများ အသုံးပြုကြသော ဆင်မျိုးကိုဆိုသည်။ ကာလာဝကဆင်၊ ဆယ်ကောင်အားသည်။ ဂဇ်ယူဆင် တကောင်းအားနှင့်ညီမျှသည်၊ ဂဇ်ယူဆင် ဆယ်ကောင်အားသည်။ ပဏ္ဍရဆင်တကောင်အားနှင့် တူမျှသည်၊ ပဏ္ဍရဆင် ဆယ်ကောင်အားသည်။ တမ္ဗဆင် တကောင်အားနှင့် တူမျှသည်။ တမ္ဗဆင် ဆယ်ကောင်အားသည်၊ ပိဂ်လဆင် တကောင်အားနှင့် တူမျှသည်။ ပိဂ်လဆင် ဆယ်ကောင်အားသည်။ ဂန္ဓဆင် တကောင်အားနှင့် တူမျှသည်၊ ဂန္ဓဆင် ဆယ်ကောင်အားသည်။ မဂ်လဆင်တကောင်းအားနှင့် တူမျှသည်။ မဂ်လဆင် ဆယ်ကောင်အားသည်၊ ဟေမဆင်တကောင်အားနှင့် တူမျှသည်၊ ဟေမဆင် ဆယ်ကောင် အားသည်။ ဥပါသဏဆင် တကောင်အားနှင့် တူမျှသည်။ ၎င်းဥပါသဏ ဆင်မျိုးသည်၊ကောင်းကင်ပျံနိုင်သည်၊တိမ်ဖုံးတိမ်ညွှန်များကဲ့လည်း စားသောက်လေ့ရှိကြသည်၊ ဥပါသဏဆင်မျိုးသည်၊ အခြားဆင်မျိုးနှင့် ဆက်ဆံပေါင်းသင်းလေ့မရှိ။ အမျိုးခြင်းမတူသော ဆင်မျိုးနှင့် ပေါင်းသင်းဆက်ဆံမိ၍ ရသောသားငယ်း ဆင်ဝံး ဆင်မကလေးတွေသည်၊ ကောင်းကင်

ပျံနိုင်သော တန်ခိုးမရှိ၊ ဖြေပြင်မှာသာ သွားလာနိုင်တော့သည်။ အမျိုးတူ ဇာတ်တူ ဥပေါသထဆင် အချင်းချင်း ဆက်ဆံပေါင်းသင်း၍ ရသောဆင် ငယ်တို့သည်၊ အာကာသ ကောင်းကင်ရှိ တိမ်နီ၊ တိမ်ဝါ၊ တိမ်ညို၊ တိမ်ဖြူး၊တိမ်ပြာ၊ တိမ်ရွှေ၊ တိမ်တောင်၊ တိမ်လိပ်၊တိမ်ရစ်၊တိမ်ဆိုင်၊ ညိုပြာရှိ မှောင်၊တိမ်တောင်များစွာ၊တိမ်အုပ်၊တိမ်ထပ်၊ တိမ်လတ်၊တိမ်ပြောင်၊ တိမ်တောင်၊ တိမ်ခဲကြီးတွေထဲများမှာ သွားလာကူးသန်းပျော်ပါးလျက် နေနိုင်ကြလေကုန်၏၊ရံဘန်ရံခါလဲဟိမန္တာတောထဲ တောင်ပေါ်များမှာလဲ ဆင်းသက်၍ အာဟိုးတန်သောသစ်သီး သစ်ရွက်များကိုလည်း စားသောက်ကြ၏၊ ဝေဿန္တရာမင်းကြီးသည်။ ကလိင်္ဂရာဇ်ဘိုင်းက ပုဏ္ဏားရှစ်ယောက် တို့လာ၍ အလှူခံသောကြောင့် ရေစက်ချ၍လှူဒါန်းလိုက်သော ပစ္စယဆင် ဖြူတော်သည်၊တိမ်တွေပေါ်မှာ ကျက်စား၊သွားလာလေ့ရှိသော ဥပေါသထ မျိုးအစစ်ဆင်ထီး ဆင်မတို့အချင်းချင်း ဆက်ဆံပေါင်းသင်း၍ တိမ်ပေါ်မှာ ဘွားမြင်သော ဆင်ထီးကလေးဖြစ်သည်။ အမိဖြစ်သော ဥပေါသထဆင်မ ကြီးက စေ့နှိုင်းသောကြောင့် သားဖြစ်သော ပစ္စယဆင်ဖြူတော် ကလေး သည်၊ အလောင်းတော် ဝေဿန္တရာမင်းကြီး၏ ဆင်တင်းကုတ်သို့ စင် ကြယ်စွာ စိတ်ကောင်း စေတနာကောင်းနှင့် ရောက်လာရသည်၊ ဤကား ဥပေါသထဆင်မျိုး ထူးဆန်းဘိုးမြတ်စရာကောင်းပုံကို ပြလိုက်သည်။ ။ ၄ ၎င်း ပြင် ဥပေါသထဆင် ဆယ်ကောင်အား သည်။ ဆဒ္ဒန်ဆင် တကောင်အား နှင့် တူမျှသည်၊ ။ထို့ကြောင့် ဆင်ဆယ်မျိုးမှာ ပဌမပြုခဲ့သော လူဇာများအ သုံးပြုသော ကာလာဝကဆင်ပေါင်း ကုဋေတရာအားသည်၊ ဆဒ္ဒန်ဆင် မျိုးတကောင်အားနှင့်တူမျှသည်။ ။မြတ်စွာဘုရားရှင်၏အားတော်ဆယ် ပါးဆိုသည်မှာ ယခုပြခဲ့သောဆင်ဆယ်မျိုးလုံး တမျိုးတကောင်ကြစီထား ၍ ဆယ်ကောင်အားနှင့် တူတော်မူသောကြောင့် အားတော်ဆယ်ပါး ဟူ ၍ဆိုခဲ့ခြင်း၊ တနည်း အားတော်ဆယ်တန်ဟူ၍ဆိုခဲ့ခြင်း၊ ဟောတော်မူသည်။ မြတ် စွာဘုရားရှင် ဟောတော်မူသော ပါဠိတော်များမှာ ပါရှိသော ထင်ပေါ် ထူးဆန်းသော ဆင်များကား ဆိုကြားမင်းစိုးသော ဇရာဝဏ်ဆင်၊ မာရ် နတ်သားစိုးသောဂိရိမေခလာဆင်။အဇာတသတ်မင်းစိုးသောနာဠာဂိရိဆင်။ ဝေဿန္တရာမင်းစိုးသော ပစ္စယဆင်။ဟိမန္တာဝတော ဆဒ္ဒန်အိုင်ကင်းမှီ၍ နေ သော အလောင်းတော် ဆဒ္ဒန်ဆင်းမင်းတို့ဖြစ်ကြသည်။ ။ဆင်အမျိုး မျိုးတို့ အကြောင်းပြဆိုခန်းပြီး၏။

ထိုဖြင့်အနဝတတ်အိုင်၏တောင်ဘက်ကမ်းနား နွားခံတွင်းနှင့်တူသော ရေပြွန်မှသွက်သောရေကြောင်း ရေသွယ်တို့သည်။ တောင်သမုဒ္ဒရာထို့ စီးဝင်ကြလေကုန်၏။ တောင်ဘက် နွားခံတွင်းဝ ရေပေါက်နားမှာ ဥသဘနွားလားမျိုးမှစ၍ နွားအမျိုးမျိုးတို့ အများအပြားနေကြသည်။ ဤသို့အားဖြင့် အနဝတတ်အိုင်၏ လေးမျက်နှာမှာ အများအပြားနေကြသည်ဟု၊ဆိုသော်လဲ အခြားသော တိရစ္ဆာန်မျိုးတွေလဲနေကြသေး၏။ အရှေ့ဘက်က ခြင်္သေ့မျိုး၊ မြောက်ဘက်က မြင်းမျိုး၊ အနောက် ဘက်က ဆင်မျိုး၊ တောင်ဘက်က နွားမျိုးတို့ အသီးသီးပျော်ပါး သွားလာ ကျက်စားနေထိုင်ကြသည်။ ဆိုသည်မှာ များစာကိုသာလိုက်၍ ရေးသားဖော်ပြလိုက်ရသည်။ ။အနဝတတ်အိုင်၏ တောင်ဘက်ကမ်း နွားခံတွင်းနှင့် တူသော ပြွန်ပေါက်မှထွက်သော ရေတို့သည်ကား။ထွက်ရာပြွန်ဝ၌ တွေ့ပြီးလျှင် အနဝတတ်အိုင်ကြီးဆီသို့ ဦးလှည့်လျက် လက်ျာရစ်ဝဲ နှစ်ပတ် သုံးပတ် လှည့်၏၊ထိုဝဲလှည့်နေသော ရေကြောင်းကို အာဝဋ္ဋဂင်္ဂါခေါ်သည်၊ထိုအာဝဋ္ဋဂင်္ဂါမှ တောင်အရပ် ကဏ္ဏမည်သော ကျောက်ဖျာပေါ်သို့ ယူဇနာခြောက်ဆယ်လောက်စီးသွား၏။ ထိုစီးသွားသော ရေကြောင်းကို ကဏ္ဏဂင်္ဂါဟုခေါ်ကြ၏၊ထို့ကဏ္ဏဂင်္ဂါမှ တောင်ဘက်အနိမ့် ခြောက်ထဲသို့ ဖြစ်နှင့်မထိဘဲ ရေလုံးကြီးငီးကျ၏၊ ၎င်းရေလုံးကြီးသည်၊ ကျောက်တောင်ကြီးတရကုဋ်ကဲ့သို့ အထက်သို့ ယူဇနာခြောက်ဆယ်လောက် ရေလုံးကြီးတက်လာ၏။ ၎င်းတက်လာသော ရေလုံးကြီးကို အာကာသဂင်္ဂါဟုခေါ်ကြ၏၊ ဤအာကာသ ဂင်္ဂါခေါ်သော ရေလုံးကြီးသည်၊ အောက်တိုဂုဏ်လ ကျောက်ဖျာကြီးပေါ်သို့ကြ၍။ ကျောက်ဖျာကြီး ကွဲပြီးလျှင် ထူးအိုင်ကြီးဖြစ်၍နေ၏။ ဤထူးအိုင်ကြီးကို တိရိုက် လရေအိုင်ကြီးလည်း ခေါ်ကြသည်။ ဝါ။တိရိုက် လဂင်္ဂါဟူ၍လည်းခေါ်ကြသည်။ တိရိုက်လရေကန်ရေအိုင်ကြီး တောင်ဘက် ကျောက်ကမ်းပါးကြီးကို ချိုးဖောက်လျက် တောင်အရပ်သို့ ယူဇနာခြောက်ဆယ်လောက်စီးသွား၏။ ထိုစီးသွားသော ရေကြောင်းကြီးကို ဗလဟဂင်္ဂါဟူ၍ခေါ်ကြ၏၊ ဗလဟဂင်္ဂါမှ တောင်အရပ်မြေထဲသို့ ငုပ်လျှိုးလျက် ဥမင်ထွင်း၍ယူဇနာ ခြောက်ဆယ်လောက် သွား၏၊ ထိုရေကြောင်းကို ဥမဂ်ဂင်္ဂါဟုခေါ်ကြ၏။ ဥမဂ်ဂင်္ဂါမှအထွက် တွင် လက်ျောင်းများကဲ့သို့အသွင်ပေါက်ရှိသော တိရိုယဂျောက်တုံးကြီး၊ဝါဝိဇ္ဇာမည်သော ကျောက်တောင် တုံးကြီးကိုတိုက်၍ ရေကြောင်း ငါး

သွယ် ငါးခိုင်ဖြစ်ပြီးလျှင် မြေပေါ် သို့ ဘောက်ထွင်း၍ တက်လာ၏။ ထို တက်လာသော ရေသွယ် ရေခိုင်ငါးခုတို့မှာ တခုကို အစိဝရုတီ၊ တခုကို မဟိ တခုကို သရဘူ၊တခုကိုယမုနာ၊ တခုကိုဂင်္ဂါဟူ၍ မြစ်ကြီးငါးသွယ် ဖြစ်ပြီးလျှင် မဏ္ဍိမဒေသကိုဖြတ်၍ တောင်သမုဒ္ဒရာသို့ စီးဝင်ကြ၏။ ဤသို့ မြစ်ကြီးငါးသွယ် စီးသွားရာအရပ်မှာ တည်ထောင်သောတိုင်းပြည်ကို့မြစ် ငါးသွယ်ကိုစွဲ၍ ပဉ္စာလတိုင်းဟူ၍ခေါ်ကြသည်၊ ၎င်းပဉ္စာလတိုင်းမှာလဲ မြောက်အရပ် ကျသောတိုင်းကို ဥတ္တရပဉ္စာလတိုင်း တောင်အရပ်ကြသောတိုင်းကို ဒက္ခိဏာပဉ္စာလတိုင်း အရှေ့အရပ်ကျသောတိုင်းကို မဟာပဉ္စာလတိုင်းဟူ၍ အသီးသီးခေါ်တွင်သမုတ်ကြရကုန်၏၊

ထိုပြင် အနဝတတ်အိုင်သည်။ ချီးမွမ်းအံ့သြ၍ မကုန်နိုင်အောင် ထူးဆန်း၏၊ အလွန်သန့်ရှင်း၏၊ ကြည်လင်၏။ သာယာ၏၊ နံဝေးပတ်လည်၌ တောင်းငါးလုံ ရံအပ်သည်ဖြစ်၍ လေပြင်းမုန်တိုင်း နေပူတံလျှင်တို့မှ ကင်းသဖြင့် လှိုင်းဟုန်ဝဂရက်မရှိတဲ့ အလွန်တရာအေးချမ်း ငြိမ်သက်စွာ တည်နေ၏။ နံဝေးလေးမျက်နှာ ရှစ်မျက်နှာတို့မှ ပြင်းထန် အားကြီးစွာ လောင်၍ လာကုန်သော တောမီး အလုံးရုံတို့သည်၊ ထိုအနဝတတ် အိုင်ကြီးသို့ ဆိုက်ရောက်သည်ရှိသော် အကြွင်းမဲ့ သေငြိမ်းချုပ်ပျောက်ရကုန်၏။၌အနဝတတ်အိုင်ကြီးသို့ဆိုက်ရောက်သည်ရှိသော်၌အနဝတတ် အိုင်ကြီးသည်အလုံးရုံသောတောမီးတို့၏ဆိုက်၍ဆိုက်၍သေရာငြိမ်ရားဌာန ကြီးဖြစ်ပေ၏၊ ဟိမဝန္တာတောနယ်တွင်း၌ ရှိကြကုန်သော သမင်၊ဒရယ် ကျဲငယ်၊စိုင်၊ဆတ် စသည်တို့သည်၊တောမီးမျှားလောင်၍ လာသောအခါအနဝအိုင်ကြီးသို့ ပြေးကြသည်ရှိသော် အနဝတတ်အိုင်တောင်ငါးလုံး အရံအတွင်းသို့ရောက်ကြလျှင်တောမီးဘေးမှလွတ်ငြိမ်းကြလေကုန်၏၊တောမီးတို့သည်။ ဘယ်လိုပင် ပူပြင်းစွာတောက်လောင်၍ လာသော်လဲ အနဝတတ်အိုင်ရေကအေးရှိနိုးဟတ်သောကြောင့်နောက်ပြန်ဆုတ်၍ သေငြိမ်းကြရလေကုန်၏၊အနဝတတ်အိုင်မှာ တောင်ငါးလုံးတို့သည်၊ ဌက်နှုပ်သိန်းကဲ့သို့ အတွင်းသို့ကုတ်၍ တောင်ထိပ်ခြင်း ထိလုမတတ် နေသောကြောင့် ရေအိုင်၌နေပျောက်မထိုးနေပူခွင့်မရ အလွန်အေး၏၊ရေလည်း လေးလေး လံလံမရှိ၊ ပေါ့၏။ ဝါဝင်းမျှား ကြက်မွေးမျှားခွလိုက်လျှင် ရေထဲသို့နစ်မြုပ်၍သွားသည်။ ဤမျှလောက်ပင် ရေသည်ပေါ့၏။ အခြားသောအိုင်မျှားဌာဝါဝင်း

ကြက်မွေးတို့ချလိုက်လျှင် ရေပေါ်မှာပေါ်၍နေသည်။ ဝါဝံမ်းနှင့်ကြက်မွေးကပေါ့၍ ရေကလေးသောကြောင့် ပေါသည်။ အနဝတာတ်အိုင်မှာ ဤကဲ့သို့မဟုတ်။ ဝါဂွမ်းနှင့် ကြက်မွေးကလေး၍ရေကေ့ါသောကြောင့် နစ်ဖြုပ်သည်။ ထိုကြောင့်တောမီးတို့သည်။ ဘယ်လောက်ပင် ပျံပြင်းစွာတောက်လောင်၍ လာသော်လဲ အနဝတာတ်အိုင်နယ်အတွင်းသို့ မဝင်မရောက်နိုင်ဘဲအဝေးမှနေကြရလေကုန်၏။ အနဝတာတ်အိုင်သည်။အခြားအိုင်ဟူသမျှ အပေါင်းတို့ထက်မြတ်၏၊ဗျာနဲပျံရသေ့များ၊ဗျာနဲရ ရဟန္တာများ၊ဝိဇ္ဇာစုံရှင်များ၊ နတ်သား၊နတ်သိုးများတို့၏၊အသီးအသီး ရေချိုးဆိပ်ကမ်းများရှိကြသည်။ ရေချိုးကြ၏။ ရေချိုးပြီးလျှင် ခေတ္တခဏသိတင်းသုံး နေထိုင်ကြရန် ပတ္တမြား ကျောက်ဖျာ၊ မြကျောက်ဖျာ၊ မဿာရဂလ် ကျောက်ဖျာ၊ ဖလ်ကျောက်ဖျာ၊ မဟာရာဇကျောက်ဖျာ စသည်တို့လည်း ကမ်းနှင့်မနီးမဝေးသော နေရာများ၌ရှိကြ၏။ ဂန္ဓမာဒနတောင်ခြေ အိုင်ကမ်းမှာ ပဇ္ဈကဇုန္ဒါအရှင်မြတ်တို့ အမြဲရေချိုးသောဆိပ်သည်။ ပန်းပင်မျိုးစုံ သစ်သီးပင်မျိုးစုံ ဆေးပင်မျိုးစုံတို့ အလွန်ပေါသည်။ အိုင်ရေပေါ်မှာ မြေဝသေး မြေဝကြီး မြေဝချဉ်မရှိ။ ပဉ်းရုံ၊ကတောက်၊ခတက်၊ကစွန်း၊ မြောက်လှေကူးပင် စသည်တို့မရှိ။ အိုင်နှင့်မနီးမဝေးကစ၍ တောင်ဂါးလုံးဆီသို့ သွားသောလမ်းတန်းလျှောက်မှာ နတ်သုဓါ ဩဇာ အရသာနှင့်တူသော ငှက်ပျောပင်တွေ၊ သရက်ပင်တွေ၊ သဲကြပင်တွေ၊ အုပ်ရှစ်ပင်တွေ အလွန်ပေါ၏။ ထိုကြောင့် အနဝတာတ်အိုင်သည်။ လောကီအလိုအားဖြင့် ဘယ်အိုင်၊ ဘယ်မြစ်၊ ဘယ်ချောင်း၊ဘယ်ကမ်း၊ ဘယ်ငွေ့၊ ဘယ်အာဝ၊ ဘယ်ပင်လယ်၊ဘယ်သမုဒ္ဒရာနှင့်မျှမတူ။အံ့ဩဖွယ်မကုန်နိုင်အောင်လောကီဂုဏ်အပေါင်းနှင့်ပြည့်စုံပါပေ၏။

ထိုကြောင့် အနဝတာတ်အိုင်သည်း အာသဒ်တနိဗ္ဗာန် ဖွေ့ပြည်မြတ်ကြီးနှင့်လဲ ဥပမာစံတင်နိုင်၏၊ အဘယ်ကဲ့သို့ ဥပမာ စံတင်နိုင်ပါသနည်း ဆိုလျှင်။ နိဗ္ဗာန်တရားမြတ်သည်လည်း။ ဥပါဒိ၊ဌိ၊ ဘင်တို့မှ ကင်းသဖြင့် ဖြစ်ခြင်း၊ ရင့်ခြင်း၊ ပျက်ခြင်းဟူသော လိုင်းဟုန်ဝဂရက်မရှိဘဲ ငြိမ်သက်တည်ကြည်စွာ ငြိမ်းချမ်းခြင်း သန့်ရှင်းဘော အေးချမ်းခြင်း သိတိသဘော အဖြစ်ဖြင့်တည်နေ၏။ နံဘေးလေးမျက်နှာ၊ ရှစ်မျက်နှာ၊ ဆယ်မျက်နှာ၊ အလုံးစုံသုံးဆဲ့တဘုံမှ ပြင်းထန်အားကြီးစွာ လောင်၍လာကုန်သော ရာဂမီး၊ ဒေါသမီး၊မောဟမီး၊ဇာတိမီး၊ဇရာမီး၊ မရဏမီး၊သောကမီး၊ ပရိ

ဒေဝဗိမ်း၊ဒုက္ခဗိမ်း၊ ဒေါမနဿဗိမ်း၊ ဥပါယာသဗိမ်း ဟုဆိုအပ်ကုန်သော တဆဲ့တပါးသော ဗိမ်းတောက်ဗိမ်းလျှံတို့သည်။ ထိုသန္တိသဘာဝ သိမ်ဟိသဘာဝ နိဗ္ဗာနသို့ ဆိုက်ရောက်ကြ ကုန်သည်ရှိသော် အကြွင်းမဲ့သေငြိမ်း ချုပ်ပျောက်ကြရလေကုန်၏။ ဤနိဗ္ဗာန်တရားဖြတ်သည်။ ထိုတဆဲ့တပါးသော ဗိမ်းတို့၏ ဆိုက်၍ဆိုက်၍ သေရာ၊ ငြိမ်းရာ၊ ကုန်ရာ၊ ခန်းရာ၊ချုပ်ရာဌာန ကြီးဖြစ်ပေ၏။ ထိုတဆဲ့တပါးသော ဗိမ်းတို့၏။ သေငြိမ်းချုပ်ပျောက် ခြင်းဟူသော သဒ်တအပ္ပဝင်စွန်းနှင့်လည်း မရောမယှက်ဘဲ ထိုသဒ်တအပ္ပဝင်စွန်းမှ ကျွတ်လွတ်လျက် ဘယ်ဖြာသည်၊ဘယ်နှန်း၊ ဘယ်ညီးစိမ်၊ဘယ်ရတနာ တို့နှင့်မျှမတူဘဲအတုမရှိအလွန်တရာ ဇော်မြှင့်သာယာလှစွာသော အသဒ်တဓါတ် အဖြစ်ဖြင့် တည်နေ၏။ ။ထို့ကြောင့်ပညာရှိဗုဒ္ဓိုလ် တို့သည်၊ဤသို့ဟောတော်မူ၏၊

အတိအန္တော သုဂတိရော၊
နိဗ္ဗာန ရဟာဒေါ့ဝရော။
ဒေသိတော ဓိတိ မန္တေဟိ၊
ယမ်မ ဂိန္ဒိ နိရုဇ္ဈရေ၊ ။

ဘဝန္တော၊ သူတော်ကောင်းအပေါင်းတို့။ အတိအန္တော၊ဖြစ်ခြင်း၊ရင့်ခြင်း။ ပျက်ခြင်းဟူသော အနဝတတ်အိုင်လို။ လိုင်းဝဲဂရက်တို့မှ ကင်းသဖြင့်၊ အခါခပ်သိမ်း၊ အလွန်ကြည်လင်လှစွာသော။ သုဂတိ၊ကောဘယ်လိုပညာရှိကြီးတွေ ပြုလုပ်နေကြပေတယ်လို့၊မမြင်နိုင်၊ မမှီနိုင်၊မထောက်နိုင်အောင်၊အနဝတတ်အိုင်လို၊ အလွန်တရာနက်ကျယ်လှစွာသော၊ဝန်ရော၊ သမင် ဒရယ် စသော တောသတ္တဝါတို့သည်။တောမီးလောင်တဲ့အခါမှာ။ အနဝတတ်အိုင်ကို အလွန်တောင့်တသလို။ ရာဂ၊ ဒေါသ၊ မောဟ စသောမီးတို့၊ အစဉ်မပြတ် လောင်၍ လာရာ၊ထိုမီးဒဟတို့မှ လွတ်လိုသောကြောင့်၊ အလွန် အကျူး၊ အထူးသဖြင့် တောင့်တအပ် ဖြတ်လှစွာသော၊ နိဗ္ဗာန ရဟာဒေါ၊ နိဗ္ဗာန် တည်းဟူသော၊အနဝတတ် အိုင်ကြီးကို။ ဓိတိ မန္တေဟိ၊ တည်ကြည်သော ဉာဏ်သမာဓိ ရှိတော်မူကုန်သော ဖြတ်စွာဘုရားရှင်တို့သည်။ ဒေသိတော၊ အနဝတတ် အိုင်သည်။ နိဗ္ဗာန်နှင့်တူပါပေ၏။ နိဗ္ဗာန်သည်။ အနဝတတ်အိုင်နှင့် တူပါပေ၏ ဟူ၍ အပြန် အလှန်၊ ဥပမာ စံတင်နိုင်အောင် ဟောကြားတော်မူအပ်၏။ ယင်မှ၊ အကြင်

ဟောကြားတော် မူအပ်သော၊ ထိုအနဝတတ်အိုင် တည်းဟူသော၊ နိဗ္ဗာန် ချမ်းသာကြီး၌၊ ဂိနိ၊ တဆဲ့ တပါး၊သော၊ မိုးတောက် မိုးလျှံ တို့သည်၊ နိဂုဏ်းရ နိဗ္ဗာနသိဘိ ရေအေးအင်္ဂနိတွေ့ ဟပ်သဖြင့်၊ အလိုလိုသေငြိမ်း ကင်းချုပ်ကြရ၊လေကုန်၏။ ၊

ချိုးမွမ်းအံ့ဩရှိ၍ မကုန်နိုင်သော၊ အနဝတတ် အိုင်ကြီးသည်။နိဗ္ဗာန်နှင့် ဥပမာ စံတင်မှု၊ ရကြောင်း၊ အသင်္ခတနိဗ္ဗာန်ကြီးသည်လည်း။ အနဝတတ် အိုင်ကြီးနှင့် ဥပမာစံတင်မှိုင်ကြောင်းပြဆုံးခန်းပြီး၏။

—————○—————

ဟိမဝန္တာတောင်ထိပ်၌ တည်သော အနဝတတ်အိုင်ကြီးကိုပြဆုပြီး၍၊ ကြွင်းသော အိုင်များကိုပြဆိုဦးအံ့။ ။ကန္ဒမုဏ္ဍာအိုင်သည်၊ ပါလိလေယျက တောရှိ၊ မြောက်အရပ်တည့်တည့်၊ဟိမဝန္တာ တောင်ခြေမှာ တည်သည်။ မြတ်စွာဘုရားရှင်သည်၊ ပါလိလေယျက တော၌။ဝါကပ်ဆို တော်မူစဉ်က၊ ရင်း ကန္ဒမဏ္ဍာအိုင်မှာ ရေချိုး သုံးသပ်တော်မူသည်၊ပါလိလေယျက ဆင်မင်းနှင့် ပေါင်ပဝေးမျောက်မင်းတို့လည်း။ ထိုအိုင်မှ ရေကို ယူ၍၊ မြတ်စွာဘုရားရှင်အား။ မှကိန္နာသစ် ရေ၊ သုံးဆောင်တော်ရေများ အစဉ်မပြတ် ကပ်လှူကြသည်။ ပါလိလေယျကတောကြီး၌၊ အိုင်ကိုသွားသောလမ်းတလျောက်မှာ မျောက်သင်္ဃာဝါပေါသည်။ဥဒေါင်းငှက် အလွန်ပေါသည်၊ အလွန် အရသာနှင့် ပြည့်စုံသော၊ထွားကြုံးသော အလုံးရှိသော၊ သရေါပင်တွေ ပေါသည်၊ ဟာသ်ာငှက်ဝေ့ပေါသည်၊ ဇာရာဏာသိက မူဆိုးများမကြာမကြာရောက်လေ့ရှိသည်၊အိုင်ကမ်းတလျောက် အလွန် သာယာ၏။ ဖွေရောင်၊ ငွေရောင်နှင့်တူသော သဲမြုံများ သာ ရှိ၏။ ။

ရထကာရုံအိုင်သည်။ ဟိမဝန္တာ၊တာ၊ မြောက်ဘက် တောင်ကမ်း ပါးရံမှာ တည်သည်။ အရှေ့၊ အနောက် အရှည်အလျားရှိသည်။ အိုင်၏ ရေစပ်ကမ်း တလျောက်မှာ၊ ကျောက်ညို လွှာ အဆင့်ဆင့်တွေ့ ရှိသည်။ ဘီလူးတွေ့၊ ကုမ္ဘဏ်တွေ့ပြုလုပ်စီမံသားသည်။ ဗျာန်ရ ဂုဟန္တာများ ရေချိုးသုံးသပ်တော်မူကြသည်။သင်္ကန်းလွှမ်းသော နေရာ၊ကျောက်ပျာတွေအလွန်ပေါသည်။အနီးအနားမှာ၊ဓာတိ ုလ်၊ဖားလာ၊ ကွတ်ကရာ ဆောင်းမေကား၊ ဖန်ခါး၊ကျူဖု၊ နွယ်ကျို၊ ကန့်ပျံနီ စသော ဆေးပင်တွေ

ပေါသည်။ အလိုအလျောက် ပေါက်သော ကြံပင်ကြံတော ပေါသည်။အ ဘိုးမပြတ်နိုင်သော ကျောက်ပေတ်တွေပေါသည်။ ။

သိဟပ္ပပါတအိုင်သည်။ ဟိမဝန္တာတောင်ထိပ်ရှိ။ အနဝတတ်အိုင်၏၊ မြောက်ဘက်၊ တောင်ခုလတ်မှာတည်သည်။အိုင်၏ အနီး၊ မြေသားမျှား သော နေရာမှာ၊ ယင်းထိုက်ပင်တောတွေ။ တမာပင်တောတွေ။ သပြေ ပင်တောတွေ ပေါသည်။ အိုင်ကမ်းပါးရံမျှားသည်။ မတ်စောက်သည်။ တောသတ္တဝါများ ဆင်းနိုင်ခန့်. အလွန်ခဲရင်းသည်၊ ဝိဇ္ဇာများ၊နဲတ်များ၊ ကိန္နရီ၊ကိန္နရာများ၊ ဗျာနှခုရသော့၊ ရဟန်းများ ဆင်းနိုင်သည်။ အိုင် အ တွင်းရေပေါမှာ၊အလွန်ကြီးကျယ်သောဧရြထောက်ရှည် လည်ပင်းရှည်နှင့် ဌက်ဖြူကြီးတွေ များစွာ ပျော်ပါးကူးသန်း ရေကစားလေ့ရှိကြသည်။ ပြီး လျှင် အနီးရှိတောကြီးများထဲသို့ ပျံသွား၍။ သစ်ပင်ကြီးများ ပေါ်ဦနေကြ သည်းငင်း ဌက်ကြီးများနေသော ဌက်သိုက် များသည်၊ လူတို့နေသော အိမ်များလောက်ရှိသည်၊အချို့ သစ်ပင်ကြီးတွေ၊ သစ်ခွကြား အကိုင်းစုံ နေရာအခွက်ကြီးတွေ ထဲမှာ၊ဌက်များ ချိယုစားသောက် ပြီး၊ ပစ်ချသော၊ သစ်ဝေမျိုးစုံ၊ သစ်ရွက်မျိုးစုံ၊ သားရိုးမျိုးစုံ၊ သစ်ခေါက်၊ သစ်ပွေးမျိုးစုံ နှင့် ဖိုးသီးရေတို့ ရောလျက်ဖြစ်နေသော ရေများသည်။ ဝါရောင်၊ နီရောင်၊ ဖြစ်ပြီးလျှင်၊သူရာဇာရည်များကဲ့သို့ ဖြစ်နေသည်၊ဌက်များ သောက်လျှင်မူး တတ်သည်။ အချို့သောဌက်ကြီးများ၊ ၎င်းအရည်ကို သောက်၍။ မူးပြီး လျှင် အောက်သို့ကျလာသော အခါ၊ ခြင်္သေ့များ၊ကျားများ၊သစ်များစား ကြ။ဝါးကြသည်။ အချို့ကိန္နရီ၊ကိန္နရာများသောက်မူး၍ ကျသည်များကို၊ မူဆိုးများယူဆောင်လာပြီးလျှင်။မိမိတို့ နေအိမ်မှာ ခြံကာ၍ မွေးထားကြ သည်။အိုင်အနီးမှာ ဥသဖယားကျောက်မျိုးတွေပေါသည်။ကြိမ်နွယ်ပင် တွေပေါသည်၊သဲမြေ အလွန်နည်းပါးသည်၊ ကျောက်မြေပေါသည်။ ။

ဆဒ္ဒန္တာအိုင်သည်။ ကသို့ဂရတိုင်း၏ ဧမြောက်ဘက်။ ဟိမဝန္တာတော အနောက်မြောက်စွန် တောင်ခြေလည်း မကျလွန်း။ တောင်ခုလတ်လည်း မကျလွန်းသော နေရာမှာတည်သည်။ အလျား အနံယူဇနာ၊ငါးဆယ်စီ ကျယ်သည်။ရေလယ် တဆဲ့နှစ်ယူဇနာပတ်လည်မှာ ရေမှော်၊ ရေညှိ မရှိ စင်ကြယ်၏။ ရေသည် မြေးရောင် အဆင်းနှင့်တူ၏။ငင်းမြေရောင် အဆင်းနှင့် တူသော၊ တဆဲ့နှစ်ယူဇနာ ပြင်ဘက်က၊ ကြာသိမ် တောခြံရံသည်။ ကြာ သိမ်တောပြင်က၊ ကြာညိုတောရံသည်။ ၎င်းပြင်ဘက်က၊ ကြာနီတော

ရံသည်။ ၎င်းပြင်ဘက်က၊ ကြာပုဇ္ဈူရိက်တောရံသည်၊၎င်းပြင်ဘက်က၊ ကြာပဒုမာတောရံသည်။ ၎င်း ပြင်ဘက်က၊ ကြာဖြူတော၊ ကုမုဒ္ဒကြာကြာတောတို့ ခြံရံသည်၊ ထိုဆဒ္ဒန်အိုင်ရှိ ကြာပန်းပွင့်များကို၊ ရံဘန်ရံခါ၊ ကိန္နရီကိန္နရာတို့လာရောက်ဆောင်ယူပြီးလျှင်၊ ဝိဇ္ဇာဓိုရ်များကိုဆက်သရသည်၊ ထိုကြာတောတို့ပြင်က၊ ပွင့်ချပ် ခုနစ်ထပ်၊ ခုနစ်လွှာရှိသော၊ သတ္တုပြလကြာတောရှိသည်၊ ၎င်းသတ္တုပြလ ကြာပန်းများကို၊ ကောင်းကင် ပျံနိုင်သော၊ အလောင်းတော် ဆဒ္ဒန်ဆင်မင်းနှင့်ဆင်မိဖုယားကြီးများမှသာ အသုံးပြုရသည်။ ၎င်းပြင်ဘက်က သလေးနှီ၊ သလေးဖြူငပါးတောရံသည်။ အပြင်က ပန်းတောအမျိုးမျိုးရံသည်၊ ၎င်းအပြင်က ပဲလွန်းငယ်တော၊ ပဲလွန်းကြီးတော၊ ပဲနောက်တောရံသည်။ ၎င်းပြင်ဘက်က သစ္စါးငပြုတ်တော၊ သစ္စါးငကြောင်တော။ ဇူးဖရုံနွယ်တော၊ ကြံတော၊ ဌက်ပျော၊ ဝိန္ဒေတော သရက်တော၊ မန်ကျည်းတော၊ သီးတော၊ ဥသျစ်တော ဝါးတော စသည်ဖြင့် အစဉ်အတိုင်း ရံ၍ပေါက်ရောက်ကြ၏၊ တောတို့၏ အနောက်မြောက်မှာ ဇွန်ဂူ တခုအကြီးအကျယ်ရှိသည်။ ဇရပ်းလအခါ၊ ဆဒ္ဒန်ဆင်မင်းသည်။ ဆင်မိဖုယားများနှင့် တကွ၊ အခြွေအရံ ဖြစ်သော၊ ဆင်ပေါင်း ရှစ်ထောင်နှင့် နှစ်စဉ်အမြဲနေသည်။ ။

၎င်းပြင်၊ တောတို့၏ အရှေ့မြောက်မှာ ပါးပြင်းအမြစ်ပေါင်းတထောင်ရှိသော ညောင်ပင်ကြီး တပင်ရှိသည်၊ နွေလ ပူအိုက်သောအခါ၊ ဆဒ္ဒန်ဆင်မင်းသည် ဆင်မိဖုယားများနှင့်တကွ အခြွေအရံ အလုံးစုံတို့ပါ သွားရောက်နေထိုင် လေညှင်းခံလေ့ရှိကြသည်၊ ၎င်းပြင် ဆဒ္ဒန်အိုင် ကမ်း တလျှောက်မှာ ဗျာန်ရ ရသေ့ ရဟန်းများ၊ ဝိဇ္ဇာဓိုရ်များ၊ နတ်သား၊ နတ်သိုးများတို့၏ ရေချိုးဆိပ်များသည် အလွန်ဆန်းကြယ်သည်။ ရေမချိုးမီ သော်၎င်း၊ ရေချိုးပြီးမှသော်၎င်း စည်းဝေးတိုင်ပင်ကြသောနဝရတ်ကိုးပါးချယ်လယ်သော ဖလံကျောက်ဗျာတွေ၊ ကျောက်ညို ကျောက်ဗျာတွေ ရှိကြသည်၊ အဘိုးတန်သော သစ်ပင်မှ ပြင်ချပ်တွေ ဗျာန်ရ ရသေ့တို့က စိမံပြုလုပ်ပြီးလျှင်၊ ရတနာတွေ စီချယ်ထားသည်များလည်း ရှိ၏။ ဆဒ္ဒန်အိုင်မှာ အလုံးစုံသော တောတို့၏ ပြင်ဘက်က သာလဂြဟ္မကိုတောင်၊ ပုဗ္ဗါရာသိတောင်၊ သိလာဘိဇ္ဇတောင်၊ သိလာစန္ဒနတောင်၊ သုဝဏ္ဏာဂိရိတောင်ဟူ၍ တောင်ငါးလုံးရံသည်။ ၎င်းတောင်များ၏အပြင်ဘက်ကစူဠကာလတောင်၊ မဟာကာလတောင်၊ ဥဒကတောင်၊ စန္ဒပဿတောင်၊ သူရိယပဿတောင်၊

မကိုပသးတောင်၊ သုဝဏ္ဏပသးတောင်တို့သည် ဝန်းရံ၍တည်ရှိကြ၏။ ပန်းရံသမျှသောတောင်အလုံးတို့တွင် သုဝဏ္ဏပသတောင်၏အတွင်းဖြစ်သော နံပါးသည်ရွှေအဆင်းနှင့် တူသောအဆင်း ရှိ၏။ ၎င်းရွှေအဆင်းမှ ထွက်သော ရွှေးရောင်ဖြင့် ဆဒ္ဒန်အိုင်ရေသည် ရွှေရောင်ကဲ့သို့ ထွန်းလင်းတောက်ပ၏။ အိုင်၏ မနိုးမဝေးပတ်လည်၌ ကောင်းကင်ပျံနိုင်သော ဆဒ္ဒန်ဆင်မျိုးသည်၊ကျောက်စား ပျော်ပါးနေထိုင်လေ့ များသောကြောင့်၊ ဆဒ္ဒန်ဆင်မျိုးကို စွဲ၍၊ဆဒ္ဒန်အိုင်ဟု ခေါ်တွင် သမုတ်ကြလေသတည်း။ ။

မဏ္ဍာကိနိအိုင်သည်၊ရထကာရအိုင်၏ မြောက်ဘက်အရပ်ဟိမဝန္တာ မြောက်ကမ်းပါးရံ အတွင်းဘက်က တည်သည်။ နှင်းခဲ ရေခဲအလွန်ပေါသည်။ အနဝတတ်အိုင်ရေနှင့် အရသာတူသည်၊ အနဝတတ်၏ အရှေ့ဘက်က စီးသောအချိုမြစ်ရေများသည် မဏ္ဍာကိနိအိုင်သို့ ဝင်သည်၊ အိုင်၏ ကမ်းပါးရံ ပတ်လည်တလျှောက်မှာ ရတံခွန်တွေ ပေါသည်။ ကြာဖြူ၊ ကြာညို၊ ကြာနီ၊ ကြာတံဆိပ်၊ကြာခေါင်းလောင်း၊ ကြာပဒ္မာရိက်မျိုးတွေ ပေါသည်။ မြေသေး၊ မြေကြီး၊ မြေဆွတ်၊ ဟင်းရံ့ပင်၊ ကတောက်ပင်၊ ကတက်ပင်၊ ကစွန်းပင်တွေပေါသည်။ ကမ်းနှင့် မနိုးမဝေးမှာ၊ ကြံပင်တောဌက်ပျော်တော ပေါသည်။ အိုင်၏ မြောက်ဘက် ကမ်းတလျှောက်မှာ နတ်ဘီလူးတွေ၊ ကုမ္ဘဏ်တွေ မြို့ရွာကဲ့သို့ စီစီကားကား ပြွတ်လုပ်ပြီး နေ့ရော ညဉ့်ပါအမြဲ နေကြသည်။ ရှေးက ဗျာနုရ ရဟန္တာ အရှင်မြတ်တို့ ထိုအိုင်သို့ကြွလာသောအခါ အလုပ်အကျွေးပြုကြသည်၊ ရေချိုးဆိပ်များ ပြုပြင်၍ ပေးကြသည်။ အိုင်အနီးရှိ တောတို့၏ အပြင်က မာလာဂိရိတောင်၊ မဏ္ဍာဂိရိတောင်၊ ဂိဇ္ဈတောင်၊ နိသဘောဂတောင်၊ ကုဝေရတောင်များ ရံလျက်တည်ရှိသည်၊ အိုင်၏ အရှေ့ဘက်က အလွန်မြင့်သော သပြေပင်ကြီးတွေ သဖန်းပင်ကြီးတွေပေါသည်။ ငှက်အမျိုးမျိုးတွေနေထိုင် ပျံဝဲ ပျော်ပါးလျက်ရှိနေကြသည်။ အိုင်၏ တောင်ဘက် မာလာဂိရိတောင်ခြေမှာ စန္ဒကူးနံသာ တွေပေါသည်။ အရှင်သာရိပုတ္တရာ ရဟန္တာမထေရ်မြတ်သည်မကြာမကြာကြွရောက်လေ့ရှိသည်မြတ်စွာဘုရားရှင်သည်ခြောက်ဝါအလွန်ခုနစ်ဝါမြောက်၊တာဝတိံသာနတ်ပြည်မှာ မယ်တော်မိနတ်သားကိုအမှီးထား၍ ဝါတွင်း သုံးလတိုင်တိုင် အဘိဓမ္မာတရားကို ဟောပြော ဆုံးမတော်မူစဉ်၊ ညဉ့်အခါသာနတ်ပြည်မှာ တရားဟောသည်၊နေ့အခါ၌ နိမ္မိတရုပ်ပွားတော်က တရားဟောသည်။ ။

ယခုပြောပြခဲ့သော စန္ဒကူးနှံ့သာတောမှာ ဝါတွင်းသုံးလတိုင်တိုင် အာရဏ်ခံတော်မူသည်၊မြောက်ကျွန်းမှာနေ့စဉ် ဆွမ်းခံတော်မူသည်။စန္ဒကူးနှံ့သာတော သို့ပြန်ကြွ၍ အမြဲဆွမ်းဘဉ်းပေးသုံးဆောင်တော်မူသည်၊ အရှင်သာရိပုတ္တရာ အရှင်မြတ်က အမြဲဝတ်ပြုတော်မူသည်။ ထိုအခါ အလွန်ယဉ်ကျေးသော မျောက်များ၊ အလွန်ယဉ်ကျေးသော ဆင်များ၊ အလွန်ယဉ်ကျေးသော ဘီလူးများတို့လည်း လာရောက်၍ မြတ်စွာဘုရားရှင်အား ဝတ်ကြီး ဝတ်ငယ်များ ပြုကြသည်၊ စန္ဒကူးနှံ့သာတောမှာ အရှင်သာရိပုတ္တရာရှိစဉ်က၊ ဘီးလူးတွေ ကုမ္ဘာန်တွေ လာရောက်၍ ရှင်းလင်းသုတ်သင်ထားသော တောလမ်း၊ တောင်လမ်း၊ အိုင်သို့ ရေချိုး ဆင်းသောလမ်းတွေသည် နှတ်လမ်းများကဲ့သို့ သာယာသည်။ အရှင်သာရိပုတ္တရာမထေရ်နှင့်တကွ၊ တပည့် ရဟန်းပေါင်း ငါးရာတို့ ဝါကပ် သီတင်းသုံးတော်မူရန်၊ ဘီလူးတွေ၊ ကုမ္ဘဏ္ဍတွေက ဆောက်လုပ် လှူဒါန်း ဘူးသော ယာယီ တဲကျောင်းတွေ များစွာ ရှိခဲ့ဘူးသည်။ မြတ်စွာဘုရားရှင်၊ အာရဏ်ခံတော်မူသော ကျောင်းတော်ကို ဝိသက်ကြံ့ နှတ်သားက အလွန် တင့်တယ်အောင် အလွန် သာယာအောင်၊ အလွန် သန့်ရှင်းအောင် ကျောင်းအရံ အတားနှင့် ဘန်ဆင်းသည်။ အရံတွင်းမှာ ဘော်ငွေဖြူနှင့်တူသော သဲမြေခင်းသည်။ အတောင်ခြောက်ဆယ် ရှည်သော စင်္ကြံကို ဘန်ဆင်းသည်၊ တိုက်ခန်း၊ ပြူတင်း၊ လေသာစမုတ်၊ တခြင်ကျယ် ကုဋိတို့နှင့် ပြည့်စုံသည်။ သမာပတ် ဝင်စားရာ အဆောင်၊ ဈာန်ဝင်စားရာ အဆောင် စင်္ကြံလျှောက်ရာ အဆောင်၊နေ့သန့်ရာအဆောင်၊ ညသည်တို့နှင့်လည်း ပြည့်စုံသည်။ ဆွမ်းဘဉ်းပေး သုံးဆောင်တော်မူရာ အဆောင်၊ အရှင်သာရိပုတ္တရာနှင့် တပည့်ရဟန်း ငါးရာတို့အား တရားဟောရာအဆောင် စသည်တို့နှင့် သာယာ သိုက်မြိုက် တင့်တယ် ဆန်းကြယ်သော ယာယီ စင်္ကြံကျောင်း၌ မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူတော်မူသည်၊ ကျောင်းတော်နေရာမှ မဏ္ဍောကိနိအိုင် ကမ်းချောက်အောင် လမ်းတလျှောက်မှာ ကျောက်သလွဲ အလွန်းပါသည်၊ဝခန်း၊စခန်းအစဉ်မှာ သပြေပင်ကြီးတွေ ကန့်ကော်ပင်ကြီးတွေ၊ သဖန်းပင်ကြီးတွေ အရိပ်အာဝါသ လုံလောက်စွာနှင့် အလွန်ဖေါပါသည်။ လမ်းတလျှောက်မှာ ရေခဲ နှင်းခဲချောင်းတွေ မကြာမကြာတွေ့ရသည်၊ ။

ကုနာလအိုင်သည် ဟိမဝန္တာတောင်၏ အနှစ်ခြုန်းမြောက်မှာ တည်

သည်။ အာဠာဝိတိုင်း၏ မြောက်ဘက်လည်း ဆိုနိုင်၏၊ ထိုအိုင်ကို အာဠဝကဘီလူးသည် တပည့် ဘီလူးငါးရာနှင့် နှစ်စဉ်တနှစ်တကြိမ် ရောက်မြဲ ဖြစ်သည်။ ဘီလူးများ ရေသဘင်ကျင်းပသောဆိပ်၊ကုန္တာဏ်များ ရေသဘင်ကျင်းပသောဆိပ်၊နတ်များ ရေသဘင်ကျင်းပသောဆိပ်။ ဗျာနှရ ရသေ့များ ရေသဘင်ကျင်းပသော ဆိပ်ကမ်းများ ဇကျောက်ညိုလွှာကားတွေနှင့် အလွန်သာယာသည်။အုန်းပင်၊ထန်းပင် ပေပင်တွေအလွန်ပေါသည်။ အဖြင်က ကျောက်ညိုတောင်တွေ ရံလျက်ရှိသည်။တနှစ်မှာ ရှစ်လလောက် ရေခဲသည်။ ကျောက်တောင်တွေပေါ်က စိမ့်စမ်းရေအစဉ်မပြတ် ကျစီးလျက်ရှိနေသည်။ အိုင်၏၊တောင်ဘက် မနီးမဝေးမှာရေအိုင်ငယ်တွေရှိသည်၊ ၎င်းအိုင်ငယ်တွေမှာ ငါး၊ငါးသလောက်၊ ငါးရံ့ငါးဒန်၊ ငါးမြင်း၊ ငါးထွေ၊ငါးခူ၊ ငါးကြီး၊ အသီးဝသီးသော ငါးတွေ ဖလံရောင် မှန်ရောင်လိုနေတာတွေ ရေထဲမှာ ကြည့်လိုက်လျှင် အနီး ကပ်နေသလို မြင်ရသည်။ရွှေရောင် ငွေရောင်နဲ့ ဝန်းဘဲ့ငါးတောင် ငါးဓင်း၊ငါးကြင်း၊ငါးမြင်း၊ငါးသန်တွေကလဲ ထိုအတူဘဲ့ အလွန်ပေါ၏။ နိရောဓ၊ ညိုရောင်ပြေးတဲ့ ပုဇွန်-လိပ်- ငါးတွေဆိုတာကလဲ ဘေးမဲ့လွတ်ထားသလိုဘဲ၊ အိုင်တွင်းရှိသတ္တဝါတွေ အန္တရာယ်ကင်းသည် ရှန်သူမရှိ။ဝိဇ္ဇာဓိရ်တွေစောင့်ရှောက်သည်။

ထိုအပြင် လူမြို့နီတောက ပြောက်တည့်တည့် ကြည့်ရှုလိုက်လျှင်၊ ဟိမဝန္တာတောင်ဘက် တောင်တန်းကြီးကို ညို့ညို့မှိုင်းမှိုင်းနှင့် မြင်ရသည်။ ကဝိလဝတ်ကကြည့်လျှင် လဲမြင်ရသည်။ ဝေသာလ်မြို့ကကြည့်လျှင်လဲမြင်ရသည်၊ယခုအခါ ဟိမဝန္တာတောင်ပိုင်း တောင်ကမ်းပါးရံတွေမှာ ကုလားလူမျိုးတွေ သွားရောက်နေထိုင်ပြီးလျှင်။ သစ်တော ဝါး၊ တောကြီးတွေကို ခုတ်ထွင်ရှင်းလင်း၍၊ မိုးရှို့ဖျက်ဆီးပြီးလျှင်၊သဝေါ်ပျောက်ဥတွေ၊ပိန်းဥ၊ ဗျန်ဥတွေစိုက်ပျိုး စားသောက်လျက်ရှိနေကြသည်။ ကောသလတိုင်း။သာဝတ္ထိမြောက်ပိုင်းမှာ ခရိုး လေးယူဇနာလောက် သွားလျှင်၊ အလွန်မြင့်သောတောင်တလုံးရှိသည်၊ ၎င်းတောင်ပေါ်သို့ တနေ့လုံးလောက်တက်မှရောက်သောနေရာမှာ ဟိန္နူလူမျိုး ကိုးကွယ်သော အစေလက ရှိပ်။ရာမ၊ လက္ခဏ၊ သိဒ္ဓါဒေဝီ။ ဟနုမာန်ရုပ် စသည်တို့ကို ဂူနှင့်ထားသည်၊ တောင်ခုလတ်မှာ အပန်းပြေ နားနေရန် နေရာများရှိသည်။ ဟိန္နူလူမျိုးတို့ နှစ်စဉ် အစားအသောက် လုံလောက်စွာနှင့် တက်ကြသည်၊ ဟိမဝန္တာတော ပြောက်ဘက် တောင်ကမ်းပါးရံ၏ပြောက်အပြင်က တိဗက် တရုပ်ပြည်နှင့် ဆက်

သွယ် နီးကပ်လျက်ရှိနေသည်။ တိဗက် တရုပ်ဘုန်းကြီးတွေ ထိုဟိမဝန္တာ မြောက်ဘက် ကမ်းပါးရံမှာ အချို့ဂူတွေနှင့် အချို့ကျောင်းကလေးတွေနှင့် တရားအားထုတ်လျက် နေကြသည်၊ သုံးလလောက် တက်မှ ရောက်နိုင်သော တောင်ကမ်းပါးရံမှာ တိဗက်လူမျိုးတွေ မြို့ရွာတည်ထောင်၍ နေကြသည်ဟူ၍လည်း တောင်ကြမ်းလမ်းကို ဖြတ်သန်းသွားလာကြသော ကုန်သည်တို့၏ ပြောသံ-ဆိုသံများ ကြားခဲ့ရဘူးသည်။ အချို့ တိဗက် ဘုန်းကြီးတွေ၊ အချို့ဟိန္ဒူ၊ ဘုန်းကြီးတွေ ဟိမဝန္တာတောင် ခုလတ် သစ်သီးဝလံတွေ ပေါသောနေရာ၊ စိမ့်စမ်းရေ ပေါသော နေရာများမှာ သက်သတ်လွတ်စား၍ မေတ္တာဘာဝနာ ကသိုဏ်းဘာဝနာများနှင့် ပွားများ အားထုတ်လျက်၊ နေကြသည်မှာ အသက်-တရာ-တရာ့ငါးဆယ်-နှစ်ရာ-နှစ်ရာကျော်ရှိကြသည်များ တခါတရံ တောင်ခြေမြို့ရွာများသို့ ဆင်းသက် လာကြသည်များကို တွေ့မြင်ခဲ့ရဘူးသည်၊ ဟိမဝန္တာတောဆိုလျှင်၊ အချို့လူများက လူကို အန္တရာယ် ပြုတတ်သော ကြောက်စရာ။ လန့်စရာ။ ထိတ်စရာ အလွန်ကောင်းသော ကိရဏ္ဍာန်သတ္တဝါတွေ အလွန်ပေါသည်ဟု ပြောဆိုလေ့ရှိကြသည်၊ ။

ဤကဲ့သို့ မဟုတ်၊ ဟိမဝန္တာ တောမှာ သူတော်ကောင်းများ သွားရောက် နေထိုင်လျှင် ရန်မရှိ။ အန္တရာယ်ကင်း၏။ အပြင်ပတ်လည် ကမ်းပါးရံတွေမှာ အန္တရာယ် မရှိ။ အတွင်း ဘက်ကသာ အန္တရာယ် များသည်။ သို့သော်လဲ၊ သိလ သိက္ခာကောင်းသော ပုဂ္ဂိုလ်တို့မှာ၊ အကွင်းပြင် နှစ်ရှည်လုံးပင်၊ အန္တရာယ်ကင်းသည်ပြင်၊ တိရစ္ဆာန် သတ္တဝါတို့၏ အလုပ်အကျွေးများပင် ရနိုင်သည်။ အဘယ်ကြောင့်ဆိုသော်၊ ဟိမဝန္တာတောင် အပြင်ကမ်းပါးရံ ခုလတ်မှာ၊ မေတ္တာ ဘာဝနာ၊ ကသိုဏ်းဘာဝနာနှင့် စပ်မြဲနေကြသော ပုဂ္ဂိုလ်တွေ ရံဘန်ရံခါ လူတို့နေထိုင်ကြသောမြို့ရွာများသို့ လာကြသောအခါ၊ ယဉ်ကျေးသော ဆင်များ၊ ခြင်္သေ့များ၊ ကျားများ၊ ဝက်ဝံကြီးများပါလာသည်ကိုတွေ့မြင်ခဲ့ရဘူးသည်။ ဟိမဝန္တာတောနယ်၏ အကြောင်းကို စုံလင်စွာ ရေးရလျှင် အလွန် ရှည်လျားနေမည်ဖြစ်၍၊ အကျဉ်းအားဖြင့် ဤမျှလောက်သာ ရေးသား ဖော်ပြလိုက်ရပေသည်။ ။

ဟိမဝန္တာတောနယ်အကြောင်းပြီး၏။

မဏ္ဍိမဒေသ ရာဇဝင်ပြီး၏။

အထက်ကပြဆိုခဲ့သမျှသော အကြောင်းအရာအလုံးစုံတို့ကိုအကျဉ်းချုံး၍။မြတ်စွာဘုရားရှင် အလောင်းတော်သိဒ္ဓတ္ထမင်းသား ဘွားတော်မူရာဌာနကစ၍။ ဘုရားဖြစ်ပြီးနောက် ကြွတော်မူရာ အရပ်မျှား။ ဝါကပ်ဆိုတော်မူရာ အရပ်မျှား။ ဟောတော်မူသော၊တရားတော်မျှား။ အကြောင်းပြု၍ဟောတော်မူအပ်သောပုဂ္ဂိုလ်များ ။မည်သည့်ပုဂ္ဂိုလ်၊မည်သည့်တရားတော်နှင့် အကျွတ်တရားရကြောင်းမျှားနှင့် တကွပရိနိဗ္ဗာန် ပြုသည်နေရာဌာနတို့ဝင်အောင်။ ပဌမ တဝါကစ၍။ အဆုံးစွန်လေးဆဲ့ငါးဝါအရောက် စကား အစဉ် မကျေဘ်မလွှားဘဲ၊ အစဉ်အတိုင်းရေးသားဖော်ပြခြင်းအံ့၊ ။

၁။ နှတ်အပေါင်းတို့သည်၊ တောင်းပန် အပ်သောကြောင့် ဘုရားလောင်းနှတ်သားသည်။ ဘုရားဖြစ်အံ့သောအခါကာလ ဘုရားဖြစ်ရာကျွန်း ဘုရားဖြစ်ရာအရပ်၊ ဘုရားဖြစ်ရာအမျိုး၊ ဘုရားလောင်းမယ်တော်၏၊ အသက်အပိုင်းအခြား၊ ဤငါးပါးသော အကြောင်းအရာတို့ကို ရှေးရှေးသော ဖြတ်စွာဘုရားရှင်တို့ ကြည့်မြဲမမှတာရှိသည်နှင့်အညီ တာဝတိံသာ နှတ်ပြည်မှ ကြည့်ရှုတော်မူ၏။ထိုငါးပါးတို့တွင် အခါကာလကိုကြည့်ရာ၌ အနှစ်တသိန်းတမ်းမှ အထက်၌လည်းကောင်း၊ အနှစ်တရာတမ်းမှ အောက်၌လည်းကောင်း ဖြတ်စွာဘုရားရှင်တို့သည်။ မပွင့်ကုန် မဖြစ်ကုန်။ ထိုနှစ်ပါးသော အခါကာလတို့၏။ အတွင်း၌သာ ပွင့်ကုန်ဖြစ်ကုန်၏၊ ဤကားဓမ္မတာသဘောတည်း။အနှစ်တသိန်းမှအထက်၌ အဘယ်ကြောင့်မပွင့်ကုန်သနည်းဟူမူကား။အလွန်အသက်ရှည်သောအခါ၌ လူတို့အား ဒုံခြင်း သေခြင်းသဘောတို့သည်မထင်ကုန်။ထိုကြောင့် အနိစ္စဒုက္ခ အနတ္တဟူ၍လက္ခဏာဒေသနာသုံးပါးကိုဟောသော်လည်းထိုးတွင်း၍သိခြင်းငှါမဖြစ်ကုန်၊ ဤသို့ဖြစ်သော်ဖြတ်စွာဘုရားဆုံးမသော တရားတော်သည်။ သံသရာဝဋ်မှထွက်မြောက်ကြောင်း မဟုတ်သည် မည်၏။ အရာ မရောက်။ထိုကြောင့် အနှစ် တသိန်းတမ်းမှအထက်၌ ဘုရားမဖြစ်၊ အနှစ်တရာတမ်းမှအောက်၌လည်းအသက်တို့လွန်းသောကြောင့် လူတို့အား လောဘ ဒေါသ မောဟ ဟူပြောသောကြောင့် ဖြတ်စွာဘုရားဆုံးမသော တရားတော်သည်။ ဆုံးမတိုင်းမတည်။အရာမရောက် ဖြစ်တတ်သည်။ထိုကြောင့်အနှစ်တရာတမ်းမှအောက်၌ ဘုရားမဖြစ်။ဤယခုအခါ၌ကား။ အနှစ်တသိန်းတမ်း၏ အထက်လည်း မဟုတ်။ အနှစ်တရာတမ်း၏အောက်လည်းမဟုတ်။ အနှစ်တရာတမ်းသာ ရှိ

သေးသည်ဖြစ်၍၊ ဘုရားဖြစ်ထိုက်သော အခါကဲ့သို့လပင်တည်း ဟူ၍ အခါကာလကို မြင်တော်မူ၏။ ဘုရားပွင့်ရာ ကျွန်းကို ကြည့်ရာ၌လည်း၊ အရံကျွန်းငယ်နှင့်တကွ ဖြစ်ကုန်သော ကျွန်းကြီးလေးကျွန်းတို့တွင် ဤဇမ္ဗူဒိပါမှ တပါးသော ကျွန်းတို့၌ ဘုရားမဖြစ်။ ဤဇမ္ဗူဒိပါ တောင်ကျွန်း၌သာ ရှေးရှေးသော မြတ်စွာဘုရားရှင်တို့ပွင့်မြဲ ဓမ္မတာဖြစ်ကြောင်း မြင်တော်မူ၏။

ဘုရားပွင့်ရာအရပ်ကို ကြည့်ရာ၌ ဤဇမ္ဗူဒိပါကျွန်းသည် အလျားအားဖြင့်၎င်း၊ အနံအားဖြင့်၎င်း၊ ယူဇနာတသောင်းကျယ်၏။ ဤယူဇနာ တသောင်းအတွင်း၊ အဘယ်အရပ်၌သာ မြတ်စွာဘုရားရှင်တို့ ပွင့်တော်မူလေ့ရှိကြသနည်းဟု ကြည့်ရှုသောအခါ၊ အရှေ့ဖျက်နှာ အပိုင်းအခြားကား ဟိမဝန္တာ အရှေ့ပိုင်း၊ တရုပ်ပြည် အစပ်နားက ဇင်္ကလာအမည်ရှိသော ရွာကြီးရှိ၏။ အရှေ့တောင်တောင့် အရပ်၌ ရှေးက သင်္လာဝတိခေါသော ချင်းတွင်းမြစ် ရှိ၏။ အနောက်ဘက်အရပ်၌ ရာဇပုတ္တနယ် ပါဝင်သော ထုနအမည်ရှိသော ပုဏ္ဏားရွာကြီးရှိ၏။ တောင်ဘက်အရပ်၌ ကင်္ဂရတ်တိုင်းပါဝင်သော သေတကဏ္ဏရွာကြီးရှိ၏၊ မြောက်ဘက်အရပ်၌ ဟိမဝန္တာတောနယ်အတွင်းရှိ ဥသိဒ္ဓဇတောင် ရှိ၏။ ဤသို့အားဖြင့် နယ်နိမိတ် ငါးရပ်နှင့်တကွ အပိုင်းအခြားရှိသော ယူဇနာ ကိုးရာအဝန်းကျယ်သော၊ မဇ္ဈိမခေါ်သောဒေသအရပ်၌သာ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝကာ၊ မဟာသာဝက။ စကြဝတေးမင်း၊ ခမည်းတော်၊ မယ်တော်တို့သည် ဖြစ်ကုန်၏။ ယခုလည်း ဤမဇ္ဈိမဒေသအရပ်၌ ဟိမဝန္တာတောနယ်တွင် ပါဝင်သော သက္ကတိုင်း၊ ကပိလဝတ်မြို့ နေပြည်တော်၌ ဘုရားဖြစ်ရာ၏ ဟူ၍ မြင်တော်မူ၏။ ဘုရားဖြစ်ရာသော အမျိုးကို ကြည့်ရာ၌ မြတ်စွာဘုရားတို့မည်သည် ကုန်သည်တို့၏ အမျိုး၌ဖြင်း၊ သူဆင်းရဲအမျိုး၌ဖြင်း မဖြစ်ကုန်၊ လောကဓံမြတ်၏ဟူ၍ သမုတ်အပ်သော မင်းမျိုး၊ ပုဏ္ဏားမျိုး၌သာ ဖြစ်ကုန်၏။ ယခုအခါ၌ သာကိဝင် မင်းမျိုးတို့သည် မြတ်၏ဟူ၍ လောကဓံ သမုတ်၏။ ကျွန်းလုံးကျော်စောထင်ရှား၏။ သာကိဝင်မင်းမျိုး၌ ငါသည်ဖြစ်လတ္တံ့။ ကပိလဝတ်မြို့ နေပြည်တော်ကို အစိုးရသော သိရိသုဒ္ဓေါဒနမင်းကြီးသည် ငါ၏ခမည်းတော် ဖြစ်လတ္တံ့ဟု မြင်၏၊ မယ်တော်၏ အသက်အပိုင်းအခြားကို ကြည့်ရာ၌ ဘုရား၏ မယ်တော်မည်သည်ကား၊ လျှပ်ပေါ် လော်ဇင်ခြင်း၊ သေသောက်ကြူးခြင်းမရှိ၊ ကမ္ဘာတာသိန်း ကာလပတ်လုံး၊ ဖြည့်အပ်ပြီးသော ပါရမီရှိ၏၊ ဘွားမြင်သော နေ့အခါကာလမှစ၍၊ မကျိုးမပေါက်၊ မပြောက်

မကျားသော ငါးပါးသိလက္ခံ စောင့်ရှောက် စင်ကြယ်၏။ ယခုအခါ၌ သိရိသုဒ္ဓါဒန မင်းကြီး၏ အဂ္ဂမဟေသီ မိဖုယားကြီး ဖြစ်သော သိရိမဟာ မာယာဒေဝီသည် ငါ၏မယ်တော်ဖြစ်လတ္တံ့။ မယ်တော်၏ အသက်ကြွင်း အာယုပိုင်းအခြားသည် အဘယ်မျှလောက် ရှိလေသေးသနည်းဟု ဆင်ခြင်ကြည့်ရှုလတ်သော်၊ ပဒုမသမ္ဗုဒ္ဓသည် နေ့ကစ၍၊ ဆယ်လနှင့် ခုနစ်ရက်သာ ရှိတော့သည်ကို မြင်၏။ ဤကား ငါလောင်းတော် နတ်သားနှင့် အလွန်သင့်လျော်သော ကြည့်ရှု၍မြင်သော အက်ငါးပါးပေတည်း။ ။

———o———

သိရိမဟာမာယာဒေဝီ၏ဝမ်းဝယ်၊ အလောင်းတော်
နတ်သား ပဒုမသမ္ဗုဒ္ဓခြင်း၊

၂။ အလောင်းတော် သေတဂေတ္တ နတ်သားသည်။ သူတော်ကောင်းဖြစ်ကုန်သော တုသိတာ နတ်ဘို့ဖြင့် ခြံရံလျက်၊ နန္ဒဝန်ဥယျာဉ်သို့ သွားကြ၏၊ ဥယျာဉ်သို့ ရောက်သော်အခါ။ ဘုရားလောင်း နတ်သားသည် ဂန္ဓကုဋီဘဝ အဆက်ဆက်က ပါလာသော ပါရမီ ကုသိုလ်ကောင်းမှုကံသည် ဒါကံတွန်းအပ်သည် ဖြစ်၍၊ နန္ဒဝန်ဥယျာဉ်၌ပင် စုတေ၍၊ မယ်တော်မာယာ ပမဒ်း၌ သတိနှင့်တကွ၊ အဆင်အခြင် ရှိသည်ဖြစ်၍၊ ပဒုမသန္တေ စွဲယူလေ၏၊ ထိုအခါ တချိန်တည်း၌ပင် ယသောဓရာ အလောင်း နတ်သို့မ်းသည်လည်း တုသိတာနတ်ပြည်မှ စုတေ့ခဲ့၍၊ ဒေဝဒဟမြို့၌ သုပ္ပဗုဒ္ဓမင်းကြီး၏ မိဖုယား အမိတ္တာ၏ဝမ်း၌ ပဒုမသန္တေ စွဲယူသည်။ ။

ဘုရားလောင်းကို ပဒုမသန္တေယူသောအခါ၊ မယ်တော်မာယာ ဒေဝီအား ဘေးဥပါဒ်တို့ မဖြစ်စိမ့်သောငှာ၊ စတုမဟာရာဇ်နတ်မင်းကြီး လေးယောက်တို့သည် ဝဇိရစိန်သန်လျက်ကို ကိုင်ပြီးလျှင်၊ ကြက်သရေတိုက်၏ အရပ်လေးမျက်နှာတို့၌ နေ့ညဉ့်ပတ်လုံး စောင့်ကုန်၏၊ ဤနည်းအားဖြင့် စကြဝဠာတသောင်း၌ ရှိကြကုန်သော စတုမဟာရာဇ် နတ်မင်းလေးသောင်းတို့သည် စောင့်ကုန်၏၊ ၎င်းပြင် အာကာသဋ္ဌမဟာဗြဟ္မာ၊ ဝိဟလမဟာဗြဟ္မာ၊ ပဒုမတနုမဟာဗြဟ္မာ၊ ပဒုမ မဟာဗြဟ္မာ၊ ဤဗြဟ္မာကြီး လေးယောက်တို့သည်

လည်း ကြက်သရေ တိုက်၏ အထက်ကောင်းကင်၌ ထိုင်၍ နေ့ညဉ့်ပတ်လုံး စောင့်ကုန်၏။ မြေကြီးအောက်၌နေကုန်သော ကာဠနဂါး၊ ဓတရဋ္ဌနဂါး ဝိရူဠ္ဟနဂါး၊ မဏိအာကွီကနဂါး၊ ဤလေးယောက်တို့သည်လည်း ကြက်သရေတိုက်၏ အောက်မြေထဲက စောင့်ကုန်၏။ အခြားသော ဘုမ္မဇိုဝ်းနတ်၊ ရုက္ခဇိုဝ်းနတ်၊ အာကာသဇိုဝ်းနတ်တို့သည် ဝဇိရစိန်သန်လျက်ကိုင်လျက်။ ကုဋေတသိန်းသောနတ်တို့ဖြင့် ခြံရံလျက် ပြာသာဒ်၏ထက်ဝန်းကျင်မှ ခြံရံလျက် စောင့်ကုန်၏။ မယ်တော်မာယာ ဒေဝီသည် အံ့လောင်းတော် မင်းသားကို ပဋိသန္ဓေယူ၍ ဆယ်လစေ့သောအခါ။ မင်းကြီးသည် မိဖုယားကြီး၏ သားဘွားအံ့သော အကြောင်းကိုသိ၍ သားဘွားရာဖြစ်သောစန္ဒနသာရ ပြာသာဒ်ကို စိုခင်စေ၏။ မိဖုယားသည် မင်းကြီးစိုခင်ရာ၌ သားဘွားခြင်းကို အလိုမရှိသည်ဖြစ်၍၊ မြတ်သောမင်းကြီး-အကျွန်ုပ်သည် ကပိလဝတ် နေပြည်တော်၌ သားဘွားအံ့သောဌာ အလိုမရှိ။ ဆွေတော် မျိုးတော်တို့ရှိရာ၌သာ သား ဘွားခြင်းဌာ အလိုရှိပါသည်ဟု လျှောက်၏။ သုဒ္ဓါဒနမင်းကြီးလည်း ကောင်းပြီဟု ဆို၍၊ သုံးသိန်းသော လူအပေါင်းတို့ကိုခေါ်၍၊ ကပိလဝတ်နေပြည်တော်မှ ဒေဝဒဟနေပြည်တော်တိုင်အောင်၊ ယူဇနာ သုံးဆယ်ရှိသော ခရီးကို ညီညွတ်သန့်ရှင်းအောင် ပြင်ဆင်စေ၍၊ ညီသက္ကောဒနကိုဌင်း၊ အမိတ္တောဒနကိုဌင်း၊ သုဒ္ဓိယအမတ်။ သုဂန္ဓအမတ်တို့ကိုဌင်း ခေါ်စေ၍၊ အမောင်လေးယောက်တို့သည် များစွာသော ဇိုလ်ပါတို့နှင့်တကွ၊ ခရီးကို တန်းဆာဆင်ချေပုစေ၏။ လမ်းနှစ်ဘက်တို့၌ နတ်လမ်းကဲ့သို့ ကြည့်ရှု၍မည်မျှနိုင်အောင် ဆင်ယဉ် ခင်းကျင်း၏။ သဲဖြူခင်း၍၊ စန္ဒကူး နံ့သာမှုန့်တို့ဖြင့် ကြဲ၏။ သုဒ္ဓါဒနမင်းကြီးလည်း ရတနာသံလျင်း ရွှေယာဉ် ရွှေဝါတို့နှင့်တကွ။ ပုလဲ၊ သန်ဘာ၊ နီလာ၊ ဂေါမုတ်၊ ဥသဖုယား၊ စိန်ကြောင်၊ မြ၊ ပတ္တမြား၊ နဝရတ်ကိုးပါးတို့စီ၍ယဉ်သော ရွှေသား-ငွေသား၊ ပတ္တမြားတဂျည်၊ ဝဇိရာပိန်၊ ဇာန္ဒနီလာ အစိုင်အခဲတို့ဖြင့် တန်ဆာဆင်အပ်သော ခေါ်မြ၊ ယောမဃသောတိုင်းတို့မှဖြစ်သော၊ ပိုးဖဲကမ္ဗလာတို့ဖြင့် ခင်းကျင်းအပ်သော၊ နတ်ရထားနှင့်အလားတူ။ မြင်သူအပေါင်း ရွှမညောင်း လောက်အောင်၊ တင့်တယ်သော ရှစ်စီးသော မင်္ကလာသိန္ဓောမြင်း ကသောရထားကို ဆောင်စေ၍၊ ထီးဖြူမိုး၍၊ ရွှေ၊ငွေ၊ ပုလဲ၊ ပတ္တမြား၊ ကြောင်မျက်ရွဲ၊ စိန်သန်ဘာရတနာဒုန့်ပါးတို့ဖြင့် စီယဉ်အပ်သော၊ တင်းထိမ်ဖြင့်ကာရံပြီးလျှင်၊ မင်းကြီးသည်။ မိဖုယားကြီး၏ လက်ကိုဆွဲကိုင်လျက်၊ စန္ဒနသာရပြာသာဒ်

မှဆင်းသက်၍၊ မြတ်သောပလ္လင်ထက်၌ ခေတ္တနေစေ၏။ ထိုအခါတသိန်း သောသို့းကညာရုတနာတို့သည်။ဗြတ်သောသံလျင်း စသည်တို့ဖြင့်၎င်း၊ မြတ်သော ရထားတို့ဖြင့်၎င်း၊ တက်စီး၍ ခြံရံကြကုန်၏၊ ထို့နောက် လေးသိန်းသောအမတ်တို့ဖြင့်လည်း ခြံရံကုန်၏၊ ထို့နောက် ခြောက်သိန်းသော သာကိဝင်မင်းတို့ဖြင့်လည်း ခြံရံကုန်၏။ ထို့နောက် မင်းတို့၏ အခမ်းအနားဖြစ်သော၊အောင်စီး၊အောင်မောင်း၊ ခြိမ့်ခြိမ့်ညောင်းမျှ၊ ထောင်သောင်း၊သိန်း၊ သန်း ရံလျက်၊ သေနင်္ဂအခင်းစစ်မက်ကျဉ်း၍၊ဆင်၊မြင်း၊ အမြောက်၊ ၌ခြောက်၊နောက်လေး၊ရထားပြေး၊ယဉ်ပေါင်တန်း၊လချမ်းခရုပတ်၊ပဲ့တင်ခပ်မှု နတ်ဗဟိုရ်စည်၊မရိုစည်းနှင့်၊ဗေရိအဂ္ဂမ၊အဒိန္နဝယ်၊စည်သံ၊နှဲသံ၊အဲအံ့၊ဇင်းမောင်းကြေးနင်း၊လက်ခတ်၊ဆိုင်း၊နှဲခရာ၊ဒုံမင်း၊ပတ်သာ၊ပဉ္စင်၊တူရိယာစောင်းညှင်း၊ ရတု၊ပျော်မှု၊ ပျော်ခင်း၊ ဗဟိုရ်စည်မောင်း၊ ခေါင်းလောင်း၊ ကြေးစည်သံ၊ ပတ်သံ၊လင်းကွင်း၊ ဒုံမင်း.တူရိယာ၊မင်္ဂလာဖွေမောင်း၊ မဟိခေါင်မှု၊စေ့ဆော်ညောင်းလျက်၊တသောင်းခြောက်ပြန် ဗိုလ်ပေါင်းရံ၍၊ ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်နှင့် စီရင်ပြီးခါ။ ဂုဏ်ယောက်သော ပညာရှိပုဏ္ဏားတို့အား။ အချိန်ကာလ အခါကောင်းကို ကြည့်စေ၍၊ မိဖုယားကြီးကို မြတ်သော တန်ဆာဆင်အပ်သော၊ရထားထက်သို့ တက်စေ၍ ရောက်ပြီးသောအခါ။ ရထား၌ ကလျက်ရှိသော၊ မင်္ဂလာသိန္ဓောမြင်း ဂုဏ်စီးတို့သည်။အချင်းချင်းတိုင်ပင်ကြ၏၊ သိရိမဟာဒေဝီမိဖုယားကြီးသည်။ မြတ်သော ရထားထက်သို့ ရောက်ပြီ၊ ဘုရားလောင်း၏ မယ်တော်လည်း ဖြစ်၏၊ အကျွန်ုပ်တို့၏ အရှင်သခွေါဒနမင်းကြီး၏။ မိဖုယားကြီးလည်းဖြစ်၏။ ထို့ကြောင့် ရှေးရှေးသော ဘုရားလောင်းတို့၏ ဘွားမြင်ရာ။ ရှေးက၊သက္ကတိုင်း ယခုအခါနိုပေါနယ်ပါဝင်သော၊ လုမ္ဗိနိအင်ကြင်တောသို့သွား၍၊ အလောင်းတော်မင်းသားကို ဘွားမြင်သန့်စင်လတံ့။ မိဖုယားကြီး စိုးသော မင်္ဂလာ ရထားကိုရှုန်းကုန်သော ကျွန်ုပ်တို့ မြင်း ရှစ်စီးအား အကျိုးမျှားသည်ဖြစ်ရာ၏။မြင်းဘဝမှ လွတ်မြောက်၍၊ နတ်ပြည်သို့လည်း ရောက်ရာ၏၊ လုမ္ဗိနိအင်ကြင်းတော၌ ဘွားသော အလောင်းတော် မင်းသားသည်၊ ဥရုဝေလတောသို့ ထွက်၍၊ ရဟန်း အဖြစ်ဖြင့် ဒုက္ကရစရိယာ အကျင့်ကို ကျင့်၍၊ မဟာဗောဓိပင်အောက်၊ အပွရာဇိတပလ္လင် ထက်၌၊ ဘုရားဖြစ်လတံ့။ထိုဘုရားဖြစ်သောအခါ ကြီးစွာသော အောင်ပွဲသဘင်ကိုဖြင်ကြ၍

လတံ့။ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ကြရလတံ့။ နိဗ္ဗာန်ချမ်းသာကို ရကြကုန်လတံ့။ဤသို့ တိုင်ပင်ကြ၍။ ;အလွန် နှစ်သက် ဝမ်းမြောက်စွာနှင့် မင်္ဂလာသိန္နောမြင်း ရှစ်စီးတို့သည်။ကာချန်မြို့ထူးလျက် ရထားကို ရှုန်းကြကုန်၏။ ။

၃။ ထိုအခါ မိဖုယားကြီးသည်။မင်းကြီးနှင့်အတူ ရထားစီးလျက် မြို့တော်မှ ထွက်၏။ ပဉ္စင်တူရိယာတီးမှုတ်သော အသံသည်။သမုဒ္ဒရာ၌၊ ရိစယ်းကြိုးသံကဲ့သို့ ဖြစ်၏။ ယူဇနာခွဲမျှရောက်သောအခါ၊ မိဖုယားသည် မင်းကြီးကိုဆို၏။ အရှင်မင်းကြီး အကျွန်ုပ်သည်ခမည်းတော်၊ မယ်တော်နှင့်တကွ ဆွေတော်၊မျိုးတော်တို့ရှိရာသို့ သွား၍ သားဘွားခြင်းကို ပြုအံ့။ အကယ်၍ အကျွန်ုပ်သည်။ အရှင်မင်းကြီး၏ အပေါ်၌ အပြစ်များ ရှိခဲ့ပါလျှင်၊သည်းခံတော်မူရန် ထိခြင်းငါးပါးဖြင့်၊ ရိုသေစွာ ရှိခိုး ကံတော့ခြင်းကိုပြုပါ၏၊ ဤသို့ကံတော့ပူဇော်ပြီး၍။ အရှင်မင်းကြီးသည်။တိုင်းတော်၊ ပြည်တော်ကို ထားခဲ့၍ အကျွန်ုပ်နှင့် အတူလိုက်ခြင်းငှာ မသင့်ပါ။ကပိလဝတ်နေပြည်တော်သို့ ပြန်တော်မူပါဟု လျှောက်၏၊ မင်းကြီးလည်း မိဖုယားကြီးနှင့် အကြောင်းမျိုးစုံတို့ကိုပြောဆိုမှာကြားပြီးလျှင်၊ အခြားသော မြတ်သော ရထားတစီးထက်သို့၊ တက်စီးပြီးလျှင်၊ ကပိလဝတ် နေပြည်တော်သို့ ပြန်လေ၏။ ။

၄။ မိဖုယားသည်လည်း၊ အခြွေအရံတို့နှင့် တကွခရီး အစဉ် အတိုင်းသွားလေသော်။နတ်တို့လှည့်ပတ်၍ ပေးသောကြောင့်။ လုမ္ဗိနီဥယျာဉ်သို့ရောက်လေ၏။ ထိုအခါ မိဖုယားကြီးဝမ်းဝယ်၊ပဋိသန္ဓေ တည်လျက်ရှိနေသော၊ အလောင်းတော်၏၊ ဘုန်းတန်ခိုးပါရမီအာနုဘော်ကြောင့်။ အင်ကြင်းတော၌ အလုံးစုံသော သစ်ပင်တို့သည်။အရင်းမှ အဖျားတိုင်အောင် ပင်လုံးကျွတ်ပွင့်ကုန်၏၊ မိဖုယားသည်လည်း၊ ဒေဝဒဟ နေပြည်တော်ကိုသွားပါလျက်၊ နတ်ဘို့၏တန်ခိုးကြောင့်၊လုမ္ဗိနီဥယျာဉ်သို့ရောက်လာ၏။ ထိုသို့ရောက်လာပါသော်လဲ။ဥယျာဉ်ကိုဖြင်သည်နှင့် တပြိုင်နက်။ဥယျာဉ်တွင်းသို့ ဝင်လိုသော စိတ်ဆန္ဒဖြစ်ပေါ်လာလေ၏၊ နောက်ပါပရိသတ်တို့သည်လည်း။ထို့အတူ စိတ်ဆန္ဒဖြစ်ပေါ်လာကြ လေကုန်၏၊ အမတ်တို့သည်၊ မိဖုယားကြီးကိုယူ၍၊ ဥယျာဉ်သို့ ဝင်လေ၏။ ထိုအခါ နတ်တို့သည်။ ယနေ့ အလောင်းတော် ယောကျ်ားဖြတ်သည်၊ မယ်တော်ဝမ်းမှ ဘွားမြင်လတံ့ ဟူ၍ ကြွေးကျော်ကြကုန်၏၊ တသောင်းသော လောက

ဓာတ်သည်။ဒုတ်ဒုတ်ကျက်ကျက် ဖြစ်၍။ ငွေလမ်းသဘင်ကဲ့သို့ဖြစ်ကုန်၏၊

အလုံးစုံသော လောကဓာတ်၌ ရှိသောနှတ်၊ ဗြဟ္မာအပေါင်းတို့သည်။ ဘုရားလောင်းကို ဖူးမြင်ကုန်အံ့။ သားတော် ဘွားခြင်း မင်္ဂလာကို ပြုကုန်အံ့ဟူ၍ လာကြကုန်၏။မြေပြင်မှာ နေစရာမရှိ၍၊ကောင်းကင်၌ နေကြရကုန်၏။ ဤစကြဝဠာတို့က် တခုလုံး အပြည့်အနှက် ဖြစ်ကုန်၏။ ဤစကြဝဠာသည်။ မင်္ဂလာရှိသော စကြဝဠာဘည်း၊ ဤစကြဝဠာ၌လည်း၊ ဤဓမ္မ။ဒိပါကျွန်းသည်၊ မြတ်သော မင်္ဂလာရှိသော ကျွန်းတည်းဟူ၍ ကြွေးကြော်ကြကုန်၏။ နှတ်ဗြဟ္မာတို့သည်၊အထူးထူးသော မင်္ဂလာဘဏ္ဍာတို့ကို ယူခဲ့ကြကုန်၍။ စည်းဝေးကြကုန်၏။မင်္ဂလာရှိသော နှတ်သီချင်းတို့ကို သီကုန်၏။ အလုံးစုံသော စကြဝဠာတိုက်ကို ထိုးဖြိုဖျင်း ဆောင်းကုန်၏။ နှတ်၌ဖြစ်သော တူရိယာ တို့ဖြင့် တီးမှုတ်ကုန်၏။ လူတို့၏ အကြား အကြား၌။ စာမရှိ သားမြီးယောင်ကို ကိုင်လျက်နှတ်တို့သည် ငေါ်လျက် တည်ကုန်၏။ နှတ်တို့၏ အကြားအကြား၌၊တံခွန်ကိုင်သော နှတ်တို့ရပ်လျက် တည်ကုန်၏။ နှတ်ပန်းအမျိုးမျိုးတို့ဖြင့် ချယ်လယ် အပ်သော ကုပ်ကားကိုင်သော နှတ်တို့သည်။စောင့်ရှောက်ခြင်းငှာရပ်လျက်တည်ကုန်၏။ လူ၊နှတ်၊ ဗြဟ္မာ ပရိသတ်တို့၏ အပြင်က၊ နှတ်နဂါးတို့သည် မိဖုယားကို စောင့်ရှောက်ခြင်းငှာ တည်ကုန်၏။နဂါးတို့၏ ပြင်က၊ဘီလူးတို့တည်ကုန်၏။ဘီလူးတို့၏ ပြင်က၊ ဂန္ဓဗ္ဗနှတ်တို့သည်၎င်း၊၎င်းတို့၏ပြင်က။ဂဠုန်တို့သည်၎င်း၊၎င်းတို့၏ပြင်က၊ကိန္နရာ၊ကိန္နရီတို့သည်၎င်း၊ အသီးအသီး၊စောင့်ရှောက်၍ တည်ကြကုန်၏။

ဤကဲ့သို့ အစဉ် အတိုင်း စောင့်ရှောက်သောအားဖြင့် ရပ်လျက်တည်နေကြစဉ်။ မိဖုယားကြီးအား ဥယျာဉ်တွင်းသို့ ရောက်လျှင်ရောက်ခြင်းကိုယ်၏ အားနည်းခြင်းသည် ဖြစ်လာ၏။ ထိုအခါ အလွန် ထူးဆန်းသော၊ အလွန်သင့်လျော်သော၊ အကောက်အကွေ့မရှိ ဖြောင့်မတ်သော၊ ညီညွတ်စွာ ချောသော၊လုံးသော ပင်စည်ရှိသော၊ အသီးအပွင့်နှင့် ပြည့်စုံသော မင်္ဂလာရှိသောအင်ကြင်ပင်၏အရင်း၌။အလွန်အဘိုး ထိုက်တန်လှစွာသော၊ ကာသိကရောဇ်တိုင်းဖြစ်၊ပိုးပဲကမ္ဗလာ အိပ်ရာကို ခင်း၍။ မိဖုယားကြီးနှင့် အလွန် ထိုက်တန်သော၊ တင်းတိမ်ကိုလည်း ကာရံကုန်၏။ ထိုအိပ်ရာသို့ တက်လျက်နေစဉ်၊မိဖုယားကြီးအား။ အထက်၌ ရှိသော

အင်ကြင်းခက်ကို၊ ဒိဓိ၏ လက်ဖြင့်ကိုင်လိုသောဆန္ဒသည်ဖြစ်ပေါ်လာ၏။ ရက္ခဖိုဝ်းနတ်တို့သည်။ ဒိဗုယားကြီးဒိဗလောက်အောင်၊ အကိုင်းကိုနှိမ်၍၊ လက်၏ အနီးသို့ ရောက်လာစေ၏။ ဒိဗုယားကြီးသည် လက်၏ အနီးသို့ ရောက်လာသော အင်ကြင်းခက်ကို လက်ျာလက်ဖြင့် ကိုင်၏၊ လက်ဝဲလက်ဖြင့် ညှိမအရင်းဖြစ်သော ပဇာပတိဂေါတမီကိုကိုင်၏။ ။

၅။ ထိုအခါ ဒိဗုယားအား၊ သားဘွားလိုသော ကုမ္ဘဇလေသည်၊ လူပ်ရှားမှု အခြားသော ဒိန်းမမျှားတို့သည်။ ဆိုင်လျက်သော်ငင်း၊ လျောင်းလျက်သော်ငင်း၊ သားဘွားကုန်၏။ ဒိဗုယားကြီးမှာကား ထိုကဲ့သို့မဟုတ်၊ ဖွေးချည် ထဒီကိုဝတ်၍၊ ငါးကြင်း၏ မျက်စေ့နှင့်တူသော အကွက်အကွက်ပေါ်သော၊ ဘွဲ့ဖြူးစောင်နှင့်တူသော ချုံထည်ကို ခြေဖျား တိုင်အောင်ခြုံ၍၊ နတ်ဘို့၏တန်ခိုးကြောင့် ညွှတ်ကိုင်းလျက်သာသော အင်ကြင်းခက်ကို လက်ျာလက်ဖြင့်ကိုင်၍၊ လက်ဝဲလက်ဖြင့် ညှိမတော် ပဇာပတိဂေါတမီ၏လည်ကို ဘက်၍။ အခြားသောတော်၏ တန်ခိုးတော်ကြောင့်ငင်း၊ ဒိဗုယားကြီး၏ ဆုတောင်းပါဓိဓိ တန်ခိုးတော်ကြောင့်ငင်း၊ ဝေဠုဝနာရုံ ကြသော၊ နတ်ပြာဘုန်းတို့၏ တန်ခိုးကြောင့်ငင်း၊ ဒိဗုယားကြီးသည် အနှံ့ရာယ်မရှိ၊ ပက်ကိုကျွန်းမာစွာဖြင့်၊ အညစ်အကြေး၊ မလိန်းမကျန် အလွန် သန့်ရှင်းစင်ကြယ်သောကိုယ်ရှိသည်ဖြစ်၍။ အလောင်းတော်ကို ဘွားမြင်တော်မူ၏။ အဆင်းအင်္ဂါမင်္ဂလာကြက်သရေရှိမှာလဲ၊ သုံးဆဲ့နှစ်ပါးသော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာငယ်တို့နှင့် ပြည့်စုံ၏။ ဇမ္ဗူ။ ရာဇာ့ဖွေစင်ကဲ့သို့။ ရှုချင်စဘွယ် တင့်တယ်သော ကိုယ်ရောင်နှင့် လည်းပြည့်စုံ၏။ ဖွေးစင်အတု နုနုနယ်နယ်။ ရှုဘွယ်စတောင်း။ ယိုပျောင်းညှံ့အိ။ မျက်စဉ် အသားရလည်းရှိ၏။ ဖွေးစင်အလားညက်ထွားမွတ်ကြ၊ အသရေရှိသော သားတော်ကား။ အမှန်စင်စစ် ဖြစ်လေ၏။ ။

၆။ ထိုသို့ အလောင်းကို ဘွားမြင်သော ခဏ၌၊ တပြိုင်နက် တချိန်တည်း။ သုဒ္ဓါဒနမင်းကြီး၏ နှစ်မတော် အမိတ္တာအားလည်း။ ယင်းသာဓချမင်းသို့မ်ားကို ဘွားမြင်၏၊ သုဒ္ဓါဒနမင်းကြီး၏ ညီတော် အမိတ္တာဒနမင်း၏ မိဖုယားကြီးဒ္ဒါလည်း။ အာနန္ဒာကို ဘွားမြင်၏။ အမတ်ကြီး တယောက်များ၊ ဆန္နဟူသောသားတယောက်၊ အခြားအမတ်ကြီးတယောက်မျာလည်း။ ကာလုဒါယိ ဟူသောသားတယောက်ကိုလည်း ဘွားမြင်ကြကုန်၏၊ နန်းတော်တွင်း၊ မြင်းတင်းကုတ်၌ မင်္ဂလာရှိသောမြင်းမ တကောင်

မှာ၊ မင်္ဂလာရှိသော၊ ကဏ္ဍကဟူသော မြင်းထီးကလေး တကောင်ကို လည်းဘွားမြင်၏။ မဂဓတိုင်း ရာဇဂြိုဟ်မြို့နေပြည်တော်မှ၊ နှစ်ယူဇနာခန့် လောက် ကွာဝေးသော၊ အနောက်တောင် ဥရုဝေလတော ဘုရားပွင့် ရာအောင်မြေ အရပ်၌ မဟာဗောဓိညောင် ဗုဒ္ဓဟောပင်ပေါက်၏၊သုဒ္ဓေါဒန မင်းကြီး၏ ဥယျာဉ်တော်၌လည်း။ဖွေဒိုးကြီး လေးလုံးပေါ်၏၊တလုံးကား တဂါဝုတ်ကျယ်၏၊ တလုံးကား နှစ်ဂါဝုတ်။တလုံးကား သုံးဂါဝုတ်။ တ လုံးကား တယူဇနာ အသီးသီး ကျယ်ကြ၏၊ အဝေါက်မှာ အောက်ယူဇ နာနှစ်သိန်းလေးသောင်းရှိသော်ပံသုပဿဝိနှင့်အမျှနက်၏။ ထိုဖွေဒိုးကြီးတို့ ၌ ယူတိုင်းယူတိုင်းလျော့သည်မရှိ၊ပကတိ အတိုင်းပြည့်သျှက်ပင်ရှိနေ၏၊

ဤသို့လျှင် ယသောဓရေမင်းသို့၊ အာနန္ဒာ၊ဆန္နာ၊ ကာလုဒါယိ၊ ကဏ္ဍက မြင်း၊ မဟာဗောဓိပင်၊ ဖွေဒိုးကြီးလေးလုံး ဤခုနစ်ပါးတို့သည်။ ဘုရား လောင်း၏ ဘွားဘက်တော်ချင်း ဖြစ်ကြကုန်၏။ ။အလောင်းတော်ကို ဘွားမြင်သောခဏ၌လည်း တသောင်းသော စကြဝဠာတိုက်၌ နှစ်သိန်း လေးသောင်းအတွင်းရှိသော မဟာပထဝီမြေကြီးသည် တုန်လှုပ်၏၊တစုံတခု မျှပျက်စီးခြင်းမရှိ မင်္ဂလာရှိသော မြေလှုပ်ခြင်းတည်း။ နတ်တို့သည်။ ဖွေ ကွန်ရက် ငွေကွန်ရက်တို့ဖြင့်ခံကုန်၏။ ပြဟ္မာတို့သည်။သစ်နက်ဓေဖြင့် အ ဘိုးမပြတ်နိုင်သော ရတနာကိုစီချယ်လျက် ခံကုန်၏၊ လူတို့သည် ကာသိ ကရာဇ်တိုင်းဖြစ် ပိုး ဓဲတို့ဖြင့် ခံကုန်၏၊ ဤကဲ့သို့ခံကုန်၏ ဆိုသောစကား သည်၊အလှည့်ကြ ချီကြွးပွ.ကြတာကိုခေါ်သည်။ ကောင်းကင်မှ ရေနွေး ရေအေး နှစ်သွယ်တို့ကျ၍ အလောင်းတော် ရေချိုးစေ၏။လူပြည်၌ တူရိ ယာတို့သည်။ အလိုလိုမြည်ကုန်၏။ ဝတ္ထုပစ္စည်း အဝတ်ရတနာတို့သည် လည်း တခုနှင့်တခု မထိမခိုက်ဘဲ အလိုလိုတူရိယာသံကဲ့သို့ မည်ကုန်၏။ သတ္တဝါတို့၌ စွဲကပ်ပြီးသော ရောဂါအနာရယ်တို့သည်၊ အလိုလိုကင်း ရှင်း ပျောက်လွင့်ကုန်၏။ မျက်စေ့ကန်းသောသူတို့ မြင်ကုန်၏။ နားပင်း သောသူတို့ ကြားကုန်၏၊ပဋိသန္ဓေကစ၍ ဂူးသောသူတို့သည်၎င်း၊ ပဝတ္တို ၌ ဂူးသောသူတို့သည်၎င်း၊ပကတိကောင်းကုန်၏။ ဆွံ့အသောသူတို့ကောင်း ကုန်၏။ကောင်းကင်ရတနာ မြေးတွင်းရတနာရေထဲရတနာတို့သည်။အလို လိုတောက်ပကုန်၏။ ငရဲဒီးတို့သည် အပူငြိမ်း၏။ ငရဲသူသတ္တဝါတို့အေး ချမ်းသာယာရှိကြ၏။ ငြိုတ္တာတို့သည် အလိုရှိသလောက်တင်းတိမ်အောင် အစာရေစာတို့စားသောက်ကြရ၏။မြင်ရတို့သည်အောက်သို့မစိုးကုန်အ

ညာသို့ ဆန်တက်ကုန်၏။ အလွန်မြောင်အတိဖြစ်သော လောကန္တရက် ငရဲခွင်လည်း အလင်းရောင်တို့ဖြင့် တောက်ပ၏။ သမုဒ္ဒရာဆားငံရေသည် ချို၏၊ လိုင်းတံပိုးတို့သည်ငင်း၊ လေတို့သည်ငင်း၊ ရုန့်ရင်းကြမ်းထမ်းခြင်းမ၌ အလွန်ငြိမ်သက်၏။ သိမ်မွေ့၏။ မပွင့်ဘူးသောသစ်ပင်တို့ ပွင့်ကုန်၏။ အချိန်အခါမဟုတ်သော်လဲ ပွင့်ကုန်သိုးကုန်၏၊ နေသည်မပူ အေး၏။ လသည် အလွန်တောက်ပ၏။ ကောင်းကင်မှငုတ်။ တောင်မှငုတ်၊ သစ်ပင်မှငုတ်၊ငှက်တို့သည် မြေသို့ဆင်းသက်၍နေကြရကုန်၏၊ဘာသာတပါး လူမျိုးတွေ့က ထာဝရဘုရားဟုသမုတ်ကြသော မဟာပြဟ္မာကြီးတို့သည်လည်း လာရောက်၍ ကျေးကျွန်အဖြစ်ဖြင့် အလုပ်အကျွေး ပြုကြရကုန်၏၊ ခစားကြရကုန်၏။ လေးကျွန်းလုံးကို နှံ့စေ၍ ဓိဇယ်းကြီးသည်းထန်စွာရွာ၏။ အပျက်အစီးအမဲ့ရှိ အန္တရာယ်ကင်းကြ၏။ အလုံးစုံသောရေတို့သည် ပြိန်မြတ်သော အရေသာရှိကုန်၏၊ နတ်ပြည်၌ရှိသော နှုတ်တို့သည် အလောင်းတော်ကို ကြည်ညိုသောစေတနာဖြင့် ပိဓိတို့၏ဘုံဗိမာန်တွင်း၌ ပျော်ရွှင်ဝမ်းမြောက်စွာနှင့် ကကုန်၏။ သိုချင်းသိကုန်၏။ တီးမှုတ်ကုန်၏၊ ကောင်းကင်၌ နေကုန်သောနတ်တို့သည် မြူးထူးပျော်ရွှင်ကြကုန်၏။ သတ္တာအဖုံးအိမ်တံခါး ရွာတံခါး မြို့တံခါးများနှင့် လူဆိုးများကို ချထားသောအကျဉ်းထောင်တံခါးတို့သည် အလိုလိုပွင့်ကုန်၏၊ လူဆိုးတို့သည် လိမ္မာကုန်၏။ ကိုက်တတ်သော သတ္တဝါတို့သည်မကိုက်၊ အဆိပ်ရှိသော သတ္တဝါတို့ အဆိပ်ပြယ်ကုန်၏။ ထမင်းဆာခြင်း ရေတ်ခြင်းတို့မရှိ ပြေငြိမ်းကုန်၏၊ သတ္တဝါအချင်းချင်း အလွန်ချစ်ခင် မေတ္တာသက်ဝင်ကြကုန်၏။ ကျိုးနွံခင်ပုတ်သည်ငင်း။ ခွေးနှင့်ယုံတို့သည်ငင်း၊ ဆက်ဆံကြ၏။ ကြွက်နှင့် ကြောင်တို့သည် ဆက်ဆံကြကုန်၏။ ကုံးသောကိုယ်ရှိသော သူတို့သည်ငင်း၊ခွင်သောလက် ခွင်သောခြေရှိသော သူတို့သည်ငင်း၊ ဖြောင့်ကုန်၏။ စွေသောမျက်လုံးရှိသော သူတို့သည် ညီညွတ်သော တဲ့သောမျက်လုံးတို့ဖြစ်ကုန်၏။ ဤမျှမက ချိုးပွမ်း၍မကုန်နိုင်အောင် အုံ့သြ၍မကုန်နိုင်အောင် နိမိတ်ထူးတို့သည် ဖြစ်ကုန်၏။ အလောင်းတော်ကို နတ်ပြဟ္မာတို့ပျံဖြကြ၏၊ ထို့နောက်လူတို့သည် ပျံဖြကြ၏။ အလောင်းတော်လည် လူတို့၏လက်မှလွတ်၍ မြေ၌ရပ်တည်၏။လူတို့ကမင်းမြောက်တန်ဆော ဝတ်ဆင်လျက်နေသည်ဟု ထင်ကြရ၏။ တဆဲ့နှစ်နှစ်သားထင်ကြရ၏။ ဤကားအလောင်းတော်၏တန်ခိုးတော်ဟူ၍ပင် မှတ်ယူကြရမည်။ အလောင်းတော်သည်မိမိ

အလိုလို ရဲဝန့်စွာဖြင့် အရှေ့မျက်နှာအရပ်ကိုကြည့်လျက် အလုံးစုံသော စကြဝဠာတိုက်တို့သည် တပြင်တည်း ဟင်းလင်းမြင်ရ၏။ အလောင်း တော်သည့် စကြဝဠာဆုံးအောင်ကြည့်၍ ငါးမင်းသားထက် အမျိုးမြတ် သောသူ ငါမင်းသားထက် ချီးမွမ်းအပ်သောသူ ငါမင်းသားထက် တံခိုး အားဖြင့်ဂုဏ်း၊ ပညာအားဖြင့်ဂုဏ်း၊ သတ္တိအစွမ်းအားဖြင့်ဂုဏ်း၊ ကြီးမည်သူ များ ရှိသေးလော့ဟု စင်းစားဆင်ခြင်ကြည့်ရှုတော်မူ၏။ ဂုဏ်ပြင် ရှစ်မျက်နှာ စေ့အောင် ကြည့်ရှုတော်မူ၏။ ဤကဲ့သို့ကြည့်ရှုပါသော်လဲ သာလွန်မည် သူ တစုံတရောက်မျှ မမြင်သောကြောင့် မြောက်မျက်နှာအရပ်သို့ ခြေချန်စ် လှမ်းသွား၏၊ ခြေတလှမ်းလျှင် ကြာတဝှင့်ကျစိခံ၏။အလုံးစုံသောစကြာဝ ဠာတိုက်အဝှမ်းရှိ နတ် သိကြား ဗြဟ္မာအပေါင်းတို့ကလည်း အရှင်အ လောင်တော်မင်းသားထက် သာလွန်မည်သူတစုံတရောက်မျှ မရှိကြောင်း ပြောဆိုလျှောက်ထားကြ၏။ အလောင်းတော်သည် ထိုသို့ပြောဆိုလျှောက် ထားကြသော အသံတွေကိုကြားကာလ ငါသည်ယခုဘဝ၌ အဆုံးစွန် သောဓာတိပေတည်းဟု ဝမ်းမြောက်ဝမ်းသာဖြစ်လေသတည်း။

၇။ ထိုသို့မြောက်အရပ်သို့ကြွသွား၍ကြာပွင့်ပေါ်၌ရပ်လျက်နေသော အလောင်းတော်မင်းသားအား ဗြဟ္မာတို့သည်ထီးဖြူကိုရိုးကာကုန်၏။ သု ယာမနုတ်သည်စာမရှိသားဖြူးယပ်ကိုထမ်း၍လိုက်၏။ နတ်သားတယောက် သည်ရတနာကျောင်အတိဖီသော သံသျက်ကိုထန်း၍သိုက်၏၊ နတ်သားတ ယောသည် ရွှေခြေနင်းကို နတ်သားတယောက်သည် နတ်ပြည်၌ဖြစ်သော သင်းကျစ်ကို ထမ်း၍လိုက်၏၊ တသိတာနတ်သားသည်ပတ္တမြား ယပ်ဖြင့် ယပ်လေခတ်၏။ နတ်သားနတ်သို့တို့သည်နတ်၌ဖြစ်သော တူရိယာတို့ဖြင့် တီးမှုတ်ကြ၏၊ နတ်ပန်းတို့ဖြင့် ပူဇော်ကြကုန်၏။ဤမျှမကပြောပြ၍မကုန်နိုင် အောင် များစွာပူဇော်ပွဲတို့သည် ဖြစ်ကုန်၏။ ဤသို့အထူးထူးသောအံ့ဘွယ် ထူးဆန်းဘွယ်တို့သည် ဖြစ်ကုန်ပြီး၍၊ မယ်တော်သိရှိမဟာမာယာ ဒေဝီ သည် သားတော် ဘုရားလောင်းကို ရင်ခွင်ထက်တင်၍ အမိရင်နို့ကို သောက်စို့စေ၍ အိပ်စေ၏၊အိပ်ပျော်သောအခါ ညီမတော်ဖြစ်သော ပဇာ ပတိဂေါတမီအား အပ်နှင်း၏။မိထွေးတော်ကလည်း အလောင်းတော်အား နံ့သာခြေဖြင့် ချီးပေးပြီးမှ မြတ်သောရထားထက်သို့တင်၏။ မယ်တော် သည်လည်း၊ မိမိကိုယ်ကို သုတ်သင် သန့်ရှင်းစေပြီးလျှင် ရထားထက်သို့ တက်လေ၏။ လူမျှားနှင့်တကွ နတ်၊သိကြား ဗြဟ္မာအပေါင်းတို့သည်။ဒေဝ

ဒဟာနေပြည်တော်သို့ ပို့ကြ၏။ မယ်တော်သည် ခုနှစ်ရက်ကြာကာလ နတ်ရွာစံလေ၏။ မယ်တော်၏ အလောင်းကို လူနတ် သိကြား ဗြဟ္မာတို့သည်။ ကောင်းစွာ သင်္ကြိုဟ်ကြပြီးလျှင်၊ အလောင်းတော်မင်းသားနှင့်တကွ၊ ပရိသတ်တို့သည်၊ခုနစ်ရက်မျှ ဒေဝဒဟ နေပြည်တော်၌ နေထိုင်ကြ၍၊ဘုရားလောင်းကို ကပိလဝတ်နေပြည်တော်သို့၊ ယူဆောင်ကြလေ၏။မိဖုယားကြီး နတ်ဖြည့် စံလေသောကြောင့်၊ ညီမတော်ဖြစ်သော ပဇာပတိဂေါတမီကို ပင်။ မိဖုယားကြီးအရာ၌ ဘိသိက်မြှောက်၍၊ သုဒ္ဓောဒန မင်းကြီးနှင့် ဆက်လက်ပိုးစံတော်မူလေသတည်း။

၈။ အလောင်းတော်မင်းသားကို ပညာရှိလက္ခဏာဘတ် ပုဏ္ဏားတို့ နိမိတ်ဘတ်ကြကုန်၏။ အချို့သော ပုဏ္ဏားတို့က စကြာမင်းသော်၎င်း၊ သို့မဟုတ် လူတွင်ထင်လျှား သဗ္ဗညုဘုရားသော်၎င်း ဖြစ်အံ့ဟူ၍၊ နှစ်မျိုးဘတ်ကြ၏။ လက်နှစ်ချောင်းထောင်ကြ၏။ အသက်အရွယ်မှာ အငယ်ဆုံးဖြစ်သော ကောဏ္ဍညပုဏ္ဏားသည်မူကား။ အလောင်းတော်၏ လက္ခဏာကို ဘတ်သည်မှာ၊စကြားမင်းမဖြစ်။ ဤကုန်မလွဲ စင်စစ်မရဟု သူဒို့၊ သူနာ၊ သူသေရဟန်းအသွင်နိမိတ် လေးပါးထင်၍၊ တောထွက်ပြီးလျှင်၊သဗ္ဗညုဘုရားသာ ဖြစ်လတံ့ဟူ၍ တမျိုးတည်းသာ လက္ခဏာဘတ်၍၊မင်းပရိသတ်တို့၏ အလယ်၌ လက်တချောင်းသာ ထောင်၏။ ဘွားလျှင် ဘွားခြင်း လောကီအတတ် ပညာဟူသမျှ တစေ့ကျွန်၊ ကုန်စင်အောင် တတ်မြောက်ပြီးဖြစ်လေသောကြောင့်၊ သိဒ္ဓတ္ထကုမာရမင်းသားဟူသော အမည်ကို ပေးကြလေ၏။ ။ကောဏ္ဍညပညာရှိ ပုဏ္ဏားသည်၊ လက္ခဏာဘတ်သည်နှင့်အညီ။ အလောင်းတော်သည် ဧရုံးအတိတ်ဘဝ ပါရမီဉာဏ်စွာကပင်။ သုမေဓာဘဝနိယတဗျာဓိ၊ မုနိသေဋ္ဌနှင်း၊ဒီပင်္ကရာ ခြေတော်ရင်း၌ ဝတ်စင်း ဆင်ပန်အောင်ပွဲတော်ခံသောအခါ။အမတံသိဝံ၊ ပြည်မွန်နိဗ္ဗာန်၊ ကိုယ်တော်တိုင် ကြွနိုင်တော်မူလို၊ မျှားလွှသင်္ဘော၊ကျွတ်ဇိုလ်ခြေကို၊ကမ်းမြေအခေါင်၊ ဂူဇွေသောင်သို့၊ ဗောင်တော်မင်္ဂုံ၊ နဝါယာဉ်ဖြင့်၊ ကယ်တင်ကတို့၊ ပို့ဆောင်ယူတင်နိုင်အံ့သောဌာ၊ တမိယ၊ဇနက၊ မဟောသဓ၊ဝိရူဏ၊ဝေဿန္တရာ၊ မဟာဇာတကဖြစ်လေသမျှတို့၌၊ ကိုယ်တော်၏ ဆင်းရဲခြင်းဒိဗ္ဗတော်၏ ဆင်းရဲခြင်း တည်းဟူသော ဆင်းရဲကြီးတို့ကို အတိုင်းမသိ သည်းခံတော်မူပြီးမှ၊ ပန်ဆို့မဘဝ ကာလတွက်စစ်၊ ဤအလောင်းတော် သိဒ္ဓတ္ထမင်းသားအဖြစ်သို့ စင်စစ်ရောက်တော်မူလေသတည်း။ ။

၉။ ဤသို့အလောင်းတော်အား သိဒ္ဓတ္ထမင်းသားဟူသော အမည်မှည့်ပြီး၍၊ ကပိလဝတ် နေပြည်တော်၌ပင်၊ မိတွေးတော်သည်၊ သိမ်းပိုက်မွေးကျွေးအပ်သည် ဖြစ်၍၊ အတိုင်းမသိသော အခြံအရံ၊ အတိုင်းမသိသော အသရေ၏ တင့်တယ်ခြင်းဖြင့် ကြီးပြင်း၍၊ တလသား ရှိသောအခါ၊ တန္ဒေသ ၌ ခမည်းတော်မင်းကြီးအား။ စပါးနှင့်ပတ်သက်သော ကောက်စိုက်မင်္ဂလာသည် ဖြစ်၏။ ထိုနေ့၌ ကပိလဝတ်နေပြည်တော်ကို တာဝတိံသာ နတ်မြို့ကဲ့သို့ တန်ဆာဆင်၏။ ခပ်သိမ်းသော မြို့သူ မြို့သားတို့သည်။ တင့်တယ်သော အဝတ်တန်ဆာကို ဝတ်ဆင်ကြလျက်။ မင်းကြီး၏အိမ်တော်မင်္ဂလာခွစည်းဝေးကြကုန်၍၊ လယ်ထွန်မင်္ဂလာသို့ လိုက်ကြကုန်၏။ အဘိုးထိုက်တန်လှစွာသော တထောင်သောထွန်တို့ဖြင့် အဘိုးထိုက်တန်လှစွာသော တန်ဆာတို့ဖြင့် ဆင်လျက်၊ လှပယဉ်ကျေးသော၊ တင့်တယ်သော အပြစ်ကင်းသော နွားထီးတို့ဖြင့် တပ်လျက် လယ်ထွန်မင်္ဂလာပြု၏။ လယ်တောအရပ်၌ တခုသော ဓမ္မသြဇာပြောင်သည်၊ ထူးသောအကိုင်းအခက် အရွက်ရှိ၏။ ချမ်းငြိမ်းသော အရိပ်လည်း ရှိ၏။ ထိုဓမ္မသြဇာပြောင်၏ အောက်၌ ဘုရားလောင်းမင်းသားတို့အိပ်ရာကို ခင်းစေ၍၊ အထက်၌ ရွှေကြယ်စိအပ်သော ဗိတာန်ကိုဆွဲစေ၍ရွှေကြယ်စိသော ပိုးတင်းတိမ်ကို ကာရံစေ၍၊ အလောင်းတော်ကို ထိုအိပ်ရာထက်၌တင်၍၊ ရွေးချယ်ပြီးသောနို့ထိန်းတို့ကို အစောင့်အရှောက်ထား၍၊ မင်းကြီးသည် အမတ်အပေါင်းတို့ဖြင့် ခြံရံလျက်၊ လယ်ထွန်မင်္ဂလာပြု၍ နေ၏၊ ဘုရားလောင်းကို စောင့်၍နေကုန်သော နို့ထိန်းတို့သည်။ မင်းကြီး၏ စည်းစိမ်ကို ကြည့်ရှုအံ့ ဟူ၍၊ တင်းတိမ်မှ အပသို့ ထွက်လေကုန်၏။ ထိုအခါ တင်းတိမ်အကာ အရိပ်တွင်း၌ရှိသော၊ ဘုရားလောင်းမင်းသားသည်။ ထိုမှ ဤမှ ကြည့်ရှုသည်ရှိသော်၊ တစုံတယောက်သောသူကိုမျှ မမြင်၍၊ လျင်စွာ အိပ်ရာမှထ၍၊ ထက်ဝယ်ဖွဲ့ခွေထိုင်နေလျက်၊ အာနာပါန ကမ္မဋ္ဌာန်းဖြစ်သော၊ ထွက်လေ ဝင်လေကိုထုတ်သွင်းဆင်ခြင်၍ ပဌမဈာန်ကို ရ၏။ နို့ထိန်းတို့သည် ခဲ့ကွယ်ဘောဇဉ်တို့ကိုလည်း ပြင်ဆင်စီရင်ရလေသောကြောင့်၊ အချိန်ကာလသည်။ အတန်ငယ်ကြာလေကုန်၏၊ အခြားသောသစ်ပင်ရိပ်တို့သည်။ အရှေ့ဘက်သို့ ရောက်ကုန်၏၊ အလောင်းတော်ကိုထားသော ဓမ္မသြဇာပြောင်ရိပ်သည်၊ အရှေ့သို့မရောက်။ အလောင်းတော်၏ အပေါ်၌ ထိုးဝန်းကဲ့သို့ တည်၏။ နို့ထိန်းတို့သည်၊ သားတော်ကလေးတပါးတည်းသာ တင်းတိမ်တွင်းမှာ ရှိရစ်သည်

ဟု လျင်မြန်စွာလာ၍၊ တင်းတိမ်ကိုမ၍ ကြည့်သည်ရှိသော်၊ အိပ်ရာထက်ဦးထက်ဝယ်ဖွဲ့ခွေ၍အိပ်ရာအခင်းမှတစောင်လောက်အထက်သို့ကြွတက်နေသည်ကိုမြင်ကြရာ။ အလွန်ထူးဆန်းအံ့ဩဘွယ် ဖြစ်ကြသည်ကုံ။ မင်းကြီးထံသို့ သွားရောက်လျှောက်ထားကြကုန်၏။မင်းကြီးသည်။လျင်စွာလာ၍၊ကြည့်လျှင် ထိုအံ့ဘွယ်သရဲကိုမြင်သဖြင့်ရှိခိုး၏၊(အမှာ) အထက်ကရေးသားဖော်ပြခဲ့သော၊အလောင်းတော် သိဒ္ဓတ္ထမင်းသားအား။ ငယ်ရွယ်စဉ်ကပင်၊ဤမျှလောက် အံ့ဩဘွယ်ရာ ထူးဆန်းသော အကြောင်းတွေရှိသည်မှာ။ ကျမ်းဂန်၌ အထင်အရှားပါရှိလျက်နှင့် ဗုဒ္ဓဘာသာဝင်ဖြစ်ပြီးသောသူတို့ ကျမ်းဂန်များကိုမကြည့်မိလေရော့သလား။သတိမထားမိလေရော့သလား။ ဘာတရုမှ အံ့ဩစရာ မရှိသော၊မိန္တာဝါဒဘာသာတပါး!တို့သည်။ ပိပိတို့၏ ကိုးကွယ်ရာဘုရားဟု သမုတ်လျက်ရှိနေသော သူတို့ပင်၊ အလောင်းတော် သိဒ္ဓတ္ထမင်းသား၏ ထူးဆန်း အံ့ဩဘွယ်ရာတို့၏ အပုံတထောင်၊ တသောင်းပုံ၍၊ တပုံမျှပြစရာမရှိသော၊ အမျိုးအရိုးနည်းလမ်း၊အခြေအမြစ် နှင့်မျှလည်း ပြစရာ မရှိသော၊ ဘာသာတပါး မိန္တာဝါဒ အယူသို့ ရွှေ့ပြောင်းသွားကြသူတို့သည်၊ အထူးသဖြင့် အံ့ဩဘွယ်ရာကောင်းပေစွ၊ဗုဒ္ဓဘာသာ သာသနာတော်၌ ယုံကြည်အားကိုးရင်း ရှိပြီးသူတို့ သတိမူကြလေ။ ဤကား သဗ္ဗညုဘုရားမဖြစ်မီ၊ အလောင်းမင်းသားဘဝကပင်၊ အဘယ်မျှလောက် ချီးမွမ်း အံ့ဩဘွယ်ရာကောင်းကြောင်း။ကြည့်ညိုနှစ်သက်ဘွယ်ရာကောင်းကြောင်း ဟူသမျှတို့ကို အကြိမ်ကြိမ်ဘတ်ရှု စင်းစားကြစေရန်။သတိပေးခြင်း ဖြစ်လေသတည်း။ ။

၁၀။ ထိုသို့အားဖြင့် ဘုရားလောင်း သိဒ္ဓတ္ထမင်းသားသည်၊ အစဉ်သဖြင့် ကြီးပြင်း၍၊အသက် တဆဲ့ခြောက်နှစ်ရှိယ်သို့ ရောက်သည်ကာလ။ ခမည်းတော်သုဒ္ဓါဒနမင်းကြီးသည်။ သက္ကတိုင်းနယ်အတွင်း ရှိရှိသမျှကုန်သော၊ လက်သမား၊ ပန်းချီ၊ပန်းပု၊ပန်းတင်း၊ ပန်းဘဲ၊ပန်းရန်၊ပန်းထိမ်သမားမှစ၍၊ ပညာရှိဟူသမျှတို့ကို ခေါ်စေ၏။ဂုဏ်ပြင် သာမ၊ယဇု၊ဇုယု၊အာတပ္ပနဆိုတဲ့ဗေဒင်ကျမ်း။ လက္ခဏာကျမ်း။ ဇုတိဟာသကျမ်း။ နိဂဏ္ဍုကျမ်း၊ ကေတုဘကျမ်း။ သဒ္ဒါကျမ်း။ ဆန်းကျမ်း။ပုရာဏကျမ်း၊ အက္ခရပ္ပဘေဒကျမ်း။ဝေယျာကရိဏ်းကျမ်း။ဘာသာသဿ်ကရိက်ကျမ်း။ဥပါဒ်ကျမ်း။အိပ်မက်ကျမ်း၊ တိတ်ကျမ်း။ နိမိတ်ကျမ်း။ အလင်္ကာကျမ်းစသော လောကီကျမ်း အရပ်ရပ် တို့ကို။ တဘက်ကမ်းရောက် တတ်မြောက်သော၊

ရဟန်း၊ပုဏ္ဏားတို့နှင့်တကွ ဘုရားလောင်း၏ နေရာနှိုးပြာသာဒ်တို့ကို။ စီရင်ဆောက်လုပ်အံ့သောငှာ၊ အလွန်ကောင်းမြတ်သော ကြက်သရေမင်္ဂလာရှိသောမြေနေရာတို့ကိုရှာကြံ၍၊သုတ်သင်ရှင်းလင်း၊စည်မျက်နှာကဲ့သို့ ပြုပြင်၍ စိမံစေ၏။ ကျုံး၊ မြောင်း၊ ပစ္စင်၊ ရင်တား၊ ပြအိုး တန်ဆောင်းတို့ကိုလည်း စိမံစေ၏၊ ဥတုသုံးပါးနှင့်လျော်သော နန်းပြာသာဒ် သုံးဆောင်တို့ကိုလည်း စိမံစေ၏။ ဆောင်းဥတုနှင့် လျော်သော၊ ဘုံကိုးဆင့် ရှိသော ပြာသာဒ်။နွေဥတုနှင့်လျော်သော ဘုံငါးဆင့်ရှိသော ပြာသာဒ်၊ မိုးယံးဥတုနှင့် လျော်သော ဘုံခုနစ်ဆင့်ရှိသောပြာသာဒ်တို့ကို ဆောက်လုပ်ကြ၏။ထွေသားအတိုကို တိုင်စိုက်၏။ ထိုတိုင်မှာလဲ၊ ချူးအခုံ ချူးပန်း၊ ယိုးဒယားပန်းခက်တွေနှင့် စိမံ၏။ ထုတ်လျောက်၊ ဒိုင်းမြားတွေကလဲ၊ ထွေသား။ ငွေသားကို ပြုလုပ်၏၊ဥသဖုယား၊ နိလာ စိန်၊ကြောင်တွေ စီချယ်၏။ထွေသားနှင့် ငွေသားတို့ကိုအပြားခပ်၍၊ခပေါဆက်၊စိန်ကြိုး၊ မြကြိုးသွယ်၍အဓိုးပြုလုပ်စိမံ၏။နန်းတော်အဆောင်ဆောင်၊အခမ်းခမ်းမှာ၊လွှကားအဆင်းအတက်တွေမှာလဲ ပယင်းတွေ၊ လက်ရန်းလွှကားတိုင်တွေလဲမှာ၊စိန်ခဲ၊စိန်တိုင်တွေ၊နန်းတော်အကာအရံက မသာ ရဂလ်ကျောက်၊ အခင်းကဥသဖယား၊ နံရံကမဟူယာ၊နန်းတော်အတွင်းမြေသလင်းကလဲ၊ထွေအဆင်းနှင့်ငွေအဆင်း၊နန်းတော်အပြင်ဘက်စမတ်ဆောင်တွေကလဲ၊ဥသဖုယား၊နိလာဂေါမုတ်၊ဒမိဠ်စကားရာအခမ်း ပျော်ရွှင်ရာအခမ်းစသည်တို့မှာလဲ၊ ဇာတ်အမျိုးမျိုး၊ ရုပ်ရုံချယ်၊ နေထိုင်ရန် အခင်းကလဲ၊ခေါမ၊ ယောမ၊ ကာသိကာဇော် စသောအရပ်များဌ ဖြစ်သော၊ အာဠိုးတသိန်းစီဆိုက်သော ပိုး၌၊ ကမ္ဗလာတွေခင်းကျင်းထားလေ၏။ နန်းတော် မြို့ရိုးနှင့် တံခါးမတ်တွေကလဲ၊တော်သား ငွေအုပ်တို့ဖြင့် စီမံ၏၊မင်းသားနှင့်သာ ထိုက်လျော်သော၊သံလျက်၊ထီးဖြူ၊ သင်းကျစ်၊ခြေနင်း၊စာမရိသားမြီးယပ်ဟု ဆိုအပ်သော၊ မင်းမြောက်တန်ဆာ ငါးပါးနှင့် လည်း အပြည့်အစုံ၊ ၎င်းပြင် သိဘာသနုလွှင်။ဟံသာသနုလွှင်၊ သခ်ါသနုပလွှင်၊ ဘမရာသနုပလွှင်၊ ဂဇာသနုပလွှင်၊ မယူရာသနုပလွှင်၊ မိဂါသနုလွှင်၊ ပဒုမာသနုပလွှင် တည်းဟူသော၊ အာဠိုးမပြတ်နိုင်သော၊ငွေလွှင်ရှစ်ခမ်းနှင့်လည်း ပြည့်စုံအောင်စီမံ၏၊ ။၎င်းပြင် ကမ္ဗလာထီး၊ကြေနီးထီး၊ ဥဂ္ဂထီး၊ ဧနီဘီး၊ တမွာ်ထီး၊ ကနက်ဇဒါနီထီး၊ သမုဒ္ဒဇာထီး၊ သမုဒ္ဒထီး၊ ဝိသုဂမ္ဘထီး၊ သူရိယထီး၊ပဒုမထီး၊ သမုဒ္ဒထီးဟူ၍၊ အတွင်းထီး၊ အပြင်ထီး တဆဲ့နှစ်စင်းနှင့်လည်း ပြည့်စုံအောင်၊ အာဠိုးထိုက်တန်လှစွာ စီမံ၍

ထား၏၊ ၎င်းပြင် ရွှေအိုးကြီးလေးလုံး ပေါက်ပြီးသော၊ အလောင်းတော်မင်းသားဖြစ်၍၊ နန်းတော်တွင်း၌၊ ရွှေတိုက်၊ငွေတိုက်၊ စိန်တိုက်၊ မြတိုက်၊ ပတ္တမြားတိုက် စသည်တို့စိမံပြုလုပ်ထားရန် မလို။ ၎င်းပြင် အတုမရှိသော၊ ဘုန်းကံ ပါရမီနှင့် ပြည့်စုံပြီးဖြင်လေသောကြောင့်၊ လက်နက်တိုက်ပျားနှင့်လည်း ပြည့်စုံရန်မလို။ သို့သော်လည်း ခမည်းတော်မင်းကြီးလက်ထက်၊ နန်းတက် မိုးစံစဉ်ကရှိနှင့်သော၊ လက်နက်တိုက်နှင့် ခေါဘိဏီတပ်တို့သည် ရှိပြီးဖြစ်၍၊ အာကာသဓနု၊ဝါလဓနု၊သရဓနု၊သတ္တဓနု၊ လေးဆယောက်တို့ လေးယောက်တို့သည်လည်း ရှိပြီးဖြစ်လေ၏။ ယင်းသို့ ရှိပြီးဖြစ်သော်လည်း အလောင်းတော်မှာ အသုံးမကျ၊ မင်းတို့၏ ထုံးစံမဟုတ်အဂ်ါဖြစ်၍သာ ထားရလေသတည်း။ ခေါဘိဏီတပ်ဆိုတာ သာမည်မဟုတ်။ အလွန်ကြီးကျယ်အားကောင်းသည်။ ခေါဘိဏီတပ်ဆင်ပုံ ဆင်နည်းကို ဤဆိုးမည်၊ မှတ်သား၍ ထားကြရန်ကောင်းလှ၏။ ။

၁၁။ ခေါဘိဏီတပ်ဆင်ပုံ။ ။ဆင်တစီးလျှင်၊ ဆင်စီးသူရဲကောင်းနှစ်ယောက်။ လှံပေးသူ လက်ျာနှစ်ယောက်။ လယ်ဝဲနှစ်ယောက်။ ဆင်ဦးစီးတယောက်။ဆင်ပဲ့စီးတယောက်၊ ဆင်စောင့်တယောက်။ ဆင်ကျွေးနှစ်ယောက်။ ဆင်တစီးလျှင် လူတဆဲ့တယောက် ထားရသည်။၎င်းပြင်မြင်းတစီး လျှင်မြင်းစီးသူရဲကောင်းတယောက်၊ လှံပေးသူ လက်ျာတယောက်။ လက်ဝဲတယောက်။မြင်းစောင့်နှစ်ယောက်။မြင်းကျွေးတယောက်။မြင်းတစီးလျှင် လူခြောက်ယောက်ထားရသည်။ ။၎င်းပြင် ရထားတစီးလျှင် ရထားစီးသူရဲကောင်း လေးယောက်။လှံပေးသောသူ လက်ျာနှစ်ယောက်။ လက်ဝဲနှစ်ယောက်။ရထားမောင်းသူ နှစ်ယောက်။ ရထားစောင့်တယောက်။ရထားတစီးလျှင် လူတဆဲ့တယောက် ထားရသည်။ ဤနည်းအားဖြင့် အင်အားတိုင်း။ ဆင်တစီးလျှင် မြင်းဆယ်စီးရံ။ မြင်းတစီးလျှင် ရထားဆယ်စီးရံ။ ရထား တစီးလျှင် သူရဲကောင်းပေါင်း ဆယ်ယောက်ရံ။ သူရဲကောင်းတယောက်လျှင် သင်္ဘီးကညာရတနာ ဆယ်ယောက်ရံ။ သင်္ဘီးကညာရတနာ၊ တယောက်လျှင်၊ အလုပ်အကျွေးမိန်းမကြီး ဆယ်ယောက်ကြစီရံရသည်။ ဤနည်းအတိုင်း ဆင်ကစ၍ ဆင်ပြင်ရသည်၊ ။ဆင်ပေါင်းကိုးထောင်၊ မြင်းပေါင်း ကိုးသိန်း။ ရထားပေါင်း ကိုးကုဋေ။သူရဲကောင်းပေါင်း ကုဋေကိုးရာ။သင်္ဘီးကညာ ရတနာပေါင်း ကုဋေကိုးသောင်း။ အလုပ်အကျွေးမိန်းမကြီးပေါင်း ကုဋေကိုးသန်း။ ၎ပြဓိယ်းကမန်း။ဝသုန္ဓိတုန်ဟိ၍ သွားလောက်

အောင် ဆင်ယင်ကျင်းပထားသော စစ်တင်မျိုးကို။ ခေါဘိကိတပ်ခေါ်သည်။အားလုံးအရေအတွက်ပေါင်း (တစ်သိုက်လေးဆယ်နှစ်ရှိသည်) ခေါဘိကိတပ်ဆင်ပုံဆင်နည်းပြီး၏။

၁၂။ ခမည်းတော် သိရိသုဒ္ဓါဒနမင်းကြီးသည်၊ အလောင်းတော်မင်းသားနှင့်ပတ်သက်၍၊ ဤသို့အကြံဖြစ်၏။ ငါ၏သားတော်သည်။အသက်တဆဲ့ခြောက်နှစ်ပြည့်၍ အရွယ်ရောက်ပြီ။ ပါရမီရေ စက်ဆုံဆည်းခဲ့သော သားတော်နှင့် သင့်လျော်ထိုက်တန်သော၊ သာကိဝင်မင်းသွီးရတနာကို စုံစမ်းရာကြို၍၊ စုံဘက်လက်ထပ်ပြီးလျှင်၊ နန်းရင် ထိုးဖြူအပ်နှင်း၍၊ မင်းလုပ်စိုးစံစေအံ့ဟု အကြံအစီပြု၏။ယင်းသို့ ပြုသည်နှင်အညီ၊တို့ဝင်းကြီးသောဌသမ္မစ၍၊ အတိုင်းတိုင်း အပြည်ပြည်သို့၊ သားတော် သိဒ္ဓတ္ထမင်းသားနှင့် ထိုက်လျော်သော၊ သာကိဝင်မျိုးစစ် သွီးကညာရတနာ အလိုရှိကြောင်း၊ သဝန်စာလွှာရေး၍ စေ့အောင်ပို့စေ၏။ သားတော်ကိုလည်း မင်းသားတို့တတ်အပ်သော ပညာတို့ကို မည်သူ၏အထံမှာမှ မသင်မကြားဘဲ။ မွေးဘွားသည် နေ့ကစ၍၊ပါရမီအဟုံ၊ သမ္ဘာဂုဏ်တို့ကြောင့် အလိုအလျောက် တတ်မြောက်လာသည်ကို ထင်ရှားစိမ့်သောငှာ ပြစေ၏။ ဤသို့ ပြုပြီး၍၊ မြင်ကြ ကြားကြရသော သာကိဝင်မင်းအံ့ပေါင်းတို့သည်။အလွန်နှစ်သက်အားရကုန်သည် ဖြစ်၍၊ ပိဠိတို့၏အိမ်၌ ရှိကြကုန်သော၊ အပြစ်ကင်းသော သွီးကညာရတနာတို့ကို။ တန်ဆာဆင်၍ ပို့ဆက်လာကြကုန်၏။ ဤသို့ ဆက်လာကြသော သွီးကညာရတနာတို့သည်။လေးသောင်းအရေအတွက်ရှိ၏၊ ထိုအလုံးစုံ လေးသောင်း အရေအတွက်တို့တွင်။ အလောင်းတော်မင်းသားဘွားဘက်တော်ဖြစ်သော၊ဒေဝဒဟ နေပြည်တော်၌၊ ဘိုးတော်အဋ္ဌနမင်းကြီး၏ သားတော် သုပ္ပဗုဒ္ဓမင်းနှင့် သိရိသုဒ္ဓေါဒနမင်းကြီး၏ နှမတော် အမိတ္တာတို့ ထိန်းမြားလက်ထပ်၍၊ အမိတ္တာမှ ဘွားမြင်သော၊ အလောင်းတော်နှင့် ဒီပင်္ကရာမြတ်စွာဘုရားရှင်၏ ခြေတော်ရင်း၌။ ဆုပန်သည်ကစ၍၊ဘဝအဆက်ဆက်ပါရမီရေစက်နှင့်တကွ အလုပ်အကျွေးဖြစ်လာသော၊ ယသောဓရာဒေဝီကို တောင်နန်းစံအဂ္ဂမဟေသီ ဓိဗုယားကြီးတင်မြောက်၏။ တသောင်းသော မင်းသွီးတို့သည်။ ယသောဓရာဒေဝီ၏အခြံအရံ။ကြွင်းသောသုံးသောင်းတို့ကို။ပြာသာဒ်တဆောင်လျှင်တသောင်းစီနေကြစေ၏။ခမည်းတော်မင်းကြီးသည်။ သားတော်အား ဘိသိက်သုံးပါးဖြင့် မြှောက်၍၊ ဓမ္မ။ဒီပါတွင် အတုမရှိသော မင်းအဖြစ်၌ စံစားစေ၏၊

အလောင်းတော်မင်းသားသည်၊ ဤသို့အစဉ်သဖြင့် စံစား၍နေစဉ်၊ တနေ့သ
ဒ္ဓိ ဥယျာဉ်ကစားလိုသည်ဖြစ်၍၊ ရထားထိန်းကိုခေါ်၍ ဆို၏။ အသင်ရထား
ထိန်း၊မင်္ဂလာရှိသော ရထား၌၊ မင်္ဂလာရှိသော မြင်းကိုက၍ တန်ဆာဆင်
ချေလော့။ ဥယျာဉ်တော်ကို ကြည့်ရှုရလေအောင် သွား၊အံ့ဟု အမိန့်ပေး၏။
ရထားထိန်းလည်း၊ အမိန့်တော်မြတ်ကို ဖူတ်လျက်၊ ကုမာရရာ ကြာပြူ အ
ဆင်းနှင့်တူသော၊ လေးစီးသော သိန္ဓေါမြင်းတို့ကို။ ရတနာခုနစ်ပါးဖြင့် ပြီး
သော ရထား၌ကပ်၍ပြီးကြောင်း ကြားလျှောက်၏။ဘုရားလောင်းသည်။နတ်
၏ဗိမာန်နှင့်တူသော ရထားထဲက်သို့တက်၍၊ မြို့တော်မှထွက်၍၊ ဥယျာဉ်
တော်သို့ ဂုဏ်ရှုမောင်းနှင်လေ၏။ ထိုအခါ သိကြားမင်းနှင့်တကွ နတ်သား
အပေါင်းတို့သည်၊ အလောင်းမင်းသား ဥယျာဉ်တော်သို့ ထွက်သည်ကို
မြင်ကြ၍၊ ယခုအခါသည်ကား။ သိဒ္ဓတ္ထမင်းသားဘုရားလောင်းအား။သစ္စာ
လေးပါးတရားကို ထိုးထွင်း၍ သိမြင်အံ့သော အချိန်အခါနီး၏။ ပုဗ္ဗနိမိတ်
ကြီးလေးပါးကို။ဘုရားလောင်းအား ပြအံ့ဟူ၍၊သိကြားမင်းက တယောက်
သော နတ်သားကိုဆို၏၊ အသင်နတ်သား၊ သင်သည်။ အလွန်ထိတ်လန့်
စရာ ကောင်းသော၊ သူဒုစရိုက်ဘန်ဆင်း၍၊ ဥယျာဉ်တော်၌ ဘုရား
လောင်းလာမည်လမ်းရှေ့တည့်တည့်ကနေ၍၊ဘုရားလောင်းနှင့် ရထားထိန်း
နှစ်ယောက်သာ မြင်စေရန် နိမိတ်ပြချေဟု စေလိုက်၏၊ထိုသူဒုစရိုက် ဘုရား
လောင်းနှင့် ရထားထိန်းတို့မြင်ကြ၏။ ဘုရားလောင်းသည် ရထားထိန်းကို
မေး၏။အချင်ရထားထိန်း- ဤသူသည်အဘယ်နည်း။ ရထားထိန်းက အရှင်
မင်းသား ဤသူသည် သူဒုစရိုတည်း၊ ကြာမြင့်စွာအသက်မရှည်၊ သေခြင်း
သို့ အလွန်နီးပြီဟု လျှောက်တင်၏။ ငါမင်းသားသည်လည်း၊ဤသူဒုစရိုမျိုးကဲ့
သို့ ဖြစ်လိမ့်ဦးမည်လော်ဟု၊ အလောင်းတော်က မေးပြန်၏။အရှင်မင်းသား
သည်အသက်ရှည်သေး၊ ဖြစ်ပါလိမ့်ဦးမည်ဟု လျှောက်၏။ ထိုသို့ရထား
ထိန်းက လျှောက်တင်သောအခါ။ အလောင်းတော်မင်းသားသည်၊ အလွန်
ထိတ်လန့်ကြောက်ရွံ့သဖြင့်၊ သူဒုစရိုနိမိတ်ကို ဆက်လက်၍လည်းမကြည့်။
ဆက်သက်၍လည်း မမေးဘဲ။ရထားကို နှံးတော်သို့ပြန်၍ မောင်းနှင်စေပြီး
သျှင်၊ နန်းတော်သို့ ရောက်သောအခါ။ ခမည်းတော် မိဘေးတော်တို့နှင့်
တကွ။ မိဇယားဖြစ်သော နှမတော်ယသောဓရာပါ အတွေ့မခံဘဲ။ ဘုံဝုနစ်
ဆင့်ရှိသော ပြာသာဒ်ထက်သို့ တက်၍၊ တပါးတည်းနေပြီးလျှင် အိုခြင်း
တရားသည်။ အလွန်ထိတ်ဘွယ်၊ လန့်ဘွယ်၊ မဖြင်ဝန့်၊ မကြားဝန့်ဘွယ်

ကောင်းကြောင်း၊ စက်ဆုပ် ရွံရှာဘွယ်ကောင်းကြောင်း၊ သံဝေဂတရား ဆင်ယင်သျှက် နေလေ၏။ ဤနည်းအတိုင်း နှစ်ကြိမ်မြောက် ဥယျာဉ်တော် သို့ထွက်ပြန်၏။ သိက္ခားမင်းအမိန့်နှင့် နတ်သားတယောက်သည်။ သူ့ကို ထက်အဆတရာပို၍ ကြောက်စရာ၊ လန့်စရာကောင်းသော၊ သူနာယောင် ဘန်ဆင်း၍ ပြပြန်၏။ အားလောင်းတော်သည်၊ နှန်းတော်သို့ ပြန်၍၊ သံဝေဂ ယူပြန်၏။ သုံးကြိမ်မြောက် ဥယျာဉ်တော်သို့ ထွက်ပြန်၏။ သိက္ခားမင်း အမိန့်နှင့် နတ်သားတယောက်သည်။ သူနာထက်အဆတရာပို၍၊ ကြောက်စရာကောင်းသော၊ သူသေယောင်ဘန်ဆင်း၍ ပြပြန်၏။ အလောင်းတော်သည် နှန်းတော်သို့ ပြန်၍၊ သံဝေဂယူပြန်၏။ လေးကြိမ်မြောက် ဥယျာဉ်တော်သို့ ထွက်ပြန်၏။ သိက္ခားမင်းသည်၊ နတ်သားတယောက်အား အမိန့်ပေး၍၊ အလွန်ကြည်ညို နှစ်သက် ချစ်ခင်ဘွယ်ကောင်းသော။ မြင်လျှင် မည်သူမဆို အလွန်အားကျဘွယ်ကောင်းသော၊ ရဟန်းအသွင်ကို ဘန်ဆင်း၍ ပြစေ၏။ အလောင်းတော်နှင့် ရထားထိန်း နှစ်ယောက်လုံးပင် မြင်လေ၏။ အလောင်းမင်းသားသည်၊ ရထားထိန်းကိုမေး၏။ ဤသူသည် အဘယ်သူနည်း။ အလွန်ချစ်ခင် နှစ်သက်ကြည်ညိုဘွယ်ကောင်းလှ၏။ ဣန္ဒြေနှင့် ပြည့်စုံ၏။ သူတော်သူမြတ်ပင်ထင်၏။ ရထားထိန်းက အရှင်မင်းသား-ဤသူသည်။ ရဟန်းကောင်း ရဟန်းမြတ်ပေတည်း။ အရှင်မင်းသားသည်၊ သုံးကြိမ်တိုင်တိုင် မြင်ခဲ့သော အလွန်ကြောက်စရာ၊ လန့်စရာ၊ ထိတ်စရာကောင်းသော၊ သူဒုက္ခိ၊ သူနာ၊ သူသေဘဝမျိုးကို မဖြစ်လို၊ မရောက်လိုသောကြောင့်၊ ဖြစ်တတ်၊ ရောက်တတ်သော၊ အကြောင်းတရားဖြစ်သော၊ သားသို့၊ မယား၊ ကျွေး ကျွန်၊ ရွှေ၊ ငွေ၊ ကျောက်၊ စိန်၊ အဝတ်တန်ဆာ၊ ဥယျာဉ်၊ ခြံ၊ မြေ၊ ရထား၊ ဆင်၊ မြင်း၊ အိမ်ရာ၊ နှန်းတော်စသော၊ ချစ်ခင်တွယ်တာဖွယ်သော၊ ဝတ္ထုကာမ။ ထိုဝတ္ထုကာမတို့ကို နှစ်သက်တွယ်တာ အပ်သော၊ ဒုတွင်းတက္ခာခေါ်သော ကိလေသာကာမ။ ။ထိုဝတ္ထုကာမ၊ ကိလေသာကာမ တည်းဟူသော ဘေးဆိုး၊ ရန်ဆိုးတို့ကို၊ ဘင်အိမ်နှင့် လောက်။ တံထွေးပေါက်မှ မက၊ ရွံရှာ စက်ဆုပ်ပယ်ခွါ ဖြုတ်လိုသော၊ သူတော်ကောင်း၊ သူမြတ်လောင်းတို့သည်သာလျှင်၊ ယခု အရှင်သားတော်မြင်တော်မူသည်အတိုင်း။ သစ်ခေါက်ဆိုးဖြစ်သော၊ အရဟာတ္တဧကာသဝ သင်္ကန်းမျိုးကို ဝတ်ဆင်မြှန်းလျက်၊ သပ်သပိ သစ်ရွက်တို့ကိုလည်း စားလိုလည်းစား။ သပိတ်တလုံးနှင့် ရေရသမျှ ဆွမ်းခံ၍၊ စားလိုလည်း စားသောက်ခဲ့ဝံလျက်၊ သစ်တပင်ရိပ်၊

ဝါးတာပင်အောက်၌ နေ၍၊ ကမ္မဋ္ဌာန်း ဘာဝနာ တရားမျိုးကိုသာ အား ထုတ်ပွားများ၊ လေ့လာကျင့်ကြံ၍ နေကြပါသည်၊ သူဒီ၊သူနာ၊သူသေ အ ဖြစ်မျိုးနှင့် မတွေ့လို၊မကြုံလိုလျှင်၊ ဤကဲ့သို့သော သစ်ခေါက်ဆိုးသက်နှမ်းမျိုး ကိုဝတ်၍၊ ၊ရသေ့ ရဟန်း ပြုလုပ်ပြီးလျှင်၊ ကမ္မဋ္ဌန်း ဘာဝနာ တရားအား ထုတ်သူတို့သည်၊ တွယ်တာစရာ နှစ်သက်စရာ တဏှာ ရာဂတို့ကင်းငြိမ်း လွယ်ပါသည်။ ကင်းငြိမ်းလွယ်မှသာလျှင်၊ အထက်ကဆိုခဲ့သော သူဒီ၊ သူနာ၊ သူသဘဝမျိုးမှ လွတ်မြောက်နိုင်ပါသည်ဟူ၍၊ ရုထားဝင်နန်းက လျှောက်ထားသောအခါ၊ အလောင်းတော်မင်းသားသည်။ အလွန်အားရ နှစ်သက်ခြင်းဖြစ်၏၊ ရုထားထိန်းသည်။ အလောင်းတော်မင်းသားမေးသမျှ စကားအလုံးစုံတို့ကို၊ နှတ်တို့၏ တန်ခိုးအာနုဘော်ကြောင့်သာ ပြန်၍ ဖြေ ဆိုနိုင်လေသတည်း၊ ။

၁၃၊ အလောင်းတော်က ရထားထိန်းကို ဆက်ပြန်၏။ အချင်းရထား ထိန်း၊ ထိုရဟန်းရှိရာအနီးသို့ ရောက်အောင်။ ရထားကို မောင်းနှင်ပါ။ ငါ သည်၊ ထိုရဟန်းကို အကြောင်းအရာ အလုံးစုံကို မေးမြန်း လိုသည်ဟု ပြောသောအခါ ရုထားထိန်းသည်၊ ရဟန်း၏ အနီးသို့ မောင်းနှင် လေ၏၊ အလောင်းတော်သည်၊ ရထားပေါ်မှ ဆင်းသက်၍၊ ရဟန်းအား။ အချင်းရဟန်း- သင်၏ရဟန်းဘဝမည်သည် ကောင်း၏။ တရားကိုကျင့် ခြင်းသည် ကောင်း၏။ ကုသိုလ် ကောင်းမှု ပြုခြင်းသည် ကောင်း၏၊ မေတ္တာပွားခြင်းသည် ကောင်း၏။ သင်ရဟန်းသည်။ သူဒီ၊သူနာ၊သူသေ အဖြစ်မျိုးကို စက်ဆုပ်ကြောက်လန့်၍၊ ရဟန်းပြုသနည်းဟု မေး၏။ရဟန်း က ငါသည်၊သူဒီ စသော ဘေးဒုက္ခမျိုးကို။ အလွန်ထိတ်လန့် ကြောက်ရွံ့ သောကြောင့်သာ၊ ရဟန်းပြုရပေသည်ဟူ၍ ပြန်ပြောသောအခါ၊ အလောင်း တော်သည်၊ ငါလည်း ဤရဟန်းကဲ့သို့၊ သစ်ခေါက်ဆိုးဖြစ်သော၊ အရဟတ္တ ဓမ္မကာသာဝ သက်နှမ်းမျိုး မဲ့ ဝတ်ဆင်၍၊ သူဒီ၊ သူနာ၊ သူသေစသော၊ သံသရာဘေးဒုက္ခ၊ အမျိုးမျိုးမှ၊ ထွက်မြောက်ခဲ့သေအောင်၊ရဟန်းပြုတော့ အံ့ဟု ကြံစိန်လုံးပိုက်တော်မူ၏၊ ရုထားထိန်းကိုလည်း၊ ဥယျာဉ်ဝင်းခွံ နှံ့ အောင်၊ ရုထားကို မောင်းနှင်ခေ၏။ အလောင်းတော်သည်၊တနေ့ပတ်လုံး၊ ဥယျာဉ်ခွံပင်၊ဆင်း၊နှံ၊ ခရာဒုံမင်းပသာ၊ ပဉ္စင်တ္ကဒိုယာအတိ၊ အမှတ် အမျိုးရတို့ဖြင့်၊ ဥယျာဉ်၏ စည်းစိမ်ကို ခံစားခဲ့၊ညနေချမ်းအခါ၊ဂင်္ဂလာဂို

သော ရောကနှိုင် ရေချိုးပြီး၍၊ မင်္ဂလာရှိသော ကျောက်ပျာအပြင်၌ ထိုင်၍၊ မိမိ ကိုယ်ကို၊ တန်ဆာဆင်လိုသော စိတ်ဆန္ဒပေါ်လာ၏။

၁၄၊ ထိုအခါ သိကြားမင်းသည်၊ ဆင်ခြင်လတ်သော်၊ ဥယျာဉ်၌ မင်္ဂလာရှိသော ကျောက်ပျာပေါ်၌ထိုင်လျက်ရှိနေသော၊ဘုရားလောင်းတော် မင်းသားသည်၊မိမိကိုယ်ကို တန်ဆာဆင်လိုသောအဖြစ်ကို သိ၍၊ဝိသကြံ့ နတ်သားကို ခေါ်၍၊ အချင်းဝိသကြံ့ နတ်သား- အလောင်းတော်သည်။ ကိုယ်တော်ကို တန်ဆာဆင်ယင်လို၏။ ၎င်းပြင် အလောင်းတော်သည်၊ ယနေ့သန်းခေါင်ယံ၌ တောထွက်တော်မူလတံ့၊ ယခုအခါ တန်ဆာဆင်ခြင်းသည်၊ အဆုံးစွန်သော တန်ဆာဆင်ခြင်းပေတည်း၊ သင်နတ်သားသည်။ဥယျာဉ်သို့သွား၍၊ ယောကျ်းမြတ်အား။ နတ်၌ဖြစ်သောတန်ဆာတို့ကိုယူ၍၊ ဆင်ယင်ချေလော့ဟု စေ၏။နတ်သားသည် ဝန်ခံ၍၊ ဆတ္တာသည် အသွင်ဘန်ဆင်း၍၊ တန်ဆာဆင်၍ ပေး၏၊ နတ်ပြည်၌ ဖြစ်သော၊ သာလ မကပန်း၊ ကုသုမ္ဘကပန်းတို့ဖြင့်လည်း ဆင်ယင်၍ ပေး၏၊ အလောင်းတော် သည်၊ထိုတန်ဆာဆင်၍ပေးသော၊ ဆတ္တာသည်ကို နတ်သားမှန်းသိ၏။တန် ဆာဆင်ပြီးသောအခါ အလုံးစုံလော နတ် ဗြဟ္မာတို့သည်၊ အောင်စေသ တည်း။ အောင်စေသတည်းဟူ၍၊ မင်္ဂလာရှိသောအသံတို့ဖြင့် ကောင်းချီး မင်္ဂလာ ဩဘာပြု၍၊ ဘိတ်သိကံမြောက်ကြ၏။ အလောင်းတော်လည်း၊ နန်းတော်သို့ ပြန်အံ့သောဌာ၊ မင်္ဂလာရထားထက်သို့ တက်တော် မူလေ၏။ ။

၁၅။ ထိုအခါ ယသောဓရာမိဖုယားခွ သားတော်တပါးဘွားမြင်၏။ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည်၊ငါ၏သားတော်အား။နှစ်သက်ဝမ်းသာ ရှိစိမ့်သောဌာ၊ သားတော်ဘွားမြင်ကြောင်း၊ သတင်းစကားလျှောက်စာကို ဆက်သချေဟု စေ၏။အလောင်းတော်သည်။ထိုစာကိုကြည့်၍၊ယသောဓရာ မိဖုယားခွ သားတော်တပါးဘွားမြင်ခြင်းသည်၊ငါ့အား အနှောင်အဖွဲ့ဖြစ်ခဲ့ ၏။အလောင်းတော်၏မျက်နှာတော်သည်။ လကို ရာဟုဘမ်းသကဲ့သို့ ဖြစ် ခဲ့၏ဟု အလွန်ဆက်သလား၊သောတမန်တို့ကို ပြောဆိုလိုက်၏၊တမန်တို့ပြန် သော်အခါ။ သုဒ္ဓေါဒနမင်းကြီးသည်၊ငါ၏သားတော် အဘယ်သို့ ဆိုသနည်း ဟု မေးတော်မူ၏၊ သားတော်က ပြောဆိုလိုက်သောစကားကို ကြား၍၊ ယနေ့မှအစပြု၍ ငါ၏မြေးတော်ကို၊ ရာဟုလာ အမည်တွင်စေသတည်းဟု အမည်မှည့်တော်မူလေ၏၊ ဘုရားလောင်းသည်လည်း ရထားစီးပြီးလျှင်၊

ဥယျာဉ်တော်မှ ထွက်၍၊ အတိုင်းမသိမျှားမြတ်သော အခြံအရံတို့ဖြင့်၊ အလွန်နှလုံးမွေ့လျော်ဘွယ်ရှိသော အာသရေ၏တင့်တယ်ခြင်းဖြင့်၊ ကံဝိလဝတ်နေပြည်တော်သို့ ဝင်တော်မူ၍၊ ဤသို့ကြံ၏၊ ငါသည်။ အစ္ဆရိတွေ့ အတွင်းသန္တာန်၌ ရှိသော၊ အာသဝေါလေးပါး၊ ဩဃလေးပါး၊ ယောဂ လေးပါး၊ ဂန္ထိလေးပါး၊ နိဝရဏခြောက်ပါး၊ အနုသယခုနစ်ပါး၊ ကိလေသာဆယ်ပါး၊ သံယောဇဉ်ဆယ်ပါး၊ ရာဂမီး၊ဒေါသမီး၊ မောဟမီး စသော မီးတဆဲ့တဲပါးတို့နှင့်တကွ၊ ဒိဋ္ဌိ၊မာနစသည်တို့ ငြိမ်းသည်ရှိသော်၊ ဇာတိ၊ ဇရာ၊ ဗျာဓိ၊မရဏ စသော သံသရာဘေးဒုက္ခ ဟူသမျှတို့အလုံးစုံ တစမကျန်ငြိမ်းကုန်လတ္တံ၊ ထိုသို့ ငြိမ်းသည်ရှိသော်၊ နိဗ္ဗာန်မည်၏ဟု ကြံပြီး၍၊ ငါသည်လည်း နိဗ္ဗာန်ကိုအလိုရှိ၏။ ငါသည် ယနေ့ပင်လျှင်၊ အိမ်ရာထောင်ခြင်းအမှုကိစ္စမျိုးကို မပြုဘဲ တောထွက်၍၊ ရဟန်းပြုပြီးလျှင်၊ နိဗ္ဗာန်ရောက်ကြောင်း တရားနည်းလမ်းကောင်းကိုရှာအံ့။ဘုရားလောင်းသည် မျှားငြိတ်သောအသရေ၏ဘင့်တယ်ခြင်းဖြင့်၊ နှန်းတော်တွင်းသို့ဝင်၍၊ ပြာသာဒ်ထက်သို့တက်၍၊ကောင်းမြတ်သော အမြဲနိအနေသာရှိသော၊ခဲဘွယ်ဘောဇဉ်တို့ကို စားသောက်သုံးဆောင်ပြီး၍၊ ကြက်သရေတိုက်ခမ်းသို့ ဝင်း၍၊ အသရေရှိသော အိပ်ရာထက်၌ အိပ်၍နေ၏။ ထိုအခါ ခပ်သိမ်းသောတန်ဆာတို့ဖြင့် တန်ဆာဆင်ကုန်သော၊ ကခြင်း၊သီချင်း၊တီးမှုတ်ခြင်းတို့၌ အလွန်ကျွမ်းကျင် တတ်မြောက်ပြီးကုန်သော၊နတ်သို့ကဲ့သို့ အဆင်းအရောင်တင့်တယ်ကုန်သော၊အလွန်နူပျို့သောအရွယ်ရှိကုန်သော၊ သတ္တိသို့ကဲ့ကညာရတနာတို့သည်။တူရိယာအစုံအလင်တို့ဖြင့်၊အလောင်းတော်၏အနီး၌ တီးမှုတ်ကခုန်ကြ၍၊ အလောင်းတော်ကို တောမထွက်စိမ့်သောငှာ၊ ကိလေသာကာမဂုဏ်၊ အာရုံတို့ဖြင့် ယှဉ်၍ ဆွဲငင်ကြကုန်၏။ ။

၁၆။ ထိုသို့ ကိလေသာအာရုံဖြင့် ဖြားယောင်းဆွဲငင်ကြသော်လဲ ဘုရားလောင်းသည်၊ သံဝေဂယဉ်ပြီးဖြစ်၍၊ ကိလေသာတို့၌ တတ်ခြင်းကင်းသည်၏အဖြစ်ကြောင့်၊ကခုန်ဘီးမှုတ်ခြင်းတို့၌ မနှစ်သက်။မနွေ့လျော်သည်ဖြစ်၍၊ ခေတ္တမျှအိပ်ငိုက်၍ ပျော်ခြင်းသို့ ရောက်၏။ ထိုမိန်းမငယ်တို့သည်လည်း၊ ငါတို့သည် မင်းသား၏အလိုငှာသာ၊ကခြင်း၊ သီချင်း၊တီးမှုတ်ခြင်းတို့ကို ပြုကုန်၏။ မင်းသားသည် အိပ်ပျော်ခြင်းသို့ ရောက်လေပြီ။ ငါတို့လည်း အိပ်ကုန်အံ့ဟုဆို၍ အိပ်ကြကုန်၏၊ နံ့သာဆီမီးရောင်သည် ထွန်းလင်းတောက်ပလျက် ရှိနေလေ၏။ ဘုရားလောင်းမင်းသားသည် နှိုးတော်

မူ၍၊ အိပ်ရာထက်၌ ထက်ဝယ်ဘွဲ့ခွေ၍ နေတော်မူသဖြင့်၊ အိပ်လျက်နေကြသော သို့ဖြစ်ကြောင့်ဟု ဖြင့်၍၊ အလွန်စက်ဆုပ် ရွံရှာတော်မူ၏။ တာဝတိံသာနတ်ပြည်၌ သိကြားမင်းစံမြန်းတော်မူသော၊ ဝေဇယန္တာ နန်းပြာသာဒ်နှင့်တူသော၊ မိဒိစံမြန်းတော်မူသော၊ နန်းပြာသာဒ်သုံးဆောင်တွင်း၌ ဂိုဂိုသမျှကုန်သော အလုံးစုံတို့ကိုလည်း၊ သူကောင်ပုင်တွေ၊ မစင်ဘင်ပုပ်တွေဟု ထင်ကုန်၏။ ဇမ္ဗူဒီပါတွင်အတုမရှိ အလွန်ဆန်းကြယ်စွာသော် လုပ်ထားသော နန်းတော်နယ်ပယ်တပြင်လုံးပင်။ သုသာန်သင်းချိုင်းအရပ်ကဲ့သို့ ဘုရားလောင်းအား ထင်တော်မူ၏။ ကာမ၊ ရူပ၊ အရူပဟု ဆိုအပ်သော ဘဝသုံးပါးတို့ကိုလည်း။ ရဲရဲဝံ့ဝံ့ တောက်လောင်သော မီးပုံကြီးကဲ့သို့ ထင်တော်မူ၏။

၁၇။ ထိုကြောင့် အိုနတ်လူအပေါင်းတို့- သံသရာလောကကြီးသည် နှိပ်စက်စွတကား၊ စက်ဆုပ်ဘွယ်ရှိစွတကားဟု၊ ဥဒါန်းကျူးတော်မူလျက်၊ အဘိုးထက်အလွန် ရဟန်းပြုခြင်းငှာ၊ စိတ်ညွှတ်တော်မူလေ၏၊ ဘွားဘက်ဘဝ် မောင်ဆန္နှင့်တိုင်ပင်၍၊ ငါမင်းသားသည် ယခုအခါ ဖြတ်သောတောထွက်ခြင်းကို ထွက်လို၏။ တစုံတယောက်သောသူကိုမျှ မသိစေမူ၍ လျင်မြန်သော ခွန်အားနှင့်ပြည့်စုံသော၊ မြင်းတစီးကို မြဲမြံနိုင်စွာ ဆင်ပြင်၍ ဆောင်ခဲ့လော့ဟု စေခိုင်းတော်မူ၏၊ မောင်ဆန်းလည်း ဘွားဘက်တော်ကဿကမြင်းကို ဆင်ပြင်၏၊ မြင်းလည်းဆင်ပြင်သည်နှင့် တပြိုင်နက်။ ငါ၏အရှင်မင်းသားသည်၊ မြတ်သော တောထွက်ခြင်းကို ထွက်တော် မူလိုသည်ဖြစ်လတံ့ဟုသိ၍၊ အလွန်နှစ်သက်လေသောကြောင့်၊ ပြင်းစွာဟီသံဖြင့် ဟီသံပေး၏။ ထိုအသံသည်။ အလုံးစုံ ကပိလဝတ်ပြည်၌ နှံ့ထွက်၍သွားရာ၏ဟု လူအပေါင်းတို့ သိမည်ကိုစိုးသောကြောင့်၊ နတ်တို့သည် ထိုအသံကို ဝှေ့ဝှေ့ပွတ်၍၊ တစုံတယောက်သောသူအား မျှ မကြားရပေ။ မြင်းကို ပြင်ပြီး၍ ဘောမထွက်မီ၊ ဝိဇိယားနှင့် သားတော်အိပ်ရာတိုက်ခန်းသို့ သွား၍ တံခါးကို ဖွင့်းတော်မူ၏ အခန်းတွင်း၌ နံ့သာဆီမီးရောင်သည်၊ ထွန်းလင်းလျက်ရှိ၏။ အလွန်မွေးယင်နံ့ကျင်း၊ လိုင်ပြန့်သင်းသော၊ မြတ်လေး၊ ကြက်ရုံး၊ စပါသ်နှင်းပန်း အစရှိသောပန်းတို့ တတင်းသားလောက် ကြဲဖြန့်၍ ထားသော၊ စက်မွေ့ရာဝယ်။ သားတော်ရာဟုလာ၏ ရင်ပေါ်၌၊ လက်ျာလက်ကို တင်၍ စက်ပျော်၍ နေသော၊ ယသောဓရာဒေဝီယားကိုမြင်သဖြင့် အကယ်၍၊ ငါအလောင်းမင်းသားသည်၊ ယသောဓရာ၏လက်ကို ဖယ်ရှား၍၊ သား

တော်ကို ယူချေအံ့။ဗိဇယားသည် နိုးလတံ့သင့်ရှိသော်၊ငါ့အားတောထွက်ခြင်း၏ အန္တရာယ်သည် ဖြစ်လတံ့၊ ဘုရားဖြစ်ပြီးမှ သားတော်ကို ရှုမြင်တော့အံ့ဟု ကြံ၍၊ နောက်ဆုတ်တော်မူခဲ့ပြီးလျှင်၊ ပြာသာဒ်ထက်မှ သက်ဆင်းတော်မူခဲ့၍၊ကဏ္ဍကမြင်း၏အနီးသို့ သွား၍၊မြင်းကို ဤသို့ဆိုတော်မူ၏။ ဘွားဘက်တော်ဖြစ်သော၊ ချစ်သားကဏ္ဍက-သင်သည် ယနေ့တည်ဥ်မျှ၊ ငါ၏အကျိုးကို ဆောင်လော၊သင့်ကိုမှီ၍ ငါသည် ဘုရားဖြစ်တော်မူသောအခါ။နတ်လူနှင့်တကွသော၊ သတ္တလောကကြီးကို၊ ကယ်မြွတ်ပါရလတံ့ဟူ၍ ဆို၏။ ။

၁၈၊ ထိုသို့ဆိုပြီးမှ မြင်း၏ကျောက်ကုန်းထက်သို့ တက်၍။ အမြီးဦးမောင်ဆန့်ကို ဆွဲခေါ်၏။သန်းခေါင်အချိန်၌ နန်းတော်မှ ထွက်၍ မြို့တံခါးသို့ရောက်လေ၏။ မြင်း၏ခွါသံသည်၊ အလွန်ပြင်းထန်လေသောကြောင့်၊ တစုံတယောက်သောသူမျှ မကြားရလေအောင်။နတ်များက မြင်း၏ခွါချာဖျတ်ဦးချတိုင်း လက်နှင့်လိုက်၍ မကြ၏။ ဤအချက်မှာလည်း။ သိဒ္ဓတ္ထမင်းသားအကြီးမြောက်အောင်။နတ်များကူညီတာကို ထောက်သဖြင့်၊ ဘုရားမဖြစ်မီမင်းသားဘဝကပင်၊ ဘာသာတပါး ဘုရားတို့ထက် သာလွန်ထူးဆန်းအံ့ဩဘွယ် ကောင်းပုံစင်စား၍၊ သတိထားကြရန် ကောင်းလှ၏။ ခပည်းတေဝဲမင်းကြီးသည်။ အလောင်းတော် တောမထွက်စိမ့်သောဌာ၊တံခါးတဆုတခကို ယောကျ်ားတထောင်ဖွင့်မှ ပွင့်အောင်စီမံ၍၊ တံခါးစောင့်လည်းများစွာထား၏။ ဘုရားလောင်းလည်း အထက်ကဖော်ပြခဲ့ပြီးသော နည်းအတိုင်း၊ယခုအခါ လူမျှားအသုံးပြုကြသော၊ပကတိသောကာဠာဝကဆင်မျိုးကုဋေတထောင်အားနှင့်ညီမျှသော အားအစွမ်းနှင့်ပြည့်စုံ၏၊ လူယောကျ်းတို့အရေအတွက်အားဖြင့် ကုဋေတသိန်းအားနှင့်ညီမျှ၏၊ အလောင်းတော်သည်၊ တံခါးအနီးသို့ ရောက်သောအခါ။ တံခါးပိတ်ထားသည်ကို မြင်သဖြင့်၊တံခါးကိုမဖွင့်ဘဲ တဆဲ့ရှစ်တောင်မြင့်သောမြို့ရိုးကိုခုန်၍ထွက်အံ့ဟုကြံတော်မူ၏၊ဤနည်းအတူ မောင်ဆန်လည်းကြံ၏ ကဏ္ဍကမြင်းလည်းကြံ၏။ အချင်းချင်းမတိုင်ပင်ဘဲလျက်၊ အကြံခြင်းတူမျှကြ၏။ ဤအချက်မှာလည်း၊ အံ့ဩစရာတခုတည်ဘဲ။ ဘာသာတပါးနှင့် ဘယ်လိုနေသလဲစင်းစားကြလော့။ ဤသို့ကြံစိကြသည်ကို၊တံခါးစောင့်နတ်တို့သည် သိကြ၍၊ တံခါးကိုနတ်တို့ကမွှင့်၍ပေးကြ၏။ဤအချက်မှာလဲ ဘာသာတပါးတို့နှင့် နှိုင်းပြိုင်၍ စင်းစားကြရန် သတိပေးလိုက်ရသည်၊ ။

၁၉။ ထိုအခါဝသဝတ္တိမာဂဏ်နတ်မင်းသည်၊ဘုရားလောင်းအားတော မထွက်ပါနှင့်၊ ယခုမှ ချမ်းရက်ကြာလျှင်၊ လေးကျွန်းလုံးကို အစိုးရသော စကြာမင်းကြီးဖြစ်လတ္တံ့။ အကျွန်ုပ်လည်း၊ သင်မင်းသား၏ အလုပ်အကျွေး ပြုပါအံ့ဟူ၍တားမြစ်၏။ဘုရားလောင်းက ငါသည် ဧကြမင်းစည်းစိမ်ကို၊မ စင်ဘင်ပုပ်ကဲ့သို့ထင်၏၊လေးကျွန်းလုံးစည်းစိမ်ကို၊သုသာန်သင်းချိုင်းကဲ့သို့ ထင်၏ဟု ဖြောဆို၍၊မာဂဏ်နတ်၏စကားကို ငယ်ရှားပြီးလျှင်၊ ငါအလောင်း တော်မင်းသားသည်။ လူ၊နတ်၊ဗြဟ္မာတို့၏ ကိုးကွယ်ဆည်းကပ်ရာ ဘုရား စင်စစ်ဖြစ်လတ္တံ့ဟူ၍ ပြန်ပြောပြီးလျှင်၊ ဂဝိဝလတ်နေပြည်တော်၏ အရှေ့ တောင်ယွန်းယွန်း၊ဥရုဝေလတောရိုရာသို့ ဂဟ္ဟာဂမြင်းကို မောင်းနှင်လေ၏၊ ထိုအခါအလောင်းတော်တန်းခိုးကြောင့် ကြီးကျယ်သောမြေလျင်တကြိမ် လုပ်၏။အပျက်အစီးမရှိ။ မင်္ဂလာရှိသော မြေလှုပ်ခြင်းတည်း။ လမ်းခရီးဌ များစွာသော နတ်တို့သည်၊ ပူးဇော်သက္ကာရ ပြုကြကုန်၏။ ဤအချက်မှာ လည်း၊ ဘာသာတပါးတို့နှင့် နှိုင်းပြိုင်၍ စင်းစားကြလေ။ ။

၂၀။ အထက်က ဖော်ပြခဲ့သမျှသော စကားအစဉ်တို့သည်ကား၊ အလောင်းတော်သည်။ မယ်တော်၏ဝမ်းဝယ်၊ ဇဋိသန္ဓေ တည်နေစက၊ ထူးဆန်း အံ့သြဘွယ်ကောင်းပုံ။ ပဋိသန္ဓေတည်နေစဉ်၊ အန္တရာယ်ကင်း အောင်အစဉ်အရှောက်ရှိနေကြပုံ၊ ဘွားမြင်စက တန်းခိုးအာနုဘော်တွေ မြင်ရပုံ၊သုံးခွန်းသောစကားဖြင့် ကြွေနှုးပပုံ။ နတ်တို့က သက်သေခံပုံ။ ဇမ္ဗူ။ သပြေပင်ရိပ်၌ထားစင်က တန်းခိုးတော်တွေ မြင်ရပုံ၊ဆွေတော် မျိုးတော် များရှေ့၌ လေးအတတ်ပြပုံ။ စံစားခဲ့သော နန်းတော်ဆောက်သုပ်ပုံ။ နန်း တော်၌စည်းစိမ်ခံစားခဲ့ပုံ။ဥယျာဉ်တော်သို့ ထွက်သောအခါ၊ သိကြားနတ် မင်းတို့နိမိတ်ပြပုံ။ နန်းတော်၌ သံဝဂယူပုံ။ ဂဟ္ဟာဂမြင်းနှင့် တောထွက် ရာ၊ နတ်များစောင့်ကျည်ပုံ စသည်တို့ကို၊ အကြိမ်ကြိမ်ပြန်၍ စင်းစား ဆင်ခြင်ကြပါလျှင်၊ အလောင်းတော်သည်။ အတုမရှိသော ဘုရားစင်စစ် မဖြစ်မိကပင်။ အဘယ်မျှလောက်သော ဘုန်းတန်းခိုး အာနုဘော်နှင့်ပြည့်စုံ ခြင်း။ အဘယ်မျှလောက် ထူးဆန်း အံ့သြဘွယ်ရာ ကောင်းခြင်းတို့ကို၊ ဘာသာတပါးတို့နှင့် မကြာမကြာနှိုင်းပြိုင်၍ ကြည့်ကြပါ။ သမ္မာသမ္ဗုဒ္ဓ သာသနာတော်မှ၊ ပိန္ဆာဝဂါဒ ဘာသာတပါးသို့ ပြောင်းသွားသောသူတို့၏ အကျိုးငှာသာ၊ ဤစကားအစဉ်ကို ရေးသားဖော်ပြလိုက်ရပေသည်။ ။

၂၁။ အလောင်းတော်သည်၊ ဥရုဝေလတောသို့ မရောက်မီ၊ လမ်း

ခရိုးခွ ညဉ့်သန်းခေါင်အချိန်ဖြစ်၍၊ မှောင်မိုက်လေသောကြောင့်၊ ရှေက နတ်သား ခြောက်သောင်း။ နောက်က နတ်သား ခြောက်သောင်း၊ လက်ျာ လက်ဝဲကလည်းနတ်သား ခြောက်သောင်းစီ။နတ်၌ ဖြစ်သော နံ့သာဆီမီးရှူး တိုင်တို့ဖြင့် အသရေရှိသော အလင်းရောင်တို့ကို ပြကြကုန်၏။တပါးသော နတ်နဂါး၊ဘဋ္ဌန်တို့ကလည်း၊ နတ်ပန်းနံ့သာ အမျိုးမျိုးတို့ဖြင့် လမ်းခင်းကြကုန်၏။ ထီးတံခွန်တို့ဖြင့် ပူဇော်ကြ၏။ ထက်ဝန်းကျင်မှ၊ ခြောက်သန်း ရှစ်သိန်းသော နတ်ဘို့သည်၊တူရိယာတို့ဖြင့် ပူဇော်ကြကုန်၏။ ဤအချက် မှာလဲ။ဘာသာတပါးတို့နှင့် နှိုင်းပြိုင်၍ ကြည့်ရှုင်းစားကြလေ။ အလောင်း တော်သည်။ ဓိဇယ်းလင်းသောအခါ။ ဟိမဝန္တာတောင်ခြေမှ စီးဆင်း၍၊ ဂင်္ဂါမြစ်သို့ စီးဝင်သော၊အနောဝမာမြစ်နားသို့ ရောက်လေ၏။ (အမှာ)ယခု အခါ။ မဏ္ဍိမဒေဿ၌ ဗောဓိပင်စေတီကြီး၏ အရှေ့ဘက်နားမှာရှိသောမြစ် ကို၊ ကုလားတွေက အနောဝမာမြစ်ခေါ်နေကြသည်။အလွန်မှား၏။ သတိပြု ကြစေလိုကြောင်း။ ။အနောဝမာမြစ်နားသို့ ရောက်ကြသောအခါ ရှစ်ဥသဘာ ကျယ်သော ထိုမှာဘက်ကမ်းသို့ ရောက်အောင်။မြင်းသည် သတိနှင့်တကွ ခုန်၍ကူး၏။ ရောက်သောအခါ ဘုရားလောင်းသည်။ ငွေအဆင်းနှင့်တူ သော၊သဲသောင်ပေါ်သို့ ဆင်း၍ရပ်လျက်၊ မောင်ဆန်ကို့ပြော၏။ငါ၏ တန် ဆာမျှားနှင့် မြင်းကိုယူ၍ ပြန်လေလော့။ ခမည်းတော်မှစ၍၊ ဆွေတော် မျိုးတော်တို့က မေးလျှင်၊ အကြောင်းကို ပြောပြလေ။ငါသည် ၊ ဤအရပ် တွင် ရဟန်းပြုအံ့ဟူ၍၊ ခိန့်တော်မူလေ၏။ ဘုရားလောင်းသည် ကြီး၏။ငါ၏ ဆံမုတ်ဆိတ်တို့သည်၊ ရဟန်းနှင့်မလျော်၊ သူတပါးတို့ ဖြတ်ခြင်းငှာလည်း မထိုက်။ ဝိဓိကိုယ်တိုင်သာလျှင်၊သန်သွက်နှင့်ဖြတ်၏။ အလောင်းတော်၏ ကိုယ်၌ လက်နှစ်သစ်ခန့်မျှ ကျန်ရစ်၏ ဘုရားဖြစ်၍ ပရိနိဗ္ဗာန် ပြုသည်တိုင် အောင်တိုး၍ မရှည်။ မူလအတိုင်း၊ အမြဲတည်၏၊ဤအချက်မှာလဲ။ဘာသာ တပါးဘုရားများနှင့် နှိုင်းပြိုင်၍ စင်းစားကြလေ။ ။

၂၂။ ဘုရားလောင်းသည် ထိုဆံတော်ကို ကိုင်၍၊ငါသည် အတုမရှိ သောဘုရားစင်စစ်ဖြစ်အံ့။ကောင်းကင်၌ တည်စေသတည်း။ဘုရားမဖြစ်အံ့။ မြေသို့ ကျစေသတည်းဟု၊ ဓိဋ္ဌာန်၍အထက်သို့ပစ်မြှောက်တော်မူ၏။ ဆံ တော်သည်။ တယူဇနာမျှလောက် အထက်သို့တက်၍၊ ကောင်းကင်၌ ပန်း ဆိုင်းဆွဲသကဲ့သို့ တည်လေ၏။ သိကြားမင်းသည်၊ တာဝတိံသာနတ်ဘုံ မှ မြင်၍၊ ရတနာပန်းတောင်းဖြင့် ခံယူ၍၊ တာဝတိံသာနတ်ပြည်၌ပင် ချုပ်စ်

ယူဇနာဖြင့်သော၊ စူလာမကိစေတီတည်၍၊ ယခုထက်တိုင် နှတ်တို့ ကိုးကွယ် ပူဇော်ကြလေ၏။ ။

၂၃။ ဆံတော်ပယ်သော သန့်ရှင်းကို၊ ဟိမဝန္တာတောဖျိအနောက် မြောက်ယွန်းယွန်းရှိ၊ မန္ဒာဂိရိတောင်မှာနေသော၊ မဟာသရနတ်မင်းကြီး သည်။ တောင်းယူ၍၊ ၎င်းတောင်ထိပ်မှာပင်၊ မဟာမုနိစေတီတည်၍၊ ဌာပနာပြီးလျှင်၊ ယခုထက်တိုင် မဟာသရ နတ်မင်းကြီးနှင့်တကွ၊ ဟိမဝန္တာတောနယ်ရှိ နတ်အပေါင်းတို့ ကိုးကွယ် ပူဇော်ကြလေ၏။ ။ဤအချက်များ ၌လည်း၊ ဘာသာတပါး ဘုရားများနှင့် နှိုင်းပြိုင်၍ စင်းစားကြလေ။ ။

၂၄။ ကဿပမြတ်စွာဘုရားရှင် ပွင့်တော်မူစဉ်က။ ဘုရားလောင်းနှင့်အလွန် ချစ်ခင်သော၊ အဆွေခင်မွန်းဟောင်း ဖြစ်ခဲ့ဘူးသော၊ ဃဋိကာရ ဗြဟ္မာကြီးသည်။ အနော်မာမြစ်နား၌ ဘုရားလောင်း ဆံတော်ပယ်သည်ကို မြင်၍၊ ဗြဟ္မာဘုံမှ သက်နှံးပရိက္ခရာတို့ကို ယူဆောင်၍၊ ဆင်းသက်လာပြီးလျှင်၊ စေတနာသဒ္ဓါထက်သန်စွာဖြင့် လှူဒါန်း၏။ အလောင်းတော်သည်၊ အလွန်နှစ်သက်အား၍ ဝမ်းမြောက်သည် ဖြစ်၍၊ သက်နှံးတို့ကိုဝတ်ဆင်၍၊ ဝတ်လဲတော်ဖြစ်သော ပုဆိုး၊ အင်္ကျီ၊ ဦးရုံခေါင်းပေါင်းတို့ကို လက်ဖြင့်ကိုင်၍၊ ငါသည် အတုမရှိသော ဘုရားစင်စစ်ဖြစ်အံ့၊ ကောင်းကင်၌ တည်စေသတည်း။ ဘုရားမဖြစ်အံ့။ မြေသို့ကျစေသတည်းဟု၊ ဓိဋ္ဌာန်၍၊ အထက် ကောင်းကင်သို့ ပစ်မြှောက်တော်မူပြန်၏။ ဆံတော်မြှောက်စဉ်ကနည်းတူ ကောင်းကင်၌ တည်၏။ ထိုပရိက္ခရာလှူသော ဗြဟ္မာကြီးသည် ယူဆောင်၍၊ အကနိဋ္ဌဗြဟ္မာဘုံ၌၊ တဆဲ့နှစ်ယူဇနာမြင့်သော၊ ဒုဿစေတီတည်၍၊ ယခုထက်တိုင် ဗြဟ္မာတို့ကိုးကွယ်ပူဇော်ကြ၏။ ။ဤအချက်များ၌လည်း၊ ဘာသာတပါး ဘုရားများနှင့် နှိုင်းပြိုင်၍ ကြည့်ရှုရာ၏။ ။

၂၅၊ မောင်ဆန်နှင့်အတူ။ ကဝိသဝတ်နေပြည်တော်သို့ ပြန်သော၊ ဘွားဘက်တော် ကဏ္ဍကမြင်းသည်၊ ဘုရားလောင်းကို အလွန်အမင်း လွမ်းဆွတ်သည် ဖြစ်၍၊ အနော်မာ သဲသောင်လယ်တွင်၊ ရင်ကွဲနာဖြစ်၍ စုတ်ပြီးလျှင်၊ တာဝတိံသာနတ်ပြည်၌၊ ကဏ္ဍကနတ်သား ဖြစ်လေ၏။ ။ဤအချက်၌လည်း၊ တိရစ္ဆာန် မြင်းပင် ဖြစ်ငြားသော်လဲ။ ဘုရားမဖြစ်မီ၊ အလောင်းတော်ဘဝကပင်၊ သိဒ္ဓတ္ထမင်းသားအား။ အလွန်ချစ်ခင်တဲ့ဇော နှင့် သေ၍။ မြတ်သော နတ်သား ဖြစ်သေး၏။ ။အလောင်းတော်သည်၊

မင်းသားဘဝကပင်၊ဘယ်လောက်များအာဘိုးတန်သလဲ။ ဘုန်းတန်းခိုးရှိသလဲဆိုတာ၊ ဘာသာတပါး ဘုရားများနှင့် နှိုင်းပြိုင်၍ ကြည့်ရှုရာ၏။ ။

၂၆။ ဘုရားလောင်းသည်။ ရဟန်းအဖြစ်သို့၊ ရောက်ပြီးသော်၊ ထိုနေရာနှင့်မနီးမဝေး၊အနုပိယဈာ၏အနီး၊လွေးမင်းတို့ပိုင်သော၊ အနုပိယသရက်တောဌ၊ ချုံနှစ်ရက်တိုင်တိုင်။ အားရဝမ်းသာ နှစ်သက်လျက်၊ အစာ အာဟာရနှင့်ရေများ မစားမသောက်နိုင်ဘဲ၊ကျွင်ကြိုး၊ကြွင်ငယ် မစွန့်ဘဲ။ ချမ်းသာ ကျမ်းမာစွာဖြင့်၊ ယခုမှအကြံအစီ အထမြောက်ပေပေါ့။ သူဒီ၊သူနာ၊ သူးသ၊ ဘဝမျိုးမှ လွတ်မြောက်နိုင်လွယ်သော၊ ရဟန်းအဖြစ်ကို၊ စိတ်ချ၊ လက်ချ ရပေပေါ့ဟူ၍၊ ရဟန်း၏ ချမ်းသာကို ခံစားလျက် နေလေ၏။ ဤအချက်၌လည်း၊ယခုအခါ ဖြန်မာနိုင်ငံမှစ၍ အရပ်ရပ်တို့၌။ဥပသမ္ပဒရဟန်းအဖြစ်ကို ရပြီးသော၊ပညာရှိပုဂ္ဂိုလ်တို့ စိတ်ကုန်၊ဥာဏ်ကုန် စင်းစားဆင်ခြင်၍၊ ဒိဒိတို့ရရှိပြီးသော၊ ရဟန်းအဖြစ်နှင့်ပင်၊ ကျိုးစား၍ အရိုးထုပ်ရန်၊ အလွန်သင့်လျော်လှပါပေ၏။ သတိမူကြရန်။ ။

၂၇။ ချုန်စ်ရက်စေ့သောအခါ။ ဘုရားလောင်းသည်၊ အဖေဘိမဟာတပါးတည်း။ အနုပိယ သရက်ထောမှ၊ဂင်္ဂါမြစ်ကို ကျော်လွန်၍၊ အရှေ့တောင်အရပ်၊ ချောင်ကြိုဟ်နေပြည်တော်သို့ ကြွ၍၊ မြို့၏အရှေ့မက်လာတံခါးဖြင့် ဝင်၍၊အိမ်စဉ်အတိုင်းဆွမ်းခံတော်မူ၏။ အလုံးစုံသော၊ချောင်ကြိုဟ်မြို့သူမြို့သားတို့သည်၊ ဘုရားလောင်း ဆွမ်းခံကြွလာသည်ကို။ ဘုရားလောင်း မှန်းမသိ၊ ကိုယ်ချောင် ကိုယ်ဝါနှင့် အလွန်တင့်တယ်သည်ကို မြင်ကြ၍။ နတ်မင်းကြီးသော်၎င်း၊ သိကြားမင်းကြီးသော်၎င်း၊ကြွလာသည်ဟူ၍ ထင်မှတ်ကြသဖြင့်၊ ချောင်ကြိုဟ်တမြို့လုံး ချောက်ချားကုန်၏။ အလွန်နှစ်သက်ဝမ်းမြောက်စွာဖြင့် ချီးမွမ်းအံ့သြကြကုန်၏။အလွန်ချစ်ခင်ကြကုန်၏။အလွန်ကြည်ညိုခြင်းဖြစ်ကြကုန်၏၊ လမင်းကြီး နေမင်းကြီးဟူ၍လည်း ထင်ကြကုန်၏၊ပြဟ္မာမင်းကြီးဟူ၍လည်း ထင်ကြကုန်၏။ မည်သူမျှ တွေးတော၍မရနိုင်အောင် ဖြစ်ကြလေကုန်၏၊ ။ဤအချက်မှာလဲ စင်းစားကြ။ ဘယ်ဘာသာ၊ ဘယ်ဘုရားမျှား သည်ကဲ့သို့ ချီးမွမ်းအံ့သြ၍ မကုန်နိုင်အောင်၊ ကြက်သရေမက်လာနှင့် ပြည့်စုံတာ၊ အဆင်းနှင့်ပြည့်စုံတာ၊ ကြည်ညိုဖွယ် မကုန်နိုင်အောင်တင့်တယ်တာများ ကြားဘူးတွေ့ဘူးကြသလဲ။ သတိမူကြလေ။ ။

၂၈။ ဤသို့အားဖြင့် အလောင်းတော်ကို၊ လူအများတို့ကြည့်ရှုအံ့သြ

ချီးမွမ်း၍ နေကြစဉ်၊ အချို့သောလူတို့သည်၊ သွားရောက်၍၊ ဗိမ္မိသာရမင်း ကြီးအား လျှောက်ထားကြကုန်၏။ မင်းကြီးက၊အချင်းတို့ သွား၍ ရုံစမ်း ကြကုန်။ဘီလူးဖြစ်အံ့၊မြို့မှထွက်လျှင် ကွယ်လတ္တံ့။ နတ်ဖြစ်အံ့၊ ကောင်းကင် သို့သွားလတ္တံ့၊ နဂါးဖြစ်အံ့၊ မြေ၌ငုပ်၍ သွားလတ္တံ့။ အဂယ်၍ လူစင်စစ်ဖြစ် အံ့။ဆွမ်းခံ၍ ရသော အာဟာရကို ထိုင်၍ စားလတ္တံ့၊ အသေအချာသွား၍ ကြည့်ကြဟု စေ၏။ ဘုရားလောင်းသည်လည်း၊ ငြိမ်သက်သောဇွန်းနှဲ့၊ငြိမ် သက်သောစိတ်၊တင့်တယ်သော သွားခြင်းဖြင့် ဆွမ်းခံ၍၊မျှတသောလက်ရုံ ရသောအခါ၊ ဝင်လာသောတံခါးဖြင့် ထွက်၍၊ပန္ဓဝတောင်ရိပ်၌ အရှေ့သို့ မျက်နှာမူလျက်၊ ထိုင်၍ဆွမ်းဘုန်းပေးတော်မူ၏၊လိုက်၍ကြည့်ရှုရုံစမ်းကြ ကြကုန်သောသူတို့သည်၊ ထိုအကြောင်းကို မြင်၍၊ မင်းကြီးအား ပြန်၍ လျှောက်ထားကြကုန်၏။ မင်းကြီးသည်။ ကြားသိရသည်နှင့် တပြိုင်နက်။ လျှင်စွာလိုက်၍ ကြည့်ရှုရာ၊ဘုရားလောင်းသိဒ္ဓတ္ထမင်းသား တောထွက်လာ ကြောင်း သိမြင်ရသဖြင့်၊မိမိ၏နန်းတော်စည်းစိမ်တို့ကို။ဘုရားလောင်းအား အပ်နှင်းတော်မူ၏။ ဘုရားလောင်းက၊ အသင်မင်းကြီး-ငါသည် အလုံးစုံ သော ဝတ္ထုကာမ၊ကိလေသာကာမတို့ကို အလိုမရှိ၊ သစ္စာလေးပါးတရား ကိုသာ အလိုရှိ၍၊ တောထွက်လာခြင်းဖြစ်သည်ဟူ၍၊ မိန့်တော်မူ၏။ဗိမ္မိ သာရမင်းကြီးသည်။အကြွပ်ကြွပ်တောင်းပန်သော်လည်းမရ။ မလွှတ်ဇကန် ဘုရားဖြစ်လတ္တံ့ဟု သိ၍၊ အင်္ဂဒအလောင်းတော်သည်။ ဘုရားဖြစ်တော်မူ သောအခါ။ အကျွန်ုပ်၏ပြည်သို့၊ ဂျေးဦးစွာ ကြွလာစေလိုကြောင်း တောင်း ပန်လျှောက်ထား၏။ဘုရားလောင်းလည်း။ လျှောက်ထားသည်အတိုင်း။ပဋိ ညာဉ်ပေးတော်မူ၏။မင်းကြီးလည်း မြို့သို့ဝင်လေ၏။ ဘုရားလောင်းသည် လည်း၊ တောထွက်လာသည့် နေ့ကစ၍၊ ဤတကြိမ်သာ ဆွမ်းဘုန်းပေး စားသောက်ရလေ၏၊ ဘုရားလောင်းလည်း ဆွမ်းစားပြီးလျှင်၊ အစဉ် အ တိုင်းကြွသွားတော်မူလေသည်ရှိသော်၊လမ်းခရီးဌ အာဠာဝ၊ ရသေ့နှင့် ဥဒ ကရသေ့တို့ကို တွေ့၍၊ လောကီသမာပတ် ရှစ်ပါးတို့ကို သင်ကြား၍ ရရှိ ၏။ထိုသို့ရရှိသော်သဲ့၊ ဤသမာပတ်ရှစ်ပါးတို့သည်၊ သစ္စာလေးပါးတို့ကို သိမြင်ခြင်း၏အကြောင်း မဟုတ်သေးဟု၊ နှလုံးပိုက်ပြီးလျှင်၊ ထိုရသေ့တို့ ထံမှခွါ၍သွားပြန်သော်၊ ဘွားဘက်တော်ဖြစ်သော မဟာဗောဓိပင်ပေါက် ရာဌာန၊ ဥရုဝေလ တောသို့ ရောက်တော်မူးလေ၏။ ဤတောအရပ်ကား။ သဒ္ဓါနှင့်ပြည့်စုံသော၊ သူတော်ကောင်းတို့ ကမ္မဋ္ဌာန်းတရားကို အားထုတ်

အံ့သောဌာ၊ အလွန်သင့်လျော်လျောက်ပတ်သော အရပ်ပေတည်းဟု ဖွတ်ရှု၊ လောကဒ္ဓိဂိုဏ်မှကုန်သော၊ နတ်ပြုဟ္မာတို့သည်။ ငါအလောင်းတော်၏ သန္ဓါဝင်ပုံး၊ ဝိဂိုယစွပ်းကိုသိစေအံ့ဟု၊ ခြောက်နှစ်တိုင်တိုင်၊ ဒုက္ကရစရိယာ-အကျင့်ကို၊ ကျင့်တော်မူလေ၏။ ။

၂၆၊ အလောင်းတော်သည် လောကဒ္ဓါနတ်နှင့်တမျှသော ကာမစည်းစိမ်တော် သုခကို၊ သုသာန်တစသင်းချိုင်းနှင့် ထင်တူထင်၍၊ ငစ်ပယ်ပြီး သူငတောထွက်တော်မူသည်ကား။ ဘာသာတပါးတို့နှင့်နှိုင်းပြိုင်၍ ကြည့်လေ၊ ဘုန်းကြီးတို့၏ဘာသာ သာသနာတော်က၊ ကာမစည်းစိမ်ကိုရွံ ရှာစက်ဆုပ်ရသည်၊ ဘာသာတပါးတို့က၊ ကာမစည်းစိမ်ကို အဖြတ်ထားရသည်။ ဝိတ်ကုန်၊ ဥာဏ်ကုန် စဉ်းစားကြလျှင်၊ မည်သည့်ဘာသာက ယုတ်သည် မြတ်သည်ကို၊ ပိုင်းခြားရ၍ သိမြင်ကြ လိမ့်မည်။ သတိမူကြလော။ ။အလောင်းတော်သည်၊ ကဝိလဝတ်ပြည်၊ ကြည်နဂိုရ်၊ လွန်နုပျိုသည်။ စိုစို စိမ်းမိမ်း၊ ပင်ရိုန်းရိုန်းနှင့်၊ ခင်သိမ်းဇိုလ်ပုံ၊ ပျော်ကြောင်းရုံသား၊ ငွေကုလား သဖွ၊ ရေနှင့်ကြွေသို့။ လွန်စွာချမ်းမြေ့ခြင်းရှိသော၊ ပြည်ထူးပြည်ဖြတ်၌၊ နတ်ကုမာရီ၊ ရွှယ်မဖွဲ့သည်၊ သာကီယစစ်၊ နေမြစ်နွယ်ရိုး။ ပါရဒိတာနှိုးကြောင့်၊ မြေဓိဃ်းအောက်ထက်၊ ကျော်ဝှန်းတက်သား၊ တုဘက်ကင်းကွာ၊ မင်းဗိမ္ဘာနှင့်၊ ရာထောင်ကုဋေ၊ ဂုဏ်ရွှေတို့ဖြင့်၊ ဖလံမြဲမှန်းမြဲ၍ရွှေမြေ၊ ငွေမြေ၊ ဆောင်းနွေ၊ ဓိဃ်းခေတ်၊ ရာသီစစ်၍၊ စုလစ်မွန်စွာန်။ ကောင်းမွန်တင့်တယ်၊ အသွယ်သွယ်တို့ဖြင့်။ ဆန်းကြယ်စွာ ဆောက်လုပ်အပ်သော၊ နန်းပြာသာဒ်၌၊ နတ်နှင့်တမျှ၊ စည်းစိမ်တော်သုခကို၊ နှိုင်းမရခံစားတော်မူစဉ်။ တွေ့မြင်နိမိတ်၊ လေးပါးဟိတ်ကြောင့်။ လွန်ထိတ်သံဝေ၊ ကြက်သရေစုပေါင်း၊ ကောင်းဆိုသမျှဓိပတိ။ သိရိချက်မှန်၊ နန်းရင်ထဲကို၊ သုသာန်တစ၊ အသုဘနှင့်၊ တမျှဆင်တူ၊ ထင်တော်မူ၍။ ရာဟုလာမယ်။ ပြဒ္ဓနွယ်တို့ကို။ တာတွယ်မဘက်။ တရားကိုမက်ပြီးလျှင်၊ မြတ်သော တောထွက်ခြင်းဖြင့်။ ဥရုဝေလတောသို့၊ တောထွက်၍။ မဟာဇောဓိပင် အနီး၌၊ ဒုက္ကရစရိယာ၊ အကျင့်ကိုကျင့်တော်မူ၍ နေလေသတည်း။ ။

၃၀၊ ထိုအခါယုဘ်မာသော အလိုဆိုးရှိသော၊ မာရ်နတ်သား သည်၊ အလောင်းတော် ဒုက္ကရစရိယာ ကျင့်မည်ကို ကြား၍၊ အလောင်းတော်၏ အကြိုအစီ ဝိရိယတော်တို့ကို၊ ပျက်ဆီးအံ့လောဌာ၊ လာ၍ နှောင့်ရှက်၏။ အလောင်းတော်၏ တည်ကြည်သော ဈာန်ဇြိုကို မလွန်ဆန့်နိုင်၍ပြန်ရလေ

၏။အလောင်းတော်သည်။မာရ်နတ်သား၏နှောင့်ရှက်ခြင်းကို ဒေါင်မြင်ပြီး မှ၊ ဒုက္ကရစရိယာ အကျင့်ကို၊ ခြောက်နှစ်တိုင်အားထုတ်ကျင့်ကြံပါသော်လဲ။ သစ္စာလေးပါးကို မမြင်၊ ဘုရားမဖြစ်၊ဘုရားလောင်းသည် ကြံပြန်၏။ ဤဒုက္ကရစရိယာ အကျင့်သည်။ သစ္စာလေးပါးကို သိခြင်း၏ အကြောင်းမဟုတ်သေး၊ ငါသည်အာဟာရကို ဖြတ်၍ အားထုတ်ခြင်းသည် မသင့်၊ အာဟာရကိုမှတအောင်မှိုဝဲ၍။အားထုတ်မှသာ၊ သမာဓိကိုရမည်၊ သမာဓိရမှသာ ဝိပဿနာ အားထုတ်၍။ သစ္စာလေးပါးတရားကို ထင်လွယ်၊မြင်လွယ်မည်ဟူ၍။ အကြံရှိပြီးလျှင်၊ဗောဓိပင်၏ အရှေ့ဘက်ရှိ။ သေနင်္ဂါသို့ ဆွမ်းခံသွား၍၊အာဟာရကို သုံးဆောင်တော်မူ၏။ သုံးလေးရက်ကြာသော အခါ၊အားအင်နှင့်ပြည့်စုံ၏။ထိုနောက် သူငွေးသို့ပြီးသုဇာတာသည်။ အဘိုးတသိန်းတန်သော ရွှေခွက်နှင့်လှူသောနွားနို့ ဆွမ်းကို၊အလှူခံ၍ နေရွှေရာမြစ်နားသို့ကြွသွား၍၊ဘုဉ်းပေးသုံးဆောင်တော်မူ၏။(ဆွမ်းတလုပ်လျှင်၊ တဆဲ့နှစ်ကျပ်၊ တမတ်သား၊ အချိန်စိး၏) လေးဆယ်ကိုးလုပ် ဘုဉ်းပေး၍ကုန်၏။ ဘုရားလောင်းလည်း လုံးလောက်စွာမျှဘ၏။ လေးဆယ်ကိုးလုပ်မှာ၊ ခြောက်ပိသာနှင့်တမတ်သားရှိသည်။ ။နွားနို့ထည့်သော ရွှေခွက်ကို ကိုင်၍။အလောင်းတော်သည် ဓိဋ္ဌာန်၏။ ငါသည် ဘုရားဖြစ်မည်မှန်လျှင်၊ ဤရွှေခွက်သည်။ ရေညာသို့ဆန်းစေသတည်း။ မဖြစ်မည်မှန်လျှင်၊အောက်သို့စုံစေသတည်း။ဟူ၍ဓိဋ္ဌာန်ပြီးလျှင်။နေရွှေရာမြစ်၏ ရေလယ်သို့ပစ်လိုက်၏။ ရွှေခွက်သည် ရေလယ်မှ၊ အညာသို့ ဆန်၍၊ တရသောဝဲ၌ ငုပ်၍။ ကာလနဂါးမင်း၏နေရာအရပ်သို့သွား၍။ ကကုသန်၊ကောဏာဂုံ၊ကဿပ၊ ဘုရားသုံးဆူတို့၏ ရွှေခွက်များ အောက်၌ ကပ်လျက် တည်၏။ ။ဤအချက်၌လည်း ဘာသာတပါးဘုရားနှင့် နှိုင်းပြိုင်၍ကြည့်ကြလေ။ ။

၃၁။ ဘုရားလောင်းသည်ထိုနေ့၊ မြစ်နားရှိ၊ အလွန်နှလုံးမွေ့လျော်ဘွယ်ဖြစ်သော အင်ကြင်းတောင်၌၊သမာပတ်ရှစ်ပါး။ အဘိညာဉ်ငါးပါးတို့ကိုဖြစ်စေ၍နေ၏၊ ညနေချမ်းအခါ၊ရေချိုးပြီးလျှင် နတ်တို့သည် တန်ဆာဆင်အပ်သော ခရီးဖြင့်၊ မဟာဗောဓိသို့သွားရာ။ လမ်းခုလတ်၌၊ သုဇ္ဇာယဒါယကာသည် လှူအပ်သော မြက်ရှစ်ဆုတ်ကို လက်ခံ၍၊ဗောဓိပင်ရင်းသို့ရောက်သော အခါ၊ အရှေ့အရပ်မှ၊ မြက်ကိုပစ်ချရာ၊ တဆဲ့လေးတောင်မြင့်မောက်၍ တက်လာ၏၊ ပန်းချီဆရာ၊ ပန်းရေးဆရာတို့ တတက်ကမ်းရောက်တတ်မြောက် သော်လည်း ရေးကူးခြင်းငှာ၊ မတတ်နိုင် လောက်

အောင်၊ ရှုမြင်ပြီး၊တင့်တယ်၊ ဆာနှံ ကြွယ်သော အပ္ပရာဇိတပလ္လင်ဖြစ်လာ၏။ ။ဤအချက်၌လည်း ဘာသာတပါးဘုရားများနှင့် နှိုင်းပြိုင်၍ ကြည့်ရှုရာ၏။ ။

၃၂။ အလောင်းတော်သည်၊ အားတာင်တရာ မြင့်သော ဗောဓိပင်အောက်၊တဆဲ့လေးတောင်မြင့်သော၊အပ္ပရာဇိတပလ္လင်ထက်၌၊ထက်ဝယ်ဘွဲ့ခွေထိုင်နေ၍၊ ငါသည်ဤပလင်ထက်၌၊ အရှေ့ကြွင်းစေ။ အသားကြွင်းစေ၊ အကြောကြွင်းစေ။ အရိုးကြွင်းစေ၊ သစ္စာလေးပါးမြင်၍၊ ဘုရားမဖြစ်လျှင်မထဟု၊ သမ္မပ္ပဓာန် ဝီရိယလေးပါးနှင့် တရားတော်ကို နှလုံး သွင်းအမည်ကြီးပြုစဉ်၊သိကြားမင်းသည်။အတောင်တရာနှစ်ဆယ်ရှိသော၊ဝိဇယုသဝဇရသင်းကိုမှုတ်လျက်ရပ်၏။ငုဆိုးနတ်သားသည်၊သုံးဂါဒုတ်ရှည်သော၊ ဗဟုဝစောင်းကိုတည်း၍ ရပ်၏။ သုယာမနတ်သားသည်။သားမြီးယပ်ကိုင်၍ရပ်၏ သန်္ဃသိတနတ်သားသည်။ ပတ္တမြားထီးဝန်းကို ကိုင်၍ ရပ်၏။သဟံပတိပြဟ္မာသည်၊သုံးယူဇနာရှိသော၊ထီးဖြူကိုဆောင်းလျက် ရပ်၏၊ တပါးသော၊ နတ်၊နဂါးပြဟ္မာစသည်တို့သည်၊ ကောင်းချီး ပေးကြကုန်၏၊ ။ဤအချက်၌လည်းဘာသာတပါးဘုရားများနှင့် နှိုင်းပြိုင်၍ကြည့်ကြလေ။ ။

၃၃။ ဤသို့ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်၊ သမာပတ် ရှစ်ပါး၊ အဘိညာဉ်ငါးပါးနှင့် ပြည့်စုံတော်မူသော၊အထက်ကပြခဲ့ပြီးသော၊ ဆင်ဆယ်စီးအားနှင့်တူသော၊ မင်္ဂလိမ ဝုဂိသ၊ ယောကျ်ား အရေအတွက်၊ ကုဋေ တသောင်းအားနှင့် မျှသော၊ အဿဟိန္ဒ။လူမျိုးတို့ကို ကိုးကွယ်သော နာရာယနဗိသဆိုးနတ်မင်း၏၊အားကိုဆောင်နိုင်သော၊ ဝသဝတ္တိဘုံသား၊ ကုဋေတထောင်မကသော မာရ်နတ်တို့ကို၊ နှိပ်နင်းခြင်းငှာ စွမ်းနိုင်တော် မူသော၊ ဘုရားလောင်းယောကျ်ားမြတ်သည်။ တန်ခိုးကြီးသော၊ သိကြားဗြဟ္မာစသောနတ်တို့ ခြံရံလျက်၊ ဗောဓိမဏ္ဍိုင်၊ ပလ္လင်ထက်၌။ ထက်ဝယ်ဘွဲ့ခွေထိုင်နေတော်မူသော အခါ၊ ဝသဝတ္တိမာရ်နတ်မင်းကြီးသည်။ နတ်ပြည်လူပြည်၊ ရေ၊ မြေ၊တော၊တောင်၊ ဟူသမျှကို၌၊ ရှိရှိသမျှကုန်သော၊စိတ်ဆိုးသဘောဆိုး ရှိကုန်သော၊ ယုတ်မာကုန်သော မာရ်စစ်သည် အပေါင်းတို့ကို၊ စည်းဝေးစေ၍။လျင်စွာတက်ကုန်လော့။ အလွန်ကြောက်မက်ဘွယ်ရှိသော အဆင်းကိုဘန်ဆင်း၍၊ လက်နက်အမျိုးမျိုးတို့ကိုကိုင်၍၊ သိဒ္ဓတ္ထမင်းသားကို လွှမ်းမိုးကြ ကုန်လော့၊မာရ်နတ်ကြီးက၊မိမိကိုယ်တိုင် ယူဇ

နာတရုဒ္ဒနှစ်ဆယ်အရပ်ဖြင့်သော ဂိရိမေခလာ ဆင်ကြိုးကိုစီး၍၊ လက်ရုံးလက်မောင်း၊ တထောင်ဘန်ဆင်း၍၊ လက်နက် အမျိုးမျိုးတို့ကိုကိုင်၍၊ ဖြေပြိုအံ့သော အသံကဲ့သို့၊ မာရ်နတ်၏တန်ခိုးဖြင့်၊ သဲဇိုးယမ်း၊ ကျောက်ခဲဇိုးယမ်း၊ ဒိုးဇိုးယမ်း၊ လက်နက်ဇိုးစသည်တို့ကိုရွာစေ၏၊ အလွန် မြောင်ဇိုက်သော အခိုးတို့ကိုလည်းလွှတ်၍၊ အလောင်းတော် မင်းသားအား အကြိမ်ကြိမ်နှောင့်ယှက်စစ်ထိုး၏၊ အမျိုးမျိုးခြိမ်းခြောက်၏အလောင်းတော်သည်၊ စကားတစွန်းမျှမဆိုဘဲ၊ တည်ကြည်သော ဇွဲန္ဒြေဖြင့် တည်မြဲတည်နေ၏၊ အလောင်းတော်၏၊ ဘဝအဆက်ဆက်က ဖြည့်ဆည်းပူးခဲ့သော ပါရမီဆယ်ပါး၏ အာဟုနကြောင့်ရင်း။ မေတ္တာတော်ကြောင့်ရင်း။ ဂိရိ မေခလာဆင်သည်၊ မြေတွင်ပဆစ်တုပ်ဝပ်ချလျက်။ ဦးခေါင်းကို မြေ၌ စိုက်၍နေ၏၊ မာရ်နတ်မင်းလည်း ဆင်ပေါ်မှလျှောကျ၍၊ စစ်သည်တို့လည်း ပြေးကြလေကုန်၏၊ ။

၃၄၊ မာရ်နတ်ကြီးသည်၊ အလွန်အရှက်ရ၍၊ ရုတ်တရက်မပြေးဘဲ၊ အလောင်းတော်အားပလွှင်မှ ဆင်းလေ့ဟုဆိုပြန်၏။ ဤပလွှင်သည်၊ မာရ်နတ်က သူပိုင်ကြောင်း။ ကြောက်လန့်၍ပြေးကုန်သော ဒိဗိ၏စစ်သည်တို့ကို သက်သေပြ၏။ အလောင်းတော်ကလည်း။ သက်သေပြ၏၊ အချင်းမာရ်နတ်၊ ငါသည်၊ ဤပလွှင်ကို ရအံ့သောငှာ။ မဟာဘိနိက္ခမန်တော်ကြီးပေါင်း လေးသန်းနှစ်ကမ္ဘာတိုင်အောင် လေ့ကျင့်ကြိုးကုတ်ခဲ့ရ၏။ ဤပလွှင်ကို ဖြည့်ခဲ့ရ၏။ ဤသို့ခြင်းကြိုးငါးပါးတို့ကို ဖြည့်ခဲ့ရ၏ဟု၍ လက်ဆောင်းတော်ကို။ သက်နှံးတော်မှသုတ်၍၊ မြေထိုးခေါ်ရှာဆင့်လျက်လက်ညှိုးညွှန်တော်မူ၏။ ထိုအခါ နှစ်သိန်းလေးသောင်း ယူဇနာ အထုရှိသော မြေကြီးသည်၊ အိုးထိန်းစက်ကဲ့သို့လည်၍၊ ပြင်းစွာသော အသံဖြင့်တုန်လှုပ်၏။ သူတော်ကောင်း ဖြစ်သော သမ္မာဒေဝနတ်အပေါင်းတို့ကလည်း၊ မာရ်နတ်ကိုပြေးစေအံ့ဟု၊ အလောင်းတော်သည်၊ ဘဝအဆက်ဆက်က၊ အလှူဒါနပြု၍၊ ရေစက်ချခဲ့သောရေတို့ကို ပြင်းစွာသော အသံဖြင့်ကြွေးကျော်ဆုတ်ပေါ်၍ ပြကြကုန်၏။ ဂိရိမေခလာဆင်လည်း အလွန်ကြောက်လန့်ထျက်ပြေး၏၊ မာရ်နတ်ကြီးလည်း။ မိမိနေရာ၊ ဝသဝတ္တိနတ်ဘုံသို့ပြေးလေသတည်း။ ။

၃၅။ ထိုအခါ စကြဝဠာတံတိုင်းရောက်အောင် ပြေးလေကုန်သော နတ်အပေါင်းတို့သည်။ အဘယ်သူအောင်သနည်း၊ ရှုံးသနည်းဟု မျှော်၍ကြည့်ကုန်သော်၊ မာရ်နတ်သည်ရှုံးပြီ။ အလောင်းတော်သည် အောင်

ခြင်းသို့ ရောက်လေပြီဟူ၍၊ ကြွေးကျော်ကြားသောအသံသည်။ နတ်အချင်းချင်း ကျော်ငြာ၍အထက်ဘဝဂ်တိုင်အောင် ပြေး၏၊ ကြားသမျှနတ်သိကြားဖြဟ္မာ စသော သတ္တဝါအပေါင်းတို့ကား၊ အောင်မြင်သော၊ ယောကျ်းမြတ်ဘုရား၊ ပူဇော်ကြကုန်အံ့ဟူ၍၊ ပန်းနံ့သာစသည်စွဲကိုင်လျက် လာကြကုန်၏၊ ယောကျ်းမြတ်အား အောင်ဆုကိုပေးကြကုန်၏။ ။ဤ အချက်၌လည်း၊ ဘုရားစင်စစ်မဖြစ်မှီ။ အလောင်းတော်ဘဝကပင်၊ ဘယ်လောက် တန်ခိုးကြီးကျယ်သလဲ၊ အံ့သြစရာကောင်းသလဲဆိုတာ၊ ဘာသာတပါး ဘုရားများနှင့် နှိုင်းပြီး၍ကြည့်ကြလေ၊

အလောင်းတော်သည်။ မာရ်နတ်၏ရန်ကို
အောင်မြင်ခန်းပြီး၏။

—— ○ ——

၃၆။ အလောင်းတော်သည်၊ဗောဓိပင်ခြေ၊အပွဲရာဇိတပလ္လင်ထက် ဦးထိုင်နေလျက်၊ လာဘ်ပူဇော်ခြင်းကိုမတောင့်တ၊လောကီဂုဏ်ကိုလည်း မမြှော်၊ သက်သက်သော သစ္စာလေးပါးကိုသိမြင်၍၊ ဘုရားဖြစ်သော အကျိုးနှင့်သတ္တလောကကြီးကိုကယ်တင်အံ့သောဌာသာ တောင့်တ၍၊တရားတော်ကိုနှလုံးသွင်း၏၊အဘယ်သို့နှလုံးသွင်းတော်မူသနည်းဟူမူကား။ ။ စင်စစ်အားဖြင့် ဤလောကသည်၊ အမျိုးမျိုးသော ဆင်းရဲဒုက္ခတို့ဖြင့် ငြိုငြင်ခြင်းသို့ရောက်၏၊ ပဋိသန္ဓေဇာတိဒုက္ခ အမျိုးမျိုးတို့နှင့်လည်း တွေ့ရ၏၊ ဇိ ရ၏၊နာခြင်း အမျိုးမျိုးဖြစ်ရ၏၊ ရတော့သေလွန်ရ၏၊တဘန်လည်း ဇာတိ ၎ ရပြန်၏၊ ဇိရပြန်၏၊ နာရပြန်၏၊ သေရပြန်၏၊ ဤကဲ့သို့သောဒုက္ခအမျိုးမျိုးတွေကို၊ ရှေးကလည်းတွေ့ခဲ့လှပြီ၊ ယခုဘဝမှာလည်း တွေ့ဆဲ၊ ရှေ့ကိုလည်းတွေ့ရလတ္တံ့။ဘယ်သောအခါမှ လွတ်မြောက်နိုင်မည် မသိနိုင်၊ဘယ်သောအခါမှ လွတ်မြောက်ကြောင်းတရားကောင်းကို။ ငါ့အား ထင်မြင်ပါလတ္တံ့နည်းဟုကြံဆင်ခြင်တော်မူ၏၊အဘယ်တရားဂို၍၊ ဇိခြင်း သေခြင်းသည်ဖြစ်သနည်း၊ အဘိတ်ဘဝကဇာတိဂို၍၊ ဇိခြင်း၊ သေခြင်းဖြစ်၏၊ဇာတိမရှိသော်၊ ဇိခြင်းသေခြင်းမဖြစ်။အဘိတ်ကိုမြင်သော ဉာဏ်တော်နှစ်ပါး၊ ။ယခုပစ္စုပ္ပန်ဘဝမှာလဲ၊ ဇာတိဂို၍၊ ဇိခြင်း၊ သေခြင်းဖြစ်၏၊ဇာတိမရှိလျှင်၊ဇိခြင်း၊သေခြင်းမဖြစ်၊ပစ္စုပ္ပန်၌ မြင်သောဉာဏ်နှစ်ပါး။ ။နောင်

အနာဂတ်ဘဝမှာလဲ။ ဇာတိရှိလျှင်၊ အိုခြင်း၊သေခြင်းဖြစ်လိမ့်ဦးမည်။ဇာတိမရှိလျှင်၊ အိုခြင်း၊ သေခြင်း၊မဖြစ်လတ္တံ့။ အနာဂတ်ကိုမြင်သောဉာဏ်နှစ်ပါး။ ။ဇာတိ၊ ဇရာ၊ မရဏတို့သည် စင်စစ်အားဖြင့် မမြဲသော အနိစ္စသဘော အမှန်ဖြစ်၏။ ဟူသော ဝမ္မထိတိဉာဏ်ကိုလည်း မြင်၏။ ။အလောင်းတော်သည်၊ ဤသို့အားဖြင့်။ အတိတ်ဉာဏ်နှစ်ပါး။ပစ္စုပ္ပန် ဉာဏ်နှစ်ပါး၊ အနာဂတ်ဉာဏ်နှစ်ပါး၊ ဝမ္မထိတိဉာဏ်တပါးအားဖြင့်ပေါင်းသော်။ ဉာဏ်တော် ဆုနှစ်ပါးကို မြင်၏။ ဤ ဉာဏ်ဆုနှစ်ပါးသည်၊ ဇာတိနှင့်ဇရာ၊ မရဏတို့၏ အစပ်အကြားမှာရှိ၏။ ။

၃၇။ တဘန်ရှေ့သို့တက်၍ ဆင်ခြင်ပြန်၏။ အဘယ်တရားရှိ၍၊ဇာတိဖြစ်သနည်း။ အတိတ်ဘဝက၊ ကုသိုလ်ကံ၊ အကုသိုလ်ကံတည်း ဟူသော၊ ဘဝရှိ၍၊ ဇာတိဖြစ်၏။ ဘဝမရှိသော်၊ဇာတိမဖြစ်။ အတိတ်ဉာဏ်နှစ်ပါး။ ။ယင်းဆုပစ္စုပ္ပန်မှာလဲ၊ ဘဝရှိ၍ ဇာတိဖြစ်၏။ ဘဝမရှိသော်၊ ဇာတိမဖြစ်။ပစ္စုပ္ပန်၌ဖြင်သော ဉာဏ်နှစ်ပါး။ ။နောင်အနာဂတ်မှာလဲ၊ ဘဝရှိလျှင် ဇာတိဖြစ်လိမ့်ဦးမည်၊ ဘဝမရှိလျှင်၊ ဇာတိမဖြစ်လတ္တံ့၊ အနာဂတ်ကိုမြင်သော ဉာဏ်နှစ်ပါး။ ။ဘဝနှင့် ဇာတိတို့သည်၊စင်စစ်အားဖြင့် မမြဲသော အနိစ္စသဘောအမှန်ဖြစ်၏ ဟူသော၊ ဝမ္မထိတိဉာဏ်ကိုလည်း မြင်၏။ ။အလောင်းတော်သည်၊ ဤသို့အားဖြင့် ဘဝနှင့် ဇာတိ အစပ်ကြားမှာ၊ အတိတ်ဉာဏ်နှစ်ပါး၊ ပစ္စုပ္ပန်ဉာဏ်နှစ်ပါး၊ အနာဂတ်ဉာဏ်နှစ်ပါး။ ဝမ္မထိတိဉာဏ်တပါးအားဖြင့် ဉာဏ်တော်ဆုနှစ်ပါးကိုမြင်၏။ ။

၃၈။ တဘန်ရှေ့သို့ ကက်၍ ဆင်ခြင်ပြန်၏၊ အဘယ် တရားရှိ၍။ ဘဝဖြစ်သနည်း။ အတိတ်ဘဝက၊စွဲလမ်းခြင်း တဏှာအလွန်ရင့်သန်သော ဥပါဒါန်ရှိ၍၊ ဘဝဖြစ်၏။ ဥပါဒါန်မရှိသော်၊ ဘဝမဖြစ်။ အတိတ်ဉာဏ်နှစ်ပါး။ ။ယင်းဆုပစ္စုပ္ပန်မှာလဲ၊ ဥပါဒါန်ရှိ၍၊ ဘဝဖြစ်၏၊ ဥပါဒါန်မရှိသော်၊ ဘဝမဖြစ်။ နောင်အနာဂတ်မှာလဲ၊ ဥပါဒါန် ရှိလျှင် ဘဝဖြစ်လိမ့် ဦးမည်၊ ဥပါဒါန်မရှိလျှင်၊ ဘဝမဖြစ်လတ္တံ့။အနာဂတ်ကို မြင်သောဉာဏ်နှစ်ပါး။ ။ ဥပါဒါန်နှင့် ဘဝတို့သည် စင်စစ်အားဖြင့်၊ မမြဲသော အနိစ္စသဘော အမှန်ဖြစ်၏ဟူသော ဝမ္မထိတိဉာဏ်ကိုလည်းမြင်၏။ ။အလောင်းတော်သည်၊ ဤသို့အားဖြစ်၊ ဥပါဒါန်နှင့် ဘဝ အစပ်ကြားမှာ၊ အတိတ်ဉာဏ် နှစ်ပါး။ ပစ္စုပ္ပန်ဉာဏ်နှစ်ပါး၊ အနာဂတ်ဉာဏ်နှစ်ပါး။၊ ဝမ္မထိတိဉာဏ်တပါးအားဖြင့် ဉာဏ်တော်ဆုနှစ်ပါးကိုမြင်၏။ ။

၃၉။ တဘန်ရှေ့သို့ တက်၍ဆင်ခြင်ပြန်၏၊ ။အဘယ်တရားရှိ၍၊ ဥပါဒါန်ဖြစ်သနည်း၊ အတိတ်ဘဝက၊ အာရုံတို့၌ အကောင်းကြိုက်တတ်နှစ်သက်တတ်သော တဏှာရှိ၍၊ဥပါဒါန်ဖြစ်၏။ တဏှာမရှိလျှင်၊ ဥပါဒါန်မဖြစ်။ အတိတ်ဥာဏ်နှစ်ပါး။ ။ယခုပစ္စုပ္ပန်မှာလဲ၊တဏှာရှိ၍။ ဥပါဒါန်ဖြစ်၏၊ တဏှာမရှိလျှင်၊ဥပါဒါန်မဖြစ်။ပစ္စုပ္ပန်ဥာဏ်နှစ်ပါး၊ ။နောင်အနာဂတ်ဘဝမှာလဲ၊ တဏှာရှိလျှင်၊ ဥပါဒါန်ဖြစ်လိမ့်ဦးမည်။တဏှာမရှိလျှင် ဥပါဒါန်မဖြစ်လတ္တံ့။ အနာဂတ်ကို မြင်သောဉာဏ်နှစ်ပါး။ ။တဏှာနှင့် ဥပါဒါန်တို့သည် စင်စစ်အားဖြင့်၊ မမြဲသော အနိစ္စသဘောအဖြစ်ဖြစ်၏ပဋ္ဌသော၊ ဓမ္မထိတိဉာဏ်ကိုလည်းမြင်၏။ ။အလောင်းတော်သည်။ ဤသို့အားဖြင့်၊ တဏှာနှင့် ဥပါဒါန်အစဉ်ကြားမှာ၊ အတိတ်ဉာဏ်နှစ်ပါး။ပစ္စုပ္ပန်ဉာဏ်နှစ်ပါး။ အနာဂတ်ဉာဏ်နှစ်ပါး။ဓမ္မထိတိဉာဏ်တပါးအားဖြင့်၊ ဉာဏ်တော်ခုနစ်ပါးကိုမြင်၏။ ။

၄၀။ တဘန်ရှေ့သို့တက်၍ ဆင်ခြင်ပြန်၏။ ။အဘယ်တရားရှိ၍ တဏှာဖြစ်သနည်း။ အတိတ်ဘဝက၊အာရုံခံစားတတ်သောဝေဒနာရှိ၍၊တဏှာဖြစ်၏။ ဝေဒနာမရှိသော်တဏှာ မဖြစ်။ အတိတ်ဉာဏ် နှစ်ပါး။ ။ယခုပစ္စုပ္ပန်ဘဝမှာလဲ၊ ဝေဒနာရှိ၍ တဏှာဖြစ်၏။ ဝေဒနာ မရှိသော် တဏှာမဖြစ်။ပစ္စုပ္ပန်ဉာဏ်နှစ်ပါး။ ။နောင်အနာဂတ်ဘဝမှာလဲ၊ ဝေဒနာရှိလျှင်တဏှာဖြစ်လိမ့်ဦးမည်။ ဝေဒနာမရှိလျှင်တဏှာမဖြစ်၊အနာဂတ်ဉာဏ်နှစ်ပါး။ ။ဝေဒနာနှင့် တဏှာတို့သည်၊ စင်စစ်အားဖြင့်။ မမြဲသောအနိစ္စသဘော အမှန်ဖြစ်၏ ဟူသော ဓမ္မဌိတိဉာဏ်ကိုလည်း မြင်၏။ ။အလောင်းတော်သည်၊ ဤသို့အားဖြင့်၊ဝေဒနာနှင့်တဏှာ အစပ်ကြားမှာ၊အတိတ်ဉာဏ်နှစ်ပါး။ ပစ္စုပ္ပန်ဉာဏ်နှစ်ပါး။ အနာဂတ်ဉာဏ်နှစ်ပါး။ ဓမ္မဌိတိဉာဏ်ထပါးအားဖြင့်၊ ဉာဏ်တော် ခုနစ်ပါးကိုမြင်၏။ ။

၄။ ဤသို့ဖြဆိုခဲ့ပြီးသော နည်းအားဖြင့်။ အဝိဇ္ဇာနှင့် သင်္ခါရ အစပ်ကြားဘိုင်အောင်၊ ဉာဏ်တော်ခုနှစ်ပါးစီ၊ အလုံးစုံဉာဏ်တော်၊ခုနစ်ဆယ်ခုနစ်ပါးစေ့အောင် တစမကျန်အကျယ်ဝဘန်၍ မြင်တော်မူ၏၊ ဤကား၊ သတ္တသတ္တတိဉာဏ်တော် ခုနစ်ဆယ်ခုနစ်ပါးခေါ်သည်။ အလောင်းတော်သည်။ဤဉာဏ်းတ် ခုနစ်ဆယ် ခုနစ်ပါးတို့ကို၊ ဘုရား မဖြစ်မီကပင်၊ထိုးထွင်း၍ဆိုမြင်တော်မူ၏။ ပဋိဉာတည်းဟူသော အလင်းအရောင်သည်ထင်

ရှားဖြစ်၏။ ။ဤအချက်မှာလဲ၊ ဘာသာတပါး ဘုရားတို့နှင့် နှိုင်းပြိုင်၍ ကြည့်သင့်၏။ကြည့်ကြလော။ ။

၄၂။ အလောင်းတော်သည်၊ သတ္တသတ္တတိ ဥာဏ်တော်ကို၊ အကျယ် ဖြင်ပြီးနောက်၊ အကျဉ်းဆင်ခြင်နှလုံးသွင်းပြန်၏။ ။ဇရာ မရဏာသည်၊ ဇာတိကြောင့်ဖြစ်၏။ ဇာတိသည်၊ဘဝကြောင့်ဖြစ်၏။ ဘဝသည်၊ဥပါဒါန်ကြောင့်ဖြစ်၏။ ဥပါဒါန်သည်၊ တဏှာကြောင့်ဖြစ်၏။တဏှာသည်၊ ဝေဒနာကြောင့်ဖြစ်၏၊ ဝေဒနာသည်၊ ဖဿကြောင့်ဖြစ်၏၊ ဖဿသည်၊ အာယတနကြောင့်ဖြစ်၏။ အာယတနသည်၊ နာမ်ရုပ်ကြောင့်ဖြစ်၏၊ နာမ်ရုပ်သည်၊ ဝိညာဉ်ကြောင့်ဖြစ်၏။ ဝိညာဉ်သည်၊ သင်္ခါရကြောင့်ဖြစ်၏၊သင်္ခါရသည်၊ အဝိဇ္ဇာကြောင့်ဖြစ်၏၊ ဤသို့ပဋိစ္စသမုပ္ပါဒ်ကို၊ ဆင်ခြင်၍၊ အလိုလိုထိုးထွင်းသိဖြင်တော်မူ၏။ ။ဇရာမရဏ ဘေးဒုက္ခမျိုးတွေနှင့် တွေ့ရ၊ကြုံရခြင်းသည်၊အဝိဇ္ဇာသာလျှင်၊ အရင်းမူလဖြစ်ကြောင်း၊ ဥာဏ်နှင့် အလင်းပေါက်ပြန်၏၊ ။ဤသို့ပဋိစ္စသမုပ္ပါဒ် အနုလုံးကို ဆင်ခြင်၍။ အလောင်းတော်သည်။ ပိဝိ၏ အနုမတဂ္ဂသံသရာ၊ ဘဝ အဆက်ဆက်က ဖြစ်ခဲ့၊ တွေ့ခဲ့ဘူးသမျှသော ခန္ဓာအာယတန၊ စသည်တို့ကို တရမကျွန် အလုံးစုံတို့ကိုသိဖြင်လိုသောကြောင့်၊ခန္ဓာအစဉ်ကို အောက်မေ့၍။ အာနုပါနုစတုဏ္ဍဈာန်၌ သမာဓိယူ၍ နေလေသော်။ ရှေးဦးဖြစ်ခဲ့ဘူးသမျှသောခန္ဓာ၊ အာယတန၊ခေတ်အစဉ်တို့ကို ညဉ့်ဦးယံအချိန်၌၊တရမကျွန် ဖြင်တော်မူ၍၊ အလုံးစုံသော သတ္တဝါတို့၏၊ ခန္ဓာအစဉ်စသည်တို့ကိုလည်း ဖြင်တော်မူ၍၊ ဤသို့ဖြင်တော်မူသော ဥာဏ်ကို၊ ပုဗ္ဗေနိဝါသဉာဏ်ခေါ်သည်။ လောကီဥာဏ်သာရသေးသည်။ဘုရားမဖြစ်သေး။ ။ဤအချက်မှာလဲ ဘာသာတပါးဘုရားတို့နှင့် နှိုင်းပြိုင်၍ ကြည့်ကြလော။ ဘုရားမဖြစ်မီကပင် ရရှိသော၊ လောကီဥာဏ်တို့ပေတည်း။

၄၃။ ထို့ပြင် အလောင်းတော်သည်၊ ဆင်ခြင်ပြန်၏။အဘယ်တရားချုပ်ခြင်းငှာ၊အရင်းမူလဖြစ်သနည်း။ အဝိဇ္ဇာချုပ်ခြင်းသည်၊ အရင်း မူလဖြစ်၏ဟူ၍ဥာဏ်ဝင်ထင်ပြင်၏၊ ။အဝိဇ္ဇာချုပ်လျှင်၊ သင်္ခါရချုပ်၏။ သင်္ခါရချုပ်လျှင်၊ ဝိညာဉ်ချုပ်၏။ ဝိညာဉ်ချုပ်လျှင်၊ နာမ်ရုပ်ချုပ်၏၊နာမ်ရုပ်ချုပ်လျှင်၊ သဠာယတနချုပ်၏၊ သဠာယတနချုပ်လျှင်၊ ဖဿချုပ်၏၊ဖဿချုပ်လျှင်၊ ဝေဒနာချုပ်၏၊ ဝေဒနာချုပ်လျှင်၊တဏှာချုပ်၏၊ တဏှာချုပ်လျှင်၊ဥပါဒါန်ချုပ်၏၊ ဥပါဒါန်ချုပ်လျှင်၊ ဘဝချုပ်၏။ ဘဝချုပ်လျှင်၊ ဇာတိ

ချုပ်၏။ ဖခင်ကိုချုင်လျှင်၊ ဖရာမရဏာချုင်၏။ ဤသို့ဆိုခဲ့ပြီးသော နည်းအာတိုင်းဆင်ခြင်သင့်သည်။ ဖခင်၊ဖရာ မရဏာတို့ကို ချုပ်စေလိုသော်၊ အဝိဇ္ဇာချုပ်စေခြင်းသည်၊ အရင်းမူလဖြစ်၏ ဟူသောအကြောင်းဥာဏ်၌ ထင်ပြင်၏။ ။အရင်းမူလဖြစ်သော၊ အဝိဇ္ဇာ ချုပ်လျှင်၊ သခ်ါရေသော၊ ပဋိစ္စသမုပ္ပါဒ်တရားတို့ အလုံးစုံးချုပ်ငြိမ်းမည်ကို။ ဉာဏ်၌ ကောင်းစွာထင်၏။ ။ ဤသို့ပဋိစ္စသမုပ္ပါဒ်၊ ပဋိသုံကို ဆင်ခြင်၍။အလောင်းတော်သည်မိမိ၏ အနုမတဂ္ဂသံသရာ၊ ဘဝအဆက်ဆက်က၊ဖြတ်ခဲ့၊ တွေ့ခဲ့ဘူးသမျှသော၊ စုတိပဋိသန္ဓေတို့ကိုကို၊ အလုံးစုံသိမြင်လိုသောကြောင့်။ စုတိ၊ ပဋိသန္ဓေအစဉ်တို့ကို အောက်မေ့၍။ အာနာပါန စတုတ္ထဈာန်၌ သမာဓိယူ၍ နေလေသော်၊ ရှေ့၌ဖြစ်ခဲ့ဘူးသမျှသော၊ စုတိ၊ ပဋိသန္ဓေတို့ကို၊ ညဉ့်သန်းခေါင်ယံအချိန်၌။ တစမကျန်မြင်တော်မူ၏။ အလုံးစုံသောသတ္တဝါတို့၏၊ စုတိပဋိသန္ဓေတို့ကိုလည်းမြင်တော်မူ၏၊မကောင်းသော မိန္ဆာဒိဋ္ဌိတို့၏လားရာ၊ကောင်းသောသမာဒိဋ္ဌိတို့၏လားရာကိုလည်း မြင်တော်မူ၏။ အဝိဇ္ဇာ ပျောက်၍၊ အလင်းသို့ရောက်၏၊ ဤသို့မြင်တော်မူသော ဉာဏ်ကို၊ ဒိဗ္ဗစက္ခုဉာဏ်ဟူ၍ ခေါ်သည်။လောကီဉာဏ်သာရေးသည်။ဘုရားမဖြစ်သေး။ ။ဤအချက်မှာလဲ၊ဘာသာတပါးဘုရားတို့နှင့် နှိုင်းပြိုင်၍ကြည့်ကြလေ။ ။

၄၄။ ထို့ပြင် အလောင်းတော်သည်။ နံနက် လင်းအားကြီး၊ ဆိုးယမ်းသောက်ယံ၌။ ဥပါဒါနိတရား လေးပါးတို့၏၊ အာရုံဖြစ်သော၊ ခန္ဓာငါးပါးတို့၌၊ အဖြစ်အပျက်ကိုရှုတော်မူ၏၊ ဤသို့ ဥပါဒါနက္ခ ခန္ဓာ ငါးပါးတို့၌ အဖြစ်အပျက် အနိစ္စသဘောကို ရှု၍။ ပဋိစ္စသမုပ္ပါဒ်ကို၊ အနုလုံ၊ ပဋိလုံအားဖြင့် စိုးဖြန်းဆင်ခြင်းတော်မူ၏။ ထို့နောင်စတုက္ကနည်းအားဖြင့်၊ ရုပါဝစရဈာန်းလေးပါးသို့ကပ်၍ နေတော်မူ၏။ယင်းသို့ကပ်၍ စိတ်သည်၊တည်ကြည်သည်ရှိသော်၊ စင်ကြယ်သည်ရှိသော်၊ အာသဝေါတရားလေးပါးတို့ကို ကုန်စေတတ်သော၊ ဉာဏ်တော်အလိုငှာ စိတ်ကိုညွတ်၍ နှလုံးသွင်း၏။ ဤသို့နှလုံးသွင်း၍နေစဉ်၊ ခန္ဓာငါးပါး၏ အတွင်း၌ရှိသော၊ဇာတိ၊ဇရာ၊ ဗျာဓိ၊ မရဏာ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ဥပါယာသဘေးတွေ၊ အပိယေဟိသမ္ပယောဂဒုက္ခ၊ ပိယေဟိဝိပ္ပယောဂဒုက္ခ၊ ယံပိစ္ဆံနလဘတိ ဒုက္ခတွေ့ အတိတဝဋ္ဋမူလကဒုက္ခ။အနာဂတဝဋ္ဋမူလကဒုက္ခ၊ ပစ္စုပ္ပန္နေ အာဟာရပရိယေသန ဒုက္ခငါးသော၊ ဘေးတွေသည်၊ ကိန်းအောင်းလျက်ရှိသော၊ ဥပါဒါနက္ခန္ဓာငါးပါးသည်၊ ဒုက္ခသစ္စာမည်၏ဟူ၍၊ ထိုးတွင်းသိမြင်

တော်မူ၏၊ ။ဘေးအမျိုးမျိုးကိန်းအောင်းသကဲ့သို့ဥပါဒါနက္ခန္ဓာငါးပါး ဘေးတုံး၊ ဘေးခဲဘေး အိုးကြီးကို၊ နှစ်သက်တွယ်တာ၍နေသော၊ တဏှာလောဘသည်၊ ဒုက္ခ၏အကြောင်းရင်းဖြစ်သော၊ သမုဒယသစ္စာမည်၏ဟူ၍ ထိုးထွင်းသိမြင်တော်မူ၏။ ။ဘေးဒုက္ခ အပေါင်းတို့၏။ ချုပ်ငြိမ်းရာသည်၊နိဗ္ဗာန်မည်၏။(တနည်း) ဘေးဒုက္ခအပေါင်းတို့၏ ပွားစီးရာ၊ အကြောင်းရင်းဖြစ်သော၊ တဏှာလောဘတို့ ချုပ်ငြိမ်းခြင်းသည်လည်း၊ နိဗ္ဗာန်မည်၏ဟူ၍၊ ထိုးထွင်း၍သိမြင်တော်မူ၏။ ။မဂ္ဂင်ရှစ်ပါး တရားသည်၊ ဘေးဒုက္ခအပေါင်းတို့၏ ချုပ်ငြိမ်းရာ၊ နိဗ္ဗာန်သို့ရောက်ကြောင်း၊ အမှန်ဖြစ်သော၊မဂ္ဂသစ္စာမည်၏ဟူ၍၊ထိုးထွင်း သိမြင်တော်မူ၏၊ ။ဤကားသစ္စာလေးပါးကို၊ ထိုးထွင်း၍သိမြင်ခြင်းတည်း။

၄၅၊ တဘန်ထိုးထွင်း၍ သိမြင်တော်မူပြန်၏၊ လောဘ၊ဒိဋ္ဌ၊အဝိဇ္ဇာဤတရားသုံးပါးသည်။ အာသဝမည်၏ဟူ၍၊ထိုးထွင်း၍သိမြင်တော်မူ၏။ လောဘသည်၊အာသဝေါလေးပါးတို့၏ ဖြစ်ကြောင်းဟူ၍၊ ထိုးထွင်း၍သိမြင်တော်မူ၏။ နိဗ္ဗာန်သည်၊ အာသဝေါလေးပါးတို့၏။ ချုပ်ငြိမ်းရာဟူ၍ ထိုးထွင်း၍၊ သိမြင်တော်မူ၏၊မဂ္ဂင်ရှစ်ပါးတရားသည်။အာသဝေါလေးပါး တို့၏ချုပ်ငြိမ်းရာ၊ နိဗ္ဗာန်သို့ရောက်ကြောင်း။အကျင့်ကောင်း၊အကျင့်မှန်ဖြစ်ကြောင်း။ ထိုးထွင်း၍ သိမြင်တော်မူ၏၊ ။ဤသို့ သိးတော်မူသော၊ မြင်တော်မူသော၊ စိတ်ဉာဏ်သည်။ ကာမာသဝမှ လွတ်၏ဟူ၍ ထိုးထွင်း၍ သိမြင်တော်မူ၏။ ဘဝါသဝမှလွတ်၏။ ဒိဋ္ဌာသဝမှလွတ်၏။ အဝိဇ္ဇာသဝမှလွတ်၏၊ အာသဝေါလေးပါးမှ၊ ငါသည်လွတ်ငြိဟူ၍။ ထိုးထွင်း၍ သိမြင်တော်မူ၏၊ ငါ့အား နောင်တဘန်၊ ပဋိသန္ဓေနေခြင်း ကိစ္စကုန်ပြီ။ မဂ်ကိစ္စကိုပြုအပ်ပြီ။ တဘန်ထပ်၍၊ မဂ်ကိစ္စပြုရန်မရှိပြီဟူ၍၊ထိုးထွင်း၍ မြင်တော်မူ၏။ ဤသို့ ဆိုအပ်ပြီးသောနည်းအားဖြင့်၊ အာသဝေါတရားတို့၏ကုန်ခြင်းကိုပြုတတ်သော၊ အာသဝက္ခယဉာဏ်ကို၊ နေအရဏ် တက်လှုနိုးဆဲဆဲ၊ အချိန်၌၊ ရတော်မူသည်နှင့် တပြိုင်နက်။ သဗ္ဗညုတ ဉာဏ်၊ မဟာဝဇိရဉာဏ်။ ကရုဏာသမာပတ္တိဉာဏ်၊ ဝိဇ္ဇာပဋိသန္ဓိဒါဉာဏ်။ ဝေသာရဇ္ဇဉာဏ်။ ဆအာသာဓာရဏဉာဏ်။ အာဘိညာဉ် ခြောက်ပါး။ဒသဗလဉာဏ်။ ဂုဏ်တော်ကိုးပါးနှင့်တတ္ထ၊ အနန္တဂုဏ်၊ အစိန္တေယျ လေးပါး၊ ဗုဒ္ဓသဗ္ဗဉ္ဉုဉာဏ်။ အဋ္ဌာရသဗုဒ္ဓဓမ္မဉာဏ်။ စတုစတ္တာလီသဉာဏ်၊ ပညာသုဒယဗ္ဗယဉာဏ်။တေသတ္တတိဉာဏ်၊ သတ္တသတ္တတိဉာဏ်။သုံးဆဲ့ နှစ်ပါး

သော လက္ခဏာတော်ကြီး။ ရှစ်ဆယ်သော လက္ခဏာတော်ငယ်။ ဓမ္မတာ အပြားသုံးဆယ်။ ခြောက်သွယ်သော ရောင်ခြည်တော်၊ ဤသို့စသော၊ မြတ် စွာဘုရားရှင်တို့၏။ ဂုဏ်တော်၊ ကျေးဇူးတော်အပေါင်းတို့နှင့်။ အလုံးစုံပြည့် စုံတော်မူ၏၊ ဤသို့ ပြည့်စုံတော်မူခြင်းသည်သာလျှင်၊ အလောင်းတော် သိဒ္ဓတ်မင်းသည်။ သင့္ဘည္ဘုရားအဖြစ်သို့ စင်စစ်ရောက်တော်မူလေ၏ ဟူ၍ မှတ်ယူရမည်။

အပ္ပရာဓိတပလ္လင်ထက်ကစ၍၊ ဒေဝပုတ္တသည်အပြားမာရ်ငါးပါး ကို။ လက်နက်တုတ်ထား။ မဆောင်ထားဘဲ၊ ကြိုးချိမနောင်၊ ကုန်အောင် ဖျက် ဖြုံး၊ ဘုန်းဖြင့်ဖျုံး၍။ ပတ်ကုံးစက္ကဝါ။ သမ္ပာအပေါင်း။ တိုက်တသောင်း လုံး၊ အောင်းမောင်းရိုက်ကြသည်း။ တော်ငဲ့တင်ဟီးစေလျက်။ ကျော်သီးထင် ရှား။ လေးပါးသစ္စာ၊ ဇုံအာစွင့်စွင့်၊ ပွင့်ကြီးပွင့်၍။ ဆယ်ဆင့်သောကာယ ဗလ၊ ဉာဏဗလ၊ ဆယ်ဝသောတန်ခိုးဣဒ္ဓိမျိုး။ ကိုးပါးသော ဂုဏ်တော်။ ကိုးဘေဘ်သောဝိမုတ္တိတရား။ ရှစ်ပါးသော ဝိဇ္ဇာ။ ခုနစ်ဖြာသော သပ္ပုရိသ ရတနာ။ ခြောက်ဖြာသော အသာဓာရဏာဂေါဝသော စက္ခု၊ လေးစုံသော ဝေသာရဇ္ဇဉာဏ်တို့၏အရှင်။ သင့္ဘည္ဘုရားသခင်အဖြစ်သို့၊ စင်စစ်ရောက် တော်မူလေသတည်း။

၄၆။ ဤသို့ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ အစိန္တေယျ သုံးလောကထွဋ် ထား။ သင့္ဘည္၊ မြတ်စွာဘုရားအဖြစ်သို့ ရောက်တော်မူသောခဏာ၌။ သုံးဆဲ နှစ်ပါးသော ပုဗ္ဗနိမိတ်တို့ထင်ကုန်၏။

(က) ဤသို့ဘုရားဖြစ်ပြီး၍။ ဗောဓိပင်အောက်၊ အပ္ပရာဓိတ ပလ္လင် ထက်၌။ ခုနစ်ရက်ပတ်လုံး။ ဗလသမာပတ်ချမ်းသာကို ခံစား လျက်။ ဥဒါန်းကျူးတော်မူ၏။ ဒေဝပုတ္တမာရ်ကို အောင်တော်မူ ပြီ၊ တဏှာငါးရာကိလေသာမာရ်ကို အောင်တော်မူပြီ။ ယင်ခု ဘဝကိုအဆုံးထား၍၊ နောင်ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏစသော ဘေးဒုက္ခ အမျိုးမျိုး တို့နှင့်ဆက်ဆံသောခန္ဓာငါးပါးတို့ မဖြစ် တော့ပြီ ဖြစ်လေသောကြောင့်၊ ခန္ဓမာရ်ကို အောင်တော်မူပြီး။ ယာဝဘာဝကို ထား၍၊ နောင်သေခြင်း တရားမဖြစ်တော့ပြီဖြစ် လေသောကြောင့်၊ မစ္စုမာရ်ကို အောင်တော်မူပြီ။ ကုသိုလ်အ ကုသိုလ်တို့ကဲ့ အသုံးရုံပယ်အပ်ပြီးဖြစ်လေသောကြောင့်။ အာဘိ သင်္ခါရမာရ်ကိုအောင်တော်မူပြီ၍ သိန္ဓုသုံးသွင်းသျှက်နေလေ၏၊

။ပထမပလ္လင်သတ္တာဟာပြီး၏။ ။

(၅) ထိုနောက် ပလ္လင်၏အရှေ့ဖြောက်၊ ကုံးမြင့်တရေပေါ်၌ ရင်တော်မူလျက်။ဗောဓိပင်နှင့် ပလ္လင်ကို ကျေးဇူးတင်၍ ရှုနစ်ရက်ပတ်လုံး မမြဲတ်သောမျက်စေ့ဖြင့် နေတော်မူ၏။ထိုအခါ နတ်တို့ကာ၊ အထင်လွဲ၍၊မြတ်စွာဘုရားရှင်သည်၊ ပလ္လင်ကို နှစ်သက်တွယ်တာလျက်ရှိသေးသည်ထင်ကြ၏။ နတ်တို့က အံတင်မှားသည်ကို၊မြတ်စွာဘုရားရှင် သိတော်မူ၍၊ငြိမ်းစေခြင်းငှာ၊ ကောင်းကင်သို့ ဈာန်ဖြင့် တက်၍၊ယင်ရိုက်ပြာဋိဟာပြတော်မူ၏။ ။

ဒုတိယ အနိမိသသတ္တာဟာပြီး၏။ ။

(၆) ထိုနောက်ပလ္လင်၏။ဖြောက်ဘက် မဒိုးမဒေးမှာ၊ သိကြားမင်းသည်၊ ဘန်ဆင်းအပ်သော၊ ရတနာစင်္ကြံဒွဲ၊ ခုနစ်ရက်ပတ်လုံး။ပကတိဆောင်ခြည်းတော်ဖြင့် စင်္ကြံကွေ့လျှောက်နေတော်မူ၏။ ။

တတိယစင်္ကမ သတ္တာဟာပြီး၏။ ။

(၇) ထိုနောက်ပလ္လင်၏အနောက်ဖြောက်၊သိကြားမင်းသည်၊ဘန်ဆင်းအပ်သော၊ ရတနာဃရ ရွှေအိမ်၌၊ ခုနစ်ရက် ပတ်လုံးအဘိဓမ္မာခုနှစ်ကျမ်းတို့ကို သုံးသပ်ဆင်ခြင်တော်မူ၏။ ထိုခုနှစ်ကျမ်းတို့ထဲတွင်၊ သမန္တပါသာဒိကပဋ္ဌာန်းကျမ်းကြီးကို ဆင်ခြင်တော်မူသော အခါ၊ အထက်ဘဝဂ်၊ အောက်အဝိစိ၊ စကြဝဠာအနားရေးကျအောင်ဆောင်ခြည်တော်ဆြောက်သွယ်တို့သည် ထွက်တော်မူကုန်၏။ ။

စတုတ္ထရတနာဃရသတ္တာဟာပြီး၏။ ။

(၈) ထိုနောက်ပလ္လင်၏အရှေ့ဘက်။အနိုးဥဒုံကြကုန်သောရွာသားဆိတ်ကျောင်းသမားတို့၏နေဝိုရာ၊ စခန်းချရာဖြစ်သော။ အဇပါလညောင်ပင်ရင်း၌၊ ခုနစ်ရက်ပတ်လုံး။ ဝိမုတ္တိချမ်းသာကို ခံစားတော်မူ၏။ပဋိစ္စသမုပ္ပါဒ်တရားတော်ကို ဆင်ခြင်တော်မူ၏။ ဒေါသ၊ မာန၊ အလွန်ကြီးသော ဒိဋ္ဌိမင်္ဂလိကပုဏ္ဏားသည် လာ၍။မြတ်စွာဘုရားရှင်အား။ အဘယ်သဘောမျိုးကို ပုဏ္ဏားခေါ်ပါသနည်းဟူ၍ လျှောက်ထားရာ။ မြတ်စွာဘုရားရှင်သည်။ ပုဏ္ဏားဆိုသောစကား၏။အဓိပ္ပါယ်သည် ဒေါသမရှိခြင်း၊ မာနမရှိခြင်း။ သိလသမာဓိ ပညာနှင့်ပြည့်စုံခြင်းတို့ကို ပုဏ္ဏားခေါ်

သည်ဟူ၍ဖြေတော်မူ၏။
ပဠမအဓိပါလသတ္တုပြီး၏။ ။

(စ) ထိုနောက်ပလ္လင်၏ အရှေ့တောင်းထောင့်၊ မုဆလိန္ဒာနဂါးမင်း သည်အမြဲနေအပ်သောကြောင့်၊ မုစလိန္ဒးမည်သောရေကန်နား ၌ ပေါက်ရောက်လျက်ရှိသော ကုညုံးပင်ခင်း၌ ချုနစ်ရက်ပတ် လုံး။ ဝိမုတ္တိချမ်းသာကို ခံစားတော်မူလျက်နေစဉ် သည်းထန်စွာ သောမိုးကြိုးရွာသွန်းသည်ဖြစ်၍ မုစလိန္ဒာနဂါးသည်မြတ်စွာ ဘုရားရှင်အား ဒုမိုးမစိုစိမ့်သောငှာ မိမိ၏ပါးပြင်းဖြင့်ထိုးရှက် ပြု၍အထက်ကအုပ်မိုးသျှင်းထား၏။ ။

ဆဋ္ဌမမုစလိန္ဒာသတ္တုပြီး၏။

(ဆ) ထိုနေ့ကပလ္လင်၏ တောင်တက် လင်းလွန်းပင်ရင်း၌ ထက် ဝယ်ဘွဲ့ခွေ၍ ချုနစ်ရက်ပတ်လုံး ဝိမုတ္တိချမ်းသာကို ခံစားတော်မူ၏။ ချုနစ်ရက်စေ့၍ ရှစ်ရက်မြောက် အရုဏ်တက် အချိန် ရောက်သောအခါ သိကြားမင်းသည်။ မြတ်စွာဘုရားရှင်အား ဟိမဝန္တာတောမှ အနဝတတ်အိုင်ရေ ကွင်းရှိ တံပို ဂန္ဓမာဒန တောင်မှ ကြွဇုသိုးသုံးလုံးတို့ကိုကင်လျှက်၊ ထိုနောက် မြို့မိဒေ သ၏ အရှေ့တောင်အရပ်ရှိ ဥက္ကုရပထတွင်သော ဥက္ကလာပ တိုင်း ပေါက္ခရဝတီတွင်သော အတိသဉ္ဇုမြို့သား တဗုသဿ ဘလ္လိကည်နောင် လှည်းကုန်သည်တို့လည်း ရောက်လာကြ၍ နတ်မျောက်တိုက်တွန်း နှိုးဆော်သွန်ကြားခဲ့သောကြောင့်။ သင်္ဃ ပွားမြဲအကျိုး အရှည် ဘေဇဉ်အာဟာရတို့ကိုလှူဒါန်းကြ၏။ ။

သတ္တမရာဇာယတနသတ္တုပြီး၏။

—o—

ဖြဲခဲ့ပြီးသောဘုန်းတန်ခိုးများကိုဘာသာတပါး
ဘုရားများနှင့် ပြိုင်၍ကြည့်လေ။

၄၇။ မြတ်စွာဘုရားရှင်သည် သတ္တသတ္တာဟ လေးဆဲ့ကိုးရက်စေ့ သောအခါ အဇပါလညောင်ပင်ရင်းသို့ ကြွတော်မူ၍ ခေတ္တသီတင်းသုံး တော်မူ၍ ပဋိစ္စသမုပ္ပါဒ်တရားတော်ကို ဆင်ခြင်တော်မူ၍ သမာပတ်ချမ်း သာကို ခံစားတော်မူ၏။သပ်ံပတိုဂြဟ္မာကြီး၏ လျှောက်ထားတောင်းပန် ခြင်း၏အရေး၊ မြတ်စွာဘုရားရှင်သည် ပဓဓါဂုန်တော၌ ပဉ္စဝဂ္ဂိပုဏ္ဏား ငါး

ယောက်။နတ်အသင်း၌ ဗြဟ္မာဝင်ဆဲ ၄စ်ကုဋေတို့အား ပဌမသံသရာ ဘေး ဒုက္ခအမျိုးမျိုးတို့ကိုပြ၍ သစ္စာလေးပါး ဓမ္မဥကြာတရားတော်ကို ဟောဖို့။ ဒုတိယ ပေါမာဝတနတ်နှင့် သာတာဂိရိနတ်တို့အမှူးရှိသော နတ်သားများ စွာတို့အား သေခြင်းဘေးဒုက္ခအပေါင်းတို့၏ ကင်းလွတ်ရာတရားကောင်း တရားမြတ်ဖြစ်လော ပေါမာဝတသုတ္တန်ကိုဟော၏၊တတိယပဉ္စင်္ဂိများနှင့် အလုံးစုံသော နတ်ဗြဟ္မာတို့အား ခန္ဓငါးပါးကိုပေါ်ပြ၍ သစ္စာဂျာတ်တဆဲ့ နှစ်ပါးပေါ်သော အနုတ္တသုတ္တန်ကိုဟော၏။ ဤသို့တရားဟောချနေစဉ် မိဂဒါဝုန်တော၌ပင် ဗာရာဏသီပြည်သား နန္ဒိယဒါယကာနှင့် ကုမာရဒေဝီတို့ ဆောက်လုပ်လှူဒါန်းသောကျောင်း၌ ပဌမရှေးဦး(တဝါ)ဆိုတော်မူသည်၊

—— ဝ ——

ယင်းသို့မိဂဒါဝုန်တော၌ဝါဆိုတော်မူပြီးနောက် ဗုဒ္ဓဖြတ်စွာဘုရား ကြီး၏။ကျေးဇူးတော်ဂုဏ်တော်သတင်းမျာ ပြန့်နှံ့ပုံ၊

ယခုမြန်မာသက္ကရာဇ် ၁၂၄၂ ခုနှစ်ကစ၍ နောက်ပြန်ရေသည်ရှိသော်၊ လွန်ခဲ့ပြီးသောနှစ်ပေါင်း ၂၅၁၉ နှစ်လောက် အခါကာလက၊ အိန္ဒိယတိုင်း ကြီးအတွင်းတွင် တန်ခိုးတော်၊ဂုဏ်တော်၊ ကျေးဇူးတော်တို့ဖြင့်၊ အလွန် ထင်ပေါ်ကျော်စောတော်မူသော သမ္မာသမ္ဗုဒ္ဓဂေါတမမြတ်စွာဘုရားကိုယ် တော်မြတ်ကြီးကို တိုင်းကြီး ၁၆ တိုင်း ပြည်ကြီး ၁၆ပြည်ရှိ လူဒေပေါင်း တို့က တယောက်သည် တယောက်အား အချင်းချင်းပြောကြားခြီးမွမ်း ထောမနာသြဘာပေးကြသည်မှာဘုန်းကြီးသိသမျှဘော်ပြရလျှင်အောက် ပါအတိုင်းဖြစ်လေသည်။

၁။ အိုအချင်းတို့၊ ဂေါတမနွယ်ဘွား သကျသာကီဝင် မင်းသား သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားကြီး ပွင့်ထွန်းပေါ်လာတယ်ဆိုတာကြားကြပါ ပြီလား ကြားကြပါပြီလား၊

၂။ ထိုဘုရားကိုယ်တော်မြတ်ကြီးဟာ အဓိဘာဂ်မှလဲဒေမျိုးကောင်း တယ် အဖဘက်မှလဲအမျိုးကောင်းတယ်။ဘိုးဘေးဆုနစ်ဆက် တိုင်အောင် အမျိုးကောင်းတယ်။ ကဲ့ရဲ့ဘွယ်ရာ တစုံတရာမရှိ။ သန့်ရှင်း စင်ကြယ် တယ်၊သာကီဝင်မျိုး တန်ခိုးကြီးဘဲ့သုဒ္ဓါဒနမင်းကြီးနှင့် မိဖုယားကြီး မာ ယာဒေဝီ မဟာသီဒေဝီယားခါင်ကြီးက အသိုးအခြုံးတပါးတည်း ဖွား မြင်းတော်မူတဲ့ကိုယ်တော်။

၃။ ဆွေးတော်မျိုးတော် ရှစ်သောင်းကျော်နဲ့ ကိုယ်တော်၏ သက်

လျာ ဗိမ္ဘာဒေဝီမဟောသဓိဇုယားခေါ်ငြိုးနှင့်တက္ခရင်သွေးတော်ရာဟုလာကို မငဲ့မညှာ ထွက်ခွာရဟန်းပြုတော်မူတဲ့ ကိုယ်တော်။

၄။ မြေးတွင်မြုပ်ထားတဲ့ဥစ္စာတွေ မြေပေါ်မှာထင်ထင်ပေါ်ပေါ်ထားတဲ့ဥစ္စာတွေ ရတနာဇွန်းငွေ အဆွေထွေတို့ဟာ မရေမတွက်နိုင်အောင် ပေါများပါလျက် ထိုပစ္စည်းဥစ္စာရတနာတွေကို စွန့်ပစ်ပယ်ခွာ၍ ရဟန်းပြုတော်မူတဲ့ကိုယ်တော်။

၅၊ ပျိုပျိုရွယ်ရွယ် ငယ်ငယ်နုနုကလေးဖြစ်ပါလျက် ကာမဂုဏ်ကို အာရုံပြုခါ ခံစားစံစားလိုမနေ။ အဲဒိပရတည်ထောင် လူ၏ဘောင်ကို ခွာရှောင်စွန့်ပစ်ငြီးသကာလ ရဟန်းပြုတော်မူတဲ့ကိုယ်တော်။

၆။ ယေတော် ခမည်းတော် ဆွေတော် မျိုးတော်အပေါင်း တို့က တောင်းပန်ရယ ငိုယိုကြစဉ် ဆံပင်နှင့်မုတ်ဆိတ်ကိုငယ်ခါဖန်ဝါသင်္ကန်းဝတ်ဆင်မြန်း၍ ရဟန်းပြုတော်မူတဲ့ကိုယ်တော်။

၇၊ အဆင်းရုပကာယ အလွန်လှပယဉ်ကျေးတော်မူတဲ့ ကိုယ်တော်၊ ရှုချင်စဘွယ်ရှိတဲ့ကိုယ်တော် ကြည်ညိုဘွယ်ရှိတဲ့ ကိုယ်တော်၊ အလွန်မွန်မြတ်သော အဆင်းအင်္ဂါ လက္ခဏာတို့နှင့် ပြည့်စုံတော်မူတဲ့ကိုယ်တော်၊ ဇမ္ဗူရောင်ရွှေစဉ့်အဆင်းကဲ့သို့ ဝါဝင်းသောအဆင်းရှိတော်မူတဲ့ကိုယ်တော်၊ ပြဟ္မာမင်းကြီး၏ ကိုယ်လိုမှီ့ ပျို့နုထွားသဖြင့် ကြည့်ရှုသူအများတို့၏မျက်စိဝယ် မသိန်မငယ်ကြီးကျယ်ခန့်ငြားတဲ့ ကိုယ်တော်။

၈။ အကျင့်အာစာရ ကုသလသိလဆိုတဲ့ အကျင့်ကောင်းအကျင့်မြတ်တွေကို ကောင်းစွာကျင့်သုံးဆောက်တည်တော်မူတဲ့ ကိုယ်တော်၊

၉။ ကောင်းမြတ်တဲ့စကား ဆင်နှဲကြယ်တဲ့စကား တင့်တယ်ပြေပြစ် ကျစ်လစ်သိမ်မွေ့တဲ့စကား နာသူတို့မညှိုးအောင် သာယာချိုဆိမ့် နှစ်သိန့်ဘွယ်ဖြစ်တဲ့စကား ဆင်လိုသော အဓိပ္ပါယ်ကို လွယ်လွယ်နှင့် သိနိုင်တဲ့စကား သန့်သန့်ရှင်းရှင်းနဲ့ အပြစ်ကင်းဘဲ့ စကားတွေကိုဖွေ့မြှေ့တော်သားတို့ကဲ့သို့ ယဉ်ကျေးစွာပြောကြားတော်မူတတ်တော်တဲ့ ကိုယ်တော်။

၁၀။ ကာမရာဂ တဏှာအာလယမရှိ ကာမဂုဏ်ကို ခုံမင်စွဲလမ်းခြင်းမရှိ လျှပ်ပေါ်လော်လီခြင်းမရှိတဲ့ ကိုယ်တော်။

၁၁၊ ကံသာလျှင် အကြောင်းတည်းရယ်လို့ တကြောင်းတည်းပဟာပြောလေ့ရှိတဲ့ ကိုယ်တော်။ ။ကောင်းမှုကုသိုလ်မျိုးကိုဖိုက်မျိုးကြဲချကြရန်၊ တိုက်တွန်းနှိုးဆော်တော်မူတဲ့ကိုယ်တော်။ ။ဇမ္ဗိပဓိသာတ် တာ

ပည့် သံဃာတော်တို့နှင့်တကွ၊ ဝန်ဒုက္ခနယ်တွင်းမှ လွတ်ကင်း ထွက်မြောက်ရအောင်၊ ကျင့်ဆောင်ကြိုးစားတော်မူလေ့ရှိတဲ့ ကိုယ်တော်။

၁၂။ တိုင်းပြည် နိုင်ငံအရပ်ရပ်မှ၊ အမေးပုစ္ဆာပြဿနာ မေးခန်းလာချောက်သူ လူအပေါင်းတို့၏ ထူးခြားသော၊ အမေးပုစ္ဆာများဇို သေသေ ချာချာ ရှင်းရှင်း လင်းလင်း ဖြေရှင်းသုတ်သင်တော်မူနိုင်တဲ့ ကိုယ်တော်။ ။

၁၃။ ထောင်ပေါင်းများစွာ မနေမတွက်နိုင်တဲ့ နတ်ဗြဟ္မာအပေါင်းတို့က၊ အာသက် ဝိညဉ်နှင့်တကွ၊ ပုံယုံကိုးကိုယ်ကွယ်ကြရတဲ့ ကိုယ်တော်။ ။

၁၄။ အရုပ်အစ၊ ဘဝဝါ အဆုံးရှိတဲ့ ဂုဏ်တော်ကိုးတန်တို့ဖြင့် နိုင်ံအနှံ့၊အောက်အဝီစိမှ၍၊ အထက်ဘဝဂ်သို့တိုင်အောင် ပြန့်လိုင်ကျော်ကြားတော်မူတဲ့ ကိုယ်တော်။ ။

(က) ဂေါတမနွယ်ဘွား ဘုရားကိုယ်တော် မြတ်ကြီးသည်။ လူနတ်၊ဗြဟ္မာ၊ သတ္တဝါခပ်သိမ်းတို့၏ ပူးစေ့အထူးကို ခံထိုက်ကြောင်းဖြစ်သော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူပေသောကြောင့်၊အရဟံမည်တော်မူတယ်တဲ့။ ။

(ခ) အလုံးစုံသောတရားတို့ကို သူတပါးမပေါ်မပြောပါဘဲသူကိ၊ အလိုလို ကိုယ်တိုင်မျက်မှောက်ထင်ထင် သိမြင်တော်မူသောကြောင့်၊ သမ္မာသမ္ဗုဒ္ဓမည်တော်မူတယ်တဲ့။ ။

(ဂ) နောက်နောက်ကာလကမ္ဘာအနန္တကဖြစ်လေသမျှ ပျက်လေသမျှတို့ကိုလဲ သိတော်မူတယ်။ ယခုပစ္စုပ္ပန် ကာလ ဖြစ်သမျှ ပျက်သမျှတို့ကိုလဲ သိတော်မူတယ်။ နောင်အနာဂတ်ကာလ ဖြစ်လတ္တံ့ ပျက်လတ္တံ့တို့ကိုလဲ သိတော်မူတယ်။ ငရဲပြည်၊နတ်ပြည်၊ဗြဟ္မာပြည်တို့ကိုလဲ အကုန်အစင် သိမြင်တော်မူတယ်။ ဤသို့ သိတော်မူ၊ မြင်တော် မူနိုင်တဲ့။ ဝိဇ္ဇာဉာဏ်အထူးနှင့်တကွ။ ထူးမြတ်သောအကျင့် အာစာရတို့နှင့် ပြည့်စုံတော်မူသည့်အတွက်ကြောင့်။ဝိဇ္ဇာစရဏာသမ္ပန္နမည်တော်မူတယ်တဲ့။

(ဃ) သူတပါးတို့အား ထိပါးငြိစွန်းခြင်းမရှိ၊ ရိုရိုသေသေ ပြေပြေပြစ်ပြစ်ဆိုတတ်ခြင်း။တများနှင့်အညီ ချစ်ဖွယ် ခင်ဖွယ် တကယ်

ဟုတ်မှန်သော စကားကိုသာ ပြောဆိုတတ်ခြင်းကြောင့်၊ သူ ဂတ မည်တော်မူတယ်။ ။

(င) လောကကြီး အားလုံးကို သိမ်းကြုံးကုန်စင် သိမြင်တော်မူတဲ့ အတွက်ကြောင့်၊ လောကဝိဒူ မည်တော်မူတယ်။ ။

(စ) မယဉ်ကျေးသောသူတို့ကို ယဉ်ကျေးလိမ်မာ ရှိအောင် ဆုံးမ ပဲ့ပြင် သွန်သင်တဲ့အ ရာဝယ်။ သူတကာမယှဉ်သာအောင် စွမ်းဆောင်နိုင်ဘဲ့ သတ္တိဂုဏ်ထူးရှိသည့်အတွက်ကြောင့်၊ အ နုတ္တရော ပုရိသ ဒမ္မသာရထိ မည်တော်မူတယ်။ ။

(ဆ) လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ ဟူသမျှတို့၏ ရှေ့ဆောင်လမ်းပြ ဆရာကြီးတဆူဖြစ်တော်မူသောကြောင့်၊ သတ္ထာဒေဝ မနုဿာ နံ မည်တော်မူတယ်။ ။

(ဇ) အမှန်ကြီးလေးခု။ အဟုတ်ကြီး လေးဖြာ။ မလွဲတာ လေးပါး၊ သစ္စာတရားကြီးတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူသည့် အတွက်ကြောင့်၊ ဗုဒ္ဓ ဗုဒ္ဓဟူသော ဂုဏ်တော်နာမ ဝိသေသဖြင့် ကမ္ဘာအနှံ့အပြားကျော်ကြားတော်မူတယ်။ ။

(ဈ) ဘုန်းတော်တန်ခိုးတော် အစွမ်းသတ္တိတော်ခြောက်ဘေဝ်သော ဂုဏ်ကျေးဇူးဟုန်နှင့် ပြည့်စုံတော်မူသောကြောင့်၊ ဘဂဝါဟူ သောနာမ ဘဂဝန္တံ ကိုယ်တော်ကြီးဟူ၍၊ ထင်ပေါ်ကျော် ကြားတော်မူတယ်။ ။

၁၅။ ဤဘုရား ကိုယ်တော်မြတ်ကြီးဟာ၊ လူတို့တွင် ထူးခြား၍၊ သမ္မာသမ္ဗုဒ္ဓ ဘုရားရယ်လို့ မှတ်သားစရာ သုံးဆဲ့နှစ်ဖြာသော ယောက်ျား မြတ်တို့၏ လက္ခဏာတော်ကြီးတွေနဲ့ ပြည့်စုံတော်မူတယ်။ ။

၁၆။ ထိုဘုရား ကိုယ်တော်မြတ်ကြီးရဲ့ အကျင့် အလေ့တော်မှာ။ ကိုယ်တော်မြတ်ထံပါးသို့ ဆည်းကပ်လာရောက်သူ အများတို့အား လာခဲ့ပါ၊ လာခဲ့ပါ။ သင်၏လာခြင်းဟာ ကောင်းမြတ်တဲ့ လာခြင်းဖြစ်ပါတယ်ဟု သာရာညှင်းပြောင်း ကောင်းစွာ ပြောတော်မူလေ့ရှိတယ်။ ။

၁၇။ ထိုဘုရား ကိုယ်တော်မြတ်ကြီးရဲ့ စကားများဟာလဲ။ အလွန် ပြေးပြေပြစ်ပြစ် နူးနူးညံ့ညံ့ရှိတယ်၊ ကြားရသူတို့၏ နားနှစ်ဘက်ကိုပျားရေ စက်တွေဝင်တာလို။ အလွန်ချိုမြိန် ကောင်းမြတ်တဲ့ အရသာရှိတယ်။ဒီတိ

ရွှန်းဝိုန့်စလို ဝမ်းမြောက်ဘွယ် ကောင်းသောစကားတို့ကိုသာ ပြောကြား လေ့ရှိတယ်။ မျက်မှောင်တကုတ်ကုတ်နှင့် စက်ဆုတ်ရွံရှာဘွယ် အမူအရာ များကို ပြုတော်မမူတတ်၊ ရွှင်လန်းကြည်လင်သော မျက်နှာတော်အနေ အထားဖြင့် ပြုံးရယ်ခြင်းရှေ့သွားရှိတဲ့ စကားကိုသာ ပြောကြားတော် မူတတ်တယ်။ ။

၁၈။ ထိုဘုရားကိုယ်တော်မြတ်ကြီးကို မင်း၊ ပုဏ္ဏား၊ သူဌေး၊ သူ ဆင်းရဲဟု ဆိုအပ်တဲ့ ပရိသတ်နေလးပါး များစွာသောလူအပေါင်းတို့ဟာ အလေးအမြတ်ပြုခါ၊ မပြတ်ဆည်းကပ်ကြတယ်။ အလွန်ရိုသေစွာပူဇော် ကြတယ်။အလွန်မြတ်နိုးစွာ ခစားလုပ်ကျွေးကြတယ်။ ။

၁၉။ ထိုမြတ်စွာဘုရားကြီးကို လူတွေကလဲ။ အလွန် ကြည်ညိုတယ်။နတ်တွေကလဲ၊ အလွန်ကြည်ညိုတယ်၊ ဗြဟ္မာတွေကလဲ။ အလွန် ကြည်ညိုတယ်။ ထိုသို့ ကြည်ညိုကြသည်အတွက်။ ကိုယ်တော်မြတ် သီတင်းသုံးနေတော်မူရာ၊ မည်သည့် မြို့ရွာ နိုင်ငံမှာမဆို၊ နတ်ဆိုး၊နတ်ဝါး၊ သရဲ၊သဘက်၊ ဘီလူး ရက္ခိုသ်တို့ပါဘာ။ လူတို့အား ညှင်းပန်းနှိပ်စက်ခြင်း ကို အလျှင်း မပြုလုပ်နိုင်ကြ ဖြစ်တယ်။ ။

၂၀။ ထိုမြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည်၊ တပည့်တပန်း ရဟန်းသံဃာ လွန်စွာများပြားသော ဂိုဏ်းကြီးဂဏာကြီး၏ ဦးစီးနာယက သံဃာဉက္ကဋ္ဌ ဓမ္မရာဇာဖြစ်တော်မူသောကြောင့်၊ ဤလောကအတွင်း ရှိရှိသမျှ သော ဂိုဏ်းဆရာတို့ထက် အကြီးဆုံး၊ အမြတ်ဆုံး ဂိုဏ်းဆရာကြီး ဖြစ် တယ်။ ။

၂၁။ ထိုမြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည်။ အညတိတ္ထိယ ဂိုဏ်းဆရာတို့ကဲ့သို့။ မချိုးမွမ်းလောက်၊ မပြောပလောက်၊ မဟုတ်မဟတ် ဖြစ်သော ဂုဏ်တို့ကို ဖော်ပြ၍၊ မသိနားမလည်သော သူတို့အလယ်တွင် ကျော်စောထင်ရှားသကဲ့သို့ မဟုတ်။ တကယ့်တကယ် ကြီးကျယ်မြင့်မြတ် သောဝိဇ္ဇာဂုဏ်၊စရဏ ဂုဏ်တို့ကြောင့်၊ လိမ်မာတတ်သိ၊ ပညာရှိသော ကဝိသူမှန်၊လူတံခွန်တို့၏ အပေါ်တွင်ထင်ပေါ်ကျော်စောတော်မူတဲ့ ပုဂ္ဂိုလ် မြတ်ကြီးဖြစ်တယ်။ ။

၂၂။ ထိုမြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးကို၊ အလွန်တန်ခိုးကြီး သော မဂဓတိုင်းကြီးရှင် ဘုရင်ဗိမ္ဗိသာရမင်းကြီးသည်။ သားတော် ဘဒ္ဒိး

တော်မိဇယား မောင်းမှမိသံ ချွေရံပရိသတ်နှင့်တကွ၊အဆက်ပါနှင်းပုံ၍၊ ယုံကြည်ကိုးကွယ်တော်မူတယ်၊ ။

၂၃ ထိုမြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကို၊ အလွန်တန်းခိုးကြီးသည့် ကောလတိုင်းကြီးရှင် ဘုရင်ပဿေနဒိ ကောသလမင်းကြီးသည်၊ သားတော် ဘိုးတော် မိဇယား မောင်းမ မိသံ ချွေရံပရိသတ်နှင့်တကွ၊ အဆက်ပါနှင်းပုံ၍၊ ယုံကြည်ကိုးကွယ်တော်မူတယ်၊ ။

၂၄၊ ထိုမြတ်စွာဘုရား ကိုယ်တော် မြတ်ကြီးကို၊ ဗေဒင်သုံးပုံကို တဘက်ကမ်းရောက် တတ်မြောက်ကြကုန်သော၊ ပုဏ္ဏားတော် ပညာရှိသူငယ်ကြီးတွေ-ဖြစ်ကြကုန်သော၊ပေါက္ခရသာတိပုဏ္ဏား၊စင်္ကီပုဏ္ဏား၊တာရုက္ခ ပုဏ္ဏား စသော၊ ပုဏ္ဏား ပညာရှိတွေကလဲ။ သား မယား ချွေ ရံ ပရိသတ်နှင့်တကွ၊အသက်ပါနှင်းပုံ၍၊ယုံကြည် ကိုးကွယ်ကြတယ်၊ ။

၂၅၊ ထို့ပြင်မှတပါး၊ ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးအား၊ယုံကြည်ကိုးစား၍ ရှိခိုးခြင်း၊ မြင်နှိုးခြင်း၊ ပူဇော်ခြင်း၊ ရိုသေခြင်း၊ အလေးအမြတ်ပြုခြင်း၊ ခစားလုပ်ကျွေးခြင်းတို့ကို ပြုကြသည်မှာ၊ မနုဿတွေကိုနှိုင်အောင် များသောဘုရင်မင်းမြတ်များ အရာရှိ၊အရာခံများ၊ သူကြွေးကြီးများ၊ ပုဏ္ဏား ပညာရှိများနှင့်တကွ၊ ဇာတိနိုင်းကြီး တတိုင်းလုံးဖြစ်လေသည်၊ ။

ကျေးဇူးတော် ဂုဏ်တော် သတင်းများဖြန့်နှံ့ပုံပြီး၏၊

——o——

၄၈၊ ဆုတောင်းမြွေ၏ အနောက်မြောက် ဝါးတော၌ ဓိပ္ပဲသာရမင်းကြီးသည်၊ဆောက်လုပ်လှူဒါန်းအပ်သော၊ဝေဠုဝနံကျောင်းတော်၌(ဝါးဝါ) ဝါကပ်ဆိုတော်မူစဉ်၊ ရာဇဂြုလောက် အကြောင်းပြု၍၊ အမွှေးထိမ်ယဇ ရာဟုဏော ဝါဒသုတ်နှင့် ပိဂဒ္ဓတ်ကို ဟောဖို့။ ဓမ္မဂေါဒဟန်းကို အကြောင်းပြု၍၊ ဒိန္နာအယုမှားကြောင်း ဟောဖို့၊ သုတပါးအား ဝန်တိုခြင်းအပြစ် ဟောဖို့၊ ခေမာဒိဂုယားအား ဓာတိ ဓရ၊ မဂ္ဂကဟောဖို့၊ သင်္ခဒတ် ဟောဖို့၊ ဇိဝကဖို့နှမ သိရိမာအား၊ သုတပါးကို မပြစ်မှားအပ်ကြောင်း ဟောဖို့၊အပ္ပိဿဒတ်ကို ဟောဖို့၊အနုဂါမတည်ဖို့၊ကုက္ကုဒမိတ္တမဆုံးဖို့ မယားကို အကြောင်းပြု၍၊ ပါဏာတိပါတ မပြုရထေးအောင်၊ တန်းဒုံးဖြင့်

ကြံစိ၍ လင်မုဆိုးကို ဟော၏။ မယားသည် ငယ်ရွယ်စဉ်ကာ သောတာပန် ဖြစ်ပြီးသည်ဖြစ်၍၊ လင်၏ဝတ်တရားအတိုင်း။ လေးမြားကိစ္စများပြုရသော်လဲ အပြစ်မရှိကြောင်း ဟောတော်မူ၏၊ ယေား၏အဘလည်း သောတာပန် ဖြစ်၏၊ သားခုနစ်ယောက်နှင့် ချွေးမခုနစ်ယောက်တို့လည်း သောတာပန်ဖြစ် ကြ၏။ ။

၄၉။ ဝေသာလိပြည် မဟာဝုန်တော၊ စုလင်္ဘန်ဆွန်တပ်သောစရပ် ၌ လင်းနို့အကျင့်ကို ကျင့်သောပုဏ္ဏားကို အကြောင်းပြု၍၊ ဗွတ်မင်းဇာတ် ကိုဟော၍၊ (တဝါ) ဝါဆိုတော်မူသည်။ ၎င်းပြင် မဏ္ဍိမဒေဿ၏အနောက် ဘက်သမုဒ္ဒရာကမ်းနား၊ နမန်ဘာမြစ်နှင့် သောတုမ္ဘရ မြစ်နှစ်ခုအကြား၌၊ ချယားပင်ပေါသော၊ မကုဋုတောင် ခုလတ်မှာ။ (တဝါ) ဝါဆိုတော် မူစဉ်၊ အာဘိဓမ္မာမျှားစွာ ဟော၏။ ။

၅၀။ ကာဝတီသာနုတ်ပြည်မှာ။ မယ်တော်ဖြစ်ဘူးသော သန်္ဃာသမိ တ နုတ်သားကို အကြောင်းပြု၍၊ အာဘိဓမ္မာခုနစ်ကျမ်းဟော၏။ ကုဋေ၌စ် ဆယ်အကျွတ်တရားရ၏။ နုတ်ပြည်၌၊ ညဉ့်အခါသာ တရားဟောသည်။ နေ့ အခါ၌ မြတ်စွာဘုရား၌ရှင်သည်။ ဘန်ဆင်း၍ ထားခဲ့သော နိမ္မိတဆင်းတု တော်က၊ မြတ်စွာဘုရားနှင့် အလားတူအောင် တရားဟောတော်မူသည်။ မြတ်စွာဘုရား၌ရှင် ကိုယ်တော်တိုင်သည်။ နုတ်ပြည်၌ ဝါမဆို။ ဟိမဝန္တာ တော ၌ရှင်သာရိပုတ္တရာသီတင်းသုံးသော၊ စန္ဒကူးနံ့သာတော်ထိ၊ နုတ်ပြည်မှ နေ့စဉ် အာရုဏ်မြို့ကြွတော်မူသည်၊ ဗြောက်ကျွန်း၌ ဆွမ်းခံတော်မူသည်။ စန္ဒကူးနံ့သာတော၌ (တဝါ) ဆိုတော်မူသည်။ ဤအချက်မှာလဲ ဘာသာ တပါးဘုရားနှင့် နှိုင်းပြိုင်၍ ကြည့်ကြလေ။ ။

၅၁။ သံသုမာရဂိရိမြို့အဝိုင် ဘဂ္ဂါယနဂရာအနီး။ ဘေသကလာတော၌ (တဝါ)ဆိုတော်မူစဉ်။ နကုလပိတာ နကုလမာတာတို့ကိုတရားဟော၏။ ဗောဓိမင်းသားကိုလည်း၊ သရဏာဂုံဟော၏။ ချမ်းသာကိုလိုလျှင်၊ ဆင်းရဲ ခြင်းနှင့်အဝေးပြုရမည်ဟု ဟော၏။ ။

၅၂။ ကောသမ္ဗီမြို့ ဃောသက သူဌေးလူသော ဃောသိတာရုမ ကျောင်း။ ပါဝါရိက သူဌေးလူသော၊ ပါဝါရိကာရုမကျောင်း။ ကုက္ကုဋဥသူ ဌေးလူသော၊ ကုက္ကုဋဥာရုမကျောင်း။ ၎င်းသုံးကျောင်းကို အရံတဆတည်း ထား၍၊ (တဝါ) ဆိုတော်မူစဉ်၊ သမာဝတီ၊ မာဂဏ္ဍိ၊ ခုဇ္ဇုတ္တရာ၊ သုမန ပန်း သည်တို့ကို တရားဟော၏။ ။

၅၃၊ ပါလိလေယျက ရွာသားတို့လှူဒါန်းသော၊ပါလိလေယျကတော အင်ကြင်း ပင်ရင်းကျောင်းဌ (တဝါ) ဆိုတော်မူစဉ်၊ အလုပ်အကျွေးဖြစ်သော၊ ပါလိလေယျက ဆင်နှင့် ပေါထပါဌ မျောက်တို့အား၊ သရဏာဂုံပေးတော်မူ၏။ ။

၅၄။ ရာဇဂြိုဟ်မြို့၏ မြောက်၊ နာဠကပုဏ္ဏားရွာအနီး။ ဒက္ခိဏာဂိရိတောင်ကုန်းပေါ်ရှိ၊ နာလိကာရုံးကျောင်းဌ (တဝါ) ဆိုတော်မူစဉ်၊ကာသိဘာရဒ္ဒါဇပုဏ္ဏားကို အကြောင်းပြု၍၊ လောကီလယ်ထွန်ခြင်းကို ပမာတင်၍၊ သီလ၊သမာဓိ၊ပညာ၊ ဒါန၊သီလ၊ ဘာဝနာစသော၊ကုသိုလ်လယ်ထွန်ခြင်းသည်သာလျှင်၊သံသရာမှ ထွက်မြောက်ကြောင်း ဟောတော်မူ၏။ ။

၅၅။ ဝေရဉ္ဇယတိုင်း၊ ဝေရဉ္ဇယမြို့အနီး၊ နဠေရုအမည်ရှိသော ဘိလူးပိုင်သော ဇာမဟပင်ရင်းဌ (တဝါ) ဆိုတော်မူစဉ်၊ ဝေရဉ္ဇယ ပုဏ္ဏားမေးသမျှ ပုစ္ဆာတို့ကို ကြေနပ်အောင် ဖြေတော်မူ၏။ ငါဘုရားရှင်သည်သာလောကဌ် ရှိရှိသမျှကုန်သော၊လူ၊နတ်၊သိကြား၊ဗြဟ္မာတို့ထက် အကြီးဆုံးဟူ၍ခေါ်ဆိုရခြင်းသည်ကား။ တထောင်ငါးရာ ကိလေသာတည်းဟူသော ဥစ္စံတွင်းက၊ ရှေးဦးပဌမထွက်မြောက်လေသောကြောင့်၊အကြီးဆုံးဟု ခေါ်ဆိုရကြောင်းဟော၏။။ ။

၅၆။ စာလ်မြို့အနီး။ စာလီယဇတောင်ဌ ဂုင်းမြို့သားတို့ လှူသော ကျောင်းဌ (တဝါ) ဆိုတော်မူစဉ်၊ မေဃိယရဟန်းကို အကြောင်းပြု၍။ ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဗျာပါဒဝိတက် သုံးပါးတို့ကို ဟောတော်မူ၏။ ဂုင်းပြင် စိတ်သည်။ မကောင်းသော အာဇုံသို့ မသွားရအောင် တားဆီးခြင်းငှာ ခဲယဉ်းကြောင်း ဟော၏၊ အာဠဝိမြို့က ယက်ကန်းသည်၏သွီးကလေးကို သုံးဆဲ့နှစ်ပါးသော ကောဠသပေါ၏။ ။

၅၇၊ သာဝတ္ထိမြို့၏တောင်ဘက်၊ဇေတဝန်ကျောင်းတော်ဌ (ဝါနှစ်ဆယ်)တိုင်တိုင်၊ဝါဆိုတော်မူစဉ်၊ သုတ္တန်၊ဝိနည်း၊ အဘိဓမ္မာ အမျိုးမျိုးတို့ကို အများဆုံးဟောတော်မူသည်၊ ။

၅၈။ သာဝတ္ထိမြို့ အစိုးရဝတ်မြစ်၏အနီး၊ဝိသာခါလှူဒါန်းသော၊ ပုဗ္ဗာရုံကျောင်းတော်ဌ (ခြောက်ဝါ) တိုင်တိုင် ဝါဆိုတော်မူစဉ်၊သုတ္တန်၊ဝိနည်း၊ အဘိဓမ္မာ အမျိုးမျိုးကို များစွာဟောတော်မူသည်၊ ။

၅၉၊ ကဝိလဝတ်မြို့အနီး ရောဟနီမြစ်နား။နိဂြောဓ သာကီဝင်မင်းသားတို့၏အရံဌ၊ဆွေတော်မျိုးတော်တို့ ဆောက်လုပ်လှူဒါန်းသော၊ နိဂြော

ဓာရုံကျောင်း၌(တဝါ)ဆိုးတော်မူစဉ်၊မဟာနာဝ်မင်းကြီးက ဥပါသကာ၊ ဥပါသိကာတို့၏ အင်္ဂါများကို မေးလျှောက်ရာ၊ မဂ္ဂင်၅စ်ပါးနှင့် သစ္စာလေးပါးတို့သည်။လိုရင်းအင်္ဂါဖြစ်ကြောင်း ဟော၏။ ဝရိုးတော် ယောက္ခမဖြစ်သော သုပ္ပဗုဒ္ဓမင်းကြီးအား၊ မြေမျိုလတံ့သည်ကို ဟောတော်မူ၏။ ။

၆၀၊ အာဠဝိတိုင်း အာဠဝီမြို့ အနီး၊ အာဠဝက ဘီလူးပိုင်သော ညောင်ပင်ရင်း။အာဠဝိမင်းကြီးလှူသော ကျောင်း၌(တဝါ) ဆိုတော်မူစဉ်။ အာဠဝကဘီလူးကို အကြောင်းပြု၍၊ ဇောဓိပက္ခိယတရား သုံးဆဲ့ခုနစ်ပါး ဟော၏။ သစ္စာလေးပါးဟော၏။ ။

၆၁၊ ဝေသာလီမြို့အနီး။ဝဋ္ဋ၀ဂ္ဂါတဲ့ကျောင်း၌ (တဝါ)ဆိုသည်၊ ၎င်းတဝါသည်။ လေးဆဲ့ငါးဝါမြောက်မှာ၊ နောက်ဆုံးဝါဖြစ်သည်၊ ၎င်း နောက်ဆုံးဝါမှာ၊ မြတ်စွာဘုရားရှင်သည်။ ကြမ်းထမ်းသောပိတ်ဝမ်းသွေး ကျနာ ဖြစ်တော်မူသည်၊ ။

၆၂၊ ဗာရာဏသီမြို့။ ဝိဂဒါဝုန်တော၌ ပဌမတဝါကစ၍၊ ဝေသာလီမြို့အနီး ဝဋ္ဋ၀ဂ္ဂါ၌ နောက်ဆုံးတဝါအထိ၊ လေးဆဲ့ငါး၀ါ စေ့တော်မူသည်။ (အထူး) မြတ်စွာဘုရားရှင်သည်။ပဌမတဝါကစ၍ တဆဲ့ငါး၀ါအထိ၊တပည့်သာ၀ကတို့အား ဆွမ်းစားရာ၌ ဆွမ်းအကျိုးတရား ဟောရုံ၌ပင်မပြုသေး၊ တဆဲ့ငါး၀ါက လွန်မှ ခွင့်ပြုတော်မူသည်။ ။ဝိဂဒါဝုန်၌ ဓမ္မစကြာ တရားပွဲကြီးသည်၊ ပဌမဓမ္မာဘိသမယ ခေါ်သည်၊ ၊တာ၀တိံသာနတ်ပြည်၌ ဟောသော၊အာဘိဓမ္မာတရားပွဲကြီးသည်။ ဒုတိယ ဓမ္မာဘိသမယ ခေါ်သည်။ ။တဆဲ့ခြောက်၀ါမြောက်။ ဇေတ၀နကျောင်း၌၊ မဟာ မင်္ဂလသုတ် တရားပွဲကြီးသည်၊ တတိယ ဓမ္မာဘိသမယ ခေါ်သည်။ ။

၆၃။ အဆုံးစွန် တဝါဆိုတော်မူသော၊ ဝဋ္ဋ၀ဂ္ဂါ၌ ပိတ်ဝမ်းသွေး ကျနာ ဖြစ်တော်မူသောအခါ။ သိကြားမင်းသည် လာ၍၊ ဝတ်ပြုတော်မူသည်။ဘုရားရှင်သည်။သည်းထန်သောအနာကိုအရဟတ္တဖိုလ်သမာပတ်ကို ဝင်စား၍ သက်သာစေ၏။ ဖလသမာပတ်ကို မဝင်စားဘဲ။ အဘယ်ကြောင့် အရဟတ္တဖိုလ်သမာပတ်ကို ဝင်စားသနည်း၊ ဖလသမာပတ်သည်၊ ၀င်စား နေစဉ်အခါ၌သာ ရောဂါသက်သာသည်။ မဝင်စားလျှင် နာမြဲနာပြန်၏။ အရဟတ္တဖိုလ် သမာပတ်သည်။ အလိုရှိသလောက် အချိန်ကာလတိုင်

အောင်။ ပိုင်းခြား၍ သင်္ကာသာစေနိုင်သည်၊ ထိုကြောင့် အရဟာတ္တဖိုလ် သမာပတ်ကို ဝင်စားတော်မူသည်၊ ။

၆၄၊ ထိုဝေဠုဝဂ္ဂါ၌ အာနန္ဒာကို တရားတော်သာ မှီခိုရာမှီကြောင်း ဟောတော်မူ၏၊ သိလ၊သမာဓိ၊ပညာ၊ သာသနာသုံးရပ်နှင့် ပြည့်စုံသော သူကို ပေါင်းသင်းရခြင်းသည် မြတ်၏။ သံသရာဘေးဒုက္ခတို့ငြိမ်း၏၊ အ ရိယာနှင့် ဆက်ဆံရခြင်းမြတ်၏။ ဒုက္ခငြိမ်း၏၊သူယုတ်နှင့် ဆက်ဆံရခြင်း ယုတ်၏။ ဆင်းရဲ၏။ ဒုက္ခပွား၏ ဟူ၍၊မှာထား ဟောကြားတော်မူ၏။ ၊

၆၅၊ ဝေဠုဝဂ္ဂါ၌ ဝါကျွတ်လျှင်၊ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းသို့ ကြွတော်မူ၏။ထိုမှတဘာန် မြတ်စွာဘုရားရှင်သည်။ တပည့်များစွာနှင့် ရာ ဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းသို့ ကြွသွားတော်မူ၏။ဂင်းမှတဘာန် ပရိသာတ် များစွာနှင့် ဂင်္ဂါမြစ်နား။ဥက္ကစေလအရပ်။ရောဆိပ်၌နားနေတော်မူ၍။ရှင်သာ ရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်တို့ ပရိနိဗ္ဗာန် ပြုသောအကြောင်း အာကျိုးတို့ကို ဟောတော်မူ၏၊ ဂင်းမှတဘာန်၊ဝေသာလီမြို့သို့ကြွ၍ ဆွမ်းခံတော်မူ၏။ဂင်း မှ ဝေသာလီအနီး စာပါလစေတီသို့ကြွ၍၊ အာနန္ဒာကို ဝေသာလီသည်၊ မွေလျော်ဘွယ် ကောင်း၏။မြို့အရှေ့ ဥတေနစေတီ မွေလျော်ဘွယ်ကောင်း၏၊မြို့တောင်ဂေါတမစေတီမွေလျော်ဘွယ်ကောင်း၏၊မြို့နောက်သတ္တမ္ဗစေ တီမွေလျော်ဘွယ်ကောင်း၏၊ မြို့မြောက်ဗဟုပုတ္တိကစေတီ မွေလျော်ဘွယ် ကောင်း၏။သာနန္ဒစေတီ မွေလျော်ဘွယ်ကောင်း၏။ စာပါလစေတီမွေ လျော်ဘွယ်ကောင်း၏။ဂါဘုရားရှင်သည်။ ဇာတ္တိပါဒ် လေးပါးပွားလျှင်၊သက် တော် ဝါတော်ရှည်နိုင်၏ဟူ၍ စကားရိပ်ပေးတော်မူ၏။စာပါလစေတိရင်း၌ မာရ်နတ်လာ၍၊မြတ်စွာဘုရားရှင်အား။ ယခုအခါပရိနိဗ္ဗာန်ပြုချိန်တန်ပါပြီ ဟူ၍၊တောင်းပန်လျှောက်ထား၏။ ထိုအခါဘုရားရှင်က၊ဂါ၏ဗုဒ္ဓကိစ္စမကုန် သေးလျှင်၊ ပရိနိဗ္ဗာန်မပြုသေးဟု ပယ်တော်မူလိုက်၏။ (အထူး) မြတ်စွာ ဘုရားရှင်ကို မာရ်နတ်နှောင့်ယှက်သည်မှာ၊ ကဏ္ဍကဖြင်းနှင့်တောထွက်စ ကတည်ကြိမ်၊ ဗောဓိပင်အောက်ရောက်စကတည်ကြိမ်။ အပ္ပရာဇာတပလ္လင်ပေါ် သို့၊ရောက်စက တည်ကြိမ်။ အဇပါလညောင်ပင်ရင်း၌ တည်ကြိမ်၊စာပါလစေတိ ရင်း၌တည်ကြိမ်အား၌ဖြင့်၊ ငါးကြိမ်နှောက်ယှက်သည်။ဘုရားရှင်သည်။ ဇာတ္တိပါဒ် လေးပါးကို ၊ပွားလျှင်၊ အာယုကပ်ပတ်လုံး နေနိုင်ကြောင်း။ အာနန္ဒာကို စကားရိပ်ပေးတော်၏၊ ဝေသာလီစသောနေရာတို့သည်။ ဂါဘုရား အလွန် မွေလျော်ဘွယ်ကောင်း၏ဟူ၍လည်း၊ စကားရိပ်ပေးတော်မူသည်၊ ၊

၆၆၊ ထိုပြင် မြတ်စွာဘုရားသည်၊ အာနန္ဒာကို ရာဇဂြိုဟ်မြို့အနီး၌ ဂိုဏ်ကြကုန်သော ဂေါတမဉာဉ်ပင်စေတီ။ ဧရာဝပါတလိုင်း၊ ဝေဘာရတောင် စရဉ်းပင်လိုဏ်။ ဇုသိဂိလိတောင်နံရံ ကျောက်ညိုလိုဏ်။ ယင်းထိုက်တော။သပ္ပသောဏ္ဍိကလိုဏ်။ တပေါဒါရုံကျောင်း။ဂျဋ္ဌနက်မျိုးကို အာစာကျေးသောနေရာ ဝေဠုဝန်းကျောင်း။ ဂိဇ္ဈကူဋ်တောင်ခြေရှိ။ဇီဝက သရက်ဥယျာဉ်ကျောင်း။မဒ္ဒကုစ္ဆိမိဂဒါယနေရာ။ဤအရပ်တို့၌လည်း ငါဘုရားရှင်သည်။ အလွန်မွေ့လျော်တော်မူ၍ဟူ၍၊စကားရိပ်းပေးတော်မူ၏။ ဤသို့အားဖြင့် အာယုကပ်ပက်လုံး နေနိုင်းကြောင်း၊ စကားရိပ် ပေးပါသော်လဲ၊ အာနန္ဒာသည်။ မတောင်းပန်မိဘဲ နေလေ၏။ အာနန္ဒာ၏သတိလစ်၍၊ ချက်ယွင်းခြင်းပေတည်း။ စကားရိပ်ပေးသောအခါမှာ၊ အရှင်မြတ်သည်၊ဆုံဖြတ်ပါဒ်ကို ပွား၍၊ အာယုကပ် ပစ်လုံး တည်တော်မူပါဟု လျှောက်ထားတောင်းပန်ခဲ့ပါမူကား။ ယခုထက်တိုင် မြတ်စွာဘုရားရှင်သည် သက်တော်ထင်ရှားရှိလတ္တံ့၊ ။

စာပါလစေတီ၌ဟောတော်မူသောတရားပြီး၏။

—o—

၆၇၊ မြတ်စွာဘုရားရှင်သည် စာပါလစေတီမှကြွတော်မူ၍ ဝေသာလိအနီး မဟာဝုန်တော စုလစ်မွန်ချွန်ဝင်းသော စရပ်၌ ခေတ္တတန့်ရပ်၍ ဝေသာလိ၌ဆွမ်းခံ၏။ရဟန်းများစွာစည်းဝေးမိကြ၏။ ဗောဓိပက္ခိယတရားဟောတော်မူ၏။ သဒ်ါရုတရားမမြိုးကြောင်း မမေ့မလျော့ကြ စေခြင်းငှာ ဟောတော်မူ၏၊ ၎င်းစရပ်မှထွက်ကြွတော်မူပြန်၍ ဘဏ္ဍုဂ္ဂါသို့ကြွတော်မူ၏။ ရဟန်းများအား သိလ သမာဓိ ပညာ ဝိမုတ္တိရသကို များစွာဟောတော်မူ၏၊မဟာပဒေသလေးပါးကိုလည်းဟောတော်မူ၏၊ဘဏ္ဍုဂ္ဂါဌပတိထိုဂ္ဂါ၊အမ္ဗဂ္ဂါ၊ဇမ္ဗုဂ္ဂါဘောဂဂြိုသို့၊ရောက်အောင်အစဉ်အဘိုင်းကြ၍ သာနန္ဒရစေတီ၌ တန့်ရပ်းတော်မူ၍ မဟာပဒေသလေးပါးကို ဟောတော်မူ၏၊သာနန္ဒရစေတီမှ ပါဝါဂြိုသို့ကြ၍ ဂ္ဂေါပန်းထိပ်သည် ရုန္ဒ၏သရက်ဥယျာဉ်၌ တန့်ရပ်တော်မူ၍ ရုန္ဒကို သိသ သမာဓိ ပညာဟော၏။ရုန္ဒကမြတ်စွာဘုရားရှင်အား ဝက်ယိုသားရောသော ဆွမ်းကိုလှူ၏။ ထိုဆွမ်း၌ နတ်တို့သည် လေး

ကျွန်းလုံးရှိ အနုံ၊အရသာ၊အဆိ၊ အဥဟူသမျှကိုယူ၍ ထည့်ကြကုန်၏။ဘု
ရားရှင်ဘုဉ်းပေးပြီးလျှင်၊အကြင်းအကျန်ကိုမြေဦးမြှုပ်၏။အခြားသောဆွမ်း
များစိမံ၍၊ နောက်ပါ ရုဟန်းများအားလှူ၏။ ဘုရားရှင်သည် အာနန္ဒာနှင့်
ၵင်းမှ တဘန်ကုသိနာရုံသို့ ကြွသွားတော်မူ ပြန်၏။ ခရီးအကြား၌ မထင်
ရှားသော မြစ်တခုမှာ ဘုရားရှင်၏အမိန့်တော်နှင့် ရေခပ်သွားရာ အလွန်
နောက်သော ရေပင်ဖြစ်သော်လဲ သပိတ်တွင်းသို့ရောက်သည်နှင့် တပြိုင်
နက်ရေသည်အလွန်ကြည်လင်၏။ဘုရားရှင်သည်ရေကိုသုံးဆောင်ပြီး၍ ဤ
အရပ်၌ရှိသော အာဠာဝရ ရဟန္တာတပည့် မလွှာမင်းသားပုက္ကုသကို သ
မာဓိတရား၏ အကျိုးစီးပွားများကြောင်း ဟောပြောရာ မြတ်စွာဘုရားရှင်
၏တပည့်ဖြစ်လာ၍ သရဏဂုံသိသတို့ကိုဆောက်တည်၏။ ၵင်းပုက္ကုသ
မင်းသားသည် အလွန်အဘိုးထိုက်တန်သော ရွှေရောင်ရှိသောပုဆိုး နှစ်
ထည်ကိုယူ၍မြတ်စွာဘုရားရှင်အားတထည်။ဘုရားရှင်၏အမိန့်နှင့်အာနန္ဒာ
အား တထည်လှူ၏။(အထူး)အာနန္ဒာသည် အလုပ်အကျွေးဆုကို လက်ခံ
စကလာဘ်လာဘကိုလက်မခံပါဟုပယ်ပါ၍လျက် ယခုအဘယ်ကြောင့်လက်
ခံပါသနည်း။ ဘုရားရှင်သည် ပရိနိဗ္ဗာန်ပြုခါနီး အဆုံးစွန်ဖြစ်သောကြောင့်
အမှတ်အသားပြုရစေခြင်းငှါ လက်ခံလေသတည်း။ ပုဆိုးရောင်သည် ဘု
ရားရှင်မှာရုံထားသောအခါ အတွင်း၌သာ အရောင်ထွက်၏။အသားတော်
ကလည်း အထူးစင်ကြယ်ပြီး ဖြစ်လေသောကြောင့်၊ သာလွန်၍တင့်တယ်
တော်မူ၏။ ဗောဓိပင်အောက် အပ္ပရာဇိတပလ္လင်ထက်၌ သစ္စာလေးပါးသိ
တော်မူစက ကိုယ်ရောင်တော်နှင့် ယခုပုက္ကုသလှူသောပုဆိုးကို ရုံးထား
သောအခါ ကိုယ်ရောင်တော်တို့သည် အတူတူပင်ဖြစ်၏။ ဝမ်းမြောက်
တော်မူခြင်းလည်းတူ၏၊ သုဇာတာလှူသောနွားနို့ဆွမ်းနှင့်ရန္ဓလှူသောဝက်
သားဆွမ်းတို့ အကြိုးတူကြောင်း ဟောတော်မူ၏။ ၵင်းမှ ကြွတော်မူ
ပြန်၍၊ ကကုဒါမြစ်သို့ ရောက်တော်မူ၍၊ ရေသုံးသပ်တော်မူ၏၊ ၵင်းမြစ်မှ
ကြွတော်မူ၍၊ နေဝင်စအချိန် ဟိရညဝတီ မြစ်တဘက်၊ ကုသိနာရုံမြို့၊
အင်ကြင်းဥယျာဉ်သို့ ရောက်တော်မူ၏. မလ္လာမင်းတို့ညောင်စောင်းကို ယူ
၍၊ တောင်ဘက်၊ မြောက်ဘက် ရှင်ပြိုင်၍၊ ပေါက်သောလပ်လင်ဆပ်ဆပ်
ရှိသော တင့်တယ်သော၊ အင်ကြင်းပင်ဟိုနှစ်ပင်၏ အကြား၌၊ မြောက်
အရပ်သို့ ဦးခေါင်းထား၍ ခင်း၏၊ ဘုရားရှင်လည်းမြောက်သို့၊ ဦးခေါင်း
တော်ထား၍၊ လျောင်းတော်မူ၏။ ဘုရားရှင်သည် ပရိနိဗ္ဗာန်ပြုခါနီး၊စိပင်

သာယာသော၊ အလွန်ကြီးကျယ်သော ဖြိုမျှားသို့ မကြွဘဲ။ အဘယ်ကြောင့် သေးသိမ်သော၊ ကုသိနာရုံ အင်ကြင်းတောသို့ ကြွတော်မူပါသနည်း၊ ဤအရပ်သို့ကြွခြင်းသည်။ အကျိုးသုံးပါးကို မြင်တော်မူ၏။ ဘုရားရှင်သည် ဤအရပ်၌၊ မဟာသုဒဿန စကြာမင်းဖြစ်ဘူးသည်ကို ဟောတော်မူလို သည်တကြောင်း။ ဥပကာနှင့် ဆာဝါတို့၏သား သုဘဒ်ပရိဗိုဇ်ကို ဘုရားရှင် ကိုယ်တော်တိုင် ချွတ်မှ အကျွတ်တရား ရမည်ကိုဖြင့်၍၊ ဟောတော်မူလို သည်တကြောင်း။ ဘုရားရှင်ပရိနိဗ္ဗာန်ပြုပြီးနောက်၊ ဓာတ်တော်ဝေသော အခါ၊ အခြားမြို့ရွာမျှားဌိုဖြစ်လျှင်၊ အကြီးအကျယ်အခြင်းဖြစ်ပွားလတံ့။ ဤအရပ်၌ဝေသျှင်၊ အေးချမ်းသာယာစွာနှင့် ဓာတ်တော်ဝေခြင်းကိစ္စပြီးလတံ့ သည်ကိုဖြင်တော်မူသည်တကြောင်း။ ဤအကြောင်း သုံးပါးတို့ကိုဖြင်တော်မူ၍၊ ကြွတော်မူလေသတည်း။ ။

၄၈။ မြတ်စွာဘုရားရှင်သည်။ ညောင်စောင်းပေါ်၌ သျောင်းလျက်ပင်၊ ညဉ့်ဦးယံ၌ မလ္လာမင်းတို့ကို၊ သင်္ခါရတရားမမြဲကြောင်း ဟောတော်မူသည်။ သန်းခေါင်ယံအချိန်၊ သုဘဒ်ရဟန်း၏ အမေးပုစ္ဆာများကို ဖြေကြား၍၊ တစပဉ္စက ကမ္မဋ္ဌာန်းကို ဟော၍၊ အကျွတ်တရားရစေ၏။ ဓိဃင်းလင်း ခါနီးအချိန်မှာ၊ တပည့်ရဟန်းများကို သင်္ခါရတရားမှန်သ၍၊ မမြဲသောအ နိစ္စသာ အမှန်ဖြစ်ကြောင်း။ မှာထားဟောကြားဆုံးမပြီးလျှင်၊ ဓိဃင်းလင်း သည်နှင့် တပြိုင်နက်။ပရိနိဗ္ဗာန်ပြုတော်မူလေသဘည်း။ သုံးဆဲ့နှစ်ပါးသော ပုဗ္ဗနိမိတ်တို့ထင်ကုန်၏။ ဤသို့ထူးသော မဟိလာရှိသော နိဒါန်းမျိုးတို့ထင် သည်မှာ၊ အလောင်းတော် ပဒုံသန္ဓေတည်စက တကြိမ်၊ ဘွားတော်မူ သောအခါ တကြိမ်။ သစ္စာလေးပါး မြင်၍ ဘုရားဖြစ်စက တကြိမ်၊ ဓမ္မ စကြာ ဟောတော်မူသောအခါ တကြိမ်။ ပရိနိဗ္ဗာန်ပြုသောအခါ တကြိမ် အားဖြင့်၊ ငါးကြိမ်ထင်လေ၏။ နတ်၊သိကြား၊ ဗြဟ္မာတို့လာ၍ အလောင်း တော်ကိုပူဇော်ကြ၏၊အင်ကြင်းဥယျာဉ်၏အရှေ့ဘက်မနီးမဝေးမှာရှိသော၊ မကုဋဗန္ဓနတောင်ပေါ်သို့၊ အလောင်းတော်ကို ပင့်ဆောင်၍၊ စန္ဒကူးနုံသာ ထင်းတို့ဖြင့် မီးသင်္ဂြိုဟ်ပူဇော်ခြင်းကိစ္စကို ပြုကြ၏။ အသားတော် အရေ တော်တို့သည်၊ ပြာမဖြစ်ဘဲ ပျောက်ကွယ်ကုန်၏။ဆံတော်နှင့် အရိုးဓာတ် တော်တို့သာ ရွှေအဆင်း၊ ငွေအဆင်း၊ ပုလဲအဆင်း စသောအဆင်းမျှား ကဲ့သို့သာ ကြွင်းကျန်တော်မူ၏။ မလ္လာမင်းတို့သည် ကြွင်းကျန်သောဓာတ် တော်တို့ကို ပင့်ဆောင်၍၊မြို့တွင်း မင်းကွန်းစရပ်၌၊ အစောင့်အရှောက်မြဲ

စွာထား၍၊ အကြီးအကျယ် တရိယာမျိုးစုံတို့ဖြင့် ပူဇော်ကြ၏။ အလုံးစုံပူ
ဇော်ခြင်းကိုစွပြီးကြသောအခါ။ ဒေါနုပဏ္ဏားကြီးသည်။ ဓာတ်တော်တို့ကို
ပူဇော်လို၍ လာရောက်ကြကုန်သော၊ ရှစ်ပြည်ထောင်မင်းတို့အား ငြိမ်သက်
စွာဖြင့် ဓာတ်တော်တို့ကို ဝေပြီး၍၊ အသီးသီးပင့်ဆောင်ကြပြီးလျှင်၊ စေတီ
တည်၍ ဌာပနာထားသော နေရာအရပ်များကို ဖော်ပြဦးအံ့။ ။

၄၉။ ဘုရားမဖြစ်မီးတောထွက်စက ဆံတော်ပယ်သော၊ သနဲလျက်
ကို မဟောသရ နတ်မင်းကြီးယူ၍၊ တိမဝန္တာတောအရှေ့မြောက် မန္ဒးဂီရိ
တောင်ပေါ်၌ လောကမုနိစေတီတည်၍ ဌာပနာထားသည်။ ။

၅၀။ ပုဆိုး၊ ဦးရစ်ခေါင်းပေါင်းနှင့် အင်္ကျီစသော ဝတ်လဲတော်များ
ကို ပြဟ္မာကြီးများယူ၍၊ အကနိဋ္ဌဘုံမှာ ဒုဿစေတီ တည်၍၊ ဌာပနာ
သည်။ ။

၅၁။ ဆံကိုပယ်စက ဆံတော်များကို နတ်တို့ယူ၍၊ တာဝတိံသာ
မှာ၊ စူဠာမဏိစေတီတည်၍ ဌာပနာသည်။ ။

၅၂။ လက်ျာအထက် စွယ်တော်ကို၊ နတ်များပင့်ယူ၍၊ စူဠာမဏိ
စေတီမှာပင်၊ ထပ်မံဌာပနာသည်။ ။

၅၃။ လက်ျာအောက်စွယ်တော်ကို၊ ဂန္ဓာလရာဇ်တိုင်းမှာ၊ စေတီ
တည်၍ ဌာပနာသည်။ ။

၅၄။ လက်ဝဲအထက် စွယ်တော်ကို။ ကလိင်္ဂရာဇ်တိုင်း၌ စေတီ
တည်၍၊ ဌာပနာထားသည်။ ။

၅၅။ လက်ဝဲအောက် စွယ်တော်ကို။ နဂါးပြည်၌ စေတီ တည်
၍ ဌာပနာသည်။ ။

၅၆။ သွားတော် လေးဆယ်၊ အရိုးများစွာသော ဆံတော်တို့နှင့်
မွေးညှင်းတော်ကို၊ နတ်တို့က ပင့်ဆောင်၍၊ စကြာဝဠာတရုတ်၊ စေတီ
တဆူကြစီ တည်ထားကြ၏။ ။

၅၇။ တောင်ဂေး၊ သဝိတ်နှင့် သင်းပိုင်များကို၊ ကုရုတိုင်း၌ စေတီ
တည်၍ ဌာပနာထားသည်။ ။

၅၈။ ပဲနွယ်၊ အပ်၊ အပ်ချည်များကို ဇူန္ဒပတ္တနဂိုရ်ပြည်၌ စေတီတည်
၍၊ ဌာပနာသည်။ ။

၇၉။ အပေါ်လွှမ်းအိပ်ရာခင်းတော်ကို။ ကပိလဝတ်ပြည်မှာစေတီတည်၍၊ဌာပနာသည်။ ။

၈၀။ ရေစစ်နှင့် ခါးပန်းကြိုးကို။ ပါတလိပုတ်ပြည်မှာ၊ စေတီတည်သည်။ ။

၈၁။ ရေသနုင်တော်ကို။ စမ္ပါနဂိုရ်ပြည်မှာ၊စေတီတည်သည်။ ။

၈၂။ ဥဏ္ဏာလုံမွေးရှင်တော်ကို၊သာဝတ္ထိမှာ၊စေတီတည်သည်။ ။

၈၃၊ ဇကသိန်းနှင့် ဒုကုန်သင်္ကန်းကြီးများကို။ ဗြဟ္မာတို့ ပင့်ယူ၍၊ ဒုဿစေတီမှာ ထင်မံဌာပနာသည်။ ။

၈၄။ နီသိဒိုင်ကို၊ ဥဇ္ဇေနိပြည်မှာ၊စေတီဘည်သည်။ ။

၈၅၊ ကြွင်းကျန်သော သင်္ကန်းလျာတို့ကို။ ဒေဝဒဟပြည်မှာ. စေတီတည်၍၊ဌာပနာထားသည်။။။ ။

၈၆။ ဖီးပတ်ခုံများကို။ မိထိုလာပြည်မှာ၊စေတီတည်ထားသည်၊ ။

၈၇၊ ဓားတော်တော်ချင်၍၊ ဝေသော ဖွေဒိုးကို၊ ဒေါဏပုဏ္ဏားယူ၍၊ ဒုဏ္ဏိုဝိဠဝပုဏ္ဏားရွာမှာ၊ စေတီတည်၍၊ ဌာပနာထားသည်။ ။

၈၈။ စန္ဒကူးနှံ့သာတုံးမှ၊ကြွင်းကျန်သော မီးသွေးကို။ ကပိလဝတ်ပြည်နှင့် မောရိယမြို့မှာ စေတီတည်၍၊ ဌာပနာထားသည်၊ ။

၈၉။ ရှစ်ပြည်ထောင်မင်းတို့ ဝေဌရဿာဓာတ်တော်တို့ကို။ ဒိမိတို့ပြည်မှာပင် စေတီ ထည်ကြသည်။ ။ကုသိနာရုံမှာတဆူ၊ ရာဇဂြိုဟ်မှာတဆူ၊ ဝေသာလီမှာ တဆူ။ ကပိလဝတ်မှာတဆူ။ အလ္လကပ္ပတိုင်းမှာတဆူ။ ဝေဌဒီပတိုင်းမှာ တဆူ၊ ပါဝါမှာတဆူ။ ဝဋ္ဌိတိုင်းရော်မ ပုဏ္ဏားရွာမှာတဆူ အားဖြင့် ရှစ်ပြည်ထောင်တို့၌၊ ရှစ်ဆူ တည်ထား ကိုးကွယ်ကြသည်။ ။

အလောင်းတော်ဘွားတော်မူသည်ကစ၍၊ ဘုရားဖြစ်ပြီးလျှင်၊ဝါဆိုရာဌာနများတို့ကို အစဉ်အတိုင်းပြပြီး၍၊ ပရိနိဗ္ဗာန်ပြုသည်ဌာန တိုင်အောင် ပြဆိုသမျှတို့သည်၊ဖြေပုံ၌ ထင်လျားစွာ ပါရှိလေပြီ။ကြည့်ရှုကြလေ၊လွယ်ကူစွာ တွေ့ဖြင်ကြလိမ့်မည်။ထို့နောက်၊ ဓာတ်တော်ဝေပြီး၍၊ စေတီတည်ရာဌာနများလည်း၊ဖြေပုံ၌ပင် ထင်လျားစွာပါပြီးဖြစ်သည်။

ဗုဒ္ဓဝင်အကျဉ်းပြီး၏။

———:o:———

မင်္ဂလာဒေသသို့ဘုရားဖူးသွားသောခရီးစဉ်။

မြတ်စွာဘုရားရှင် ပွင့်ရာဌာန၊ မင်္ဂလာဒေသခေါသော၊ ဤနွယ်နိုင်ငံသို့၊ မြန်မာပြည်မှ ရဟန်း၊ ရှင်၊လူ၊ မည်သူမဆို သွားရောက်လိုသောပုဂ္ဂိုလ်တို့၏အကျိုးငှာ၊ တာသက်တခေါက် ဆိုသလို၊ အထူးသဖြင့် ရောက်အပ်၊ ရောက်သင့်သော၊ အထူးဝန်းမြောက်ကြည်ညိုဘွယ်ကောင်းသော၊ နေရာဌာနများကို၊ အကျဉ်းအားဖြင့်၊ မှတ်းယွင်းရအောင်၊ ခရီးစဉ်၊ စနစ်းစဉ်နှင့် တကွ အသေးစိတ်ပြဆိုဦးအံ့။

ယခုအခါ မင်္ဂလာဒေသ ယူဇနာကိုးရာအတွင်းပါဝင်သော၊ မြန်မာပြည် အထက်ပိုင်း၊ ရှေးကသလ္လာဝတီခေါသော ချင်းတွင်းမြစ်၏ အနောက်ရှိုင်နယ်တိုင်အောင်သာ၊ မြန်မာလူမျိုးများဂိုကြသည်။ ၎င်းမှအနောက်ဘက်နယ်ဟူသမျှတို့၌ ဂိုကြကုန်သော၊ ရှေးကထင်ပေါ်ကျော်စောခဲ့သော၊ တိုင်းကြီး ပြည်ကြီးဟူသမျှဘို့၌၊ မြန်မာမဂိုဟိန္ဒူလူမျိုးနှင့် ပသိလူမျိုးများသာဂိုကြသည်၊ ပသိလူမျိုးတို့မှာလည်း၊ သူတို့၏ ကြက်သတ်၊ ဘဲသတ်၊ ဆိတ်သတ်၊နွားသတ်အယူကိုသာလျှင်၊ အမြဲအစွဲပယ်ကြက် ဂိုးနကြသည်၊အချို့ဟိန္ဒူလူမျိုးတို့ကလည်း၊ ပြာလူးသောအယူ၊ ငိုးလွှဲသောအယူ၊ ဒုရုတ်သောအယူ၊ အခြားသော အစာ၊ အာဟာရကိုမစား မသောက်၊ နွားနို့ကိုသာ သောက်သောက်နေသောအယူ၊ လက်မိုးယိမ်းမျှဉ်းသောအယူ၊ ပင်စိမ်းပင် အယူ၊ ညောင်ပင်အယူ၊ ရာဓ၊ လက္ခဏာ၊ သိဒ္ဓါဒေဝီ၊ ဟနုမံရောက်တို့ကို၊ ကိုးကွယ်သောအယူ၊မာယာဒေဝီကိုသာ၊ သက်သက်ကိုးကွယ်သောအယူ၊ မဟာဇြဟ္မာအယူ၊ နတ်အယူ၊ဒုန်၊ လင်္ဂသောအယူဝါဒတို့သည်၊ အမျိုးမျိုးဂိုကြကုန်၏။အချို့ဟိန္ဒူတို့သည်။ နွားကိုအလေးအမြတ်ပြုကြကုန်၏၊ နွားသား ကျွဲသားငသည်တို့ကို ရှင်းရှင်းမသတ်။ မဟာကြုံကုန်၊ဂုင်းလူမျိုးတို့သည်၊မြတ်စွာဘုရားကိုဂုင်း ရုပ်ပွားတော်၊ဆင်းထုတော်ကိုဂုင်း၊ အနည်းငယ်ကြည်ညို ကိုးကွယ်ကြသေး၏၊ ဂုင်းပြင်ဘဂဝါကို ဘဂဝပ် ဟူသောအမည်ပြောင်းပဲ၍၊(ဘဂဝပ်၊ဘဂဝပ်၊ဘဂဝပ်)ဟူ၍၊ မြတ်စွာဘုရားရှင်ကို အကြိမ်များစွာ တပ်းတင်ကြွေးလျှင်၊ ဂုပ်ထု၊ ဆင်းထုတော်များကို ရှိခိုးကြ၏၊ဤကဲ့သို့ နွားမှု၍၊ ဘဂဝပ်အာဆိ ယူသုထက်တိုင်ကြည်ညိုကိုးကွယ်ကြသော၊ ဟိန္ဒူလူမျိုးမှနံသ၍သည်၊ ပသိလူမျိုးများနှင့် နွားသတ်မှုကိုစွဲ၍၊ နှစ်ဝဉ်မကြာ၊ မကြာအကြီးအကျယ်ဒိုက်ခဲ့နှင့် ဒေါသများ၍၊ အချင်းဖြစ်ပွားလေ့ရှိကြသည်၊ ရှေးသရောအခါက၊ မဏ္ဍိမဒေသ နှယ်

တဝမ်းလုံးမှာ၊ ဗုဒ္ဓဘာသာနှင့် အချိုဟိန္ဒူလူမျိုးတို့ကိုးကွယ်သော၊ပဋ္ဌာတာပ ဘာသာမျှားသာ ရှိကြသည်၊ နောက်တဖြည်းဖြည်း ပသိဘာသာအယူဝါဒရှိသော၊ကုလားလူမျိုးတို့ဝင်ရောက်လွှမ်းမိုးလာသောအခါ၊ဗုဒ္ဓဘာသာဟိန္ဒူဘာသာဝင် လူမျိုးတို့ကို ဘိဆီးနှိပ်နင်း၍၊ ပသိဘာသာတွေ ဖြစ်အောင် အတင်းအဓမ္မပြုလုပ်သွင်းပန်းနှိပ်စက်၏။ ဤသို့ပြု၍ နှစ်လအတော်ကြာကာလ၊ ပသိဘာသာဒေတွ အရောက်အများဖြစ်လာကြ၏။ ယခုအခါမှာ မဇ္ဈိမဒေသ၌၊ဗုဒ္ဓဘာသာဆိုလျှင် ရှာမရသလောက် ဖြစ်နေတော့သည်။ ရှိပြန်သော်လဲ၊အတုအပလောက်သာရှိတော့သည်။ ဟိန္ဒူပဋ္ဌာပတာဘာသာနှင့် ပသိဘာသာလောက်သာ ရှိကြတော့သည်။ ဟိန္ဒူဘာသာနှင့် ပသိဘာသာတို့သည်။ အကြီးအကျယ်အပြိုင်အနိုင် ဖြစ်နေကြသည်၊ ။

ဗုဒ္ဓဘာသာဘက်က၊ သာသနာပြုမည်ပုဂ္ဂိုလ်လည်းမရှိ၊ ပသိဘာသာဝင်လူမျိုးတို့ကသာ အမျိုးမျိုးသောနည်းဖြင့်၊ ကြံဘန်ဖြားယောင်းနေသည်များကို၊ ဘုန်းကြီးကိုယ်တိုင် တွေ့မြင်ခဲ့ရသည်။ ယခုအခါ ပသိလူမျိုးတွေက သူတို့ဘာသာ ကြီးပွားအောင်၊ အသင်းကြီးတွေ ဖွဲ့စည်း၍၊ ငွေကြေးအရောက်အများနှင့် တရားဟောဆရာတွေ ခန့်ထားပြီးလျှင်၊အတိုင်းတိုင်းအပြည်ပြည်သို့ လှည့်လည် ကြံစီ ဟောပြောလျက် ရှိနေကြသည်၊ မြန်မာပြည်မှာလည်း၊ ပသိဘာသာလွှမ်းမိုးအောင်အမျိုးမျိုး ကြံစီလျက်ရှိနေကြသည်။ မြန်မာပြည်မှာ။ ပသိလူမျိုးတွေဓနဥစ္စာနှင့် ပြည့်စုံပြီး လွှမ်းမိုးလာလျှင်၊ ဗုဒ္ဓဘာသာဝင်လူမျိုးတွေ အကြီးအကျယ်ဒုက္ခကြီးတွေနှင့် တွေ့ကြုံကြလိမ့်မည်ကို။ဘုန်းကြီးက များများကြီး သတိပေးလိုက်သည်။ စင်းစား၍ကြည့်ကြေးလေ၊ ယခုခေတ်အခါမှာ၊ ကမ္ဘာတဝှမ်းလုံး၌ ဘာသာအယူဝါဒတွေ အလွန်ပေါများသည်။ တိုင်းပြည်လည်း အမျိုးမျိုးရှိ၏၊ ဘာသာအယူဝါဒလည်း အမျိုးမျိုးရှိ၏၊ မြန်မာပြည်၊ ယိုးဒယားပြည်၊ ယွန်းကြီးခေါ်သော ကမ္ဘောဇ၊အာနံ၊ တောင်ကွင်၊ တိဘက်၊တရုပ်၊ မောင်းဂွတ်တရုပ်၊ တရက်ခေါ်သော တရုပ်၊ ပန်းသေးခေါ်သော မန်ချူးရိုးယားတရုတ်။ ကိုရိယား၊ဂျာပန်၊ ရုယွတ်၊ဆိုက်ဘေရိယ၊ဆွဒ်ဒံ၊ နောဝေး၊ဇီနီးမတ်၊ ဘယ်လဂျီယံ၊ဟော်လံ၊ပိုလံ၊ဂျာမနီ၊ပြင်သစ်၊ ရိုမန်းနီယား၊ တူရကီ၊ ဂရိတ်၊ဇူတလိ၊ဆွစ်ဇာလံ၊သြစတရိယ၊ပေါတူဂီ၊ အင်္ဂလန်၊စကော့တလန်၊ဝေလ၊ အိုင်ယာလန်၊ကနေဒါခေါ်သောမြောက်အမေရိက၊မက်ဇီကိုး။ တောင်အမေရိက၊ မော်ရိုကို၊ ဇူဂျစ်၊ ကိပ်ကေဒ်လိုနီ၊ စမောနရ၊ အာရေဗျ၊ပါးရှား ဘီးလူးချစ်

စတာန်၊အာဖဂန်၊ပန်ဂျပ်၊ဘုံဘိုင်၊သိဟိုဠ်၊ မဒရပ်၊ဒီဂိုရစ်ဆား၊ဘီဟာ၊ ဘင်္ဂလား၊ စစ်တင်ဂေါင်း၊ အာသံ၊ ဘူတံ၊နီပေါ၊ ကသ္မီရ၊ရခိုင်၊မြန်မာ၊ ရှမ်းပြည်စသော၊ပြည်အမျိုးမျိုး၊တိုင်းအမျိုးမျိုး၊ မြို့အမျိုးမျိုး၊ရွာအမျိုးမျိုး၊ကျွန်းအမျိုးမျိုးဌ ဂိုဂိုသမျှသော၊ ဘာသာအယူဝါဒ အမျိုးမျိုးတို့သည်၊ ဗာရာဏသိမြို့မှာ အလုံးစုံ ရုဝေးလျက် ဂိုနေသည်၊ ဗာရာဏသိမြို့သို့ သွားရောက်ရုံစမ်းလျှင်၊ ဆိုခဲ့သောဘာသာ အယူဝါဒအလုံးစုံတို့၏ သဘောသဘာဝကို ကောင်းစွာ သိဂ္ဂိုနိုင်လေသတည်း။ ဗာရာဏသိမြို့၌စ၍၊ ဘုရားပွင့်ရာဌာန၊ဗုဒ္ဓဘာသာ စေတီးဟောင်း ကျောင်းဟောင်းများ ဂိုဂိုသမျှ နေရာများသို့၊မြန်မာဖြည်မှ မည်သူမဆို သွားရောက်လိုကြလျှင်၊ ရန်ကုန်မြို့မှ ကလကတ္တားကိုသွားသော မီသင်္ဘောဖြင့်၊ ဒါယိကာမတ်ယောက် တဆဲ့လေးကျပ်၊ ဒါယကာတို့မှာ အဲကာက်တွက်ပါ၊ တဆဲ့ခြောက်ကျပ် ပေး၍ လက်မှတ် ဝယ်ယူပြီးလျှင်၊ စာရိုသင်္ဘောနှင့် နှစ်ရက်၊ ရက်မှန်သင်္ဘောနှင့် သုံးရက်သွားလျှင်၊ ကလကတ္တားမြို့ကို ရောက်၏။ ပယ်လယ်ထဲမှာ၊ ရေနောက်၊ ရေစိမ်း၊ ရေပြာရေနောက်တို့ကို၊ သုံးကြိမ်စီလောက် တွေ့ပြီးမှ၊ ကလကတ္တားမြို့ကို ရောက်သည်၊ တကြိမ်တခေါက်မှ မရောက်ဘူးသော ပုဂ္ဂိုလ်များသည်၊ မသွားမီကတင်ကြို၍၊ ကလကတ္တားမြို့ပေါ်ရှိ၊ မြန်မာရဟန်းတော်များထံသို့၊ ဆီးကြိုကြရုန်၊ သံကြိုးရိုက်ထားလျှင်လည်း ဖြစ်ပါ၏၊အကြိမ်ကြိမ်ရောက်ဘူးသော ခေါင်းဆောင် ပုဂ္ဂိုလ်တယောက်နှင့်သွားမှသာဖြစ်နိုင်သော ခရီးလမ်းပေတည်း၊ ။

မြန်မာနိုင်ငံကစ၍ ခေါင်းဆောင်ပါလျှင်၊သာလွန်၍ကောင်းသည်၊မြန်မာပြည်ကစ၍မပါနိုင်လျှင်၊ကလကတ္တားကို သံကြိုးရိုက်၍၊ သင်္ဘောဆိပ်ကဆီးကြိုသူရှိမှ နေရာကျလိမ့်မည်၊ ကလကတ္တားကို သံကြိုးရိုက်ပြန်သော်လဲ၊အောက်ပါရှိ လိပ်နှင့်ရိုက်မှ သာလွန်၍ ကောင်းသည်၊ သံကြိုးရိုက်ရန် ဌာန(ဇုန်ဒြိယနိုင်ငံ၊ ကလကတ္တားမြို့၊ ဇဒင် ဆေးရုံကြီးအနီး၊ နံပါတ် (၁၀) မြန်မာပြည် ဗုဒ္ဓဘာသာ၊ သာလာယံစရပ်၊ ဝိဟာန်းတော်များသို့ ဆက်ကပ်ရန်၊)ဤကား မြန်မာစာအလိုဖြစ်သည်၊အင်္ဂလိပ်စာနှင့် လိပ်တတ်၍ သံကြိုးရိုက်လိုလျှင်၊ (To. High; Bikkhw, Burma Buddhist Rest house, No. 10, Eden Hospital Road, Baw Bazaar P. O. Calcutta; India.) ဤကား အင်္ဂလိပ်စာနှင့် သံကြိုးရိုက်းသော လိပ်တတ်ပုံ၊ အထူးမှတ်သား၍ထားကြေး၊ ။

ဘုန်းကြီးမှာ သည်အတိုင်း။ မည်သည့်နေ့ ရန်ကုန်က ထွက်လာပြီး၊ သင်္ဘောဆိပ်က ကြိုဆိုစေလိုက်ကြောင်း၊ ပေါ်ပြဲခဲ့သော လိပ်နှင့် သံကြိုးတင်ကြို၍ ရိုက်ဆားလျှင်၊ကသကတွားသင်္ဘောဆိပ်က၊ ရဟန်းဖြစ်စေ။၊ မြန်မာကျောင်းသားများဖြစ်စေ၊ဗုဒ္ဓဘာသာကုလားလူမျိုးဖြစ်စေ။တစုံတယောက်သောသူသည်၊ သင်္ဘောရောက်ချိန်မှာ၊ ဆိပ်ကမ်းက ဧည့်ခံဆင်း ဆီးကြိုသည်ကို ဆက်ဆက်တွေ့ကြလိမ့်မည်။ ချမ်းချမ်းသာသာနှင့် တည်းခိုရန် ဌာနသို့ ရောက်ကြလိမ့်မည်၊ ပါသွားသော ပစ္စည်းများသည်၊ စိတ်မချမဂ်ိ ရ။ချိုယွင်းခြင်း မရှိဘဲ အလုံးစုံ တည်းခိုရာဌာနသို့ ရောက်လာလိမ့်မည်၊ အလုံးစုံ ကူလိခ၊ ဝန်တင်ခ၊ ပိဝိတ်ရှိဒီးသော ဖြင်းရထားဖြစ်စေ၊ မော်တော်ကားဖြစ်စေ၊ အခများကို ဆီးကြိုသူကို မေးမြန်းစုံစမ်းပြီးမှ ပေးကြရမည်။ ပိဝိဇ်၏အလိုအလျောက် သဘောအတိုင်း မပေးကြလေနှင့်။ သတိမူကြလေ။ ကလကတွားမြို့ တည်းခိုသောဌာနသို့၊ချမ်းချမ်းသာသာနှင့် ရောက်သောစခန်းခရီးစဉ် ပြီး၏။ ။

ထို့ပြင် ကလကတွားမြို့ တည်းခိုရာဌာန သာလာတိ အုပ်တိုက်စရပ်ကြီးသို့ ရောက်ပြီးနောက်။ တရက်လောက်နေပြီးလျှင်၊ ရဟန်းဖြစ်စေ၊ လူဖြစ်စေ။ ခေါင်းဆောင် ပုဂ္ဂိုလ်တယောက်နှင့် မော်တော်ကားငှားရမ်း၍၊ မြို့ပေါ်ရှိ ဈေးသစ်ကြီး။ချုန်နီဈေး။ ဝိထိရိယဘုရင်မ၏ ကျောက်ဖြူနန်းတော်ပြတိုက်ကြီး။တိုးဆွန်ခုံ၊အစေလက ကိုးကွယ်သော၊ကျိန်၊ ဘာသာကျောင်းတိုက်ကြီး၊ မြို့မြောက်ဘက်ရှိအုံသြစရာကောင်းသော ညောင်ပင်ကြီး။တဆဲ့ငါးလေးထပ်ရှိသောတိုက်ကြီး၊ညဈေးရုံနှစ်ခုစသည်တို့ကို နှစ်ရက်လောက်လည်ပတ် ကြည့်ရှုခြင်း၊ မြို့ပေါ်ရှိ မြန်မာရဟန်းတော်များကို နံနက်ဆွမ်း။ နေ့ဆွမ်းများ ချက်ပြုတ်လှူဒါန်းပြီးမှ၊ ခရီးကျွမ်းကျင်သောပုဂ္ဂိုလ်နှင့် ကလကတွားမြို့၊ဟောင်းရားဘူတာရုံကြီးမှ၊ဂယာဘူတာသို့ နံနက်ဖြစ်စေ၊ ညဉ့်ဖြစ်စေ ကြိုရာလူစီးမီးရထားနှင့် တတိယတန်းလက်မှတ် လူတယောက်အတွက်၊ လွန်ခဲ့သော နှစ်နှစ်ကျော်လောက်က လေးကျပ် တဆဲ့နှစ်ပဲ ခြောက်ပိုင်းပေးရသည်။ တထောင်နှစ်ရာ ကိုးဆယ်ပြည့်နှစ်က။ လေးကျပ်နှင့်ပဲခြောက်ပိုင် ပေးရသည်။သက်မှတ်ကို ဝယ်ယူ၍ မီးရထားနှင့် တဆဲ့ငါးနာရီလောက်နှင့် ရောက်၏။သို့သော်လဲ ကလကတွား ဟောင်းရားဘူတာက၊ညဉ့်ကိုးနာရီခွဲ လူစီးမီးရထားနှင့်လိုက်လျှင် သာလွန်၍ ကောင်းသည်၊ နံနက်မွန်းတည့် တဆဲ့နှစ်နာရီလောက်မှာ ဂယာဘူတာသို့ ရောက်လိမ့်

မည်။ နံနက်ဆယ်နာရီလောက်ကစ၍၊လက်ျာဘက်၊ မနီးမဝေးမှာ၊ အဓိး မရှိသောအုတ်စောင်းတန်းနှင့် ကျောက်တောင်တခုဖြင်ရလိမ့်မည်၊ တောင်ထိပ်မှာ အုတ်ဂူတခုလဲရှိသည်။ ၎င်းတောင်၌ မြတ်စွာဘုရားရှင်သည်။ ရှင်တထောင်ကိုတရားဟော၍ ကယ်ချွတ်တော်မူသည်၊ ဂယာသီသတောင်ခေါ်သည်၊၎င်းတောင်၏ အကြောင်းစုံလင်စွာ နောက်ကဖြဲခဲ့ပြီ။ ဂယာတူတာရောက်လျှင်ရောက်ချင်း၊ကူလိဂါးမြစ်ဖြင်းရထား၌ရာ ဘူတာရုံ၏ အပြင်သို့သွားကြရမည်၊ ကူထိတယောက်ကို၊ ဝန်ပေါ့လျှင် ၅စ်ဖဲ၊ဝန်လေးလျှင် သုံးဖဲ စီ လောက်ပေးရမည်။ မြင်းရထား တစီးလျှင် အတွင်းက လူလေးယောက်စီး။ လေးယောက်တွက် ပါလာသမျှ ပစ္စည်းများကို၊ မြင်းရထားအဓိးပေါ်က အကုန်တင်နိုင်၏။ဗောဓိပင်ရှိရာသို့ တခါတည်း သွားလိုလျှင် သွားနိုင်၏။မသွားလိုသေးလျှင်၊ဂယာဘူတာ၌တင်ခဲ့၌စ်ရှိင်ခန့်လောက် ကွာဝေးသောနေရာ၊ဗောဓိပင်လမ်းအနီးမှာပင်၊ မြန်မာရဟန်းတော်တပါးနေသော။ ဓမ္မပါလကုလားတယောက် ဆောက်လုပ်ထားသော သာလာယံအုတ်တိုက် စရပ်မှာပင် စခန်းချနားနေနိုင်၏၊ ပစ္စည်းများစိတ်ချယုံကြည်ရ၏။ဂျင်းစခန်းအထိ မြင်းရထားတစီးလုံး အတွက်၊ ၅စ်ဖဲ လောက်ပေးရသည်၊ဂျင်းစရပ်၌ ပစ္စည်းများထားခဲ့ပြီးမှ ထမင်းဟင်းချက်ပြုတ်၍ အပြည့်အစုံနှင့် နံနက်ခြောက်နာရီလောက် ဗောဓိပင်ကို၊မြင်းရထား အသွား အပြန်ငှားရမ်းသွားလျှင်လည်းကောင်း၏၊

တနေ့လောက်နှင့်ပင်၊သတ္တဋ္ဌာန၊ သုဇာတာနေရာ။ ဂဏာနွားနို့ဆွမ်းကပ်သောနေရာ။ ဇွန်ခွက်မျှောသောနေရာ စသည်တို့ အကုန်အနှံ့အပြားရောက်နိုင်သည်။ည့နေ ခြောက်နာရီလောက်ပြန်ခဲ့ကြ၍၊တည်းခိုရန် ပစ္စည်းများထားခဲ့သာစရပ်မှာပင် ပြန်၍အိပ်ကြမှ သာ၍သင့်လျော်လိမ့်မည်၊ အဘယ်ကြောင့်ဆိုသော်၊မဟာဗောဓိပင်၏အနီးမှာ၊လူပေါင်း ၅စ်ရာလောက် ချမ်းချမ်းသာသာနှင့် စိတ်ချလက်ချတည်းခိုနိုင်ရန်၊ အုတ်တိုက်သာလာယံစရပ်ကြီးတဆောင်ရှိ၏၊ သန့်ရှင်း၏။ ရေပြည့်စုံ၏။ ယောကျ်ားအိမ်သာ၊ မိန်းမအိမ်သာများစသည်တို့ သန့်ရှင်းကြပါသော်လဲ။ သင်္ခါပျက်စရာတွေ အလွန်များသည်။မဇ္ဈိမဒေသသို့သွားလိုသောပုဂ္ဂိုလ်တို့သည်၊ယူဆောင်၍သွားရမည့် ပစ္စည်းများမှာ။တန်ဆောင်မုန်း တလမှာကောင်းကောင်းမချမ်းမအေးသေး၍ ကိစ္စမရှိ။ နတ်တော်။ပြာသို၊တို့တွဲ။ တန်းပါင်းလပြည့် အတွင်းမှာ၊ခြုံစောင်လုံးလောက်စွာပါရမည်၊ခြင်ထောင်။ ခတ်မီးဖို၊လက်နှိပ်

ဝေတ်မီး၊ အိုး၊ခွက်၊ပုဂံ၊ဖွန်း။ ရေခွက်စသည်မှာ၊ သံဖြစ်စေ၊ ကြေးဖြစ်စေ။ ဒန်ဖြစ်စေ၊သတ္တုစသော ပစ္စည်းမျိုးမှသာသင့်လျော်သည်။ အကူးအပြောင်း အတင်အချ အလွန် မျိုးသောကြောင့် ဘတ်ပေးလိုက်သည်။ ဆန်၊ဆီ၊သရက်သီးနှင့်၊သံပုရာသီး သနပ်မျိုး ပါရမည်။ ငါးခြောက်ကျော်၊ ငါးပိကျော်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ လက်ဘက်အစိုး မြန်မာတို့အသုံးပြုသော၊ ဗိန္ဓေါဆေး ရုံလင်စွာပါကြရမည်။ ဖွေစိန် မျိုးမပါလျှင် သာလွန်၍ကောင်းသည်၊ အင်္ကျီ၊ထဘီ၊ပုဝါ၊ပုဆိုး၊ခေါင်းပေါင်းမျိုးမှာ။ နုနုချောချောနှင့် မသင့်မလျော်၊ တွေ့ရာမှာထိုင်ရ၊ အိပ်ရနေရတာတွေ မျိုးသည်၊ ခေါင်းဆောင်ပုဂ္ဂိုလ်အလွန်အရေးကြီးသည်၊ခေါင်းဆောင်ညံ့လျှင်၊ အလွန်အောက်ကျသည်။သတိမူကြလေ။ ပိုက်ဆံ၊ကြေးငွေကို နှမြောစရာစိစီလျှင်လည်း အလွန်အောက်ကျသည်။သွားဘူးသော ပုဂ္ဂိုလ်များကိုလည်း ရုံစမ်း၍ကြည့်ကြလေ။မြန်မာနိုင်ငံကထွက်သွားသည်ကစ၍။ပြန်ရောက်သည်နေ့တိုင်အောင်၊ ၍အတွင်းမှာ၊ ပိုမိုတို့အချင်းချင်းဖြစ်စေ။ ကုလားများနှင့်ဖြစ်စေ။ ရန်ခိုက်ဒေါသမဖြစ်အောင်၊ စိတ်ဝမ်းမကွဲပြားအောင်။ အငြင်းအခုံ မဖြစ်ရအောင် မည်သူမဆိုသွားလာနိုင်ကြပါမူကား။ဆုမတောင်းဘဲနှင့် နိဗ္ဗာန်ရောက်နိုင်လိမ့်မည်ဖြစ်ကြောင်း။ ဘုန်းကြီးက အဆုံးသတ်ပေးလိုက်သည်။ ၍ကား အမှာ။

ပစ္စည်းများထားခဲ့သော ဂယာဘူတာအနီး၌၊ သာလာယံ အုတ်တိုက်စရပ်မှာအလို၌သလောက်တည်းခိုကြပြီးလျှင်။ ဂယာဘူတာက၊ ဗာရာဏသီ ကင်တိုမင်ဘူတာသို့ လက်မှတ်ခံကြရမည်။ဘတိယတန်းတယောက်၊ နှစ်ကျပ်၊ခုနစ်ပဲ၊ခြောက်ပိုင် ပေးရသည်။ ရုံဘန်ရုံခါ၊ မီးထားခမှာ အတိုးအလျော့လည်း၌တတ်သည်။အမြဲအစွဲမှတ်သား၍မထားကြလေနှင့်၊ဂယာဘူတာက ညှဉ်း၊ခြောက်နာရီလုစီးရုံးနှင့်လိုက်လျှင်သင့်လျော်ပြီ။ ဗာရာဏသီရောက်သော အခါ လယ်ပတ် ကြည့်ရှုရန်နှင့် တည်းခိုရန် ကိစ္စမှာ ခေါင်းဆောင် ကောင်းလျှင် အလွန်စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာရှိသည်။ မဇ္ဈိမဒေသတဝှမ်းလုံးမှာ၊ ဗာရာဏသီဖြို့တခုသည်။ ကောင်းကောင်း နားလည်သောခေါင်းဆောင်ပုဂ္ဂိုလ်အရေးအကြီးဆုံးဖြစ်သည်။ ဗာရာဏသီဖြို့မှာ ကိစ္စပြီးလျှင်။ ကင်တိုမင် ဘူတာက၊ ခြောက်ရိုင်သာသာ၊ ခုနစ်ရိုင်လောက်ဝေးသော။ အနောက်မြောက် ယွန်းယွန်း၌၊ ဒိဂဒါဝုန်တောသို့၊မော်တော်ကားနှင့်သွားကြလေ၊အသွားအပြန်လူတယောက်။တဆဲ့နှစ်ပဲဖြစ်စေ၊

တကျပ်ဖြစ်စေပေးရတတ်သည်၊လူဆယ်ယောက်နှင့် ပစ္စည်းပါသ၍ တင်ပြီး။စိုးလုံးဌါးလျှင်၊အသွားသက်သက် ခြောက်ကျပ်။အသွားအပြန်ဌါးလျှင် တဆယ်လောက် ပေးရတတ်သည်။ မိဂဒါဝုန်မှာ တည်းခိုရန် ပြည့်စုံ၏၊ အစားအသောက်မှာ ဗာရာဏသီက ဝယ်သွား ကြရမည်။ မိဂဒါဝုန်မှာ ဘုရားဖူးကိစ္စပြီးလျှင်။ကင်တိုမင်ဘူတာပြန်ကြရမည်၊

ဂုင်းမှ ကုသိနာရုံသို့ သွားကြရန်။ ကင်တိုမင်ဘူတာမှ။ ဒေဝဒဟခေါ် သော။တက္ကဆီဒိုရိယာဘူတာသို့။"ညည့်ဆယ်နာရီထွက်သော လူစီးရထား နှင့်လိုက်ကြရမည်။တတိယတန်းလူတယောက်။တကျပ်၊ခြောက်ဝဲလောက် ပေးရသည်၊နံနက်ငါးနာရီအချိန်လောက်။ဟက္ကဆီဒိုရိယာဘူတာသို့ရောက် ၏။ ကုသိနာရုံသို့ နှစ်ဆဲ့လေးမိုင်ဝေးသည်။မော်တော်ကား လူတယောက် တဆဲ့နှစ်ပဲပေးရသည်။ပစ္စည်းနဲ့လျှင် အခမဲ့၊ အလွန်မျှားလျှင် ရံတန်ရံခါ အနီးငယ်အပိုပေးရတတ်သည်။ မော်တော်ကားနှင့်သွားနေစဉ် လမ်းခရီး မှာ အပြောကောင်းသော၊ကြွမ်းကျင်သော ခေါင်းဆောင်ပါလျှင်။ အလွန် နားထောင်ကောင်းစရာတွေ မျှားသည်၊ ကုသိနာရုံရောက်ခါနီးလမ်းဆုံမှာ အိမ်စျေးဆိုင်မျှားနှင့်ကာဆီယာခေါ်ရွာငယ်တခုရှိသည်။ဂုင်းသည် ရှေးက၊ ကုသိနာရုံ မြို့ပေါ်ဘောင်းနေရာဖြစ်သည်။ ရှေးကအရှင်မဟာကဿပမထေရ် ဆွမ်းခံဘူးသောကြောင့် ကဿပရွာဟူ၍လည်း တွင်ဘူးသည်။ ဂုင်းရွာ၏ အရှေ့ဖြောက် မြန်မာခရိုးငါးတိုင်လောက်မှာ၊ ပန်းထိမ်သည့် စုန္ဒနေသော ပါဝါမြို့ရှိသည်။ကုသိနာရုံ ရောက်လျှင် အလိုရှိသလောက် ဘုရားဖူး၍ နေ ကြလေ။ မြန်မာရဟန်းတော်များရှိသည်။တည်းခိုရန်ပြည့်စုံ၏။စုန္ဒရမုနိခေါ် ရဟန်းတော်တပါးရှိသည်၊ လွန်ခဲ့သောနှစ်ပေါင်း။ နှစ်ဆဲ့ငါးနှစ်လောက်က၊ မန္တလေးမြို့အနောက်ပြင်မှာ၊ဘုန်းကြီးနှင့် ထိုအရှင်သည်၊ သာမဏေအဖြစ် နှင့် စာသင်ဘက်၊စာလိုက်ဘက် ဖြစ်ခဲ့ကြဘူးသည်။

ကုသိနာရုံ၌ ဘုရားဖူးကိစ္စပြီးလျှင်။ ဂုင်းမှမော်တော်ကားနှင့် သုံးဆဲ့နှစ် မိုင်ကွာဝေးသော ကောလိယတွင်ဘူးသော၊ ဂေါရပုဘုရားသို့ သွားကြရ မည်။လူတယောက်ပစ္စည်းနှင့်တဆဲ့နှစ်ပဲလောက် ပေးကြရသည်။ ဂုင်းဘု တာမှ လူစီးမီးရထားနှင့် နောင်ဂါးဘူတာသို့ သွားကြ၊ ရောက်လျှင်ဆင်း။ လဲ့ဌားး၍ တခါတည်း လုပ္ပေါ်နီသွားကြ၊ လုပ္ပေါ်နီ ရောက်လု နီးသော အခါ။ လုပ္ပနွေးရွာတွေ့သည်။ဂုင်းရွာမှာ လူအများတည်းခိုရန်ကောင်းကောင်းလက် ခံသောကုလားလူကြီးအိမ်ရှိသည်၊စိတ်ချလက်ချ တည်းခိုရ၏၊ အစား အ

သောက်လုံလောက်အောင်ပေးသည်။အာတိုးအာဒမရှိ။ ၎င်းအိမ်မှာ ပစ္စည်းပါသမျှထားခဲ့ပြီးလျှင်။ သိဒ္ဓတ္ထမင်းသား ဘွားမြင်တော်မူရာ၊ လုမ္ဗိနီ ဥယျာဉ်သို့ ခြေလျင်သွားကြလေ၊ခဏနှင့်ရောက်နိုင်သည်။ ဟိမဝန္တာတောင်တန်းကြီးကိုလဲ ကြည့်ခဲ့ကြ။မမေ့နှင့်၊ ခေါင်းဆောင်ပါ သွားကြ၍ အလိုရှိသလောက်နေကြပြီးလျှင်၊ ပစ္စည်းများထားခဲ့သော အိမ်သို့ပြန်ခဲ့ကြလေ။ ၎င်းအိမ်မှ ပဌမစီးလာရင်းလဲ့နှင့်ပင်၊ နောင်ဂါးဘူတာသို့ ပြန်ခဲ့ကြ။ နောင်ဂါးဘူတာမှ ဘာလံပူဘူတာကို လူစီးမီးရထားနှင့်သွားကြလေ။ဘူတာရောက်လျှင် မြန်မာရဟန်းတော်များရှိသည်။မြန်မာသိလရှင်များရှိသည်၊ တည်းခိုနေထိုင်ရန်ပြည့်စုံ၏၊ ပစ္စည်းထားခဲ့ကြပြီးလျှင်၊ ဆယ်ဇင် ကွာဝေးသော၊ သာဝတ္ထိမြို့ပေါ်သို့ မြင်းတကောင်တပ်သော၊ ဇကရထားနှင့်သွားကြ၊ အသွား အပြန် လူတယောက် တကျပ် ပေးရတတ်သည်။ ခေါင်းဆောင်ပုဂ္ဂိုလ်နှင့် အနှံ့အပြားလှည့်လည် ကြည့်ရှုကြလေ။ အကြောင်းအရာ နှားထောင်ဘွယ်ရာတွေအလွန်များသည်။ ယဇုဂ်ပြာဒိုဟာ တန်ခိုးပြရာစေတီကုံးကိုလဲရောက်အောင်သွားကြ။ သာဝတ္ထိနှင့် ဓမ္မတဝန်ကျောင်းတော်ရာမှာ အဟောင်းအနွမ်း။ အပျက်အစီးတွေ အလိုရှိသလောက် ဖူးမြော်ကံတော့ပူဇော်ကြပြီးလျှင်၊ ပစ္စည်းထားခဲ့သော။ ဘာလံပူဘူတာ ဘုန်းကြီးကျောင်းသို့၊သွားရင်းဖြစ်သော၊ဇကမြင်းရထားနှင့်ပင်ပြန်ခဲ့ကြလေ၊

၎င်းဘာလန်ပူဘူတာမှ လူစီးမီးရထားနှင့် လပ်ခနောင်ဘူဘာအရောက်လက်မှတ်ခံ၍သွားကြ၊ မီးရထားအပြောင်းအလဲမှာ ခေါင်းဆောင်ပုဂ္ဂိုလ်ရှိပြီ။လပ်ခနောင်ဘူဘာရောံလျှင်။ ပြတိုက်နှင့်ပသိနန်းတော်ပေါင်းများသွား၍ အသေအချာ နှံ့စပ်အောင် ကြည့်ကြလေ၊အထူးအဆန်းတွေပေါ၏။နန်းတော်ပေါင်းမှာ ပသိဘုရင် ဆယ်ဆက်စိုးစံခဲ့ဘူးသည်၊ နောက်ဆုံးဘုရင်သည်၊ မိဖုယားပေါင်းသုံးရာခြောက်ဆယ်ရှိသည်။ယောကျ်ားဘဝကလိင်ပြောင်း၍၊ မိန်းမဘဝဖြစ်ပြီးမှသေသည်ဟူ၍ ကုလားတွေ ပြောကြသည်။ ၎င်းမြို့မှာကိစ္စပြီးလျှင်။ လပ်ခနောင်ဘူတာမှ လူစီးမီးရထားနှင့် အဂရာဘူတာကိုသွားကြ။ ရောက်လျှင် ၎င်းဘူတာမှ မော်တော်ကားနှင့် နှစ်ပြည့်မှ ပတ္တမြားစောင်းတန်းချရာ၊သက်သနဂိုရ် မြို့ပေါ်ငှေရာ စေတီတော်ကိုဖူးမြော်ကံတော့ ပူဇော်ရန် သွားကြလေ၊ ပြီးလျှင် မော်တော်ကားနှင့်ပင် အဂရာဘူတာသို့ပြန်ခဲ့ကြလေ။တည်းခိုရန်မှာခေါင်းဆောင်ရှိပြီ၊အဂရာဘူတာက။ဆင်နှိုဘူတာကို လူစီးမီးရထားနှင့်သွား။၎င်းဘူတာမြို့ကို၊ ဂွေးက၊

ရှင်မဟိန္ဒနှင့်သင်္ဃမိတ္တာ၊မထေရ်တို့၏မယ်တော်၊ဝေဒိသကဒေဝီမွေးဘွား ရာအရပ်၊ ဝေဒိသကမြို့ခေါ်သည်။ စေတီရှိသည်း ဗူးမြော်ကန်တော့ကြလေ။ပြီးလျှင် ၎င်းဆန်ချိဘူတာမှ၊ လူစီးမီးရထားနှင့် ရှေးကသိရိမဖွာသောကမင်းသည်။အိမ်ရှေ့မင်းသားဘဝက ပိုင်ဘားအုပ်စိုးဘူးသော၊ ဥဇ္ဇေနီမြို့တွင်ဘူးသော၊ဥဂျိန်ဘူတာကိုလက်မှတ်ခံ၍စီးသွားကြလေ။ ၎ကျောင်းတော်အပေါင်းအပျက် အစီးများရှိသည်၊တည်းခိုရန်မှာ ဟေါင်းဆောင်ရှိပြီ၊၎င်း ဥဂျိန်ဘူတာမှ ဆူရတ်ဘူတာကိုလက်မှတ်ခံ၍စီးသွားကြလေ။ ၎င်းဘူတာကလေနှင့်တက်ပတိမြစ်ကိုကူးပြီးလျှင်၊ဖြတ်စွာဘုရား ရှင်ဝါကပ်ဆိုတော်မူဘူးသော။မကုဋ္ဌတောင်သို့ခြေလျင်သွားကြ။ တောင်ခြေနှင့် တောင်ထိပ်မှာ ခြေတော်ရာ နှစ်ဆူရှိသည်၊ ဗူးမြော်ကံတော့ခဲ့ကြလေ။ပြီးလျှင် သွားသောနည်းအတိုင်းပင် ဆူရုတ်ဘူတာအရောက်ပြန်ခဲ့ကြရမည်။၎င်းဘူတာမှာခေါင်းဆောင်ကောင်းလျှင်တည်းခိုရန်အလွန်ပေါသည်။

ဆူရတ်ဘူတာမှ လူစီးမီးရထားနှင့် ဘုံဘိုင်မြို့ကို ကြည့်ရှုလိုလျှင်၊ ဘုံဘိုင်ဘူတာရောက်ရုံသာ လက်မှတ်ခံ၍ စီး။ ဘုံဘိုင် ဘူတာ ရောက်လျှင် ဆင်းကြ။မော်တော်ကားငှါး၍ လှည့်လည်ကြည့်ရှုကြလေ။ တည်းခိုရန်နေရာအလွန်ပေါသည်။ ကြီးကျယ်ခမ်းနား၏။ခန့်ကုန်မြို့ထက် ပင်လယ်ကူးမီးသင်္ဘောကြီးတွေပေါများသည်၊ အရောင်းအဝယ်ကြီးကျယ်သည်။ ၎င်းမြို့မှာအလိုရှိသလောက်တည်းခိုနေထိုင်ပြီးလျှင်။ ဘုံဘိုင်ဘူတာမှ လူစီးမီးရထားနှင့်ရှေးက၊ အဇန္တာမြို့ကွင်ဘူးသော။အရံဂဘတ်ဘူတာကို လက်မှတ်ခံ၍စီးသွားလေ။၎င်းဘူတာမြို့မှာ အလွန်ကြီးကျယ်သော။ မြတ်စွာဘုရားရှင်နှင့်ရဟန္တာအရှင်မြတ်တို့သိတင်းသုံးဘူးသောကျောက်ဂူကြီး ရှိသည်။ အကြောင်းအရာရုံလင်အောင်။ခေါင်းဆောင်ပုဂ္ဂိုလ်ကပြောပြရမည်။ ကိစ္စပြီးလျှင်၊ ၎င်းဘူတာက လူစီးမီးရထားနှင့်ရှေးက ဥမ္မာဒန္တီ မွေးဘွားရာဌာန၊ အရိဋ္ဌပုရမြို့တွင် ဘူးသော။ စကံဒါဘတ် ဘုဘာကိုသွား။ စေတီဟောင်း၊ ကျောင်းတော်ဟောင်းအပျက်အစီးများရှိသည်းစေ့စုံစွာ ကြည့်ရှုပြီးလျှင်၊ ၎င်းဘူဘာမှလူစီးမီးရထားနှင့်ရှေးက၊ အမရဝတီ တွင်ဘူးသောမဒရပ်မြို့ဘူတာကိုလက်မှတ်ခံ၍စီးသွားကြလေ၊ မဒရုပ်မြို့မှာ၊မီးရထားဘူတာကြီးနှစ်ခုရှိသည်။ ဘူတာရုံမှာပင် တည်းခိုရုန်ကောင်း၏။ ရုံပိုင်နှင့်နေရာကျအောင်စကားပြော၍ပစ္စည်းများထားခဲ့ပြီးလျှင် မဒရပ်မြို့ကုန်စပ်အောင်လှည့်လည်ကြည့်ကြလေ၊ပြာဘိုက်ကိုရောက်အောင်သွားကြည့်။လူတယောက်ပိုက်ဆံ

တပဲပေးရသည်၊ပင်လယ်ဆိပ်ကမ်းကို၊ညနေငါးနာရီလောက်သွားပြီး လေ
ညှင်းခံခဲ့ကြ။ အလွန်သာယာသည်၊ ဆိပ်ကမ်းမှာရှိသော ရေကာတာကြီး
များကိုသေချာစွာကြည့်ကြ၊ သင်္ဘောများဝင်၍ ဆိုက်ကင်ထာ ဖြင်ရလိမ့်
မည်။မဒရပ်မြို့နယ်၏အကြောင်းစုံလင်စွာကိုစွပြီးလျှင်။ ၎င်းမဒရေပ်မြို့ပေါ်ရှိ
တောင်ပိုင်းသွား။အကွက်ရိုး ဘုတာမှလူစီးမီးရထား၌ မာတပန် ဘုတာကို
လက်မှတ်ခံ၍စီးသွားကြလေ၊ လူတယောက် တတီယတန်း။ ကိုးကျပ်လေး
ဲ့။ကိုးဖိုင်ပေးရသည်။ ဘုတာရောက်လျှင်။ ဆရာဝန်များက ဆင်းရမည်
ဆိုလျှင်၊ဆင်းကြရ၏။ သို့သော်လဲ ဆေးရုံမှာ မတည်းမခိုကြနှင့်၊နှလုံးမသာ
ယာစရာ၊အလွန်ကောင်းသည်၊ အေးအံ့တတ်သည်။ စိတ်မချမ်းမသာ ဖြစ်
သူများကြသည်၊ သတိပူကြလေ။ ၎င်းမာတပန်ဘုတာရွာ၏ အရှေ့ ပေတ
ရာလမ်းမကြီး၏အနီးမှာ၊ ထန်းသားကိုအိမ်တိုင်စိုက်၍၊ အုန်းရွက်အမိုးအ
ကာနှင့်ဆောက်လုပ်ထားသောနေအိမ်များရှိသည်၊၎င်းမှာအခပေး၍တည်း
ခိုကြလေ။ ဆရာဝန်ကခေါ်လျှင် နံနက်အချိန်မှာ ရေချိုးပြီး အဝတ်သစ်များ
လဲ၍၊ သန့်ရှင်းစွာဝတ်ဆင်ပြီးလျှင်သွားကြရမည်၊ ကျောက်ထိုးသင့်မထိုး
သင့်စမ်းသပ်၍ ကြည့်လေ့ရှိသည်။ လက်မောင်းခွ ကျောက်ထိုးရာအမှတ်
အသားပါလျှင်လွတ်၏။ မပါလျှင် အသက် ခြောက်ဆယ်ရှိသော်လည်း မ
လွတ်။ ကျောက်ထိုးခံရ၏၊ ဆရာဝန်၏ အမိန့်နှင့် အဝတ်ပေါင်းများကို
လည်း ပေါင်းတင်၍ ပေး၏၊ အလုံးစုံဆေးရုံကိစ္စပြီးလျှင်၊ ချက်ပြုတ်စား
သောက်ကြလေ။ပြီးလျှင်ပစ္စည်းများယူ၍၊ မာတပန်ဘုတာမှ၊ သိပ္ပံနွှဲကျွန်း
ကန့်မြို့ဘုတာအရောက်လက်မှတ်ခံ၍မီးရထားစီးလေ။ မီးရထားကဆင်း၍
ဟနုမန်ကျောက်တန်းကို ဖြတ်၍ကူးသော သင်္ဘောပေါ်သို့ ပြောင်းရပြန်၏။
၎င်းသင်္ဘောနှင့်သိပ္ပံနွှဲကျွန်းဘက်သို့ကူး၍နေစဉ်၊တခါတရံ လေပြင်းလာ
လျှင်အချို့မူးတတ်သည်။ သို့သော်လဲကြောက်စရာမရှိ၊မထိတ်မလန့်ကြနှင့်။
စိတ်ချ၍သာစီးကြလေ၊ကျောက်တန်းပေါ်ကမြင်မြင်သမျှတွေကိုလဲ၊ ခေါင်း
ဆောင်ပုဂ္ဂိုလ်ကကြေနပ်အောင်ပြောပြရမည်။သင်္ဘောနှင့်ကူး၍ နေစဉ်ရေ
ထဲသို့ကြည့်လိုက်သောအခါ၊တဆဲငါးတောင်၊ အတောင်နှစ်ဆယ်လောက်
နက်သောနေရာ၊ရေပေါ်မှာယောက်ျားကလေးတွေ။ဧင်ယော်ဌက်များကဲ့သို့
ပင်လယ်ရေလိုင်းစီး၍နေကြသည်။ သင်္ဘောပေါ်က ပိုက်ဆံများပစ်ချလိုက်
လျှင်၊ရေအောင်ၿပဲ၍ယူကြ၏။သင်္ဘောစ၍ထွက်သည်က တနာရီခွဲကြာလျှင်
ကမ်းသို့ဆိုက်၏၊ အမှုးအဝေပျောက်၏။သို့သော်လဲ၊ ကမ်းသို့ဆိုက်ခါနီး။

အမှုးအဝေ၊မပျော်တပျော်မှာ။ သိဟိုဠ်ကမ်းသို့ရောက်ခါနီးလျှင်။ပါလာသော ကုန်မျိုးကို၊ အကောက်ဝန်ရုံးက။ အကောက် ကောက်ရန်၊ ကောက်မည်သူတို့က။သေတ္တာ၊အထုပ်အပိုး၊အိုးခွက်မှစ၍၊ အင်္ကျီအိပ်ထဲမျှားပါရာကြ၍၊တရာတန်လျှင် တဆဲ့ငါးကျပ် ကောက်ယူသည်။ဘဂီလားဆေးလိပ်မျိုးမှာ ရောင်းကုန်ဖြစ်၍ အထုင်မပြေသေးလျှင်။ တရာကကျော်ခဲ့သော်၊ဆေးလိပ်တရာလျှင်သုံးကျပ်ကျကောက်သည်၊ရောင်းကုန် မဟုတ်လျှင်။ ဘယ်လောက်ပင်ပါသော်လဲ။ အထုပ်ဖျက်ခဲ့လျှင် အကောက်မရှိလွတ်၏။

ပိမိတို့စီးလာသောသင်္ဘောသည်၊သိဟိုဠ်ကမ်းသို့ဆိုက်ရောက်သောအခါ။တလိုင်းမင်းနားသင်္ဘောဆိပ်ဘူတာသို့ရောက်၏၊ ၎င်းဘူတာကအနုရာဓပုရိကိုလဲ တခါတည်း လက်မှတ်ခံနိုင်၏။သည်လိုမှမဟုတ်လျှင်စွယ်တော်ရှိရာ၊ကန္ဒီမြို့ဘူတာကိုလဲရောက်အောင် လက်မှတ်ခံနိုင်၏။ သို့သော်လဲအနုရာဓပုရိကို ပဌမဆင်းတာ ကောင်းလိမ့်မည်ထင်သည်။ ၎င်းမြို့မှာ အရိယာပုဂ္ဂိုလ်များ၏ ခါတ်တော် ဌာပနာသောစေတီတော်များအလွန်ပေါသည်၊ ဟာမမာလာ မဟာစေတီ။ ကျောက်တိုင်ပေါင်း တထောင် ခြောက်ရာ ရှိသော။လောဟပါသာဒပြာသဒ်။ ဇာသရမုနိစေတီကုန်မည်သောမရိစဝတ္တိစေတီ၊ထူပါရုံစေတီ။အာဘယဂိရိစေတီ၊ဇေတဝနစေတီ၊လက်ာရာမစေတီ ပိဿကတောင်ရှင်မဟိန္ဒကျောင်းတော်သုမနာသမဏောတရားနာရန်ကြွးကျော်သောကျောက်တောင်၊ အမွှတ္ထုလစေတီ၊ သေလစေတီ။စသည်တို့၏ အကြောင်း၊ခေါင်းဆောင်ပုဂ္ဂိုလ်က စုံလင်အောင် ပြောပြရမည်၊ တည်းခိုရန်နေရာမှာမခဲယဉ်းချေ။ကိစ္စပြီးလျှင် ကန္ဒီမြို့ကို မီးရထားနှင့် သွားကြလေ၊ တည်းခိုရန်၊ဓမ္မသာလာ အုပ်တို့က်စရပ်ကြီးရှိလည်။စွယ်တော်ကိုလှူဒါန်းပူဇော်ဖူးမြော်ကံတော့ကြလေ၊ ပြီးလျှင်ကန္ဒီမြို့က၊ကလျာဏီမြို့ကိုးကူးသော။ ကောလမ္ဘိုလ်မြို့သို့မီးရထားနှင့်ဖြစ်စေ၊ မော်တော်ကားနှင့်ဖြစ်စေ သွားကြလေ၊ရောက်လျှင်နှစ်ပတ်အောင် လှည့်လည်ကြည့်ရှုကြလေ။ နန္ဒာရေကန်ကြီးကိုလဲရောက်အောင် သွားခဲ့ကြပါ။ ၎င်းပြင် ကန္ဒီမြို့မှ တောင်ဘက်အရပ်၊ခြောက်ဆဲ့လေးဖိုင်ကွာသောနေရာမှာ၊စရိပါဒခေါသော၊ စေတီပါဒတောင်ရှိ၏။မော်တော်ကားနှင့်လူတယောက်၊ ခြောက်ကျပ်ရှစ်ဝဲ့ပေးရသည်။ဌင်းတောင်ထိပ်မှာ၊ သုမနနှတ်မင်း တောင်းပန်သောကြောင့်၊ မြတ်စွာဘုရားဘုရားတော်မူသော ခြေတော်ရာရှိသည်။ သံကြိုးကိုဆွဲ၍တက်ရသည်၊ ဒုစ္ဓ

ဂါမဏိမင်းကြီးလက်ဆက်က၊ ခြေဘဝ်ခာအစစ်ကို၊ မိန္ဆာဒိဋ္ဌိသူမျိုးတွေ ပျက်ဆီးမည်စိုးသောကြောင့်၊ ကျောက်ပျာကြီးဖြင့် ဖုံးအုပ်၍ထားသည်။ ယခုရှိသော၊ကျောက်ပျာပေါ်ကခြေတဝ်ရာပုံသည် အတုမျှသာဖြစ်သည်။ ကောလမ္ဗိုလ်မြို့ကလျာဏီမြစ်နားမှာရှိသော၊ ကလျာဏီစေတီတော်ကိုလဲ ဖူးမြော်ကံတော့ရန် သွားကြလေ၊စေတီတောင်ဘက်ကဗောဓိပင်ရှိသည်၊ ဗောဓိပင်အနီးမှာပြုပြင်၍ထားသောရုပ်ပွါးတော်များနှင့် အုတ်ဘိုးကြီးရှိသည်။ ကလျာဏီမြစ်မှာ မြတ်စွာဘုရားရှင် ခရေသုံးသပ်းတော်မူဘူးသည်၊ မြတ်စွာဘုရားရှင်သက်နှံးလျှော်ဘူးသော ကျောက်ပျာသည်ယခုထက်တိုင် ရှိသေးဏ်။ သိပဟိုဋ္ဌ ကျွန်းမှာ ကိစ္စပြီးလျှင်၊ သဒေဝ်ဘုန်းမြန့်မာနိုင်ငံ၊ရန်ကုန်မြို့သို့ ပြန်လိုလျှင် ပြန်ခဲ့ကြလေ။မပြန်ချင်သေးရင်လဲ။ ကလကတ္တားကိုအပြန် ရောက်လွယ်အောင် မဒရပ် မီးရထားလမ်းက ပြန်ကြလေ။ ကလကတ္တားမှာအလိုရှိသလောက်နေ၍ ရာဇဂြိုဟ်ကိုမရောက်သေးရင်လဲခေတ္တာလောက် ရောက်ရုံသွားကြ။မသွားခြင်ရင်လဲ။ရန်ကုန်မြို့ကို ပြန်ခဲ့ကြလေ။

(တနည်း) ယခုအခါအသွားများကြသော၊လိုရင်းဖြစ်သော ဗောဓိပင်ခရီးသွားကိုပြဦးမည်၊ရန်ကုန်မြို့က၊ ကလကတ္တားကို သဘော်ဘန့်သွား။ ကလကတ္တားက၊ဂယာဘူတာကိုမီးရထားနှင့်သွား။ ဂယာဘူတာက၊ ဗောဓိပင်ကို မြင်းရထားနှင့်ဖြစ်စေ၊ မော်တော်ကားနှင့် ဖြစ်စေသွား။ ဗောဓိပင်ရောက်လျှင် သတ္တဘူဒါနနှင့် သုဇာတာ နေရာ၊ ရွှေဆွတ်မျှောရာ နေရာများရောက်အောင်သွား။ပြီးလျှင် ဗောဓိပင်က၊ ဂယာဘူတာကို မြင်းရထားနှင့် ဖြစ်စေ မော်တော်ကားနှင့် ဖြစ်စေပြန်။ဂယာဘူတာက မီးရထားနှင့် ဗာရာဏသီ ကင်တိုမင်ဘူဘာသွား။ ကင်တိုမင်ဘူတာက၊ မိဂဒါဝုန်ကို မြင်းရထားနှင့်ဖြစ်စေ၊မော်တော်ကားနှင့်ဖြစ်စေသွား။ ပြီးလျှင်မိဂဒါဝုန်က မြင်းရထား။မော်တော်ကားအလိုရှိရာနှင့် ဗာရာဏသီ ကင်တိုမင်ဘူတာပြန်၊ကင်တိုမင်ဘူတာက မီးရထားနှင့် တက္ကဆိဒိုရိယာဘူတာသွား၊ ၎င်းဘူတာက မော်တော်ကားနှင့်ကုသိနာရုံသွား။ပြီးလျှင် ကုသိနာရုံက မော်တော်ကားနှင့် ဂေါရာပုဘူတာသွား။ ၎င်းဘူဘာကမီးရထားနှင့် နောင်ဂါးဘူဘာသွား။ ၎င်းကနွားလှည်းနှင့်လှမ့ဒိန်ဥယျာဉ်သွား၊ပြီးလျှင်လှမ့ဒိန်ဂးလှည်းနှင့်နောင်ဂါးဘူတာပြန်၎င်းဘူတာကမီးရထားနှင့်ဘာလန်ပူဘူတာဂ်ိသွား။၎င်းဘူတာက မြင်းရထားနှင့်သာဝတ္ထိသွား။ပြီးလျှင်သာဝတ္ထိက မြင်းရထားနှင့် ဘာလန်ပူဘူတာပြန်။ဘာလန်ပူဘူတာက၊မီးရထားနှင့်လပ်ခနောင်ဘူတာသွား၊လပ်ခနောင်

ဘူတာက၊မီးရထားနှင့်ဘတ္တိယာပူဘူတာပြန်။ ဘတ္တိယာပူဘူတာက၊ မီးရထားကလေးနှင့် ရာဇဂြိုဟ်ခေါ်သော၊ ရာဂျဂိရိဘူတာသွား။ ၎င်းဘူတာ ဇရာက်လျှင်ရာဇဂြိုဟ်မြို့နှင့် တောင်ငါးလုံးတွေ့။ ၎င်းပြင်အခြားအချက်အလက်တွေနှံ့စပ်အောင် သွားကြ၊ရာဇဂြိုဟ်မြို့တွင်းမှာ၊ ယခုအခါထင်လျားရှိသော၊အဇာတသတ်မင်း၏ခေတ်းတဲတွင်းခေါ်သောသွတ်ဖိုး၊ အုတ်ကာနှင့်ပြုလုပ်ထားသောအဆောက်အဦးသည်၊အခု့ိုသောဟိန္နု။ကုလား လူမျိုးတွေက၊၎င်းသည်မြဘ်စွာဘုရားနှင်၏ခေတ်တော်တွင်းမဟုတ်။မြတ်စွာဘုရားနှိစဉ်က ကိုယ်ပျက်သေးဆုဂါ။ ကုဋ္ဌနုနာနှင့် ပရိနိဗ္ဗာန်ပြုသော၊ ပုတိဂတ္တတိသမဏထေရ်၊ရေဟန္တာအရှင်မြဘ်၏ခေတ်တော်အရိုးအိုးစေတီဟူ၍ အပြောများကြသည်။ ဘုန်ကြီးသည်အမှန်မပြောနိုင်။ သင့်သလိုကြည့်ရှုပြီးယူကြလေ၊ပြီးလျှင်ရာဇဂိဟ်ဘူဘာက လှည်းနှင့်နာလန္ဒာဘူတာသွား။ ၎င်းဘူတာမှပစ္စွန်းများအစောင့်နှင့်ထားခဲ့၍၊ နာလိကာရုံကျောင်းကြီးကို ခြေလျင်သွား၊ခြေလျင်ပြန်။ ၎င်းဘူဘာကမီးရထားကလေးနှင့် ဘတ္တိယာပူဘူတာပြန်။၎င်းဘူတာက မီးရထားနှင့်ကလကတ္တားပြန်ကြလေ။ ကလကတ္တား ကမြန်မာနိုင်ငံ ရန်ကုန်မှိုကိုပြန်ကြ။ သည်လိုမမပြန်ချင်သေးလျှင်။ ကလကတ္တားက သီဟိုဠ်ကိုမီးရထားနှင့်သွား၊ ပဌမပြဲခဲ့ပြီးသော သီဟိုဠ်ကိုသွားသောလမ်းသည်အလွန်ရုံ၏။ အလွန်ဒေးရှည်၏။ ယခုတော့ပဌမပြဲခဲ့သောလမ်းကမသွားဘဲ ကလကတ္တားကမဒရပ်ကိုမီးရထားနှင့်သွား။မဒရပ်ကသီဟိုဠ်ကိုမီးရထားနှင့်သွား။ သီဟိုဠ်က ရန်ကုန်ကိုသဘော်နှင့်ပြန်။ ဤလမ်းခရီးစဉ်က။စရိတ်ကျဉ်း၏။ချောက်လွယ်၏။အတော်နှံ့၏၊အသွားများကြ၏၊ မြန်မာနိုင်ငံမှမဏ္ဍိမဒေသ။မဏ္ဍိမဒေသမှသီဟိုဠ်။သီဟိုဠ်မှမြန်မာ နိုင်ငံသို့သွားလာနိုင်ကြခန်ခရီးစဉ်တို့ကိုပြဆိုခန်ပြီး၏။ ။

မဏ္ဍိမဒေသခေါ်သောဇမ္ဗူဒီပနိုင်ငံမှာ၊ယခုအခါခရီးသွားလာကြရာ၌မီးရထားသုံးမျိုးရှိသည်။စာပို့မီးရထား၊အမြန်လူစီးမီးရထား၊ ရက်မှန်ခေါ်သောလူစီးမီးရထားတို့ဟူသည်တည်း။ ၎င်းသုံးမျိုးတို့တွင် စာပို့နှင့် အမြန်သည် အလွန် လူစီးများသည်။ နေစရာ ထိုင်စရာမရှိ။ မတ်တတ်လိုက်ရ တတ်သည်များ၏၊ ရက်မှန်ခေါ်သော လူစီးသက်သက် မီးရထားသည်။ ခရီးအရောက်မှာ၊ အနည်းငယ် နောက်ကျတတ်သည်။ သို့သော်လဲ လူစီးနဲ၍၊ နေရာချောင်လွှဲရှိသည်။ (သတိမူကြရန် အမှာစကား)။ ။

မဏ္ဍိမဒေသခရီးစဉ် အကျယ်အကျဉ်းပြီး၏။

ဤကျမ်းစာအုပ်ကို ,အာထဗြောက်အောင် ကြံစီရတာ ဘုန်းကြီးမှာ၊ တဲ့ ဆဲ့သုံးကြိမ်တိုင်တိုင် မင်္ဂလာမဒေသသို့ သွားရောက်၍၊ စုံစမ်းရှာဖွေရသည်၊ သက်ရိုက်ဘာသာကျမ်းစာအုပ်။အင်္ဂလိပ်ဘာသာကျမ်းစာအုပ်၊ပါဠိတော် အဋ္ဌကထာ၊ ဋီကာမျှားနှင့် ဝိနိစ္ဆယကျမ်းစာ အမျိုးမျိုးကို ဝယ်ရတာငွေ (၅၀၀)လောက်ကုန်ကျသည်ပြင်။ တဆဲ့သုံးခေါက်သွားရသည် အတွက် စရိတ်ငွေ။ (ခုနစ်ရာ) ကျော်လောက်ကုန်ကျသည်။ ဤမျှလောက်အကုန်အ ကျခံသည့်အတွက်၊ မြေပုံနှင့်၊ကျမ်းစာအုပ်ကြီးကို စီမံ၍၊ အထဗြောက် အောင်မြင်ရပေသည်။ဗုဒ္ဓဘာသာဝင်မှန်သ၍၊ ဤစာအုပ်ကိုလက်ကိုင်အမြဲ ထား၍၊ကြည့်ရှုလေ့လာကြလျှင်၊မင်္ဂလာမဒေသသို့အကြိမ်ကြိမ် ရောက်ဘူးသ လိုထင်ကြရ၏၊ သားမြေးစဉ်ဆက်ကျမ်းကျင်နားလည်အောင်။ ပြောတတ် ဆိုတတ်ရှိအောင်လည်း၊လူကြီးမိဘများကငယ်ရွယ်သူတို့အား ဤကျမ်း စာအုပ်ကိုကိုယ်စီထားကြဖုန် တိုက်တွန်းကြစေလိုကြောင်း။ တရားဟော ပုဂ္ဂိုလ်များနှင့်လည်း၊ အထူးသင့်လျော်သည်။ ဤစာအုပ်ကို ကြည့်ရှုဘန် များလျှင်၊ ရတနာသုံးပါးအပေါ် ၌လည်း၊ တနေ့ထက်တနေ့ သဒ္ဓါတိုးပွား ထက်သန်ကြလတံ့သည်ကား မှန်လှပေ၏။ ။

နိဒါန်းစကားအစဉ်၌ ပါရှိသော၊ရေးသားဖော်ပြမည်ဟူ၍၊ ဝန်ခံခဲ့သည့် အတိုင်း။မင်္ဂလာမဒေသ၌ လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင်ကျော်၊ သုံးထောင် လောက်က အကြောင်းအရာ အထူးပုတ္တိများနှင့်ယခုအခါ အကြောင်းအရာ အထူးပုတ္တိတို့ ပြောင်းလဲပြုပြင်ပုံ အမျိုးမျိုးတို့ကို နှိုးနှောင့် ပြဆိုခန်းများ လည်း၊ ရေးသားဖော်ပြ၍ပြီးခဲ့ပြီ။ဂုဏ်ပြင် အလောင်းတော်သိဒ္ဓတ္ထမင်းသား ဘွား မြင်တော်မူရာ ဌာနကစ၍၊ သစ္စာလေးပါးကို ထိုးထွင်း သိမြင်ပြီး။ ဘုရားဖြစ်သည်တိုင်အောင်။ ဘုရားဖြစ်ပြီးသည်က လေးဆဲ့ငါးဝါ ဝါဆို တော်မူသော ဌာနများနှင့်၊ ပရိနိဗ္ဗာန်ပြုတော်မူသည့် ဌာနတိုင်အောင်၊ အ လုံးစုံ နေရာအရပ်တို့ကိုလည်း ရေးသားဖော်ပြ၍ ပြီးခဲ့ပြီ၊ ထိုမင်္ဂလာမဒေသ သို့ သွားရောက်လိုသောပုဂ္ဂိုလ်တို့၏ အကျိုးငှာ၊ လိုရင်းဖြစ်သော ခရီးစဉ် များကိုလည်း၊စေ့စုံအောင်အကြောင်းအရာနှင့်တကွ ရေးသားဖော်ပြ၍ပြီးခဲ့ လေပြီဖြစ်သောကြောင့်၊ ယခုအခါဝန်ခံရင်းရှိခဲ့သည်အတိုင်း။ တရားဟော ပုဂ္ဂိုလ်၏အကျိုးငှာလင်း၊ကမ္မဋ္ဌာန်းတရားများကိုအားထုတ်ပွားများလိုသော ယောဂိပုဂ္ဂိုလ်တို့၏ အကျိုးငှာလင်း၊ လိုရင်းဖြစ်သော သိလ၊ဒါန၊ သမာဓိ၊

ပညာခန်းများကိုတရားတော်နည်းနှင့် အားထုတ်ပွားများနည်းတို့ကိုယှဉ်တွဲ၍ရေးသားဖော်ပြပေအံ့။

သိလအမျိုးမျိုးခွဲ၍ပြဆိုခန်း။

၁။ သိလကိုဆောက်တည်ရာ၌။ သံသရာဘေးဒုက္ခကို မကြည့်မရှု၊ ကြောက်လန့်ခြင်းမရှိဘဲ၊ ကာမဂုဏ်အာရောရောတွေ့နှင့်အဖတ်တမဲ့ဆောက်တည်သော၊ အောက်တန်းစားစေတနာဖြစ်သော၊ဟီနသိလ။ ။ကာမဂုဏ်မရောယှက်ဘဲ သံသရာဘေးဒုက္ခကို မသိမမြင်တတ်။မကြောက်လန့်တတ်သော၊ အလတ်စားစေတနာနှင့် ဆောက်တည်သော မဇ္ဈိမသိလ။ ။ကာမဂုဏ်တို့နှင့်လည်း မရောယှက်။ မိမိတို့၏ အစ္ဆရိယအတွင်းသန္တာန်၌ ဘဝအဆက်ဆက်ကပါလာသော၊ ဇာတိဘေး၊ဇရာဘေး၊ မရဏဘေး၊အပါယဘေး ဒုက္ခတွေကို ဖြစ်ပွားစေတတ်သော၊ အကြောင်းရင်းမူလ ဖြစ်သော၊ သက္ကာယဒိဋ္ဌိ။ ဝါ၊ အတ္တဒိဋ္ဌိရှေ့သောက်ဖြစ်ကြီးကို ဖြတ်တောက်လိုသော အမြတ်စားစေတနာ ပညာနှင့် ဆောက်တည်သော၊ပဏီတသိလဟူ၍ သုံးမျိုးရှိကြောင်းရှေးဦးစွာခွဲပြပြီးမှ အမြတ်စားစေတနာပညာယှဉ်၍၊ ဆောက်တည်တတ်အောင်၊ နည်းလမ်းကောင်းကို ရှင်းရှင်းလင်းလင်းရှိအောင်ပြောပြရာ၏။ ။

၂။ သိလသည်။ လူတို့သိလ၊ ရှင်၊ ရဟန်းတို့၏ သိလဟူ၍လည်းကောင်းရှိကြ၏။လူတို့၏သိလသည် အမြဲနိစ္စဆောက်တည်အင်သောငါးပါးသိလ၊အာဇီဝဋ္ဌမက ရှစ်ပါးသိလဟူ၍ နှစ်မျိုးရှိသည်၊ ၎င်းသိလများကို အမြဲတစ်နိုင်ရမည်။တစ်နိုင်လျှင်၊လူချမ်းသာနှစ်ချမ်းသာကို ရစေတတ်သော။သိလ၌ စင်ကြယ်သော၊ သိလဝန်းပုဂ္ဂိုလ်ကောင်းဖြစ်သော အကျိုးရှိ၏၊ မတစ်နိုင်လျှင်၊ လူချမ်းသာ နှစ်ချမ်းသာတို့ကို မရနိုင်သည်ပြင်။ ယုတ်မာသော ဒုသိလပုဂ္ဂိုလ်ဖြစ်၍၊ အပါယ်လေးပါးသို့ ကျစေ၊ ရောက်စေတတ်သော အကျိုးရှိ၏။ ၎င်းပြင် တလလေးသိတင်း ဥပုသ်နေ့များ၌ စောင့်လေ့ရှိကြသော။ ရှစ်ပါးသိလ၊ထိုရှစ်ပါးသိလတွင် ဗြဟ္မဝိဟာရတရားလေးပါးထဲက၊ မေတ္တာတပါးကိုဖြစ်စေ။ ကရုဏာတပါးကိုဖြစ်စေ။မုဒိတာတပါးကိုဖြစ်စေ၊ဥပေက္ခာတပါးကိုဖြစ်စေ။တစ်နိုင်ရာတပါးပါးထည့်သွင်း၍ ဆောက်တည်အပ်သော ကိုးပါးသိလနှင့်ဆယ်ပါးသိလများကို လူတို့

သည်။နေ့စဉ်အမြဲဆောက်တည်နိုင်လျှင်၊အလွန်ကောင်းလှ၏။ သို့သော်လဲ အမြဲဆောက်တည်ရုံမည်။မနေ့ဆောက်တည်မနေ့ရဟူ၍ ဟောတော်မမူချေ။ အလွတ်နေ့ကိုမဆိုထားနှင့် ဥပုသ်နေ့များ၌သော်လည်း၊ မတော်နိုင်လျှင် အပြစ်မရှိ၊တော်နိုင်လျှင် အကျိုးထူး၏ဟူ၍ ဖွတ်ယူကြရုံမည်။ သို့သော်လဲ ဗုဒ္ဓဘာသာလူမျိုးတို့၌ ဥပုသ်နေ့ဆိုတာ နေ့ထူးနေ့ဖြတ်ဖြစ်၍၊ ဝါတွင်းမှာ တလလေးသိတင်း လုံးဖြစ်စေ၊ သုံးသိတင်းဖြစ်စေ၊ သို့မဟုတ် လပြည့်လကွယ် နှစ်သိတင်း ဖြစ်စေ။ တတ်နိုင်အောင်ကြိုးစားကြရုံမည်။ ဝါပင်ကိုမတတ်နိုင်လျှင်၊ ဝါပမှာ နိစ္စအမြဲဆောက်တည်အပ်သော၊ ငါးပါးသီလနှင့် နေရမည်။ သာ၍ကောင်းသော အချက်မှာ ငါးတွင်းလောက်ကို တလလေးသိတင်းလုံးတတ်နိုင်အောင် ကြိုးစားပါမူ ဆုံဘွယ်ရာမရှိ။ ဤကဲ့သို့ ဝါတွင်းကိုတလ လေးသိတင်းလုံး မပျက်မကွက် ဆောက်တည်မည်ဟူ၍၊မိမိက ဝိဉ္ဉာန်ထားခဲ့လျှင်၊ အလွတ်နေ့များမှာ ဥစ္စာရှားသူကလဲ ကြိုးစား၍ တရားသဖြင့် ရအောင်ရှာထား။ လောကီပညာရှာသူကလဲ ကြိုးစား၍ ရှာထားကြရန်ကိုလည်း၊အထူးသတိပူကြလေ။ဝါတွင်းဝါးမဖွေးအာသင်္ကာရှည်သမျှကာလပတ်လုံး၊ နေ့စဉ်အမြဲဆောက်တည်ရမည် ဖြစ်သော ငါးပါးသီလမှာလဲ၊အိမ်ယာထောင်ခြင်းမပြုသော၊လူမျိုးကြီး၊အပျိုကြီးများမှာဖြစ်စေ၊ တခုလတ်၊ မုဆိုးဘို၊ မုတ်ဆိုးမ များဖြစ်စေ။ ကာမဂုဏ်အစွဲစွာစားရကို ပယ်ထား၍၊ ၎င်းသိက္ခာပုဒ်နေရာမှာ၊ အပြုပဋိစ္စရိယာဝေရာမဏိကို ထည့်သွင်း၍ ဆောက်တည်လျှင်၊ အကောင်းဆုံးသော၊ ဖြတ်သောငါးပါးသီလကြီးဖြစ်သည်ဟူ၍ ဖွတ်ယူကြရမည်။ ။

၃။ အဓိပ္ပါယ်ဘွားသည်နှင့်ကစ၍၊ တသက်လုံး အောက်တန်းစားဖြစ်သောငါးပါးသီလကိုပင် တကြိမ်တခါမျှ မဆောက်တည်ဘူးသော သူတို့သည်။ ငါးပါးလုံးစေ့အောင် မတတ်နိုင်သော်လဲ၊ တပါးဖြစ်စေ။နှစ်ပါးဖြစ်စေ တတ်နိုင်သလောက်ကိုလည်း ဆောက်တည်ရန်။ ဤကဲ့သို့ ဆောက်တည်ခြင်းကို။ သိက္ခာပဒပရိယန္တ။သိက္ခာပုဒ်ကို တတ်နိုင်သလောံပိုင်းခြား၍ဆောက်တည်ခြင်းခေါ်သည်။၎င်းပြင် တနည်းပိုင်းခြားပုံရှိသေး၏။သိက္ခာပုဒ်ကို မပိုင်းခြားဘဲ၊ ဆိုင်ရာသီလကို အင်္ဂါပြည့်စုံစွာနှင့် အချိန်ကာလကို ပိုင်းခြား၍၊ တနှစ်တာန်သည်။ ကလတာန်သည်။ တရက်တာန်သည်၊နေ့ထက်ဝက်တာန်သည်။ တနာရီတာန်သည်။ တတ်နိုင်သလောက် ဆောက်တည်ခြင်းကို။ ကာလပရိယန္တ။ အချိန်ကိုပိုင်းခြား၍၊ ဆောက်တည်ခြင်

ခေါ်သည်။ ။ဤအချက်သည်။ရှင်းရှင်းသိလက်ိုမ်ဆောက်တည်တူးသော သူတို့အတွက်ကိုသာထူးခြား၍ ပြလိုက်ရခြင်းဖြစ်သည်။တသက်လုံးဘယ်သိသမျှိုးကိုမှ မဆောက်တည်ဘူးသောသူတို့သည်။ တကြိမ်တခါ သိလတပါးလောက်သာ ဆောက်တည်လိုပါသည်။နှစ်ပါးလောက်သာ ဆောက်တည်လိုပါသည်ဟူ၍၊ လျောက်ထားတောင်းပန်လျှင်၊ အင်္ဂါမပြည့်စုံသောကြောင့် မဆောက်တည်ရဟူ၍ တားမြစ်ခြင်းမပြု၊ရ။ တားဖြစ်လျှင် ဓမ္မစ္ကာရာယ်ဖြစ်တတ်သည်။ အဘယ်ကြောင့်ဆိုသော်၊ ရှင်းရှင်းမဆောက်တည်ဘဲနေသည်ထက် တော်သေးဏ်ဟူ၍၊ မှတ်ယူကြရ၊မည်။ ဤနည်းတူရဟန်းခံလိုသောသူသည်။ တရက်လောက်ဖြစ်စေ၊ နှစ်ရက်လောက်ဖြစ်စေ ရဟန်းခံလိုပါသည်။ လျောက်ထား တောင်းပန်လျှင်၊ တသက်လုံး မနေနိုင်လျှင်၊ ရဟန်းခံခြင်းငှာ၊ ခွင့်ပြုနိုင်ဟူ၍၊တားမြစ်ခြင်းငှာ မထိုက်သကဲ့သို့တည်းဟူ၍၊မှတ်ယူကြရမည်၊ ။

၄။ သိလဆောက်တည်သူတို့မှာ၊ ၎ငါတို့၏သိလသည်။ တဏ္ဍာဒိဋ္ဌိနှင့်ယှဉ်လျှင် မမြတ်းသာ၊ နိဿိတသိလ။ ။တဏ္ဍာဒိဋ္ဌိနှင့် မယှဉ်လျှင်၊ မြတ်သော အနိဿိတသိလဟူ၍၊ နှင်မျိုးဂိုကြောင်းကိုလည်း၊ သတိပြုကြရမည်။ ။

၅။ လောကီယလောကုတ္တရတော။ ဟူသော ဒေသနာတော်အရ၊ ၎ငါတို့ဆောက်တည်သော သိလသည်။ ဗောဓိပက္ခိယမဝင်လျှင်။ လောကီသိလ။ ဗောဓိပက္ခိယဝင်လျှင်၊ လောကုတ္တရာသိလ ဖြစ်၏ဟူ၍ နှစ်မျိုးဂိုကြောင်းကိုလည်း၊ သတိမူကြရမည်။ ။

၆။ သိလဆောက်တည်ရာ၌၊လောကမှာ သူတပါးကဲ့ရဲ့မည်ကို စိုး၍ ဆောက်တည်သေးသိလသည်၊လောကင်္ဍဲ့၍ ဆောက်တည်ခြင်းကြောင့်၊ လောကာဓိပတေယျ သိလခေါ်သည်၊အကျိုးမကြီး။။ထိုသိလသဘောနှစ်မျိုးကိုပယ်၍၊လောကဠိ ပုထုဇဉ်တို့ ကဲ့ရဲ့ချီးမွမ်းမည်ကိုလည်းမငဲ့။ ၎ငါ၏အသက်အရှယ်ဂုဏ်ဥစ္စာဓနဂုဏ်ကိုလည်း မငဲ့ဘဲ၊သက်သက်သော စေတနာကောင်း။သဒ္ဓါကောင်း

နှင့် ရှေးရှေးသော သူတော်ကောင်း အဇ္ဈတ္တဆက်တို့ကိုသာ အားကျ၍၊ ဗောဓိပက္ခိယတရားကို ငဲ့၍၊ ဆောက်တည်သော၊ သိလသည်။ ဓမ္မာဓိပတေယျသိလ ခေါ်သည်။ အလွန်အကျိုး ကြီး၏။ ဘုရားစသော အရိယာဆပေါင်း သူတော်းကောင်းတို့ အလွန်ချီးမွမ်းနှစ်သက်တော်မူ၏။ သိလသာသနာလည်း မည်၏။ အဓိသိလလည်း ညီ၏။ သိလသိက္ခာလည်း မည်၏။ သိလဝိသုဒ္ဓိ လည်းမည်၏ဟူ၍ မှတ်ယူကြရမည်။ သတိမူကြလေ။ ။

၇။ ဥပုသ်နေ့များ၌ ဆောက်တည်သော သိလတို့ကိုမူ၎ာလည်း။ ပကတိ ဥပုသ်နေ့တရက်ထည်းသာ ဆောက်တည်လျှင်၊ ပကတိဥပုသ်ခေါ်သည်။ အကြိုရက်၊အပိုရက်နှင့် ဆောက်တည်လျှင်၊ ပဋိဇာဂရ ဥပုသ်ခေါ်သည်။ ရက်သတ္တတပုတ်တန်သည်။ လဆွဲတန်သည်။ တလတန်သည်။ နှစ်လတန်သည်။ ခြောက်လတန်သည်။ တနှစ်တန်သည် စသည်ဖြင့် အမြဲဆောက်တည်လျှင်၊ ပါဋိဟာရိယဥပုသ်ခေါ်သည်။ ပကတိဥပုသ်ထက်။ပဋိဇာဂရ ဥပုသ်က အကျိုးကြီးသည်။ ဒုဋိဇာဂရဥပုသ်ထက်။ ပါဋိဟာရိယဥပုသ် က အကျိုးကြီးသည်၊ ဤသို့ ဥပုသ်သုံးမျိုးရှိကြောင်းကိုလည်း။ သတိမူကြလေ။ ။

၈။ မင်္ဂလိနိဗ္ဗာန်ကိုလိုလား၍ပြုကြသော ကုသိုလ်ဟူသမျှတို့တွင်ရှေးဦးစွာသီလစင်ကြယ်ရန်၊ အရေးအကြီးဆုံးဖြစ်သည်၊ ရတနာသုံးပါးကိုယုံကြည်ကုန်သောပညာရှိပုဂ္ဂိုလ်မှန်သ၍၊ ဓမ္မတာနိစ္စသိလဖြစ်သောငါးပါးသိလသည်။အထူးဆောက်တည်နေရသော သိလမျိုးမဟုတ်။ဓမ္မတာအတိုင်း အစဉ်ပါလာမြဲဖြစ်သည်ဟူ၍၊ မှတ်ယူကြရမည်။ရတနာသုံးပါးကိုယုံကြည်သူမှန်သ၍မှာ၊ ဓမ္မတာ ငါးပါးသိလကို အထူးနှုတ်ကမြွက်၍ ဆောက်တည်နေရန်မလို။ (ဥပမာ) သရက်ပင်ကသီးလျှင်၊သရက်သီးမျိုး။ အုန်းပင်ကသီးလျှင်၊အုန်းသီးမျိုး စသည်ခေါ်ရသကဲ့သို့၊ ပသိဘာသာမျိုးကပေါက်ဘွားလျှင်၊ ပသိဘာသာမျိုး။ ယေရှုဘာသာ မျိုးကပေါက်ဘွားလျှင်၊ ယေရှုဘာသာမျိုးဟူ၍၊ ခေါ်ကြရ၏။ထိုနည်းအတူ ရတနာသုံးပါးမျိုးကပေါက်ဘွားလျှင်၊ရတနာသုံးပါးမျိုး။သိလမျိုးကပေါက်ဘွားလျှင်၊သိလမျိုးတွေစင် စစ်အမှန်ခေါ်ကြရမည်ကို အထူးပေါခြရန်မလိုတော့ပြီဟူ၍၊ ဘုန်းကြီးသဘောရှိသလို။ပညာရှိပုဂ္ဂိုလ်တို့လည်း၊ သဘောရှိကြလိမ့်မည်ကား အမှန်ပင်တည်း။ ။

၉။ ရှစ်ပါးသိလ၊ ကိုးပါးသိလ၊ဆယ်ပါးသိလမျှားကိုဆောက်တည်

၍နေကြစဉ်အခါမှာလဲ။ နိစ္စသိလဖြစ်သောဓမ္မတာ ငါးပါးသိလသည်၊ အ
ဖြူခံ၊အမာကြောသဘောမျိုးနှင့် အောက်ခံအမြဲပါရှိလျက် နေမြဲနေ၍ဟူ၍၊
မှတ်ယူကြရမည်။ အလိုရှိတဲ့အခါမှာ ဆောက်တည်ပြီးသော ထိုရှစ်ပါးစ
သော၊ အထက်အထက်သော သိလများကို မတတ်နိုင်တဲ့ အချိန်ရောက်
လျှင်၊မတတ်နိုင်တော့ပြီဟူ၍၊ အာရုံဖြတ်လိုက်သည်နှင့် တပြိုင်နက်၊ ရှစ်
ပါးစသော မိမိဆောက်တည်ပြီးသော၊ အထက်အထက်သော သိလတို့
သည်။မိမိမှာမရှိတော့ပြီဟူ၍ မှတ်ယူကြရမည်။ သို့သော်လဲ၊ အရင်းခံဖြစ်
သော ဓမ္မတာ ငါးပါးသိသသည်။ ရှစ်ပါးထဲမှာရော်ပြီး ပါသွားသည်မရှိ။
ပျက်သွားသည် မရှိ။ ဓမ္မတာအတိုင်း တည်မြဲတည်လျက် ကျန်ရှိရစ်လေ
သည်။ ရှစ်ပါးသိလကို ဆောက်တည်နေတဲ့အခါမှာ၊ ငါးပါးသိလကို အ
ခိုက်အခါကြုံ၍ ခံယူပါသော်လဲ၊ အမြင့်ကအနိမ့်ကို ဆင်းခြင်းမဟုတ်။
အောက်ခံ နိစ္စသိလကိုထပ်၍၊ အရောင်တင်သည်ဟု သဘောထားရမည်။
အောက်ခံငါးပါးသိလကို ထပ်ခံလျှင်၊ငါးသိလပြောင်သည်ထက် ပြောင်၏ဟူ၍၊
ရှစ်ပါးသိလ ထပ်ခံလျှင်၊ ရှစ်ပါးသိလ ပြောင်သည်ထက် ပြောင်၏ဟူ၍၊
မှတ်ယူရမည်။အထက်အထက်သောသိလတို့မှာလဲ၊ ဤနည်းတူမှတ်လေ။

၁၀။ ။ငါးပါးသိသသည် နိစ္စသိလဖြစ်သောကြောင့်။ ဓမ္မတာမျိုးရိုး
အစဉ်၊ အသိုးအခြားသောသိလမျိုးဖြစ်သည်။ ယင်းသို့ ဖြစ်ပါသော်လဲ။
ရှစ်ပါး။ ကိုးပါးစသော။ အထက်အထက်သောသိလတို့တွင်လည်းငါးပါး
သိလသဘောမျိုးပါရှိပြီးဖြစ်သည်။ ရှစ်ပါးသိလ။ ကိုးပါးသိလ၊ဆယ်ပါးသိ
လများတွင်ပါရှိပြီးဖြစ်သောငါးပါးသိလသဘောမျိုးတွေကိုရွေးချယ်၍ပယ်
နှုတ်လိုက်လျှင်။ ကြွင်းကျန်းသောသိလများသည်၊ အပြစ်မကြီးလှချေ။ သာ
မဏေများ ဆောက်တည်းသော ဆယ်ပါးသိလတွင်လည်း။ ငါးပါးသိလသ
ဘောမျိုးတွေကိုရွေးချယ်၍ နှုတ်လိုက်လျှင်၊ကြွင်းသော၊ သိလတို့သည်အ
ပြစ်မကြီးလှချေ။ ရဟန်းများနှင့် သက်ဆိုင်သော အခင်းခံဖြစ်သော၊ နှစ်ရာ
နှစ်ဆယ်ခုနစ်ပါးသော သိသသိက္ခာဘို့နှင့်အကျယ်ကုဋေကိုးထောင်ကျော်
ဖြစ်သော သိက္ခာပုဒ်တို့တွင်လည်း။ငါးပါးသိသ သဘောမျိုးတွေကို ရွေး
ချယ်၍ နှုတ်လိုက်လျှင်၊ ကြွင်းကျန်းသော သိလတို့သည်၊အပြစ်မကြီးလှချေ၊
အဘယ်ကြောင့်ဆိုသော်၊ ရဟန်းတော်များမှာ၊ ပါရာဇိကလေးပါးသည်၊
အကြီးဆုံးဖြစ်သည်။ ထိုလေးပါးတို့တွင် တပါးပါးလွန်ကျူးခဲ့သော်၊ပါရာ
ဇိကထိုက်၏။ ရဟန်းကောင်းအဖြစ်မှ လျော့ကျ၏။ သာမဏေအဖြစ်၊လူ

အဖြစ်နှင့်သာနေရတော့၏၊ နောက်ထပ်၍ မည်သည့်နည်းနှင့်မျှ ရဟန်းမဖြစ်နိုင်တော့ပြီ ဟူ၍၊ မြတ်စွာဘုရားရှင် ဟောတော်မူသည်။ ထို့ကြောင့် ရဟန်းများမှာ၊ အရေးအကြီးဆုံးဖြစ်သော ပါရာဇိကလေးပါးသည်။ ကာမေသုမိစ္ဆာစာရ ပဌမသိက္ခာပုဒ်တပါး။ အဒိန္နာဒါန် ဒုတိယသိက္ခာပုဒ်တပါး လူ့ငင်းစင်ကိုသတ်သောပါဏာတိပါတ တတိယသိက္ခာပုဒ်တပါး။ ဈာန်၊မဂ်ဖိုလ်နှင့်ပတ်သက်သော၊ မုသာဝါဒ စတုတ္ထသိက္ခာပုဒ်တပါး။ ဤလေးပါးသည် ပါရာဇိကသိက္ခာပုဒ် လေးပါးမည်၏။ ငါးပါးသီလနှင့် လုံးလုံးသက်ဆိုင်နေသည်။ သို့အတွက်ကြောင့် ရဟန်းများ၏သိက္ခာပုဒ်များတွင် ငါးပါးသီသထဲကပါဝင်နေသော၊ သိက္ခာပုဒ်လေးပါးသည်။ အရေးအကြီးဆုံးဖြစ်ကြောင်းကို ဖော်ပြရပေသည်၊ ငါးပါးသီသထဲက သုရာမေရယသိက္ခာပုဒ်လည်းပါ၌သေး၏။ သို့သော်လဲ အရေး၄ကြီးလှ၍။ သမ္မာသမ္ဗုဒ္ဓသာသနာတော်ကို ယုံကြည်ကိုးကွယ်ကြကုန်သောရဟန်းရှင်၊လူ၊ပညာရှိပုဂ္ဂိုလ်ဟူသမျှတို့မှာ၊ ငါးပါးသီလသည်။ အရေးအကြီးဆုံး ဖြင့်သည်၊ ဒုစရိုက် ကံဆယ်ပါးတို့ဝင်လည်း၊ အရေးအကြီးဆုံးအဖြစ်နှင့် ပါဝင်နေတော့သည်။ ငါးပါးသီလသည်။ ဓမ္မနိယာမသဘောမျိုးနှင့် ပညာရှိပုဂ္ဂိုလ်တို့သန္တာန်မှာ လူသွားရာ အရိပ်ပါသကဲ့သို့၊ အထူးမဆောက်ဘည့်သော်လဲ၊အစဉ်ဌာဝရ ပါရှိနေသည်ဟူ၍သဘောထားကြရမည်၊ မြတ်စွာဘုရားရှင်ဒေသနာတော် အရ။အယုတ်၊ အလတ်၊အမြတ်မရွေး၊သတ္တဝါမှန်သမျှမှာ၊နိယာမဓမ္မတာဖြစ်သော ငါးပါးသီလကိုကံငါးပါးဟူ၍လည်း ခေါ်သည်။မရှောင်နိုင်ယူမှာ၊ ဒုစရိုက်ဂရုကံငါးပါးထိုက်၏၊ရှောင်နိုင်သူမှာ၊သုစရိုက်ဂရုကံငါးပါးလုံခြုံသည်ဟူ၍ ဟောတော်မူသည်။ ထို့ထက်ကောင်းသောအကျက်ကို ဆိုပြန်သော်၊ဒုစရိုက်ကံဆယ်ပါးလုံးများလုံခြုံလျှင်၊ အဘယ်မှာ ဆိုဘွယ်ရာရှိတော့အုံနည်း။ဘုန်းကြီး၏ သဘောအရမှာ၊ ဒုဂ္ဂရိုက်ကံဆယ်ပါးလုံး လုံခြုံနိုင်လျှင်၊သာလွန်၍ သဒ္ဒေါကျ၏။ အဘယ်ကြောင့်ဆိုသော်၊သမ္ဗုပါပသအကရဏံ၊ အလုံးစုံသောဒုစရိုက်ကံတို့ကို မပြုကြနှင့်ဟူ၍ မြတ်စွာဘုရားရှင်ဟောတော်မူသောဒေသနာတော်နှင့်ညီညွတ်ကြလေသောကြောင့်တည်း ဒုစရိုက် ကံဆယ်ပါးလုံး လုံခြုံလျှင်၊ သုစရိုက်ကံဆယ်ပါးနှင့် ပြည့်စုံသော ပညာရှိသူတော်ကောင်းကြီးပေတည်း။ ဘယ်ဒုစရိုက်ကံကို ရှောင်ကျဉ်ရန်လိုသေးသည်ဟူ၍မရှိတော့ပြီ။အလုံးစုံသော သုစရိုက်ကံတရားတို့နှင့်ပြည့်စုံ၏၊မြတ်စွာဘုရားရှင်ဟောတော်မူသော။ ။ကုသလသသုပသမ္ဘဒါ။အလုံးစုံ

သော ကုသိုလ် သုစရိုက်တို့နှင့် ပြည့်စုံစေရာ၏ ဟူသောဒေသနာတော်နှင့်လည်း ညီလှပေ၏။ ယခုအခါသမ္မာသမ္ဗုဒ္ဓ သာသနာတော်နှင့် ကောင်းစွာပြည့်စုံ၊ ကြံ့ကြိုက်နေတဲ့အခါမှာ၊ အလုံးစုံသောအကုသိုလ် ဒုစရိုက်ကံဆယ်ပါးတို့ကိုလဲ၊ စေ့အောင်ရှောင်ကြဉီးနှင်မယ်။ မဂ္ဂင်ရှစ်ပါးလမ်းကိုလဲ၊ ကျနမှန်ကန်းအောင်သွားနှင်မယ်ဆိုရင်တော့။ ပြောစရာမလိုတော့ပြီ။ရက်တို့နှင့် မဂ်ဖိုလ်ဆုတောင်းကြသော အစဉ်အလာစကားနှင့်လဲ၊ ညီညွတ်ကြတော့မှာဘဲဆိုတာ စိတ်ချကြပေတော့။ ။

၁၁။ သီလ အကျင့် ဆိုတာ၊ လောကုတ္တရာ ရေးမှာ မဆိုထားနှင့် အုံးတော့။ သာသနာတော်ဘွင်းမှာ ကြံ့ကြိုက်နေတဲ့ အခါ၊ ဆောက်တည်သော သီလသာသနာတော်ကို မဆိုနှင့်အုံးကော့၊ သာသနာ ပ အခါမှာတောင်ဘဲ၊ အထက်တန်းစားဖြစ်သော၊ ရှစ်ပါး၊ ကိုးပါး၊ ဆယ်ပါးသီလတို့ကို မဆိုထားနှင့်အုံးတော့၊ သာသနာပ အခါမှာ၊ အောက်တန်းစား အကျဆုံးဖြစ်သော၊ ငါးပါးသီလကလေးပင်ဖြစ်သော်လဲ၊ လောကီရေးရာမှာ ဘယ်လောက်တာသွားသလဲ ဆိုတာ၊ ကြားနာကြရသမျှ ပရိသတ်တို့ကြေနပ်လောက်အောင်ရင်း။ ငါးပါးသီလမြဲသော ပုဂ္ဂိုလ်တို့လဲ။ သဒ္ဓါထက်၍ အလွန်အားကျလောက်အောင် အကျိုး အပြစ်နှင့် တကွ၊ဝတ္ထုသက်သေများပါ ထင်လျားစွာဖော်ပြဦးအုံ။ ။

ငါးပါးသီလထဲက၊ပါဏာတိပါတာ ဆိုတဲ့ သိက္ခာပုဒ်ကို၊ မစောင့်ထိန်းဘဲ၊ သန်း၊ကြမ်းပိုး သတ်ခြင်း၊ ကြက်၊ဘဲ၊ ဝက်၊ဆိတ်၊ နွား၊ကျွဲများနှင့် အငယ်စားဖြစ်သော ခြုံပုံး၊ ပယွက်တို့ကိုပင်၊သတ်ဖြတ်သော သူတို့သည်။ ၎င်းအကုသိုလ်ဓောဖြင့် သေသည်ရှိသော်၊ သိဒ္ဓိုင်းငရဲကြီးသို့ ကျရောက်စေတတ်၏။သံထား၊မီးထား တို့ဖြင့် ခုတ်ဖြတ်၊ ပျက်ဆီး၍၊ အကြိမ်ကြိမ် သေခြင်း။ အကြိမ်ကြိမ်ဖွင်ခြင်း၊ ဒုက္ခဝေဒနာတို့သည်၊လူပြည်မှာ အနှစ်ကိုးသန်းကြာလျှင်၊ သိဒ္ဓိုင်းငရဲမှာ တရက်သာရှိသေးသည်။ သိဒ္ဓိုင်းရက်ပေါင်း သုံးဆယ်ကို သိဒ္ဓိုင်းတလခေါ်သည်။ သိဒ္ဓိုင်း တဆဲ့နှစ်လကို၊ သိဒ္ဓိုင်းတနှစ်ခေါ်သည်၊ ဤနည်း အတိုင်း။ တဘဝလျှင်၊ ငရဲသက်နှင့် နှစ်ပေါင်း ငါးရာခံရသည်၊တကောင်သတ်လျှင် ခြောက်ဘဝ။ ဆယ်ကောင်သတ်လျှင် ဘဝ ခြောက်ဆယ်။ ခံရမည်၊ ငရဲ သက်နှင့် နှစ်ပေါင်းဘယ်လောက်၊ လူတို့ပြည်က နှစ်ကာလနှင့် ဆိုလျှင် ဘယ်လောက် ကြာမည်ကို တွက်၍ကြည့်ကြလေ။ ငရဲက လွတ်ပြန်ရင်လဲ။ အနာ ရောဂါထူ

ခြင်း။ အသက်တိုခြင်း။အဆင်းမလှခြင်း။ အင်္ဂါချို့တဲ့ခြင်းစသောမကောင်း သော အကျိုးတို့ကိုပေးတတ်သည်။ သတိမူကြလော။ ။

ဂုဏ်ပြင် ပါဏာတိပါတကံကိုကျူးလွန်သော သူတို့သည်ဂုဏ်၊ မသေရုံ လက်ဖြတ်၊ ခြေဖြတ်သော်ဂုဏ်၊ ပြုသူနှင့်စေခိုင်းသူနှစ်ဦးလုံးပင်၊ ကာဠသုတ် ငရဲကြီးသို့ကျရောက်၍၊ ငရဲဦးဖြစ်သော မီးပဲ့ကွပ်၊ မီးထား၊ မီးပုဆိန်တို့ ဖြင့် လှီးဖြတ်ခြင်း။ ဒုက္ခဝေဒနာတို့သည်၊ သိဒ္ဓိုင်းငရဲမှာ ပြုခဲ့သော နှစ် ကာလမျိုးနှင့်တကဝတ္ထုင် နှစ်ပေါင်းတထောင်ခံရသည်၊ ဘဝပေါင်းမှာလဲ၊ ဇောများလျှင် များသလောက်။ ဇောနဲလျှင်၊နဲသလောက် ကြာမည်၊ ငရဲက လွတ်ပြန်ရင်လဲ၊ သိဒ္ဓိုင်းကဲ့သုံး အတိုင်.ပင် မှတ်ယူကြလော။ ။

ဂုဏ်ပြင် သတ္တဝါကို့ကို။ လုံတံမို့ဖြင့်ထိုးသော်သူ၊ တွင်းလောင် ကပ်ဘိုပြု လုပ်သော သူတို့နှင့် စေခိုင်းသူတို့သည်။ သံဃာတငရဲကြီးသို့ ကျရောက် ၍။ သံမီးတောင်ကြီး နှစ်ခုတို့ အမြဲကြုံတ်ဝါး၍၊အမှုံ့ဖြစ်ခြင်း ဒုက္ခဝေဒနာ ကို ခံရသည်။ တဘဝတ္ထုင် အထက်ကနည်းအတိုင်း ရေတွက်၍။ သံဃာ တငရဲသက်နှင့် နှစ်ပေါင်း နှစ်ထောင်ခံရမည်။ ဘဝပေါင်းမှာ၊ဇောသိုက်၍ ယူရုံမည်။ ငရဲကလွတ်ပြန်ရင်လဲ၊ ရောဂါအမျိုးမျိုး။ အလွန်ဆိုးဝါးသော ကုဋ္ဌနာအမျိုးမျိုးစသည်တို့နှင့် မကြာမကြာ တွေ့ကြုံရသည်။ ထိတ်လန့် ဘွယ်ကောင်းပေစွ။

ဂုဏ်ပြင် သီလဝန္တာပုဂ္ဂိုလ်၊ ရဟန်းသံဃာကိုသတ်မိသော်ဂုဏ်၊ မသေ မရှင်ပြုလုပ်မိသော်ဂုဏ်၊ အဓိအဘာဘို့ကိုသတ်မိသော်ဂုဏ်၊ ပြုလုပ်သူ၊စေ ခိုင်းသူနှစ်ဦးလုံးပင်၊ အကြီးအကျယ်ဆုံးဖြစ်သော။ အဆိုး အဝါးဆုံးဖြစ် သော အဝီစိငရဲကြီးသို့ ကျရောက်၍၊ တကမ္ပာခံရသည်။ ကမ္ပာပျက်မှ လွတ်သည်။ အဝီစိ ငရဲဆိုတာ၊ ကြောက်စရာအကောင်းဆုံး၊ ကျရောက် သွားပြီးဆိုမှဖြင့်။ အခြားငရဲများနှင့် မတူ။ ခံစားရတဲ့ ဒုက္ခဝေဒနာတွေက လဲ၊ အကြားအလပ်မရှိ။ မီးတောက်မီးလျှံတွေကလဲ အကြားအလပ်မရှိ။ စုဝေးကျရောက်နေတဲ့၊ ငရဲသတ္တဝါတွေကလဲ၊ အကြားအလပ် မရှိ။အဲ့ သည်လို အကြားအလပ်မရှိခြင်း အင်္ဂါသုံးပါးနှင့် ပြည့်စုံနေတာကြောင့်။ အဝီစိငရဲကြီးဟူ၍ ခေါ်ကြောင်းကိုလဲမှတ်သား၍ထားကြလော။ ။ပါဏာ တိပါတကံကို လွန်ကျူး၍အပြစ်ခံရပုံအကျဉ်းအားဖြင့် ပြဆိုခန်းတည်း။ ။

ပါဏာတိပါတကံကိုရှောင်ကြဉ်၍အကျိုးရှိပုံကိုပြဦးအံ့။ ။သိဒ္ဓိုင်းငရဲ၊ ကာဠသုတ်ငရဲ၊ သံဃာတငရဲနှင့် အဝီစိငရဲကြီးများသို့ မကျမ ရောက်ခြင်း

အကျိုး။ ပဝတ္တိဖြစ်လေရာဘဝတို့၌လည်း။ အနာရောဂါကင်းခြင်း၊ ကျန်းကျန်းမာမာနှင့် အသက်ရှည်ခြင်း။ အဆင်းလှခြင်း။ ရုန်သူမျိုးငါးပါးဘေးမှ လွတ်ခြင်း။ သူတပါး၏ အသက်အန္တရာယ်ကို ကယ်ဆယ်နိုင်ခြင်း။ ကပ်သိုးပါးမှလွတ်ခြင်းစသော အကျိုးရှိကြကုန်၏။ ။ဤကား ပါဏာတိပါတကံကို ရှောင်ကျဉ်ခြင်း၏၊ အကျိုးကို အကျဉ်းအားဖြင့် ပြဆိုခန်းတည်း။

—— ○ ——

၁၂။ သူတပါး၏ ပစ္စည်းကို ပိုင်ရှင်က။ ကိုယ်နှုတ်ဖြင့် မေးပေးဘဲ။ ခိုးယူခြင်း။ ခါးပိုက်နှိုက်ခြင်း။ တိုက်ခိုက်ယူခြင်းစသော၊ အဒိန္နာဒါန်ဆိုတဲ့ သိက္ခာပုဒ်ကို မစောင့်ထိန်းဘဲ၊ ခိုးယူလေ့၊ တိုက်ခိုက်လေ့၊ ခါးပိုက်နှိုက်လေ့ရှိသောသူ။ အလေးချိန်ခွင်၊ တင်း၊တောင်းဖြင့် ခိုးယူလေ့ရှိသောသူတို့သည်၊ဥဿဒရာဇ်ငရဲသို့ ကျရောက်၍။ အလွန်နုံးစေ့သော မစင်ဖြစ်စေ။ ညက်ညက်ကြေလောက်အောင် အလွန်ပူသော ပြာပူဖြစ်စေ၊လူး၍၊ လိမ်း၍ကြောက်စရာ အလွန်ကောင်းသော၊ ဒုက္ခဝေဒနာကြီးတွေ ခံစားရသည်၊ ငရဲသက်မှာ၊ မိမိပြုမိသော ကံကုန်မှ လွတ်သည်၊ ဘဝမှာ ဇောကိုလိုက်၍ကြာသည်။ ငရဲကလွတ်ပြန်ရင်လဲ၊ အလွန် ဆင်းရဲသောဘဝ၊မီးရှို့သူ၊ သူခိုး၊ ထားပြရန်သူတို့နှင့် တွေ့၍၊မကြာမကြာ၊ ဥစ္စာပစ္စည်းပျက်ပြားခြင်း၊ လူလိမ်၊ လူကောက်နှင့် မကြာမကြာတွေ့ရခြင်း။ ဥစ္စာပစ္စည်း ရှာဖွေချွေတာခဲလည်း၊ အရှုံးအပါးများခြင်း။ အိပ်ပေါက်နှင့် ဖားကောက်သလို နေခြင်းမျိုးတို့နှင့် မကြာမကြာတွေ့ရတတ်သည်။ အိမ်မရှိ၊ ယာမရှိ၊အစားမပြည့်စုံ၊ အဝတ်မပြည့်စုံသော အမျိုးဦးဖြစ်ရတတ်သည်။ သတိမူကြလေ။ ။ဤကား၊အဒိန္နာဒါန်ကံကိုလွန်ကျူး၍၊ အပြစ်ခံရပုံအကျဉ်းအားဖြင့် ပြဆိုခန်းတည်း၊

အဒိန္နာဒါန်ကံကို ရှောင်ကျဉ်၍အကျိုးရှိပုံကိုပြဦးအံ့။ ။ဥဿဒရာဇ်ငရဲများသို့ မကျမရောက်ခြင်းအကျိုး၊ပဝတ္တိဖြစ်လေရာဘဝတိုင်းဥစ္စာစီးပွားတိုးတက်ခြင်း။ ရောင်းဝယ်ကူးသန်းတဲ့အခါမှာလဲ၊ဒိရေတက်သလို၊ စီးပွားတက်ခြင်း။ မရသေးတဲ့ဥစ္စာပစ္စည်းများလဲ၊ တရားသဖြင့်၊ လွယ်လွယ်ကူကူနှင့်ရခြင်း။ ရှာရှာပြီးပစ္စည်းမပျက် မစီးခြင်း။ အမြဲတည်ခြင်း။ မီးရှို့သူ။ သူခိုးထားပြရန်သူတို့ကင်းလွတ်ခြင်း။ လူလိမ်လူကောက်များနှင့် မတွေ့ရခြင်း။ တောင့်တလေရာ၊လျင်စွာ ပြည့်စုံခြင်း၊စပါး ဆန်

ရော၊ လယ်ယာ၊ ကိုင်းကျွန်း၊ ဥယျာဉ်၊ ခြံမြေ၊ နေအိမ်စသည်တို့နှင့်လွန်စွာပြည့်စုံခြင်း အကျိုးဂိုကြွကုန်၏၊ နှစ်သက်ဘွယ် ကောင်းပေစွ၊ ဤကား အဒိန္နာဒါန်ကံကိုရှောင်ကြဉ်ခြင်း၏ အကျိုးကို အကျဉ်းအားဖြင့် ပြဆိုခန်းတည်း။ ॥

—— ○ ——

၁၃။ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ၊ သူသား အိမ်ရာကို လွန်ကျူးသော၊ကာမေသုမိစ္ဆာစာရကံကို မရှောင်ကျဉ်သော သူတို့သည်၊ ရောရဝငရဲကြီးသို့ ကျရောက်၍၊ ကြောက်ဘွယ်ပြင်းထန်လှစွာသော၊ သံပူရေတို့သည်၊ နား၊နှာခေါင်း၊ပါးစပ်နှုတ်ရတို့၌။ အစဉ်မပြတ်ထွက်ဝင်၍နေခြင်း၊ ပြင်းထန်သော၊ ငရဲမီးလောင်တိုက်သွင်းခံရခြင်း။ အစဉ်မပြတ်ကြီးစွာသော အသံတို့ဖြင့်၊ ငိုကြွေးအော်ဟစ်၍ နေရခြင်း ဒုက္ခဝေဒနာတို့သည်။တဘဝလျှင် ငရဲသက်နှင့်၊ သိဋ္ဌိုင်းမှာပြုခဲ့သော နည်းအတိုင်း၊ ရေတွက်၍၊ အနှစ်လေးထောင်ခံရသည်။ ဘဝပေါင်းမှာ ဇောကိုလိုက်၍ ကြာသည်၊ ငရဲကလွတ်ပြန်ရင်လဲဖြစ်လေရာပဝတ္တိဘဝတိုင်းမှာလဲ။ ယုတ်သောမိန်းမဖြစ်ခြင်း။ မိဘ၊ ယောကျ်မစသည်တို့က အလွန်မုန်းခြင်း၊မနှစ်သက်ခြင်း၊ နှုပ်းပယ်ရွာကျ်ဖြစ်ခြင်း။ ယောကျ်ားတလ မိန်းမတလ ဖြစ်ခြင်း၊ သင်းကွပ်ခံရသော နွား၊ဆိတ် စသည်ဖြစ်ခြင်း၊ အမျိုးမျိုးတို့နှင့် တွေ့ရလေသည်။ မြတ်စွာဘုရား၌ရင်၏။ အလုပ်အကျွေးဖြစ်သော၊အာနန္ဒာအလောင်း သူဌေးသား ဝတ္ထုကို နာရုဒဇာတ်တွင်ပါရှိသော။ ရဇာမင်းဘိုး ဖြစ်သည်တိုင်အောင် ထောက်မြော်၍ကြည့်ကြလော၊ ဤကာမေသုမိစ္ဆာစာရကံကို ကျူးလွန်၍ အပြစ်ခံရပုံကို အကျဉ်းအားဖြင့် ပြဆိုခန်းတည်း။ ॥

ကာမေသုမိစ္ဆာ စာရကံကိုရှောင်ကျဉ်၍ အကျိုးရှိပုံကိုပြဦးအံ့၊ ॥ ရောရဝငရဲသို့ မကျမရောက်ခြင်းအကျိုး။ ပဝတ္တိဖြစ်လေရာ ဘဝတိုင်း၌လည်း၊အပြစ်မှာပြဆိုခဲ့ပြီးသော မိန်းမယုတ်စသည်မဖြစ်ခြင်း။ ယောကျ်ားကောင်း၊ ယောကျ်ားမြတ်ဘဝမျိုးတွေနှင့်သာ၊ တွေ့ကြုံရခြင်း။ နတ်ပြည်၌လည်း၊ နတ်သို့အရောက်အရံများသော နတ်သားမျိုး၌ဖြစ်ခြင်း။ ကျွတ်တန်းဝင်လွယ်သော အမျိုး၌ဖြစ်ခြင်း။ သူကျူး၊ သူနှိန်းဘဝမျိုးနှင့်မတွေ့ကြုံရခြင်း၊ ချစ်သူခင်သူများသော ဘဝမျိုးနှင့်သာ တွေ့ကြုံရခြင်း။ အဆင်းကြွနံအင်္ဂါလက္ခဏာနှင့် ပြည့်စုံသော အကျိုးရှိ၏။အားကျဘွယ်ကောင်းပေစွ။ ကြိုး

စား၍ ရှောင်ကြဉ်ကြလေ။ ။ဤကားကာမေသုမိစ္ဆာစာရကံကို ရှောင်ကြဉ်ခြင်း၏ အကျိုးကို အကျဉ်း အားဖြင့်ပြဆိုခန်းတည်း။ ။

———o———

၁၄။ သူတပါးတို့၏အပေါ်၌လောက်၊ လောကုတ္တရာ၊ တရားရသော အကျိုးစီးပွားဆုတ်ယုတ်ပျက်စီးအောင် လိမ်လည်ပြောဆိုခြင်း၊ မုသာဝါဒကံဖြင့်၊လိမ်လည်၍၊ သံဃာများကိုအချင်းချင်းစိတ်ဝမ်း ကွဲပြားစေခြင်း။ ဘုရားမှန်၊၊တရားမှန်၊ သံဃာမှန်တို့ကိုပစ်ပယ်၍၊ရတနာ သုံးပါးနှင့်မသက်ဆိုင်သော၊ မိစ္ဆာဒိဋ္ဌိအယူသည်မှန်၏။ ကောင်း၏ဟူ၍ ဟောပြောခြင်းတို့သည်၊အလွန်ကြီးလေးသောကံထိုက်၍။မြေမျိုခံခြင်း။ အဝီစိငရဲကြီးသို့ကျရောက်ခြင်းအကျိုး။မြတ်စွာဘုရား၌ရှင်ကို လိမ်လည်၍၊မတရားစွပ်စွဲမိသော စိစ္ဆမာနမိန်းမယုတ်သည်။မြေမျိုး၍၊ အဝီစိငရဲသို့ကျရောက်ခြင်း အကျိုး။ငရဲမှလွတ်ပြန်ရင်လဲ၊ သြဇာအားဏာမရှိခြင်း။ သူတပါး မယုံ မကြည်ခြင်း။ သားသို့ အခြွေအရံတို့ကပင် မယုံကြည်ခြင်း။အမှန်ကိုပင်ပြောငြားသော်လဲ၊ သူတပါးတို့မလိုက်နာခြင်း၊ခံတွင်းပါးစပ်အလွန်ပုပ်ခြင်းအကျိုး၊ ၎င်းပြင် အမှားကို အမှန်။အမှန်ကိုအမှားဖြစ်အောင်လိမ်လည်ပြောဆို ငြင်းခုံခြင်းသည်လည်း။ရေထဲ၌ငါးသတ္တဝါဖြစ်၍၊ ပါးစပ်အလွန်ပုပ်ခြင်း။ ၎င်းငါးဘဝက သေပြန်ရင်လဲ။ အဝီစိငရဲသို့ကျရောက်ခြင်း အကျိုးတို့နှင့် တွေ့ကြုံတတ်၏။ ကဝိလရဟန်းကြီးဝတ္ထုကိုထောက်ခဲ့ဖြဲလေ၊ ။ဤကားမုသာဝါဒကံကို လွန်ကျူး၍ အပြစ်ခံရပုံကို အကျဉ်းအားဖြင့်ပြဆိုခန်းတည်း။

မုသာဝါဒကံကိုရှောင်ကြဉ်၍၊ အကျိုးရှိပုံကိုပြဦးအံ့။ ။မြေမျိုခံရခြင်းနှင့်အဝီစိငရဲကြီးသို့ ကျရောက်ခြင်းတို့မှကင်းလွတ်ခြင်း။ ဖြစ်လေရာပဝတ္ထုဘဝတို့ငြိမ်းတို့၌လည်း။ သြဇာအာဏာရှိခြင်း။အသံကြားသနားသူများခြင်း။မြင်သူအပေါင်းကိုကချစ်ခင်စုံမက်ခြင်း။ ပေးချင်ကမ်းချင်သူပေါခြင်း။ သူတပါးပြော၍ မအောင်နိုင်၊မဖြစ်နိုင်သော နေရာမှာ၊ ဖိဖိက ဝင်ပြောလျှင်၊စကားတခွန်းနှင့် အောင်မြင်နိုင်ခြင်း။လူလိမ်လူကောက်များနှင့် မတွေ့ကြုံရခြင်း။ မွေးကြိုင်သော ခံတွင်းပါးစပ်ရှိခြင်း။ တရားစကား ပြောဟောသော အခါမှာလဲ၊ ယုံကြည်နှစ်သက်၊ ကြည်ညိုသူများခြင်း၊ ရတနာသုံးပါးကိုယုံကြည်သောအမျိုးဠီသာဖြစ်လေ့ရှိခြင်း။သစ္စာဓိဋ္ဌာန်ပြုရလျှင်အောင်မြင်လွယ်ခြင်း။ကြံဘိုင်းအောင်၍။ဆောင်တိုင်းမြောက်လွယ်ခြင်း စသော အကျိုးထူးတရားတို့နှင့် ပြည့်စုံကုန်၏။ အားကျဘွယ်ကောင်းပေစွ။သတိ

မူကြွေလေ။ ။ဤကားမေသးဝါဒကံကိုရှောင်ကျဉ်ခြင်း၏။ အကျိုးကို အာကျဉ်းအားဖြင့် ပြဆိုခန်းတည်း။ ။

———o———

၁၅။ အရည်ဖြစ်သော၊ သုရာဟူသမျှတို့တွင်၊ တခုခုကို ဖြစ်စေ၊ အလုံးရုံကိုဖြစ်စေသောက်စားမူးယစ် လွန်ကျူးသောသူသည်၊ ရောရှဝင်ရဲသို့ကျရောက်၍၊ သံမီးပူရေတို့သည်းနား၊ နှာခေါင်းပါးစပ်မှစ၍။ ခွါရပေါက်တို့၌ အစဉ်မပြတ် ထွက်ဝင်၍နေခြင်း။ ပြင်းထန်ပူလောင်သော ငရဲမီးရေ၌ ခံစားနေရခြင်း။ အစဉ်မပြတ်အော်ဟစ်ငိုကြွေး၍နေခြင်း။ ဒုက္ခဝေဒနာ တကျော်တို့သည်။ တဘဝလျှင်၊ သိပ္ပါဝင်းမှာ ပြုခဲ့သော ငရဲသက်နှင့် ရေတွက်၍၊ နှစ်ပေါင်းလေးထောင်ခံရသည်။ ဘဝပေါင်းအရာည်အကြာမှာ၊ တဝက်လျှင်တဘဝ၊ နှစ်ဝက်လျှင် နှစ်ဘဝ၊ သုံးစက်လျှင်သုံးဘဝ စသည် ခံရမည်။ ငရဲကလွတ်ပြန်ရင်လဲ။ အရူးမျိုးစုံ ဖြစ်ရခြင်း။ လူရူး၊ ခွေးရူး၊ ဝက်ရူးမျှား ဖြစ်နေတဲ့ အခါမှာ၊ အမိအဘ၊ ဆရာ၊ ရတနာသုံးပါးမှန်း မသိ၊ အလွန်ကြောက်စရာကောင်းလှပေ၏။ နိုင်ငံခြားသားတွေက၊ မြန်မာနိုင်ငံသို့လာရောက်၍၊ သုရာဆိုင်တွေဖွင့်လှစ်ရောင်းချပြီး၊ ရတနာသုံးပါး၊ သီလ၊ သမာဓိ၊ ပညာ၊ ငြိဟ္ဗိုရိတရားနှင့် နေရမည်ဖြစ်သော၊ ဗုဒ္ဓဘာသာဝင် သူတော်စင် ဖြစ်သော လူအပေါင်းတို့အား လောကဓာလဲ၊ အရူးအနှန်းတွေကဲ့သို့ ဖြစ်အောင်ရင်း၊ သေသည်၏ အခြားမဲ့၌လည်း။ ရောရှဝင်ရဲသို့ကျရောက်အောင် ပြုလုပ်နိုပ်စက်ပြီးလျှင်၊ ပိုက်ဆံကြေးငွေတို့ကိုလည်း။ အမြောက်အမြား ယူဆောင်သည်ပိုး၍သွားကြသည်မျှားကို၊ မျက်မြင်ဒိဋ္ဌ၊ လူတိုင်းပင်သိမြင်ပြီး၊ သိမြင်ဆဲဖြစ်နေသည်ကား အထင်အလျှားပင်တည်း။ သုရာဆိုင်တွေဘွင့်သော နိုင်ငံခြားသားလူမျိုးတွေက်စိတ်နာဘွယ်ကောင်းလှပေစွတကား။ ဘယ်လိုမျှားကြံစိ၍။ သုရာဆိုင်တွေကို ပိတ်ပင်ရမလဲဆိုတာ၊ ရဟန်းတော်မျှားတာဝန်ဖြစ်သည်ဟူ၍၊ သဘောရှိသည်။ ဤကားသုရာ၏ အပြစ်ကိုပြဆိုခန်းတည်း။ ။

ဘိန်း၊ ဆေးခြောက်၊ လှော်ဇာ၊ ကုတ်ကင်း၊ မာဒိယားစသောရိယ ရောတို့စားခြင်း။ ရှုခြင်းစသည် ပြုလုပ်လွန်ကျူးသော သူတို့သည်။ မာဒေဒုက္ခ၊ ဝငရဲသို့ကျရောက်၍။ ရောရှဝင်ရဲကြီးထက်နှစ်ဆတိုး၍ပြင်းထန်စွာ အတိုင်းပေဒနာတို့ကို ခံစားရသည်၊ တဘဝလျှင်သိပ္ပါဝင်းမှာပြုခဲ့သောနည်းမသာဟာ ရေတွက်၍၊ နှစ်ပေါင်းရှစ်ထောင်ခံရသည်၊ ဘဝပေါင်းမှာ၊ တမှုန့် တဘဝဖြစ်

စေ့ ဓောကိုလိုက်၍ဖြစ်စေကြောသည်။ ငရဲကလွတ်ပြန်ရင်လဲ။သုရာသမား များထက်နှစ်ဆတိုး၍ ခံရလိမ့်မည်။ ကြောက်စရာ သာ၍ ကောင်း၏။အထူးသတိမူကြလေ။မသေမီမျက်မှောက်ဘဝမှာလဲ၊မည်သူ တစုံတယောက်ကမှ ရိုသေခြင်းမရှိ၊ဖြင်သူတိုင်းကလဲ၊အသောက်သမား၊အစားသမားဘိန်း စားတွေကိုသတိထားကြ။ခိုးတတ်သည်။ လုတတ်သည်ဟူ၍ လူတိုင်းက ပင် ပြောဆိုခြင်းကိုခံခဲ့လေ့ရှိ၏။ သူတော်ကောင်းတို့ လွန်စွာ စက်ဆုပ်ကြ၏၊ဤကားမေရိယ၏ အပြစ်ကိုပြဆိုခန်းတည်း၊ ။သုရာနှင့်မေရိယနှစ်ပါးပေါင်းသော အပြစ်ကို၊ မဟာသာဝဇ္ဇဟောသည်။ အလွန် မကောင်းသော၊အကျိုးပေးနယ်ကျယ်သည်ဟူ၍ ဆိုလိုသည်။အဘယ်ကြောင့် ဆိုသော် ခိုးခြင်း။ တိုက်ခိုက်ခြင်း။ လုယက်ခြင်း။ ခိုက်ရန်ဒေါသ ဖြစ်ခြင်း၊သူတော်ကောင်းတို့အား မရိုမသေပြုလုပ်ခြင်း။ လူသတ်မှုဖြစ်ခြင်း။ သူတပါးကို မတရားကြံစိခြင်းစသော၊ မကောင်းမှုဟူသမျှတို့သည်။ သုရာမေရိယ အရင်းခံကြောင့် အပြစ်များကြသည်ကား မှန်လှပေ၏။ မူးလျှင်အမျိုးမျိုး သော၊ မကောင်းမှုတွေကို၊ ကြံစိလေ့ရှိကြသည်ကားဒုန်၏၊ထို့ကြောင့် သုရာမေရိယကံကို၊မဟာသာဝဇ္ဇဟူ၍ဟောတော်မူသည်။ ။ဤကားသုရာမေရိယနှစ်ပါးပေါင်း၍ပြသော အပြစ်တို့တည်း။ ။

သုရာမေရိယနှစ်ပါးလုံးကို ရှောင်ကြဉ်ခြင်း၏။အကျိုးကိုပြဆိုဦးအံ့။ ။ ရောရှဝ၊မဟာရောရှဝငရဲနှစ်မျိုးလုံးမှ ကင်းလွတ်ခြင်းအကျိုး။ ဖြစ်လေရာ ပဝတ္တိဘဝတို့ဝိုင်းတို့၌။အရှုးအနှုန်း မဖြစ်ခြင်းအကျိုး။ ယောကျ်ားကောင်း ယောကျ်ားမြတ်၊ ပိန်းမကောင်း၊ ပိန်းမမြတ်ဖြစ်ခြင်း အကျိုး။ သရဏာဂုံ၊ သိလ၊ သမာဓိ၊ ပညာတို့ကို လွန်စွာ လေ့လာ ပွားများခြင်းဌ ဝါသနာပါသော အကျိုး။ အဒြွိအရံများခြင်းအကျိုး။ကပ်သုံးပါးမှကျော်နင်းနိုင်ခြင်း အကျိုး။ အပါယ်လေးပါးလုံးမှ ကင်းလွတ်ခြင်းအကျိုး။ အဆင်း လှခြင်း။ အသက်ရှည်ခြင်း။ ချမ်းသာကြီးခြင်း ခွန်အားကြီးခြင်း။ ပညာကြီးခြင်း အကျိုး။ အဓိယာဖြစ်လွယ်သော အကျိုးတို့နှင့်ပြည့်စုံကုန်ရာ၏။ နှစ်သက် အားကျဘွယ်ကောင်းလှပေစွ၊ဤကားသုရာမေရိယကံကို၊ ရှောင်ကြဉ်ခြင်း၏ အကျိုးကို အကျဉ်းအားဖြင့် ပြဆိုခန်းတည်း။ ။

———— ဂ ————

၁၆။ ကံငါးပါးလုံးကိုမရှောင်ကြဉ်လွန်ကျူးသောသူတို့ကို။ဒုဿီလ အစစ်။ လူတို့၏ ကျင့်ဝတ်တရားဆိုတာ တပါးမျှ မရှိသောသူဟူ၍ မှတ်ယူကြရမည်၊ ထိုသူတို့သည် သုဂတိ ဘဝများနှင့် လွန်စွာဝေးကွာ၍။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ အပါယ်လေးဘုံနှင့်သာ။ မကွေ မကွာ ဆက်ဆံ၍ နေရမည်ကား မှန်လှပေ၏။ အပါယ်သို့ မကျမရောက်မီ၊ ထိုသူ၏ အစ္ဆရိယသန္တာန်မှာလဲ၊ အပါယ်လေးပါးသို့ ကျရောက်မည့် အကုသိုလ်ကံ အသိုက် အဆုံကြီးသည်။ အဘယ်မျှလောက် ကြီးကျယ်စိကား နေသည်ကိုလည်းကြဆုံဦးအံ့။

သိဒ္ဓိုင်း ငရဲကြီး။ ကာဠသုတ် ငရဲကြီး၊သံဃာဒိ ငရဲကြီး။ ရောရုဝ ငရဲကြီး။ မဟာရောရုဝ ငရဲကြီး။ တာပန ငရဲကြီး။ မဟာတာပန ငရဲကြီး။ အဝီစိ ငရဲကြီး တို့သည်၊ဤဇမ္ဗူကွန်း၏အောက်ခွံတည်ရှိသော ငရဲကြီး ရှစ်ဘုံတည်း။ လူပြည်မှ အောက် ယူဇနာ တသောင်း ငါးထောင် အကွာတွင်။ သိဒ္ဓိုင်း ငရဲကြီးတည်ရှိ၏။ ၎င်းအောက် ယူဇနာ တသောင်း ငါးထောင်စီကွာခြား၍။ ကြွင်းသော ငရဲကြီး ခု နှစ်ဘုံတို့သည်လည်း။ အဆင့်ဆင့် တည်ကြကုန်၏ ၊အောက်ဘုံဖြစ်သော။ အဝီစိ ငရဲကြီးသည်။ သိလာပထဝီ မြေပေါ်ဦးဘည်၏။ အသျှားအနံ့ ယူဇနာတရာစီ နှင်နှင်ရှိကြ၏။ ။ ဘင်ပုပ် ငရဲ၊ ပြာပူငရဲ၊ လက်ပံတောငရဲ။ သံသျှက် အရွက်နှင့် တူသော သစ်ပင်တော ငရဲ ဟူ၍။ ဥဿဒရာဇ် ငရဲကြီး လေးထပ်တို့သည်။အသျှား အနံ့ယူဇနာတရာစီရှိကြ၏။ ငရဲကြီးရှစ်ထပ်တို့၏ ပြင်ဘက်၌။ အတွင်းမှ စ၍။ အစဉ်အတိုင်း အဆင့်ဆင့်ဝိုက်၍ ဝိုက်၍တည်ရှိကြ၏။ ဥဿဒရာဇ် ငရဲကြီးလေးထပ်တို့၏ ပြင်ဘက်က။ ကြိမ်ဝိုက်ချောင်း ငရဲ၊ လောဟကုန္ဓိ ငရဲ အစရှိကုန်သောမျှားစွာသော ငရဲကြီးတို့သည်။ ဝန်းရံ၍ တည်ရှိကြကုန်သေး၏။ ဤကား ငရဲကြီး ရှစ်ထပ်တို့တွင်၊ငရဲကြီးတထပ်၏ ပြင်ဘက်က။ တမျက်နှာ အတွက် တည်ရှိတာ ကိုသာ ပြသည်။ လေးမျက်နှာ လုံးမှာပင် ဤနည်း အတိုင်း တည်ရှိကြ၏။ ငရဲကြီး ရှစ်ထပ်လုံးမှာ၊ ဤနည်း အတိုင်း ယူကြလေ။အဝီစိ ငရဲကြီး ရောက်ပြန်တော့လဲ။လေးမျက်နှာလုံးမှာ။ဤနည်း အတိုင်း ဝန်းရံတဲ့ အပြင်။ အခြား ငရဲ ကြီးများထက် အဝို ဆယ်ထပ် ရံသေးသည်။ ဆယ်ထပ်ဟူသည်ကား။ အဇ္ဇုဒ္ဒငရဲ။ နိရဇ္ဇုဒ္ဒငရဲ။ အဗ္ဗုဒ ငရဲ၊အဟဟငရဲ။အဋဋငရဲ၊ကုမုဒငရဲ သောဂန္ဓိကငရဲ။ဥပ္ပလငရဲ။ ပုဏ္ဍရိက ငရဲ။ ပဒုမငရဲဟူ၍ ဆယ်ထပ်ရံလျက်ရှိကြ၏။ ငရဲ ဟူသောစကားသည်

အောက်တန်းစား အကျဆုံးဖြစ်သော ငါးပါးသိလကလေးကိုမျှ မဆောက်တည်နိုင်သော။ လူဒုဿီလတို့နှင့် သက်ဆိုင်၍။ မည်သည့် ဘဝ မည်သည့် ကမ္ဘာတို့၌မျှ။ ချမ်းသာခြင်း ကြီးပွါးခြင်း မရှိဘဲ။ ကြောက်စရာ လန့်စရာ အလွန်ကောင်းသော။ ငရဲမီးစသော ဘေးဒုက္ခအမျိုးမျိုးတို့ ခံစားလျက် နေရသော။ သဘောမျိုးကို ငရဲ ဟူ၍ခေါ်သည်။ ထိတ်လန့်ဘွယ် ကောင်းပေစွ။ သတိမူကြလေ။

ဂုဏ်ပြင် ငါးပါးသိလကလေးလောက်မျှ မမြဲသောသူတို့သည်။ ခွေး၊ ဝက်၊ ကြက်၊ ဌက်စသော တိရစ္ဆာန်အမျိုးမျိုးတို့ ဖြစ်ရတတ်သည်။ တိရစ္ဆာန်ဟူသောစကားသည်၊ လူဘုံ၊နတ်ဘုံစသော၊ အထက်ဖြစ်သော သုဂတိဘုံများနှင့် ဖီလာကန့်လန့် ဖြစ်တတ်သောကြောင့်၊ တိရစ္ဆာန်ဟူ၍ ခေါ်သည်။ အလွန်ကြောက်ဘွယ်၊ လန့်ဘွယ်ကောင်းပါကလား။ သတိမူကြလေ။ ။

ဂုဏ်ပြင် ငါးပါးသိလကလေးလောက်မျှမရှိသော မမြဲသောသူတို့သည်။ ဝန်ကြာသိကာပြိတ္တာ၊ ခုပ္ပိပါသိကာပြိတ္တာ၊ နိဇ္ဈာမတဏှိကပြိတ္တာ၊ ပရဒတ္တူပဇီဝိပြိတ္တာဟူသော၊ လေးမျိုးလုံးသော ပြိတ္တာတို့ဖြစ်တတ်သည်။ လူဘုံ၊ နတ်ဘုံ စသော၊ သုဂတိဘုံမှ၊ ရှောင်ကြဉ်၍၊ သွားတတ်သောကြောင့်၊ ပြိတ္တာဟူ၍ ခေါ်သည်။ ။

ဂုဏ်ပြင်ငါးပါးသိလကလေးလောက်မျှမမြဲသော၊ မိစ္ဆာဒိဋ္ဌိလူမျိုးတို့သည်။ ဝေပစိတ္တိအသုရကာယ်၊ ဝေမာနိကအသုရကာယ်၊ ဝိနိပါတိက အသုရကာယ်၊ လောကန္တရိက အသုရကာယ်၊ကာလဉ္စိက အသုရကာယ်ဟူသော၊ ငါးမျိုးလုံးသော အသုရကာယ်တို့ဖြစ်တတ်သည်။ အသုရကာယ်ဟူသော စကားသည်။စတုမဟာရာဇ်၏ နတ်ပြည်ကိုလား အဝင် အပါဖြစ်၏။ကာမစည်းစိမ်ကိုလည်း။အလွန်စံစားရ၏၊ ဒုက္ခဝေဒနာအမျိုးမျိုးတို့ကိုလည်း၊ အလွန်ကြောက်စရာ ကောင်းအောင် ခံစားရ၏။ ဤသို့သော သဘောမျိုးကို အသုရကာယ်ခေါ်သည်။ ။

ဖြဆိုခဲ့ပြီးသော ဇုဠဘာသာဝင် ပညာရှိသူတော်ကောင်းတို့ လွန်စွာကြောက်လန့် စက်ဆုပ်ဘွယ်ကောင်းသော၊ ငါးပါးသိလကလေးလောက်မျှ မရှိသော၊ မိစ္ဆာဒိဋ္ဌိလူမျိုး၏ လားရာ၊ သွားရာ၊ ကျရောက်ခံစားရာဖြစ်သော၊ငရဲအမျိုးမျိုး၊တိရစ္ဆာန်အမျိုးမျိုး၊ပြိတ္တာအမျိုးမျိုး၊ အသုရကာယ်အမျိုးမျိုးသော ဘဝသို့၊ကျရောက်စေတတ်သော မကောင်းယုတ်မာ ဆိုးဝါး

လွတ်သော သဘောမျိုးတို့သည်။ ကံငါးပါးကို လွန်ကျူးသော လူဒုဿီလတို့၏ အစွန်အဖျားသန္တာန်၌ အစဉ်ပါရှိပြီး၊ ကိန်းအောင်းပြီး ဖြစ်လေသောကြောင့်၊ သတိသံဝေဂမရသေးသဖြင့် ကာလပက်သုံး၊ တဒင်္ဂထက်တန့်၊ တလထက်တလ၊ တနှစ်ထက်တနှက်၊ တဘဝထက်တဘဝ၊ အပါယ်လေးပါး အသိုက်အဓုံကြီးတို့၊ ထူထပ် ထွန်းကား၊ ကြီးပွားလျက်ရှိနေသည် ဟူသောစကားကိုရည်ရွယ်၍၊ ငါးပါးသီလက လေးမှမင့်သော သူတို့၏ ဒုစ္စီလတို့သန္တာန်၌၊ အပါယ်လေးပါး အသိုက်အဓုံကြီးတို့ ကြီးကျယ် ဧည့်ကားလျက် နေလေသည်ဟူ၍ ဆိုလိုရင်းဖြစ်သည်။ ထိုးကားသည်မှန်လျှင်၊ ဥာဏ်ရှိသလောက် စင်းစားဖြေဆွဲထောက်၍ ကြည့်ကြလော့။ ။

ငါးပါးသီလကလေးသောက်မျှ ဆောက်တည်ရမှန်းမသိသျှင်၊ သရဏာဂုံကိုလဲ ဘယ်မှာ ဆောက်တည်ရမှန်း သိခဲ့ဘူးလဲ။ဒါနပြုပါနဲ့ရင်လဲ ဒိဋ္ဌာဒိဋ္ဌဒါနမျိုးဖြစ်ခဲ့မှာပေါ့ ကျောင်းသွား၊ ဘုရားသွားဆင်တော့လဲ ဝေးရောပေါ့၊ သာသနာပဒိဋ္ဌာ ဒိဋ္ဌိသုမျိုးသက်သက် ဖြစ်မနေပေဘူးလား။ ကောင်းကောင်းကြီးစဉ်းစားကြလော၊ အစဉ်းစားဉာဏ်နှင့်သတိတရားသည်။ အရေးအကြီးဆုံးဖြစ်သည်။ ။

ထို့ကြောင့် ငါးပါးသီလကလေးလောက်မျှ ဆောက်တည်ရမှန်း မသိသောသတ္တဝါတဦးတဦး၏ သန္တာန်၌၊ အပါယ်လေးပါး သံသရာမှာ၊ အစဉ်ဌာဝရ နစ်မွန်းမျောပါး၍ နေရလောက်အောင်၊ အကုသိုလ် ဒုဂ္ဂရိုက်ကံ အသိုက်အဓုံကြီးတို့ အလွန်ကြီးကျယ်စည်ကား၍နေလေသောကြောင့်၊ သလျှင် မရဏာသန္နအပါယ်လေးပါးသို့ ကျရောက် ရမည်ဖြစ်၍ မသေးမီ ကပင် အပါယ်လေးပါးကို မျက်စောင်းတခဲခဲနှင့် နေသည်ဟူ၍၊ ဆိုရင်လဲ။ မှားနိုင်ခဲ့ချည် မဟုတ်ချေ။ လူ့ဘုံ၊နတ်ဘုံ၊ ဗြဟ္မာဘုံတို့၌ ဖြစ်၍နေကြရသော်လဲ။ရတနာသုံးပါးကို မပယ်ကြသို့။ အောက်တန်းစားဖြစ်သော၊ ငါးပါး သီသကလေးလောက်မျှ မမြဲနိုင်ကြပါ့နဲ့ကား၊ သေလျှင် သေခြင်းအပါ့သ်လေးပါ့ သို့ ကျရောက်ကြရလတံ့သည်ကား မှန်လှပေ၏၊ ယင်းသို့သရဏာဂုံသီသမရှိသျှင်၊အသက်အဆက်သော သီသ၊သမာဓိ. ဥာဏ်တို့ဆိုတာမှာ ဝေးလေစွဘဲကား၊ ယခုအခါ့ဘဲရဲ့၊ဘိုရွာနှံ၊ ပြိတ္တာ၊အသုရကာယ်၊ အပါယ်လေးပုံသားတွေ ဘယ်လောက် များသလဲဆိုတာ၊ ပယ်ဖွဲ့ဆိတ်ကောင်တွေ၊ ခြင်ကောင်တွေ။ ယင်ကောင်တွေ၊ အိမ်သာထဲမျှားမှာ၊ မစင်ကျင်ကြီးမျှားနှင့် ချောထွေးနေတဲ့ ပိုးလောက်တွေ။ ရေထဲမြေထဲမှာ နေတဲ့

အမျိုးမျိုးသော သတ္တဝါတွေကိုကြည့်။ လူ့ဘုံရှိ လူမျိုးနွယ် နွဲ့စားလျှင်၊ ဘယ်သတ္တဝါမျိုးမလဲ။ ငရဲဆိုတာတော့ ပြောစရာမရှိ အလွန်ကျဉ်းကျော်ခဲ့တဲ့ အဝီစိငရဲကြီးမှာပင် ငရဲသတ္တဝါးတွေအကြား အလပ်မနှိုက်ဘူးတဲ့။ အဲဒါတာကိုစင်းစားကြည့်။ ထိုးကြောင့်၊ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံဟူသော၊ သုဂတိ နှစ်ဆဲ့ခုနစ်ဘုံတို့မှာ သတ္တဝါတယောက်လျှင်၊ အပါယ်လေးဘုံ တို့မှာ သတ္တဝါအသင်္ချေကျဆား၍၊ နှိုင်းယှဉ်သည်ရှိသော်၊ သုဂတိနှစ်ဆဲ့ခုနစ်ဘုံ၌ သတ္တဝါကုန်လေရာ၏။ အပါယ်လေးဘုံရှိ သတ္တဝါကားမကုန်လေရာ။ ငါးငါးသိသိကလေးလောတ်မျှ မရှိသော ဒုဿီလ၊ပိန္ဆာဒိဋ္ဌိလူမျိုးတို့ကျရောက်နေကြသောကြောင့်၊ ဤမျှလောက်အပါယ်လေးဘုံသည်၊ အသိုက်အခဲကြီးကျယ်လှ၏။(အထူး) အသင်္ချေဆိုတာ ဘယ်လောက်များသလဲ တွက်ကြည့်။ ။

ခု၊ ဆယ်၊ ရာ ထောင်၊ သောင်း၊ သိန်း၊ သန်း၊ ကုဋေ၊ ဆယ်ကုဋေ၊ ရာကုဋေ၊ ထောင်ကုဋေ၊ သောင်းကုဋေ၊ သိန်းကုဋေ၊ သန်းကုဋေ၊ ကောဋိ၊ ပဒုံကောဋိ၊ ကောဋိပကောဋိ၊ နဟုတ၊ နိန္နဟုတ၊ အက္ခောဘိဏီ ဗိန္ဓု၊ အဗ္ဗုဒ။ နိရဗ္ဗုဒ၊ အဘဘ၊ အဟဟ၊ အဋဋ၊ သောဂန္ဓိက၊ ဥပ္ပလ၊ ကုမုဒ၊ ပုဏ္ဍရိက၊ ကထာန၊ မဟာကထာန၊ အသင်္ချေယျတဲ့၊ အဲသည်လို ရေတွက်ရသည်။ ဂဏနာန်းထိုးလျှင်၊ တစ်သုည တရာလေးဆယ်ရှိသည်၊ ဤကား အသင်္ချေရေတွက်ပုံ။ ။အသင်္ချေ တသင်္ချေ၊ သင်္ချေ၊ ဤစကားသုံးချက်အတူတူ။ ။

ထိုးကြောင့် အဖျင်းဆုံး၊ အညံ့ဆုံး ဖြစ်သော၊ အောက်တန်းစား အကျဆုံးဖြစ်သော၊ ငါးငါသိသိကလေးလောက်မျှ မဆောက်တည်နိုင်သော သူတို့သည်၊ အားကိုးရာ၊ မှီခိုရာမရှိ ကြဲလေသောကြောင့်၊ အပါယ်ဘုံသို့တကြွမ်ကျရောက်လျှင်၊ အဖေဘဝသဟဲဖြစ်ငြိုးသော ဒုစရိုက်ကံဟောင်းတွေက၊ အခွင့်အလမ်းသာကြသည် ဖြစ်၍၊ တခုပြီးတခု။ဆက်ခါ။ ဆက်ခါအကျိုးပေ ခွင့်တွေ့ရလာကြတာကြောင့်၊ အပါယ်လေးဘုံ အနှံ့အပြား ကူးသန်းသွားလာခံစားနေကြရတာနဲ့ဘဲ။ လွတ်ခွင့်ပေါက်ဘို့ဆိုတာ ဘယ်မှာမြော်လင့်စရာရှိတော့မှာလဲ၊ ကွင်းကွင်း၊ ကွက်ကွက်၊ ထင်ထင်၊ မြင်မြင်ရှိအောင် စဉ်းစားကြပါ။ယူမိယူရာ၊ထင်မိထင်ရာ။ဘာသာအယူဝါဒကလေးနဲ့ တင်းတိမ်မနေကြပါနှင့်။အဘယ်ကြောင့်နည်းဆိုသော်၊ အပါယ်ဂိုဏ်ကျရောက်နေတဲ့အခါမှာ၊ တရားကိုကျင့်ခြင်း၊ ကုသိုလ်ကောင်းမှုကို ပြုခြင်းဟူသော သုစရိုက်မှုမျိုးဟူ၍၊ အပါယ်ဘုံ၌ မရှိ။ နိုင်ရာနိုင်ရာသတ်ဖြတ် ညှဉ်းဆဲ၍

စားသောက်ခြင်း အစရှိသော ဒုစရိုက်မှုတို့သည်။ အပါယ်ဘုံ၌ ရှိ၏။ ကုသိုလ်မှန်းပင်မသိကြ၊ အပါယ်ဘုံ၌ အသက်ရှည်သမျှကာလပတ်လုံး။ ဒုစရိုက်မှု၊ဒုက္ခမှုတို့နှင့်သာ နေကြရကုန်၏။ ထို့ကြောင့် တဘဝထက်တဘဝ။ မြုပ်၍မြုပ်၍သာ သွားကြရကုန်၏။ နစ်၍ နစ်၍သာလျှင် သွားကြရကုန်၏။ တဘဝထက်တဘဝ ဝန်လေး၍ သွားလေသောကြောင့်၊ သုဂတိဘုံသို့ ပြန်လာရန် အခွင့်သည်။ လွန်စွာခဲယဉ်းလှပေ၏၊ကြောက်ဘွယ်ကောင်းလှပေစွ။ အဋ္ဌကထာကြီးများ၌ကား၊အနုမတဂ္ဂသံသရာ၌ ကျင်လည်၍၊ နေကြရကုန်သောသတ္တဝါအပေါင်းတို့အား။ ဒေဝဒတ်တန်းစားဖြစ်သော၊ ငါးပါးဘီလကလေးလောက်မျှ ရှောင်ကြဉ်သော သူတော်ကောင်းတရားနှင့် ပြည့်စုံစွာဖြစ်ရသောဘဝသည်။ အလွန်နည်းပါးလှ၏၊ ဘဝတသောင်း၊ ဘဝတထောင်းမှာ တခါတရံမျှ မကြုံကြိုက်ရ။ တဘဝလုံး၊ တဘဝလုံးဒိဋ္ဌ ဒုစရိုက် အဓိကအမှားတို့နှင့် ကုန်ခဲ့ရသော ဘဝတွေသာများလှကုန်၏၊ တဘဝတဘဝတွင်ပင်၊ဒိဋ္ဌဒုစရိုက် အဓိကကံပေါင်း။အနန္တ အနန္တဖြစ်ပွားကြ၏။ ၊သေသည်၏အခြားမဲ့၌ကား။ တကံတကံသည်သာ အကျိုးပေးခွင့် ရ၏။ ဘဝတိုင်းဘဝတိုင်းတို့က ကျန်ရှိသော၊ ဒိဋ္ဌဒုစရိုက် ကံဟောင်းတို့သည်၊ ငါ့ဖို့တို့အကျိုးပေးခွင့် မရသေးသမျှကာလပတ်လုံး၊ အနုမတဂ္ဂသံသရာ၌၊ငါးပါးသီလကလေးလောက်မျှ မဖြည့်သော၊ သတ္တဝါတို့သည်အာနန္တရိယာဒိကံမှာ၊ ဖြစ်လေရာရာအစဉ်လိုက်ပါ၍ နေကြကုန်၏။ အပါယ်ဘုံမည်သည်။ ငါးပါးသီလကလေးလောက်မျှမဖြည့်သော၊ အကုသိုလ်ကံသမားတို့၏ ဌာနပေတည်း အပါယ်ဘုံသို့တကြိမ်ကျရောက်လေသည်ရှိသော်၊ ထိုကံဟောင်းတို့သည်။ကောင်းကောင်းကြီး အခွင့်ရကြကုန်၏။ တကံလျှင် တဘဝ၊ တကံလျှင် တဘဝဆက်ခါဆက်ခါ အကျိုးပေးခွင့်ရကြကုန်၏။ ထိုကံဟောင်းတို့အတွက်နှင့် တဘဝထက် တဘဝမြုပ်၍ မြုပ်၍ သွားသဖြင့်၊ မဟာအင်စိုသို့ဆိုက်လေ၏။ မဟာအဝီစိမှ အောက်၌ ငရဲတုံဟူ၍ မရှိသောကြောင့်၊ မဟာအဝီစိမှာပင် ရပ်ကြလေ၏။ဤကဲ့သို့ ငါးပါးသီလထဲက တခုသောကံငယ်နှင့် အပါယ်သို့ကျလေရာ ရှေးကံဟောင်းတွေဆက်လက်မှုကြောင့်၊မဟာအဝီစိတိုင်အောင် မြုပ်လေ၍၊မဟာအဝီစိမှာ ထပ်ခါထပ်ခါ ဖြစ်၍ နေရသဖြင့်၊ ကမ္ဘာပျက်မှပင်၊ အဝီစိမှ ကျွတ်လွတ်နိုင်ကြမည်၊ ငါးပါးသီလ ကလေးလောက်မျှ မဖြည့်နိုင်၍ ကျရောက်ခံစားလျက် နေရသော၊ သတ္တဝါအပေါင်း

တို့သည်။ယခုအခါ မဟာအဝိစိဘုံမှာ၊ အသင်္ချေယျ၊ အနန္တအာဂိုကုန်၏ပဉ္စ၍ ဖွင့်ဆိုကြကုန်၏၊ ။

ထိုသို့အဋ္ဌကထာကြီးများဥဖွင့်ဆိုသောစကားအရ။ငါးပါးသီလကလေးလောက်မျှ မမြဲနိုင်သော၊မိန္ဆာဒဋ္ဌိ ဒုစရိုက်သမားတို့၏ ကျရောက်ရာဖြစ်သော အပါယ်လေးဘုံသည်။ ဝင်ပေါက်သာရှိ၍၊ ထွက်ပေါက်မရှိ။ ကျပေါက်သာရှိ၍၊ တက်ပေါက်မရှိ၊ မြုပ်ပေါက်သာရှိ၍၊ ပေါ်ပေါက်မရှိ။ရုန်ပေါက်သာရှိ၍၊ ဆန်ပေါက်မရှိဟု ဆိုရင်လဲ၊ဆိုနိုင်ပါ၏။ လွဲတော့မည် မဟုတ်ခေ။ ဤနည်းကို အတိတ်၊အနာဂတ်၊ အနမတဂ္ဂ သံသရာတဝှမ်းလုံး၊ ငါးပါးသီလကလေးလောက်မျှမဆောက်တည်နိုင်သော၊ လူ့မိန္ဆာဒဋ္ဌိဒုဿီလသမားတို့အတွက်၊ စကြဝဠာအနန္တလုံးဖြာမြင်ကြလေ။ ဤကားငါးပါးသီလကလေးလောက်မျှမဆောက်တည်၊ မကျင့်မကြံနိုင်သော၊ လူ့ဒုဿီလမိန္ဆာဒဋ္ဌိသမားတို့၏ အစွန့်စွာသန္တာန်၌ အပါယ်လေးပါး အသိုက်အဝန်းကြီးကျယ်စီကားခြင်းငှာ အမြွက်မျှ ရိပ်မိရုံ ပြဆိုခဲ့ပြီး၏။ ။

—○—

သာသနာတော်တွင်းမှာကြုံကြိုက်တဲ့အခါ၊ ပညာရှိပုဂ္ဂိုလ်တို့ကျင့်ကြံနိုင်သော၊သီလသာသနာ၊ သီလကွန်ရွ၊ အဓိသီလ၊သီလဝိသုဒ္ဓိ၊ အဘိုးတန်ကြီးတွေကို မဆိုထားနှင့် အုံးတော့။ သာသနာပအခါမှာ ဆောက်တည်နိုင်ကြတဲ့ အထက်တန်းစားဖြစ်သော ရှစ်ပါး၊ ကိုးပါး၊ ဆယ်ပါးသီလကြီးတွေကို မဆိုထားနှင့် အုံးတော့။ အောက်တန်းစားအကျဆုံး ဖြစ်သော၊ ငါးပါး သီသကလေးလောက်ကို မြဲရုံမျှနှင့် လောကိဘုံထဲမှာဘဲ၊ ဘယ်လောက်ကျေးဇူးများသလဲဆိုတာ ပြောပြအုံးမယ်။ ကောင်းကောင်း စင်းစားပြီးမှတ်သားနာယူကြပါ။ ။

သူအသက်သတ်ခြင်း၊ ပါဏာတိပါတ တပါးရောင်ကြဉ်လျှင်၊လူသတ်မှုမရှိ။နွား၊ကျွဲသတ်ခြင်းမရှိ။ ငါးသတ်ခြင်းငှိ။ အဲသည်လိုမရှိကြဘဲ့၊လူတွေလဲချစ်ခင်ခြင်းမတွာ များကြပါရော၊ ထောင်တန်းကျခြင်းဘေး။ကျွန်းပိုခြင်းဘေး။ သေစားသေဓဲခြင်းဘေး စသည်တို့လဲ ကင်းလွတ်ပါရော။ သွားလေရာ လာလေရာမှာလဲ စိတ်ချရပါရော၊ကျွဲတွေလဲအသေအပျောက်နဲပါရော။နွား၊ကျွဲတွေလဲပေါများပါရော။ နွား၊ ကျွဲနှင့်အသက်မွေးရတဲ့ သူတွေမှာလဲ၊နွား၊ကျွဲများကို ဝယ်ရာ၌ အဘိုးသက်သာပါရော။ နွားသား၊ကျွဲသားများဝယ်စားရတဲ့ ပိုက်ဆံကြေးငွေလဲ အကုန်အကျနဲပါရော၊ နွား

သတ်ရုံ၊ကျွဲသတ်ရုံတွေလဲ ပြုတ်ပါရော၊ ကင်ဉပ်ဒိုအန္တရာယ်တွေလဲ ကင်းငြိမ်းကြပါရော၊အင်းခွန်ပေးရုတားတွေလဲ ပြုတ်ပါးရော။မြန်မာနိုင်ငံက၊ကြွေငွေများလဲ မြန်မာနိုင်ငံတွင်ဘဲ၊ တည်နေမြဲ တည်နေပါရော။ သေသည်၏အခြားမဲ့၌ အပါယ်ကျခြင်းမှလဲ လွတ်ပါရော။ ပါဏာဘိ ပါတတပါးရှောင်ကြဉ်သည့် အတွက်။ ပစ္စုပ္ပန် သံသရာ အကျိုးရှိပုံ အကျဉ်း ပြခြင်း။ ။

ပိုင်ရှင်မပေးဘဲသူက်၊သူတပါးပစ္စည်းကို ခိုးယူခြင်း၊ အဒိန္နာဒါန်တပါးရှောင်ကြဉ်သျှင်၊ ပစ္စည်းဥစ္စာတွေလဲ ပစ္စည်းအတွက် စိုးရိမ်တဲ့စိတ်၏ ဆင်းရဲခြင်း ဒုက္ခတွေလဲအေးပါရော။ ပစ္စည်းအတွက် မသွားဝန့်မသာဝန့်တာတွေလဲအေးပါရော၊ သူခိုး ထားပြဲအဖြစ်နဲ့ ထောင်တန်းကျခြင်းဒုက္ခတွေလဲ အေးပါရော။ သူခိုး၊ ထားပြဲ၊ ခါးပိုက်နှိုက်အတွက်။ ရုဇဝတ်မှုတွေလဲ အေးငြိမ်းပါးရော။ ရုံးသွား၊ ရုံးလာ၊ငွေကုန်ကြေးကျ၊ ကိစ္စတွေလဲအေးပါရော၊တိုင်းပြည် မြို့ရွာတွေလဲ၊ အေးချမ်းသာယာရှိကြပါရော။ မြန်မာနိုင်ငံမှာလဲ ပိုက်ဆံကြေးငွေအကုန် အကျနဲ့ ပါရော။ သေသည်၏ အခြားမဲ့၌ အပါယ်ကျခြင်း ဒုက္ခလဲကင်းလွတ်ပါရော။ အဒိန္နာဒါန်တပါး ရှောင်ကြဉ်သည့်အာနွ ဂ် ပစ္စုပ္ပန် သံသရာအကျိုးရှိပုံအကျဉ်းပြခြင်း။ ။

သူ့သား၊သူ့သမီး အိမ်ရှင်ကို လွန်ကျူးခြင်း ကာမေသုမိစ္ဆာစာရတပါးရှောင်ကြဉ်လျှင်၊ မိန်းမကြီး၊ မိန်းမငယ်များနှင့်၊ အပျိုအရွယ်တွေလဲ တယောက်တည်း ခရီးအဝေးအနီး သွားရသာရတာဝေးလဲ၊ စိတ်ချရပါးရော။ မုဒိန်းမှုတွေလဲမရှိ၊ ထောင်တန်းကျခြင်.လဲ မရှိ။ငွေကုန်ကြေးကျလဲနဲ၊ သေသည်၏အခြားမဲ့၌ အပါ်သံကျခြင်းလဲမရှိ အေးငြိမ်းကြပါရော။ ကာမေသုမိစ္ဆာစာရတပါး ရှောင်ကြဉ်သည့်အတွက်၊ ပစ္စုပ္ပန် သံသရာအကျိုးရှိပုံအကျဉ် ပြခြင်း၊ ။

သူတပါးအပေါ်၌ ပျက်စီးရာ ပျက်စီးကြောင်းနှင့် အချင်းချင်းကွဲပြားအောင်မဟုတ် မတရားလိမ်လည် ပြောဆိုခြင်း၊ မုသာဝါဒတပါး ရှောင်ကြဉ်လျှင် လောကမှာလဲ သစ္စာ၊သမာဓိရှိတဲ့သူတဲလို၊ ပညာရှိတို့၏ ချီးမွမ်းခြင်းလဲခံရပါရော၊ ယုံကြည်ချစ်ခင်သူလဲ ပေါ်ရော။ မင်ထောက်ပံ့ချင်တဲ့သူတွေလဲပေါပါရော၊ ပြောတိုင်း၊ ဆိုတိုင်းလဲသြဇာ၊အာဏာရှိပါရော။ လူလိမ်လူကောက်တွေလဲ မရှိကြသည့်အတွက် အကြောင်းရှိလျှင်၊ သက်သေလဲမထား၊ သူတော်ကောင်းတွေချည့်ဖြစ်ကြတာကြောင့်၊ အမှုအခင်းလဲနဲ၊ စော

ချုပ်ခေါင်းဘိုးငွေ၊ ဂိဇစ္ဆကြီသုပ်ရတဲ့ငွေတွေလဲ အကုန်အကျမရှိ။ပစ္စည်း ဥစ္စာလဲ ဆုတ်ယုတ်ခြင်းမရှိ၊ ဘာသာသာသနာမှန်နဲ့လဲ ကျက်နန တွေ့ကြုံပါးရာ၊ သေသည်၏ အခြားမဲ့၌ ငရဲကျခြင်းလဲမရှိ အေးငြိမ်းပါရော။ မုသာဝါဒတပါး ရှောင်ကြဉ်သည့်အတွက် ပစ္စုပ္ပန်သံသရာအကျိုးရှိပုံကို အကြဉ်းပြခြင်း။ ။

သေရည် သေရက် သောက်စားခြင်း၊ သုရာမေရိယတပါး ရှောင်ကြဉ် လျှင်၊အသောက်သမား ဘိန်းစားတဲ့ အပြောခံရခြင်းမရှိ။သောက်စားမူးရစ် ပြီး၊သူတပါးအပေါ်၌ စော်ကား ရမ်းကားခြင်းပြုတတ်တဲ့သူဘာတွေလဲ မရှိ၊ မရှက်မကြောက်ဘတ်တဲ့ သဘောတွေကင်းပြီး၊ရှက်ခြင်း၊ ကြောက် ခြင်းသဘောတွေနဲ့လဲ ပြည့်စုံပါးရာ၊ သူတော်ကောင်းမျှားအပေါ်၌ မရို မသေ ပြုလုပ်တတ်တဲ့ သဘောတွေလဲမရှိ၊ ဂ'ရဝတရားနဲ့လဲ ပြည့်စုံပါ ရော။ ဝိုက်ဆံကြေးငွေ အကုန်အကျလဲနဲပါရော၊သေရည်သေရက်ဆိုင်တွေ လဲ ပြုတ်ပါရော၊ သောက်စားမူးရစ်သည့်အတွက် မတရားဖြစ်တတ်သော ထောင်တန်းကျမှုတွေလဲ အေးငြိမ်းပါးရာ၊ သေရည်သေရက်နှင့်ပတ်သက် တဲ့ အခွန်ဘဏ္ဍာပေးခုဆောင်ရတဲ့ကြေးငွေတွေလဲမရှိ၊ရစ်မျိုးနှင့်ပတ်သက် တဲ့ အကုန်အကျလဲနဲပါရော၊သေသည်၏ အခြားမဲ့၌ငရဲကျခြင်း ဘးတွေ လဲ ကင်းလွတ်ပါရော၊ ။သုရာမေရိယတပါး ရှောင်ကြဉ်သည့်အတွက် ပစ္စုပ္ပန် သံသရာအကျိုးရှိပုံကို အကြဉ်းပြခြင်း၊ ။ကံငါးပါးကို ရှောင် ကြဉ်၍ ငါးပါးသိလကလေးလောက်မြဲရုံမျှနှင့် ဘယ်လောက်များပစ္စုပ္ပန် သံ သရာ အကျိုးများသလဲဆိုတာ အကြဉ်းအားဖြင့် ပြဆိုခန်းပြီ၏။ ။

အောက်တန်းစားဖြစ်တဲ့ ငါးပါးသိလကလေးလောက်မြဲရုံမျှနှင့်
ဘယ်လိုသုဂတိဘုံများရောက်၍ဘယ်လိုစည်ပင်မျိုးတို့နှင့်
ပြည့်စုံ၍ ဘယ်လိုများစံစားရသလဲဆိုတာ
ဖေါ်ပြဦးမည်။

ယခုဘုန်းကြီးတို့ နေထိုင်လျက် ရှိသော၊ စကြဝဠာမှာ လေးကျွန်း တ ဖြင်းဇိရ ရှိသည်၊ လေးကျွန်းမှာလဲ၊ ဖြင်းဇိရတောင်၏ မြောက်ဘက်ရှိ၊

အလွန်အေးသော သမုဒ္ဒရာရေပတ်လည်ဝိုင်းလျက်ရှိသော၊ အလျား၊ အနံ အချင်းယူဇနာ ရှစ်ထောင် အဝန်းအားဖြင့်။ ယူဇနာနှစ်သောင်းခွဲလေးထောင် ရှိသော ကျွန်းဦးမြောက်ဘက်နားမှာ ပဒေသာပင်ကြီး ပေါက်လျက်ရှိသော၊ ကျွန်းကြီးကို မြောက်ကျွန်းဟူ၍ ခေါ်သည်၊ ထိုမြောက်ကျွန်းခွဲ ဂိုကြကုန် သောလူတို့သည်။ နိယာမမမြတာအားဖြင့်၊ ငါးပါးသီလမဲ့ကြ၏။ အထူး ဆောက်တည်ရသည်မရှိ၊အဆူးဆုံးမရသည်မရှိ။ မွေးဘွားသည်နှင့်ကစ၍၊ သေသည်တိုင်အောင်။ ငါးပါးသီလပျက်ကွက်သည်မရှိ။ ရိုးရာဓမ္မတာ အ တိုင်း၊ ငါးပါးသီလမဲ့ကြသည်ဖြစ်၍၊ မေတ္တာ၊ကရုဏာ၊ မုဒိတာ၊ဥပေက္ခာ ဟူသော၊ ဗြဟ္မဝိဟာရတရား လေးပါးလဲ အထူးကျင့်ကြံရသည် မရှိ။ဓမ္မ တာအတိုင်းပင် မဲ့ကြ၏။ ယင်းသို့ ငါးပါးသီလကဲ့ အထူးဆောက်တည်ရ ခြင်းမရှိပါဘဲလျက်၊မျိုးရိုးအလျောက် နိယာမဓမ္မတာအတိုင်းမဲ့လေ့ရှိသော မြောက်ကျွန်းသူ၊ မြောက်ကျွန်းသားတို့သည်။ နှစ်ပေါင်းတထောင်အသက် ရှည်လေ့ရှိကြ၏။အသက်တထောင်ပြည့်၍ သေလျှင်၊ စာတုမဟာရာဇိကနတ် ပြည်သို့ရောက်လေ့ရှိ၏။ စာတုမဟာရာဇိကနတ်ပြည်ကသေပြန်ရင်လဲ၊မြောက် ကျွန်းခွဲပင် မျှားသောအားဖြင့်ဖြစ်လေ့ရှိ၏။ မြောက်ကျွန်းမှာ လူတို့နေကြ ထိုင် ကြ စားကြတဲ့ နေရာမှာလဲ၊သစ်ပင်ကြီးတို့သည်။နတ်မျှားပြုပြင်၍ ပေးသကဲ့ သို့၊ ရုလစ်မွန်ညွှန်တတ်သော တိုက်အိမ်ကြီးမျှားကဲ့သို့၊ သဏ္ဌာန်တူအောင် ပေါက်ရောက်၍ပေးရ၏၊ ဤနည်းဝူ လူတို့ငြိုးနေထိုင်ကြရ၏။ မှက်၊ ခြင်း၊ ယင်၊လေးနေပူ၊မြွေ၊ ကင်း၊သန်း၊ကြမ်ပိုးတို့၏ဘေးမှ ကင်းလွတ်မြဲဓမ္မတာ ဖြစ်ကြ၏။နေအိမ်မျှားအတွက်ဆောက်လုပ်ရခြင်းကိစ္စတို့သည် မည်သည့် အခါမျှမရှိ၊ ထိုသစ်ပင်၌ ချမ်းသာစွာ နေထိုင်ကြရကုန်၏။ အခါခပ်သိမ်း အသီးအပွင့်တို့နှင့် ပြည့်စုံကုန်၏၊ အလွန်အရသာရှိ၏။ နတ်တို့၏ သြဇာ အာဟာရနှင့်တူကုန်၏၊ ပဒေသာပင်ကြီးမျှားမှာ၊ အလိုရှိသော အာဟာရ။ အလိုရှိသော ဝတ်စားတန်ဆာတို့သည်။ တောင့်တတိုင်း ဖြစ်ပေါ်ကုန်၏။ အသီးအသီးသော နေအိမ်၊သစ်ပင်ကြီးမျှားမှာလည်း၊တောင့်တတိုင်းသော အာဟာရမျှားနှင့် အဝတ်တန်ဆာတို့သီးပွင့်၍ ပေးကြကုန်၏၊ ရေအိုင်ဟူ သမျှ တို့မှာလည်း၊ အလွန် တင့်တယ် ရှုချင်စဖွယ် ကောင်းသော ကြာမျိုးငါးပါး၊ တို့ဖြစ်ကုန်၏။ ကြာဂိုး၊ ကြာစွယ်တို့ကို မှိဝဲစားသောက် ပြုနိုရင်လဲ နတ်သုဓာအာဟာရနှင့်တူ၏။ ကြာပွင့်မျှား၏ မွှေးကြိုင်သောယနံ့ တို့သည်၊ နေ့ရောညဉ့်ပါ ဘယ်ခါမလပ်၊ လေအာကာ၊လေညာ၊ တကြိုင်

ကြိုင်လှိုင်ကုန်၏။ မြေတို့သည် ကမ္ဘလာ ကော်ဇောများ ခင်းထားသကဲ့သို့၊ အမြဲနူးညံ့သိမ်မွေ့ကုန်၏။ နေအိမ်သစ်ပင်တို့၌၊ တိုက်ခတ်း၊ ပြူတင်း၊ လေသာ စမုတ်များတို့သည်၊ သစ်ခက်၊သစ်ရွက်တို့ဖြင့်အလိုလို ဖြစ်လျက် တည်ကြကုန်၏။ မြောက်ကျွန်းသူ၊ ပိန်းမအပေါင်းတို့မှာ၊ အသက် တဆဲ့ ခြောက်နှစ် ရှယ်ထက်ပိုလွန်၍မကြိုး၊ ယောကျ်ားတို့မှာ အသက် နှစ်ဆဲ့ငါး နှစ်အရှယ်ထက် ပိုလွန်၍မကြိုး။ အသက်တဆယ်ပြည့်၍၊ သေသည်တိုင်အောင်၊ တဆဲ့ခြောက်နှစ်၊ နှစ်ဆဲ့ငါးနှစ် အရှယ်ပင်ဆင်ကြရ၏၊ ဤကား ငါးပါးသီလမြဲခြင်း၏၊ အကျိုးကျေးဇူးများပင်တည်း။

ထိုမြောက်ကျွန်းသူ၊ မြောက်ကျွန်းသားတို့သည် စာတုမဟာရာဇ် နတ်သို့၊ နတ်သားများနှင့်ယှဉ်ကြည့်လျှင်၊ ရွေးမရနိုင်အောင်၊ အသွင်သဏ္ဌာန် တူကြ၏။ ဤကားငါးပါးသီလ မြဲသော၊ ဓမ္မဘာဝ၏ အကျိုးပင်တည်း။ ဆဲံ့ဖြူသွားကျိုးမရှိ၊ အရေတွန့်ခြင်းမရှိ။ ခါးကုန်းခြင်း၊ နံရိုး၊ကျောရိုး ပြိုင်းပြိုင်း ပေါ်ခြင်းမရှိ။ရောဂါဘယ၊ အသုံးစုံကင်း၏။ အသက် တထောင် ရှည်သ၍ ကာလပတ်လုံး၊ အားခွန်ဗလဆုတ်ယုတ်ခြင်းမရှိ။ မထွန်မကြဘဲ၊မစိုက်ဘဲ၊ အလိုလိုပေါက်သော၊ အလွန် အနုံ အရသာနှင့် ပြည့်စုံသော၊ သလေး စပါးကိုရ၍ အသက်မွေးရ၏။ လယ် ယာ၊ ဥယျာဉ်လုပ်ကိုင်ရခြင်း မရှိ။ မောင်းထောင်း၊ ဆံ့ဖွပ်ခြင်းမရှိ၊ ဆင်းရဲသူဟူ၍ တစုံတယောက်မျှ ရှာ၍မရ။ ကျွန်ယောကျ်ား၊ ကျွန်မိန်းမမရှိ။ အဆွမ်း၊အဟုဉ်တု မျှတမြဲမွှတ်ဖြစ်၏၊ သေတဲ့အခါမှာလဲ၊ ဒုက္ခဝေဒနာ ခံစား၍ သေရသည်မရှိ။ သေပြီးသောသူကောင်ကို၊ ငှက်ကြီးမျိုးမျိုသူ၍၊ ပင်လယ်၊ သမုဒ္ဒရာ၌ပစ်ချ၏၊ သုသာန် သင်္ချိုင်းမရှိ၊ ချက်ပြုတ်၍စားရမည့်၊အာဟာရမျိုးမှာလဲ၊ မီးခိုး မီးခဲမရှိသော မီးဖြင့် ချက်ပြုတ်၍ စားရ၏။ ကျောက်ဖျာ၊ ကျောက်တုံးကာ မီးထွက်စေလိုလျှင် ထွက်၏၊ ကျောက်သုံးလုံးကိုဖိခနောက်ပြု၍၊အလိုလို ဓမ္မတာ အတိုင်းဖြစ်သော၊ ကျောက်ဒိုးဌ လိုချာပစ္စည်းထည့်၍တင်ထားလျှင် ကျက်၏၊ အလိုရှိသလိုငြားသောက်ရ၏။ သလေးဆန်ထမင်းတို့သည်၊ ဟင်းလျာများနှင့် စားရသည်မရှိ။ ဖိဒိစိတ်က၊ ဆန္ဒရှိသလို၊ ရည်မှန်းတိုင်းသော အရသာနှင့် ပြည့်စုံစေနိုင်၏၊ ချက်ပြုတ်၍၊ကျက်သောအခါ၊ အလိုလိုဒီးသေ၏။ ဤကားငါးပါးသီလ မြဲသောသူတို့၏ ကျေးဇူးပေတည်း၊

မြောက်ကျွန်းသူ၊ကျွန်းသားတို့မှာ၊ သဝေးဆာနကိုစားကြရခြင်းကြောင့် ကုဋ္ဌန္နနာ၊ အိုင်းအနာ၊ ခရသင်း၊ သမင်ဖြူ၊ သမင်ခဲ၊သမင်နက်၊ ဝံပွေး၊

ညှင်းရောဂါမရှိ၊ ချောင်းဆိုးနာ၊ လေနာ၊ရင်နာ၊ ပန်းနာမရှိ၊အလွန် ရောဂါစင်ကြယ်၏၊ ဤကားငါးပါးသိလမြဲခြင်း၏ အကျိုး ကျေးဇူးပေတည်း။ တဦးနှင့်တဦး အတင်းပြောခြင်း။ ဝန်တိုခြင်း၊ ဂုန်ခိုက်ဒေါသဖြစ်ခြင်းမရှိ။ ဘုရားပစ္စေကဗုဒ္ဓါအစရှိသောတန်ခိုးကြီးသော အရှင်မြတ်တို့သည်၊မြောက်ကျန်းသို့ ကြွ၍ဆွမ်းခံကုန်၏။ ခြေခွင်၊လက်ခွင်သောသူ၊ နားထိုင်း၊ နားပင်းသော သူ၊ မျက်စိစွေသောသူ၊ မျက်စိ ကန်းသော သူမရှိ။ ဤကား ငါးပါးသိသ၏ ကျေးဇူးပေတည်း။ သားသို့မိုးတို့ရှိကြပြန်သော်လဲ၊မိဘတို့က၊ အလွန်စွဲလမ်းခြင်း။ တပ်မက်ခြင်းလည်းမရှိ၊ ဤကားမြောက်ကျန်းသူ ကျန်းသားတို့၏ဓမ္မတာပင်တည်း။

ကာမဂုဏ်မှာလဲ ခုနစ်ရက်တကြိမ်သာသတိရ၍ ပျော်ရွှင်ကြ၏။ အခြားနေ့ရက်များမှာ၊ ကိုလေသာ ရာဂကုန်ခန်းသော သူများကဲ့သို့၊သွားလာနေထိုင်စားသောက်ကြ၏။ ဇမ္ဗူဒီပါတောင်ကျန်းရှိလူများကဲ့သို့၊ ပဒိုသန္ဓေနေရခြင်းဆင်းရဲ၊ ကိုယ်ဝန်ဆောင်ရခြင်း၏ ဆင်းရဲ၊ သားဘွားရ ခြင်း၏ ဆင်းရဲမျိုးမရှိ။ ပကတိကျမ်းမာလျက်ပင်၊ ပဒိုသန္ဓေ စသည်တို့တည်ကြ၊ ဖြစ်ကြရ၏။သားသို့မြားဘွားမြင်ပြန်ရင်လဲ၊ ဇဉ့်ကွက်ခြင်း မရှိ၊ ဘွားမြင်ရာ အရပ်၌ပင် ထားခဲ့ကြ၏။ ထိုထားခဲ့သော ကလေးတို့အား။ တွေ့ရှိသမျှကုန်သော သူတို့က။ မိမိတို့၏ လက်ညှိုးတို့ကိုပစပ်၌ထည့်ကုန်၏။ ကလေးတို့၏ကံကြောင့် လက်ညှိုးတို့မှ၊ ချိုမြိန်သော အရသာရှိသော၊နို့ရည်တို့ ထွက်ကုန်၍။မြိန်ယှက်စွာ၊ သောက်စို့ကြကုန်၏။ ကလေးတို့သည် အဘို့ရာယ်ကင်းကြကုန်၏။ သုံးလေးလသားသို့အရွယ်သို့ ရောက်ကြသော အခါသားငယ်သည်။ ယောက်ျားကြီးများရှိရာသို့သွားရောက် ချဉ်းကပ်ကြ၏။ သို့မဟုတ် သည်လည်း၊ မိန်းမကြီးများ ရှိရာသို့ သွားရောက် ချဉ်းကပ်၏။ထိုကလေးသူငယ်တို့အား၊ အထူးထူးသော၊ အဆင်းအရောင်နှင့်ပြည့်စုံသော နတ်သို့၊နတ်သားတို့ အသုံးပြုသော အဝတ် တန်ဆာများနှင့် အလားတူသော၊ အဝတ်တန်ဆာရတနာတို့သည်၊ ပဒေသာပင်မှ ပြည့်စုံစွာ၊ အလိုရှိရာ ရကုန်၏။ ဤကားငါးပါးသိလမြဲခြင်း၏အကျိုး။မြောက်ကျန်းသူ ကျန်းသားတို့၏ ဓမ္မတာပင်တည်းဟူ၍ မှတ်ယူကြရမည်၊ ထိုမှတပါးပဒေသာပင်တို့၌ အစဉ်မပြတ်အားဖြင့်၊ စောင်း၊ညှင်း၊ပတ်သား၊ မုရိုးစည်၊ ကြေးနင်း၊ ခရုသင်း၊ နှဲ၊ခရာစသော တူရိယာတို့ဆွဲလျက်ပါကုန်၏။ နတ်၏တူရိ

ယာသံကဲ့သို့ မြည်ကုန်၏၊ ဤကား၎င်းပါးသိလ၏ ကျေးဇူး ဂုဏ်ကြောင့် မြောက်ကျွန်းသူ၊ ကျွန်းသားတို့၏ဓမ္မတာပင်တည်းဟူ၍မှတ်ယူကြရမည်။

ထိုမြောက်ကျွန်းဌာ၊ များစွာသော သစ်ပင်တို့သည်။ များစွာသော သစ်သီးတို့နှင့် ပြည့်စုံကုန်၏၊ သစ်သီးများမှာ၊ တင်းတောင်းလောက် ပမာဏကြီးကုန်၏။ အလွန်ချိုမြိန်သော အရသာရှိ၏၊ ထိုသစ်သီးတို့ကို စားကုန်သော မြောက်ကျွန်းသူ၊ ကျွန်းသားတို့သည်။ ခုနစ်ရက် တိုင်တိုင် ဆာလောင်ခြင်းကင်းကုန်၏။ မြောက်ကျွန်းဌာ မြစ်တို့သည်။ အလွန်သန့်ရှင်းစင်ကြယ်ကုန်၏၊ နတ်တို့လာရောက်ပြုပြင်ထားသကဲ့သို့၊ အလွန်နှလုံးမွေ့လျော်ဘွယ်ရှိသော၊ ရေဆိပ်တို့ရှိကုန်၏။ ဆွဲညွှန်မရှိ၊ ငွေရောင်နှင့်တူသော၊ သဲသောင်တို့နှင့် ပြည့်စုံ၏။ မြစ်တွင်း အတောင်သုံးဆယ်၊ လေးဆယ် ငါးဆယ်လောက် နက်သော နေရာများမှာ၊ ရေအောက်ရှိသဲမြေပေါ်၌ မြူထူးပျော်ပါး သွားလာနေကြသော၊ ငါး၊ ငါးသလောက်၊ ငါးရုံ၊ ငါးတန်း၊ ငါးမြင်း၊ ငါးထွေ၊ ငါးခွ။ ငါးကျီးအသိုးသိုးသော ငါးဝံတွကလဲ၊ ဖလံရောင်၊ မှန်ရောင် ငွေရောင်၊ ငွေရောင်နဲ့တူတဲ့ ငါးတောင်၊ ငါးဇင်း၊ ငါးကြင်း၊ ငါးသန်းတွေ ကလဲအနန္တ။ နီရောင်၊ ညိုရောင် ပြေးသော ပုဇွန်၊ လိပ်ငါးတွေ ဆိုတာကလဲ၊ ပြောစရာမရှိ၊ ပေါများလိုက်ထာ၊ ကြည့်ရှုမြင်းအောင်ဘဲ၊ ရေပေါ်က ကြည့်လိုက်ပလားဆိုမှဖြင့်၊ လက်ပေါ်တင်ကြည့် သလောက် နီးကင်နေတာဘဲ။ အဲသလောက်တောင် ကြည့်လင်သန့်ရှင်းတဲ့ မြစ်ရေတွေနဲ့ ပြည့်စုံသတဲ့။ မြောက်ကျွန်းသူ၊ ကျွန်းသားတို့ တကြိမ်မြစ်တဲ့ ဆင်းပြီး ရေချိုးထားပလားဆိုမှဖြင့်၊ ခုနစ်လ တိုင်တိုင်ကိုယ်သား၊ ကိုယ်ရေတို့ သန့်ရှင်းမွေးကြိုင်၍နေလေ၏၊ ရေများကလဲ ဘယ်အခါမဆို၊ မပူလွန်း၊ မအေးလွန်း၊ အလွန်ကောင်းသောမွေးကြိုင်သော အနံ့ရှိကုန်သော၊ ပန်းနွယ်ပင်တို့ ဖုံးလွှမ်းကုန်လျက်။ အခါခပ်သိမ်း၊ မွေးရနံ့ကြိုင်၊ လှိုင်ပျံသင်းသောအနံ့တို့ ဖြင့်၊ ဖြည်းညှင်းသာယာစွာသော၊ ရေသံတို့ဖြင့် စီးကုန်၏။ ဤကဲ့သို့ ဖြစ်ရခြင်းသည်၊ မြောက်ကျွန်းသူကျွန်းသားတို့၏၊ နိယာမဓမ္မတာ၊ ငါးပါးသီလ၏။ အာနိသင်တန်ခိုးဘဲဆိုတာမှတ်ယူကြရမည်။

ထိုကျွန်းဌာ ဆူးရှိသော၊ ကြမ်းထမ်းချုံရင်းသော၊ ချုံနွယ်တို့သည်မရှိကုန်၊ ဆူးမရှိသော တင့်တယ်သော၊ အရသာရှိသော၊ အသီး အပွင့်တို့ ဖြင့်ပြည့်စုံသော ချုံနွယ်တို့သည်သာရှိကုန်၏။ သစ်ပင်တို့ဌာ၊ ပျားပိတုံးတို့များစွာရှိကုန်၏၊ လူတို့ကိုအနှောရယ်မပြုကုန်။ သစ်ပင်တို့သည်။ အ

ထက်အောက်၊အရွက်၊ အခက်အကိုင်းတို့သည်။ လူတို့တမင် ပြုပြင်ထား သကဲ့သို့၊တညီတညွတ်ပေါက်ကုန်၏။ ဖြစ်ဆိုပ်ကမ်းတလျောက်မှာ၊ပန်းပင် တို့နှင့် စားကောင်းသော သစ်ပင်တို့သာ ပေါက်ရောက်ကုန်၏။ ရေချိုးကုန် သော သူတို့သည်၊ဖြစ်ဆိုပ်၌ အဝတ်တို့ကို ရပုံရောနှော၍ ထားကြသော် လဲ။ သူအဝတ်၊ငါ့အဝတ်ဟူ၍မည်သည့်အခါမျှမှားယွင်းခြင်း မရှိကြကုန်၊ ငြင်းခုန်ခြင်း၊ ရန်ဖိုက်ဒေါသဖြစ်ခြင်းမရှိ၊တဦးနှင့် တဦးဆန့်ကျင်သော စ ကားဆိုခြင်းမရှိ၊မည်သည့်အခါမျှ အသစ်နေထိုင်ရန်၊ အိမ်ယာဆောက် လုပ်ရခြင်းမရှိ၊ အကြင်သစ်ပင်၌ အိပ်လို၊နေလိုကုန်၏။ ထိုသစ်ပင်၌၊ အ ကာအရံ၊ အိပ်ရာ၊နေရာ၊ဗျာရိုင်သင်ဖြူး၊ကောင်ောခင်းသကဲ့သို့၊ တင့်တယ် ချောမွေ့သော အနေအထိုင်တို့သည်။ စိတ်ကဲ့ရည်မှန်းတိုင်းဖြစ်ပေါ်ကုန်၏။ ဤကားငါးပါးသီလတို့ဖြစ်ကြသောကြောင့်၊ နိယာမဓမ္မတာအားဖြင့်အကျိုး ခံစားရခြင်းတို့ပေတည်းဟူ၍ဖွတ်ယူကြရမည်၊

လူများသေလျှင် ငိုကြွေးခြင်း၊ပူဆွေးခြင်းမရှိ။မင်းကျင်ကြီး၊ကျင်ငယ် များ စွန့်လိုက်လျှင်၊ ချက်ခြင်းပျောက်ကွယ်ကုန်၏။ မြောက်ကျွန်းသူ ကျွန်း သားတို့သေလျှင်၊မည်သည့်အခါမျှ၊ အပါယ်ကျရောက်ခြင်းမရှိ၊ မြောက် ကျွန်းနှင့် စာတုမဟာရာဇ်၊ နတ်ပြည်သာစုံဆန့်၍နေကြရ၏။ အခြားကျွန်း မျာ၊သို့ တောင့်တ၍ သေလျှင်လည်း ကျွန်းတပါးသို့ကူးပြောင်း၍ ပဋိသန္ဓေ ယူနိုင်၏။မြေဝကျွန်း၌ဖြစ်ကုန်သောသူတို့၊ ဇာတိဇရာ၊ဗျာဓိ၊မရဏာတို့သံဝေ ဂ:မထင်နိုင်သောကြောင့်၊ မြောက်ကျွန်းမှသေ၍၊ နိဗ္ဗာန်သို့ ရောက်ခြင်း မရှိ။ မြက်စွာဘုရားတို့သည်လည်း၊ မြောက်ကျွန်း၌ ဝါဆို ဝါကပ်လေ့မရှိ။ ဤကား ဓမ္မတာဖြစ်သည်ဟူ၍ ဖွတ်ယူကြရမည်။ မြောက်ကျွန်းသူ ကျွန်း သားတို့ နိဗ္ဗာန်သို့ရောက်လိုလျှင် တောင်ကျွန်းသို့ ကူးပြောင်းပြီးမှ။နိဗ္ဗာန်သို့ ရောက်အောင် တရားအားထုတ်မှသာ ရောက်နိုင်ခြင်းသည်လည်း၊ဓမ္မတာ ပင်တည်း။ ဤသို့ယေခုမြောက်ကျွန်း၏ အကျိုးကျေးဇူး အလုံးစုံတို့ကို ပြဆို ခဲ့သမျှ စကားရပ်တို့သည်။ နိယာမ ဓမ္မတာအားဖြင့်။ အောက်တန်းစား အကျဆုံး ဖြစ်သော ငါးပါးသီလ ကလေးလောက်မျှ မြဲခြင်း၏ အကျိုး ကျေးဇူးတို့ပေတည်း။ ယခုအခါ ဘုန်းကြီးတို့ နေထိုင်လျက်ရှိသော မြန်မာ နိုင်ငံသူ နိုင်ငံသား တို့သည်လည်း။ သရဏဂုံ သုံးပါးနှင့် ငါးပါး သီလ ကလေးလောက်သာ။ အဓိဋ္ဌာန်ထားပြီးလျှင် အသက်ထက်ဆုံး မြဲစွဲကြပါ မူ။ အဘယ်ဆိုဘွယ်ရာ ရှိကြတော့အံ့နည်း။ မြောက်ကျွန်းထက်ပင် အဆ

အရာအထောင်အသောင်းမက။ အကျိုးကျေးဇူး များလတ္တံ့ဟူ၍ မှတ်ကုန်ရာ၏၊ ။ဤကား မြောက်ကျွန်းသူ ကျွန်းသားတို့ ငါးပါးသီလ ကလေးလောက်ကို မြဲစွဲရုံနှင့် အဘယ် မျှလောက် အကျိုး ကျေးဇူး များတယ်ဆိုတာ သိသာ ရိပ်မိရုံ အကျဉ်းအားဖြင့် ပြဆိုခန်းပြီး၏။

—:o:—

(တနည်း) အောက်တန်းစား အကျဆုံး ဖြစ်သော၊ ငါးပါး သီလ ကလေးလောက် မြဲစွဲရုံနှင့် နတ်ပြည်ခြောက်ထပ်မှာ ဘယ်လောက်တောင် လောကီစည်းစိမ်သုခနဲ့ ပြည့်စုံတယ်ဆိုတာပြဆိုဦးအံ့။

က။ ရတနာသုံးပါးကို ဝတ္ထုကြိုတဲ့အခါဦးသာ၊ ယုံကြည် ကိုးကွယ်လိုက်ရ၏။ မဝတ္ထုကြိုတဲ့အခါ သတိမရဘူးလော်လဲ။ ငါးပါးသီလကိုသာ မြဲမြဲစွဲစွဲ ဆောက်တည်နိုင်ပါမူကား၊ လူပြည်နှင့် စာတုမဟာရာဇ် နတ်ပြည် စုံဆန့်၍ နေရ၏။ လူပြည်မှာ အသက်တန်း အပိုင်း အခြားမရှိ။ လူပြည်မှာ နှစ်ပေါင်း ငါးဆယ်ကြာလျှင်။စာတုမဟာရာဇ်၏ နတ်ပြည်မှာ နတ်သက်နှင့် တရက်သာရှိသေးသည်။စာတုမဟာရာဇ်၏ ရုက်ပေါင်း သုံးဆယ် ကြာလျှင်။ စာတုမဟာရာဇ်တစ်လ ခေါ်သည်။စာတုမဟာရာဇ် တဆဲ့နှစ်လ ကြာလျှင်၊ စာတုမဟာရာဇ်၏ တနှစ်ခေါ်သည်။ဤနည်းအဘိုင်းခေတွက်၍ စာတုမဟာရာဇ်၏ နတ်ပြည်မှာ၊ တဘဝလျှင် နတ်သက်နှင့် နှစ်ပေါင်းငါးရာဒသကာရှည်သည်။ မည်သည့် သတ္တဝါမျိုးမဆို အခြားသော ကုသိုလ်များကို မပြုနိုင်သော်လဲ။ ငါးပါးသီလလောက် မြဲလျှင် သေသည့်၏အခြားမဲ့၌ စာတုမဟာရာဇ်နတ်ပြည်သို့ ရောက်၍။ သီလတပါးလျှင် ခြောက်ဘဝ။ သီလ ငါးပါးလျှင် ဘဝပေါင်း ငါးခြောက်လိသုံးဆယ် ကြာလိမ့်မည်၊ တဘဝလျှင် နတ်သက်နှင့် နှစ်ပေါင်း ငါးရာကျစီ တွက်ယူသော် ဘဝပေါင်း သုံးဆယ်မှာ။ စာတုမဟာရာဇ်၏ နတ်သက်နှင့်နှစ်ပေါင်း၊ တကောဋိငါးထောင် ကြာမည်။ လူပြည်ကနှစ်ပေါင်းနှင့်ဆိုလျှင်(၂၇)ကုဋေကြာသည်၊ စံစားရမည့်စည်းစိမ်မှာလဲအောက်ဘုံကငါးပါးသီလဇောနှင့်သေ၍၊ စာတုမဟာရာဇ်၏ နတ်ပြည်သို့ရောက်လျှင် ရောက်ချင်း၊ နတ်ဘုံပေါ် ခြင်း။ နတ်၏ အဆောင် အဝါနှင့် ပြည့်စုံခြင်း။ ရှကြည့်၍ မငြီးနိုင်အောင် လှပယဉ်ကျေးသော နတ်သို့ဲ အခြွေအရံ၊ လက်ျာ လက်ဝဲ တဘက်ငါးရာစီနှင့် အသင့်ပြည့်စုံခြင်း တို့သည်။ မရှေး မနှောင်း တပြိုင်နက် ဖြစ်ပေါ်ကြကုန်၏။ ငါးပါးသီလမြဲ၍ ဖြစ်သော

နတ်သားမှာ။ ငါးပါးသီလ မြဲ၍ ဖြစ်သော နတ်သို့များနှင့်သာ ပြည့်စုံလေ့ရှိသည်။ထို့အခြွေ အရံ နတ်သို့ပေါင်း တဝေါင်တို့တွင်၊ပညာဗဟုသုတနှင့် အထူး ပြည့်စုံသော နတ်သို့ နှစ်ယောက် ပါမြဲမမွေတာဖြစ်သည်။ နတ်သားသည် အကြောင်းထူး ရှိသောအခါ။ ထို နတ်သို့ နှစ်ယောက်နှင့်သာ တိုင်ပင်လေ့ရှိသည်။ စာတုမဟာရာဇ် နတ်ပြည်၌ နတ်သားနတ်သို့တို့၏ ကာမဂုဏ်မေထုန်စည်းစိမ်မှာ။ လူတို့ပြည်မှာ ကဲ့သို့ ခံစားကြသည် ဟူ၍ ကေစိဆရာတို့ ဆိုကြကုန်၏။ နတ်သို့ နတ်သားတို့ ပျော် ရွှင်သွားလာစရာ နတ်ပန်း ဥယျာဉ် ငါးခုရှိသည်။ ။(၁) မဟာဝုန်ဥယျာဉ်သည်၊နတ်လမ်း နတ်ရေကန် စသည်တို့ အလွန် တင့်တယ် သာယာကုန်၏။ နတ်သက်နှင့် ခြောက်လကြာမှဘို့နွင်းကုန်သော။ စာတုမဟာရာဇ်၏ နတ်သို့ နတ်သားတို့ အသုံးပြုလေ့ရှိသော။ သာလမက နတ်ပန်း။ ကုသုမ္ဘာက နတ်ပန်း တို့သည် အလွန်၍တင့်တယ် ပေါများကုန်၏။ စာတုမဟာရာဇ်၏ နတ်မင်းကြီးတို့နှင့် ၎င်းတို့၏ နတ်မိဖုယားကြီးများ အသုံးပြုသော အနောဇာနတ်ပန်းတို့သည်၊ နတ်တို့၏ ကြက်သရေကို အထူးဆောင်ကုန်၏။ အနောဇာ ပန်းတို့သည်၊ နတ်သက်နှင့် တနှစ်ကြာမှ တကြိမ်သာပွင့်သည်။ တနှစ်ကြာမှ ပင်ညှိုးနွမ်းသည်။ ရှေ့နှစ်ပွင့်မည့်ပန်းနှင့် ဆက်သွားသည်၊ အဆင်းမှာ နီရောင် ညိုရောင် ဝါရောင် စိမ်းရောင် ယောယှက်လျက် အလွန် တင့်တယ်သော အရောင်နှင့်ပြည့်စုံသည်။ ။(၂)၎င်းပြင်နန္ဒဝန်ဥယျာဉ်၌ နတ်သို့များမပါ။ နတ်သားများသာသက်သက် ပျော်ရွှင်ရာဖြစ်သည်။ စာတုမဟာရာဇ်၏ နတ်မင်းကြီးတို့နတ်သက်နှင့် ခြောက်လ တကြိမ်များစွာသော နတ်သား အခြွေအရံ တို့ဖြင့် ဥယျာဉ် ပြေပါးခုန် သွားလေ့ ရှိသည်။ ၎င်းဥယျာဉ်တွင်းရှိ နတ်ရေကန် များ၌၊ နတ်မင်းကြီးတို့ ရေကစားလေ့ ရှိသည်၊ ရေကန်ရှိ ဆိုပ်ကမ်းများသည်။ နတ်ပြည်၌ ဖြစ်သော အာဘိုး မဇ္ဈတ်နိုင်သော။ မသာ ဓုလ်ကျောက်တို့ကို ဆင်းတက်ရန်နတ်လှေကားအနေနှင့်။ နိယာမသမုဒ္ဒရာသဘောမျိုးနှင့် အလို အလျောက် ဖြစ်နေကြသည်။ ရေကန် ပတ်လည်မှာ နတ်မင်းကြီးများ ပျော်ပါး နားနေရန်နှင့် စခန်းချရန်။ အလွတ်ဖြင်သော နတ်ဗိမာန်တို့အသင့်ရှိသည်။

(၃)။ ၎င်းပြင်စိတ္တာလတာဥယျာဉ်သည်။နတ်သား နတ်သို့တို့ ပျော်ပျော် ရွှင်ရွှင် မရှိတဲ့အခါ။ တခါတရံ စိတ်ညစ်တဲ့အခါများ သွားရောက်ကြလျှင် စိတ်နှလုံးကို လွန်စွာ ပျော်မွေ့ ဖေတာတ်သော ပန်းဥယျာဉ်ကြီး

ဖြစ်သည်။ ။(၄)ရင်းဖြင် ဓိသကဥယျာဉ်သည်။ စာတုမဟာရာဇ်၏ နတ် တို့နှင့်သာ သက်ဆိုင်သော နတ်သဘင် ကျင်းပရာလည်းဖြစ်၏။ စည်းဝေး ပွဲကြီးပြုလုပ်ရာလည်းဖြစ်၏။

(၅)။ ဗာရာသကာဥယျာဉ်သည်။အဆက် တာဝတိံသာနတ်ပြည်မှ သိကြားမင်းကြီးနှင့် ဓိသကြိုနတ်သား။ ပဉ္စသိခ နတ်သားတို့ ဆင်းလာ၍။ လောကုတ္တရာ တရားဟောပွဲကြီးများ ကျင်းပခဲ့ သည်ကြီး ဖြစ်သည်၊ တရားဟော စရပ်ကြီးများ ဓမ္မာဇုံကြီး များလည်း ရှိသည်။ တရားဟော ပလ္လင်များသည်။ နတ်ပြည်၌ ဖြစ်သော ဥဿဗယား ကျောက်နှင့် မဟူရာ ကျောက်တို့ဖြင့် ပြုလုပ် စီမံ ထားခြင်းဖြစ်သည်။လူပြည်မှ တခါတရံ ဈာန်ရ ပုဂ္ဂိုလ် များလည်း။ ကြွရောက် တရား ဟောကြသည်၊ တန်ခိုးကြီးသော ပညာကြီးသော နတ်သားများလည်း အလှည့်ကျ တရား ဟောကြသည်။ မင်္ဂလာတရား သုံးဆဲ့ရှစ်ပါးနှင့် ဗောဓိပက္ခိယာ၊သုံးဆဲ့ခုနစ်ပါး တရားများကို ဟောလေ့ရှိကြသည်။နတ်သက်နှင့် တလ တကြိမ် တရားဟောပွဲကျင်းပခြင်း ဓမ္မတာဖြစ်သည်၊ တရားနာကြသော နတ်သား နတ်သို့းတို့မှာ တကုဋေ သော ပရိသာတ်တို့သည် အနည်းဆုံးဖြစ်သည်။ များလျှင် ကုဋေတဆဲ့ငါး နှစ်ဆယ်များလည်းရှိသည်၊ပညာဥာဏ်ကြီးရင့်ပြီးသော နတ်တို့မှာ တကြိမ် နာရုံလျှင် ဓမ္မက္ခန်ထိက ဖြစ်လေ့ရှိကြသည်။နတ်ပြည်များမှာ တရာပွဲရှိတိုင်း နတ်သား ပရိသာတ်များမှာ။ နတ်သားအချင်းချင်း နတ်သို့း ပရိသာတ်များမှာ။ နတ်သို့း အချင်းချင်း ဥည့်ခံခြင်းပြုကြရသည်။ အကျွတ်တရားရသော နတ်တို့လည်းပေါများကြ၏။စာတုမဟာရာဇ်နတ်ဘုံဆိုတာမြင်းမိုရ်တောင် ကြီး၏ အရံဖြစ်သော။ယုဂန္ဓိုရ်တောင်။ဣသိန္ဓိုရ်တောင်၊ကရဝိကတောင် သုဒဿနတောင်။ နေမိန္ဒရတောင်။ ဝိနတ္တကတောင်။ အဿကဏ်တောင် တို့၏ထိပ်ပေါ်မှာတည်သည်။နတ်ဘုံတည်ရာ နေရာများမှာ ပုယင်းကျောက် တွေ ခင်းပြီးဖြစ်သည်။ ဥယျာဉ်တွေ တည်ရာ နေရာ များမှာ၊ ဩဇာအဆင်း ဂွေအဆင်း မြအဆင်းနှင့် တူသော သဲမြေတို့ဖြစ်ကြကုန်၏။ နတ်ဘုံတရ တရာမှာ။ နတ်ပဒေသာပင် တရာစီ ရှိမြဲမြံတာဖြစ်ကြ၏။ ။ဤကားအောက် တန်းစား ဖြစ်သော ငါးပါးသီလ၏ တန်ခိုး အရှိန်ကြောင့်၊စာတုမဟာရာဇ်၏ နတ်ပြည်၌ ခံစား စံစားကြရခြင်း အကျိုး ကျေးဇူးတို့ကို ပြဆိုခန်းသည် အကျဉ်းအားဖြင့်ပြီး၏။

———:o:———

ငါးပါးသီလကို မြဲစွဲစွာ ဆောက်တည်ကျင့်ကြံနေရာ။ ဒိဗ္ဗိ၏ သီလသည် ပြောင်သည်ထက် ပြောင်အောင်ရင်း။ မြဲသည်ထက် မြဲအောင်ရင်း၊ စင်ကြယ်သည်ထက် စင်ကြယ်အောင်ရင်း၊ အထူးဂရုပြု၍ လေးလေး ပင်ပင် သဘောထားပြီးလျှင်။ အိပ်ရာဝင် အိပ်ရာထ၊ တနေ့ နှစ်ကြိမ် သတိတရား ရှေထား၍။ စစ်ဆေးခြင်း ဝတ်တရုထားနိုင်ပါမူကား။ ၎င်းပြင် ငါးပါးသီလ ထဲက၊မတော်တဆ တပါးတလေ ပေါက်ကျား ချိုယွင်းခဲ့လျှင် ထပ်၍ဖြည့် စွက်ရာ ကြအောင်ရင်း မပေါက်ကျားခဲ့ပါလျှင်လဲ၊ပြောင်သည်ထက် ပြောင် အောင်ရင်း။ သဘောထား၍ တနေ့နှစ်ကြိမ် စစ်ဆေးနိုင်ပါမူကား။ ဒိဗ္ဗိ၏ နိစ္စသီလ ဖြစ်သော ငါးပါးသီလသည်။ ဂရုဓမ္မ သီလဟူသော အမည်ကို ရ၏။ ဤကဲ့သို့ ဂရုဓမ္မဟူသော အမည်ရအောင်။ ငါးပါးသီလကို ဒိဗ္ဗိက အားလုံးပြုနိုင်ပါမူကား။မည်သူမဆို သေသည်၏အခြားမဲ့၌၊စာတုမဟာရာဇ် နတ်ပြည်ထက် နှစ်ဆ ပိုလွန်သောစည်းစိမ်နှင့် ပြည့်စုံသော။ မြင်းမိုရ်တောင် ထိပ်ပေါ်၌တည်သော၊ တာဝတိံသာ နတ်ပြည်သို့ ရောက်ကြလတံ့။ ယင်း တာဝတိံသာ နတ်ပြည်သည်။ သိကြားမင်းစံရာ သုဒဿနာ၊နတ်နန်းမြို့ကြီး လည်းမည်၏၊ ပုလဲရောင် တောက်သော ဗလ ကျောက် မြို့ရိုးကြီး ကာရံ လျက်ရှိ၏။ တမျက်နှာလျှင် မြို့တံခါးနှစ်ရာ ငါးဆယ်ရှိသည်။လေးမျက်နှာမှာ တံခါးပေါင်းတထောင်ရှိသည်၊ မြကျောက်နှင့် ပုယင်းကျောက်တွေ ခင်း သည်။ သိကြားမင်းစံရာ ဝေဇယန္တာနန်းပြာသာဒ်သည်။ ယူဇနာတထောင် မြင့်သည်။

သိကြားမင်းမှာ။ သုနန္ဒာ၊ သုစိတ္တာ၊ သုဓမ္မာ၊သုဇာဘာဟူ၍၊ အဂ္ဂမဟေ သိ အတိုင်ပင်ခံ နတ်မိဖုယားကြီး လေးယောက်ရှိသည်။ သုဓိတာ၊ သု မာလာဟူ၍ ဒုတိယအတိုင်ပင်ခံ မိဖုယားနှစ်ယောက်လည်း ရှိသည်၊ ၎င်း ပြင် အလုပ်အကျွေးသက်သက်ဖြစ်သော၊ နတ်မိဖုယားပေါင်း သုံးကုဋေ ခြောက်သန်း ရှိသေး၏။ သိကြားမင်း၏ လက်နက် ဖြစ်သော၊ ဝဇိရစိန် စက်၊ ရှိဃဲကြိုးလက်နက်ကြီးသည်၊ အရွှယ်ပမာဏမှာ၊ နှီဆီဘူးရှစ်လုံး ကိုက် ပြည်တောင်းလောက်ရှိသည်၊ ရေတွင်းရေပေါ်၊ ယူဇနာပေါင်း ရှစ် သောင်းလေးထောင် နှစ်ပြန်ဆောင်သော မြင်းမိုရ်တောင်ကြီးကို ပစ်လိုက် မယ် ဆိုရင်။ သိမ့်ခနဲ လှုပ်ရှားငြိုး သွားသတဲ့၊ အဲသည်လောက် ပြင်းထန် တဲ့ လက်နက်သည်။ သိကြားမင်းမှာသာ ရသည်။အခြားသောနတ်များမှာ၊ မရမရှိချေ။ မဟာဝုန်ဥယျာဉ်အရှေ့ဖြောက်ယွန်းယွန်းမှာ၊ မဟာပင်လယ်

ကသစ်ပင်ကြီးရှိသည်။နတ်သို့းအများပန်းခူးရင်းပျော်ရွှင်ကြရာပန်းပင်ကြီး ဖြစ်သည်။ ဥယျာဉ်အလယ်မှာ ပဏ္ဍုကမ္ဗလာ ကျောက်ပျာရှိသည်၊ ဖြူရောင်၊ဝါရောင်၊ပန်းခရေရောင်အဆင်းရှိ၏။ ပိုးဝါငွမ်းများကဲ့သို့ အလွန်နူးညံ့၏။ဆိုကြားမင်းထိုင်နေသောအခါ။ အကြောင်းထူးမရှိလျှင်ချက်တိုင်းအောင် နစ်သည်။ အကြောင်းသုံးပါး တပါးပါးပေါ်လာလျှင်၊ အလွန်တင်း၍ ခက်မာသည်၊ ဤကဲ့သို့ခက်မာ၍ ပေးခြင်းသည်။ ကျောက်ပျာစောင့်နတ်သို့း၏ တာဝန် ဖြစ်သည်။ အကြောင်းသုံးပါး ဟူသည်ကား၊ သိကြားမင်းသည် ရတွေ့မနေသေလွန်ခါနီးသော်၎င်း၊ သိကြားမင်းကို ခုခံတိုက်ခိုက်၊ ရန်သတ္တုရှုပြုရန်။ အခြားသော နတ်၊ အသုရာစသော ရန်သူတို့ပေါ်ပေါက်မည် ကြံသော်၎င်း။ လူ့ပြည်၌ သူတော်ကောင်းတို့မှာ၊ ဘေးအန္တရာယ်များပေါ်ပေါက်မည်အခါ၌၎င်း၊ သူတော်ကောင်းတို့တစုံ တရုတောင့်တသော အခါ၌၎င်း၊ဤကဲ့သို့သောအကြောင်းတရုရုပေါ်ပေါက်တဲ့အခါမှာသာ ကျောက်ပျားတင်းသည်။ ဒဲသည်အခါမှာ သိကြားမင်းက နတ်မျက်စိနဲ့ကြည့်၍ သင့်သလို စီမံရသည်။ ။ဤကားတာဝတိံသာနတ်ပြည်၌ သိကြားမင်း၏ အလုပ်ဝတ်တရား ဖြစ်သည်။ ။

သိကြား၏စည်းစိမ်မျိုးကို အလိုရှိလျှင်၊ငါးပါးသီလလောက်နဲ့ မရနိုင်။ အခြားနေ့များမှာ ငါးပါးသီလမြဲရမည်။ ဝါတွင်းဝါဖမှာ၊ရှစ်ပါးဥပုသ်သီလ မြဲရမည်။ ဆွမ်းလောင်းသောဝိဏ္ဍုပါတ်ဝတ်မြဲရမည်၊ဆီမီးကင်၊ ပန်းကပ်၊ ရေကပ်၊ဆွမ်းတော်ကပ် ဝတ်မြဲရမည်။ မေတ္တာဘာဝနာကို ဥပစာရသမာဓိလောက် ရအောင် မြဲရမည်။ ဤကဲ့သို့ ကုသိုလ်ကောင်းမှုမျိုးနဲ့ ပြည့်စုံမှသာ သိကြားမင်းဖြစ်နိုင်သည်။ အလိုရှိသူတို့ကြိုးစားကြလေ။သို့သော်လဲ ဤကဲ့သို့ ကုသိုလ်မျိုးသည်။ သာသနာပမှာပင် ဖြစ်နိုင်ပါ၏၊ (အထူး) သာသနာပအခါမှာပြုသော ကုသိုလ်ကြောင့်ဖြစ်သော သိကြားမင်းသည်၊ သာသနာတော်မှာ ရန်သူပေါ်လျှင်၊ ပေါ့ပေါ့လျော့လျော့ကူညီသည်။ သာသနာတွင်းဥပုသ်မိသော ကုသိုလ်ကြောင့်ဖြစ်လာသော သိကြားမင်းသည်၊ သာသနာတော်မှာ ရန်သူးပေါ်လာလျှင်၊ လေးလေးပင်ပင် ကူညီသည်၊ သိကြားနှစ်ဦး ဤမှာသာကွာခြားသည်။ ။

ငါးပါးသီသမြဲစွဲသောကြောင့်၊ တာဝတိံသာနတ်ဘုံသို့ရောက်ကြကုန်သော နတ်သား နတ်သိုးတို့၏ အသက်တမ်းမှာ၊ စာတုမဟာရာဇ်နတ်သက်ထက် ငါးရာပို၍၊ နတ်သက်နှင့် တာဝတ္တိံလျှင်၊ အနှစ်တထောင်ကြာရှည်သည်၊နတ်

သား နတ်သိဒ္ဓိတို့၏ကာမဂုဏ်မဆုန်မှုမှာ၊ စာတုမဟာရာဇ်နတ်ပြည်မှာပြုခဲ့သော နည်းနှင့်တူသည်။ တာဝတိံသာနတ်ပြည်။ နန္ဒဝန်ဥယျာဉ်တွင်းမှာ၊ ခုနစ်ယူဇနာမြင့်သော စူဠာမဏိစေတီရှိသည်။ တရားပွဲကျင်းပပုံ၊ ကျတ်တန်းဝင်ပုံ။ တရားဟောပုံ၊ ဥယျာဉ်ငါးမျိုးလုံး၏ အနေအထား ရေကန်နှင့်တကွ။ အခြားသောအကြောင်းအရာများမှာ၊ စာတုမဟာရာဇ်နတ်ပြည်မှာ ပြုခဲ့သောနည်းထက် နှစ်ဆသာသည်။ ၊ဤကား ငါးပါးသီလကို အလေးပြု၍၊ နံနက်ညဥ့်အိပ်ရာဝင်အိပ်ရာထ တနေ့နှစ်ကြိမ်၊ နေ့စဉ်ဝတ် အဖြစ်ထား၍ စစ်ဆေးသော၊ ဂရုစိုက်မှုအမည်လည်း ရှိနိုင်သော၊ ငါးပါးသီလ၏ တန်းခိုးအာနိသင်ကြောင့်၊ စံစားခံ စားရသော တာဝတိံသာနတ်ပြည်၏အကျိုးကျေးဇူးကို အကျဉ်းအားဖြင့် ပြဆိုခန်းပြီး၏။ ။

——:o:——

အောက်တန်းစားဖြစ်သော ငါးပါးသီလကို နေ့စဉ်မြဲမြံစွဲစွဲ၊ ဆောက်တည်နိုင်သော သူတို့သည်။ အပါယ်ဘေးနှင့်ပဝတ္တိဘေးတို့မှ၊ လွတ်လွတ်ပိုင်ပိုင် လွတ်မြောက်နိုင်လေသောကြောင့်၊ အဘယ်သီလမည်၏။ပါဏာတိပါတာကို ရှောင်ကြဉ်နိုင်သည့်အတွက်။ သူ့အသက်ကို ဘေးမဲ့ပေးရာ ကျလေသောကြောင့်၎င်း၊ အဒိန္နာဒါန်ကို ရှောင်ကြဉ်သည့်အတွက်။ သူတပါး၏ပစ္စည်းကိုခိုးယူတိုက်ခိုက်လိုသောလောဘဓောကို။ စွန့်လွှတ်ရာကျလေသောကြောင့်၎င်း။ ကာမေသုမိစ္ဆာစာရကိုရှောင်ကြဉ်သည့်အတွက်။ သူသားသို့အိမ်ရာကို မတရားကျူးလွန်လိုသော တဏှာ၊ရာဂ၊ လောဘဓောကို စွန့်လွှတ်ရာကျလေသောကြောင့်၎င်း၊ မုသာဝါဒကို ရှောင်ကြဉ်သည့်အတွက်။ သူတပါး အပေါ် ဒွိဠလောကို၊ လောကုတ္တရာအကျိုး စီးပွားပျက်စီးစေခြင်း၊ သောဆိုးများကို စွန့်လွှတ်ရာကျလေသောကြောင့်၎င်း၊ သုရာမေရိယကို ရှောင်ကြဉ်သည့်အတွက်။ မိမိကိုယ်ကို အရှုံးကဲ့သို့ဖြစ်စေတတ်သောမူးရေစ်ခြင်း ရှိသတဏှာ၊ လောဘဓောကို စွန့်လွှတ်ရာ ကျလေသောကြောင့်၎င်း၊ ဤသို့အားဖြင့် မကောင်းသော ဒုဋ္ဌရိက်ကံငါးပါးကို ရှောင်ကြဉ်စွန့်လွှတ်ခြင်း သဘောမျိုးသည် ဓမ္မဒါနလည်းမည်၏၊ မဟာဒါနလည်းမည်၏။ အဘယဒါနလည်းမည်၏ဟူ၍ မှတ်ယူကြရမည်။မည်သူမဆို အောက်တန်းစားဖြစ်သော ငါးပါးသီလကလေးကိုပင် နစ္စာသိသအနေမျိုး၊ ဂရုဓမ္မသီလ

အနေမျိုး။ အဘယသိသအနေမျိုး။ ဓမ္မဒါနအနေမျိုး။ မဟာဒါနအနေမျိုး အဘယဒါနအနေမျိုး ဖြစ်အောင် သင်္ခါကောင်း။ စေတနာကောင်း ထား၍၊ ဆောက်တည်နိုင်သော ပညာရှိ၊ သူတော်ကောင်း အပေါင်းတို့သည်။ ပစ္စုပ္ပန် မျက်မှောက်ဘဝလည်း။ အကျင့်ကောင်းသောသူ၊ သီလကောင်းသော သူ၊ ရိုးဖြောင့်သောသူ၊ တည်ကြည်သောသူ၊ လူ၊ နတ်၊ သိကြား၊ ဗြဟ္မာတို့၏ ချီးမွမ်းခြင်းကို ခံရသောသူတော်ကောင်း တယောက် ဖြစ်ပါပေ၏ ဟူ၍၊ ယုံကြည်နှစ်သက်သူ ပေါများခြင်း၊ ပေးကမ်း မစ ချင်သူ ပေါများခြင်း၊ သိလမဂ္ဂိသော သူယုတ်မာတို့သည်။ မော်၍ မကြည့် ဝန့်ခြင်း။ လောကမှာလဲ၊ ကြံတိုင်းအောင်၍ ဆောင်တိုင်းမြောက်နိုင်ခြင်း စသော အကျိုးကျေးဇူး တို့ကိုလည်း ခံစားရ လတံ့။ သေသည်၏ အခြားမဲ့၌လည်း၊ အပါယ် လေးပါးသို့ မကျ မရောက်နိုင်ခြင်း။ ဝဝတို့ ဖြစ်လေရာ ဘဝတိုင်း တို့၌လည်း၊ အသက် ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာ ကြီးခြင်း၊ ခွန်အား ကြီးခြင်း၊ ဥာဏ်ကြီးခြင်း တည်းဟူသော အကျိုးထူးတရား ငါးပါး တို့နှင့်လည်း ပြည့်စုံကြလတံ့ဟူ၍ မှတ်ကြရမည်၊ ။ဤကား ငါးပါးသီလကို နိစ္စသီလ၊ ဂရုဓမ္မသီလ၊ အာဘယသီလ၊ ဓမ္မဒါန၊ မဟာဒါန၊ အဘယဒါနဟူသော အမည်ထူး၊ ဂုဏ်ထူးမျိုး အနှံကျအောင် ကျင့်သုံးဆောက်တည်လျက် ရှိကြကုန်သော သူးတော်ကောင်းတို့၏ ခံစား စံစား အပ်သော အကျိုးကို အကျဉ်းအား ဖြင့် ပြဆိုခန်းပြီး၏။ ။

——:o:——

ထို့ပြင် နိယာမ၊ ဓမ္မတာသိလမျိုးဖြစ်သော၊ အောက်တန်းစား ငါးပါး သိလကလေးလောက်မျှ အသက်ထက်ဆုံးမြဲစွဲသည်အတွက်။ ပစ္စုပ္ပန်မျက်မှောက်တွင် ဒိဋ္ဌဓမ္မအကျိုးထူးများကို ခံစားရခြင်း၊ နတ်သိကြားမင်းများကလည်း၊ စောင်မကြည့်ရှုခြင်း အကျိုးကျေးဇူးများကို အထင်အလျားဒိဋ္ဌမျက်မှောက် ခံစားရခြင်းကြောင့်၊ ဤဘဒ္ဒကမ္ပာမှာ ဥဒါန်းတွင်၍၊ နေလအသွင် ထင်းပါကျော်စောလျက်ရှိနေသော၊ မြတ်စွာဘုရားသည်လည်း လက်ဖျားခါ၍၊ တော်ပါပေတယ်ဟူ၍ အထူးချီးမွမ်းခြင်း ပြုတော်မူသော၊ ပါဋိတော်လာ။ ဇာတ်တော် ဝတ္ထုတော်များကို ထင်လျားအောင် ပြဆိုဦးအံ့။ ။

အရှင်ဂေါတမမြတ်စွာဘုရားရှင်အလောင်းတော်သည်။ပညာရှိ မဟာသဓာသုခမိန်ဖြစ်စဉ် ဘဝက။ ကြင်ရာဖြာသော အမရာဒေဝီကို သေနက အမတ်၊ ပက္ကုသအမတ်၊ ကာမိန္ဒအမတ်၊ ဒေဝိန္ဒအမတ်၊ ဤအမတ်ကြီးလေးယောက်တို့သည်။ ဖြားယောင်း၍၊ ကာမဂုဏ်ရာဂအလိုသို့ လိုက်စေသော်လည်း။အမရာဒေဝီသည်။ ခင်မွန်းဖြစ်သူ မဟာသဓာ၏ ဂုဏ်ကျေးဇူးတို့ကိုသာ မျှားစွာဖော်ပြ၍၊ ပိဝိ၏ငါးပါးသိလမြဲကြောင်း။ သိလသည် ပိဝိအား အမြဲစောင့်ရှောက်လျက်ရှိနေသည်တို့ကိုလည်း ဖော်ပြ၏။ အမရာဒေဝီသည်၊ ပိဝိအား ငါးပါးသိလသည်။ မွေးသည့်နေ့ကစ၍၊ အမြဲစောင့်ရှောက်လျက် ရှိနေကြောင်း၊ အမိ၊အဘ၊ မောင်၊ အစ်မ၊ဆွေမျိုး၊ ခင်မွန်းမျှားအပ်ထိန်းသည် ဆိုသော်လဲ၊ ကွယ်ရာ၊ လွတ်ရာမှာ၊ မကောင်းကြံ၍၊ ပေါက်ပြန်နိုင်သေး၏၊ ပိဝိ၏အစ္ဆရိယဓမ္မရှိသော၊ အတွင်းတရားငါးပါးသီလ အပ်ထိန်းပျက်ရှိနေခြင်းသည်။မည်သည့်အခါမျှ ဆိတ်ကွယ်ရာ အရပ်မရှိကြောင်း၊သိလမြဲသော သူတော်ကောင်းအား။နတ်ကောင်းမသည်၊သိလမရှိသောသူယုတ်မာအား နတ်ဆိုးမျှက်သည်။ ပိဝိ၏သိလကို မရိုမသေ အလေးမပြု။ပေါက်ကျားဖျက်ဆီးခဲ့ပါလျှင်၊ အပါယ်ဘေးနှင့်လည်း တွေ့ကြုံရလတံ့၊ ပဝတ္တိဘဝတိုင်းတို့၌လည်း၊ ယုတ်မာသောအမျိုးဌာန ဖြစ်လတံ့သည်ကို အာသင်္ခအားဖြင့် နှလုံးသွင်း၍၊ အမတ်ကြီးလေးယောက်၏ ဖြားယောင်းသောအလိုသို့ မလိုက်ဘဲ၊ တရားမမှေဟာဖြ၍၊ ညွှင်းပယ်လိုက်သည့်ပြင်။ အမတ်ကြီး လေးယောက်တို့လည်း၊ အကြီးအကျယ် အရှက် ရကြလေကုန်၏။ ဤသို့သော အမရာဒေဝီ၏ ငါးပါးသိလ မြဲကြောင်းကို မြတ်စွာဘုရားရှင်သည် ဟောဖြ၍၊ ယင်းသာဓရာဇာ၏ အားလောင်း။အမရာဒေဝီဖြစ်စဉ်ကငါးပါးသိလ အရာမှာ၊တော်ပါပေသည်ဟူ၍၊ ချီးမွမ်းတော်မူဘုးသောကြောင့်၊ အမရာသည် တော်တပါး အပါအဝင်ဖြစ်ကြောင်း ဘုရားဟောပါဠိတော်တွင် အထင်အလျားပါရှိလေ၏။ ။

အမရာဇာ၏တော်တဝ ဝင်ကြောင်းအကျဉ်းငြီး၏၊

ထို့ပြင်၊ အရှင်ဂေါတမမြတ်စွာဘုရားရှင်၏။ အလောင်းတော်နှင့် ယသောဓရာဒေဝီ၏အလောင်းတော်တို့။ဟိမဝန္တာတောင်ထိပ်ရှိ၊အနဝတတ်အိုင်မှာ ရံလျက်ရှိသော တောင်ငါးလုံးတို့တွင်၊ အပါအဝင်ဖြစ်သော၊ က

လာသင့်တောင်၏ထိပ်ပေါ်၌၊သုဝဏ္ဏဂိရိမြို့မှာ၊စန္ဒကိန္နရာနှင့်စန္ဒကိန္နရီတို့ဖြစ်ကြစဉ်ဘဝက။ ဂင်္ဂါမြစ်လက်တက်ဖြစ်သော၊ တရုတ်ပြည်သောမြစ်နားသို့ အလည်အပတ်၊အပျင်းဖြေဆိုသလိုဘဲ၊လာကြောက်၍။ မြစ်ဆိပ်သို့ဆင်း၍၊ ရေကစားကြ၏။ ပန်းအမျိုးမျိုး တို့ကိုလည်း၊ ရှာဘွေ ဆွတ်ယူပန်ဆင်၍ကခုံ မြူးတူးပျော်ပါးကြ၏။ ထိုအခါ ဗာရာဏသီပြည် ဇုဟွဒတ်မင်းကြီးသည်၊ သမင်အသားအစားကြူးသောကြောင့် တိုင်းပြည်မှထွက်၍လက်နက် လေး မြား ပြည့်စုံစွာဖြင့်၊ သမင်သား ရှာဘွေ လိုက်လာရာ၊ကိန္နရာမောင်နှံတို့ရှိရာမြစ်နှုးသို့ရောက်လာလေ၏။မင်းကြီးသည်။ ကိန္နရာတို့၏အသံကိုကြားလျှင်။မိဒို၏ခြံသံကိုမကြားစေမူ၍။ ပုနဲ်းကွယ်ရာအရပ်၌ရပ်လျက်။ကိန္နရာတို့ကိုမြင် လျှင်။ကိန္နရီမ၌တပ်စွမ်းသော စိတ်ရှိသည်ဖြစ်၍ကိန္နရာဖိုကိုလေးမြားလက်ချက်ဖြင့်သေစေပြီးလျှင်၊ကိန္နရီမကိုယူဆောင်၍၊ မိဖုယားပြုအံ့ဟူ၍၊ သိသမရှိသော သူယုတ်မာတို့၏အလေ့ဖြင့်၊ကိန္နရာဖိုကို သေးဖြင့်ပစ်၏။ကိန္နရာဖိုသည်း ပြင်းထန်သောဝေဒနာဖြင့် မြစ်ကမ်းသဲသောင်ပေါ်၌ သွေးယိုစီးလျက်လဲလေ၏။ ကိန္နရီမသည်လည်း၊ မောင်တော်၌ မြားစူးသောဒဏ်ရာမှ၊ များစွာသော သွေးယိုစီးသည်ကို မြင်၍၊ အားကြီးသော စိုးရိမ်ခြင်းကို သည်းမခံနိုင်သောကြောင့်၊ ပြင်းစွာသော အသံဖြင့်ငိုကြွေး၏။ဗာရာဏသီမင်းကြီးသည်၊ကိန္နရာဖိုသည်၊ သေသည် ဖြစ်လတံ့ဟု တောမှထွက်၍၊ ကိန္နရီမကို မြင်စေအံ့ဟု၊ ဝိမိကိုယ်ကို ပြ၏။ ကိန်နံရီမသည်။ မင်းကြီးကိုမြင်၍၊ ဤသူယုတ်မာကြီးသည်။ ငါ၏ချစ်လင်ကို လေးနှင့်ပစ်သည်ထင်၏။ ဤတောတောင်၌ အခြားသူလည်းမရှိ၊ဤသူယုတ်မာကြီးသည်။ ငါ၏ချစ်လင်ကိုပစ်ထား အမှန်ပါဘဲ ဆို၍၊ ကိန္နရီမသည်။ကြောက်လန့်တုန်လှုပ်လျက်၊ မနိုးမဝေးရှိတောင်ထိပ်ပေါ်သို့ တက်၍ ပြေးပြီးလျှင်၊ မင်းကြီးကို ငါခွန်းသောစကားဖြင့် ဆဲရေး၏။ ။

က၊ ကျွန်ုပ်တို့ကိန္နရာမောင်နှံတို့သည်၊ တဦးနှင့်တဦး အလွန်ချစ်ခင်ရုံမက်မေတ္တာသက်၍၊ပျော်ပျော်ပါးပါးနေကြရာ။မောင်တော်ကိန္နရာဖိုအား၊ မတရားသဖြင့် မြားနှင့်ပစ်၍လဲစေသောကြောင့်၊ သင်မင်းကြီးသည်။သိလ်မရှိသော သူယုတ်မာအစစ်ပေတည်း။ ။

ခ၊ မောင်တော်ကိန္နရာဖိုကို မြားနှင့်ပစ်လေသောကြောင့်၊ ကျွန်ုပ်၏နှလုံးသည်၊ လွန်စွာစိုးရိမ်ခြင်းဖြစ်၏။သင်မင်းကြီး၏၊ မွေးမိခင်သည်လည်း ကျွန်ုပ်၏စိုးရိမ်ခြင်းမျိုးကဲ့သို့၊ စိုရိမ်ခြင်းနှင့် တွေကြုံလတံ့၊ ။

၈၊ ကျွန်ုပ်သည်။ မောင်တော်အစ်တွေက် စိုးရိမ်ခြင်းဖြစ်သလို၊သင်မင်းကြီး၏ မိဖုယားကြီးသည်လည်း စိုးရိမ်ရခြင်းမျိုးနှင့် တွေ့ကြုံရလတံ့၊

၉။ အကယ်၍ မောင်တော်သည်။ သေသည်ဖြစ်အံ့၊ ကျွန်ုပ်သည် မောင်တော်ကို မမြင်ရတဲ့ဖြစ်လိမ့်မည်၊ ကျွန်ုပ်ဖြစ်သလို၊ သင်မင်းကြီးလဲ သင်၏နန်းတော်၌ရှိသော သားတော်ကို မမြင်ရလတံ့၊ ။

၁၀။ အကယ်၍ အ ကျွန်ုပ်၏ ချစ်လင်သည် သေ၍အကျွန်ုပ်နှင့် ကွဲခဲ့သော်၊သင်မင်းကြီးနှင့်မိဖုယား သားသို့မိုသည်လည်း ကွဲကြလတံ့။ ။

ဤဆိုအပ်ခဲ့ပြီးသော၊ ငါးခွနန်းသာစကားဖြင့်၊ ကိန္နရိမသည်၊ ဗာရာဏသိမင်းကြီးအား၊ဆဲရေးပြီးသော်လဲ။ကရဏာမပြု မကြားယောင်ဆောင်၍။ မင်းကြီးက ကိန္နရိမကိုသာ မာယာအမျိုးမျိုးတို့ဖြင့်လှည့်ပတ် ဖြောင်းဖြ၍၊ မိဖုယားဖြစ်စေလိုကြောင်း ပြော၏။ကိန္နရိမကပြန်ပြောသည်မှာ၊ ကျွန်ုပ်မှာ၊ မိဘရိုးရာကအစဉ်ပါလာသော၊ နိယာမဓမ္မတာ ငါးပါးသီလသည်၊လူသွားရာအရိပ်ပါသကဲ့သို့၊ စောင့်ရှောက်လျက်ရှိ၏။ သင်သည်။ပြန်လေလော့၊ဘုရင်လိုပင် ဖြားယောင်း ပြောဆိုသော်လဲ၊ ပင်ပန်း ရုံသာ ရှိတော့မည်၊တော စောင့်နတ်၊ တောင်စောင့်နတ်တို့ အလွန်ပေါများသော ဤတောအရပ်၌၊ နောက်ထပ်၍ မပြောလေနှင့်၊ သူတော်ကောင်းဖြစ်သောနတ်မင်းတို့၏ ကဲ့ရဲ့ဖြစ်တင်ခြင်းကို ခံရလတံ့ဟူ၍၊ မာန်ပါပါနှင့် ပြောသောအခါ၊ မင်းကြီးသည် အာရုက်ခု၍၊နန်းတော်သို့ ပြန်ရုံလေ၏။ ။

မင်းကြီးပြန်သွားပြီးနောက်။ကိန္နရိမသည်။ တောင်ပေါ်မှ ဆင်းသက်၍၊ ကိန္နရာဖိုရှိရာသို့ ချဉ်းကပ်ပြီးလျှင်၊ မောင်တော်ကို ဖြည်းညှင်းသာယာစွာ စမ်းသတ်၍ ကြည့်သောအခါ။ မောင်တော်မသေသေးကြောင်းသိ၍၊ နတ်တို့အားတိုင်ကြားသောအမှုကိုပြု၍၊ ထိုစန္ဒကိန္နရာအသက်ကိုပေးအံ့ဟု ကြံ၍၊လောကပါလမည်သော နှတ်တို့သည် မရှိကုန်သလော။ မေ့လျော့၍ပင် နေကြကုန်သလော၊ သေလေကုန်သလော။ ကျွန်ုပ်၏ ချစ်လင်သည်၊ငါးပါးသီလမြဲ၍၊ သူတော်ကောင်းစင်စစ် ဖြစ်ပါလျက်နှင့်၊ အဘယ်ကြောင့်မစောင်မ၊မကြည့်ရှုသနည်း။ သူတော်ကောင်းနတ်ကောင်းမဆိုတာဘာလုပ်နေကြသလဲ၊ အမြန်စောင်မကြပါကုန်လောဟူ၍ တိုင်ကြား၏၊ကျွန်ုပ်သည်လည်း၊သီလမြဲသော သူတော်ကောင်းမှန်ပါ၏။ ဤမှန်သော သစ္စာစကားကြောင့် သိကြား၊နတ်မင်း အပေါင်းတို့။အမြန်စောင်မကြပါကုန်လောဟူ၍၊ တိုင်ကြားသောအခါ။ကိန္နရာမောင်နှံ၏သီလအဟုန်ကြောင့်၎င်း၊ သောက

၊ဧဟုနှင့်ကြောင့်ရင်း။သိကြားမင်း၏နေရာ၊ ငဏ္ဍုကမ္မလာကျောက်ဗျာသည် ဘင်းမာ၍ပူသည် ဖြစ်၏၊ သိကြားမင်းသည် ဆင်ခြင်လတ်သည်ရှိသော်၊ ထိုအကြောင်းကို သိ၍၊ ပုဏ္ဏား၏အသွင်ဖြင့် လာလတ်ပြီးလျှင်၊လက်၌ပါလာသောကရားမှရေကိုယူ၍၊ဘုရားလောင်း၏ကိုယ်ပေါ်၌သွန်းလောင်း၏။ ထိုခဏ၌လျှင်၊မြွားဆိပ်သည် လျော့ကျ၏။ အနာသည် အသားနုတက်၍ ပျောက်၏။ အမာရွတ်သည် မထင်။ရှင်းရှင်း ကွယ်ပျောက်၏။ စန္ဒကိန္နရီသည် ချစ်လှစွာသောလင်၏ ရောဂါသည် ပျောက်၍၊ ကျမ်းမာသည်ကိုဖြင်သျှင်၊ ပုဏ္ဏား၏ခြေကိုကိုင်၍ ရှိခိုး၏။ ပုဏ္ဏားသည်။ ကိန္နရာမောင်နှံတို့ကို ခေပြော၏၊ငါသည် ပုဏ္ဏားမဟုတ်၊ သိကြားမင်းဖြစ်၏။သင်တို့၏ ငါးပါးသီလဘန်းခိုးကြောင့်၊ မနေပိုင်၍ ဆင်းလာပြီးသျှင် စောင်မရှု၏။ သင်တို့မောင်နှံနှစ်ယောက်တို့သည်၊ နောင်ကို ဤလူ့ပြည်နှင့်နီးသောအရပ်သို့မလာကြဘဲလှန့်၊ စန္ဒမည်သောကေလာသင့်တောင်သို့ပြန်၍ နေကြကုန်လော့ဟုမှာကြား၊ပြီးလျှင်၊ သိကြားမင်းသည်၊ ဒေဝဒူတသုတ်ပြည်သို့ ပြန်လေ၏။ ။ကိန္နရီမသည်၊ ကိန္နရာဖို၏လက်ကိုဆွဲ၍၊ ကျွန်ုပ်တို့ကိန္နရာမောင်နှံ တို့သည်။ တဦးနှင့်တဦးခွဲးဖြစ်နောက်ဖြစ်ပြော၍၊ ချစ်ဖွယ်သောစကားကိုဆိုလျက်၊ စန္ဒမည်သောနေရင်းဌာန ကေလာသင့်တောင်သို့ပြန်ကြကုန်အံ့ဟု ဆိုလို၍။ ။

ဝိစရာမဒါနိ ဂိရိဝန နဒိယော၊
ကုသုမာဘိကိဏ္ဏာသောတာယော။ ။
နာနာဒုမဝသနာယော၊
ဝိယံဝဒါအညမညဿ။ ။

ဟူသောဂါထာတို့ကိုဆို၏။ ။သာဓု၊အကျွန်ုပ်စန္ဒကိန္နရီမကလေး၏ ငယ်ကကြင်သည်၊ငယ်လင်ဖြစ်သူကိုစန္ဒ။မယံ၊ အကျွန်ုပ်မောင်နှံ တို့သည်၊ အညမညဿ၊လည်နွဲ့ယှက်ခါ၊ ရုံမက်စွာနှင့် အချင်းချင်းအား။ ဝိယံဝဒါ၊ ဗာရာဏသီ မင်းကြီး၏အပေါ်၌ သျှစ်လျှိုဖြစ်၍ ရှေးဖြစ်နောက်ဖြစ် ပြော၍ ချစ်ဖွယ်သောစကားကိုသာ ပြောဆိုကုန်လျက်၊ ဇာဒါနိ၊ယာဒုအခါ၌။ ကုသုမာဘိကိဏ္ဏာသောတာယော၊ မာလာ ကျိုကျား။ မဇ္ဈ။နေဝိဇာ၊ ဇိဇဝါ၊ခေါင်ရမ်း၊ကသစ်ပန်းအရုံ၊များစွာသောပန်း အဖုံဖုံတို့ဖြင့် ပေါများကုန်လျက်၊

ရေအယဉ်တို့ဖြင့် အစဉ်မပြတ်စီးကုန်သော။ နာနုဒမဝသနာယော၊ ကေလာသ ငွေတောင်သို့သွားရာ လမ်းခရီးအစဉ်၌ရှိကြကုန်သော၊ အထူးထူးသော ဆီးနှင်းရေခဲမြဲတို့သို့ စားကောင်းသောက်ကောင်း မြင်သူအပေါင်း ရွှမည်သောင်းလောက်အောင် သစ်ပင် နွယ်ပင် ပန်းပင် တို့ဟူသော အဖုံးအလွှမ်းရှိကုန်သော။ ဂိရိဒနုဒယော၊ ဟိမဝန္တာ၊သာယာစုံလင်၊ တောင်တောမြစ်ခွင်သို့။ဝိဝရာမ၊ လူ့ပြည်နိုးရာဖြင့် အော်ကြောက်လန့်ကြပေါ့။ပျော်ပျော်ပါးပါးကြီးသွားကြပါကုန်အံ့။ ။ဤသို့အားဖြင့် ဂါဆာကိုရွတ်ခါ ဆိုခါ။သိကုံးခါဖြင့် ကိန္နရာမောင်နှံတို့ ကေလာသးငွတောင်သို့ ပြန်ကြလေကုန်၏။ ။ဤအချက်၌ စန္ဒကိန္နရာဖို၏ အသက်ချမ်းသာခွင့်ရတာ ကိန္နရီမ၏ အောက်တန်းစားဖြစ်သော၊ ငါးပါ.သိလ၏ အရှိန်တန်းခိုးပင်တည်း၊ ၎င်းပြင်ဗာရာဏသီမင်းကြီးသည်၊ မဘရားကြီးမည်ပြုရာ မအောင်မြင်ဘဲ၊ အယ္ဂက်ရ၍၊ ပြန်ရခြင်းသည်လည်း၊ ကိန္နရီမ၏ ငါးပါးသီလ၌အလေးပြု၍၊ ရိုးသခြင်းကြောင့်ပင်တည်းဟူ၍ မှတ်ယူကြရမည်၊ထိုကြောင့် ငါးပါးသီလမြဲလျှင်၊သိကြားမင်းမဒနုပိုင်။ လူ့ပြည်သို့ ဆင်း၍ စောင်မရ၏။ယခုအခါ ဗုဒ္ဓဘာသာဝင် သူတော်စင် အပေါင်းတို့သည်လည်း၊ အာရာဂျီးဒ္ဒ ကြီတိုင်းအောင်၍၊ ဆောင်တိုင်းမြောက်အောင် စန္ဒကိန္နရာ၏ ဇာတ်တော်ကိုနှလုံးထား၍၊ နိယာမဓမ္မတာအတိုင်းပါလာသော၊ ငါးပါးသီလကို အထူးအလေးပြုကြကုန်ရာ၏။ ။သို့ဖြစ်၍ မြတ်စွာဘုရားရှင်သည်။ ဘုရားဖြစ်စက ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ ပင့်လျှောက်ချက်အရ၊ ကပိလဝတ်ပြည်သို့ နောက်ပါရဟန်းများနှင့် ဆွမ်းခံကြွရာ၊ယသောဓရာ၏ အလောင်းစန္ဒကိန္နရီဇာတ်ကို၊ အတိတ်ဆောင်၍ ဟောပြပြီးလျှင်၊ ကိန္နရီမကလေးသည်။ ထိုအခါတုံးက သီလအရာမှာ တော်ပါပေသည်ဟူ၍၊ ချီးမွမ်းတော်မူတော်ကြောင်း။ ဘုရားဟောပါဋိတော်မှာပင်။ အထင်အလျားပါရှိလေသတည်း။ ။ဤကား စန္ဒကိန္နရီမကလေးသည်။သီလအရာ၌တော်ပါပေ၏ဟူ၍၊ ချီးမွမ်းခြင်းခံရ ဘုံးသောကြောင့် တော်တဝင်းကြောင်းဖြဆိုခန်းသည်အကျဉ်းအားဖြင့်ပြီး၏။ ။

ထို့ပြင်အခန်းငါးတမျှော်စွာဘုရားရှင်၏အသေးတော်၊ဝေဿန္တရာမင်းကြီးနှင့်မဒ္ဒိဒေဝီတို့။ ဝဏ်ဘာဒတောင်၌၊ ဝိသကြုံနတ်သားဘန်ဆင်းသော၊

ကျောင်းဌိနေကြစဉ်၊ မဇ္ဈိဒေါသည်သစ်သီးရှာသွားခိုက်။ ဇာလိ၊ ကဏ္ဍာဇိန်၊ သားတော်၊ သို့းတော်တို့ကို။ ခမည်းတော်ဝေဿန္တရာမင်းကြီးသည်။ ဇူစကာပဏ္ဏားအား လှူသိုက်ရာ။ အထးမြောက်လွယ်အောင်၊ နတ်သားသုံးယောက်တို့လာ၍၊ မဇ္ဈိဒေါကိုဝဂ်ဘာတောင်အပြန် နောက်ကျအောင်။ ခြင်္သေ့၊ ကျား၊ သစ်တို့အယောင်ဘန်ဆင်း၍။ အတောင်ကြာအောင်လမ်းခရီးကတားဆီး၍ထားကြလေသောကြောင့်၊ မဇ္ဈိဒေါသည်။ အချိန်မဲ့လမ်းမမြင်နိုင်ဘဲ၊ မှောင်ရိက်၍နေ့လေသဖြင့်၊ ခါတိုင်းအချိန်မှောက်ခဲ့သို့။ ဝဂ်ဘာတောင်သို့မပြန်နိုင်ဘဲဖြစ်နေလေ၏။ ခြင်္သေ့၊ ကျား၊ သစ်တို့အယောင်ဘန်ဆင်းသော၊ နတ်သားသုံးယောက်တို့စတဖန်စဉ်းစားကြသည်မှာ၊ ယခုညည့်နက်၍လထွက်ချိန်တန်ပြီ။ အလောင်းတော်ငင်းကြီးသည်၊ သားတော်သို့းတော်တို့ကိုလှူလိုက်သော။ ဇူစကာပဏ္ဏားသည်လည်း။ခရီးဝေးလောက်ပြီ။ မဇ္ဈိဒေါသည်၊ အသက်မကချစ်လှစွာသော ရင်သွေးတော်များ အတွက်။ အကယ်၍တားဆီးကန့်ကွက်သို့သော်လည်း။မဖြစ်နိုင်တော့ပြီ။ မဇ္ဈိဒေါကို ဝဂ်ဘာတောင်သို့ပြန်စေရန်၊ အချိန်သင့်ပြီ၊ လမင်းလည်းထွက်ပေါ်ပြီ။ကျွန်ုပ်တို့နတ်သားသုံးယောက်တို့သည်၊ ခြင်္သေ့၊ ကျား၊ သစ်တို့အယောင်ဘန်ဆင်းရာမှ။ကွယ်၍၊ နတ်ပြည်သို့ပြန်ကြအုံဟူ၍။ တိုင်ပင်ကြပြီးလျှင် ပြန်ကြလေ၏၊ မဇ္ဈိဒေါသည်လည်း၊ လရောင်ဖြင့်၊ ဝဂ်ဘာတောင်သို့ပြန်လေ၏၊ ခါတိုင်းအချိန်မျှားကဲ့သို့၊ ဝဂ်ဘာဘောင်၊ ကျောင်းသင်္ခမ်းသို့မရောက်နိုင်ဘဲ၊ လမင်းသည်အတော်မြင့်မှ ရောက်လေသောကြောင့်၊ အချိန်လည်းလွန်၍။ အချိန်မဲ့ဖြစ်နေလေ၏၊ ။ဝဿန္တရာမင်းကြီးက၊ နှစ်မတော်မဇ္ဈိဒေါသည် ခါတိုင်းကဲ့သို့မဟုတ်။ လမင်းအတော်မြင့်မှ ရောက်၍၊ အချိန်လွန်ခြင်း၏ အကြောင်း၊ သိရလေအောင်။ မဇ္ဈိဒေါအား။ မခံသာသောစကားကိုဆို၏။ မဇ္ဈိဒေါ-သင်ကား၊ သူတပါးကို့ကြည်ညိုနှစ်သက်ဘွယ်သော၊ လုံးရပ်သဏ္ဌာန်၊ ကြွနှံအင်္ဂလက္ခဏာ။ အရွယ်အဆင်းနှင့်ပြည့်စုံ၏။ ဤတောအရင်မည်သည်။ ရသေ့၊ ရဟန်း၊ ဝိဇ္ဇာဓိရ်၊ တောသားမူဆိုးစသောသူတို့သည်လည်း၊ များစွာထွက်ပေါက်သွားလာကြ၏။ သင်သည်၊ တောအရပ်၌မည်သို့ကြံသည်။ မည်သို့ဖြစ်လိမ့်မည်ကို။ အဘယ်သူသိနိုင်ချေအုံးနည်း။ သင်သည်နေ့တိုင်းရောက်ချိန်ကိုမရောက်။ အဘယ်ကြောင့်ယနေ့အချိန်လွန်၍၊ နောက်ကျဘိသနည်း။ နံကစောစောကပင်လျှင်၊ တောသို့သွားသလားသည်။ သို့နှင့်ယခုညည့်အချိန်မတော်မှ၊ ရောက်လာ၍။ မေစာထင်းမီးရှာပြီးလျှင်၊ လင်းကိုလုပ်ကျွေး

သော၊သစ်သိမ်းရှားပိန်းမတို့မည်သည်။သင်ကဲ့သို့မပေ့ါတ်၊ သွားချိန်က်သွေး၍၊ ရောက်ချိန်က်ရောက်မြဲတည်း၊သင်သည်ကား။ငါ့သား၊ငါ့သို့ငယ်များ။ည် သို့ဖြင်လိမ့်မည်၊ငါ့လင်မည်သို့စိတ်ဒိုလိမ့်က်မျှအောက်မေ့ခြင်းမရှိ။စိတ်ပိုင်၊ ကိုယ်ပိုင်၊အချိန်အခါမသိ။သွားလိုရာ၊နေလိုရာ။ ယခုလောင်ထွက်မှ သင် ရောက်လာ၏၊ သင်သည်လင်သား၏ စိတ်မသာ မယာရှိအောင်ပြုတိ၏။ ထိုသို့အချိန်တန်၍၊ မရောက်ခြင်းသည်၊ သင်၏အပြစ်ပေတည်းဟု။ ဘုရား လောင်းသည်၊ ဥပါယ်တမျည်၌၊ လိမ္မာတော်မရှလှသော အာဇာဖြင့်၊ ဝိဓုယား ကို၊သားငယ်ခြင်းကြောင့်ကြမ္ဘာဆွေးခြင်းမှငြိမ်းစိမ့်သောဌါ မခံသာအောင်။ဖြိမ်း ချောက်မောင်းမဲ့သောစကားကိုဆိုတော်မူ၏။ ။

မဇ္ဈိဒေဝိသည်၊မင်းကြီးစကားကိုကြားလျှင်။အရှင်မင်းကြီး စိတ်အထူး ဒို့တော် မမူသင့်။အာက္ခန္ဒိပ်လျောက်ပါ၏ဘုံ။ ။နားတော်မူဦးလော့။ ။တော သို့မသွားမှီ မြင်ခဲ့သောအိပ်မက်ကို မင်းကြီးအား လျောက်ကြားခဲ့သည်နှင့် အညီ။သားတော်သို့တော်များအပေါ်၌၊ တကြောင့်ကြကြနှင့်ပင် သစ်သီး ရှာ သွားသောအခါ၊ ယခုအက္ခန္ဒိပ်မှာ ဖြစ်ခြင်းသည်။အသီးအပွင့်ရှိသော သစ်ပင် တို့သည်လည်း၊ မရှိရောင်ထင်၏။ အသီး အပွင့်ရှိသော သစ်ပင် တို့သည်လည်း၊ ရှိခဲ့ရောင်ထင်ခဲ့၏၊ ထိုညသို့က မြင်မက်သော။ ဒုဒိပ်မက် ကိုသာလျှင်အစဉ်မပြတ်တွေးမိ၍ နေခဲ့သောကြောင့်၊ လွန်စွာစိတ်မချမ်း မသာ ရှိနေသည်ဖြစ်၍၊ လက်သွမ် ဖြူရာ သင်္ဘောလံ ဘိုကိုသာ ဆွတ်ပျူ ပြီးလျှင်၊ ယနေ့စောစောက ပြန်မည်အကြံနှင့် မြို့မြန်ထက်ထက် လုံ့လ ပြုနေစဉ်၊ ဤမြေကြီးသည်လည်း ပဲ့တင်ခင်မျှ တုန်သွင်၏၊ တော ကျွေး ဌက်အပေါင်းတို့ သည်လည်း၊သောသောညံမျှ မည်တွဲကြကုန်၏၊ နောက် များမကြာမီပင် ပြန်မည့်လမ်း ခရီး ရှေ့က။ ခြံသေ့၊ကျား၊ သစ်သုံ့ကောင် တို့သည်လည်း၊ ကြောက်မက်ဘွယ်ကား ဆိုး၍ နေခဲ့သောကြောင့်၊ မပြန် ဝန်ဘဲ ဖြစ်နေသည်တကြောင်း၊လမ်းထွက်မီ မှောင်အတိဖြင့်၍၊ လမ်းစရာ မရနိုင်သည်ဖြစ်၍သာ၊ ခါတိုင်းအချိန်၌ မနေရက်ဘဲ ဖြစ်နေရပါသည့် ဖုန် ပါ၏။ နှစ်မနတော်သည်၊ သူတပါး အပေါ်၌ မည်သည့် အကုသိုလ် စိတ် မျိုးနှင့်မျှ ပတ်သက်၍၊ ကိုယ် နှုတ် နှလုံး သုံးပါးကိုတွင်၊ တပါးပါးနှင့်မျှ ပြစ်ဒုံးခြင်း မပြုမိကြောင်း ဖုန်ပါ၏။ဂုဏ်ပြင် နှစ်မနတော်သည်၊မှောင်တော် မင်းကြီး၏ ဒိဗုယား အာဒေစ်နှင့် အလုပ် အနက္ခ ပြုလာခဲ့ရာ၊ ယခုနေ့ထိ ဖြစ်အောင်။ မည်သည့် အချိန်အခါများမှာ၊ ဝတ်ငါးပါးတို့တွင် တပါးပါးများ။

ချိုယွင်းခဲ့လေသနည်း။ ဧဉ်းစားတော် မူစေလိုပါသည်။ ထို့ပြင် နှစ်မတော်သည်။ သစ်သီးရာသွားခိုက် တောထဲမှာ ရှိနေစဉ်။ ဆယ်ပါးသောအရေပမျက်နှာတို့ကို၊ အသိ အသီး လက်အုပ်ချီ၍ ရှိခိုးလျက်။ ကျွန်ုပ်၏ လင် သားသမီးတို့ကို၊ သစ်၊ ကျား၊ ခြင်္သေ့၊ ဝံ၊ အောင်းစသော သားရဲတိရစ္ဆာန် တို့နှင့် သားရဲငှက် အပေါင်းတို့၏၊ ဘေးအန္တရာယ်မှ ကင်းလွတ် ကြပါစေသတည်းဟု၊ ဒေဝီမက်ကိုသတိုင်း ဆုတောင်း မေတ္တာပို့သလျက် ရှိနေကြောင်းသည်လည်းမှန်ပါ၏၊ ဤကဲ့သို့သော အကြောင်းအရာ ကိစ္စတွေနှင့် ဒုက္ခ အမျိုမျိုးတို့ ထွေကြုံနေသည့် အတွက် ကြောင့်သာ၊ ယနေ့သည် နေ့တိုင်းထက် သာလွန်၍ ဖိုးချုပ်ပသည် မှန်ပါ၏။ အကျွန်ုပ် အပေါ်၌ မောင်တော် အနှင်မင်းကြီးသည်။ ယနံ့မကင်း၊ သံသယမရှိ၊ စိတ် နှလုံးမသက်သာရှိတော်မမူပါလင့်။ သည် ခံးတော်မူပါဟု လျှောက်၏၊ သားတော် သြိးတော် တို့ကိုလည်း၊ တောင်ခြောင် ချောက်ကြား၊ ရေကန် ရှိသမျှနှင့် ကစားနေကျ သွားနေ လာနေကျနေရာတို့ဖြစ်လည်း။ တစ မကျန်စေဝင့်အောင် အကြိမ်ကြိမ် အထပ်ထပ်ရှာပါသော်လဲ မားတွသဖြင့် မိန်းမောရှင်းတို့ ဖြစ်ဘန် မျှားသောအခါမှ၊ မင်းကြီးသည်၊ မဇ္ဈိဒေဝီအား သက်သာရာ ရစေပြီးလျှင်။ သားတော်၊သြိးတော်တို့၏၊ အကြောင်းရံလင်စွာ ပြန်ပြောလေ၏။ ဒေဒီမိဖုယားငါသည် သားသြိးတို့ကို အလှူခံ ရောက်လာသော ပုဏ္ဏားအား ကျွန်အလိုငှါ လှူလိုက်ပြီ သို့သော်လဲ မစိုးရိမ်နှင့်။ ပုဏ္ဏားသည် ငေတုတ္တရာနေပြည်တော်သို့ ရောက်သွားငြားအံ့။ ဘိုးတော်၊ ဘွားတော်တို့သည်၊ အဘိုးခေါ်၍ခွေးယူကြလတံ့၊ ဤသို့ ဝေဿန္တရာမင်းကြီးသည်။ဒေဝီယားအား ပြန်ပြောသောအခါ။မဒ္ဒီ ဒေဝီသည်၊အကျင့်သိလ သဒ္ဓါတရားနှင့် ပြည့်စုံပြီးဖြစ်လေသောကြောင့်။ အရှင်မင်းကြီး၊ အကျွန်ုပ်သည်၊ ဆယ်လ ငတ်လုံးဝမ်းဖြင့်လွယ်၍၊ဘွားမြင်လတ်သော်၊ နေ့တိုင်းသုံးကြိမ်။ သုံးကြိမ် ရေချိုးပြီးလျှင်။နှံသာပြောင်း လိမ်းဆင်သျှက်။ နွားနှဲသည်ဖြင့် ရင်နွင်ပေါ်၌၊ မွေ့ကျွေးသုတ်သင်ခြင်းဖြင့်၊ ကြီးစေအပ်သော သား သြိးများကို၊ အရှင်မင်းကြီးသည်၊ အလွန်ဝန်တိုတတ်သော၊ လောဘ အလွန်ကြီးတတ်သော ပုဏ္ဏားအား။ ကျွန်အလိုငှါ လှူလိုက်ခြင်းကို ဝမ်းမြောက်ပါ၏။ လှူတော်မူပြီးသော အရှင်မင်းကြီးသည်။ ငေတနှာ သုံးတန်မြောက်အောင်သာ၊ စင်ကြယ်စွာသဘောထားတော်မူပါ။ တွန့်တိုခြင်း မရှိအောင်၊ သဒ္ဓါတရားကို ကြည်လင်တော်မူစေပါလေ၊ထို့ထက်အလွန်လည်း၊ အရှင်မင်းကြီးမှာ ကျေးဇူး

များမည်ထင်လျှင်၊ အကျွန်ုပ်ကိုပင် အလှူခံချောက်လာသော၊ မည်သူမဆို အကြင်သူအား ကျွန်အလိုငှါ လှူတော်မူပါး၊ သင်ဘော တူညီ ပါ၏၊ ထိုထက်အလွန်လည်း အဘန်တလဲလဲ အလှူပေးနိုင်ခြင်းသည် ဖြစ်ပါစေ သတည်းဟုအနုမောဒနာပြု၏။

ထိုစကားကို ကြားလျှင်၊ ဘုရားလောင်းသည်။ ဒိဗ္ဗုယားဇ၏ အတွင်း အပြင်သဘောထားပုံ။ စေတနာ၊ သဒ္ဓါတရားတို့ကိုသိ၍။မဒ္ဒီဒေဝီ၏သီလ အကျင့် စင်ကြယ်ကြောင်း ချီးမွမ်း တော်မူ၏။ ထို အလောင်းတော်၊ ဝေဿန္တရာမင်းကြီးသည်။အရှင်ဂေါတမဖြင့်စွဲဘုရားဖြစ်တော်မူသော အခါ၊ ဇေတဝန် ကျောင်းတော်၌၊ အတိတ်ကို ဆောင်၍။ ဝေဿန္တရာ ဇာတ်ကို ဟောတော်မူသောအခါ၊မဒ္ဒီဒေဝီသည်။ သီလအရာ၊ စေတနာ၊ သဒ္ဓါတရား။ အရာမှာတော်ပါပေသည်ဟူ၍၊ ချီးမွမ်းတော်မူဘူးကြောင်း။ ပါဠိတော်များမှာအထင်အလျှားပါရှိလေသတည်း။

ထိုကြောင့်မဒ္ဒီဒေဝီ၏၊ သီလအရာမှာ၊တော်တဝေါ၀င်ကြောင်းအကျဉ်း ပြီး၏။ ။

—o—

ထိုပြင် ယခုဘုန်းကြီးတို့ကြည်ညိုစိတ်ကဲ့ ကိုးကွယ်သော။ ဖြတ်စွာ ဘုရားရှင်ပွင့်တော်မမူမီ ရှေးအတိတ်ဘဝက။ ပသေနဒိကောသလမင်း ကြီး၏၊ အလောင်းတော် သေးထွိသေနမင်းကြီးနှင့်၊ ကလိင်္ဂဒိဗုယားအ လောင်း၊သန္တုလာတို့သည် ဗာရာဏသီပြည်၌မင်းလုပ်စိုးခံ၍နေကြစဉ်အခါ က။မင်းကြီး၌ကုဋ္ဌနှုနာသည်စွဲကပ်လ၍၊ ထိုအနာဖြင့်မင်းကြီးသည်၊ များ စွာ၊ ဒုက္ခဝေဒနာတို့ကိုခံစားရ၏၊ များစွာလည်းစိတ်မချမ်းမသာဖြစ်၏။မှူး မတ်ပရိသတ်တို့ကိုလည်းအလွန်ရှက်၏။ တပါးသောမင်းတို့၏ကဲ့ရဲ့ဘွယ် ရာလည်းဖြစ်လတံ့၊သို့အတွက်ကြောင့် ငါသည်၊ ဤတိုင်းပြည်၌ မနေလို ကြောင်း။ဒိဗုယားကြီးအားတိုင်းပင်ပြောဆို၏။မင်းကြီး၏စကားကိုကြား၍ ဒိဗုရားကြီးက၊ အရှင်မင်းကြီးသည်၊မည်သည့်အရပ်သို့သွားလိုပါသနည်း၊ မင်းကြီးက၊ငါသည်၊တိမဝန္တာတောသို့သွား၍၊ ရောဂါကိုသက်သာစေနိုင် သော၊သစ်သီး။သစ်ဥ။သစ်ဖု။သစ်မြစ်တို့ကိုသာ စားသောက်မှီဝဲ၍နေရလျှင် သင့်လျော်လိမ့်မည်အကြံရှိသည်ဟုဒိဗုယားကြီးအားပြန်ပြော၏။ ထိုအခါ

မိဖုယားကြီးက၊ အာကယ်၍ အခွင့်မင်းကြီးသည်။ တိုင်းပြည်ကို စွန့်၍၊ ဟိမဝန္တာသာယာရုံလင်မြိုင်တောတွင်ဝယ်နေလိုကြောင်းအံ့။ နွှစ်မဲတော်သည်လည်း။ဆင်းရဲလျှင်အဝတ္ထုခံ။ချမ်းသာလျှင်လည်းအဝတ္ထုစံ သဘောမျိုးနှင့်လင်၏ဝတ်ကို။ မပျက်မကွက်ပြည့်စုံစွာဖြင့် နောက်တော်ကလိုက်၍၊ အလုပ်အကျွေးပြုပါဘုံဟူ၍လျှောက်ထား၊ မင်းကြီးလည်း မိဖုယားကြီးအား ဆင်းရဲဒုက္ခဖြစ်မည်စိုး၍၊ နန်းတော်၌နေရစ်စိမ့်သောငှါ အကြိမ်ကြိမ်ပြောသော်လဲမရ၍။ မင်းမိဖုယားနှစ်ပါးစုံပင်၊ တိုင်းပြည်မှ ထွက်၍၊ ဟိမဝန္တာတောနက်ရာ၊ အခါရေစာပြည့်စုံစွာရှိသော၊ သင့်တင့်ရာအရပ်ကို ရွေးချယ်၍၊ ကျောင်းသစ်မံးပန်းဆင်း၍၊ သီလသိက္ခာ၊ မေတ္တာဘာဝနာနှင့်နေကြလေ၏။ မိဖုယားကြီးလည်းနေ့စဉ်မပြတ်၊ သစ်သီးဝလံရှာကြံ၍၊ မင်းကြီးအား အရသာပြုပြီးလျှင်၊ကျွေးမွေး၏။နံကတိုင်းလည်း စောစောထ၍၊မင်းကြီးအား ရေချိုးခြင်းဆေးမြစ်မျှားနှင့်ရောလျှော်၍၊ နံသာရသည့်ဘို့ဖြင့်လိမ်းကျံပြီးမှ၊ သစ်သီးရှာထွက်၏။ယင်းသို့၊ရက်၊ လများစွာနေကြသော်လည်းငှက်ကြီး၏ရောဂါသည်လည်း၊ မသက်သာ။ မိဖုယားကြီးလည်း အလွန်ရိုသေစွာဖြင့်ပြုမြဲသောဝတ်ကိုပင်၊ပြုစုလျက်နေကြ၏၊တနေ့သ၌၊မိဖုယားသည်၊မောင်တော်မင်းကြီးအား။ နံက်စောစောကပင်ငြင်မြသော၊ ဝတ်ကိုင်ပြု၍၊ လင်ကိုရှိခိုးပြီးလျှင်၊တန်ခူး။ ဆွန်း၊တောင်းမှောလက်စွဲသူကဲ့သစ်သီးရှာထွက်၏၊ တောအုပ်တောင်လိုင်။ဘန္ဓိင်။ချေဝံကြားထဲမှ၊ အဆိုနတန်၍၊ပြန်ခဲ့နိုး၌။ အလွန်ပူဒိုက်လှသောကြောင့်၊ အသင့်တွေ့ရှိသောရေကန်တခုဝယ်ရေချိုးမည်ဆင်းသောအခါ၊ ထိုရေကန်စောင့်ဖြစ်သော။ တာနေဝယက္ခိုသ်ဘီလူးသည်။ မိဖုယားကြီးကိုမြင်၍၊ လျှင်မြန်စွာလာပြီးလျှင်၊ မိဖုယားကြီး၏၊ လက်နှစ်ဘက်ကိုဆုပ်၍၊ မတရားကျင့်ကြံမည်ပြုရာ၊ မိဖုယားကြီးက၊ လျင်စွာသတိရ၍၊သူတော်ကောင်းနတ်မင်းအပေါင်းတို့ကယ်တော်မူကြပါ။ရေကန်စောင့်ဘီလူးသည်။အကျွန်ုပ်အား။မတရားကျင့်ကြံမည်ပြုပါသည်၊ကျွန်ုပ်သည်။ဤတောအရပ်၌လွှတ်လည်လည်၍၊ သင်္ဘသိမျှား ရှာဖွေပါသော်လဲ၊ တယောက်ထည်းမဟုတ်ပါ။ ကျွန်ုပ်မှာ၊ ငါးဦးသော အပေါင်းအဘော်တို့သည်၊ ကျွန်ုပ်နှင့်အဟုတကွ အမြဲပါရှိပါသည်။ ထိုငါးဦးသော အပေါင်းအဘော်တို့သည်လည်း။ မယ်တော်ဝမ်းက ဖွားမြင်သည့်နေ့ကစ၍၊ ယနေ့ထက်တိုင်အောင်ကွဲမကွာဘဲ၊အမြဲပါရှိ၍နေသည်ကားမှန်ပါသည်၊ငါးဦးသောအပေါင်းအဘော်ဆိုသည်ကား၊ ငါးပါးသီလကိုခေါ်သည်၊ ဤမှန်သောသစ္စာစကားကြောင့်၊

နတ်မင်းအပေါင်းတို့ကူညီဝိုင်း၍။ ။မှိုင်းမတော်မကြပါဟူ၍အကြိမ်ကြိမ် ဓာန်းတလျက်နတ်များအားတိုင်ကြားသောအခါ။ တာဝတိံသာနတ်ပြည်မှ သိကြားမင်းဆင်းလာ၍။ဘီလူးကြီးကို၊ဝဇိရဒုစိန်၊ မိုးယံးကြို့လက်နက်ကို ပြ၍၊တင်းတင်းမာမာ။မြို့ခံးချောက်သောအခါမှ ဘီလူးကြီးသည်၊ကြောက်လန့်၍ထွက်ပြေးလေ၏။ဝိဖုယားကြီးလည်းချမ်းသာရာရ၍၊သစ်သီး တန်ခူး ဆွန်း၊ တောင်းတို့ကိုယူ၍ပြန်လေ၏။ သို့သော်လဲ ဘီလူး၏အနှောင့်အရှက် ကြောင့်။အချိန်လင့်၍။ ခါတုံးအချိန်မရောက်ဘဲ၊ နောက်ကျမှမောင်တော် မင်းကြီးရှိရာကျောင်းသင်္ဃိုင်းသို့ရောက်လေ၏။ မင်းကြီးသည်၊ ဝိဖုယားကြီး အား။သင်သည်၊ အဘယ်ကြောင့်ခါတိုင်းအချိန်မျိုးဌမရောက်လာဘဲ။ဤမျှ လောက်မှောင်မိုက်၊ ညည့်နက်မှရောက်လာသနည်း။ တောထဲ၌၊ ရသေ့ ရဟန်း၊ဝိဇ္ဇာဓိရ်။တောမူဆုံးတို့နှင့်တွေ့၍နောက်ကျသလော၊ သင်ဘယ်လို ကြံတယ်ဆိုတာ။ မျက်စိကွယ်ရာမှာဘယ်သူသိနိုင်အံ့နည်း။ သင်ဝိဖုယား ကြီးအားပါ၌၊ စိတ်ယနုံ့မကင်း။ သံသယရှိသည်ဟူ၍ ပြောသောအခါ။ ဝိဖုယားကြီးက လျှောက်ပြန်၏၊ကောင်းပါပြီ၊ မောင်တော်သည်၊ယခုကျွန်ုပ် အပေါ်၌၊သက်ဒါမကင်းရှိလျှင် မောင်တော်သည်နေ့စဉ်အမြဲအသုံးပြုသော၊ နန်းတော်မှပါလာသော၊ရေကရားဖြင့်၊ကျွန်ုပ်သစ္စာပြုပါမည်၊ နာတော်မူပါ လေ၃။ကျွန်ုပ်သည်၊မယိတော်ဝမ်းမှဘွားမြင်သည့်နေ့ကစ၍၊နိယာမဓမ္မတာ ဖြစ်သော၊သိလအကျင့်များသည်၊မပျက်မကွက်၊အမြဲပါရှိပါ၏။ ။

မောင်တော်မင်းကြီး၏အလုပ်အကျေးဖြစ်သည့်နေ့ကစ၍လည်း။ ဤနေ့ ဤရုက်။ ဤအချိန်တိုင်အောင်။သူတပါးအပေါ်၌မည်သည့်အကုသိုလ်မျိုးနှင့် မျှမဆို၊ကိုယ်နှုတ်၊နှလုံးသုံးပါးတို့တွင်တပါးပါးနှင့်မျှ၊မပြစ်မှားဘူးကြောင်း မှန်ပါ၏။ ဘီလူး၏ နှောင့်ရှက်သော ဘေးမှလည်း။ သိကြားလာ၍ကယ် ဆယ်သောကြောင့်၊တစုံတရာမျှ၊ မငြိတွယ်ခဲ့ဘဲရှင်းရှင်းလွတ်ခဲ့ကြောင်းမှန် ပါ၏။ဤမှနသောသစ္စာစကားကြောင့်။ ကျွန်ုပ်ဝိဖုယားကြီး၏လက်၌ရှိသော ရေကရားထဲမှ၊ ရေကိုအရှင်မင်းကြီး၏ ဦးခေါင်းပေါ်သို့ သွန်းချသည်နှင့်တ ပြိုင်နက်၊မင်းကြီး၌စွဲကပ်သောရောဂါဝေဒနာသည်၊ဝိန်းကြာဖက်တွင်ရေမ တင်လျှော့ကျသကဲ့သို့။ ချက်ချင်းကင်းကွာပျောက်လွင့်ပါစေသတည်းဆို ၍၊ကရားမှရေကိုသွန်းချ၏၊မင်းကြီး၏ရောဂါသည်၊ ကင်းကွာပျောက်လွင့် ၏၊ကိုယ်သား၊ကိုယ်ရေတို့သည်သည်း။ကြည့်ရှု၍ အလွန်တင့်တယ်သော။ အရောင်အဆင်းနှင့်လည်း ပြည့်စုံ၍လာ၏။ ဤကားဝိဖုယားကြီး၏ သိလ

တန်းခိုးပေတည်းဟူ၍၊ မြတ်စွာဘုရားရှင် ဟောတော်မူသည်ကား မှန်၏။ ဤအချက်၌လည်း၊ မြတ်စွာဘုရားရှင်သည်၊ သမ္မုလာမိဗုယား၏ဝဏ္ဏကို အတိတ်ဆောင်၍သိလအာဒိတော်ပါပေသည်ဟုချီးမွမ်းဟောကြားတော်မူလေသတည်း။ ။ဤကားသမ္မုလာမိဗုယားကြီး၏၊ နိယာမဓမ္မတာငါးပါး သိလ၌၊ တော်တဝ ဝင်ကြောင်းကိုပြဆိုခန်းအကျဉ်းပြီး၏။ ။

—o—

ပြဆိုခဲ့ပြီးသော နိယာမဓမ္မတာ ငါးပါးသိလ၌ တသက်လုံး မပျက်မကွက်မြဲစွဲ၍ လာကြလေသောကြောင့်၊ ထိုမြဲစွဲသော ငါးပါးသိလကိုပင်၊ အံ့ရင်းထား၍၊ သစ္စာမိဠာန်ပြုပြီးလျှင်၊ နတ်များကိုတိုင်တည်လိုက်သောအခါ။ သိကြားမင်းကိုယ်တိုင်ကပင် ကူညီစောင်မခြင်းကို ခံရသောကြောင့်၎င်း၊ လူသူမနီး တောမြိုင်ကြီးထဲမှာပင်၊ မတရားကျင့်ကြံမည်လာသော ရန်သူများနှင့် ပက်ပင်းပါတွေ့ကြုံခြင်းသော်လဲ၊ ဒိဋ္ဌိအကျင့်သိလကို မပျက်စီးစေရခြင်းကြောင့်၎င်း၊ လင်သား၊ မိဘများအပေါ်၌ ပြုအပ်သောဝတ်တရားများကိုလည်း၊ မပျက်မကွက် ရှိသေစွာဆောင်ရွက်ခဲ့ကြသောကြောင့်၎င်း၊ ထိုထိုအကြောင်းအရာတွေကို မြင်တော်မူသောကြောင့်၊ မြတ်စွာဘုရားရှင် ကိုယ်တော်တိုင်ကပင် တော်ပါပေ၏ဟူ၍၊ အထူးချီးမွမ်းခြင်းကို ခံရ၍၊ ယခုထက်တိုင် ဘုရားဟောကျမ်းဂန်ပါဠိတော်ကြီးများ၌၊ ထင်လျားကျော်စောလျက်ရှိနေသော၊ အမရာ၊ ကိန္နရီ၊ ဇင်္ဂီ၊ သမ္မုလာ၊ ဤလေးယောက်တို့သည်၊ တော်လေးဝဝင်ကြောင်းကို။ အတိတ်ဆောင်၍၊ ငါးပါးသီလနေရာမှာ၊ သက်သေထား၍ဟောပြရခြင်းဖြစ်ပေသည်၊ တော်လေးဝ ဝင်တယ်ဆိုတာ အပြင်ကအဆင်းအရောင်လှပ ယဉ်ကျေးလွန်းသည်အတွက်။ တော်လေးဝ၊ ဝင်သည်ဟူ၍မဆိုလို။ အကျင့်ကောင်းသည်ကိုသာ ဆိုလိုသည်။ အပြင်က အရောင်အဆင်းလှတာကြောင့်၊ သုဂတိဘဝ၊ ကောင်းရာကိုမရောက်နိုင်။ အတွင်းအစွန်အကြွက် အကျင့်လှတာကိုသာ၊ ဘုရားစသောသူတော်ကောင်းတို့၏ချီးမွမ်းခြင်းကိုခံရသည်ဖြင့်။ သုဂတိဘဝသို့လည်း။ လွယ်လွယ်ပိုင်ပိုင်၊ ရောက်နိုင်လေသတည်းဟူ၍ မှတ်ယူကြရမည်၊ ဘုရားဟောပါဠိတော်ကျမ်းဂန်းများမှာ ငါးပါးသီလကိုအသက်မကချစ်ခင်၍၊ ကောင်းမွန်ရှိသေစွာစောင့်ထိန်းသော၊ ပုဂ္ဂိုလ်တွေများစွာရှိကြပါသေး၏၊ သို့သော်လဲ

အကြောင်းရှိ၍၊ တို့ကဲ့ဆိုင်ရာ။သင့်လျော်ရာကိုသာ၊အတိတ်ဆောင်၍ဟော ပြခဲ့မှုဘာဖြစ်လေသောကြောင့်သာ။အမရာ၊ကိန္နရီ၊မဒ္ဒီ၊သမ္ဘုလာလေးဦးတို့ သည်သာ၊ ထင်လျှားလျက်အပြောအဟောများကြလေသည်၊ ။ဤကား အမရာ၊ကိန္နရီ၊မဒ္ဒီ၊သမ္ဘုလာတို့တော်လေးဝ ဝင်ကြောင်း အသီးအသီးဖြစ် ဆိုခန်းသည်အကျဉ်းအားဖြင့်ပြီး၏။ ။

—o—

(အမှာ)။ ။ယခုအခါရှိရှိသမျှကုန်သော သူတော်ကောင်းအပေါင်း တို့သည်။ဤဘဒ္ဒကမ္ပ ဥ်နှောင်ပွင့်တော်မူလတံ့သော် အရိမေတ္တေယျဖြတ် စွာဘုရား၏ သာသနာတော်၌၊ တော်သေးဝတင်မက၊ တော်ပေါင်း၊ တဆောင်၊တသောင်း၊တသိန်းမကတို့တွင်ပါဝင်ကြရလေအောင်။ယခုဘဝ ကပင်အဝင်ပြု၍၊ အောက်ဘန်းဘဝ်ဖြစ်သော၊ ငါးပါးသီလကလေးကိုမှု သိလ။ဂရုဓမ္မသိလ။အာဘယသိလ၊ အဘယဒါန။မဟာဒါန။ဓမ္မဒါနဥ်ပ် မျိုးဖြစ်ကြရလေအောင် ကြိုးစား၍ကျင့်ကြံ အားထုတ်ကြပါကုန်လော့ ။ အခါ အရှင်ဂေါတမဖြတ်စွာဘုရား၏။ သာသနာတော်ဖြစ်နှင့်ဟု်း။ အသင့်ကြံကြိုက်၍ နေကြလေသောကြောင့်၊ ဒုစရိုက်ဆယ်ပါးလုံးကိုပင်၊ တပါးမကျန်စေအောင်လည်း၊ကြိုးစား၍ကျင့်ကြံအားထုတ်ကြပါကုန်လော့၊ ထို့ပြင်အထက်အထက်ဖြစ်သော၊ ရှစ်ပါးသီလ။ ကိုးပါးသီလ။ ဆယ်ပါး သီလများကိုလည်း။ တတ်နိုင်တဲ့အခါ။ စင်စင်ကြယ်ကြယ်နှင့်။ မပေါက် မကျားရအောင်၊ကြိုးစား၍အားထုတ်ကြပါကုန်လော့၊ အမရာ။ ကိန္နရီ။မဒ္ဒီ။ သမ္ဘုလာတို့သည်။သာသနာပအခါက၊ငါးပါးသီလကလေးနှင့်တော်လေးဝ၊ ဝင်ကြသည်။ ယခုအခါ သာသနာတော်တွင်း၌ ကြံကြိုက်ကြကုန်သော၊ ပညာရှိပုဂ္ဂိုလ်အပေါင်းတို့သည်။ ထိုလေးဦးသောပုဂ္ဂိုလ်တို့ထက်သာလွန် အောင် သဒ္ဓာဘာသား၍၊ အထက် အထက် သော၊ သီလကြီးများနှင့် ဗေါဓိပက္ခိယဝင်အောင်အားထုတ်နိုင်သော၊ ခေတ်သဖေယကြီးဖြစ်သည်နှင့် အညီ၊ ဗေါဓိပက္ခိယဝင်အောင်အားထုတ်ကြကုန်ရာ၏။ ထိုသို့အားထုတ် ကြပါမူကား၊အထက်ကဖြဲ့ခဲ့သော။တော်ဝင်ပုဂ္ဂိုလ်များထက်"သာလွန်မြင့် မြတ်သော၊တော်ဝင်ပုဂ္ဂိုလ်တို့ဟူသော။အမည်နှင့် အရိမေတ္တေယျဖြတ်စွာ ဘုရားရှင်၏ သာသနာတော်၌၊ အကြောင်းဖေါ်၍ အတိတ်ကိုဆောင်၍

ဟာပြောရာပါဝင်ကြရုံလေအောင်ရင်း။ အရိမေတ္တေယျဖြတ်စွာဘုရားရှင်၏သာသနာတော်၌၊ သင်္ဃာယနာတင်သောပါဠိတော်ကြီးများဌာလည်းပါဝင်ကြရလေးအောင်။ဘုန်းကြီးမှာသည့်အတိုင်း။ ယခုကတင်ကြို၍။ ကြိုးစားအားထုတ်ကြကုန်ရာ၏၊

တရားဟောနည်း၊ကျင့်နည်း။နှစ်မျိုးနှိုးနှော၊ပေါင်းစပ်၍ ရေးသားဖော်ပြသောသိလခန်းပြီး၏။ ။

— ○ —

သိလစင်ကြယ်စွာနှင့် ဒါနပြုရလျှင်၊ အလွန်အကျိုးကြီးမြတ်လေသောကြောင့်။ ပါရမီမြောက်သောဒါန။ သံသရာမှ မြန်မြန်ထွက်မြောက်လွယ်သော၊ ဝိဝဋ္ဋနိဿိတဒါနတို့ဖြစ်အောင်၊ လှူဒါန်းပုံနည်းနာနိဿယတို့ကို။ ကျကျနန။ရကြေးခြင်းဌါ၊ဒါနခန်းကို၊ကျင့်နည်း၊ဟောနည်း၊ နှစ်မျိုးပေါင်းစပ်၍။ရေးသားဖော်ပြဦးအံ့။ ။

အလှူဒါနမပြုမီ၊ ရှေးဦးစွာဝိမိတတ်နိုင်ရာ၊ သိလကိုကောင်းစွာ စင်ကြယ်စေရာ၏၊ မလှူမီရှေးဦးအစ ပုဗ္ဗစေတနာကိုစစ်ဆေးရာ၏။ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောသာ အမှန်ဖြစ်သော ခန္ဓာနာမ်ရုပ်အကျွန်ုပ်သည်။လော်ဘ။ ဒေါသ။ဇာသာမန္ဆရိယဘောဆိုးတွေကိုထိန်းသိမ်းပါ၏၊ လောကီပကာသနနှင့်ဝိမိဂုဏ်ကိုမငဲ့ဘဲ။ သက်သက်သော၊စေတနာကောင်းသဒ္ဓါကောင်းဖြင့်သာ။ ပိမိ၏အစ္ဆရိယ၊ အတွင်းသန္တာန်၌၊ ဘဝအဆက်ဆက်ကပါလာသော၊အကုသိုလ်ဒုစရိုက်ဟောင်း၊ ဒုစရိုက်သစ်တို့၏ရှေသောက်ဖြစ်ကြိုးအစစ်ဖြစ်ပေသော။ အလှူဒိဋ္ဌ အရိက် အမှားကြိုးကို၊ ပြုတ်စေလိုသော၊သဘောထားဖြင့် ပေးလှူရမည်ဖြစ်ပါသည်။ ပေးလှူရမည်ဖြစ်ပေတော့အံ့။ ။ဤကားမလှူမီ ရှေးအဘိုက တင်ကြို၍၊ ပုဗ္ဗစေတနာသဘောထားပုံ၊သတိမူကြလေ။ ။

အလှူးပေးနေစဉ်၊ အလှူပေးဆဲအခါ၊ မျှစေတနာသဘောထားပုံမှာ။ယခုအလှူဒါနပြုရသည်မှာ။ ။အနိစ္စ၊ဒုက္ခ၊ အနတ္တသာအမှန်ဖြစ်သော၊ အလှူခံပုဂ္ဂိုလ်သမုတ်နာမ်ရုပ်နှစ်ဘဝ်ကိုယ်တော်အရှင်မြတ်တို့၏ဝတ်ရုံဆင်မြန်းလှူကံထားသော။ အရုပာတ္တဝေ၊ကာသာဝ၊သက်နှံသည်။ နိဗ္ဗာန်သို့ကြွသွားတော်မူလေကုန်ပြီးသော။ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်အစရှိသော

ရဟန္တာအရိယာအရှင်မြတ်တို့၊ ဝတ်ရုံတော်မူသော အရဟတ္တဓဇကာသာဂသက်နှံတော်များနှင့်အတူတူပင်တည်း။ သံဃာ၏ဂုဏ်တော်ကိုးပါးချင်းမှာလည်းအတူတူပင်တည်း။ လွန်လေပြီးသော ရဟန္တာအရှင်မြတ်တို့မှာ၊ အာသဝေါတရားတို့ကုန်ခမ်း၍ နိဗ္ဗာန်သို့ကြွသွားတော်မူကြလေပြီ။ ယခုရှိဆဲအလှူခံပုဂ္ဂိုလ်ဖြစ်သော၊သမ္မုတိသံဃာတော်မြတ်တို့မှာလည်း၊ရှေးရှေးသောအရိယာအပေါင်း၊ အရှင်ကောင်းတို့၏၊နည်းလမ်းဟောင်းကို အစဉ်လိုက်၍၊အာသဝေါကုန်အောင်ပင်၊ ကျင့်ကြံအားထုတ်ဆဲဖြစ်ကြလေသောကြောင့်လည်း။အရိယာအရှင်မြတ်တို့ကဲ့သို့၊ နိဗ္ဗာန်သို့ကြွသွားရာနည်းလမ်းမှာလည်းအတူတူပင်တည်း။ အရိယာအရှင်မြတ်တို့၏၊ သီလသိက္ခာတော်နှင့်ယခုရှိဆဲဖြစ်သော အလှူခံပုဂ္ဂိုလ်သမ္မုတိသံဃာတော် အရှင်မြတ်တို့၏သီလသိက္ခာတော်တို့သည်။ (၂၂၇)ပါးချင်းအတူတူပင်တည်း၊ သို့ဖြစ်ပါသောကြောင့်၊ ယခုအခါအလှူပေးပုဂ္ဂိုလ်သမုတ်နာမ်ရပ်နှစ်ဘော်တာဉာဉ်တော်တို့မှာ၊ သမ္မုတိသံဃာတော်ကိုပေးလှူရခြင်းသည်။ အရိယာသံဃာတော်ကိုပေးလှူရခြင်းနှင့်အတူတူပင်တည်း။ ဝမ်းမြောက်ဘွယ်ကောင်းလှပေစွ။ ယင်းသို့သော၊စေတနာ၊ သဒ္ဓါ၊ပညာတရားမျိုးဖြင့်ရှေးထားဆင်ခြင်၍ပေးလှူရပေသောကြောင့်၊ အာသဝေါတို့၏ ကင်းရာကုန်ရာဖြစ်သော၊သံပရောယိကအမည်းတော်ရသော၊ ဘေးဒုက္ခအပေါင်း၊ သောင်းသောင်းဖြဖြ၊ ဟူသမျှတို့၏၊ကင်းငြိမ်းရာအမှန်၊ အသင်္ခတနိဗ္ဗာန်တည်းဟူသော၊ပရမသုခအမတာဘူတာရုံဘွဲ့မြို့တော်ကြီးသို့၊ မရွံအမှန်ရောက်ရပေတော့အုံသတည်းဟူ၍၊သဘောထား၍၊ဆင်ခြင်စေနိုင်ကြရမည်၊ ။ဤကား၊အလှူခံပုဂ္ဂိုလ်တို့၏မျက်မှောက်၌၊အလှူပေးနေစဉ်၊ မဏ္ဍစေတနာ၊သဘောထားပုံ၊သတိမူကြလေ။ ။

မည်သည့်အခါမဆို အလှူပေးပြီးနောက်၊ ပရိစေတနာသဘောထားပုံ။ အလှူပေး၍၊ အိုနာသေရေး။ဒုက္ခဘေးကြီးတို့က၊ အရင်မဦးမှီ၊ ဘေးဒုက္ခအပေါင်းတို့၏၊ ကင်းလွတ်ရာ။နိဗ္ဗာန်ရောက်ကြောင်း။ ဒါနပါရမီ၊ မင်္ဂလာရတနာဖေါင်စကြာကြီးအလုပ်ဖြင့်၊ဝမ်းမြောက်၊ ဝမ်းသာနှင့်အထမြောက်သွားပေပေါ့။ လောဘ၊ဒေါသ၊အာသဝ၊ နိဝရဏစသော ရန်သူအနှောင့်အယှက်တွေ့မရှိဘဲ၊ သဒ္ဓါကောင်း။ စေတနာကောင်းတို့ဖြင့်၊ ဖြောင့်ဖြောင့်မတ်မတ်။ဗေါဓိပက္ခိယဝင်၍။အထမြောက်သွားပေပေါ့။ဘဝအဆက်ဆက်ကပါလာသော၊ အကုသိုလ်ဒုစရိုက်ဟောင်း။ဒုစရိုက်သစ်တို့၏၊ ရှေ့သောက်

မြဲမာကြီးဖြဲစ်သော၊ အတွင်ဒိဋ္ဌ၊ အနုသယကိလေသာကို၊ လွှင့်ပိုင်ပိုင်ဖြတ်တောက်ရပေသော။ဒါနပါရမီမက်လာ၊ မဂ္ဂင်ရတနာဖေါင်စကြာကြီးကိုဖြင့်၊ စီးနင်းရေးပေါ့၊ မြဘ်ပွာဘုရားရှင်၏သာသနာတော်နှင့်တွေ့ကြုံရကျိုးနပ်ပေပေါ့။လူဖြစ်ကျိုးနပ်ပေးပေါ့၊ ဖြစ်နိုင်ခဲသော၊ သြကပ္ပနသဒ္ဓါတရားမျိုးနဲ့ပြည့်စုံကျိုးနပ်ပေပေါ့၊အားရနှစ်သက်ဘွယ်ကောင်းပေစွ။ဘုရားစသော၊ ရတနာသုံးပါးတို့၏၊ဥပါသကာ ဥပါသိကာ အစစ်ဟူသော အမည် ရပေပေါ့ဟူ၍။ မိမိပြုပြီးသောဒါနကို၊အိပ်ချာဝင်တိုင်း၊ အိပ်ရာထတိုင်း။ အစဉ်မပြတ်ဝမ်းမြောက်ခြင်းကိုဖြစ်စေရာ၏။ မပြုရသေးသော အလှူဒါနကိုလည်း ပြုဖြစ်အောင်ကြိုးစားရမည်။အထက်ဘဝဂ်။အောက်အဓိပ္ပိ၊ အနုမတဂ္ဂသံသရာတွင်းဌိရိသမ္မကုန်သော။သုခိတ၊ဒုက္ခိတသတ္တဝါတို့အားလည်း၊ ကျွန်ုပ်၏ပါရမီမက်လာ။ဒါနကုသိုလ်အဘိုးတို့ကိုလည်း။ကျွန်ုပ်ရသကဲ့သို့။ အညီအမျှ။ အမျှရကြပါစေသောဟူ၍လည်း၊ မကြာမကြာ၊ အမျှပေးဝေကြရမည်။ ။ ဤကားအလှူပေးပြီးနောက်၊ ပရိစတနာသဘောထားရမည့်ပုံ။ သတိမူကြလေ။ ။

နိဗ္ဗာန်ပေါက်စေတနာ၊သုံးတန်သဘောထားပုံအကျဉ်းပြီး၏။ ။

——:o:——

ဒါနအမျိုးမျိုးခွဲ၍ပြခြင်း၊

က။ ။ဒါနသည်ကျောင်း၊ ဆေး၊ဆွမ်း၊သက်နဲ့၊ ဆိပြီး၊ ရေချမ်း၊ပန်း၊ ထီး၊ဘိနပ်၊ သေတ္တာ၊နာရီ၊ ကော်ဇော၊အိပ်ရာ၊ ခြုံထောင်၊ ဒေါင်းအုံး၊စသော၊ပစ္စည်းဝတ္ထုကိုးပးလှူသော၊ အာမိသဒါန၊ မိမိသိသော၊တရားကျမ်းဂန်၊ ဟည်ဆိပ္ပကို သူတပါးအား ဝိုင်ကဲ့သို့ သိစေချင် တတ်စေချင်သော၊ မေတ္တာ၊သဒ္ဓါတရားဖြင့်၊ဖြန့်ဖြူး၊ ဟောပြောသင်ကြား ပြသပေးသော၊ဓမ္မဒါနဟူ၍လည်းနှစ်ပါးရှိ၏။ ။

ခ၊ ။အလှူခံ ပုဂ္ဂိုလ်နှင့် အလှူဝတ္ထုကို၊ အရိအဒေသပြု၍ လှူသော သက္ကစ္စဒါန၊အကျိုးကြီး၏။ ။အလှူခံပုဂ္ဂိုလ်နှင့် အလှူဝတ္ထုပေါ်မှာ၊ ပေါ့ပေါ့စားစား၊မေလေးမစား ပြု၍။ အရိအသေ မရှိဘဲလှူသော၊ အသက္ကစ္စဒါန အကျိုးမကြီး၊ၵင်းနှစ်မျိုးကို၊အထူးသတိမူကြလေ။ ။

ဂ။ ။ဗိမိထက်ပို၍သိသ၊ သမာဓိ၊ ပညာနှင့်ပြည့်စုံသေး၊ မြတ်သော ပုဂ္ဂိုလ်ကို လွှတ်သော ပုဇောဒါန။ ။ဗိမိအောက်ယုတ်ညံ့သော သူကိုပေးလှူ ချီးမြှင့်သောအနုဂ္ဂဟာဒါနဟူ၍ နှစ်မျိုးရှိသော်လဲ ဤနှစ်မျိုးမှာ၊ ပုဂ္ဂိုလ်ကို မစွဲလမ်းဘဲ၊ ဒိဗိ၏ ဧတနာသဒ္ဓါ အလိမ္မာကိုသာပြည့်စုံဧ၍၊ အပါယ် သံသရာ၊ ဇာတိသံသရာ၊ ဇရာသံသရာ၊ မရဏာသံသရာဘေးကြီးတို့ကိုသာ၊ လွန်စွာထိတ်လန့်၊ ကြောက်ရွံ့၍ပေးလှူပါမူကား။ အကျိုးကြီးဖြင်ပါ၏၊ အထူးသတိမူကြလေ။ဖြစ်နိုင်ခဲစွ။ဖြစ်နိုင်လျှင်အကောင်းဆုံး။ ။

ဃ။ ။ကိုယ်တိုင်လှူသော၊သာဟတ္ထိကဒါန အကျိုးကြီး၏၊ သူတပါး ကိုစေခိုင်း၍လှူသော၊အာဏာတ္တိကဒါန။အကျိုးခုနှစ်၏။ ။

င။ ။စေတီ။ပုထိုး၊ဂူးစရပ်။ တန်ဆောင်း။ကျောင်း။ကုဋိ၊ရေတွင်း၊ရေ ကန်စသောဌာဝရဒါန။ ဆွမ်း၊သင်္ကန်း၊ဆီဒိုး၊ပန်းစသောအဌာဝရဒါန။ဤနှစ်မျိုးမှာ၊ဌာဝရဒါနကအကျိုးသာသည်။ ။

စ။ ။သင်္ကန်းလှူတဲ့အခါမှာ။ သင်္ကန်းနှင့်သက်ဆိုင်တဲ့ ကြိုယာအစုံ အလင်း၊ ကျောင်းလှူတဲ့အခါမှာ။ ကျောင်းနှင့်သက်ဆိုင်တဲ့ ကြိုယာ အစုံ အလင်။ဆွမ်းလှူတဲ့အခါမှာ၊ဆွမ်းနှင့်သက်ဆိုင်တဲ့။ဟင်းကျွေး။ ဟင်းလျာ အစုံအလင်နှင့်ပေးလှူသော၊သပရိဝါရဒါန။တတ်နိုင်လျှင်အကျိုးကြီး၏၊မစုံ မလင်လှူလျှင်၊အကျိုးနုနှ်၏၊သို့သော်လဲဒါမိဓတာတ်နိုင်တာကို၊ တတ်နိုင်ရ မည်မဆိုလို။ ဗိမိတတ်နိုင်သလောက်နှင့် အထက်ကဲ့ပြခဲ့သော၊ စေတနာ သုံးမျိုးနှင့်ပြည့်စုံရလေအောင်၊သတိမူကြလေ။ ။

ဆ။ ။အမြဝတ်မပျက်အောင်။ဝတ်တည်၍ လှူသော၊နိစ္စဒါန အကျိုး ကြီး၏၊ရံဘန်ရံခါလှူသော၊အနိစ္စဒါန။အသင့် အတင့်လောက်သာ အကျိုး ပေးသည်။ ။

ဇ။ ။အကြောင်းအကျိုးကိုသိ၍၊ တရားတော်နှင့် လျော်အောင်၊ပေး လှူသောဇာနဒါန၊အကျိုးကြီး၏၊အကြောင်းအကျိုးကို မသိဘဲပေးလှူသော၊ အဇာနဒါန၊အကျိုးပေးခုနှစ်၏။ ။

ဈ။ ။ပဌမ၊ မည်သည့်စေတီတော်ကို ဖြစ်စေ၊တဆူဆူသော စေတီ တော်ကို ရည်စူးပြီးမှ။ တပါးသောစေတီတော်ကို ရွှေ့ပြောင်း၍၊ လှူခြင်း။ မည်သည့် သံဃာကိုမဆို၊ ပဌမ သံဃာတပါးကို ရည်စူးပြီးမှ။ တပါး သံဃာကို ရွှေ့ပြောင်း၍ လှူခြင်းတို့သည်။ မတရားသော၊ အဓမ္မိကဒါန။

ခေါ်သည်။မလ္လအပ် မလ္လကောင်း၊သို့သော်လဲ၊ပဌမ ရည် စူးရင်း ပုဂ္ဂိုလ်က၊ သတော ခကြနပ်ခဲ့ပါလျှင် လ္လကောင်းပါ၏။ အထူးသတိမူကြလေ။ ။

၉။ ။အလ္လခံပုဂ္ဂိုလ်နှင့် အလ္လဝတ္ထုတို့ အပေါ်မှာ။ မရှိ မသေပြု၍ လ္လခြင်းသည်၊ယုတ်ညံ့သော ဟိနဒါန၊ အကျိုးပေးသောအခါ၊ မွဲမွဲ ချောက် ချောက် အကျိုးပေးတတ်သည်။ဖြစ်လေရာ ဘဝတိုင်းဌိလည်း။ မိမိ၏ သား သို့း၊ကျေးကျွန်မှ စ၍၊ တစုံတယောက်သော သူပေါ်မှ၊သြဇာ အာဏာမရှိ ဖြစ်တတ်သည်၊ ။အလ္လခံပုဂ္ဂိုလ်နှင့် အလ္လဝတ္ထုပေါ်မှာ၊ အရှိအသေပြု၍ လ္လခြင်း။ အထက်ကပြခဲ့ပြီးသော၊ စေတနာ သုံးတန်နှင့်လည်း။ ညီညွတ်အောင် လ္လနိုင်ခြင်းသည်။ အလွန်မြတ်သော၊ ပဏီတဒါန၊ အကျိုးပေးပြောင်၏။ထက်သန်၏၊ နိဗ္ဗာန်ရောက်လွယ်၏။ ဖြစ်လေရာဘဝတိုင်း၊ မည်သူ၏အပေါ်၌မဆို၊ ပြောတိုင်း ဆိုတိုင်း အောင်မြင်လွယ်၏။ သတိမူကြလေ။ ။ယခုပြခဲ့သမျှသော၊ဒါနပြုပုံ ပြုနည်း အမျိုးမျိုးတို့တွင်၊မြတ်ထက်မြတ်ရောကိုသော၊ရွေးချယ်၍ စေတနာသုံးတန်မြောက်အောင် ပေးလ္လ ပူဇော်နိုင်ကြပါစေကုန်သတည်း။ ။

ဒါနအမျိုးမျိုးရွေးချယ်ခန်းအကျဉ်းပြီး၏။

—o—

(တနည်း) မိမိပြုသော ဒါနတရုသည်။နည်းသည်၊ များသည်၊ သတော မထားဘဲ၊ တတ်အားသမျှ ဒါနပြုတိုင်း ပါရုမီဆယ်ပါး မြောက်၍၊ နှစ်ဆဲ့ လေးပစ္စည်းတတ်နိုင်အောင်၊ ပေးလ္လပုံ နည်းနာ နိသယ။ ကျကျ၊ နန၊ရ လွယ်သော နည်းကို၊ရှင်းရှင်း လင်းလင်းဖေါ်ပြ ဦးအံ့။ ။

၁၀ ။တစုံတရုသော အလ္လဝတ္ထုကိုပေးလ္လရာ၌။ဇာတိဘေး၊ဇရာဘေး၊ ဗျာဓိဘေး၊ မရဏဘေး၊ အပါယဘေးတွေ့ ကိန်းအောင်းလျက် ရှိသော ခန္ဓာနာမ်ရုပ်ကြီးကို အမြင်မှားလျက် နေသော၊ ငါဟု စွဲလမ်း၍နေသော၊ ပုဂ္ဂိုလ်သတ္တဝါဟု စွဲလမ်း၍နေသော။အတ္တဒိဋ္ဌိ ဘေးဆိုးကြီးကိုဖြတ်၍။ဘေး အပေါင်းတို့၏၊ကင်းလွတ်ရာ၊ အေးငြိမ်းရာအမှန်ဖြစ်သော၊ နိဗ္ဗာန်ချမ်းသာ ကြီးကိုသာရလို ရောက်လိုပါ၏ဟု၍၊ တောင့်တ၍ ပေးလ္လခြင်းသည်၊ပါရမီ ဒါန အစစ်မည်၏။ ။

၂။ ။နိဗ္ဗာန်ကိုတောင့်တ၍၊ဒါနပြုရာ၌မိမိ၏ကိုယ်စိတ်နှစ်ဖြာစင်ကြယ်

အောင် သဘောထား၍။ အထက် အထက်သော သိလကြီးများကို မတတ် နိုင်သော်လဲ၊ အောက်တန်းစား ဖြစ်သော၊ နိယာမဓမ္မတာ၊ ငါးပါးသီလ လောက်စင်ကြယ်ပါမူ။ အလှူပေးရာ၌ ပါဒဒိသိလ ဖြစ်ငြိုဟူ၍ သဘောထား ရမည်။ ။

၃။ ။နိဗ္ဗာန်ကိုသာ တောင့်တ၍။ အလှူပေးခြင်း၊ စွန့်ကြဲခြင်း သဘော သည်၊ သူတပါး၏ ပစ္စည်းကို၊ မတရား ရလိုသော လောဘ သဘောမျိုး မဟုတ်။ မိမိပစ္စည်းကို၊ မလှူရက်၊ မပေးရက်၊ နှမြောစုံမက်၊ နှစ်သက် သာယာ၍နေသော၊ တဏှာ လောဘမျိုးလည်းမဟုတ်။ မည်သည့် ပစ္စည်း၊ မည်သည့် ပစ္စည်းများကို လှူဒါန်း စွန့်ကြဲတော့မည် ဟူ၍။ စိတ်စေတနာကို၊ တတ်အားသလောက် ပိုင်းဖြတ်ပြီးထားသော ပစ္စည်းများ အပေါ်၌။ ခင်တွယ်သော၊ တဏှာလောဘမရှိသောကြောင့်ဂုဏ်း။ နိဗ္ဗာန်ကိုသာ တောင့်တ ခြင်းသည် လူဘဝ နတ်ဘဝ ဗြဟ္မာဘဝတို့၌ တောင့်တသော၊ တဏှာလော ဘလည်းမရှိသောကြောင့်ဂုဏ်း၊ အားလာဘနှင့်ယှဉ်လေသောကြောင့်၊ နိကွမ ပါရမီဖြောက်ပြီဟူ၍ သဘောထားရမည်။

၄၊ ။ဒါနပြုရာ၌ နိဗ္ဗာန်ကိုသာ တောင့်တ၍။ အထက်က ပြခဲ့ပြီးသော စေတနာ သုံးတန်မျိုးနှင့် ညီညွတ်အောင် လှူဒါန်းပေးကမ်း စွန့်ကြဲခြင်းကို ပြုခဲ့ပါလျှင်၊ ပညာပါရမီ ဖြောက်ပြီ။ ။

၅။ ။နိဗ္ဗာန်ကို တောင့်တ၍၊ ဒါနပြုရာ၌၊ ဆောက်တည်ပြီး သိလ ကိုလည်း၊ မပျက်မကွက် အောင်ဂုဏ်း၊ အလှူဒါန ကိုလည်း အစ အလယ် အဆုံး သုံးရပ်လုံးပင်၊ ချောချောမောမော နှင့် အထဖြောက်အောင် ကျိုးစား အားထုတ်ခြင်းတို့သည်။ ဝိရိယပါရမီဖြောက်၏။ ။

၆။ ။နိဗ္ဗာန်ကို တောင့်တ၍ ဒါနပြုရာ၌၊ သူတပါးအပေါ်၌၊ ဒေါသ၊ မာန၊ ဇာသာ၊ မေးစ့ဖွဲ့ရမဖြစ်အောင်ဂုဏ်း။ ဒါနနှင့်ပတ်သက်၍၊ အလှူခံပုဂ္ဂိုလ် အပေါ်၌ဖြစ်စေ၊ အလှူဝတ္ထုအပေါ်၌ဖြစ်စေ၊ မိမိ၏ ဒါန ပြုဘက်ဖြစ်သော၊ အိမ်သား အချင်းချင်း အပေါ်၌ ဖြစ်စေ၊ စိတ်မကောက်ပြုနိုအောင်ဂုဏ်း။ အ ကုသိုလ် မဖြစ်ရအောင်ဂုဏ်း၊ သည်းခံ၍ နေနိုင်ခြင်းသည်၊ အကောင်းဆုံး သော ခန္တီပါရမီ ဖြောက်ပြီဟူ၍ သဘောထားရမည်။ ။ဂုဏ်း ခန္တီပါရမီ သည် အခွလွန်ခက်သည်။ ပါရမီ ဆယ်ပါးတို့တွင်၊ ခန္တီပါရမီသည်၊ အမိနှင့် တူသည်ဟူ၍ မြတ်စွာဘုရားရှင် ဟောတော်မူသည်၊ ဒါနပြုတိုင်း အထူး သတိမူကြလေ။ ။

၇။ ။နိဗ္ဗာန်ကို တောင့်တ၍၊ ဒါနပြုမည်ဟူ၍၊ အာရုံပြုပြီး ဖြစ်လျှင်၊ ထိုအာရုံပြုသည်အတိုင်း။ နောက်မဆုတ်ဘဲ။ အထင်မြောက် အောင်မြင်ခဲ့ပါလျှင်၊မှန်ကန်သော၊မပျက်မကွက်သော ကုသိုလ် ဖြစ်သောကြောင့်။ သစ္စာပါရမီ မြောက်ပြီ။ ။

၈။ ။နိဗ္ဗာန်ကိုသာ တောင့်တမည်၊ ဘယ်လိုပင် သူတပါးက နှောင့်ယှက်ပြားသော်လဲ။ မပျက်မကွက်ရ။ အထင်မြောက်အောင်သာလျှမည်ဟူ၍၊ ရည်မှန်းတိုင်း အထင်မြောက်ခဲ့သော်။ အဓိဋ္ဌာန်ပါရမီမြောက်ပြီ။ ။

၉။ ။နိဗ္ဗာန်ကိုတောင့်တ၍ ဒါနပြုဆိုတာ၊ သူတပါးကို စားစေချင်သည်။ ဝတ်စေချင်သည်။ ရစေချင်သည်။ ပြည့်စုံစေချင်သည့် သဘောမျိုးဖြစ်သည်၊ကိုယ်ချင်း စာနာသော သဘောမျိုးလည်းခေါ်သည်။ ဤကဲ့သို့သော သဘောထားမျိုးကို မေတ္တာဟူ၍ မှတ်ကြ၊မေတ္တာပါရမီမြောက်ပြီ။

၁၀။ ။နိဗ္ဗာန်ကိုတောင့်တ၍၊ ဒါနပြုရာ၌လူ့ဘဝကာမဂုဏ်စည်းစိမ်။ နတ်ဘဝကာမဂုဏ်စည်းစိမ်။ဗြဟ္မာဘဝကာမဂုဏ်စည်းစိမ်မျိုးကိုလျစ်လျူ။ ထားခြင်းဖြစ်သည်။ဌာန်ပြင် ဝိမိဂ္ဂါ ကုသိုလ်ဒါနနှင့် ပတ်သက်၍၊ သူတပါးကဲ့ရဲ့ပြစ်တင် စကားတင်းဆိုသော်လဲ၊ဝမ်းမနည်းရော။လျစ်လျူ။ထားရမည်။ ချီးမွမ်းသော်လည်း၊ဝမ်းမမြောက်နှင့်။ ခြေဖြားမထောက်နှင့်၊ ခေါင်းပေါင်းစမထောင်နှင့်။ လျစ်လျူ။ထားရမည်။ ဤဆိုအပ်ခဲ့ပြီးသော သဘောမျိုးနှင့်ပေးလှူခဲ့ပါမူ။ ဥပေက္ခာပါရမီမြောက်ပြီ။ ။ဤ ဥပေက္ခာ ပါရမီ သည်လည်း၊ ခန္တီပါရမီမှာကဲ့သို့ပင် အလွန်ခဲယဉ်းသည်။ အထူးသတိမူကြလေ။ ။

ဥပေက္ခာ ပါရမီသည်၊ ပါရမီဆယ်ပါးတို့တွင်၊ အဘန့်ဝ် တူသည်ဟူ၍ မြတ်စွာဘုရားရှင် ဟောတော်မူသည်။ ဒါနပြုတိုင်း အထူးသတိ မူကြလေ၊ ပါရမီဆယ်ပါးမြောက်အောင်၊ ဒါနပြုပုံနည်း ရလောက် အောင်။ အကျဉ်းပြခြင်းပြီး၏။ ။

—:o:—

ဒါနပြုရာ ပါရမီဆယ်ပါး မြောက်ပုံပြပြီး၍။ ထိုပါရမီဆယ်ပါး မြောက်အောင် ပြုသောဒါနဖြင့် ပဋ္ဌာန်းနှစ်ဆဲ့လေးပစ္စည်း တတ်နိုင်ပုံကိုပြဆိုဦးအံ့၊

၁။ ။ပါရမီဆယ်ပါး မြောက်အောင်၊ဒါနပြုတဲ့အခါ။လောဘ၊ဒေါသ၊ မောဟတို့ငြိမ်းစေနိုင်၍။ အလောဘ၊ အဒေါသ၊ အမောဟတို့နှင့် ယှဉ်ကြလေသောကြောင့်။ကုသိုလ်ဟောတုပစ္စည်းမည်၏။ ။

၂။ ။ဒါနပြုတဲ့အခါ၊ ပါရမီ ဆယ်ပါးမြောက်အောင် အာရုံပြုသည် ဖြစ်လေသောကြောင့်။ကုသိုလ် အာရမ္မဏာ ပစ္စည်းမည်၏။ ။

၃။ ။ဒါနပြုတဲ့အခါ။ ပါရမီဆယ်ပါး မြောက်အောင်၊ ဆန္ဒကလဲ အလွန်အားကြီး၏။စိတ်ကလဲအလွန်ထက်သန်၏၊ဝီရိယကလဲ အလွန်ကောင်း၏၊ဇစတနာသုံးတန် မြောက်အောင် ဆင်ခြင်ရာမှာလဲ။ပညာလွန်ကဲ ပြောင်လက်လေသောကြောင့်၊ ဆန္ဒနေရာမှာ၊ ဆန္ဒာဓိပတိ၊ စိတ်နေရာမှာ စိတ္တာဓိပတိ။ ဝီရိယ နေရာမှာလဲ၊ ဝီရိယဓိပတိ၊ ဇစတနာ သုံးတန် ဆင်ခြင်တဲ့ နေရာမှာလဲ၊ ဝီမံသာဓိပတိ၊ ဘဲသည်လို အဓိပတိ လေးပါးလုံး ပါဝင်လေသောကြောင့်ကုသိုလ်အာရုံမ္မဏာဓိပတိပစ္စည်းမည်၏။ ။

၄၊ ။ပါရမီဆယ်ပါး မြောက်အောင် ဒါန ပြုဆိုတာ။ နိဗ္ဗာန်ရသည် ဘဝတိုင်အောင်။ ဘယ်ဘဝမှာမှ၊ ညှိုးငယ် သိမ်ဖျင်းခြင်းမရှိ။ ဘဝတိုင်း ထင်ပေါ်ကျော်စောသော အမျိုးဥစ္စာဖြစ်၍၊အကျိုးပေး ထက်သန်ကြလေသောကြောင့်။ကုသိုလ်အနန္တရပစ္စည်းမည်၏၊ ။

၅။ ။ပါရမီဆယ်ပါး မြောက်သော ဒါနသည်၊ ယခုမျက်မှောက် ဘဝမှာလည်း။ပါရမီဆယ်ပါး မြောက်ပါပေပြီဟူ၍၊ ဝမ်းမြောက် ဝမ်းသာနှင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းချမ်း သာသာရှိရခြင်း၊နောင်အနာဂတ်ဘဝ၌လည်း။ မင်္ဂလာ ဗိုလ်ဓော ကျနိုင်အောင်၊ အကျိုးပေးလတ္တံ ဖြစ်လေသောကြောင့်။ ကုသိုလ် သမနန္တရ ပစ္စည်းမည်၏။ ။

၆။ ။ပါရမီဆယ်ပါး မြောက်အောင်၊ဒါနပြုရခြင်းကြောင့်၊ ဓိဝိစိတ်၌ သင့်မြတ်လှပေပြီဟူ၍၊နှလုံး ပိုက်ရခြင်းသည်။ ကုသိုလ် သဟဇာတ ပစ္စည်း မည်၏။ ။

၇။ ။ပါရမီဆယ်ပါး မြောက်အောင်၊ဒါနအကျင့်ကို ကျင့်ရလေသောကြောင့်။ နာမ်မှ ရုပ်ကို၊ ရုပ်မှ နာမ်ကို၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်အောင်။ နှစ်ချိုက် ပျော်ပိုက်စွာ၊ အချင်း အချင်း ကျေးဇူး ပြုခြင်းကြောင့်။ ကုသိုလ်အညမညပစ္စည်းမည်၏၊ ။

၈။ ။ပါရမီဆယ်ပါး မြောက်အောင် ဒါနပြု၍၊ထမြောက် အောင်မြင်ရခြင်းသည်။ ဓိဓိအား အလွန်ကောင်းသော။မြက်သောမိုဃ်ရာ၊ အားထားရာလည်းဖြစ်လေသောကြောင့်။ကုသိုလ် နိဿယ ပစ္စည်း မည်၏၊ ။

၉။ ။ပါရမီဆယ်ပါးမြောက်အောင်ပြုရသော၊ ဒါနကုသိုလ်ကို၊ မိမိက မှီရသောအခါ၊ မင်္ဂေ၁။ ဖိုလ်ဧ၁ကျေးလောက်အောင်။ ကျေးဇူး ပြုတတ်သောကြောင့်။ကုသိုလ်ဥပနိဿယပစ္စည်းမည်၏။ ။

၁၀။ ။ပါရမီဆယ်ပါးမြောက်အောင်ပြုရသော၊ ဒါနကုသိုလ်မျိုးကို။ ယခုဘဝမှာကြုံရ။တွေ့ရခြင်းသည်၊ ရှေးရှေးသော။အတိတ်ဘဝမှ။ ပြုစုအား ထုတ်ခဲ့ဘူးသော ကုသိုလ် အကျိုးဆက်တို့ကြောင့်သာ။ မပျက် မကွက် အောင်ကျေးဇူးပြု၍ သာခဲ့ခြင်းသည်၊ ကုသိုလ်ပုဂ္ဂိုလ်တပစ္စည်းမည်၏။ ။

၁၁။ ။ပါရမီဆယ်ပါးမြောက်အောင်။ဒါနကိုပြုရခြင်းကြောင့်၊ နိဗ္ဗာန် မဆုပီဖြစ်လေရာဘဝတိုင်း၌။ လိမ္မာသောအမျိုး၊ မြတ်သောအမျိုး။ ထင်ပေါ် ကျော်စောသောအမျိုး။ဥစ္စာဓနနှင့်ပြည့်စုံသောအမျိုးစသော၊ အဖြစ်မျိုးကို ဖြစ်စေတတ်လေသောကြောင့်၊ကုသိုလ်ပဋိစ္စသမုပ္ပါဒတပစ္စည်းမည်၏။ ။

၁၂။ ။ပြုပြီးသောပါရမီဘယ်ပါးမြောက်သောဒါနကို၊ စာဂါနုသယတိ ဖြစ်အောင်။အပန်းပန်း၊ အောက်မေ့ဆင်ခြင်ခြင်း။နှလုံးသွင်းခြင်း၊ အပန်းပန်းဖြစ်ရဲခြင်းတို့ကိုဖြစ်စေအပ်သောကြောင့်၊ ဖြစ်တတ်သောကြောင့်၊ ကုသိုလ်အာသေဝနပစ္စည်းမည်၏။ ။

၁၃။ ။ပါရမီဆယ်ပါးမြောက်သော၊ ဒါနသည်၊ မြတ်သောအကျင့် ဖြစ်၍၊ကျင့်အပ်သောကြောင့်၊ထိုကျင့်သော၊ဒါနပါရမီဆယ်ပါးကုသိုလ်ကံသည်။ကုသိုလ်ကမ္မပစ္စည်းမည်၏။ ။

၁၄။ ။ပါရမီဆယ်ပါးမြောက်သော၊ဒါနကုသိုလ်ကံကြောင့်။သုဂတိဘုံစည်မျဉ်းကိုစံ၍၊ နိဗ္ဗာန်တိုင်အောင်ဆောင်စေတတ်သောကြောင့်။ကုသိုလ်ဝိပါကပစ္စည်းမည်၏။ ။

၁၅။ ။ပါရမီဆယ်ပါးမြောက်သော၊ ဒါနသည်၊ မြတ်သောပါရမီ၊ တရားအရာသာနှင့် ပြည့်စုံလေသောကြောင့်၊ ကုသိုလ်အာဟာရ ပစ္စည်းမည်၏။ ။

၁၆။ ။ပါရမီဆယ်ပါးမြောက်သော၊ ဒါနအကျင့် မြတ်သည်။ သဒ္ဓါတရားနှင့်၊ဝိရိယတရားနှင့်။သတိတရားနှင့်။သမာဓိတရားနှင့်။ ပညာတရားနှင့်ပါသော၊ တရားငါးပါးကိုအစိုးရနိုင်လေသောကြောင့်။ကုသိုလ်တရားယပစ္စည်းမည်၏။ ။

၁၇။ ။ပါရမီဆယ်ပါးမြောက်သောဒါနအကျင့်မြတ်သည်။ နိဝရဏတရား တို့ကိုလည်း သတ်တတ် သောကြောင့်၊ ကုသိုလ်ဈာန ပစ္စည်းမည်၏။ ။

၁၈။ ။ပါရဒိဆယ်ပါးမြောက်သော၊ဒါနကုသိုလ်သည်။ ကိလေသာတို့ကိုသတ်တတ်သောကြောင့်၊ကုသိုလ်မဂ္ဂပစ္စည်းမည်၏။ ။

၁၉၊ ။ပါရဒိဆယ်ပါးမြောက်သောဒါနသည်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နှင့်ယှဉ်၍ကျေးဇူးပြုတတ်သောကြောင့်။ကုသိုလ်သမ္ပယုတ္တပစ္စည်းမည်၏၊

၂၀၊ ။ပါရဒိဆယ်ပါးမြောက်သောဒါနသည်။သံသရာဘေးဒုက္ခထဲမှ မထွက်နိုင်သော၊သဒ္ဓါရုအာဇုံတို့နှင့်ကင်းရှင်းစေနိုင်သောကြောင့်။ ကုသိုလ် ဝိပ္ပယုတ္တပစ္စည်းမည်၏။ ၊

၂၁၊ ။အလိမ္မာညာဏ်ဖြင့်၊ဒါနပြုရာ၊ ပါရမီဆယ်ပါးမြောက်အောင်၊ လက်ဆုပ်လက်ကိုင်ရမိခြင်းကြောင့်၊ကုသိုလ်အတ္ထိပစ္စည်းမည်၏။ ၊

၂၂။ ၊ပါရမီဆယ်ပါးမြောက်အောင် ပြုသော၊ ဒါနအကျင့်မြတ်ကြောင့်၊ ကိလေသာတို့ မရှိအောင် ပြတ်ကင်းခြင်းသည်။ ကုသိုလ် နတ္ထိပစ္စည်းမည်၏။ ၊

၂၃၊ ။ပါရမီဆယ်ပါးမြောက်အောင် ပြုသော၊ ဒါနအကျင့်သည်။ သံသရာမှ၊မထွက်နိုင်အောင်၊မှောက်မှားစေတတ်သော၊ သဒ္ဓါရကုသိုလ်အကုသိုလ်တို့မှ။ကင်းပြတ်စေတတ်သောကြောင့်။ ကုသိုလ်ဝိဂတပစ္စည်းမည်၏။ ။(အထူး)၂၄-ပစ္စည်းကို၊အကျဉ်းချုံးလိုက်သော်၊လေးပစ္စည်းသာရှိတော့သည်၊အာရမ္မဏပစ္စည်း။ဥပနိဿယပစ္စည်း။ကမ္မပစ္စည်း။အတ္ထိပစ္စည်းတို့ဟူသတည်း၊ ၊

၂၄။ ။ပါရမီဆယ်ပါးမြောက်အောင်ပြုသော၊ ဒါနအကျင့်မြတ်သည် စရဏတရားတို့ကိုပြုခြင်းမည်၏၊ ဝိဇ္ဇာ၊ မဂ်ဖိုလ်နှင့် မကင်းသည် ဖြစ်၍။ ကုသိုလ်အဝိဂတပစ္စည်းမည်၏၊ ၊ယင်းသို့ဒါနတရပြုရာ၌၊ နည်းသည်များသည်၊မဟုတ်၊ ပညာဉာဏ်နှင့်ယှဉ်၍၊ ပါရမီဆယ်ပါးမြောက်အောင် ပြုနိုင်မှသာလျှင်၊မဂ်ဖိုလ်၊နိဗ္ဗာန်ရနိုင်ကြောင်း။ ပညာရှိသူတော်ကောင်း၊အပေါင်းတို့မှာ၊ သိရှိနားလည်ကြပြီးဖြစ်ကြလေသောကြောင့်၊ ကြားနာရသမျှ ပုဂ္ဂိုလ်အပေါင်းတို့ကြေနပ်လောက်စရာရှိ၏။ပါရမီဆယ်ပါးမြောက်ပြုနိုင်ရ လဲ။ပဌာန်းနှစ်ဆဲ့ခုလုံးပစ္စည်းနှင့်လည်း၊ သက်ဆိုင်ကြောင်း။ ပါဝင်ကြောင်းကိုလည်း၊ရှင်းရှင်း။ လင်းလင်းခဲ့၍၊ အသီးအသီးပြဆိုခဲ့ပြီ၊ ထိုနှစ်ဆဲ့လေးပစ္စည်းတို့တွင်။ နတ္ထိပစ္စည်း၊ အနတ္ထိရပစ္စည်း။ သမနန္တရပစ္စည်း၊ ဝိဂတပစ္စည်းတို့သဘောချင်းတူကြသည်။ထင်းပြင်။အတ္ထိပစ္စည်း၊အဝိဂတပစ္စည်းတို့သဘောချင်းတူကြသည်။အတ္ထိပစ္စည်းကိုဟော၍။ နတ္ထိပစ္စည်းကိုဟော

ရသည်။ဝိဂတပစ္စည်းကိုဟော၍၊အဝိဂတပစ္စည်းကိုဟောရသည်ဟူ၍မှတ်ကြရမည်၊ ဘုန်းကြီးညွှန်ပြခဲ့သည့်အတိုင်း၊ ဒါနပြုရာ၌၊ ကြိုးစား၍လှူဒါန်းခြင်းကုသိုလ်အမှုကိုပြုစုနိုင်ကြပါစေကုန်သတည်း၊ ဒါနပြုပြီးရင်လဲ၊ဤသို့ယခုပြုရသော၊ ပါရမီဆယ်ပါး၊ ဒါနကုသိုလ်အဘို့တို့ကိုလည်း။ အထက်ဘဝင်။ အောက်အဝိစိ၊အနုမတဂ္ဂသံသရာအတွင်း၌၊ ဂိုဂိုသမျှကုန်သော၊ သုခိတ၊ဒုက္ခိတသတ္တဝါအပေါင်းတို့သည်လည်း၊ ကျွန်ုပ်တို့နှင့်အတူတကွ၊ အမျှရ၍ချမ်းသာကြပါစေသတည်းဟု၍လည်း၊ မကြာမကြာ၊ သတိရတိုင်းအမျှပေးဝေကြရမည်။

ဤကားဒါနပါရမီကုသိုလ်ပြုခန်းအကျဉ်းပြီး၏၊

—o—

နိဒါန်း၌ဝန်ခံခဲ့သည်နှင့်အညီ။သိလခန်းနှင့်ဒါနခန်းကိုပြပြီး၍၊သမာဓိခန်းထူထောင်၊အားထုတ်နည်းနှင့်ပေါနည်းတို့ကိုနှိုးနှော၍ပြဆိုဦးအံ့။ သမာဓိခန်းကိုထူထောင်အားထုတ်ရာ၌။ လူကြီး၊လူရွယ်၊လူလတ်၊ လူငယ်တို့နှင့်လည်းအလွန်သင့်လျော်အောင်ဂုဏ်း၊အားထုတ်ပုံပြန်ရင်လဲ၊ လောကီ၊လောကုတ္တရာ၊ အကျိုးနှစ်ပါးပြည့်စုံကြရလေအောင်ဂုဏ်း။ အလွန်လဲအဘိုးတန်သော၊အလွန်လဲကျေးဇူးများသော။အလွန်လဲလွယ်ကူသော၊ဇုန္ဓါနုသတိအာရဟံဂုဏ်တော်ဖြင့်သမာဓိရလွယ်အောင်၊ ထူထောင်အားထုတ်ပုံကိုပြဆိုရာ၏၊ကြိုးစား၍အားထုတ်ကြလေ။ ။

ဇုန္ဓါနုသတိဟူသည်ကား။ မြတ်စွာဘုရားရှင်၏ ဂုဏ်ကျေးဇူးတို့ကို၊ အဖန်တလဲလဲအောက်မေ့သော၊သတိကိုဆိုသည်။ ထိုဇုန္ဓါနုသတိကိုပွါးများလိုသော၊ဃာဒိပုဂ္ဂိုလ်သည်၊ဘုရားရှင်၏ ကိလေသာဟူသော ရန်သူကို၊ ပယ်ဖျက်သတ်ဖြတ်တော်မူနိုင်သော။ အစွမ်းသတ္တိတော်ဟူသော။ သဘောကို၊အရဟံဂုဏ်တော်ခေါ်သည်ဟူ၍။ ရှေးဦးစွာမှတ်ထားကြလေ။ သမထလေးဆယ်တို့တွင်ပါဝင်သော။ အနုသတိဆယ်ပါးဟူ၍ရှိသည်။ ထိုအနုသတိ၊ဆယ်ပါးတို့တွင်လည်း၊ အာနာပါနသတိနှင့်ကာယဂတာသတိ၊ဤနှစ်ပါးကလွဲလျှင်၊ကြွင်းသော၊ အနုသတိရှစ်ပါးတို့သည်။ အပ္ပနာဈာန်၊ အပ္ပနာသမာဓိ၊အပ္ပနာဘာဝနာတို့ရကောင်းသောတရားမျိုးမဟုတ်း ဥပစာရဈာန်၊ဥပစာရသမာဓိ၊ ဥပစာရဘာဝနာသာရကောင်းသောတရာ

မျိုးသာဖြစ်သည်။အပ္ပနာစျာန်ဝင်အောင်မရကောင်းသောတရားဟူသ၍မှာ ဥဂ္ဂဟနိမိတ်နှင့်ပဋိဘာဂနိမိတ်တို့ပေါ်ရသည်မဂ်၌။**အ**ရဟံဂုဏ်တော်၊ ဇုဒ္ဓါနုဿတိတရားသည်။ **အ**ပ္ပနာမဟုတ်ဥပစာရစျာန်။ဥပစာရသမာဓိ၊ဥပစာရဘာဝနာသာဖြစ်လေသောကြောင့်၊ ဆင်းထု၊စေတီ၊ ပုထိုးအာရုံနိမိတ်များပေါ်လာလျှင်၊အလုပ်တရားအစစ်မဟုတ်သေး။ကုသိုလ်တော့ရပါ၏။သမာဓိတော့မရနိုင်မှန်၏၊မရုံလျှင်**အ**ားထုတ်ကြည့်ကြပါလား၊အရဟံဂုဏ်ကိုပွါး၍။ဘုရားကြွလာတာမြင်ရတယ်။ ရောင်ခြည်တော်လွှတ်တာ မြင်ရတယ်။ ဆင်းထုတော်မြင်ရတယ် စေတီတော်မြင်ရတယ် ပြောသမျှလူ**အ**ပေါင်းတို့သည်။ ဘယ်တော့မှ၊သမာဓိမရဘူး။ မြင်ရတာနဲ့ ကြေနပ်နေကြတာမှန်၏။ သမာဓိမရဘဲ၊ မြင်ရုံနဲ့ ကြေနပ်နေကြတဲ့သူမှန်သ၍၊ အလွန်မာနကြီးသည်၊ **အ**လွန်ဒေါသကြီးသည်။**အ**လွန်ဝန်တိုသည်၊ သူတပါး**အ**ပေါ်မှာ**အ**လွန်**အ**ပြစ်ပြောလေ့ရှိသည်။ဘုရားသွား၊ကြောင်းသွားလဲဘယ်တော့မှမရှိဘူး။**အ**ရဟံဂုဏ်တော်ကိုပွါး၍၊ နိမိတ်ပေါ်တယ်ဆိုသမျှသူ**အ**ပေါင်းတို့ကိုရုံစမ်း၍ကြည့်ကြလေ။သူ့ကိုယ်၊သူတို့**အ**ရိုယာဖြစ်ပြီလို့လဲပြောကြလိမ့်မည်။ ။

အရဟံဂုဏ်တော်လမ်းမှန်ပွါးပုံ။ ။ဩဩ်ဘဂ္ဂဝါ၊ နာမ်ရုပ် **အ**ကျွန်ုပ်သည်ကား။ ဘုရားရှင်ဟောပြားသော။ကိလေသာကိုပယ်ရန် နည်းလမ်းကြီးကို၊ပေါလျက်နှင့် ဤကိလေသာတို့ကို။**အ**လွန်**အ**ပယ်ရခက်ခဲ၏။ခဲယဉ်း၏။ မပယ်တည့်နိုင်။ ကိလေသာအစွမ်းကောင်းကြီးတွေကို။ မဆိုထားဘိဦး။ မှုန်မှုန်မှားမှား။နုတ်နုတ် ဖဲ့ဖဲ့ဖြစ်သော။ ထိန်၊မိဒ္ဓကလေးကိုမျှ။ မပယ်တည့်နိုင်ပြီ။ကျွန်ုပ်သာလျှင်**အ**ပယ်ရခဲယဉ်းသည်မဟုတ်။လူရော နတ်ရော၊ဗြဟ္မာရော၊တလောကလုံးကြီးသည်လည်း။ထိုကိလေသာတွေကို။**အ**လွန်**အ**ပယ်ရခက်ခဲကြ၏။ ပစ္စေကဗုဒ္ဓါ**အ**ရှင်မြတ်တို့ကို ချန်ထား၍၊ ဘုရယ်သူမှမိမိတို့ဉာဏ်စွမ်းဖြင့်။ မပယ်နိုင်ကြဘဲဖြစ်နေကြသည်။ ဤကဲ့သို့**အ**လွန်**အ**ပယ်ရခက်ခဲသော၊ ကျွန်ုပ်တို့တလောကလုံးကြီး၊ မပယ်နိုင်ကြ၍၊ **အ**ရှုံးခံ၍နေရသော၊ဤကိလေသာရန်သူတို့ကို။မြတ်စွာဘုရားရှင်သည်ကား။ ဘယ်သူထံမှနည်းနိဿယမယူဘဲ။ တပည့်မခံရဘဲ။ မိမိ၏အစွမ်းတော်၊ သတ္တိတော်၊ ဝိရိယတော်သက်သက်ဖြင့်။ **အ**ကြွင်း**အ**ကျန်မရှိပယ်ဖျက်သတ်ဖြတ်တော်မူနိုင်ပါပေ၏၊ထို့ကြောင့်မြတ်စွာဘုရားရှင်၏၊အစွမ်းသတ္တိ၊ဝိရိယတော်များသည်။**အ**လွန်အံ့သြဘွယ်ရှိပေစွ။ ထိုကဲ့သို့ပယ်ဖျက်သတ်ဖြတ်တော်မူနိုင်သောဘုရားရှင်၏၊ သဒ္ဓါစွမ်း၊ဝိရိယစွမ်း၊သတ္တိစွမ်း၊သမာဓိစွမ်း၊ပညာစွမ်း၊

စဒသာအစွမ်းသတ္တိတဝ်တို့သည်။ အလွန်ထက်မြက်ပေစွ။ အလွန်အံ့ဩဖွယ်ရှိပေစွ။ ။

အရဟံဝတသောဘဂဝါ။ ၊သောဘဂဝါ၊ထိုကျွန်ုပ်၏ကိုးကွယ်ရာ အစစ်ဖြစ်တော်မူသော၊မြတ်စွာဘုရားသည်၊အရဟံဝတ။ သြဝ်အလွန် အပယ်ရဲဃာဉ်းသော။ ကိုလသာရန်သူတို့ကို။ ဆရာနည်းမခံဘဲ။ ပိဂိ ဘာသာပယ်ဖျက်သတ်ဖြတ်တော်မူနိုင်ပေစွ တကား။ အဟောအန္ဆရိယံ ဝတ။ သြဝ်အံ့ဖွယ်ရှိပေစွတကား၊အမှေပိ၊ ငါတို့တလောကလုံးထက်။ အတိက္ကန္တံတရောဝတ၊သြဝ်အတိုင်းမသိ။ အစွမ်းသတ္တိတော်၊သာလွန် ပေစွတကား၊ ၊အဘယ်ကြောင့်ဤကဲ့သို့ပယ်ဖျက်သတ်ဖြတ်တော်မူနိုင် ပါသနည်းဆိုသော်။ဣတိပိ၊ဝိသယ္ဟမင်းဘဝက၊ ဝေဿန္တရာမင်းဘဝက၊ ဒါနပါရမီတွေ၊ဖြည့်ကျင့်တော်မူခြင်းကြောင့်၊ဧမ္မေယျနဂါးမင်း၊ဘူရိဝါတ် နဂါးမင်းဘဝတို့က၊ သီလပါရမီတွေ၊ဖြည့်ကျင့်တော်မူခြင်းကြောင့် ဟတ္ထိ ပါလဘဝ၊သရဘင်္ဘဝ၊ဇနက္ကမင်းဘဝတို့က၊နေက္ခမ္မပါရမီတွေဖြည့်ကျင့် တော်မူခြင်းကြောင့်၊ဝိဓူရဘဝက၊ မဟောသဓါဘဝက၊ ပညာပါရမီတွေ၊ ဖြည့်ကျင့်တော်မူခဲ့လေသောကြောင့်၊ဇေယျသေနာပတိဘဝက၊ ဝီရိယပါရမီတွေ ဖြည့်ကျင့်ခဲ့လေသောကြောင့်၊ခန္တီဝါဒရသေ့၊ကိသဝဏ္ဏရသေ့ဘဝတို့က၊ ဆန္ဒိန်ဆင်မင်းဘဝက ခန္တီပါရမီတွေဖြည့်ကျင့်တော်မူခဲ့လေသောကြောင့်။ ဎုံးမင်းဘဝ၊ငါးရန့်မင်းဘဝတို့က။ သစ္စာပါရမီးတွေဖြည့်ကျင့်တော်မူခဲ့လေ သောကြောင့်တေဓိမင်းဘဝက၊ အဓိဋ္ဌာန်ပါရမီကိုဖြည့်ကျင့်တော်မူခဲ့လေ သောကြောင့်။ ဇကရောဇာမင်းဘဝက၊ မေတ္တာပါရမီကိုဖြည့်ကျင့်တော်မူခဲ့ လေသောကြောင့်၊လောမဟံသဘဝက၊ဥပေက္ခာပါရမီးတွေဖြည့်ကျင့်တော် မူခဲ့လေသောကြောင့်၊ဇူတိပိ၊စွန့်ခြင်းကြီး၊ငါးပါးကို စွန့်တော်မူနိုင်လေသော ကြောင့်၊ဇူတိပိ၊ ဤကဲ့သို့စရိယ သုံးပါးတို့ကို ပြုကျင့်တော်မူခဲ့လေသော ကြောင့်လည်းကောင်း။အရဟံ၊ ကိုလေသာရန်သူတို့ကို၊ ပယ်ဖျက်သတ် ဖြတ်တော်မူနိုင်ပါပေ၏ဟူ၍။ဂျေးဂျေးသောဘဝတွေက၊ဖြည့်ကျင့်တော်မူခဲ့ သော၊ပါရမီတော်၊စွန့်ခြင်းကြီး၊ငါးပါး၊ စရိယသုံးပါးတို့ကို၊ ပြုလုပ်ဖြည့် ကျင့်ခဲ့ပုံတွေကိုလွမ်း၍၊ဆင်ခြင်အောက်မေ့၍၊ ထိုပါရမီအကြောင်း၊သမ္မာ ဒိဋ္ဌဂုရုအရဟံကုဏ်ကို၊ အဖန်ဖန်ဆင်ခြင်အောက်မေ့အပ်၏။ ဆင်ခြင် အောက်မေ့၍သမာဓိရစေရမည်၊သို့မဟုတ်၊ဗုဒ္ဓါနုဿတိ၊အရဟံကုဏ်တော် ၏၊အလုပ်မှန်ဖြစ်သည်ဟူ၍အဂိုးစွဲအောင်မှတ်ယူကြကုန်ရာ၏။ ။

အရဟံဂုဏ်တော်နှင့်သမာဓိရအောင်၊နှလုံးသွင်းပုံ၊ ဆင်ခြင်ပုံကိုပြဆိုခန်းသည်၊အကျဉ်းအားဖြင့်ပြီး၏။ ။

———o———

အလွယ်ဆုံးနည်းအားဖြင့်၊ဝိပဿနာပညာခန်း၊ အားထုတ်ဆင်ခြင်ပုံကိုပြဦးအံ့၊ပြပေးသည့်အတိုင်းလည်း၊ကြိုးစားဆင်ခြင်ကြလော့။ ။

၁။ ။သမထဘာဝနာနှင့်ဝိပဿနာဘာဝနာနှစ်ပါးကို ပဌမခွဲရမည်။ သမထဘာဝနာဆိုတာ၊ဗဟိဒ္ဓတရားဖြစ်၍၊ နိဝရဏတရားတို့ကိုငြိမ်သက်လောက်အောင်သာတတ်နိုင်သည်။ လောကီဈာန်လောက်သာ ရနိုင်သည်၊ သံသရာမှာကျင်လည်စေတတ်သောကိလေသာတို့ကိုပြတ်အောင်၊ ဖြတ်နိုင်သောတရားမျိုးမဟုတ်ပရမတ်ကိုပေါက်ရောက်ထင်မြင်နိုင်သောတရားမျိုးမဟုတ်။ပညတ်တရားသာဖြစ်သည်၊ သမထအာရုံနိမိတ်မှာလည်း၊ပညတ်အာရုံသာဖြစ်သည်။ပညတ်အာရုံနိမိတ်နှင့်သာ၊ဈာန်ကိုရသည်၊အဝိဇ္ဇာသေအောင်မသတ်နိုင်။အလွန်ဆုံးသုဒ္ဓါဝါသဘုံကို ချန်လှပ်၍၊ ကြွင်းသောဖြဟ္မာဘုံများလောက်သာအကျိုးပေးနိုင်သည်၊သို့သော်လဲ၊ဝိပဿနာ ဘာဝနာကို၊ ကျကျနနအားထုတ်လိုသော၊ ယောဂိပုဂ္ဂိုလ်သည်။ တတ်နိုင်ရာသိလကို စင်စင်ကြယ်ကြယ်နှင့်သမထသမာဓိကို၊ အပ္ပနာသို့မရောက်နိုင်သော်လဲရှိစေတော့၊အရဟံဂုဏ်တော်မှာပြခဲ့သော၊ဥပစာရဘာဝနာ၊ဥပစာရသမာဓိလောက်ကိုရအောင် အားထုတ်ပြီးမှ၊ ဝိပဿနာစခန်းသို့တက်၍ အားထုတ်လျှင်၊ သာ၍ကောင်းသည်ဟူ၍ပင်၊အမှန်ယုံကြည်၏၊ အဘယ်ကြောင့်ဆိုသော်၊ သမထသည်သံသရာကိုရှည်စေသည်။ အချိန်ကုန်သည်၊ အလုပ်ပိုသည်၊ ဝိပဿနာသက်သက်ကိုသာအားထုတ်လျှင်၊ အချိန်တို့တိုနှင့်နိဗ္ဗာန်ရနိုင်သည်။ အလုပ်လွယ်သည်၊ မြန်သည်၊ သာ၍ကောင်းသည်၊ သမထကဲ့သို့ ဆိတ်ငြိမ်ရာရှာရသည်လည်းမရှိ၊ သွားလေရာ၊ လာလေရာ၌ဖြစ်နိုင်သကို၊ကာမဂုဏ်ငါးပါးကိုခံစား၍နေစဉ် ဖြစ်နိုင်သည်ဟူ၍ပင်၊ ယူမယ်ဆိုရင်လဲယူနိုင်ပါ၏၊ သို့ဒါသိလဲဘုန်းကြီးတော့။ သဘောမကျမှန်၏။ သီလ၊သမထသမာဓိ၊ပညာ၊ သုံးမျိုးလုံးကိုအားထုတ်မှ သဘောကျသည်။ သီလသည်အစ၏၊ကောင်းခြင်း၊ သမာဓိသည်၊ အလယ်၏၊ကောင်းခြင်း၊ ဝိပဿနာပညာသည် အဆုံး၏၊ကောင်းခြင်းဟူ၍ ကောင်းခြင်းသုံးပါးနှင့်ပြည့်စုံစေရမည်။ ။

ဂင်းပြင် မြတ်စွာ ဘုရားရှင် သာသနာတော်၌လည်း၊ သီလ သာသနာ၊ သမာဓိသာသနာ၊ပညာသာသနာဟူ၍၊ သာသနာတော် သုံးမျိုးသုံးစားသာ ရှိသည်။အကယ်၍ ဝိပဿနာ သက်သက်သာအားထုတ်လျှင်။ပညာသာသနာတပါးနှင့်သာ ကြုံကြိုက်၍၊ သီလသာသနာ၊ သမာဓိသာသနာ နှစ်ပါးနှင့် မကြုံကြိုက်ဘဲ နေတော့မည်ကားမှန်၏၊ ဂင်းပြင်လဲ သာသနာတော်၌။ အစ အလယ်၊အဆုံးကောင်းခြင်း သုံးပါးနှင့် ပြည့်စုံကြရမည်ဆိုသော။ပါဠိတော် အဋ္ဌကထာစကားတော်များ၊ ပျက်စီးစေတော့မည်ကား မှန်၏။ ထို့ကြောင့် သာသနာတော်၌။ အစ၏ ကောင်းခြင်း၊အလယ်၏ ကောင်းခြင်း၊ အဆုံး၏ ကောင်းခြင်းဟူသော၊ ကောင်းခြင်းသုံးပါးနှင့်လဲ ပြည့်စုံရာ ကျလေအောင်ဂင်း။ သာသနာတော် သုံးရပ်နှင့်လဲ ပြည့်စုံရာ ကျလေအောင်ဂင်း၊ သီလသာသနာ၊သမထ သမာဓိသာသနာ၊ဝိပဿနာ ပညာသာသနာ သုံးပါးလုံးကိုပင် အားထုတ်ကြကုန်ရာ၏။သုံးပါးလုံးကိုပင် အားထုတ် ဆင်ခြင် နှလုံးသွင်းကြပါကုန်လော့။ အဘယ်ကြောင့် ဤကဲ့သို့ သုံးပါးလုံးကို စေ့အောင် အားထုတ်ကြပါဟူ၍ တိုက်တွန်းရသနည်းဆိုသော်၊သီလအရာမှာအလေးမပြု၊ သမထ သမာဓိကိုလည်း အလုပ်ပိုသည်။ အချို့နကုန်သည်ဟူ၍ ပယ်ထားပြီးလျှင်၊ ဝိပဿနာ သက်သက် လောက်သာ၊ .အားထုတ်လိုသော သဘောထားနှင့်၊ ခန္ဓာငါးပါး လောက်သာ၊ နာမ်ရုပ် နှစ်ပါး လောက်သာ၊ ဆင်ခြင် နှလုံးသွင်း၍။လောကမှာငါမရှိ၊သတ္တဝါမရှိ၊ပုဂ္ဂိုလ်မရှိ. ယောကျ်ားမိန်းမမရှိ၊ ခန္ဓာငါးပါး၊နာမ်ရုပ်နှစ်ပါးသာ ရှိသည်ဟူ၍ပြောကာ၊ ထိုကာနှင့် သုတမယဉာဏ် ကလေးလောက်နှင့် တင်းတိမ်၍၊ နေကြပါမူကား၊ စိန္တာမယဉာဏ်၊ ဘာဝနာ မယဉာဏ်ကြီးများသို့ မပေါက် မရောက် နိုင်ဘဲ။ လောဘတွေ့ တထောင်းထောင်း၊ ဒေါသတွေ့ တထောင်းထောင်း၊ မောဟတွေ့ တထောင်းထောင်း၊ ဇာသာ၊မဿရတွေ့ တထောင်းထောင်း နှင့်သာ နေရတတ်၏။ သူတကာနှင့် ရုန်ဖြစ်၊ အတင်းမကြာမကြာပြော၊ သူတပါး ကောင်းစားတာလဲ မနာလို ဝန်တိုခြင်း အားကြီးစွာနှင့် နေရ တတ်သည် ဖြစ်လေသောကြောင့်။ သတိပေးလိုက်ရခြင်းဖြစ်သည်။ မယုံလျှင် သမထ သမာဓိကို အားမထုတ်ဘဲ ပစ်ပယ်၍။ ခန္ဓာငါးပါး၊ နာမ်ရုပ်နှစ်ပါး သက်သက်ကို၊ သုတမယဉာဏ်လောက်နှင့် အားထုတ် နှလုံးသွင်းလျက် နေသူများတွေ့လျှင် ရုံစမ်း၍ ကြည့်ကြလေ။ ဘုန်းကြီးမှာခဲ့သော စကား သံတွေ

ကြားရလိမ့်မည်ကားမှန်၏။ ၎င်းပြင် သူတို့ ကိုယ်တိုင်ကို၊ အရိယာ ဖြစ်ပြီ ဟူ၍လည်းဝန်ခံလိမ့်မည်၊သတိမူကြလေ။ ။

သို့ဖြစ်ပါသောကြောင့်၊ သီလ၊ သမာဓိ၊ ပညာ၊ သာသနာသုံးရပ်လုံးနှင့် ပြည့်စုံရာ ကျွေလေအောင်။ သုံးပါးလုံးကိုပင် အားထုတ်ရာ၏၊ ယခုအခါ အဆုံး၏ကောင်းခြင်းဖြစ်သော၊ဝိပဿနာ ပညာခန်းကိုပြဆိုပေအံ့။ ။

ဝိပဿနာ ပညာဘာဝနာဆိုတာ။ သမထမှာကဲ့သို့၊ ဗဟိဒ္ဓတရားမျိုး မဟုတ်။ အဇ္ဈတ္တတရားဖြစ်သည်။ နိဝရဏတို့ကို ပြတ်စေနိုင်သည်၊ အဝိဇ္ဇာတို့ကို ပြတ်စေနိုင်သည်။ ကိလေသာတို့ကို ကွန့်ခန်းစေနိုင်သည်၊ အရိယာအစစ်ဖြစ်နိုင်သည်။ နိဗ္ဗာန်မရောက်မီ၊ လူဘဝ၊ နတ်ဘဝ၊ဗြဟ္မာဘဝ များဌ၊ ကျင်လည်၍ နေရငြားသော်လဲ။ အောက်သို့ပြန်၍ မလည်နိုင်၊ အထက်အထက်သော ဘုံစဉ်များကိုစံ၍၊ လူအဘိုးတန်၊ လူပညာရှိ၊ နတ်အဘိုးတန်၊ နတ်ပညာရှိ၊ဗြဟ္မာ အဘိုးတန်၊ ဗြဟ္မာပညာရှိဘဝမျိုးနှင့်မြိုင်မြိုင်ကြီးစံစား၍၊နိဗ္ဗာန်သို့သွားရန်တပေါက်တလမ်းသာရှိတော့သည်ဟူ၍၊စိတ်ချလက်ချ မှတ်ကုန်ရာ၏။ အားရှုစ်သက်ဘွယ် ကောင်းလေစွ၊ ။ဝိပဿနာစခန်းဌ ပဌမအနုဇ္ဇကိုစတည်၍ဆင်ခြင်ရခြင်း။ ဒုတိယအနိစ္စကိုစတည်၍ဆင်ခြင်ရမည်ဆင်ခြင်ရခြင်းနှစ်မျိုးရှိရာတွင်၊နှစ်မျိုးလုံးကိုပင်ဆင်ခြင်ရမည်၊ ။

(ဆင်ခြင်ပုံ) ရှေးဦးစွာ၊ဗိမိဇ္ဈ၏အဇ္ဈတ္တ အတွင်းသန္တာန်၌ ရှိသောနာမ်ရုပ် နှစ်ပါးကို ထုတ်ပေါ်၍ ဥာဏ်မျက်စိနှင့်ဆင်ခြင်ကြည့်ရှုလေ။နာမ်တရားဆိုတာ၊စိတ်တွေ၊ စေတသိက်တွေကိုခေါ်သည်။ ။(တနည်း) နာမ်တရားဆိုတာ၊ သိတတ် ကြိုတတ်တဲ့ သဘောတွေ၊ သွားချင် လာချင်တဲ့ သဘောတွေ။ စားချင်သောက်ချင်တဲ့ သဘောတွေ၊ ကျောင်းသွားချင်တာ၊ ဘုရားသွားချင်တာ၊ကုသိုလ်ပြုချင်တာ၊လူ၊နတ် ဗြဟ္မာဖြစ်ချင်ထဲ့ သဘောတွေ၊ နိဗ္ဗာန်ရောက်ချင်တဲ့ သဘောမျိုးတွေကို ကုသိုလ်နာမ်တရားခေါ်သည်၊ လောဘဖြစ်ထာ၊ဒေါသ၊ မောဟ ဖြစ်ထာတွေ။ ဆဲချင်တာ၊ ရန်ဖြစ်ချင်တာ၊အတင်းပြောချင်တာ၊ ဝန်တိုချင်တာ၊ခိုးချင် တိုက်ချင်တာ၊ လုချင်ယက်ချင်တာ။ သောက်ချင်၊ စားချင်တာ၊ လောင်းချင် ကစားချင်တဲ့ သဘောမျိုးတွေကို၊ အကုသိုလ် နာမ်တရားခေါ်သည်။အဲသည်လို ပြုရှုင် လုပ်ချင်တဲ့သဘောတွေ သက်သက်ဆိုရင်။သက်နှင့် ကိုင်လိုလဲ မရနိုင်။ ပဿာဒမျက်စိနှင့်လဲ မမြင်နိုင်၊ဥာဏ်မျက်စိနှင့်မှသာ၊ မြင်နိုင် ကောင်းသော နာမ်တရား မျိုးဖြစ်သည်။ အဲသည်တော့ ဥာဏ်မျက်စိနဲ့ ကြည့်မှ မြင်နိုင်ကောင်း

သော၊ နာမ်သဘောတွေကို၊ပရမတ် တရားခေါ်သည်။ ဒိဒိအတွင်းသဏ္ဌာန်
၌ရှိသော၊ နာမ်ပရမတ်သဘာတွေကို၊ ပိုင်ပိုင်နိုင်နိုင်မြင်အောင်၊ဉာဏ်မျက်.
စိန့်၊ မကြာမကြာစဉ်းစား၍ကြည့်ကြလေ။ ကြည့်ဘန်များလျှင်၊ နာမ်၏။
အမူအရာ သဘော၊ သဘာဝဆွဖြစ်သော ပရမတ်သဘောတွေကို၊ ဒိဒိ
၏ဉာဏ်ထဲမှာ၊ ကောင်းကောင်းထင်လာ၊ မြင်လာ လိမ့်မည်။ အဲသည်လို
ဘုန်းကြီးမှာသည့် အတိုင်း၊နာမ်ပရမတ် သဘောတွေးကောင်းကောင်းကြီး
ထင်လာ၊မြင်လာပလားဆိုရင်၊ ရှေ့ကို အလိုအလျောက်၊ ဉာဏ်ရင့်သန်၍
ထိုးထွင်းသိမြင်လာလိမ့်မည်မှာ ဤသို့တည်း။ သြဝါဒကျန်ပ်သည်၊နောက်
နောက်သော၊ နေ့၊ လ၊နှစ်တို့က ထင်မြင်ပြောဆိုနေတာတွေ၊အမှားကြီးမှား
ကုန်ပါပကော။ မှားလေစ၊ မှားလေစတကား။ ယခုတော့ ဒိဒို၏ အတွင်း
သဏ္ဌာန်၌ ရှိသော အလိမ်မာဉာဏ်တွေ ရင့်သန်လာပါ ပကော၊ နာမ်ဆို
တာ သဘောအမူအရာတွေ သက်သက်သာဖြစ်ပါကလား။ ကြံတာ၊သိ
တာတွေ၊သွားချင်၊လာချင်တာတွေစသည်တို့သည်၊ နာမ်ပရမတ်၏အလုပ်
သက်သက်တွေသာ ပါကလား။ ကုသိုလ် ပြုချင်တာ ဖြစ်ချင်တာ၊ အကု
သိုလ်ပြုချင်တာ၊ ဖြစ်ချင်တာတွေ၊ နာမ်ပရမတ်၏။အလုပ်သဘောတွေသာ
အမှန်ဖြစ်ပါကလား။ ယခုမှဉာဏ်မျက်စိနဲ့၊ ဟုတ်မှန်တဲ့ အတိုင်း၊ကျကျ
နန၊ သိမြင်ရပေပေါ့။ နောက်နောက်က၊ ဉာဏ် အလုပ်ကို၊ ဘယ်တော့မှ
ထုတ်ဖော်၍ မလုပ်ဘဲ၊ မောဟ အဝိဇ္ဇာ၊ တိမ်သလာတွေဖုံးလွှမ်းပြီး၊ နာမ်
၏သဘောတွေကိုမမြင်ဘဲ။ သိချင်၊ ကြံချင်တဲ့သဘော၊သွားချင်၊ လာချင်၊
ကုသိုလ်ဖြစ်ချင်တဲ့ သဘောတွေ။ အကုသိုလ်ဖြစ်ချင်တဲ့ သဘောတွေ စ
သည်တို့ကို၊ ဘယ်လိုထင်မြင်နေသလဲဆိုတော့၊ငါ၊ကြံသည်၊ငါသိသည်၊ငါ
သွားသည်။ ငါလာသည်။ ငါကုသိုလ်ပြုသည်၊ အကုသိုလ်ကို ငါပြုသည်၊
စသည်ဖြင့်ငါလုံးကြီးနှင့် စွဲပြီး။အထင်မှား၊ အမြင်မှားတွေ ဖြစ်လာခဲ့ပါက
လား။

နောက်နောက်က။ မှားခဲ့တာတွေ ခက်ကုန်ကြပေါ့၊ ယခုတော့ဉာဏ်
မျက်စိတွေ ပေါ်လာပြီး။ နာမ်၏သဘော အလုပ်၊ပရမတ်တွေကိုကောင်း
ကောင်းပိုင်ပြီ၊ သိချင်၊ ကြံချင်တာတွေ၊ နာမ်ပရမတ်၏အလုပ်ပါကလား။
သွားချင်၊ လာချင်တာတွေ၊ နာမ်ပရမတ်၏။ အလုပ်တွေပါကလား၊ နာမ်
ပရမတ်၏ သဘောတွေသာ အမှန်ဖြစ်ပါကသား၊ ကုလုလ်ဖြစ်ချင်တာတွေ
လဲ၊ နာမ်ပရမတ်၏ သဘောတွေဘဲ၊ အကုသိုလ်ဖြစ်ချင်တာတွေလဲ၊နာမ်

ပရမတ်၏၊ သဘောတွေဘဲဆိုတာ အမှန်ပါကလား။ နောက်နောက်က တော့၊ နာမ်သဘော၊ နာမ်၏ အလုပ် တွေကို၊ အဝိဇ္ဇာလက်ချက် ဖိ နေတာနဲ့။ ငါ၏သဘော၊ ငါ၏အလုပ်တွေဘဲလို့ထင်လာ။ မြင်လာ၊ စွဲလာ ခဲ့တာတွေ၊ အမှားကြီးမှားကုန်ပေါ့။ သို့သော်လဲရှိစေတော့၊ နောက်ကမှား လာခဲ့တာ၊ဘယ်လိုဘဲ မှားမှား။ ကိစ္စမရှိ၊ သမ္မပ္ပဓာန်ဝိရိယထဲမှာ ပါတဲ့၊ ဥပန္နေ၊ အနုပ္ပန္နေဆိုတာ ရှိတယ်။ နောက်က မှားခဲ့တာတွေ၊ ဥာဏ်နဲ့ပယ် ဖြောက်ရမတဲ့၊ ဧရှကိုမမှားရအောင် ကြိုးစားရမတဲ့။အဲသည်လို တရား အရှိသား ကဘဲ၊ဘာပျက်ရမလဲ၊နောက်က အမှားကိုပယ်။ဧရှကိုမှန်အောင် ကြိုးစားကြရင်၊ မြတ်စွာဘုရားရှင်၏ အလိုတော် ကျ၍။ သမ္မာဒိဋ္ဌိမဂ္ဂင် လမ်းသို့ ဖြောင့်ဖြောင့်ကြီး ရောက်ပါရော။ အဲဘာကြောင့်၊ မပျင်းကြနဲ့၊ မပေါ့ကြနဲ့၊ သာသနာတော်မှာ ကြံ့ကျိုးနပ်အောင်၊လူဖြစ်ကျိုးနပ်အောင် ဆက်လက်ကြိုးစားရမည်၊ကြံတာ၊ သိတာတွေ၊ငါမဟုတ်၊နာမ်၏ ပရမတ် သဘောသာဟုတ်၏။ သွားချင်၊လာချင်တာတွေ၊ ငါကသွားချင် လာချင် တာမဟုတ်၊နာမ်ကသာသွားချင်၊လာချင်တဲ့ သဘောတွေသာဟုတ်၏၊ ။

ကုသိုလ်ပြုတဲ့ သဘောတွေ၊အကုသိုလ်ပြုတဲ့ သဘောတွေသည်။ငါက ပြုတာမဟုတ်၊ ကျွန်ုပ်က ပြုတာမဟုတ်၊ ကျွန်မက ပြုတာမဟုတ်၊ ကျွန် တော်က ပြုတာမဟုတ်၊ တပည့်တော်က ပြုတာမဟုတ်။ ပုဂ္ဂိုလ် သတ္တ ဝါကပြုတာမဟုတ်၊ ယောကျ်ား၊မိန်းမကပြုတာမဟုတ်၊ နာမ်ပရမတ် သ ဘောတွေကသာပြုသည်။ နာမ်ပရမတ်နှင့်သက်ဆိုင်တဲ့ အလုပ်တာဝန်သ ဘောတွေသာ အမှန်ဖြစ်၏။ နောက်က မှားလာခဲ့တာတွေ ပြုတ်ကုန်ပေါ့။ ယခုမှ အလိမ်မာ ဥာဏ် မျက်စိတွေပေါ် ပေါက်၍၊ အမှန်တွေ မြင်ကုန် ပေါ့။ ဘုရားတရားမျှားလမ်းမှန် အတိုင်းသိတော့၊ တယ်ဟုတ်ပါကလား၊ တယ်မှန်ပါကလား၊ အားခ၊ ဝမ်းမြောက်၊ နှစ်သက်ဘွယ် ကောင်းပါ့ပေ စွတကား။ မိမိ အတွင်းသန္တာန်က၊ နာမ် ပရမတ်သဘောတွေ ထဲမှာ၊ ဥာဏ်နဲ့ရှာလိုက်ရင်၊ ငါမရှိ၊ကိုယ်မရှိ၊ ပုဂ္ဂိုလ်၊သတ္တဝါမရှိ၊ ယောကျ်ား မိန်းမ ဆိုတာ၊ နှစ်ပြား၊ နှစ်ခွေးသားမှ မရှိ။ နာမ်၏ အာရုံပြုတတ်တဲ့၊ သဘော သဘာဝဆိုး၊ အမူအရာကလေးတွေသာရှိသည်။ မိမိ၏သန္တာန် တခုလုံးမှာ၊ ကောင်းချင်တာ၊ မကောင်းချင်တာ၊ဆိုတာ ဟူသမျှအကုန် ကုသိုလ်၊ အကုသိုလ်ပြုခြင်းတာဟူသမျှ အကုန်။ဝါ၊ ကိုယ်၊ပုဂ္ဂိုလ်၊ သတ္တ

ဝါ၊ယောကျ်ား၊ မိန်းမမဟုတ်၊ နာမ်ပရမတ် တရားတွေသာ ဟုတ်၏။ အလိမ်မာ၊သမာဒိဠ် ယထာဘူတဉာဏ်မျက်စိပေါက်၍၊ကြံသမျှ သိသမျှတွေ့၊ သွားချင်၊ လာချင်တာ ဟူသမျှတွေ့။ ကုသိုလ် အကုသိုလ် ပြုချင်တာဟူသမျှတွေ့၊ အကုန်လုံး၊ နာမ်ပရမတ်သဘောသာ ဟုတ်၏။မှန်၏။ ဟူ၍၊ ကျွကျွနပ်နပ်၊ယုံယုံကြည်ကြည်နဲ့။ ထင်ကြ၊ မြင်ကြရင်၊ ဝိစ္ဆာဉာဏ် ပေါ်ပြီး၊ အဝိစ္ဆာပယ်နိုင်ပြီ။ ဝါ၊ ပုဂ္ဂိုလ်၊ သတ္တဝါ စသည်ကို မြင်ရင်။ အတ္တဒိဋ္ဌိစွဲ၏၊ ဖြစ်၏၊ အတ္တဒိဋ္ဌိဆိုတာ၀ေဒနာကိုခေါ်သည်၊ဝေဒနာရှိလျှင်၊ အတ္တဒိဋ္ဌိကြောင့် ဖြစ်တဲ့ ဒုစရိုက်ကြံတည်းဟူသော၊ ဝေဒနာတွေပေါ် ထွက်ပါရော၊ အတ္တဒိဋ္ဌိကြောင့်၊ ဝေဒနာဖြစ်ပေါ်သည်၊ ဝေဒနာရှိလျှင်၊ ဝေဒနာတည်နိုင်သည်။ဝေဒနာကြီး၊ဝေဒယ်ဠ၊ရှိရှိသမျှကုန်သော၊ဝေဒနာတွေ၊ဝေဒနာကောင် သတ္တဝါတွေဟူသမျှအကုန်။အတ္တဒိဋ္ဌိကပေါက်ဘွားသွားသောသားအစဉ်၊ မြေးအဆက်၊ဖြစ်အညွှန့်တွေဘဲ မှတ်ကြပေတော့၊

ထို့ပြင်လဲဘဲ၊ တိရစ္ဆာန်ဘဝကဒုက္ခတွေ။ ပြတ္တာ၊ အာသုရကာယ်ဘဝကဒုက္ခမီးတွေ ဟူသမျှအကုန်၊အတ္တဒိဋ္ဌိ ရှေ့သောက်မြစ်ကြီးက၊ ပေါက်ဘွားသွားတာဒေါ့တွေဘဲ၊ ဆိုတာ ထင်လျှားပါရော။အဲတာကြောင့် အပါယ်လေးပါးမီးတောက်၊မီးလျှံတွေကို ပေါက်ဘွားခြင်းပေးတတ်သော၊နာမ်၏ သဘော၊သဘာဝဆွဲအမှု အရာတွေကို။ ငါဟူသော အတ္တဒိဋ္ဌိ၏ သဘော၊ ပုဂ္ဂိုလ်၊ သတ္တဝါဟူသော အတ္တဒိဋ္ဌိ၏သဘော။ယောကျ်ား၊မိန်းမဟူသော၊ အတ္တဒိဋ္ဌိ၏သဘော၊သဘာဝတွေတွေဘဲလို့။အထင်အမြင်မှားနေတဲ့၊ အတ္တဒိဋ္ဌိငရဲအိုးကြီးပြုတ်ကျပြီဆိုမှဖြင့်၊ ကြံတာ၊သိတာ၊ သွားချင်တာ၊လာချင်တာစသော အာရုံပြုတတ် ပြုတတ်တဲ့ သဘော၊ အမှုအရာ ဟူသမျှ၊ အကုန်၊နာမ်ပရမတ်၏သဘောတွေဘဲဆိုတာ၊ မိမိ၏ ဉာဏ်မှာ၊ ကောင်းကောင်းကောင်းယုံကြည်ထင်မြင်တဲ့။ အနုတ္တသမ္မာဒိဋ္ဌိ ယထာဘူတဉာဏ်ဖြစ်ပေါ်ပါရော၊ အဲသည်တော့၊ အနတ္တသမ္မာဒိဋ္ဌိ၊ မဂ္ဂင်၊အလိမ်မာဉာဏ်ကြီး လွှတ်လွှတ်ပေါက်ရောက်ထင်မြင်ပြီးဟူ၍၊မှတ်ကြပေတော့။ နာမ်ပရမတ်ကို၊ မသိနိုင်၊ မမြင်နိုင်အောင် ဖုန်းလွှမ်းထားတဲ့ အဝိဇ္ဇာ အဖိုက်မှောင်ကြီးလဲ ပြုတ်ပါရော။နာမ်ပရမတ်သဘောကို ကောင်းကောင်းမြင်တဲ့၊ အလိမ်မာ ဉာဏ်ကြီးလဲ ပေါ်ပေါက်ခဲ့ရာ။အနတ္တဒေါ်ပြီ ထင်မြင်ပြီ ဆိုမှဖြင့်၊ နိဗ္ဗာန်လမ်းကြီးဖြောင့်ပြီဟူ၍ မှတ်ကြပေတော့။ ။ဤကား နာမ်ကို ဆင်ခြင်၍၊

အတ္တဒိဋ္ဌိကွာပြီးလျှင်၊ သမာဒိဋ္ဌိ၊ ဝိစ္ဆာ၊ အလိပ်မာ၊ အနတ္တညာဏ်ဖြင့်ပုံ၊အ
အနတ္တ ညာဏ်ပေါ်ပုံ အကျဉ်းပြီး၏၊ ။

———o———

ထို့ပြင်မိမိ၏ အစ္ဆတ္တအတွင်း သန္တာန်မှာ ရှိသော ရုပ်ဆင်ခြင်ပုံကို ပြဦးမည်။ ။ရုပ်ကိုဆင်ခြင်ရာ၌။ ရုပ်နှစ်ဆဲ့ရှစ်ပါးကိုလိုက်မနေနဲ့တော့။ အတိုဆုံး၊ အလွယ်ဆုံးဖြစ်တဲ့ ရုပ်တရားကိုသာ လိုက်၍ ဆင်ခြင်လျှင်၊ ပေါက်ရောက် လွယ်သည်မှတ်ကြ။ ဒဲ့သည်တော့ ရုပ်ကို၊ အလွယ်ဆုံးနည်းနဲ့၊ ဆင်ခြင်မယ်ဆိုရင်သည်လိုတဲ့။ ။မိမိ၏ အစ္ဆတ္တ သန္တာန်မှာရှိသော ရုပ်တရားနဲ့ ပတ်သက်တဲ့၊ သဘောတွေထဲမှာ။ တခါတရံ၊ ဥက္ခောင်းဟူသည်။ကျောဟူသည်။ လက်ဖဝါးဟူသည်။ ခြေဖဝါးဟူသည်။ ။ တခါတရံလဲ၊ ဥက္ခောင်းဇသည်။ ကျောဇသည် လက်ဖဝါးဇသည်။ ခြေဖဝါးဇသည်၊ စသည်ဖြစ်လာလေ့ရှိတတ်သည်။ ဤသို့ဟူသည်။ ဇသည်ဟူ၍၊ဖြစ်ပေါ်လာသည်ရှိသော်၊ အဟူဖေါက်ပြန်လာတာ။ အဇဖေါက်ပြန်လာတာတွေဟူ၍ ဖွတ်ယူရမည်၊ ဲဲသည်အဟူအဇဖောက်ပြန်လာတတ်တဲ့ သဘောတွေကိုသာ ရုပ်ပရမတ်ခေါ်သည်။ ပုထုဇဉ် လောကီဘုံသူ၊ ဘုံသားတွေမှာ၊ အဝိဇ္ဇာဖုံးအုပ်နေတဲ့ အတွက်ကြောင့်၊ အဟူအဇ ဖေါက်ပြန်တတ်တဲ့ ။ရုပ်ပရမတ်ကို မမြင်ဘဲ။အဟူ၊အဇဖေါက်ပြန်တဲ့ သဘောတွေကို၊ ဥက္ခောင်းကဟူသည်၊ဇသည်။ ကျောကဟူသည်ဇသည်၊လက်ဖဝါး။ခြေဖဝါးကဟူသည်၊ဇသည်ဟူ၍ အထင်အမြင်မှားနေကြသည်။ငါဟူသည်၊ဇသည်၊ပုဂ္ဂိုလ်၊ သတ္တဝါကဟူသည်၊ဇသည်၊ ယောကျ်ား၊မိန်းမကဟူသည်။ဇသည် စသည်ဖြင့်၊အထင်အမြင်မှားနေကြသည်။ ဲဲသည်လို အထင် အမြင်မှားနေတာ၊ဘယ်သူ၏လက်ချက်လဲတဲ့ ။ အဝိဇ္ဇာလက်ချက်မိုနေတာနဲ့။အတ္တဒိဋ္ဌိအမြောက်အမှားကြီးနဲ့ တွေ့ကြုံနေရတယ်ဆိုတာ၊ ဖွတ်ကြပေတော့၊

အဟူ၊အဇဖေါက်ပြန်တဲ့၊ ရုပ်ပရမတ်သဘောတွေထဲမှာ၊ ဥာဏ်မျက်စိနဲ့ ကြည့်လိုက်ရင်။ ဥက္ခောင်းမရှိ၊ ကျောမရှိ။ လက်ဖဝါး၊ ခြေဖဝါးမရှိ၊ ငါပုဂ္ဂိုလ်၊ သတ္တဝါမရှိ၊ယောကျ်ား၊မိန်းမမရှိ။ အဟူ၊အဇ၊ ဖေါက်ပြန်တဲ့ ရုပ်ပရမတ်သဘောတွေသာ၊ရှိတယ် ဆိုတာ၊ဥာဏ်မှာ ကောင်းကောင်း၊ ထင်မြင်ပေါ်ကောက်၍ လာလိမ့်မည်၊ ဥက္ခောင်းဟူသည်၊ဇသည်ဆိုလျှင်၊

အတ္တဒီပဋ္ဌေရဲ့အိုးကြီးထူထောင်နေတယ်ဆိုတာမှတ်ကြပေတော့၊ ကျောပူသည်၊ဇသည်၊ခြေဖဝါး၊လက်ဖဝါး၊ပူသည်၊ဇသည်ဆိုလျှင်၊ အတ္တဒီပဋ္ဌေါင်ဖေသည်၊ပုဂ္ဂိုလ်၊သတ္တဝါကပူသည်၊ဇသည်၊ဆိုလျှင်၊အတ္တဒီပဋ္ဌေရဲ့အိုးကြီး၊ထူထောင် နေတယ်ဆိုတာ မှတ်ကြပေးတော့၊ အတ္တဒီပဋ္ဌ ေရဲ့အိုးရှိမှဖြင့်၊ အကုသိုလ်ဒုစရိုက်၊ေရဲ့မီးတွေပေါက်ပွါးရောပေါ့၊ အဲတာက၊ဘဝအဆက် ဆက်၊ သံသရာအဆက်ဆက်ကမှားလာကြတာတွေမှတ်ကြ၊ ယခုတော့ အလိမ္မာညာဏ်တွေ၊ ပေါ်ပေါက်ကြတာကြောင့်၊ မိမိသန္တာန်တဆုလုံးမှာ၊ အပူ၊အဇေဖေါက်ပြန်လာတတ်တဲ့သဘောတွေသည်၊ ရုပ်ပရမတ်သာဟုတ်၍ဟူ၍၊ညာဏ်မျက်စိမှာ၊ ထွဲထွဲပိုင်ပိုင်၊ ထင်ဖြင်ပလားဆိုရင်၊ အနတ္တ၊သမ္မာဒီဋ္ဌိ၊မဂ္ဂင်အလိမ္မာညာဏ်ကြီးပေါ်ပေါက်ပေပေါ့ဟူ၍မှတ်ကုန်ရာ၏။ အနတ္တ သမ္မာဒီဋ္ဌိမဂ္ဂင်ညာဏ်ပေါ်ပေါက်ပလားဆိုရင်၊ နိဗ္ဗာန်လမ်းကြီးဖြောင့်ပါရော အတ္တဒီပဋ္ဌေရဲ့အိုးနှင့်တကွ၊ဒုစရိုက်ဇရဲ့မီးတွေပြုတ်ပါရော၊ အဲသည်တော့မိမိ သန္တာန်တဆုလုံးမှာရှိတဲ့၊ အပူ၊အဇေဖေါက်ပြန်တတ်တဲ့၊ ရုပ်ပရမတ်တွေကို၊ ညာဏ်မှာ၊ကောင်းကောင်းပေါ်လာအောင်သာ၊မကြာမကြာပွါးများကြည့်ရှုကြလေ။

ဤကားမိမိ၏ အစ္ဆာဘသန္တာန်၌ရှိသော၊ ရုပ်ကိုဆင်ခြင်နှလုံးသွင်းပုံ အကျဉ်းပြီး၏။

—o—

ထို့ပြင်နာမ်ပရမတ်နှင့်ရုပ်ပရမတ်နှစ်မျိုးလုံးပေါင်းစပ်၍ ဆင်ခြင်ပုံကို ပြမည်။ဘုန်းကြီးမှာသည့်အတိုင်းလဲကြိုးစား၍ဆင်ခြင်ကြလေ။

ရှေးရှေးသော အတိတ်ဘဝ၊ သံသရာတွေကစ၍၊ မိမိ၏၊ အစ္ဆာဘသန္တာန်၌၊ပရမတ္ထအာဒြင့်၊ထင်လျားရှိနေသေး၊နာမ်ပရမတ်၊ ရုပ်ပရမတ်တွေကို၊အဝိဇ္ဇာ၊ ကိလေသာ၊ မဟာတမအဓိကာမှောင်ကြီးက၊ ဖုံးအုပ်၍ထားလေသောကြောင့်၊ မသိမမြင်နိုင်ဘဲ။ ဦးခေါင်း၊ခြေ၊လက်၊ဝါ၊ကိုယ်၊ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမ၊စသောအသွင်သဏ္ဌာန်တွေကိုသာထ ဖြင့်၍ နလေ၏။ဤကဲ့သို့အသွင်သဏ္ဌာန်တွေကိုသာ၊ ထင်ဖြင်၍နေသမျှ ကာလပတ်လုံး၊အတ္တဒီပဋ္ဌမပြုတ်နိုင်ဘဲရှိနေသည့်ကာမှန်၏။အတ္တဒီပဋ္ဌမပြုတ်နိုင်ဘဲရှိနေသ၍၊ကာလပတ်လုံးလဲ၊ မိမိ၏အစ္ဆာဘမှာ၊ အပါယ်ဘိုး၊ငရဲဘိုး

ကြီးလဲ၊အမြဲကိန်းအောင်း၊တည်ရှိ၍နေသည်ဟူ၍ပင်၊ မြတ်စွာဘုရားရှင်ဟောတော်မူ၏။အတ္တဒိဋ္ဌိ၊ အပါယ်ငရဲဒုက္ခတည်ရှိသ၍ ကာလပတ်လုံးလဲ၊ ဒုဋ္ဌရိုက်အပါယ်ငရဲ ဒီးတောက်၊ ဒီးလျှံတွေအမြဲပေါက်ဘွား၊ ပေါ်ပေါက်လျက်နေလေသည်ဟူ၍၊မြတ်စွာဘုရားရှင်ဟောတော်မူ၏။ထို့ကြောင့်မိမိ၌အလိမ္မာညာဏ်ဝိစ္ဆာမျက်စိပွင့်လာသည်နှင့်တပြိုင်နက်၊ ဦးခေါင်း၊ခြေ၊လက်၊ပုဂ္ဂိုလ်၊သတ္တဝါ၊ယောကျ်ား၊ မိန်းမဆိုတာ၊ အမြဲမရှိ၊ ဒု မည်ပညတ်မျှလာဖြစ်သည်၊စင်စစ်အမှန်ရှိဒါကတော့နာမ်ရုပ်နှစ်ပါးပရမတ်တရားသာအမှန်ရှိ၊တကယ်ရှိ၊ဧကံရှိဖြစ်ပါပေ၏ဟူ၍၊အနတ္တဥေ့ပေါလာလတံ ။အဲဤကဲ့သို့အတ္တဒိဋ္ဌိပြုတ်၍၊အနတ္တသမ္မာဒိဋ္ဌိတကြွယ်ပေါလာလျှင်စိတ်ချရပြီ။ သွားလေရာအနတ္တ သမ္မာဒိဋ္ဌိတရားကြီးသည်၊ အမြဲပါရှိ၍နေလေတော့၏၊ လူသွားတိုင်းအရိပ်ပါသကဲ့သို့တည်းဟူ၍ မှတ်ကုန်ရာ၏။ ။ဤကားဝိပဿနာအလုပ်နေရာ၌၊အနတ္တကိုနှေးဦးစွာပေါလာအောင်၊ထူထောင်၍ အားထုတ်ပုံတည်း။မိမိ၏အစွန်အဖျားသန္တာန်တခုလုံးမှာအနတ္တတုံး၊ အနတ္တခဲကြီးသည်သာအမှန်ဖြစ်ပါပေ၏ဟူ၍၊ ဝိစ္ဆာအလိမ္မာညာဏ်ပေါ်ပေါက်သည်နေ့ကစ၍၊ မိမိ၏အစွန်အဖျားသန္တာန်တခုလုံးမှာ၊ အတ္တဒိဋ္ဌိအပါယ်ငရဲဒုစရိုက်အပါယ်မီးတွေပြုတ်၍၊အနတ္တနိဗ္ဗာန်မျိုးနှင့်ကုသိုလ်သုစရိုက်၊အကောင်းအဝါတွေအမြဲပါရှိ၍နေလေတော့၏၊ ဗေါဓိပက္ခိယတရားတွေ၊ မဂ်လာတရားတွေ၊ပါရမီဆယ်ပါးတွေအမြဲပါရှိ၍နေလေတော့၏။ သူတော်ကောင်းဥစ္စာရတနာခုနစ်ပါးတွေ အမြဲပါရှိ၍နေလေတော့၏။ ရတနာသုံးပါးနှင့်နိစ္စသီလတရားတွေလဲအမြဲပါရှိ၍နေလေတော့၏။ လူလိမ္မာ၊လူပညာရှိဘဝမျိုး၊နတ်လိမ္မာ၊နတ်ပညာရှိဘဝမျိုး၊ဗြဟ္မာလိမ္မာ၊ ဗြဟ္မာပညာရှိဘဝမျိုးကိုရနိုင်တဲ့၊ သဘောတွေလဲပါရှိ၍နေလေတော့၏။ အရိယာအဖြစ်နှင့် နိဗ္ဗာန်သို့မြန်မြန်ရောက်နိုင်တဲ့၊အလိမ္မာညာဏ်၊ဝိစ္ဆာမျိုးစေ့တွေလဲ။သန်သန်ကြီးအမြဲပါရှိ၍၊ နေလေတော့သည်ဟူ၍၊ မြတ်စွာဘုရားရှင် ဟောတော်မူသည်ကား။သံယုတ်ပါဠိတော်ကြီးမျှားဠ္ဍ အဝင်အလျှာ ပါရှိကြောင်း။ ပညာရှိပုဂ္ဂိုလ်မှန်သ၍၊သိရှိယုံကြည်ပြီးဖြစ်ကြလေသတည်း၊ ။

(အထူး)အတ္တပေါ်လျှင်။အနတ္တငုတ်၏၊ ။အနတ္တပေါ်လျှင်၊အတ္တပြုတ်၏၊(တနည်း)အတ္တဒိဋ္ဌိပေါ်လျှင်၊ အနတ္တသမ္မာဒိဋ္ဌိငုတ်၏။ ။အနတ္တသမ္မာဒိဋ္ဌိပေါ်လျှင်၊အတ္တဒိဋ္ဌိပြုတ်၏၊ ။ဤသို့ပြဆိုခဲ့သော၊နာမ်ရုပ်တရားနှစ်ပါး၊ ပရမတ္ထသဘောတွေသာအမှန်ဖြစ်ကြောင်း။ယ ခုပစ္စုပ္ပန်၊ မျက်မှောက်ဘဝ၌၊

မိမိ၏သန္တာန်တစ္ဆုလုံးမှာ၊ ထင်ဖြင့်၍၊ အနတ္တဥာဏ်သွယ်ဒိုင်လျှင်၊ မဒ္ဒမစ္ဆုဒ္ဒ သောတာပန်ခေါ်သည်ဟူ၍ပင်မှတ်ယူရမည်။ ။ဂုဏ်ဖြင်၊သည်တွင်မျှမက သေး၊အလိမ္မာအနတ္တဥာဏ်သည်၊တဖြည်းဖြည်း၊ရင့်သန်၊ရင့်သန်လာသော အခါ၊မိမိသည်တွေးတော၊ဆင်ခြင်မိလတံ့သည်ကား။အစ္ဆရိတ္တသန္တာန်တစ္ဆု လုံးသည်၊ယခုပစ္စုပ္ပန်တဘဝထဲမှ သာ၊နာမ်ရုပ်နှစ်ပါးအနတ္တတုံး၊အနတ္တခဲ ကြီးဖြစ်နေသည်မဟုတ်၊လွန်ခဲ့သောအတိတ်၊ ဖြစ်ခဲ့လေသမျှ၊ ဘဝပေါင်း တွေကလဲ၊နာမ်ရုပ်နှစ်ပါးအနတ္တတုံး၊ အနတ္တခဲတွေသာ အမှန်ဖြစ်ခဲ့ပါပေ၏။ နောင်နိဗ္ဗာန်မရုဒိဘဝ၊ အကြားအနာဂတ်က လတ္တိုင်္ဂလည်း၊နာမ်ရုပ်နှစ်ပါး အနတ္တတုံး၊ အနတ္တခဲကြီးအဖြစ်နှင့် ဖြစ်၍နေရ ကျင်လည် ရလိမ့်ဦးမည် ကား၊မှန်လှပါပေ၏ဟူ၍၊မိမိ၏ဥာဏ်မျက်စိထဲမှာ၊ အံတိတ်၊ ပစ္စုပ္ပန်၊အနာ ဂတ်သုံးဘဝ၊ ကာလသုံးပါးလုံး၊ နာမ်ရုပ်နှစ်ပါး၊ ဒီ နတ္တသဘောတွေကို၊ ကောင်းကောင်းဖြင်လျှင်၊ ဒုတိယစူဠသောတာပန်ဖြစ်ပြီဟူ၍ပင်မှတ်ယူကြ ရမည်။ ။

စူဠသောတာပန်နှောပနဟိတာပါယဒွါရော၊ ဟူသော ဒေသနာတော် အရ၊ အပါယ်တခါးလုံး ပိတ်ပြီဟူ၍၊ မြတ်စွာဘုရားနှင် ဟာတော်မူ သည်။ ဓဲသည်လိုသဘောတွေသိရတော့၊ဗုဒ္ဓဘာသာ၊ သာသနာတော်ကို၊ ယုံကြည်၊ကိုးကွယ်၊အားထားရတာ၊တယ်ကောင်းပါကလား။ အလွန်အ ဘိုးတန်လှပါကလား။လူဖြစ်ကျိုးနပ်ပါပေစွတကား၊ဟူ၍၊မိမိသည်၊ အ အလျောက်အားရှန်သက်၍လာလတံ့သည်ကားမှန်၏၊မဆုတ်မနစ်ကြိုးစား ကြလေ၊ဤလမ်းမျိုးကိုမလိုက်လျှင်၊များသောအားဖြင့်၊ ပရိယေသနဝမ်းစာ ရေးနှင့်ဖြစ်စေ၊မလိမ္မာ၍ဖြစ်စေ၊ ယေယျ့ဘာသာ၊ ပသိဘာသာများသို့၊ကူး ပြောင်း၊ဝင်ရောက်၍သွားတတ်သည်၊အထူးသတိမူကြလေ။ ။

သို့ဖြစ်၍၊ဝိပဿနာပညာလမ်းမှာ၊ ရှေးဦးပဌမစခန်းဌိအနတ္တကိုမူတည် ၍ထူထောင်ရမည်ဟူ၍၊ ဝန်ခံချက်နှင့်ပြဆိုခဲ့ပြီးသော၊စကားအရ။ အနတ္တ ထူထောင်ပုံ၊အားထုတ်ဆင်ခြင်ပုံ၊အကျဉ်းပြီး၏။ ။

(တနည်း)နာမ်ရုပ်နှစ်ပါးကို၊ဝိဇ္ဇာဥာဏ်နှင့်ပိုင်းခြားခြင်း၍၊ သိမြင်ရခြင်းဖြစ် လေသောကြောင့်၊ညာတပရိညာဝခန်းပြီး၏ဟူ၍ဆိုနိုင်၏။ ။

ဒုတိယစခန်းဌာနိစွကို၊ပဌမတည်၍၊ ဆက်လက်အား၊ထုတ်၊ ဆင်ခြင်ရှုဦးမည်ဟူ၍လည်း။ပြဆိုခဲ့ပြီးဖြစ်သည့်နှင့်အညီ၊ အနိစွကိုရှုတည်၍၊ဆင်ခြင်အား၊ထုတ်ပုံကိုပြဆိုဦးအံ့၊ ။

သစ်ပင်ကပွင့်သောပန်းပွင့်များသည်၊ ပွင့်သည်အချိန်ကစ၍၊ တဖြည်းဖြည်း၊ရင့်ရင့်လာသည်၊ သစ်ရွက်များ ၊ ည်း၊ အပင်ကထွက်သည်ကစ၍၊ တဖြည်းဖြည်း၊ ရင့်ရင့်လာသည်။အပွင့်နှင့်အရွက်တို့သည်၊ တဖြ ်းဖြည်း၊ ရင့်ရင့်လာရာက၊ အရင့်သဘောကုန်ရင်၊ ပုတ်ခိုခြင်းသဘောကိုလဲရောက်ရင်ရောက်မယ်။ သည်လိုမှ မဟုတ်ရင်လဲ၊ ချောက်သွေ့ခြင်းသဘောသို့ရောက်ရင်လဲရောက်မှာဘဲ။ အဲသည်သဘောနှစ်မျိုးသာရှိသည်၊ အဲသည်တော့၊ဥာဏ်နှင့်စဉ်းစားကြည့်၊ အပွင့်နှင့်အရွက်တို့သည်။ အပင်မှ၊ထွက်သည်ကစ၍၊တဖြည်းဖြည်း၊ရင့်ရင့်လာတာ၊ နှားနှားနေနေနဲ့ရင့်လာသလား၊ အစဉ်မပြတ်၊တ ်စပ်တည်း၊မနှားမနေမဂ့်ရေ့လာသလား၊ဆိုတာ၊ စဉ်းစားရန်အချက်သည်၊အရေးအကြီးဆုံးဖြစ်သည်။ အဲသည်လိုအရေးအကြီးဆုံးဖြစ်သည်အတို ်းစဉ်းစားဖန်များရင်ဥာဏ်၌၊ အစဉ်မပြတ်ရင့်ရင့်လာတယ်ဆိုတာပေါ်လာလိမ့်မည်။ အဲသည်လိုအစဉ်မပြတ်ရင့်ရင့်လာတာ၊ဘာပြုလို့လဲတဲ့ ၊အပင်ကထွက်စတုံးက၊ ပဌမပေါ်လာရုံ့ဖြစ်သော၊ နုနုနယ်နယ်၊ လပ်လပ်ဆတ်ဆတ်သဘောတွေလဲ၊မနှား၊မနေ၊အစဉ်မပြတ်၊ပြက်ပြက်ကုန်တယ်ဆိုတာ၊ ဥာဏ်မှာသိမြင်ပြီး ဖြစ်ကရောပေါ့၊ ပန်းပွင့်နှင့်သစ်ရွက်ထဲမှာ၊ရှိရင်းဖြစ်သောနုနု၊ လပ်လပ်၊ဆတ်ဆတ်၊ သဘောတွေ အစဉ်မပြတ်ပျက်စီး၊ကုန်ခန်းနေရင်၊ရင့်ခြင်း။ ပုတ်ရိုးဆွေးမြို့ခြင်းသဘောတွေ၊ အစဉ်မပြတ်ဖြစ်ပေါ်လာ ရုံ့ပေါ့။နုထွတ်၊ လပ်ဆတ်တဲ့သဘောတွေပျက်စီးနေတယ်ဆိုတာကို၊ပသာဒပျက်စီနဲ့မဖြင်နိုင်။ပညာမျက်စိနှင့်ကြည့်မှ၊ ဖြင်နိုင်သည်၊ပန်းပွင့်နှင့်သစ်ရွက်ထဲက၊နုထွတ်၊ လပ်ဆတ်တဲ့သဘောတွေ၊အစဉ်မပြတ်ပျက်စီးနေတာ၊ပညာဥာဏ်မျက်စိနှင့်လှလှပိုင်ပိုင်၊ဖြင်ရင်၊ ပန်းပွင့်နှင့်သစ်ရွက်မှာရှိတဲ့၊ပျက်စီးခြင်းပရမတ်သဘောတွေ ကောင်းကောင်းဖြင်ပြီ၊ မှတ်ကြပေတော့၊ ဤကား ပန်းပွင့်နှင့်သစ်ရွက်မှာရှိသောပျက်စီးခြင်းသည်၊ ဗဟိဒ္ဓပရုမတ်အနိစ္စသဘောတဲ့၊ကောင်းကောင်းမှတ်ထားကြလေ၊ ။

အဲသည်လိုယခုပြခဲ့တဲ့၊ပန်းပွင့်နှင့်သစ်ရွက်ထဲမှာရှိရင်းဖြစ်သော၊နုထွတ်လပ်ဆတ်တဲ့ပရမတ်သဘောတွေ အစဉ်မပြတ်၊ မနှားမနေ ပျက်စီး ကုန်ခန်းနေတဲ့ ၊အနိစ္စသဘော လှလှ ပိုင်ပိုင် ဖြင်သလို။ဖိဖိ၏အစ္ဆရိတ္တသန္တာန်မှာ

ရှိရုင်းဖြစ်သော၊ နာမ်ရုပ် ပရမတ်တို့၏၊ အစဉ်မပြတ်ပျက်စီးနေတဲ့၊ အနိစ္စ သဘောကို လွယ် ပိုင်ပိုင်၊ ဉာဏ်မျက်စိနဲ့ မြင်အောင် ကြည့်ရမည်။မြင်ရင် အစ္စာတ္တာတရားဖြစ်တဲ့၊ ဝိပဿနာ အနိစ္စဝိစ္စာအစ၊ အမှန်တွေ ပေါ်လာပြီ မှတ်ကြပေတော့။ အဲသည်လို ဘုန်းကြီးမှာသည့် အတိုင်း။ အစ္စာတ္တာ အနိစ္စ အစစ်ပေါ်လာအောင် လွယ်လွယ် ကူကူနဲ့။ ကြည့်နည်းက သည်လိုတဲ့။ မိမိ၏ အစ္စာတ္တာသန္တာန်မှာ ရှိရင်းဖြစ်သော၊ နာမ်ရုပ်ပရမတ် သဘောတွေသည်။ အဓိဝမ်းဋ္ဌ ပဒိုသန္ဓေ တည်နေသည်ကစ၍၊ တဖြည်းဖြည်း အစဉ် မပြတ်၊ရင့်ရင့်လာကြတာပေါ့။ ရင့်ဘန်များလို့ ဘွားမြင် ချိန်ကြရင်လဲ၊ ဘွား မြင်ပါရော။တဘန်ဘွားမြင်ပြီး။ အစဉ်မပြတ် ရင့်ရင့်ပြီးလာပါရော၊ ရုင့်ဘန် များလို့၊ ဆံဖြူချိန်၊ သွားကျိုးချိန်ကျရင်လဲ၊ ဆံဖြူ သွားကျိုးပါရော။ သည် ထက်ဘဲ တဆင့်တက်ပြီးကြည့်လိုက်ဒုံး၊ဆံဖြူ သွားကျိုးအောင်ရင့်ရာက။ ရွှေကိုတိုးတက်ပြီးရင့်လာရင်ဘာဖြစ်ဒုံးမှာလဲ။ မြေကြီးထဲ ရောက်အောင် သေပါရော။သေတာကို အနိစ္စမယူနဲ့။သေတာက မရဏခေါ်သည်။တဘဝ မှာတခါသာသေသည်၊သေခြင်း မရဏကို ပွားများလျှင်၊မရဏာ နုဿတိ၊ သမထ ဘာဝနာသာဖြစ်သည်။ပထမစျာန်လောက်သာ ရနိုင်သည်။အပါယ် ဘေးဟူသမျှတို့၏၊ရေသောက်မြစ် အတ္တဒိဋ္ဌိ ငရဲအိုး၊အပါယ်အိုးကို၊ ခွဲနိုင် ဖြတ်နိုင်သော တရားမျိုး မဟုတ်ချေ။ နိဝရဏတရားတို့ကို ခေါင်းပါးရုံ လောက်သာ တတ်နိုင်သည်ကား မှန်၏။ အနိစ္စ ဝိပဿနာစသော၊ ပညာ တရားတို့မှသာ၊ အတ္တဒိဋ္ဌိ စသော ထရားဆိုးကြီးတွေကို ဖြတ်တောက် နိုင်သည်။ အနိစ္စဆိုတာလဲ တဘဝမှာ တခါသာ ပျက်သည်မဟုတ်။ ပန်း ပွင့်နှင့် သစ်ရွက်မှာ ပြဲခဲ့သော နည်းအတိုင်း နားနား နေနေမရှိ။အစဉ်မပြတ် တလစပ် ပျက်စီးလျက်ရှိနေလေ၏။ မိမိ၏ အစ္စာတ္တာ သန္တာန်မှာ ရှိရင်းဖြစ် သော၊ နာမ်ရုပ် ပရမတ် သဘောတွေသည်၊တထိုင်တွင်း မှာပင်၊ မျက်စိ ကာဒိကြောင့်ပင်၊အခါးနှံ့နေသောမနေတဲ့ အပျက်တွေ မရေမတွက်နိုင်အောင်။ အစဉ်မပြတ ိပြာတဲ့ သဘောသုံ့ချီ၊ ဘိန်ဒုံလေ၏ဟူ၍၊ မိမိ၏ ဉာဏ်မှာ ကောင်းကောင်းကြီး ထင်မြင်ပေါ်ဟော တ္ကလာလျှင်။။အနိစ္စ ဝိစ္စာ အစစ်ကို မြင်ပြီဟူ၍၊အရိုးစွဲအောင် မှတ်ကြပေတော့။ နာမ်ရုပ် နှစ်ပါးသည်။ အစဉ် မပြတ်အားဖြင့်၊ ပျက်စီးခြင်း အနိစ္စသဘောတွေ ဖြစ်ရတာ၊ ဘာဖြစ်လို့လဲ၊ နာမ်ရုပ် နှစ်ပါးတွေ အစဉ်မပြတ်။ ဖြစ်ပေါ် ဖြစ်ပေါ်၍ လာတာကြောင့်ဘဲ ဆိုတာ မှတ်ကြ။အဖြစ်ရှိရင် အပျက်ရှိရမည်၊ အပျက်ရှိရင်လဲ၊ အဖြစ်ရှိရ

မည်။အစဉ် မပြတ် အဖြစ်ရှိရုံ၊ အစဉ်မပြတ် အပျက်ရှိရမည်။ အဲသည့် နာမ်ရုပ် ပရမတ် သဘောတွေ၏၊ အစဉ်မပြတ်ဖြစ်၊ အစဉ်မပြတ်ပျက်ဆိုတာကို။ပသာဒ မျက်စိနဲ့ ကြည့်၍၊ မြင်နိုင်ကောင်းသော တရားမျိုးမဟုတ်။ ပညာမျက်စိနှင့်မှသာ၊ မြင်နိုင်ကောင်းသော တရားသဘောမျိုး ဖြစ်သည့်၊ ပညာမျက်စိ၊ အလိမ္မာမျက်စိ၊ ဝိဇ္ဇာမျက်စိ၊ ဉာဏ်မျက်စိ၊ အမောဟမျက်စိ၊ ဇိမံသမျက်စိ၊ ဝိမံသာဓိပတိဓမ္မက်စိ၊ ဝိမံသိဒ္ဓိပါဒိ မျက်စိ၊ ပညာဗိုလ်မျက်စိ၊ ဝမ္မဝိစယ သမ္မောဇ္ဈင် မျက်စိ၊ ယထာဘူတဉာဏ် မျက်စိ၊ ဝမ္မဋ္ဌိတိဉာဏ် မျက်စိ၊ ဝမ္မဓမ္မက်စိ၊ သမ္မာဒိဋ္ဌိမဂ္ဂင်မျက်စိ စသော ပညာမျက်စိ အမျိုးမျိုးတို့သည်။အမည်ပညတ် ဘယ်လိုပင် များသော်လဲ၊ တရားသဘော တရားကိုယ်မှာ၊ အဟူတူပင်တည်း ဟူ၍ မှတ်ယူကြလေ၊ ။

နာမ်ရုပ်နှစ်ပါး ပရမတ် သဘောတွေ၊ အစဉ် မပြတ် ပျက်စီးနေတာ၊ ဉာဏ်မှာ ကောင်းကောင်း မြင်လျှင်။ အနိစ္စ ဝိဇ္ဇာခေါ်သည်။ အနိစ္စ ဝိဇ္ဇာ ပေါ်ကိုရောက်အောင် ဆင်ခြင် အားထုတ် ပွားများကြလေ။ ။ဘုန်းကြီးမှာသည့်အတိုင်း။ ဆင်ခြင်ပွားများ၍ ပေါက်ရောက်လျှင် အနိစ္စဝိဇ္ဇာအရာမှာကိစ္စတုံးပြီ။ ။

ထို့ပြင်ဝိဝိ၏ အစ္ဆရိယသန္တာန်က၊ နာမ်ရုပ်နှစ်ပါး ပရမတ် သဘောတွေ။ အစဉ်မပြတ် ပျက်စီးနေတာ၊ ဉာဏ်မျက်စိမှာ ဘုန်းကြီးမှာသည့် အတိုင်း ထင်ဖြင်ပေါက်ရောက်လာရာက၊ တဖြည်းဖြည်း ဉာဏ်သည်ရင့်သန် ရင့်သန်၍။ ဉာဏ်ထဲမှာ ပျက်စီးနေတဲ့ သဘော ဝေ့သည်။ တယ်ကြောက်စရာကောင်းပါကလား။ ထိတ်စရာ ကောင်းပါ ကလား။ လန့်စရာ ကောင်းပါကလားဆိုတဲ့ ဘေ တုံး ဘေး ခဲ သဘောတွေကို။အလိုအလျောက် ထင်ဖြင်လာလိမ့်မည်။ အဲသည်လို ထင်ဖြင်လာပလားဆိုမှဖြင့်။ ဝိဝိ၏ နာမ်ရုပ်နှစ်ပါးထဲက ပေါ်လာသော ပျက်စီးနေတဲ့၊ ဘေးကွေဘဲမှတ်ကြ။ အဲသည် ဘေးတွေကို ထိတ်လောက် လန့်ဖြီးလောက်အောင်၊ ဉာဏ်မှာမြင်ရင်၊ ဒုက္ခဝိဇ္ဇာပေါက်ရောက်ပြီဟူ၍ မှတ်ကြပေ။ ။ဘုန်းကြီးမှာသည့် အတိုင်း၊ ဆင်ခြင်ပွားများ၍၊ ပေါက်ရောက်လျှင်။ဒုက္ခဝိဇ္ဇာ အရာမှာ ကိစ္စတုံးပြီ။ ။

ထို့ပြင်၊ ဝိဝိသန္တာန်၌ ရှိရင်းဖြစ်သော၊ နာမ်ရုပ်နှစ်ပါးပရမတ်သဘောတွေထဲက၊ အနိစ္စနှင့် ဒုက္ခနှစ်ပါးကို ကောင်းကောင်းမြင်လျှင်၊ ဉာဏ်ထဲမှာ အလိုအလျောက် ထင်ဖြင်ပေါ်ပေါက်၍ လာလိမ့်ဦးမည်ကား။ ဤသို့တည်း။

သြေဝ် နာမ်ရုပ်နှစ်ပါး ပရမတ် သဘောဆိုတာ၊ နိယာမ ဓမ္မတာ အားဖြင့်၊ အစဉ်မပြတ် ပျက်စီးမြဲ အနိစ္စသဘောမျိုးတွေပါကလား။ ပျက်စီးတတ်တဲ့ သဘောဆိုတာလဲ၊ ကြောက်စရာ၊ လန့်စရာ၊ ထိတ်စရာ၊ တယ်ကောင်း ပါကလား။ နာမ်ရုပ် နှစ်ပါး။ ပရမတ်တို့ဇ်။ မျိုးရိုးသဘောသည်။ ပျက်စီးမြဲ အနိစ္စ၊ ပျက်စီးခြင်းကြောင့်လဲ၊ကြောက်စရာ လန့်စရာ ထိတ်စရာကောင်းမြဲ ဒုက္ခပါတကား။ နာမ်ရုပ်၊ နှစ်ပါးကိုက၊ အနိစ္စမျိုး။ ဒုက္ခမျိုးဖြစ်နေပေါ့။ဘယ်မှာ။အနိစ္စ မဖြစ်အောင်၊ဒုက္ခမဖြစ်အောင်. တားဆီးလို့ရနိုင်ပါ့မလဲ။ဘယ်မှာ အစိုးရနိုင်ပါ့မလဲ။ ဘယ်မှာမပျက်စီးနိုင်အောင်၊ ဘေးတုံး ဘေးခဲ မဖြစ်နိုင်အောင်၊အားကိုး အားထားရှိစရာ အခိုင်အမာ၊အနှစ်သာရ ရှိနိုင်ပါ့မလဲ။ ဓဲသည်လို ပိပိ၏ ဥာဏ်မျက်စိထဲမှာ ထင်ဖြင် ပေါက်ရောက်လာပြီ ဆိုမှ ဖြင့်။ နေရောကျပြီ။ဧရှကို စဉ်းစားတိုင်း မလွဲတော့ပြီ။ ဘယ်လိုကြောင့် မလွဲတော့သလဲ၊ နာမ်ရုပ်နှစ်ပါး ပရမတ္ထ တရားသဘောဆိုတာ၊ အနိစ္စ၊ ဒုက္ခ သဘောမျိုးသာ အမှန်ဖြစ်လေသောကြောင့်၊အားကိုးစရာ၊အားထား စရာမှ မရှိဘဲ၊ခိုင်မာတဲ့ အနှစ်၊အမာဆိုတာလဲ၊ နှစ်ပြားသား၊နှစ်ခွေးသားလောက် မှမရှိဘဲ၊ ဓဲသည်လိုမရှိတဲ့ သဘောမျိုးအမှန် ဖြစ်ခြင်းကြောင့်၊ နာမ်ရုပ် နှစ်ပါးသည်။ အနတ္တ သဘောအစစ် အမှန်ဘဲဆိုတာ။ ထင်ဖြင်ပြီ၊ ပေါက်ရောက်ပြီမှတ်ကြပေတော့။ ဓဲသည်လို ထင်ဖြင်တဲ့ အနတ္တသည်၊သာမည အနတ္တမဟုတ်။သမ္မာဒိဋ္ဌိမဂ္ဂင် အစစ် ဖြစ်တဲ့၊အနတ္တ ဝိဇ္ဇာခေါ်သည်။ ။ဓဲသည်လိုဘုန်းကြီးမှာသည့် အတိုင်း။ ပိပိ၏အစ္ဆာတ္တ၊ အတွင်းနာမ်ရုပ်နှစ်ပါး ပရမတ္ထ သဘောတွေသည်။ တထိုင်ထဲမှာ၊ မျက်စိတမှိတ်အတွင်း မှာပင်၊ မရေမတွက်နိုင်အောင်။ အစဉ်မပြတ် ပျက်စီးနေတဲ့၊ အနိစ္စ သဘောတွေ ပျက်စီးခြင်းကြောင့်လဲ။ အစဉ်မပြတ် ထိတ်စရာ၊လန့်စရာ၊ ကြောက်စရာ၊ ဘေးတုံး၊ ဘေးခဲဖြစ်နေတဲ့၊ ဒုက္ခသဘောတွေ၊ အနိစ္စ၊ ဒုက္ခတွေ ဖြစ်နေတာကြောင့်လဲ၊အားကိုးအားထားစရာ၊အခိုင်အမာ မရှိတဲ့၊အနတ္တသဘောတွေသာ အမှန်ဖြစ်တဲ့ သဘောသိုးချက်သည်၊ နုဗ္ဗဓာရုပ် ပရမတ် ရဟန်တို့ ဖြစ်ပေါ်လာသည်ကစ၍။ မကွေမကွဲ တည်ပါတည်း၊ ပါလာပါကလား ဆိုတာ၊ ပိပိ၏ဥာဏ်မှာ ကောင်းကောင်းကြီး၊ ပိုင်ပိုင်နိုင်နိုင်၊ ထင်ဖြင်ပေါက်ရောက်လျှင်၊ အနိစ္စဝိဇ္ဇာ၊ ဒုက္ခဝိဇ္ဇာ၊ အနတ္တဝိဇ္ဇာအရာမှာ ကိစ္စတုံးပြီမှတ်ကြပေတော့။ ဓဲသည်လို ဝိဇ္ဇာသိုးချက်သည်၊နာမ်ရုပ်ပရမတ်သဘောထဲမှာ ရှိနေတာ အမှန်ဘဲဆိုတာ၊ ဥာဏ်မှာ မြင်ရင်၊ ဝိပဿနာ ဥာဏ်အစစ်ဖြစ်

သော။ သမ္မသနုဉာဏ်၊ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်၊ဘယဉာဏ်၊အာဒီနဝ ဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုဉ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်တို့ ပါဝင်ပြီး ဖြစ်လေတော့သည်ကားမှန်၏ဟူ၍။ မြတ်စွာဘုရားရှင် ဟောတော်မူသည်။ ဓမ္မဝိသည်တော့ နာမ်ရုပ်နှစ်ပါး ပရမတ္ထတရားသည်၊ အနိစ္စအမှန်၊ဒုက္ခအမှန်၊ အနတ္တ အမှန်ဘဲဆိုတာကြောင့်၊ ဓမ္မဝိသည်သုံးချက်ကို မြင်နိုင်တဲ့ လက္ခဏာယဉ်သုံးပါးကို တိရဏာခေါ်သည်။ပိုင်းခြား၍ မြင်တာကို ပရိညာခေါ်သည်။ တိရဏာနှင့် ပရိညာကိုတွဲစပ်၍ခေါ်လျှင်၊ တိရဏာ ပရိညာခေါ်သည်၊ ဓမ္မဝိသည် တိရဏာပရိညာကို။ ဉာဏ်မှာ ကောင်းကောင်း ပိုင်နိုင်အောင် အားထုတ်ရမည်၊ ဝိပဿနာ ပညာ အလုပ်စခန်းမှာ အကျဉ်းအားထုတ်ပုံ တိရဏာ ပရိညာစခန်းပြီး၏။

(တနည်း) အာရဒ္ဓဝိပဿကာ၊တတိယစူဠသောတာပန်စခန်းပြီး၏။

—o—

ထို့ပြင် နာမ်ရုပ် ပရမတ် တရားနှစ်ပါးကို ပြခဲ့ပြီးသော နည်းအတိုင်း။ အားထုတ်ပွားများ၍၊ ဉာတပရိညာ၊ တိရဏပရိညာ နှစ်ပါးကို မြင်သော၊ ဉာဏ်မျက်စိသည်။တဖြည်းဖြည်း ရင့်သန်ရင့်သန်၍ လာလတ်၊ရင့်သန်လာပြီဆိုမှဖြင့်၊ နာမ်ရုပ်နှစ်ပါးသည်၊ အတွင်းရှိသူ အစစ်ဘဲ၊ အတွင်း ဘေးခဲ၊ ဘေးတုံး အစစ်ဘဲဆိုတာ၊ ထင်မြင်တော့မှာဘဲ။ အဲသည်လို ထင်မြင်ဘန်မျှားလာရင်၊ နာမ်ရုပ်နှစ်ပါးသည်၊ ငါမပိုင်၊ ငါမဆိုင်တဲ့ တရားမျိုးပါကလား။ နာမ်ရုပ်နှစ်ပါးထဲမှာ၊ ငါလဲမရှိ၊ ပုဂ္ဂိုလ်သတ္တဝါလဲ မရှိ ယောကျ်ားမိန်းမလဲမရှိပါကလား၊ နာမ်ရုပ်နှစ်ပါးထဲမှာ၊ ငါ ပုဂ္ဂိုလ် သတ္တဝါစသည် ဆိုတာလဲ၊ နှစ်ပြားသား နှစ်ခွေးသားမျှ ရှာမရ ပါကလား။ သို့သည်လိုမှ မရှိရင်၊ သည်လိုမှ ရှာမရရင်ဘာတွေသာ ရှိသလဲ၊ဘာတွေသာ ရှာရတော့သလဲဆိုတော့။နာမ်ရုပ်နှစ်ပါး ပရမတ်တရားတွေထဲမှာ။ သူတို့ချင်း ဖြစ်အတူ၊ ပျက်အတူဆိုတဲ့၊ အနိစ္စ သဘောတွေ ၊ဒုက္ခသဘောတွေ။ အနတ္တသဘောတွေသာ ရှိသေ့သည်။ရှာ၍ ရတော့သည်သာတည်း။သည်တင်မှ မကသေးဘူး။ နာမ်ရုပ်နှစ်ပါး ပရမတ် သဘောတွေထဲမှာ။ ဇာတိကြောမပြတ်နိုင်တဲ့ ဘေးအမျိုးမျိုးတွေ၊ဇရာကြောမပြတ်နိုင်တဲ့ ဘေးအမျိုးမျိုးတွေ၊ ဗျာဓိကြော မပြတ်နိုင်တဲ့ ဘေးအမျိုးမျိုးတွေ။ မရဏာကြော မပြတ်

နိုင်တဲ့ ဘေးအမျိုးမျိုးတွေသာရှိတော့သည်၊ရှာ၍ရတော့သည်သာတည်း။ သည်တင်မှ မကသေးဘူး၊နာမ်ရုပ်နှစ်ပါး ငရဖတ်သဘောတွေထဲမှာ။ သော့ ကဲမီးတွေ၊ပရိဒေဝမီးတွေ၊ ဒုက္ခ၊ဒေါမနဿ၊ ဥပါယာသမီးတွေဆိုတာလဲ အပြည့်၊ အနှက်သားရှိတော့သည်။ ရှာ၍ ရတော့သည်သာတည်းဟူ၍ ထင်မြင်လာလတ္တံ့။

အဲသည်လို ထင်မြင်ပြီးနောက်။ နာမ်ရုပ်နှင်ပါးသည် ငါကဲ့။ ငါ့ဟာဘဲ ဆိုတာစွဲလမ်းစရာ မရှိပါကလား။ အပြင်မှာရှိနေတဲ့၊မြက်ချောက်၊ မြက်မှုိက်၊ထင်းတုံး၊ ထင်းချောင်းတွေနဲ့ သားတူ နေပါကလား။ အပြင်ဓာတ်ဖြစ်တဲ့၊မြက်ချောက်၊ မြက်မှုိက်၊ထင်းတုံး၊ ထင်းချောင်းတွေထဲမှာ၊ ငါထင်စရာ၊ ငါဟုစွဲလမ်းစရာဘာတခုမျှရှာမရသလို။ နာမ်ရုပ်နှစ်ပါးပရမတ္ထသဘောတရားတွေထဲမှာလဲ၊ ငါထင်စရာ၊ ငါဟု စွဲသမ်းစရာ ရှာမရတာကြောင့်။ အပြင်ဓာတ်ဖြစ်သော၊ မြက်ချောက်၊မြက်မှုိက်၊ထင်းတုံး၊ထင်းချောင်းတွေနဲ့ ။နာမ်ရုပ် နှင်ပါးတို့သည် အုတူတူပင်တည်း။ တသဘောတည်းဖြစ်ကြ၏၊ သည်တင်မှ မကသေးဘူး၊နာမ်ရုပ်နှစ်ပါးတဲမှာတိုရဏာပရိညာမှာတုံးက ပြဲခဲ့သည့်။ ကြောက်စရာ ကောင်းတာတွေမြင်ထဲ့၊ ဘယ ဥာဏ်၊ ဘိုးမွမ်းစရာမရှိ၊ အပြစ်တင်စရာတွေသာ၊ အလွန် များကြောင်း၊ မြင်ခဲ့တဲ့၊ အာဒီနဝဥာဏ်။ မုံးစရာ စက်ဆုပ်စရာ၊ ငြီးငွေ့စရာတွေ မြင်ခဲ့တဲ့၊နိုဗ္ဗိဒါဥာဏ်၊ နာမ်ရုပ်နှစ်ပါးသည်၊ ဤမျှလောက်အသုံး မကျ။အားကိုးစရာမရှိ။အမြဲနှိပ်စက်နေတဲ့ ရန်သူကြီး အစစ် ဖြစ်လေသောကြောင့်။ နာမ်ရုပ်နှစ်ပါးနှင့်မဆက်ဆံနှိုးချင်တာတွေ၊ နာင်ရုပ်နှစ်ပါးဘေးကလွတ်ချင်တာတွေအများကြီးပေါ်လာသော၊မုဋ္ဌိတုကမျတာဥာဏ်၊အနိစ္စဘေး၊ဒုက္ခဘေး၊ အနတ္တဘေးတွေ၊ကောင်းကောင်း မြင်ခဲ့သော၊ ပဋိသင်္ခါရဥာဏ်တွေကိုပြန်၍တွေးလိုက်တိုင်း။တွေးသိုက်တိုင်း၊ နာမ်ရုပ်နှစ်ပါးကို၊ ငါဘဲ ပုဂ္ဂိုလ်သတ္တဝါစသည်ဘဲထို၊အတ္တဒိဋ္ဌိအမှားစွဲကြီးတန်းလန်းနဲ့ လာခဲ့ရတဲ့ ဘဝတွေ၊ကမ္ဘာတွေကို ၊စဉ်းစားလိုက်တော့၊အသည်းနှလုံးတုန်စရာတွေပါကလား၊အဲတာကြောင့် ယခုဖြင့်တော့ပြီ၊ နာမ်ရုပ်နှစ်ပါးကို အမှား မြင်ကဲ့အတ္တဒိဋ္ဌိစွဲကြီးတော့အော့ကျောလန်ပေါ့။ အသေအချာဘဲ စက်ဆုပ်ရွံရှာပေါ့၊ နာမ်ရုပ်နှစ်ပါးဘေးတုံးဘေးခဲကြီးကို။ အမှားမြင်ပြီးအတ္တဒိဋ္ဌိစွဲ၍တွယ်တာနှစ်သက်နေတာမှားကုန်ပြီ၊ သေခန်း၊ ရှင်ခန်းဖြတ်လိုက်ပြီ။ အဲသည်လိုဘုန်းကြီးမှာသည့်အတိုင်း။နာမ်ရုပ်နှစ်ပါးသည်၊ ဘေးတုံးဘေးခဲ

ဖြစ်တဲ့ အပြင်နောက်ထပ်တခါ အမှားမြင်နေတဲ့ အတ္တဒိဋ္ဌိက သာ၍ပင်၊ ခက်ခဲနေပါကလား။ ဘာနဲ့တူပါသလဲဆိုတော့။ ဘိလူးပေါ်သားရဲစီးဆိုတာကျနေပြီ၊ ဘိလူးကဆိုးတဲ့အပေါ်မှာ၊သားရဲကထပ်စီးတော့၊သာလွန်၍ပင် ဆိုးဝါးသွားတာပေါ့၊အဲသည် ဥပမာနဲ့ အတူတူဘဲ။ နာမ်ရုပ်နှစ်ပါးကိုကြ၊ဘေးတုံးဘေးခဲဖြစ်နေတဲ့ အပေါ်မှာ အပါယ်ဒုက္ခဆိုးကြီးနဲ့တူတဲ့။ အတ္တဒိဋ္ဌိကထပ်လိုက်ပြန်တော့၊သံသရာထဲမှာ၊ ပွက်ပွက်ဆူအောင် ခက်နေတာပေါ့၊ သို့သော်လဲ၊နောက်နောက်က၊ဘယ်လိုဘဲဆူဆူကိစ္စမရှိ။ ယခုအခါမှာ၊ အလိမ်မာဉာဏ်ပညာတွေလွှတ်လိုက်လာတာကြောင့်၊ အတ္တဒိဋ္ဌိစွဲပြီးသာယာနှစ်သက်နေတဲ့ သဘောတွေ ပယ်လိုက်ပြီ၊လွှတ်လိုက်ပြီ။အဲသည်အတိုင်း။ပွားများဆင်ခြင်အားထုတ်၍၊ပေါက်ရောက်လျှင်၊ သခ်ါရပေကွာဉာဏ်နှင့်၊ အနုလောမဉာဏ်တို့ တခါတည်း။ ပါမှန်းမသိပါသွားပြီမှတ်ယူကြပေတော့၊ ပဟာနပရိညာ ကိစ္စတုံးပြီ၊ ပရိညာသုံးပါးပေါက်ရောက်ပြီဟူ၍။ အရိုးစွဲအောင်မှတ်ကုန်ရာ၏။

သစ္စာလေးပါးတပြိုင်နက်ပေါ်၍။ သောတာပတ္တိမဂ် ဝိထိကျသွားပြီ။ အဲသည်နေရာမှာပေါ်တဲ့ သစ္စာလေးပါးက၊ သည်လိုတဲ့။ နာမ်ရုပ်နှစ်ပါးထဲက ဘေးတွေမြင်တာက ဒုက္ခသစ္စာ။ နာမ်ရုပ်နှစ်ပါးကို၊ အတ္တဒိဋ္ဌိစွဲပြီးသာယာနှစ်သက်နေတဲ့တဏှာက၊သမုဒယသစ္စာ၊ပရိညာသုံးပါးကို အားထုတ်တဲ့သမ်းက၊ မဂ္ဂသစ္စာ။ အပါယ်ဒုက္ခနဲ့တူတဲ့အတ္တဒိဋ္ဌိကို၊သာယာနှစ်သက်နေတဲ့၊တဏှာသမုဒယပြတ်၍၊ပဟာနပရိညာပေါက်ပြီး။ အတ္တဒိဋ္ဌိကြောင့် ဖြစ်တဲ့ဒုက္ခတွေအေးတာ၊ ငြိမ်းတာက၊နိရောဓသစ္စာ။ အဲသည် သစ္စာလေးမျိုးပေါ် သွားပြီ။နာမ်ရုပ်နှစ်ပါးကို အမှား မြင်သော အတ္တဒိဋ္ဌိသည်။ အတွင်းတရားကိုယ်ပိုင် ဥစ္စာမဟုတ်။အပြင်မှာရှိတဲ့ မြက်ချောက်မြက်မှုံက်၊ ထင်းတုံး၊ ထင်းချောင်းတွေနဲ့ အတူတူဘဲဆိုတာ သိပြီ၊ မြင်ပြီ။အဲတာကြောင့်၊သံသရာရှည်မဲ့ဘေးတွေ၊ အပါယ်ဘေးတွေအေးပြီ၊ငြိမ်းပြီ။ ဆိုးရိုင်တရားမရှိတော့ပြီဟူ၍မြတ်စွာဘုရားရှင်သည်၊

တိဏကဋ္ဌသမံ လောကံ။
ယာဒါ ပညာယ ပဿတိ၊
မမတ္တံ သော အသံဝိနွံ၊
နတ္ထိ မေ တိ နသောစတိ။ ။

ဟူ၍၊ထေရဂါထာပါဠိတော်၌ဟောတော်မူခဲ့လေပြီ။ ။ယောအကြင်သူသည်။ လောကံ၊ငါ၊ပုဂ္ဂိုလ်၊သတ္တဝါစသည် မှတ်ထင်စွဲလန်း၍နေကြကုန်သောသတ္တလောကကြီးကို။တိဏာကဋ္ဌသမံ။မြက်ချောက်၊မြက်မှုိက်၊ထင်းတုံးထင်းချောင်းတွေနဲ့၊မထူးမခြားတစားတည်း၊တထပ်ထည်းတူအောင်ယဒါ၊ အကြင်အခါ၌၊ ပညာယ၊ဝိစွာညာဏ်ဖြင့်။ပသတိ၊ ယာ၍တေ၇ဖြင့်၊ ပွားများအားထုတ်ရုံလေသောကြောင့်၊လင်းလင်းထင်ထင်၊သိမြင်၍၊တဒါ၊ ထိုလင်းလင်းထင်ထင်၊ သိမြင်သောအခါ၌။ သော၊ ထိုမြင်သောသူသည်။ မမတ္တံ၊မံအတ္တံ၊ငါ၊ပုဂ္ဂိုလ်၊ သတ္တဝါဟုဆိုအပ်သော ကိုယ်ကို။ အသံဝိန္ဒံ၊ မဟုတ်ခြင်းကြောင့်၊ မဂှိခြင်းကြောင့်၊ ဂှာကြံ့ မရသည်ဖြစ်၍၊ မေ၊ငါ၏။ သန္တံကံ၊ချစ်စရာ၊ ခင်စရာ၊ တပ်မက်စရာဥစ္စာသည်လည်း။နတ္ထိ၊မရှိပါပေဗြိတကား။ဣတိ၊ဤသို့၊ဉာဏ်ထဲမှာသိမြင်ရ၍၊နသောစတိ၊ဘာကလေးတခုမျှမရှိမှီး၏။ ၊နှစ်သက်ဘွယ်ကောင်းလှပါပေစွ။ ဤထေရဂါထာ ပါဠိနှင့်ညီညွတ်ကြရလေအောင်၊ပရိညာသုံးပါးဖြင့် အားထုတ်ပုံ၊ အကျဉ်းနည်းကို ဆင်ခြင်နှလုံးသွင်းနိုင်ကြပါစေကုန် သတည်း။ ။သောတာပန်နှင့် သကဒါဂါ၊ဂေါတြဘူဉာဏ်၊သောတာပတ္တိမဂ်ဉာဏ်၊ သောတာပတ္တိ ဖိုလ်ဉာဏ်။ ,ပစ္စဝေက္ခဏာဉာဏ်တွေဆိုတာ၊ ပဟာနပရိညာမှာပါဝင်ပြီးဖြစ်သည်၊အားထုတ်ရသောဉာဏ်မျိုးမဟုတ်၊အကျိုးဉာဏ်မျှသာဖြင်ကြသည်။

မဟာသောတာပန်အရိယာအစစ်ဖြစ်သော၊
အားထုတ်နည်းအကျဉ်းပြီး၏။

——:o:——

ထို့ပြင်ပြခဲ့ပြီးသော၊ နာ၁ရုပ်နှစ်ပါးအလုပ်စခန်း၊အစဉ်၄ဘ။ အတိဓမ္မာဂရမတ္ထသဘော၊သဘာဝဓမ္မတို့၌၊ပညာဉာဏ်ကြီးရင့်ကြစေခြင်းငှာ နိဒါန်းဒွါဝန်ခဲ့သည်နှင့်အညီ၊လက္ခဏာ၊ ရသ၊ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်လေးပါးတို့ကို၊အသိအာသိ။ရှင်းရှင်းလင်းလင်းရှိအောင်၊ခွဲခြား၍ပြဆိုဦးအံ့။

တံတံသဘာဝေါ လက္ခဏံ၊ ကိစ္စသမ္ပတ္တိယော ရသော၊
ဂယ္ဟာ ကာရော ဖလံ ဝါဝိ၊ ပစ္စုပဋ္ဌာန သညိတံ။
အာသန္နကာရဏံ ယဏ္ဍံ၊ ပဒဋ္ဌာန ဏီးတံ မတံ၊
ဓမ္မာနံ ဝဝတ္ထာနာယ၊အလံ ဇေတေ ဝိဗုဒ္ဓိနာ၊ ။

တံတံသဘာဝေါ၊ ထိုထိုနာမ်ရုပ်နှစ်ပါး ပရမတ္ထတရားတို့၏ သဘော သည်။ လက္ခဏံ၊ မှတ်ကြောင်း လက္ခဏာမည်၏။ ကိစ္စသမ္ပတ္တိယော၊ ပရမတ္ထတရားတို့၏ပြုခြင်းကိစ္စတို့သည်။ ရသော၊ရသမည်၏။ ဂယ္ဟာကာရော ဝါ၊နာမ်ရုပ်နှစ်ပါး။ ပရမတ္ထတရားတို့ကိုဆင်ခြင်အားထုတ်၍။ ဉာဏ်ဌပေါ် ပေါက်ထင်ဖြင်လာသော၊ အချင်းအရာတို့ကိုဂုင်း။ ဖလံဝါဝိ၊ နာမ်ရုပ်နှစ် ပါးပရမတ္ထတရားတို့၏။ပြုခြင်းကိစ္စကြောင့်ဖြစ်ပေါ်ပြီးစီးခြင်းအကျိုးကိုဂုင်း၊ ပစ္စုပဋ္ဌာနသညိတံ၊ပစ္စုပဋ္ဌာန်ဟူ၍သိအပ် မှတ်အပ်၏။ ယံအာသန္နကာရဏံ၊အကြောင်နာမ်ရုပ် နှစ်ပါးပရမတ္ထ တရားတို့ဌိုးသော အားကြောင်းသည်။ အတ္ထိ၊ရှိ၏။တံ၊ထိုဒိုးသော အကြောင်းကို။ ပဒဋ္ဌာနန်္တိ၊ပဒဋ္ဌာန်ဟူ၍၊မတံ၊ သိအပ်၏။ ဝိဗုဒ္ဓိနော၊ပရမတ္ထတရားတို့၌ ကောင်းစွာ တတ်မြောက်ကျမ်း ကြောင်၍၊ပညာဉာဏ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်အား။ဇေတော၊ဤလက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်ဆိုတဲ့လေးပါးလောဒးခြင်းအရာတို့သည်။ဓမ္မာနံ၊ နာမ် ရုပ်နှစ်ပါးပရမတ္ထတရားတို့ကို။ ဝဝတ္ထာနာယ၊ပိုင်ပိုင်နိုင်နိုင်၊သတ်မှတ်ပိုင်း ခြားခြင်းငှာ၊ အလံ၊စွမ်းနိုင်ကုန်၏။ ၊ဟူ၍ ဟောတော်မူသောဒေသ နာတော်အရ၊နာမ်ရုပ်နှစ်ပါး၊ပရမတ္ထတရားတို့ကို၊ဆင်ခြင်အားထုတ်သော၊ ပညာရှိပုဂ္ဂိုလ်မှန်သ၍၊နာမ်ရုပ်နှစ်ပါးကို။လက္ခဏာ၊ရသ။ပစ္စုပဋ္ဌာန်ပဒဋ္ဌာပ လေးပါးအသီးအသီးပိုင်းခြား၍၊သိမြင်ကြရမည်၊ သိမြင်နိုင်အောင်လည်း ပြဆိုပေအုံ့။ကောင်းစွာမှတ်သား၊လေ ကျင့်၍ထားကြလေ။ ။

ရှေးဦးစွာ လူတို့သည်။ နေစဉ်မပြတ် အသုံးပြုနေကြတဲ့၊ လောကီမျက် မြင်ဖြစ်သော၊တောမီး၊ ထင်းမီး၊ ကျောက်မီးသွေးမီးကိုဥပမာတင်၍။လက္ခ ဏာစသော အချင်းအရာလေးပါးပြဦးမည်။ ။လောကမှာ လူတို့သည်၊ ချက်ရေး၊ပြုတ်ရေးနေရာမှာ အသုံးပြုကြသောမီးသည်။တောက်နေတဲ့ အ ခါထင်လျှံးရှိနေတဲ့ အခါမှာပူ၏။မီးငြိမ်းတဲ့ အခါမှာ၊ဇ၏ပူ၍။ အဲသည်လို မီးသည်၊ပူတတ်သည်။ဇတတ်သည်လို၊ သိတာမှတ်ထာကို။ လက္ခဏာခေါ် သည်။

ထိုပြင်မီးတို့၏သဘောသည်၊ အရာဝတ္ထုများကို၊ လောင်ကျွမ်းစေတတ်သည်။ ဆမင် ဟင်းလျာတို့ကို ကျက်စေတတ်သည်။ ရေနေသတ္တဝါတို့မှာရှိသော၊ အေးသော၊ သိတပါစကတေဇောသည်၊ ရေနေသတ္တဝါတို့မျိုးအပ်သော၊ အစာကိုကြေစေတတ်သည်။ ကုန်းနေသတ္တဝါတို့မှာရှိသော၊ ပူသော၊ ဥဏှပါစကတေဇောသည်၊ ကုန်းနေသတ္တဝါတို့မျိုးအပ်သော၊ အစာကိုကြေစေတတ်သည်။ အဲဒီဘာကြောင့်မီးသည် လောင်စေ၊ကျွမ်းစေ၊ ပေါင်းစေ၊ ကျက်စေ၊ကြေစေတတ်သောသဘောကိုရသနည်း။ ။

ထိုပြင်ယခုထင်လျား၊ ချက်ခြေး၊ ပြုတ်ခြေးစသည် ဟူသမျှနေရာမှာ၊ အသုံးပြုနေကြသောမီးသည်၊ အခန်းထဲမှာဖြစ်စေ၊ အကွယ်အကာနဲ့ဖြစ်စေထားခဲ့ပါရင်၊ အကွယ်အကာရှိနေတာကြောင့်၊ အပြင်ကကြည့်လို့ကရင်၊ ပသာဒမျက်စိနဲ့၊ မီးကိုတော့တိုက်ရိုက်မမြင်နိုင်။ သို့သော်လဲ၊ မီးရောင်လောက်ကိုမြင်ရုံနဲ့ဘဲ၊ အကွယ်အကာထဲမှာ၊ မီးအမှန်ရှိ၏ဟူ၍၊ မရွဲထိအပ်တဲ့သဘောကို၊ ပစ္စုပဋ္ဌာန်ခေါ်သည်။ ။

ထိုပြင်ယခုလောကဓာတ်၊ လောကိပညတ်မီးဆိုတာ၊ လောင်စာ၊ ထင်း၊ အမှိုက်စသည်မရှိလျှင်၊ မီးမဖြစ်နိုင်၊ မီးမဘည်နိုင်၊ ဆဲတာကြောင့်၊မီးနှင့်လောင်စာသည်၊အချင်းချင်းကျေးဇူးပြု၏။ လောင်စာသည်၊ မီးကိုအားပေးတတ်သော၊ ဝတ္ထုဖြစ်ခြင်းကြောင့်၊ လောင်စာသည်၊ မီးနှင့်အနီးကပ်ဆုံးသောအကြောင်းဖြစ်သည်နှင့်အညီ၊ လောင်စာဟူသမျှသည်၊ မီး၏ပဒဋ္ဌာန်ခေါ်သည်။ ။

သို့ဖြစ်၍ယခုပြခဲ့သော၊ အခြင်းအရာလေးပါးသည်၊ ဥပမာမျှသာဖြစ်သည်၊ဥပမေယျဖြစ်သော နာမ်ရုပ်နှစ်ပါး၊ ပရမတ္ထတရား၏၊ လက္ခဏာစသောအချင်းအရာလေးပါးကားဤသို့တည်း။ ။

၁။ ။နာမ်သည်အာရုံပြုတတ်သော၊ သဘောလက္ခဏာရှိ၏ဟူ၍မှတ်ခြင်းသည်၊လက္ခဏာခေါ်သည်။ ။

၂။ ။နာမ်သည်၊ပဋိသန္ဓေအမျိုးမျိုးဖြစ်အောင်ပြုတတ်၏။ ကုသိုလ်၊ အကုသိုလ်အမျိုးမျိုးဖြစ်အောင်ပြုတတ်၏။ မြင်ခြင်းကိစ္စ၊ကြားခြင်းကိစ္စ၊ နံခြင်းကိစ္စ၊ ပဋိသန္ဓေကိစ္စ၊ဘွင်ကိစ္စ၊ စုတိကိစ္စစသည်တို့ကိုပြုတတ်သောသတ္တိရှိ၏ အဲသည်သိုနာမ်၏ပြုခြင်းကိစ္စဟူသမျှကို၊ ရသခေါ်သည်။ ။

၃။ ။နာမ်ကိုအလုပ်စခန်းခွဲ၊ ဆင်ခြင်နှလုံးသွင်း၍၊ ပွါးများအားထုတ်

နေစဉ်၊ နာမ်၏ပရမတ္ထသဘောတွေကို၊ ဉာဏ်၌၊ ထင်လာ၊ မြင်လာခြင်းသည်၊ ပစ္စုပ္ပန္နာနုဒေါသည်။ ။

၄။ ။နာမ်ပရမတ်သည်၊ ရုပ်ကို မှီ၍ဖြစ်ရခြင်းကြောင့်၊ ရုပ်သည်နာမ်နှင့်အနီးဆုံးဖြစ်၍ရုပ်သည် နာမ်ပရမတ်၏ ပဒဋ္ဌာနဒေါသည်။ ၊ဤကား နာမ်ပရမတ်၌၊ လက္ခဏာ၊ ရသ၊ ပစ္စုပ္ပန္နာန်၊ ပဒဋ္ဌာနလေးပါးအခြင်းအရာ ခွဲပုံပြီး၏။ ။

၁၊ ။ရုပ်ပရမတ်တရား၏၊ အခြင်းအရာလေးပါးကိုပြမည်၊ ရုပ်ပရမတ်သည်၊ အပူအေးကြောင့်ပေါက်ပြန်၏။ အပူအေးကြောင့်ပေါက်ပြန်တတ်ကဲ့သဘောကို၊ ရုပ်ပရမတ်ဒေါသည်။ အပြန်အလှန်ယူပုံ။ ။ရုပ်ပရမတ်ဆိုတာ၊ အစဉ်မပြတ်၊ အပူအေးကြောင့်ပေါက်ပြန်တဲ့သဘောရှိ၏ဟူ၍မှတ်ခြင်းသည်၊ လက္ခဏာဒေါသည်။ ။

၂။ ။အပူအေးပေါက်ပြန်ခြင်းသဘောကြောင့်၊ ဖြစ်ပေါ်သော၊ အနှာ၊ ရောဂါအမျိုးမျိုး၊ ရုပ်အဆင်းအမျိုးမျိုး၊ ဖြစ်ပေါ်ခြင်းကိစ္စကိုရသဒေါသည်။

၃။ ။အပူအေးပေါက်ပြန်သော ရုပ်ပရမတ်၏သဘောကို၊ ဆင်ခြင်နှလုံးသွင်း၍၊ ဉာဏ်၌ပေါ်လာသော၊ ရုပ်ပရမတ်၏သဘော၊ သဘာဝထွေတွေကိုပစ္စုပ္ပန္နာနုဒေါလည်း၊ ။

၄။ ။ရုပ်ပရမတ်သည်။ နာမ်တရားကိုမှီ၍ ဖြစ်ရခြင်းကြောင့်၊ နာမ်သည်ရုပ်၏အလွန်နီးသောအကြောင်းဖြစ်၍ပဒဋ္ဌာနဒေါသည်။ ။

ဤကား ရုပ်ပရမတ်၏၊ လက္ခဏာ၊ သရ၊ပစ္စုပ္ပန္နာ ၊ပဒဋ္ဌာနလေးပါး၊ အခြင်းအရာခွဲပုံပြီး၏၊ ။

———o———

ထို့ပြင်နာခံနှုန်ရုပ်ကို နှစ်ပါးခေါ်၍။ ပရမတ္ထတရား သက်သက်၌။ လက္ခဏာဒေသာ၊ အခြင်းအရာလေးမျိုးက် ခွဲခြမ်းပြဦးအံ့။ ။

၁။ ။ပရမတ္ထတရားတို့၏ အသိုးအသိုးသော၊ သဘောလက္ခဏာတို့ကို၊ သိကြောင်းမှတ်ကြောင်းကိုလက္ခဏာဒေါသည်။ ။

၂။ ။အသိုးအသိုးသော၊ ပရမတ္ထသဘောတို့၏။ အစွမ်းသတ္တိဖြင့်ပြုခြင်း။ ပြုခြင်းကြောင့်လဲဖြစ်ပေါ်ခြင်းကိစ္စကိုရသဒေါသည်၊ ။

၃။ ။ပရမတ္ထတရားတို့ကိုညာဏ်ဖြင့်ရှုသောအခါ။ ဉာဏ်၌ထင်လာ မြင်လာသော၊သဘောဒေးခြင်းအရာကိုပစ္စုပ္ပန်ခေါ်သည်။ ။

၄။ ၊နိဗ္ဗာန်မှ တပါးသော၊ ပရမတ္ထတရားတို့သည်။ အစဉ်မပြတ်၊ ပျက်စီးခြင်း၊အနိစ္စသဘောနှင့်အနီးဆုံးဖြစ်၍၊ ပဒဋ္ဌာန်ခေါ်သည်။ (အမှာ) ဝိပဿနာနှင့်သက်ဆိုင်၍သာ။ အနိစ္စကိုပဒဋ္ဌာန်ပြုလိုက်ရသည်။ အခြားသော၊ ပဒဋ္ဌာန်ပြုစရာတွေများစွာရှိသေး၏။ ။ယခုပြသော၊ အခြင်းအရာလေးပါးကိုးကျကျနန၊သဘောကျလျှင်။ပရမတ္ထတရားဟူသမျှ၊ အကုန်ခွဲနိုင်ပြီ၊ ။ဤကားနေရာတိုင်း ရနိုင်သော၊ ပရမတ္ထတရား၌၊ လက္ခဏာ၊ရသ၊ ပစ္စုပ္ပဋ္ဌာန်၊ပဒဋ္ဌာန်လေးပါး၊အခြင်းအရာခွဲပုံပြီး၏။ ။

———○———

ပါရမီဆယ်ပါးမြောက်အောင်၊ဒါနပြုရာ၌၊ စိတ်ပါ၍သာ၊ ပြုဖြစ်သည်။ ဓဲသည်စိတ်ကို၊အခြင်းအရာလေးပါးခွဲလေ။ ။

၁။ ၊စိတ်ပရမတ်သည်၊ ဒါနဥ်သက်ဝင်သောပါရမီဆယ်ပါးကို၊အာရုံပြု၍၊ သိခြင်းသဘောကိုလက္ခဏာခေါ်သည်၊ ။

၂။ ။စိတ်ပရမတ်သည်။မိမိနှင့်ယှဉ်သမျှ၊ သမ္ပယုတ်တရားတို့၏၊ ရှေ့ဆောင်ခြင်းကိစ္စရှိခြင်းသဘောကိုရသခေါ်သည်၊ ။

(တနည်း)စိတ်၏၊ပဒိုသန္ဓေကိစ္စ၊ဘဝင်ကိစ္စ၊စုတိကိစ္စ၊ အာဝဇ္ဇန်းကိစ္စ၊ စသည်တို့ကိုလည်းရသခေါ်သည်။ ။

၃။ ။စိတ်သည်။ရှေ့စိတ်၊နောက်စိတ်၊အစဉ်မပြတ်။ တင်ပတ်တည်းကဲ့သို့ထင်ဖြင့်အောင်၊သန္တတိကင်ဖြခြင်းသည် ပစ္စုပ္ပဋ္ဌာန်ခေါ်သည်။ ။

(တနည်း)စိတ်ပရမတ်ကို၊ ဉာဏ်နှင့်ရှုသောအခါ။ ဉာဏ်မှာပေါ်လာသော၊သဘောအခြင်းအရာတို့ကိုပစ္စုပ္ပဋ္ဌာန်းခေါ်သည်၊ ။

၄။ ။စိတ်ပရမတ်သည်။မိမိနှင့်အလွန်နီးသော၊ စေတသိက်တွေ၊ရုပ်တွေသည်ပဒဋ္ဌာန်ခေါ်သည်။ ။ဤကားစိတ်ပရမတ်၌၊ လက္ခဏာစသောအခြင်းအရာလေးမျိုးခွဲပုံပြီး၏။ ။

ပါရဓိဆယ်ပါးဖြောက်အောင်၊ ဒါနပြုရာ၌၊ ပြုဖြစ်အောင်၊ စေ့ဆော်၊ ဟိုက်တွန်းတတ်သော၊ စေတနာစေတသိက်သည်. ကံဖြောက်၏။ စေတနာသုံးတန်းနရာမှာလဲ၊စေတနာစေတသိက်သည်ပင်လျှင်လိုရင်းဖြစ်၏၊ ၎င်းစေတနာစေတသိတ်ကို၊အခြင်းအရာလေးပါးခွဲလေ။ ။

၁။ ၊စေတနာသည်။ စေတယိတလက္ခဏာ။ စေ့ဆော်ခြင်း။ တိုက်တွန်းခြင်း၊ကြောင့်ကြဖိုက်ခြင်း၊သဘောကိုလက္ခဏာခေါ်သည်၊ ။

၂။ ၊စေတနာစေတသိတ်သည်၊အာယူဟနရသ။ကုသိုလ်ပြုရာ၌၊မိမိနှင့်ယှဉ်ဘော်၊ယှဉ်ဘက်ဖြစ်သော၊ သမ္မယုတ်ဘရားတို့ကို၊ ထိုထိုပါရမီဆယ်ပါးအာရုံတို့၌၊ ရုံးစည်းရက်သဲ့ခြင်းသဘောကိုရသခေါ်သည်၊ ။

၃။ ၊စေတနာစေတသိက်သည်၊သံဝိဓါနပစ္စုပဋ္ဌာန်း၊ဒါနပြုရာ၊ ပါရမီဆယ်ပါးနေရာ၌၊စိမံခြင်း၊ စီရင်ခြင်းလျှင်ထင်သောသဘောကို ပစ္စုပဋ္ဌာန်ခေါ်သည်။ ။

၄။ ၊စေတနာစေတသိက်သည်။ နာမကွန်ရှင်းလေးပါးတို့တွင်၊ ကြွင်းသော၊ဝေဒနာ၊သညာ၊ ဝိညာဏ်ဟူသောနာမ်ခန္ဓာသုံးပါးနှင့် အနီးဆုံးဖြစ်သောကြောင့်၊ထိုကြွင်းသော၊နာမ်ခန္ဓာသုံးပါးသည်ပဒဋ္ဌာန်းခေါ်သည်၊ ။

ဤကား စေတနာစေတသိက်၌၊လက္ခဏားစသော အခြင်းအရာလေးပါးခွဲပုံပြီး၏။ ။

—o—

ပါရမီဆယ်ပါးဖြောက်အောင် ဒါနပြုရာ၌၊ ဥဿာဒ်သဘောမျိုးဖြစ်၍ အသင့်အတင့်နှလုံးသွင်းတတ်လေသောကြောင့်၊ ထိုအသင့်အတင့်သဘောကို၊မနသိကာရစေတသိက်ခေါ်သည်၊ အဲသည်မနသိကာရ စေတသိက်ကိုဘဲအခြင်းအရာလေးပါးခွဲလေ။ ၊

၁။ ၊မနသိကာရစေတသိက်သည်၊ပါရမီဆယ်ပါး၊ဒါနပြုနေတဲ့အခါမှာ၊ပါရမီဆယ်ပါး၊အာရုံသို့စိုင်းနှင်ခြင်းသဘော။ အသင့်အတင့်နှလုံးသွင်းခြင်းသဘောဂို့ကြကုန်၏။ ၎င်းသဘောတို့ကို၊လက္ခဏာခေါ်သည်၊ ၊

၂။ ၊မနသိကာရစေတသိက်သည်။ ပါရမီဆယ်ပါးကုသိုလ်အာရုံ၌ယှဉ်စေခြင်းသဘောကိုရသခေါ်သည်၊ ။

၃။ ။မနသိကာရစေတသိက်သည်။ ပါရမီဆယ်ပါးအားရုံသို့ ရှေ့ရှုခြင်း၊ဝါ။နိဗ္ဗာန်အာရုံသို့ရှေ့ရှုခြင်းသဘောကို ပစ္စုပဋ္ဌာန်ခေါ်သည်။ ။

၄။ ။မရသိကာရစေတသိက်သည်။ ကုသိုလ်အာရုံ အလွန်နှိုးသော အကြောင်းရှိခြင်းကြောင့်၊ပဒဋ္ဌာန်ခေါ်သည်။ ။

ဤကားမနသိကာရစေတသိက်၌၊ လက္ခဏာစသော အခြင်းအရာလေး ပါးခွဲပုံပြီး၏။ ။

—— C ——

ပါရမီဆယ်ပါးဖြောက်အောင်၊ဒါနပြုရာ၌၊ အရေးအကြီးဆုံးအဖြစ်နှင့် ပါဝင်နေသော၊သဒ္ဓါစေတသိက်ကို။အခြင်းအရာလေးပါးခွဲဒေ။ ။

၁။ ။သဒ္ဓါစေတသိက်သည်၊ဒါနပြုရာ၌ ပါရမီဆယ်ပါးဖြောက်လျှင်၊ ဇကနိဗ္ဗာန်ရုလိမ့်မည်ဟူ၍၊ ယုံကြည်သက်ဝင်ခြင်းကြည်ညိုခြင်းသဘော ကိုသဒ္ဓါခေါ်သည်၊ထင်းသဒ္ဓါ၏သဘောကိုလက္ခဏာခေါ်သည်။ ။

၂။ ။သဒ္ဓါစေတသိက်သည်။ ကုသိုလ်အာရုံ၌၊ ကြည်လင် ဧခြင်း သဘောကို၊ရသခေါ်သည်။ ။

၃။ ။သဒ္ဓါစေတသိက်သည်။ကုသိုလ်အာရုံ၌၊ နောက်နောက်ကျူကျူ ညစ်ညစ်ထေးထေးမရှိခြင်းသဘောကို၊ပစ္စုပဋ္ဌာန်ခေါ်သည်။ ။

၄။ သဒ္ဓါစေတသိက်သည်၊ ကြည်ညိုအပ်သော၊ ဘုရား၊ တရား၊ သံဃာ၊စေတီ၊ဂူ၊ ကျောင်းစသော ဝတ္ထုတို့နှင့် အလွန်နီးစပ်၏၊ ထင်းနီးစပ်သောအကြောင်းကိုပဒဋ္ဌာန်ခေါ်သည်။ ။

ဤကားသဒ္ဓါစေတသိက်၌၊လက္ခဏာစသော၊ အခြင်းအရာလေးပါးခွဲပုံ ပြီး၏။ ။

—— :O: ——

ဒါနပြုရာ၌ပါရမီဆယ်ပါးဖြောက်အောင်၊ ပြုနိုင်သည်ဆိုတာ၊ပညာနှင့် အလွန်ယှဉ်သည်ဖြစ်၍။ပညာစေတသိက်၌၊အခြင်းအရာလေးပါးခွဲလေ။

၁။ ။ပညာစေတသိက်၊ ပညိန္ဒြေစေတသိက်၊ အတူတူပင်တည်း၊ ခေါ်လိုရာခေါ် ကြလေ။ ပညာစေတသိက်သည်။ ဟုတ်မှန်ရာကို ယူတတ်

သောသဘော၊ ထိုးထွင်း၍သိတတ်သောသဘောမျိုးဂုဏ်။ ၎င်းသဘောမျိုး ကိုလက္ခဏာခေါ်သည်။ ။

၂။ ။ပညာစေတသိက်သည်။ မဂ်၊ဖိုလ်၊နိဗ္ဗာန် ကိုမြင်အောင်၊ထွန်း လင်း၍ပြုစတတ်သောသဘောကို ရသခေါ်သည်။ ။

၃။ ။ပညာစေတသိက်သည် လိမ္မာစေတတ်ခြင်း။ သိစေတတ်ခြင်း။ မတွေဝေစေတတ်ခြင်းသဘောကို၊ ပစ္စုပဋ္ဌာန်ခေါ်သည်။ ။

၃။ ။ပညာစေတသိက်သည်၊ ဇာန်ဒြိတို့၏ကြိုးစင့်ခြင်းသဘောနှင့် နီး စပ်၏။ ကိလေသာတို့မှောင်းစေခြင်းသဘောနှင့် နီးစပ်၏။ ၎င်းနီးစပ်သော အကြောင်းကိုပဒဋ္ဌာန်ခေါ်သည်။ ။

ဤကား ပညာစေတသိက်၌၊ လက္ခဏာစသော၊ အခြင်းအရာလေးပါး ခွဲပုံပြီး၏။ ။

———:O:———

ထို့ပြင်။ ပါရမီဆယ်ပါး မြောက်အောင်၊ ဒါနပြုချ၌၊ ဇာတိဘေး၊ဇရာ ဘေး၊မရဏာဘေးဆိုတဲ့သံသရာဘေးဒုက္ခကြီးတွေကို၊ ကြောက်ရွံ့၍၊ပြုရ မည်ဟူရာ၌၊ဇာတိကိုအခြင်းအရာလေးပါးခွဲလေ။ ။

၁။ ။ဇာတိသည်ဘဝတိုင်း၊ ဘဝတိုင်း၌၊ ရှေးဦးစွာဖြစ်ပေါ်စေတတ် သောသဘောရှိ၏။ ၎င်းဖြစ်ပေါ်စေတတ်သော သဘောကို လက္ခဏာ ခေါ်သည်။ ။

၂။ ။ဇာတိသည်ဘဝတိုင်း၊ ဘဝတိုင်း၌၊ရှေးဦးစွာ ဖြစ်ပေါ်၍၊ပဝတ္တိ အခါကို၊ဆောင်ရွက်တတ်သောသဘောကိစ္စကို ရသခေါ်သည်။

၃။ ။ဇာတိသည်၊ အတိတ်ဘဝဟောင်းကိုငုတ်၍၊ပစ္စုပ္ပန်ဘဝ အသစ်အတွက်ဖြစ်ပေါ် စေတတ်သောသဘောကိုပစ္စုပဋ္ဌာန်ခေါ်သည်။ ။ ။

၄။ ။ဇာတိသည်၊ ဥပပတ္တိဘဝဖြစ်၍၊ ကမ္မဘဝလျှင်၊ နီးသော အ ကြောင်းရှိသောကြောင့်၊ပဒဋ္ဌာန်ခေါ် သည်။ ။ဤကားဇာတိ၌၊ လက္ခဏာ စသော အခြင်းအရာလေးပါးခွဲပုံပြီး၏။ ။

ထို့ပြင်ဓရောဘေးဌ၊အခြင်းအရာလေးပါးခွဲလေ။

၁။ ။ဓရောသည်နာမ်ရုပ်နှစ်ပါး၊ ခန္ဓာတရားတို့ကို၊ ရင့်စေခြင်းသည် လက္ခဏာခေါ်သည်။ ။

၂။ ။ဓရောသည်သေခြင်း မရဏာကို၊ ဖြိုးရွှေ့ပျောင်ရွက်တတ်ခြင်းသဘောကို၊ရသခေါ်သည်။ ။

၃။ ။ဓရောသည်၊တင့်တယ်ဟို့နေ့သော၊အရွှယ်၏ပြည့်စုံခြင်းကို၊ ဇကာနှပျက်ဆီးတတ်သော သဘော၊ အမှန်ဘဲ ဆိုတာကို။ဉာဏ်၌ ထင်ဖြင်ခြင်းသည်ပစ္စုပဋ္ဌာန်ခေါ်သည်။ ။

၄။ ။ဓရောသည်သေခြင်းမရဏာနှင့် အလွန်နီးခြင်းကြောင့်။ ပဒဋ္ဌာန်ခေါ်သည်။ ။ဤကားဓရောဘေးဌ၊ လက္ခဏာစသော၊ အခြင်းအရာလေးပါး ခွဲပုံပြီး၏။

———o———

ထို့ပြင်၊မရဏာ အခြင်းအရာလေးပါးခွဲလေ။

၁။ ။မရဏာသည်၊ဇွေ့ရှားပျက်စီး တတ်ခြင်းသဘောကို လက္ခဏာခေါ်သည်၊

၂။ ။မရဏာသည် ပစ္စုပ္ပန် မျက်မှောက် ဘဝနှင့် အနည်းငယ်မျှ မယှဉ်ခြင်းသဘောကိုရသခေါ်သည်၊

၃။ ။မရဏာသည်၊ ကွေးကွင်းခြင်း၊ ကွဲပျက်ခြင်း၊ အခြင်းအရောကို ဉာဏ်၌ ထင်ဖြင်လာခြင်းသဘောကို ပစ္စုပဋ္ဌာန်ခေါ်သည်၊ ။

၄။ ။မရဏာသည်ပုဆစဉ်ပုဂ္ဂိုလ်တို့မှာ၊ ဘဝအသစ်ဖြစ်ခြင်း၊ ဓာတိနှင့်နီးသောကြောင့်ပဒဋ္ဌာန်ခေါ်သည်။ ။(တနည်း) အာသာဒဝါကုန်ပြီးသော၊ ဘုရားပဓွေကဗုဒ္ဓါ၊ ရဟန္တာအရှင်မြတ်တို့မှာ၊ မရဏာသည်၊ဘဝအသစ်ဖြစ်ရန်၊ဓာတိနှင့် နီးစပ်ခြင်းသဘောမရှိ၊ ဓာတိစသော ဘေးတို့၏၊ ကင်းဝေးပြီးရာ၊အသစ်တနိဗ္ဗာန်နှင့်သာနီးသောကြောင့်ပဒဋ္ဌာန်ခေါ်သည်၊ ။

ဤကားမရဏာ၌၊လက္ခဏာစသော၊ အခြင်းအရာလေးပါး ခွဲပုံပြီး၏။

———:o:———

(အထူး) အာသဒေါကုန်သေး၊ ဘုရားစသော၊ အရိယာအာရှင်မြတ်တို့၏၊ နိဗ္ဗာန်၏သဘောကို၊ ဒုဗ္ဗိုက်မှုပြုခြင်းအံ့။

အာသဝေါကုန်ပြီးသော၊ ရဟန္တာတပါးသည်။ ဖိုလ်ဝင်၍၊ နိဗ္ဗာန်ဟုဆို အပ်သော၊ အရဟတ္တဖိုလ်ကို အာရုံပြုခိုက်။ကာလ ပညတ်၊ အာကာသ ပညတ်စသော၊ ပညတ်ဟူသမျှကို၊ လွှတ်၍၊လွန်၍၊ အတွင်းကနေ၍ သိ လိမ့်မည်။ ဤသို့ မိမိအာသဝေါကုန်ပြီးသော၊ ခန္ဓာကို၊မိမိအတွင်းဝင်၍။ ထိုးထွင်း၍ သိသည့်အခိုက်၊ သင်္ခါရ၏အားကြောင်း နိမိတ် တရုံတရာကို၊ အာရုံမပြုပေပြီဟူသော စကားဌ၊ ဖိုလ်ဝင်သော ရဟန္တာသည်၊ ဖိုလ်ဝင် စားဆဲခဏဌ၊ နိဗ္ဗာန်ကိုသာ အာရုံပြု၏။အရဟတ္တဖိုလ်ကိုအာရုံမပြု။နိဗ္ဗာန် သည်ကား အသင်္ခတတရားတည်း။ အရဟတ္တဖိုလ်သည်ကား၊စိတ်၊စေတ သိက်တရားအရဖြစ်သော၊သင်္ခတတရားပေတည်း။ထိုပုဂ္ဂိုလ်သည်ထိုခဏ ဌ၊ကာလပညတ်၊ အာကာသပညတ် စသော၊ ပညတ်ဟူသ၍တို့ကိုဇင်း၊ အရဟတ္တဖိုလ်စသော၊ ခန္ဓာဟူသော၊ သင်္ခတပရမတ် တရားတို့ကိုဇင်း လွှတ်၍၊လွန်၍၊ပဋိဝေဓဉာဏ်ဖြင့်၊နိဗ္ဗာန်ကိုသာ၊အာရုံပြုလေ၏။

အာသဝေါ ကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်သည်။ ဖိုလ်ဝင်စားဆဲ ခဏ ဌ၊ မိမိခန္ဓာမှ အလွတ်ဖြစ်သော နိဗ္ဗာန်ကိုသာ အာရုံပြု၏၊ မိမိခန္ဓာကိုအာ ရုံမပြု၊ဇင်းနောက် အဖြင်ကသိမှု၊ အတွင်းကသိမှုဟုဆိုအပ်သော၊ သိမှု နှစ်မျိုးကိုလိုက်၍၊ ပရမတ္ထတရားတခုတည်းပင်၊ သင်္ခတ၊ အသင်္ခတဟု ပရိယာယ်နှစ်မျိုးကိုရသည်၊ဟူသောစကားဌ၊ထိုသိမှုနှစ်မျိုးသည်။ သင်္ခတ တရားတို့ကို၊သျော်ကံစွာသိမှု။ ထိုးထွင်း၍သိမှု။ ဤမျှသာခြားနားကြကုန် သည်။ထို့ကြောင့်ပရမတ္ထတရားတခုသည်၊သိမှုနှစ်မျိုးကိုလိုက်၍။ သင်္ခတ တရား။ အသင်္ခတတရားဟုပရိယာယ်နှစ်မျိုးမရှိ။ သင်္ခတတရားမျိုးသည်။ ဘယ်သောအခါမှ၊ အသင်္ခတဟူသောပရိယာယ်ကိုမရနိုင်။ အသင်္ခတတ ရားမျိုးသည်လည်း၊ဘယ်သောအခါမှသင်္ခတဟူသောပရိယာယ်ကိုမရနိုင် ကြောင်း။ ။ဓမ္မသင်္ဂဏိဒုကမာတိကာအလိုက်ဌ ပြလိုက်သည်။ ။

ထို့ပြင်ကာသလ သံယုတ်ပါဠိတော်၌။ဂေါဟန္တာပုဂ္ဂိုလ်၏သန္တာန်မှာ၊ သတ္တဝါဟူသော ပညတ်သည်၊သဘောအားဖြင့်မရှိ။ သဘောအားဖြင့် ရှိ သော ပရမတ္ထတရားကို၊အမှီပြု၍ သိအပ်၊ခေါ်ဝေါ်အပ်သော၊ အာဂန္တု ပညတ်တရားမျှသာဖြစ်၏၊ ထို ပညတ်သည်လည်း။ ခန္ဓပရိနိဗ္ဗာန် မစံမှီ

ရှေးအာဘိုဠ်၌၊ သခ်ိတဖြစ်သော၊ နာမ်ရုပ်နှစ်ပါးခန္ဓာတို့၏အပေါ်၌သာလျှင်၊ ထင်ဖြင်ပညတ်နိုင်။ ခန္ဓာပရိနိဗ္ဗာန်စံပြီးသည်နောက်၊ အသခ်ိတဖြစ်သော၊ နိဗ္ဗာန်ဟူသောပရမတ္ထတရားသည်ကား၊အလွန်သိမ်မွေ့သောတရားဖြစ်၍။ ထိုတရား၏အပေါ်၌မထင်ဖြင်။မပညတ်နိုင်။ (ဥပမာ) မဟာသမုဒ္ဒရာတွင်း သို့သက်ဆင်းသောသူသည်၊ ထောက်ရာ၊ တည်ရာဟူ၍တစုံတခုမျှမရနိုင်သကဲ့သို့၊ နိဗ္ဗာန်သို့ဆိုက်ရောက်သောပုဂ္ဂိုလ်သည်။ ထိုနိဗ္ဗာန်၌၊ ပုဂ္ဂိုလ်သတ္တဝါဟူသော်ပညတ်၏။ တည်ရာ၊ မှီရာတစုံတခုသော၊ ထောက်ရာ၊ တည်ရာကိုမျှမရလေပြီ၊နိဗ္ဗာန်သည်မဟာသမုဒ္ဒရာသဘွယ် နက်နဲသကဲ့သို့၊ ထိုပညတ်သည်လည်း၊မဟာသမုဒ္ဒရာသဘွယ်နက်နဲလေ၏ ထို့ကြောင့်။ ။ အပ္ပမေယျောဒအို့ရောသေယျထာပိ၊ဟူ၍ဟောတော်မူသည်။ ။

ပြင်ဘက်သိသော သူတို့၏အဘိုမဟုတ်၊အတွင်း သိသော ပုဂ္ဂိုလ်တို့၏ အဘိုဟူ၍သာ မှတ်ကြလေ။ ပြင်ဘက်သိသော သူတို့၏ အဘို မဟုတ်ကြောင်း ကိုကား။ ။နိဗ္ဗာနသုခမရုပဂတိကန္တိဝိညာယတိ၊ ဟူသောအနုဋီကာ၌လည်း။ နိဗ္ဗာန်ကို သုခမရုပ် တဆဲ့ခြောက်ခုနှင့် ခမျာယတန၊ ဝမ္မ ဂါတ်၌ အကျုံးဝင်ခြင်း တူသောကြောင့်။ ။သုခမ ရုပဂတိကံဟု ဆိုလို သည်။ နိဗ္ဗာန်သည် အလွန်သိမ်မွေ့သော ရုပ်နှင့် အလားတူသောကြောင့် ဆိုသည် မဟုတ်၊ ။နိဗ္ဗာန်ကို နာမ်ဟု ခေါ်ရသည် မှာလည်း။ စိတ်နာမ် စေတသိက် နာမ်မျိုးဖြစ်၍၊ ခေါ်ရသည်မဟုတ်၊ ရုပ်တရားကဲ့သို့ စမ်းသပ် တွေ့ထိ၍၊ သိနိုင်သော တရားမျိုး မဟုတ်၊အမည်နာမကို အစဉ်မြဲလျက်၊ အနက်သဘောကို ဆင်ခြင်၍။ သိရသော ကြောင့်သာ၊ နာမ်ဟူ၍ ခေါ်လေသည်။ သို့သော်လဲဘဲ။ နာမ်ရုပ်ကြမ်း မဟုတ်သော်လည်း။ နာမ်ရုပ်ခန္ဓာဟု မခေါ်ဆိုအပ်သော်လဲ၊ခန္ဓာအလားရှိသော၊ အသခ်ိတဓါတ် ပရမတ္ထ တရား ကို၊ နိဗ္ဗာန်ဟူ၍၎င်း၊ နိဗ္ဗာန်၏ ပရိယာယ် အသွယ်သွယ်တို့ဖြင့်၊ တန်ဆာ ဆင်၍၊ အပြင်ကသိကြသော၊ ပုထုဇန် လောကီသူ လောကီသားတို့ အဘို့ ဟောရပေသည်။ ယင်းသို့ ဟောရပေသည်ဟူသော စကား၌။ နိဗ္ဗာန်သည် နာမ်ရုပ် ကြမ်းလည်း မဟုတ်၊ နာမ်ရုပ် အလားလည်း မရှိ၊ နာမ်ရုပ်ကြမ်း တို့နှင့် အလွန်ဝေးကွာသော သဘောရှိ၏။ ခန္ဓာဟူ၍လည်း မဆိုအပ်။ ခန္ဓာ အလားလည်းမရှိ။ ခန္ဓာအလားနှင့် အလွန် ဝေးကွာသော သဘောရှိ၏၊ နာမ်ရုပ်အလား။ ခန္ဓာအလားရှိသော၊ အသခ်ိတဓါတ် ပရမတ်ဟူ၍လည်း မရှိ၎င်းနိဗ္ဗာန်ကို ပရိယာယ် အသွယ်သွယ်တို့ဖြင့်။ တန်ဆာဆင်၍ဟော

တော်မူခြင်းသည်၊အပြင်ဘက်က သိကြသော၊ပုထုဇန် လောကီသူ လော
ကီသားတို့ အဘို့ ဟောရသည် မဟုတ်။ ၊ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိ။
ဟူသော တရားဂုဏ်တော်ပုဒ်နှင့်အညီ၊ ကလျာဏ ပုထုဇန် ပုဂ္ဂိုလ် တို့နှင့်
တကွ။ ပဒိုဝေဥျာဏ်သို့ ပေါက်ရောက်ပြီးသော အရိယာ ပုဂ္ဂိုလ် တို့၏
အဘို့ဟောရပေသည်။ ၊

ထိုဖြင့်ဆို အပ်ခဲ့ပြီးသောသန္တိဝနာမနှင့်ခန္ဓာအစဉ်သည်၊ သဿတလည်း
ပေါ့တ်၊ဥစ္ဆေဒလည်းမဟုတ်။ဤစပါလျက်၊ အဘယ်ကြောင့်၊ သဿတ၊
ဂုဝဟုဂြိုးဆရာတို့ခံကြကုန်သနည်း။ အတွင်းက သိသော သူ၏အသိ
ဉာဏ်မှာ၊ဥပါဒ်၊ဌိ၊ ဘင်ဟူသော ပညတ်မထင်သော်လည်း၊ အစဉ်ဖြစ်နေ
သောကြောင့်၊ ။ဂုဝန္တိနိဗ္ဗာနသေဝအဓိဝ ၎နံဘဝိတု အရေဟတိ၊ ဟူ
သော၊သဒ္ဒနီတိအလို၊ဂုဝဟုခေါ်ထိုက်သည် ဟူသောစကား၌၊ သန္တိဝနာ
ခန္ဓာအစဉ်ဆိုသည်ကား။ ပိဒိ၏အလိုအားဖြင့်၊ အနုပါဒိသေသ နိဗ္ဗာန်၌
တည်းသော၊ အလွန်သိမ်မွေ့သော၊ နာမ်ဝိဉ်သော၊ ရုပ်ဝိသေသဟူသော
ခန္ဓာအစဉ်ကိုဆိုလို၏၊ ထိုခန္ဓာအစဉ်သည်ဝဋ်ဒုက္ခဘေးတို့မှ၊ငြိမ်းဇြခြင်း
ဟူသော၊သန္တိဂုဏ်နှင့်ပြည့်စုံသောကြောင့်၊ သန္တိဝနာမည်၏။ထိုခန္ဓာ
သည်ပင်လျှင်၊နိဗ္ဗာန်ဖြစ်၏။ထိုခန္ဓာသည်ပင်လျှင်၊ ပရိနိဗ္ဗုတပုဂ္ဂိုလ်သည်း
ဖြစ်၏ဟုဆိုလိုသည်၊ ဤစကားဌာနအမှန်အားဖြင့်၊ ဝဋ်ဒုက္ခဘေးတို့မှ၊ငြိမ်း
ခြင်းတည်းဟူသော၊ သန္တိသဘောသည်သာလျှင်၊ အသင်္ခတနိဗ္ဗာန်အမှန်
ဖြစ်၏။ထိုနိဗ္ဗာန်မှာတည်ရာ၊မှီရာခန္ဓာဟူ၍ တစုံတခုမျှမရှိပြီ၊ ခန္ဓာမရှိသည်
အတွက်ကြောင့်၊ပရိနိဗ္ဗုတဟူ၍လည်းခေါ်စရာပညတ်မရှိပြီ။ အကယ်၍၊
ထိုနိဗ္ဗာန်မှာထိုခန္ဓာသည်ရင်း၊ထိုပရိနိဗ္ဗုတပုဂ္ဂိုလ်သည်ရင်း။ ၎ကန်ရှိသည်
ဆိုငြားအံ့။သဿတဒိဋ္ဌိအမှန်ဖြစ်၏။ သဿတဒိဋ္ဌိဆိုသည်ကား။ထိုခန္ဓာ
ကိုပင်၊ထိုပုဂ္ဂိုလ်၏အတ္တပြု၍၊ထိုအတ္တနှင့်ထိုပုဂ္ဂိုလ်သည်၊ခန္ဓပရိနိဗ္ဗာန်စံရာ
၌၊ချုပ်ဆုံးခြင်းမရှိမူ၍။ ၊အနုပါဒိသေသနိဗ္ဗာန်ဘက်သို့၊ကူးပြောင်းတည်နေ
သည်ဟုယူခြင်းသည်၊ သဿတဒိဋ္ဌိခေါ်သည်၊ ဥစ္ဆေဒဒိဋ္ဌိဆိုသည်ကား၊
ခန္ဓပရိနိဗ္ဗာန်မစံမီကမှုန်း၊ထိုခန္ဓာကိုပင် ထိုပုဂ္ဂိုလ်၏အတ္တဟူ၍၊စွဲယူခဲ့
ပြီးလျှင်၊ ထိုအတ္တနှင့်ထိုပုဂ္ဂိုလ်သည်၊ ခန္ဓပရိနိဗ္ဗာန်စံရာတွင်၊ အကုန်ချုပ်
ဆုံးလေ၏ဟုယူခြင်းသည်၊ဥစ္ဆေဒဒိဋ္ဌိခေါ်သည်၊ ။

ထိုကြောင့်ဤအချက်မှာ၊ သဿတဒိဋ္ဌိနှင့်ဥစ္ဆေဒဒိဋ္ဌိအယူနှင့်သမ္မာဒိဋ္ဌိ
အယူတို့ထူးပုံကို ပြဦးမည်။ ၊ခန္ဓပရိနိဗ္ဗာန်စံခြင်းသို့ မရောက်မီ။ ၎ကုန်

ကာလ၌၊ ခန္ဓာကိုပင်ပုဂ္ဂိုလ်သတ္တဝါ၏အတ္တပြု၍။ ပုဂ္ဂိုလ်သတ္တဝါ၊အတ္တ သည်အမှန်ရှိ၏ဟု ခိုင်မြဲစွာယူကြသော သူတို့၏အယူမှာ၊ ခန္ဓပရိနိဗ္ဗာန် နှင့်စပ်လျှင်၊ သဿတဒိဋ္ဌိလည်းဖြစ်ရမည်။သို့မဟုတ်၊ ဥစ္ဆေဒဒိဋ္ဌိလည်း ဖြစ်ရမည်၊ ။

ဤသည်လိုမှားသောအယူနှစ်မျိုးလမ်းလွဲ၊ လမ်းမှားကို၊ ဘယ်လိုနည်း နှင့်မှမရှောင်သာပြီ။ဘာကြောင့်လဲဆိုတော့၊ ခန္ဓပရိနိဗ္ဗာန်မစံမီ၊ ရှေးကာလ ကပင်၊ခန္ဓာကိုယ်ကို၊ပုဂ္ဂိုလ်သတ္တဝါ၏၊အတ္တပြု၍၊ပုဂ္ဂိုလ်၊ သတ္တဝါ၊အတ္တ သည်အမှန်ရှိ၏ဟု၊ ခိုင်မြဲစွာယူခြင်းဟူသော၊ အတ္တဒိဋ္ဌိကြီးအရင်းခံရှိနေ သောကြောင့်တည်း။ ။

ထိုအတ္တဒိဋ္ဌိကြီး အရင်းခံရှိနေကြသော သူတို့မှာ၊ သေသောအခါနှင့် စပ်လျှင်၊သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိနှစ်ပါးတို့တွင်၊ တပါးပါးသို့ရောက်လေ တော့သည်ကားမှန်၏၊ ဤကားအဘိဓမ္မာ ကထာဝတ္ထုပါဠိတော်၏အလို အားမိန်းနှစ်ဘက်မလွှဲနိုင်သော၊အယူမှားကိုပြခြင်းတည်း။ ။

ထို့ပြင်ခန္ဓပရိနိဗ္ဗာန်မမီ ရှေးကာလကပင်၊ထိုခန္ဓာသည်ပုဂ္ဂိုလ်သတ္တဝါ မဟုတ်၊ပုဂ္ဂိုလ်သတ္တဝါ၏အတ္တလည်းမဟုတ်။ သဘာဝဓမ္မသက်သက်သာ ဖြစ်၏၊ထိုခန္ဓာမှအလွတ်ပုဂ္ဂိုလ်ဟူ၍၊ သတ္တဝါဟူ၍။ အတ္တဟူ၍၊သဘော အားဖြင့်မရှိပြီဟု၊သိမြင်သောဉာဏ်သည် သမ္မာဒိဋ္ဌိမည်၏၊ ထိုသမ္မာဒိဋ္ဌိ ဉာဏ်အမြင်ရှိသောသူတို့မှာ၊ အတ္တဒိဋ္ဌိအရင်းခံမရှိသည်အတွက်ကြောင့်၊ ခန္ဓပရိနိဗ္ဗာန်နှင့်စပ်၍၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိအယူမှားမျှားသို့ရောက် ဘွယ်မရှိပြီ၊မှန်သောသမ္မာဒိဋ္ဌိ မဏ္ဍိမပဋိပဒါအယူကိုပြခြင်းတည်း။ ။

ယခုပြဲခဲ့သောနိဗ္ဗာန်စခန်းနှင့်၊ ဒိဋ္ဌိမှာ၊ ဒိဋ္ဌိမှန်အယူတွေသည်၊ စကား ဆက်အလျှင်းသဲ့ခင့်သောကြောင့်သာ ဘေဒပြုလိုက်ရသည်၊ သဘောမကြ နပ်သောအချက်မျှားပါလျှင်၊ ကွယ်ရာကအတင်းမပြောကြနဲ့၊ ဘုန်းကြီးထံ ကိုယ်တိုင်လာရောက်၍ဖြစ်စေ။ စာနှင့်ဖြစ်စေရုံးမင်းနိုင်ကြောင်း၊ ကောင်း ကောင်းခွင့်ပြုထားသည်။ ။

ပြခဲ့သမျှသောစကားအရေပါရပ်တို့တွင်၊ သီလ၊ ဒါန၊သမထ၊ သမာဓိ၊ ဝိပဿနာပညာ၊ဤစကားလေးရေပ်တို့ကို၊ တရားအားထုတ်လိုသောယောဂီ တို့၏အတွက်၊ ကျင့်နည်းနှင့်ဓမ္မကထိကပုဂ္ဂိုလ်တို့၏ အတွက်။ တရား ဟောနည်းတို့ကို နိဒ်းနှောင်းပါင်းစပ်၍ပြခဲ့သည်နှင့်အညီ၊ အားထုတ်ကြပါမူ ကား၊ယောဂီပုဂ္ဂိုလ်မှာလဲအရိယာဖြာသောတာပန်စခန်းသို့၊ လွယ်လွယ်ရောက်

နိုင်၏။တရားဟောပုဂ္ဂိုလ်မှာလဲ၊အာဘိဓမ္မာ ဓမ္မက ထိက၊အကျော်၊အမေါ ဖြစ်ကြလိမ့်မည်ကားအမှန်ပင်တည်းဟူ၍ ရဲရဲဝန့်ဝန့်တာဝန်ခံလိုက်သည်၊ ဟုတ်မဟုတ်၊ဤကျမ်းစာအုပ်ကြီးကို၊ဘတ်ရှ၊စဉ်းစား၍ကြည့်လေ၊ ။

ထို့ပြင် ဘုန်းကြီးမှာသည့်အတိုင်းလဲ၊ ကောင်းကောင်း လိုက်နာကြ၍၊ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင်၊ ဘဝအဆက်ဆက်တို့၌၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိအယူမှားစွဲလမ်းမှုနှစ်မျိုးတို့ကိုမလည်း၊ကင်းရှင်းကြရလေအောင်၊ ပိပိဏ်အစ္ဆရိတ္တသန္တာန်၌ရှိသော၊ နာမ်ရုပ်နှစ်ပါး၊ပရမတ္ထတရား၌၊ အတ္တကွာ၍၊ အနတ္တထင်မြင် ပေါက်ရောက်အောင်လဲ၊ ကြိုးစားကြစေလိုကြောင်း အထူးမေတ္တာရင်လိုက်ဘာညာ၊ မေတ္တာရပ်သည့်အတိုင်းလဲ၊ ကြိုးစားအား ထုတ်နိုင်ကြပါစေကုန်သတည်း။ ။

အရိယာမဟာ သောတာပန်စခန်းသို့ ရောက်အောင်၊ ကျင့်နည်းနှင့် ဟောနည်းနှစ်မျိုးနှီးနှောပေါင်းစပ်၍ပြဆိုခန်းပြီး၏။ ။

—— ○ ——

တရားရတနာမြို့တော်ကြီးတည်ထောင်၍ပြခြင်း။

၁။ ။ယခုလောကမြေပြင်ပေါ်မှာ၊ မြို့ကြီး၊ ပြကြီးများတည်ထောင်ကြကုန်သော၊ မင်းစိုးရာဇာ၊သူဌေး၊ သူကြွယ်တို့သည်၊ မြို့ကိုဖန်ဆင်းစီရင်ခြင်းငှါ။ ရှေးဦးစွာလိုအပ်သည်ကား။ သာမာယဇ၊ဇုယ၊အာတပ္ပနဆိုတဲ့၊ ဇေဒင်ကျမ်း၊ လက္ခဏာကျမ်း၊ဇုတိဟာသကျမ်း၊နိဂဏ္ဍုကျမ်း၊ကေတုဘကျမ်း၊သဒ္ဒါကျမ်း၊ဆာန်းကျမ်း၊ပုရာဏကျမ်း အက္ခရပ္ပဒေဘဒကျမ်း၊ဝေယျာကရိဏ်းကျမ်း၊ ဘာသာသည်ဏ္ဍရိက်ကျမ်း၊ဥပါတ်ကျမ်း၊ဓမ်မက်ကျမ်း၊ တိတ်ကျမ်း၊ နိမိတ်ကျမ်း၊ အလက်ာကျမ်း၊ ယာယီယတြဲကျမ်း၊ စသော လောကီအရာရာ၊ကျမ်းအဖြာဖြာတို့၌ တဘက်ကမ်းရောက်၊ တတ်မြောက်တဲ့၊ပုဏ္ဏားဇေဒင်ဆရာ၊ ရသေ့၊ ရဟန်းပုဂ္ဂိုလ်ဆရာမြတ်တို့နှင့်တိုင်ပင်ပြီးသကာလ။လက်သမားဗိသုကာသည်၊ရှေးဦးစွာ၊ အနိမ့်အမြင့်မရှိ၊ ညီညွတ်သော၊ ကျောက်စရစ်၊ကျောက်ခဲမရှိသော၊ အပြစ်ကင်းသော၊ မွေ့သျှော်ဘွယ်ရှိသော၊ မြေအရပ်ကိုရှာကြံကြည့်ရှု၍၊ထိုအရပ်၌၊မည်မညျွတ်သည်ကိုပြုပြင်စေ၍၊ သစ်ငုတ်ခလုပ်တို့ကို၊ တူးဖယ်စေ၍၊ ထက်ဝန်းကျင်အရပ်မှ၊

ကျုံး၊မြောင်း၊ ပစ္စင်ရင်တား၊ ပြဒိုး၊တန်ဆောင်း၊ ဖြိုရိုး၊မြဲမြံသောတံခါး မုတ်၊လမ်းကွေ့လမ်းကောက်၊ လမ်းဖြောင့်၊ခရီးငယ်၊ ခရီးကွေ့၊ စခန်းစည်၊လမ်းလေးဖြာ၊ စင်ကြယ်သော တလင်း၊မင်းလမ်းခရီး၊လမ်းမတော် အသီးသီးတို့ကိုလည်း စိမံခင်းကျင်း ပြင်ဆင်စေ၏၊ နေ့ဈေး၊ ၊ည၌ဈေး၊ ဈေးရုံ၊ဈေးတန်း၊ အိမ်ဈေးသဘင်၊ လယ်ယာ၊ ကုန်းကျွန်း၊ လုပ်ခင်းကိုင်တာ အဖြာဖြာတို့နှင့်လည်းပြည့်စုံစေ၏။ ဥယျာဉ်အရုံ၊တဘက် ဆည်ရေကန်၊လေးထောင့်ကန်။ ရေတွင်း သာယာသော အခင်းအကျင်း၊ ပျော်ရွှင်စရာ။ မြေတလင်းတို့နှင့်လည်း ပြည့်စုံအောင် စိမံစေ၏၊ အိမ်စည်၊ အိမ်တန်း၊ ဝင်းခြံ၊စောင်းရန်၊ကြည့်ရှုဘွယ် အသွယ်သွယ်တို့ကိုလည်းစိမံစေ၏။

ဤသည်ဘို့ဘဉ်းခိုးစရာ၊ ခရီးသွားတို့တည်းခိုရာဖြစ်သော၊စတုဒိသာသာလားယံစရင်၊ ခရာမ်းစင်နှင့်တကွ၊ လမ်းဆုံ၊ လမ်းခွ၊ လမ်းဖြောင့်၊လမ်းစောင်း၊ ချောင်းမျောင်းတို့ကိုလည်း စိမံစေ၏၊လှည်းကုန်သည်၊ ခရီးသွားခြေလျင် သမားတို့နှင့်၊ ဌက်အပေါင်းတို့မှီခိုစရာ၊ ကြယ်ဝနဲးသော အရိပ်ရှိသော၊သစ်ပင်ကြီးတို့ကိုလည်း၊စည်ကမ်းထား၍ အရုံအတားနှင့်စိုက်ပျိုးစေ၏။ မြို့ဦး မြို့ထုပ်၊ နိမိတ်ကောင်းရာ၊ ကြက်သရေ၊မင်္ဂလာ အဖြာဖြာတို့နှင့် ပြည့်စုံရုံရာအရပ်၌၊ မြို့သူ၊ မြို့သားအများတို့၏။ ကိုးကွယ်ရာ၊ ဝေတီ၊တန်ဆောင်း၊ ဂူကျောင်း၊ပြာသာဒ်၊ ရဟန်းသံဃာ၊ လောကုတ္တရာ၊ အဖြာဖြာသော၊ အဆောက်အဦးတို့နှင့်လည်း၊ ပြည့်စုံစေ၏။ အုပ်ချုပ်သူခရိုးသွား၊ မင်းအများတို့၏၊ တည်းခိုရာ ဇိုလ်တဲ၊ အမှုအခင်း၊ စစ်ဆေးစရာ၊ ရုံးချုပ်နှောင်စရာဂါတ်၊ ထောင်ချစရာ၊နှောင်အိမ်၊ရေဓာတ်မင်းထိုး၊အမျိုးမျိုးနှင့်တကွ၊ ဆုရင်တို့၏စံခန်း၊ ကြန်းထိုးပြု၊ ရန်သူဟူသမျှ၊ ခိုဝှေ့နှင်းစရာ၊ ဇိုလ်ပါးစ်သည်၊အလိုလိုတို့နှင့်လည်းပြည့်စုံစေ၏၊ မှုကြိုးမတ်ရာ၊သေနာပတိ ပညာရှိပုဂ္ဂိုလ်၊ထိုထိုဈာဂ်၊ ဖွေငွေရတနာ၊အဝတ်တန်ဆာ၊ရေစုံထင်းမီး။ကျီကျဘဏ္ဍာ အဖြာဖြာတို့နှင့်လည်းပြည့်စုံစေ၏။

လောကီ၊ လောကုတ္တရာ၊ နွားမ်ား၊လက်မ်ား၊နှလုံးသွင်းမှုပညာ အရပ်ရပ်တို့ကို၊ ကောင်းစွာ သင်ကြားတတ်မြောက်စေနိုင်သော၊ ဒိသးပါမောက္ခဆရာ၊ သိပ္ပံကျောင်း အရပ်ရပ်တို့နှင့်လည်းပြည့်စုံစေ၏၊ ယောကျ်ားတို့အတတ်၊ တဆဲ့ရှစ်ရပ်၊မိန်းမတို့အတတ်တဆဲ့နှစ်ရပ်တို့နှင့်လည်း၊ ပြည့်စုံစေနိုင်သောဆရာ။အက္ခကဝေဓိ၊ ဝါဠဝေဓိ၊ သရဝေဓိ၊သတ္တဝေဓိ၊ လေး

ဆရာလေးယောက်၊ သေနင်္ဂြိုဟာ၊သကဋဂြိုဟာ၊ စက္ကဂြိုဟာ၊ ပြဒုမ ဂြိုဟာ၊ စဒ်အင်္ဂါလေးပါး သင်ကြားပြသနိုင်သော၊ ဆရာ စသည်တို့နှင့် လည်းပြည့်စုံစေ၏။ ဤသို့အားဖြင့် ပြဆိုအပ်ခဲ့ပြီးသော၊ ချီးမွမ်းစရာအပြာ ဖြာတို့နှင့် တစပတကျန်၊ ပြည့်စုံ၍၊ အပြစ်ကင်းသောမြို့ကို စိရင်ဘန်ဆင်း ရာ၏။ ၊

ဤသို့သော မြို့ကြီး ပြကြီးကိုဘန်ဆင်းပြီး၍၊ ထိုမြို့၌၊ အချင်းခပ်သိမ်း၊ စည်ကား သာယာ၊ တဒေ့ တခြား၊တိုးတက်ကြီးပွား၊ ပြန့်ပြောခြင်းသို့ ရောက်ပြီးသည်ရှိသော်၊မြို့ကိုဘန်ဆင်းစိရင်သော၊ လက်သမား ဗိသုကာ သည်။ ပိဓိ၏တာဝန်ကိုစွပြီး၍၊ တပါးသောအရပ်သို့သွားလေရာ၏၊နောင် သောအခါကာလ၌၊ မြို့သည်၊ဥတုရာသီ၊ညီညွတ်လေသောကြောင့်။ ကြွယ် ဝသည်။ ရလွယ်သော ထမင်းဟင်းလျာ၊အပျော်ယမကာ၊ အစာရေစာ၊ ထင်းမီးစသည်တို့လည်းရှိ၏။ ရောဂါဘယ ကင်းသည်၊ ဘေးမရှိသည်၊ အလွန်ပြည့်စုံသည်၊ ချမ်းမြေ့သာယာသည်၊နိပ်စက်သောခန့်သူ မရှိသည်၊ ဥပဒ္ဒဝေါမရှိသည်ဖြစ်၍။အထူးထူးသော၊လူမျိုး၊အထူးထူးသောဘာသာစ ကားတို့ဖြင့်လည်းပြွမ်းသည်ဖြစ်ရာ၏။ များစွာသော မင်း၊ပုဏ္ဏား၊သူဋ္ဌေး၊ သူကြွယ်၊ ကုန်သွယ်၊ လယ်လုပ်၊ သူဆင်းရဲတို့ အနေလ့၊ အခစားကူလို၊ ဆင်စီးသူရဲ၊ မြင်းစီးသူရဲ၊ ရထားစီးသူရဲ၊ ခြေသည်သူရဲ၊ လက်နက်ကိုင်၊ လေးသမားစသော သူတို့သည်ဂုဏ်း၊ ရွှေပန်းထိမ်၊ငွေပန်းထိမ်၊သလွဲဖြူ၊သ လွဲမည်း၊ ခဲ၊ ကြေးနီ၊ ကြေဝါ၊ ခပ်ပြာ၊ပန်းဝဲ၊ရွဲထွင်းသမား၊ ယက်ကန်း သည်။အိုးသည်၊ ဒေါင်းရွေသမား၊ သားငှက်ဖမ်းသမား၊ ဆင်စွယ်သမား၊ ဆတ္တာသည်။ ပရိတ်ချည်သည်။ လေးမြှား၊ လက်နက်မျိုးစုံလုပ်ကို သူ ပန်းချီ ပန်းဆိုးသမား၊ ခဝါသည်၊ အင်ချုပ်သမား။ ရွှေသည်၊ငွေသည်၊ စိန်သည်၊ မြပတ္တမြားသည်စသော၊ ရတနာသည်အမျိုးမျိုး။ နံ့သာသည်၊ ပန်းကုန်သည်၊ ထင်းသည်၊ မြက်သည်၊ ဟင်းရွက်၊ သစ်သီး ဝလံသည်၊ ထမင်းသည်။မုံ့သည်၊ ငါးအမဲသည်၊ ကဆေသည် သဘင်သမား အမျိုး မျိုး။ ကျမ်းသမား၊တစလုလင်၊ ပန်းမှိုက်သွန်၊ မှုဆိုး၊တံငါ၊ ပြည့်တန်း ဆာ၊အိုးထိန်း၊ ကျွန်းမ စသည်တို့ဖြင့်၊ လွန်စွာ ပြည့်စုံသည်ဖြစ်၍၊ နတ် ပြည်လောက်နီးနီး၊သာယာပြန့်ပြောလေသောကြောင့်။ အခြားသော တိုင်း ကြီး ပြည်ကြီး ခရိုင်နိုင်ငံ၊ မြို့ရွာ၊ဇနပဒ၊ အဝဝတို့ကပင်လွန်စွာကျော် စောထင်လျ ားလေသတည်း။ ။

ထိုသို့ကဖြည်းဖြည်း။ ဒေ တိုင်း တိုင်း။ အပြည့်ပြည့်တို့ထက်၊ သာလွန်၍၊ ကြက်ပျံမကျ စည်ပင်ဝေပြာ၊သာယာလျက်ဖြစ်လာသည်ကို၊ ကြားသိကြ. ရလေသော၊ကြောင့်၊ထိုသို့သတင်းစကားကြားသိကြရသမျှသော၊ မင်္ဂလာမဒေ သယူဇနာ ကိုးရာဒေ တွင်းအပြင်ရှိ၊ တိုင်းနယ်ပေါင်း၊ လေးဆဲ့တစ်၊ဖြစ်သော တိုင်းနယ် မြို့ရွာတို့၌ နေကုန်သော၊ သူတို့သည်. ထို အသစ်တည် ထောင်သောမြို့၌၊ နေခြင်းငှာ ရောက်လာကုန်သည် ရှိသော်၊ အသစ်ဖြစ် သော၊ ကောင်းစွာစီရင် တည်ထောင် အပ်သော၊ အပြစ်ကင်းသော၊ အ လွန်းမွတ်လျော်ဘွယ်ရှိသော ထိုမြို့သစ်ကို မြင်၍၊ ဤမြို့ကို စီရင်ဘန်ဆင်း သော၊လက်သမားဗိသုကာသည်၊ လိမ်မာပေစွတကား၊ဟု၊မြို့၏ အခြေကို ထောက်၍၊ချီးမွမ်းကြကုန်ရာ၏။ ဤကဲ့သို့ ချီးမွမ်းသံတွေသည်၊ တဆင့်မှ တဆင့် (ပန်းသတင်းလေးညှင်းဆောင်။ လူသတင်း လူချင်းဆောင်) ဆို သလိုဘဲ။ သတင်းစကားသြဘာတို့၊ပြန့်ပွားသည်ထက်၊ ပြန့်ပွားလေသော ကြောင့်၊ လူနေအိမ်ခြေတို့၊ တိုးပွားစည်ကားသည်ထက်၊ စည်းကားလာ သည်ဖြစ်၍။ စမ္မာနဂိုရ်မြို့ဆက်သာပါပေတယ်၊ ပိဓိလာမြို့ထက်လဲသာပါ ပေတယ်၊ ရာဇဂြိုဟ်၊ ဝေသာလီ၊သာဝတ္ထိ၊ကပိလဝတ်၊ မဒ္ဒရာဇ်၊သာဂလ စေတုတ္တရာစသော မြို့ကြီးမျာ.ထက်လဲသာပါပေတယ်ဟူ၍။ အထူးသဖြင့် ဝမ်းမြောက်ဖွယ်သက်စွာနှင့် ချီးမွမ်းကြကုန်၏၊ဤမြို့ ၁းလူတို့တည်ထောင် သော အခြားသော မြို့အပေါင်းတို့ထက်တော့၊ အသာဆုံးဖြစ်သည်ကား မှန်၏၊ သို့သော်လဲ စကြဝဠာကမ္ဘာလောကကြီး၊ တည်ဖြစ်လာသည်ကစ၍မပေါ် လာသော၊စကြဝဠာတံတိုင်း လေးမျက်နှာ၌၊ လောကန္တရိက လေ သည်ဝင်ရာ၊တံခါးလေးပေါက်၏အနီးဠဓမ္မတာအတိုင်းပေါ် လာတဲ့စကြဝ ဠာတံခါးမြို့ကြီးလေးမြို့ကိုးတော့မမှီနိုင်၊မတုပနိုင်ဖြစ်လေသည်။

စကြဝဠာမြို့ကြီးလေးမြို့မှာတော့၊ လူသာမည်တွေ နေနိုင်တာမဟုတ်။ ဝိဇ္ဇာဓိဂ်များ၊ လောကီဈာန်ပျံရသေ့များ။ ဓမ္မကိန္နရာ၊ ဒေဝကိန္နရာများ သာနေနိုင်ကြသည်။ လေးကျွန်းသနင်း စကြာမင်းကြီးတောင် မနေနိုင်၊ ရုံ ဘန်ရုံခါ၊ စာဘုမဟာရာဇ်က နတ်သား၊ နတ်သိုးများတောင် လာနေကြ သည်။ နေလေသမျှ ပုဂ္ဂိုလ်သုံးဝါတို့သည်။ အဝတ် တန်ဆာ ရတနာ၊ အစာအာဟာရစသည်တို့မှာ၊ တောင့်တဘိုင်း၊ ရည်မှန်းတိုင်းဖြစ်ပေါ် လာ ကြသည်။သိလမြဲကြသည်။ မေတ္တာဘာဝနာအားကြီးကြသည်၊ထို့ကြောင့် အထက်ပြခဲ့သော၊ မြို့သစ်သည်း လူတို့နေသော၊ မြို့တကာတို့ထက် ဘယ်

လိုပင်၊သာတယ်ဆိုပေတဲ့၊ စကြဝဠာ တံဘိုင်းလေးမျက်နှာ၊ တဲခါးမြို့ကြီး များကို၊ မမြိုနိုင်လေးသာကြောင့်။မြို့သစ်ထက်၊စကြဝဠာတံတိုင်း မြို့ကြီး ကသာပြန်၏၊ထို့ပြင်ဓဲသည်စကြဝဠာတံတိုင်းမြို့ကြီးထက်သာတာ ဂိုသေး တယ်၊ ဘုရားလောင်း ကိန္နရာ၊ကိန်္နရီတို့နှစ်မရဏနေမြဲဖြစ်သော၊ ယူဇနာငါး ရာမြင့်သော ဟိရဉ်ရွာတောင်ထိပ်ဂို၊ အနဝတတ်အိုင်၏၊ အရံဖြစ်သော ကေလာသင္ဂေတောင်၏ထိပ်၌တည်သေသာ ဝဏ္ဏာဂိရိဇွေမြို့ကြီးသည်၊ အာ လောင်းတော်တို့ ကိန္နရာ၊ကိန်္နရီဘဝ၌ဖြစ်တိုင်း ဖြစ်တိုင်းနေမြဲဖြစ်လေ သောကြောင့်ဂင်း၊ ဝိဇ္ဇာတကာတို့တွင် အကြီးအမှူးဖြစ်သော ရုမဝိဇ္ဇာမင်း ကြီးများလည်းနေမြဲဖြစ်လေသောကြောင့်ဂင်း၊ မြေလျှိုးမိုးယံး ပျံနိုင်သောသံ လျက် စကြာများလည်း ဂိုကြလေသောကြောင့် ဂင်း၊သိလန္ဒင့်မေတ္တာဘာ ဝနာသည်းမြဲကြလေးသာကြောင့်ဂင်း၊ဓဲသည်သုဝဏ္ဏာ၊ ဂိရိကေလာသင္ဂေ တောင်မြို့သည်။ စကြဝဠာတံတိုင်းမြို့ဆက်ပင်သာလွန်မြင့်မြတ်ပြန်၏။ ထို့ ပြင်သုဝဏ္ဏာဂိရိ၊ကေလာသင္ဂေတောင်မြို့ထက် သာတာဂိုသေးတယ်။ဘယ် မြို့လဲဆိုတော့ ယူဇနာပေါင်း၊ဒသ်သောင်း၊လေးထောင်နှစ်ပြန်ဆောင်သော မြင့်မိရ်းတောင်ကြီးကို၊ရံကာလျက်ဂိုသော၊ ယုဂန္ဓိုရ်တောင်၊ ဇူသိန္ဒိုရ် တောင်ကဇရိဂတောင်၊သုဒဿနဲတောင်၊နေမိန္ဒရတောင်၊ဝိနတ္တကတောင် အာသကဏ်တောင်ရယ်လို့အမည်ဂိုကြသော၊ တောင်စဉ်ချနှစ်ထပ် တို့၏ ထိပ်၌တည်ဂိုသော၊စာတုမဟာရာဇ်နတ်မင်းကြီးလေးယောံတို့သည်၊ နေမြဲ သော အထူးထူးသောရတနာတို့ဖြင့်ပြီးသော။စာတုမဟာရာဇ် နတ်မြို့ကြီး ချနစ်မြို့သည်။ထိုသုဝဏ္ဏာဂိရိ၊ကေလာသင္ဂေတောင်မြို့ ထက်ပင်၊ အရာရာမှာ သာလွန်ပြန်၏။ အဲသည်စာတုမဟာရာဇ်၊ နတ်မြို့ကြီး ချနှစ်မြို့ထက်သာတာ တောင် ဂိုသေးတယ်၊ ဘယ်မြို့ပါလဲ ဆိုတော့၊ မြင့်မိရ်းတောင် ထိပ်မှာ တည်သော။ ယူဇနာတနှသောင်း ကျယ်သော၊ မဟာပင်လယ် ကသစ်ပန်း ပင်ကြီး ဂိုသော၊ ယူဇနာ တထောင်မြင့်သော၊ ဝေဇယန္တာ နန်းပြာသာဒ် ကြီးဂိုသော ပဏ္ဍုကမ္ဗလာ မြကျောက်ပျာကြီး ဂိုသော၊ နတ်ဥယျာဉ် ငါးချ နှင့်ပြည့်စုံသော။ တချက်ထဲဝိတ်၊တချက်ထဲဖွင့်၍ဖြစ်သော။ မြို့တံခါးပေါင်း တထောင်ဂိုသော၊ စူဠာမဏိ စေတီ ဂိုသော၊ရှေးရှေးသော မြတ်စွာဘုရား ရှင်တို့ ဝါတွင်းသုံးလပတ်လုံး အာဘိဓမ္မာတရား ဟောမြဲဖြစ်သော၊ ဘီလူး၊ ကုမ္ဘဏ်၊ ယက္ခ၊ အာသုရာစသော၊ ရန်သူတပါးတို့ မချဉ်းမကပ်နိုင်အောင်၊ မြင့်မိရ်းတောင်ခြေ၌၊ပထမအထပ် ဟူသောအာလိန်၌ နဂါး၊ဒုတိယအထပ်

ဟူသော အာလိန်၌ ဂဠုန်၊ တတိယ အထပ်ဟူသော အာလိန်၌ ကုမ္ဘဏ်၊ စတုတ္ထ အထပ်ဟူသော၊ အာလိန်၌ ရက္ခိုဿ်၊ ပဉ္စမအထပ်ဟူသော အာလိန်သည်၊ ယုဂန္ဓိုရ်တောင်ကို ခေါ်သည်၊ ၎င်းပဉ္စမ အာလိန် ယုဂန္ဓိုရ်တောင်ထိပ်၌၊ စာတုမဟာရာဇ်၏ နတ်မင်းကြီး လေးယောက် တို့နှင့် နတ်ဘုံနတ်သားပေါင်းများစွာတို့နေကြ၍၊ ၎င်းအာလိန် ငါးဆင့်၌ နေကြကုန်သော၊ သုရသတ္တိုနှင့် ပြည့်စုံကြကုန်သော သတ္တဝါတို့သည်။ စောင့်ရှောက်လျက် ရှိကြကုန်သော၊ မြင့်မြတ်တောင်ထိပ်ပေါ်ရှိသော၊ ဝဇိရစိန်စင်၊ မြဲသံကြိုး လက်နက်ကို၊ လက်ကိုင် ပိုင်ပိုင်ရရှိသော၊ သိကြားမင်းစံရာ၊ တာဝတိံသာ၊ သုဒဿနာ၊ နတ်နန်းမြို့ကြီးသည်၊ စာတုမဟာရာဇ်၏ မြို့ကြီးများထက်၊ အရာရာတိုင်း၌ပင်၊ အံ့သာလွန်ဆုံးသော မြို့ကြီး ဖြစ်ပါပေ၏။ ဤသည်တာဝတိံသာ၊ သိကြားမင်းစံရာ၊ သုဒဿနာ၊ နတ်နန်းမြို့ကြီးကို၊ အသုရာစသော ဘယ်လို ရန်သူမျိုးမှ၊ တုန်လှုပ်ခြင်းငှါလဲ မတတ်နိုင်။ ဧရာဝဏ်ဆင်ခြင်းငှါလဲ မတတ်နိုင်၊ အောင်မြင်ခြင်းငှါလဲ မတတ်နိုင်ကြ လေသောကြောင့်။ ဤမြေအတိုင်းသော။ လေးမျက်နှာတို့မှ၊ ဤဝေဖြာလာ၊ ကျောက်ရောင်လေးမျိုးတို့ဖြင့် အောက်ခံပြု၍ တည်အပ်သော၊ အယုဇ္ဈာဘုမိမြို့ကြီးဟူ၍လည်း၊ ခေါ်သည်၊ မြေပြင်ပေါ်မှာ တည်သမျှ မြို့ဘကာအပေါင်းတို့ဆက် မြင့်မြတ်တောင်ထိပ်ပေါ်မှာတည်သော၊ သိကြားမင်းစံရာ၊ သုဒဿနာ၊ အယုဇ္ဈာဘုမိ ဆိုတဲ့၊ တာဝတိံသာ မြို့ကြီးသည်၊ ပဌမတန်း မြို့ကြီးဘဲ ဆိုတာ၊ အရိုးစွဲအောင် မှတ်ကုန်ချာ၏။ ။

အဲသည် သုဒဿနနတ်နန်းမြို့ကြီးကို၊ အသုရာစသော ရန်သူတို့သည်။ ဘယ်သောအခါမှ၊ ဧရာဝဏ်စေခြင်းငှါတုန်လှုပ်ခြင်းငှါ မတတ်နိုင်လေသကဲ့သို့နိုဗ္ဗာန်တည်းဟူသော၊ မဟာဇနတုလသုဒဿန၊ အသင်္ခတမြို့ကြီး၌လည်း။ ဝသဝတ္တီ မာရ်နတ်မင်း ဟူသော ဒေဝပုတ္တမာရ် ရန်သူ၊ တဏှာငါးရာ၊ ကိလေသာဟူသော၊ ကိလေသမာရ်ရန်သူ။ ခန္ဓာငါးပါးဟူသော၊ ခန္ဓမာရ် ရန်သူ။ သေခြင်းတည်းဟူသော၊ မစ္စုမာရ်ရန်သူ၊ ကုသိုလ်ကံ အကုသိုလ်ကံတည်းဟူသော၊ အဘိသင်္ခါရမာရ်ရန်သူ။ ဤမာရ်ငါးပါး တည်းဟူသော၊ အာသုရာရန်သူတို့သည်။ ဘီစီး လွှမ်းမိုးလျက် လိုက်အပ်ကုန်သည် ဖြစ်၍၊ ကြောက်လန့်တကြား ပြေးလေသော၊ ပါခုမိ ဝဝန္ဒနိသိတ ကုသိုလ်ရှင်၊ ယောဂိပုဂ္ဂိုလ် တို့သည်။ ထိုနိဗ္ဗာန် ဟူသော ငြိမ်းခြင်း သန္တိသဘာဝ အသင်္ခတဓါတ် မြေအတိ ငြိုးသော၊ ဧခြင်းသိတိသဘာဝ အသင်္ခတဓါတ်

မြေအတိ ပြီးသော။ မဟာအတုလသုဒဿန၊ အသခ်တ နိဗ္ဗာန် မြို့ကြီးသို့ ဆိုက်ရောက်လျှင်။ ကြောက်စရံ တုန်လှုပ်ခြင်းမရှိဘဲ၊ ခပ်ဆိပ်းသော ဘေး ရန်တို့မှကင်းလွတ်၍။ ချမ်းသာစွာနေကြရလေကုန့်၏။ မာရ်ငါးပါးဟူသော အသုရာရန်သူသခ်တတရားတို့သည်။ဤငြိမ်းချမ်းခြင်း သဘော၊ ဇချမ်းခြင်း သဘောအဖြစ်ဖြင့် တည်နေသော။အသခ်တဓါတ် အမှန်၊ နိဗ္ဗာန်ဟူသော၊ မဟာအတုလ သုဒဿနမြို့ကြီး၏ အနှီးသို့ ဆိုက်ရောက် ပါဒခုံးတော့။ ခုနကျော်လွှိုလဲ မဝင်နိုင်။ အပြင်ကနေပြီး၊ စစ်တိုက်၍ အောင်မြင်ဆီမ်း ယူခြင်းငှါလဲ မစွမ်းနိုင်။ ဇရာ၊ ရောဂါး တုန်လှုပ်စေခြင်းငှါလဲမတတ်နိုင်။ ပြိုကွဲ ပျက်ဆုံး၊ အကုန်လုံးပြန်လည် ဆုတ်နစ်၍ပြေးကြရလေကုန့်၏။ ဤသို့ မာရ် စစ်တိုက်၍မအောင်နိုင်ရာဌာနဖြစ်ခြင်းကြောင့်၊ဘုရားပစ္စေကဗုဒ္ဓါ။ရဟန္တာ အရှင်မြတ်တို့မွေ့လျော်ပျော်စံရာ။နိဗ္ဗာန်ဟူသော မဟာအတုလသုဒဿန မြို့ကြီးသည်လည်း၊ အယုဇ္ဈာဘူမိ ဟူသော အမည်ကို ရလေ၏၊ အဲတာ ကြောင့်၊ နိဗ္ဗာန်သည် တာဝတိံသာ၊ သိကြားနတ်မင်းတို့နေရာ သုဒဿန မြို့ကြီးနှင့်တူပေ၏။ ။ထိုကြောင့်ပညာရှိပုဂ္ဂိုလ်တို့သည်။ ။

အဂၢဓိတံ အစလိတံ၊
အပုထုဇ္ဇန သေဝိတံ၊
အဂတိယဏ္ဍ မာရဿ၊
တဏ္ဍရိယာ ဘိမောဒရေ၊ ။

ဟူ၍ဟောတော်မူသည်။ ။ဘဝန်တော်၊ ဤမင်္ဂလိမဒေသ သာသနာဝင် ကျမ်းကြီးကို ဘတ်ရှုကြကုန်သော၊ သူတော်ကောင်း အပေါင်းတို့။ အပု ထုဇ္ဇနသေဝိတံ၊ ပုထုဇဉ်မပါ၊ အရိယာတို့သာလျှင် ပျော်ရွှင် မွေ့လျော် မှီဝဲအပ်သော။ ယံနိဗ္ဗာန်၊ အကြင်နိဗ္ဗာန်ဆိုတဲ့၊ မဟာအတုလ သုဒဿန၊ အသခ်တမြို့ကြီးသည်ကား၊ ။အကမွိတံ၊မာရ်ငါးပါး ဘေးရန်တို့ကြောင့် ကြောက်စရံတုန်လှုပ်ခြင်းမရှိ။ အစလိတံ၊ မာရ်ငါးပါး ဘေးရန် တို့ကြောင့်၊ နှစ်ရွေးသားသောက်မျှ၊ ဇရာရောဂါးခြင်း မရှိ။ ဘဝန်တော်၊သူတော်ကောင်းတို့။ ယထွာ၊ အကြင်နိဗ္ဗာန်ဆိုတဲ့ မဟာအတုလသုဒဿန၊ အသခ်တမြို့ကြီး၌။ မာရဿ၊ မာရ်ငါးပါးဟူသော၊ အသုရ ရန်သူအပေါင်းတို့၏။ အဂတိ၊ စစ်တိုက်လို့ အောင်မြင်နိုင်တဲ့ မြို့ကလဲမဟုတ်။ တဏ္ဍ၊ ထိုမာရ်အသုရာ

ရန်သူတို့၏ စစ်တိုက်အောင်မြင်ရာ မဟုတ်သော၊မဟာအတုလ သုဒဿန၊ အသင်္ဘတမြို့ကြီး၌၊အရိယာ၊ ဘုရားစသော အရိယာ ပုဂ္ဂိုလ်မြတ်တို့သည်၊ အဘိမောဒရေ၊လွန်စွာမွေ့လျော်ပျော်ရွှင်တော်မူကြလေကုန်၏။ ၊အဲ့သည် ပါဋိဒေသနာတော်ကို ထောက်၍။ နိဗ္ဗာန်ဆိုတဲ့ မဟာအတုလသုဒဿန၊ အသင်္ဘတ မြို့တော်ကြီးကို၊ သိကြားမင်းစံရာ တာဝတိံသာ၊ သုဒဿန၊ နတ်နန်းမြို့ကြီးနဲ့ အလားတူတယ်လို့ ပမာ ပေးရခြင်းသည်။ သုံးဆဲ့တဲ့ဘုံထဲမှာ၊ အခြားပမာ ပေးနိုင်လောက်စရာ မြို့မရှိသောကြောင့်သာ။ ပမာပေးလိုက်ရသည်။ သို့သော်လဲ ဘယ်လိုဘဲပမာပေးပေတဲ့။ သိကြားမင်းစံရာ၊ တာဝတိံသာ သုဒဿန၊ နတ်နန်းမြို့ကြီးထက် နိဗ္ဗာန် တည်းဟူသော။ မဟာအတုလ၊ သုဒဿန၊အသင်္ဘတမြို့တော်ကြီးက၊ အဆ အရာ၊ အဆ အထောင်၊ အဆ အသောင်းမက၊ သာလွန်ပါပေတယ်ဆိုတာ ကိုလဲ၊ ပညာရှိ ပုဂ္ဂိုလ်ဟူသမျှ သိရှိပြီးဖြစ်ကြလေသောကြောင့်။ အထူး ဟော်ပြရန်မလိုတော့ပြီ။ ။

အထက်ကပြဆိုခဲ့သမျှမြို့တွေ၊ဝင်မြို့ထက်ဝတ်မြို့သာလွန်တဲ့ အကြောင်းနှိုင်းပြိုင်ပြီးပြသမျှ အထဲမှာ မြင့်မိုရ်တောင်ထိပ်ရှိသိကြားမင်းစံရာ၊ တာဝတိံသာ သုဒဿနနတ်နန်းမြို့ကြီးက သာလွန်တဲ့ အကြောင်းကိုလဲ သိခဲ့ကြပြီ။ ဒဲသည်သုဒဿန နတ်နန်းမြို့ကြီးနဲ့ ပမာတင်ပြတဲ့ ပညာအရှိဆုံး၊ အလိမ်မာဆုံး၊ အမြတ်ဆုံးဖြစ်တဲ့ ဘုရားစသော အရိယာအာရှင်မြတ် အပေါင်းတို့၏၊ နေ့လျော် ပျော်ရွှင်ရာဖြစ်သော ဘယ်ပြည်၊ဘယ်နန်း၊ဘယ်စည်းစိမ်ဘယ်ရတနာတို့နှင့်မှမတူးသာ ဇာတိကင်းပ၊ ဇရာကင်းပ၊ ဗျာဓိကင်းပ၊ မရဏာကင်းပ၊နိဗ္ဗာန်တည်းဟူသောလောကုတ္တရာ၊ မြို့တော်ကြီးသည်သာ၊ အသာလွန်ဆုံး၊ အမြတ်ဆုံးဖြစ်တဲ့အကြောင်းကိုပညာရှိယောဂိပုဂ္ဂိုလ်အပေါင်းတို့သိရှိပြီး ဖြစ်ကြလေသောကြောင့်၊ အလွန်လဲတောင့်တကြကုန်၏။အလွန်လဲ လိုလားကြကုန်၏၊အလွန်လဲရချင်၊ ရောက်ချင်ကြကုန်၏၊ထိုသို့ တောင့်ဘကြ၊လိုလားကြ၊ရချင်ကြ၊ ရောက်ချင်ကြသည်နှင့်အညီ၊ရကြ ရောက်ကြရလေအောင်၊ ရှေးဦးစွာရကြောင်း၊ ရောက်ကြောင်းအမှန်ဖြစ်တဲ့။ တရားရတနာ မြို့တော်ကြီးဝင်ရ တည်ထောင်ကြ အုံးစို့၊ ဒဲသည်လို တရားရတနာ မြို့တော်ကြီး တည်ပြီးရင်လဲ၊ ထိုတရားရတနာမြို့တော်ကြီးထဲ ဝင်နိုင်ရမည်၊ ဝင်နိုင်တဲ့ပုဂ္ဂိုလ်ဖြင့်၊ ဇကန့်ရောက်တော့မှာဘဲဆိုတာ၊ စိတ်ချ ယုံကြည်ကြရာ၏။ တရားရတနာမြို့တော်ကြီးကို တည်

တော့မည်၊ ကောင်းစွာမှတ်သားမိဒေါင်ဂင်း အာသီးအသီးသော ဇာဠဘာသာဝင်၊ သူတော်စဉ်တို့လဲ ဘုန်းကြီးပြုသည့် အတိုင်း ကျကျ နန်၊ တည်တတ်ကြရလေ့အောင်လဲ၊အားထုတ်ကြလေ။

အစိန္တေယျ၊ သုံးလောကထွဋ်ထား။ သဗ္ဗညုဖြတ်စွာဟုရားရှင် တည်းဟူသော။ လောကုတ္တရာ၊လက်သမား ဗိသုကာ ဆရာအရှင်ဖြတ်နှင့် တူမျှသော၊လက်သမား ဆရာဟူ၍မရှိ။ ဂင်္ဂါဝါဠ္ဍ၊ သဲစုမက၊ ပွင့်တော်မူလေကုန်ပြီးသော၊ လောကုတ္တရာ လက်သမား ဗိသုကာဆရာအရှင်၊ ဖြတ်စွာဘုရားသခင် ချင်းသာ တူတော်မူကြ၏။ လူနတ်၊ သိကြား၊ ဗြဟ္မာတို့တွင် ဖြတ်စွာဘုရားရှင် တည်းဟူသော၊ လောကုတ္တရာ ဗိသုကာထက်၊ လွန်သောသူမရှိ၊ တူသောသူမရှိ။ ပြိုင်ဘက်မရှိ။ လောကုတ္တရာဗိသုကာ ဆရာတည်းဟူသော ဖြတ်စွာဘုရားရှင်သည်။ မရေတွက်နိုင်သော ပညာတော်၊ ကျေးဇူးတော်၊ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူ၏။ စင်သည်နှင့်တကွသော မာရ်နတ်သားကို အောင်တော်မူ၏။မိန္ဆွာဒီဋ္ဌိ တည်းဟူသော ကွန်ရက်ကို ဖျက်ဆီးတော်မူ၏။ အဝိဇ္ဇာတည်းဟူသော မောဟကို ကုန်စေတော်မူ၏၊ ဝိဇ္ဇာတည်းဟူသော၊ဗိသုကာ ပညာကိုဖြစ်စေ၏။သဗ္ဗညု အရောသို့ ရောက်တော်မူ၍။ အောင်အပ်ပြီးသော၊ မာရ်တည်းဟူသော စစ်မြေပြင်ရှိသော၊ ထိုဘုရားရှင်သည်၊ တရားတော် ရတနာ တည်းဟူသော မြို့ကိုဘန်ဆင်းတော်မူပေ၏။

တရားရတနာတည်းဟူသောမြို့၌၊ ငါးပါးသိသ၊ အာဇီဝဋ္ဌမကသိသ၊ ရှစ်ပါးသိသ၊ ကိုးပါးသိသ၊ဆယ်ပါးသိသ၊နှစ်ချာ နှစ်ဆယ်ခုနစ်ပါးသော၊ သိသတည်းဟူသောတံဘိုင်းရှိ၏၊ ဟိရိတည်းဟူသောကျုံးရှိ၏။ သြတ္တပ္ပတည်းဟူသော၊ ကျုံးရိုးရှိ၏။ ဉာဏ်တည်းဟူသော တံခါးမတ်ရှိသည်။ ဝိရိယတည်းဟူသော၊ ပြအိုးရှိသည်။ သဒ္ဓါတည်းဟူသော၊ တို်ငတွေရှိသည်။သတိတည်းဟူသော၊ တံခါးစောင့်ရှိသည်၊ ဇောဓိပက္ခိယတည်းဟူသော၊ အဓိ.၊ အကာတွေရှိသည်။ သုတ္တန်ဒေသနာတော်ဓမ္မက္ခန္ဓာ၊ နှစ်သောင်းတထောင်တည်းဟူသော၊ ခရိုးလမ်းငယ်တွေရှိသည်။ အာဘိဓမ္မာဒေသနာတော်၊ ဓမ္မက္ခန္ဓာလေးသောင်း နှစ်ထောင်တည်းဟူသော၊ လမ်းမတော်ကြီးတွေရှိသည်။ ဝိနည်းဒေသနာတော်၊ ဓမ္မက္ခန္ဓာ နှစ်သောင်းတထောင်တည်းဟူသော၊ တရားဆုံးဖြတ်ရာ ရုံးတွေရှိအည်၊ ဝိထိဒေါတည်းဟူသော၊တရားဆုံးဖြတ်ရာ၊လွှတ်မင်းကြီးတွေရှိသည်။ သိလတည်း

ဟူသောဖြေအခင်းရှိသည်၊ စေတနာသဒ္ဓါတည်းဟူသော၊ နေအိမ်တွေ၊ စရပ်တွေရှိသည်၊ ဗောဓိပက္ခိယတည်းဟူသော၊ ရေတွင်း၊ ရေကန်တွေရှိသည်။သုတ၊စာဂ၊တည်းဟူသော၊စိုးစောင်ရန်းတွေရှိသည်။ ။

ပါရမီဆယ်ပါးတည်းဟူသောစျေးရုံးတွေရှိသည်။ သမထလေးဆယ်တည်းဟူသော၊ မင်းအိမ်တွေရှိသည်။ ဝိပဿနာ ဘာဝနာလေးဆယ်တည်းဟူသော၊ အလွန်တရာစိတ်နှလုံးဇေမ်းသာယာစရာ၊ ဥယျာဉ်ကြီးတွေရှိသည်၊ တရားအရေသာတည်းဟူသော၊ ထမင်းဟင်းဆိုင်တွေ၊မုံ့ပဲသရေစာဆိုင်တွေ ရှိသည်၊ ဝိစ္ဆာမင်းကြီးအုပ်ချုပ်လျက်ရှိသည်၊ မဂ္ဂင်ရှစ်ပါး တည်းဟူသော၊ သားတော် ရှစ်ယောက်ရှိသည်။ အလောဘ၊ အဒေါသတည်းဟူသော ဝိဇုယားကြီး နှစ်ယောက်ရှိသည်၊ သတိပဋ္ဌာန်တည်းဟူသော၊ပြည်ထဲရေးဝန်ကြီးလေးယောက်ရှိသည်၊ ဇာန်ဗြိတည်းဟူသော၊ မင်းမြောက်တန်ဆာ ငါးပါး ရှိသည်။ သမာပတ်တည်းဟူသော၊ ထီးဖြူရှစ်စင်းရှိသည်။ ဥပသ်ရှစ်ပါးသီလတည်းဟူသော၊ ပလ္လင်ရှစ်ခန်းရှိသည်။ဗိုလ်ငါးပါးတည်းဟူသော၊ စစ်ဘုရင်ကြီးငါးယောက်ရှိသည်။ သူတော်ကောင်းဥစ္စာခုနစ်ပါး တည်းဟူသော၊ ကျိုက္ခ ဘဏ္ဍာတိုက်တွေရှိသည်။ အလိမ္မာဇာဉာ၊ဝိစ္ဆာ၊ အမေမာဟ၊ ယထာဘူတ၊ အနွယ၊ ဓမ္မဋ္ဌိတိတည်းဟူသော၊စာသင်သိပ်ံကျောင်းကြီးတွေရှိသည်၊မင်္ဂလာတရားသုံးဆဲ့ရှစ်ပါးတည်းဟူသော၊ ဆေးဆရာတွေရှိသည်၊ ဘယ်လိုပစ္စည်းဝတ္ထုမျိုးကိုမှ၊ ဝယ်ယူမရဟူ၍မရှိနိုင် သောအလိုရှိရာဝယ်ယူ၍ရနိုင်လွယ်သော၊ သုတ္တန်ဒေသနာတော်ဈေးဆိုင်တွေ၊ အဘိဓမ္မာဒေသနာတော်ဈေးဆိုင်တွေဆိုတာ၊အစဉ်မပြတ်ခင်းကျင်းထားပြီး၊ သောတာပန်ပုဂ္ဂိုလ်တွေရောင်းချနေကြသည်။ သကဒါဂ်ါမ်ပုဂ္ဂိုလ်တွေ ရောင်းချနေကြသည်၊ အနာဂါမ်ပုဂ္ဂိုလ်တွေ ရောင်းချနေကြသည်၊ အရိယာပုဂ္ဂိုလ်တွေ ရောင်းချနေကြသည်။ဓမ္မာကထိကပုဂ္ဂိုလ်တွေရောင်းချနေကြသည်။စာချပုဂ္ဂိုလ်တွေ၊တောရဆောက်တည်တဲ့ပုဂ္ဂိုလ်တွေ၊ ဓုတင်ဆောင်ပုဂ္ဂိုလ်တွေ ရောင်းချလျက်နေကြကုန်၏။ ။

ထို့ပြင် မြတ်စွာဘုရားရှင်တည်းဟူသော၊ လောကုတ္တရာ ဗိသုကာဆရာမြတ်ကြီးတည်ထောင်၊ဖန်ဆင်းတော်မူသော၊ ။ဓမ္မနဂရ၊ တရားတည်းဟူသောမြို့တော်ကြီးဌ၊ဝိတရာဂါ၊ ရာဂဇင်းသောပုဂ္ဂိုလ်တို့သည်၊ ဝသန္တိ၊သွားလာနေထိုင်ကြကုန်၏၊ဝိတဒေါသ၊ ဒေါသဇင်းသောပုဂ္ဂိုလ်

တို့သည်၊ ဝသန်္တိ၊သွားလာနေထိုင်ကြကုန်၏။ ဝိတမောဟာ၊ မောဟကင်း သောပုဂ္ဂိုလ်တို့သည်။ ဝသန်္တိ၊ သွားလာနေထိုင်ကြကုန်၏။ အနာသဝါ၊ အာသဝေါလေးပါးကင်းသော ပုဂ္ဂိုလ်တို့သည်၊ ဝသန်္တိ၊သွားလာနေထိုင်ကြကုန်၏၊ဝိတ တဏှာ၊တဏှာကင်းသောပုဂ္ဂိုလ်တို့သည်၊ ဝသန်္တိ၊သွားလာနေထိုင်ကြကုန်၏၊ အနာဒါနာ၊ ဥပါဒါန်လေးပါး အစွဲအလမ်းမရှိကုန် သောပုဂ္ဂိုလ်တို့သည်၊ ဝသန်္တိ၊ သွားလာ နေထိုင်ကြကုန်၏။ ရုတဓရာ၊ ရုတဉ်ကိုဆောက်တည်ကုန်သော၊အာရညိကာ၊ လူသူမနီးတောမြိုင်ကြီးဌာန နေကုန်သေး၊သတိပဋ္ဌာနကုသလာ၊ သတိပဋ္ဌာန်၌လိမ္မာကုန်သော၊ ဗောဇ္ဈင်္ဂ ဘာဝနာရတာ၊ ဗောဇ္ဈင်တရားကို ပွါးစေခြင်းဌာ မွေ့လျော်ကုန်သော၊ ဝိပဿကာ၊ ဝိပဿနာကိုဆင်ခြင်ကုန်သော၊ ဓမ္မဓရာ၊ တရားကိုဆောင်ကုန်သော။တော၊ ထိုပုဂ္ဂိုလ်ကောင်း ပုဂ္ဂိုလ်မြတ်တို့သည်၊ ဝသန်္တိ၊သွားလာနေထိုင်၊ သီဘင်းသုံးပျော်မွေ့ကြလေကုန်၏။ ။အဲသည်ယခုပြခဲ့သမျှကုန်သော၊ပုဂ္ဂိုလ်မြတ်တို့သည်၊လောကုတ္တရာလက်သမားဗိသုကာအရာ၌၊ အတုမရှိအောင်၊ တဘက်ကမ်းရောက်၊ တဘ်းမြောက်လိမ္မာတော်မူသော မြတ်စွာဘုရားရှင်တို့တည်ထောင် ဖန်ဆင်းတော်မူသော၊ တရားရတနာ တည်းဟူသော မြို့တော်ကြီးဌာ၊ သွားလာနေထိုင်၊ပျော်မွေ့ကြသောပုဂ္ဂိုလ် မြတ်တို့ပေတည်း။ ။

ယခုအခါဤမင်္ဂလိမဒေဿသာသနာဝင်ကျမ်းကြီးကို၊ ကြည့်ရှုသင်အံ့လ ကျက်ကြကုန်သော၊ ပုဂ္ဂိုလ်တို့သည်လည်း၊ တရားရတနာမြို့တော်ဌာ၊သွား လာနေထိုင်နိုင်ကြရလေအောင်၊ တရားရတနာမြို့တော်ကြီးဌာပင်။ မြတ်စွာ ဘုရားရှင်သည်၊ဘွင့်လှစ်တည်ထားတော်မူခဲ့သော၊ လောကုတ္တရာဈေးဝယ်ကုန်၊ ဈေးတန်း၊ ဈေးဆိုင်များဌာ ရှိကြတဲ့ပစ္စည်းတွေကို၊ ဝယ်ယူဆင်ခြင်နိုင်ကြ မှသာ၊ အဆင်ကပြခဲ့သော သူတော်ကောင်းပုဂ္ဂိုလ်များနှင့် အလားတူ ဖြစ်ကြ၍၊သွားလာ၊နေထိုင်နိုင်ကြလိမ့်မည်ကားမှန်လှပေ၏။ အဲသည်တော့၊ လောကုတ္တရာဈေးဝယ်၊ ဈေးတန်း၊ဈေးဆိုင်များဌာ၊ ဘွင့်လှစ်ရောင်းချနေကြ တာဘယ်လိုကုန်မျိုး၊ဘယ်လိုပစ္စည်းမျိုးပါလဲဆိုတော့။ ။

က။ ။ယခုမျက်မြင်လောကမှာ၊ ဒိဌတွေကြုံ၊ အသုံးပြုနေကြတဲ့၊မာလာ ကျိုက္ခ။။၊မဇ္ဈ။။၊နေဝိဇာ၊ဇိဇဝါ၊ ခေါင်းရမ်း၊ ကသစ်ပန်းအရုံ၊ များစွာသောပန်းအမှုံမှုံမျိုးတွေလဲမဟုတ်။ဂုင်းပြင်၊ တောင်ဇလပါ၊နှင်းဆီ၊ဇီးစွေ၊ သင်းခွေ၊ ပုံးညက်၊ စန္ဒကူး၊ အဲသည်လို အထူးထူးသော ပန်းမျိုးတွေလဲ

မဟုတ်၊ ၎င်းပြင်ပေဟာလွှကား၊ စကား၊ ကန့်ကော်ဝါစွယ်တော်၊ ရင့်မာ၊ ဇလပွေါ၊ ချယား၊ဆတ်သွား၊ ပုံးညက်းသရဖီ၊သဇင စပယ်၊ အင်ကြင်း၊ ဒေါန၊အစေားစေားသောပန်းမျိုးတွေလဲမဟုတ်။ ။

အဲသည်လို ယခုပြခဲ့တဲ့ပန်းမျိုးတွေဆိုတာကတော့။ ဆင်းရဲချမ်းသာ မရွေးလူတိုင်းဘဲ။ ဝယ်နိုင်၊ပန်းဆင်နိုင်ကြသတဲ့ ၊ ထိုပန်းတွေထက် သာလွန်အဘိုးတန်တာကတော့။ ဟိမဝန္တာတာ၊ မာလာဂိရိတောင်မှာသာ ပေါက်ရောက်မြဲဖြစ်တဲ့၊ နံ့သာနီပန်းဆိုတာက၊ တန္ဒစ်မှ တကြိမ် ၌သတဲ့။ တဝါပွင့်ပြန်ရင်လဲ၊ တန္ဒစ်ကြာမှ ပေ၀ာင်းနွမ်းသတဲ့။ အဲသည်လိုနံ့သာနီပန်းဆိုတာ၊ ရဘို့ရန်လဲအလွန်ခဲယဉ်းတယ်။ နတ်များယူဆောင် ပေးမှရနိုင်တယ်။စကြာမင်းကြီးရဲ့ဓိဗုယားများမှသာ ပန်ဆင်ရသတဲ့ ။ နတ်များယူဆောင်မပေးပြန်ရင်လဲ၊စကြာရတ်နာနဲ့ ၊သွားယူမှရနိုင်သတဲ့ ။ အနံ့ကလဲ၊လေအောက် လေညာဘက်ရွတ်မွှေးသတဲ့ ။ အဲသို့ကလောက်တောင် ခဲယဉ်းအဘိုးတန်တဲ့ ၊ စကြာမင်းဓိဗုယားများမှ ပန်ဆင်ထိုက်တဲ့ ၊နံ့သာနီ၊နတ်ပန်းမျိုးတွေတောင်ဘဲ၊မရောင်းမချသေးဘူးတဲ့ ။ ။

အဲသည်နံ့သာနီပန်းထက်အဘိုးတန်တာ ရှိသေးတယ်။ ဘယ်ပန်းလဲဆိုတော့။ ဟိမဝန္တာတာ၏ မြောက်ဘက် တောင်ကမ်းပါးရံ၊ နန္ဒာသိရီတောင်မှာသာ ပေါက်ရောက်မြဲဖြစ်တဲ့ ၊ သာလမကပန်းဆိုတာ ရှိသေးတယ်။ အဲသည်ပန်းကတော့၊ ဈာန်ပျံရသေ့များနှင့်သံလျက်စကြာရသော၊ ဝိဇ္ဇာဓိရ်၏ဓိဗုယားများမှသာ အသုံးပြုနိုင်သည်။ အဲသည်လိုပန်းမျိုးလဲ၊ မရောင်းမချသေးဘူးတဲ့။ ။

အဲသည်သာလမကနတ်ပန်းထက်၊ အဘိုးတန်တာရှိသေးတယ်၊ ဘယ်ပန်းလဲဆိုတော့၊ ဟိမဝန္တာတောင်ထိပ်၊ သုဒဿနဇွှေတောင်ခြေမှာသာ၊ ပေါက်ရောက်မြဲဖြစ်တဲ့ ။ ကုသုမ္ဘကပန်းဆိုတာရှိသေးတယ်။ အဲသည်၊ ပန်းကတော့၊ ဝေဿဝဏ်နတ်မင်းကြီးရဲ့ ဓိဗုယားများမှသား၊ ပန်ဆင်ထိုက်သတဲ့ ။အဲသည်လိုပန်းမျိုးတောင်၊မရောင်းမချသေးဘူးတဲ့ ။ ။

အဲသည်ကုသုမ္ဘကပန်းထက်အဘိုးတန်တာရှိသေးတယ်။ ဘယ်ပန်းလဲဆိုတော့၊ ဟိမဝန္တာတောင်ထိပ်၊ အနဝတတ်ဒိုင်၏အရံ၊ ဂန္ဓမာဒန တောင်၊ရွှေဂူငွေဂူ ဗလ်ဂူထဲများမှာသာ ပေါက်ရောက်မြဲဖြင့်တဲ့ ၊ ရွှေမဋ္ဌ။ သကပန်း၊ငွေမဋ္ဌသကပန်း။ ဗလ်မဋ္ဌသကပန်းမျိုးဆိုတာကတော့၊ လေနတ်သားများက၊ သယ်ယူ၍၊ ပစ္စေကဗုဒ္ဓါအာရှင်ဖြတ်တို့အား၊ ပန်းမွှေရာ

ခင်းပေးရတဲ့ပန်းမျိုးဖြစ်သည်။ အဲသည်လိုပန်းမျိုးဘောင်မချောင်းမချသေးဘူးတဲ့။ ။

အဲသည်မဖူသကပန်းထက်၊ သာလွန်ထူးသန်းတဲ့ပန်း ရှိသေးတယ်၊ ဘယ်ပန်း လဲဆိုတော့။ ဟိမဝန္တာတောင်အနောက်ဘက်၊ ကမ်းပါးရံမှာရှိတဲ့၊ဆဒ္ဒန်အိုင်မှာပေါက်ရောက်မြဲဖြစ်ဘဲ့၊ မဇ္ဈိမဒေသရှိလူမျိုးတို့၏လက်အတောင်နှင့်ချနစ်တောင် အမြင့်ရှိသော၊ အထပ်အလွှာမှာလဲ၊ ချနစ်ထပ်၊ ချနစ်လွှာရှိသော၊ ဧတိ၏ပုံသဏ္ဌာန်နှင့်တူသော၊တန္နစ်မှာ၊ တကြိမ်သာပွင့်သော၊တန္နစ်ကြာမှ၊ ပေဘင်းနွမ်းသော၊ အနံ့မှာလေအောက်၊ လေညာ၊ သုံးဂါဝုတ်တိုင်မွှေးကြိုင်သော၊ သတ္တုပြလကြာပန်းဆိုတာရှိသေးသတဲ့၊ အဲသည်ပန်းကတော့၊ မြတ်စွာဘုရားရှင်၏၊ အလောင်းတော်၊ ဆဒ္ဒန်ဆင်မင်းရဲ့၊ ဒိဗ္ဗဃားကြီး ယသောဓရာအလောင်းတော်၊ မဟာသုဘဒ္ဒါဆင်ဒိဗ္ဗဃားကြီးမှသာပန်ဆင်ထိုက်သတဲ့၊အဲသည်လိုပန်းမျိုးတွေလဲ၊ မရောင်းမချသေးဘူးတဲ့။ ။

အဲသည်သတ္တုပြလကြာပန်းထက် အဘိုးတန်တာ၊ ထူးဆန်းတာရှိသေးသတဲ့၊ဘယ်ပန်းလဲဆိုတော့ မြင့်မိုရ်တောင်မင်းကြီး၏အရုံ၊ ပဌမအာလိန္ဒဖြစ်သော၊ စာတုမဟာရာဇိန်တပ်ပြည်တည်ရာ။ ယဂန္ဓိ၊ရ်တောင်ထိပ်မှာ၊ စာတုမဟာရာဇိန်တပ်တို့၏၊ပျော်ရွှင်ရာ၊ စိတ္တလတာနတ် ဥယျာဉ်မှာသာပေါ်ကိုရောက်မြဲ ဖြစ်သော၊ အနောဇာပန်းဆိုတာ ရှိသေးသတဲ့၊ အဲသည်ပန်းကတော့၊ စာတုမဟာရာဇိန်တပ်မင်းကြီး၏မိဖုယားကြီးမျာ်းသာ၊ ပန်ဆင်ရသတဲ့၊ ၎င်းတို့ပန်ဆင်ပြီး အကျ၊ဖြစ်သောပန်းမျာ်းကို၊ အခြားနတ်သမီးမျာ်းပန်ဆင်နိုင်သတဲ့၊ အဲသည်လိုပန်းမျိုးတွေတောင်၊ မရောင်းမချသေးဘူးတဲ့။ ။

အဲသည်အနောဇာနတ်ပန်းထက်သာတာ ရှိသေးတယ်၊ ဘယ်ပန်းလဲဆိုတော့၊ မြင့်မိုရ်တောင်ထိပ်၊သိကြားမင်းစံရာ၊တာဝတိံသာ သုဓဿနနတ်နန်းမြို့ကြီးမှာရှိတဲ့၊နန္ဒဝန်ဥယျာဉ်မှာ၊ ပေါက်ရောက်သော၊ ကက္ကရုနတ်ပန်းဆိုတာရှိသေးသတဲ့၊ အဲသည်ပန်းကတော့၊ ဝိသက်ကိုနတ်သားရဲ့ဒိဗ္ဗဃား၊ နတ်သမီးမျာ်းပန်ဆင်ရသတဲ့၊ အဲသည်လိုပန်းမျိုးတွေတောင်၊ မရောင်းမချသေးဘူးတဲ့။ ။

အဲသည်ကက္ကရုနတ်ပန်းထက် အဘိုးတန်တာတောင် ရှိသေးသတဲ့၊ ဘယ်ပန်းလဲဆိုတော့၊ သိကြားမင်းစံရာ တာဝတိံသာမှပင်၊ မဟာဂုန်

ဥယျာဉ်တွင်းရှိမဟာပင်လယ်ကသစ်ပန်းတဲ့၊ အဲသည်ပန်းကတော့ဆီကြွေး မင်းရဲ့မိဖုယားများပန်ဆင်ရသည်၊ ဘုရားလောင်းနတ်သားများ ရတော့၍၊ လူပြည်မှာ ပဋိသန္ဓေတည်နေပြီး ဘွားမြင်တဲ့ အခါမှာ၊ သိကြားမင်းက။ ၎င်းပန်းကို ယူဆောင်၍၊ အလောင်းတော်အား လက်ဆောင်ပေးရသော ပန်းမျိုးလဲဖြစ်သည်။ တာဝတိံသာ နတ်ပြည်မှာ၊ စူဠာမဏိ စေတီကို၊ နတ်သား၊ နတ်သိုးများပူဇော် လှူဒါန်းသော ပန်းမျိုးလဲ ဖြစ်သည်။ ဗျာန်ရုရဟန္တာ အရှင်မြတ်တို့၊ တာဝတိံသာနတ်ပြည်သို့၊ တရားဟောကြွတဲ့ အခါမှာလဲနတ်များက၊ တရားပူဇော်တဲ့ပန်းမျိုးလဲဖြစ်သည်၊ အဲသည်လိုပန်း တွေတောင် မရောင်းမချသေးဘူးတဲ့။

အဲသည်မဟာပင်လယ်ကသစ်ပန်းထက်၊ သာလွန်ထူးဆန်း၊ အာဠိးတန်တဲ့ပန်းလဲရှိသေးသတဲ့။ ဘယ်ပန်းလဲဆိုတော့။ စာတုမဟာရာဇ်၊ တာဝတိံသာ နတ်ပြည်များလို မြေမှာမတည်၊ အထက်အာကာသ ကောင်းကင်၌ သာတည်သော၊ ဘုရားလောင်း၊ ပစ္စေကဗုဒ္ဓါလောင်း၊ အဂ္ဂသာဝကလောင်း၊ မဟာသာဝကလောင်းဖြစ်တဲ့အလောင်းတော်နတ်သားများသာ၊ ပျော်စံရာဖြစ်သောတုသိတာနတ်ပြည်၌၊ နန္ဒဝန်ဥယျာဉ်၊ မိသကဥယျာဉ်၊ ဖာရုသကဥယျာဉ်၊ စိတ္တလတာဥယျာဉ်၊ မဟာဝန် ဥယျာဉ်ဟူ၍ ဥယျာဉ်ငါးမျိုးရှိလေ၏၊ ထိုငါးမျိုးတို့တွင် စိတ္တလတာ ဥယျာဉ်ဆိုတာက၊ ဘယ်လိုနတ်သား၊ နတ်သိုးမျိုးမဆို။ စိတ်နောက်တဲ့အခါ၊ စိတ်မကြည်တဲ့အခါ၊ စိတ်မပျော်တဲ့အခါ၊ အဲသည် ဥယျာဉ်ထဲရောက်သွားကြ ပလားဆိုမှဖြင့်၊ စိတ်နောက်၊ စိတ်မကြည်၊ စိတ်မပျော်ရှင်တာတွေ၊ တခါထဲပျောက်ပြီး။ ကြည်လင်သောစိတ်၊ ပျော်ရွှင်သောစိတ်တွေ တခါထဲပေါ်လာရတာဘဲတဲ့။ အဲသည်လောက်တောင်ထူးဆန်း။ အာဠိးတန်တဲ့ဥယျာဉ်ဘဲဆိုတာ၊ အရိုးစွဲအောင် မှတ်သားထားကြ။ အဲသည်တော့၊ ထို တုသိတာနတ်ပြည်မှာ ရှိသော ထူးဆန်း၊ အံ့သြဖွယ်မြင်းမွန်းစရာ အလွန်ကောင်းသော စိတ္တလတာ နတ်ဥယျာဉ်ထဲမှာသာ ပေါက်ရောက်လေ့ရှိသော တုသိတာနတ်သက်နှင့်ချနစ်နှစ်ကြာမှ၊ တကြိမ်သာပွင့်လေ့ရှိသော။ တခါပွင့်ရင်လဲ၊ ပန်းအများ မပွင့်။ တပွင့်သာ ပွင့်လေ့ရှိသော။ ပွင့်ပြန်ရင်လဲ တုသိတာနတ်သက်နှင့် သုံးနှစ်ကြာမှဟောင်းနွမ်းလေ့ရှိသော၊ အဆင်းအရောင်မှာလဲနတ်ပြည်၌ဖြစ်သော၊ ဆွေရောင်၊ ငွေရောင်၊ စိန်ရောင်၊ မြရောင် ၊ပတ္တမြားရောင်များကဲ့သို့၊ အရောင်ထွန်းလင်းတောက်ပသော၊ ၎င်းပန်း၏ အရောင်အလင်းသည်၊ လက္ခယ်

သန်းခေါင်၊ တိမ်တောင်ပိတ်ဆီး၊ တောကြီးဥမင်ဆိုတဲ့အချိန်အခါ၊ နေရာများကို ယူဆောင်လာလျှင်၊ ခုနစ်ယူဇနာ အတွင်းမှာ၊ နေရောင် ကဲ့သို့ ထွန်းလင်းတောက်ပနိုင်တဲ့ သတ္တိရှိသော (အာသာဝတီ) နတ်ပန်းဆိုတာ ရှိသေးသတဲ့။ အဲသည်အာသာဝတီနတ်ပန်းပွင့်တဲ့ အခါမှာ၊ ထိုပန်းထိုအလောင်းတော် နတ်သားများက၊တာဝတိံသာ နတ်ပြည်သို့ ယူဆောင်လာပြီး၊ပေဟာဇနဥယျာဉ်၊ ပဏ္ဍုကမ္ဗလာကျောက်ပျာပေါ်မှာ၊နတ်ဒွဖြစ်သော ရွှေကလပ်ပေါ် တင်၍၊ နတ်ပြည်ချောက်ထင်လုံးရှိ နတ်သား၊ နတ်သိုးတို့ အများသဘောတူ၊သိကြားမင်းကို၊ သဘာပတိ တင်မြှောက်၍၊ ဝိသကြံ့ နတ်သား က။အကျိုးဆောင် အဖြစ်နှင့်၊အာသာဝတီနတ်ပန်းသဘင် စည်းဝေးပွဲကြီးလုပ်ရသတဲ့၊ အဲသည် စည်းဝေးပွဲကြီးမှာ ရက္ခဖိုဝ်း၊ ဘုမ္မဇိုဝ်း စသောနတ်တွေလဲအကုန်ရုံးလာရောက်ကြရသတဲ့၊

သို့ကလောက်တောင်၊ ထူးဆန်းအံ့သြချီးမွမ်းစရာကောင်းတဲ့၊ (အာသာဝတီ) နတ်ပန်းသဘင်စည်းဝေးပွဲကြီးပေဘဲတဲ့၊ ထိုအာသာဝတီနတ်ပန်းကို၊စည်းဝေးပွဲကြီးမှာလာရောက်သမျှ နတ်သား၊နတ်သိုးတွေသည်သူ့ထက်ငါ၊ လူ့ယက်ပြိုးနေရာရအောင်တောင် အားထုတ်ကြရသတဲ့၊ ပန်းကိုမြင်ရုံသမျှ နတ်တွေကလဲ၊ သူလိုချင်၊ ငါလိုချင်၊ သူ ပန်ချင်၊ ငါပန်ချင် ဖြစ်ကြသတဲ့။ အဲဘာကြောင့်လဲ၊ အလွန် ထူးဆန်းတဲ့ အာသာဝတီနတ်ပန်းဘဲလို့ဆိုတာလဲမှတ်သားထားကြ။ အဲသည်တော့၊ကောင်းပြီ။အာသာဝတီနတ်ပန်းကို၊ နတ်သဘင်စည်းဝေးပွဲကြီးက၊ဘယ်လိုများ ဆုံးဖြတ်ကြသလဲဆိုတော့၊ ထိုအာသာဝတီနတ်ပန်းသည်။ သာမညပန်း မဟုတ်။ လူ့ပြည်မှာ ရှိသမျှပန်းတွေထက်လဲ သာတယ်၊ ဟိမဝန္တာတောရှိ နတ်များ ဝိဇ္ဇာဓရိရှိများ၊ ဈာန်ပျံ ရသေ့များယူဆောင်ပေးမှရနိုင်တဲ့၊ ပန်းတကာအ ပေါင်းတို့ထက်လဲသာတယ်၊စကြာဝဠာနှာနဲ့သွားရောက်၍၊ ယူမှရနိုင်တဲ့ ပန်းတကာ အပေါင်းတို့ထက်လဲသာတယ်။ ဟိမဝန္တာတော အိုင်ကြီးခုနစ်အိုင်မှာရှိတဲ့၊ ပန်းများထက်လဲသာတယ်။ ဟိမဝန္တာ တောရှိ၊ အာလွန်ဆူးဆန်းသော၊ တောင်တွေမှာပေါက်တဲ့ပန်းများထက်လဲ သာတယ်။ စာတုမဟာရာဇ်၊ တာဝတိံသာ စသောနတ်ပြည်ခြောက်ထပ်လုံးမှာရှိကြသော၊နတ်ဥယျာဉ်တွေမှာ၊ ရှိကြတဲ့ပန်းတကာ အပေါင်းတို့ထက်လဲသာတယ်ဟူ၍ ၊ပဒုမဆုံးဖြတ်ချက်ချထားကြသတဲ့၊

ထို့ပြင် ၎င်းအာသာဝတိနတ်ပန်းသည်။ သုံးဆဲ့တဘုံတွင်းရှိ၊ ပန်းဟူသမျှ အပေါင်းတို့ထက်၊ မြတ်တဲ့ ပန်း။ ထူးတဲ့ ပန်း။ တန်ခိုးကြီးတဲ့ ပန်း။ ပန်းသက်လဲရှေတယ်၊ အခြားသောပန်းတွေသည်ပွင့်ကြတဲ့ အခါ၊ တမျိုးထက်တမျိုး ထူးကြသည်ကားမှန်၏။ ယခုပြခဲ့တဲ့ ၊အာသာဝတိ နတ်ပန်းဆိုတာက၊ တသိတာနတ်ပြည်မှာအချိန်ကျ၍ပွင့်တယ်ဆိုရင်ဘဲ နတ်ပြည်ခြောက်ထပ်လုံးတုန်လှုပ်သွားလောက်အောင်ထူးတာဘဲ၊ နတ်ပန်းသာင်စည်းဝေးပွဲကြီးများတောင် လုပ်ရတဲ့ပန်း၊ ထို့ကြောင့် (အာသာဝတိ) နတ်ပန်းကို ပန်ဆင်ထိုက်တဲ့ပုဂ္ဂိုလ် ရှာကြရမည်ဟူ၍ ကြွေးကျော်ကြသတဲ့။ အဲသည်လို နတ်တွေအချင်းချင်း ကြွေးကျော်ကြတော့၊ စာတုမဟာရောဇနတ်မင်းကြီးလေးယောက်နှင့် ဝိသကြံု၊ မာတလိဆိုတဲ့ ရှေးနောက်အမြော်အမြင်တတ်တဲ့ နတ်သားများက၊ ဤပန်းသည် အလွန်ထူးဆန်းသော ပန်းဖြစ်၍၊ ပါရမီအရာမှာလဲအလွန်ထူးသော၊သတ္တဝါများအပေါ်မှာလဲ၊အလွန်မေတ္တာ အားကြီးသော။ ပညာအရာမှာလဲ အလွန် ထူးသော။ မြတ်စွာဘုရား အလောင်းဘဝ် နတ်သားနှင့် ဝိဇိယားဖြစ်သော နတ်ဘွဲ့များရှိသော၊ ပန်ဆင်ရန် အထူးသင့်လျော်ကြောင်း၊ အကျယ်တဝင့် ပြောပြသောအခါ၊ အညီအညွတ်နှစ်ခြိုက်ကြသဖြင့်၊ နတ်အများ သဘောတူဆုံးဖြတ်၊ အတည်ပြုကြလေသတည်း။

အဲသည်လောက်တောင်ထူးတဲ့၊ အာသာဝတိ နတ်ပန်းမျိုးတောင် မရောင်းမချသေးဘူးတဲ့။ အဲသည်တော့ စဉ်းစားကြည့်ကြ။ သုံးဆဲ့တဘုံထဲမှာ ပေါ်ပေါက်သမျှ ပန်းအပေါင်းတို့တွင်၊ အာသာဝတိနတ်ပန်းသည်၊ အာသာဆုံး၊ အထူးဆန်းဆုံးတော့မှန်ပါ၏။ သို့သော်လဲသုံးဆဲ့တဘုံထက်လွန်မြောက်ပြီး အတုကို ရှာမရနိုင်တဲ့။ နှိုင်းပြိုင်စရာတောင်ရှာမရတဲ့ပန်းတမျိုးရှိသေးတယ်၊ဘယ်ပန်းလဲဆိုတော့။ သစ္စာလေးပါး ပန်းခိုင်ကြီးတဲ့၊ မှတ်ထားကြလေ၊ အဲသည်သစ္စာလေးပါး ပန်းခိုင်ဆိုတာက၊ ဘုရားပွင့်မှသာ ပေါ်မြဲ၊ ပွင့်မြဲ၊ဓမ္မတာဖြစ်သောကြောင့်၊ မဟာကမ္ပာကြီးပေါင်းငါးရာကြာမှတခါပွင့်တာ၊ မဟာကမ္ပာကြီးပေါင်းတထောင်၊ တသောင်းကြာမှတခါပွင့်တာတဲ့။ သစ္စာလေးပါးပန်းခိုင်သည်။ ဒုလ္လဘပန်းခိုင်ထို့လဲ အမည်ရတယ်။ ဘယ်ဒုလ္လလဲဆိုးတော့၊ သဒ္ဓမ္မသဝနံအတိဒုလ္လဘံ ပန်းခိုင်ကြီးတဲ့၊သစ္စာလေးပါးပန်းခိုင်ကြီးမှာပေါ်ပေါက်ရန်လဲအလွန်ခဲယဉ်းတယ်။ပေါ်ပေါက်ပြန်ရင်လဲ။ပန်ဆင်နိုင်တဲ့ ပုဂ္ဂိုလ်လဲ အလွန်နည်းပါးသည်။ပန်ဆင်မိ

ပြန်ရင်လဲ၊ အရိယာသောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်းရဟန္တာပစ္စေ
ကဗုဒ္ဓါ မြတ်စွာဘုရားဟူ၍၊ အသီးသီးသော ဘွဲ့ထူး၊ ဂုဏ်ထူးတွေလဲ ရ
ကုန်ပါရော။ တရားရတနာမြို့တော်ကြီးထဲမှာလဲ၊ အခြေနဲ့၊ အိုးနဲ့၊ ဆွေ
နဲ့၊ မျိုးနဲ့၊ ဂုဏ်ထူးအာသရေထူးနဲ့ လဲနေနိုင်ပါရော။ နိဗ္ဗာန်ဆိုတဲ့ မဟာအ
တုလသုခသန္တိ၊ အသင်္ခတမြို့ကြီးလဲ၊ စိတ်ချ၊ လက်ချနဲ့ ကူးမြောက်နိုင်
ပါရော၊ ဆိုတာလဲအရိုးအသားစွဲအောင်၊ ကောင်းစွာမှတ်ကုန်ရာ၏။

အဲသည်တော့ ဘုန်းကြီး ပြောပြမယ်။ မြတ်စွာဘုရား တည်းဟူသော၊ လက်သမားဗိသုကာဆရာကြီးတည်ထောင်တဲ့။ တရားရတနာ မြို့တော်ကြီးထဲ၌ ရှိတဲ့ ဈေးရုံ၊ ဈေးတန်း၊ ဈေးဆိုင်တွေမှာ။ ။ပုပ္ပါပဏ်း။သုံးဆဲ့တဘုံတွင်းရှိ လောကီပညတ်ပန်းတကာ၊ အပေါင်းတို့တွင်၊ ပထမတန်းဖြစ်တဲ့ (အာသာဝတီ) နတ်ပန်းတောင်ဘဲ၊ မမြိုနိုင်အောင်။ မတုနိုင်အောင် မပြိုင်နိုင်အောင်။ အသာဆုံး၊ အလွန်ဆုံး၊ အမြတ်ဆုံးဖြစ်တဲ့ နိဗ္ဗာန်ဝင် အရိယာပုဂ္ဂိုလ်မျိုးမှသာ၊ ပန်ဆင်နိုင်တဲ့။ပန်ဆင်ကောင်းတဲ့ အတိဒုလ္လဘ အမည်ရတဲ့၊ လောကုတ္တရာ၊ သစ္စာလေးပါးရတနာပန်းဈေး၊ ပန်ဆိုင်၊ ပန်းပွင့်မျိုးမှသာ၊ ပသာဂုယိ်၊ ရောင်းချ ဘွင့်လှစ် တည်ဆားတော်မူခဲ့ လေပြီ၊ ကမ္မေန၊ ပါရမီဝဝန္ဒေတနာကံ၊ အာဘိုးအခတို့ဖြင့်၊ ကိုယ်တွေနှ၊ လဲလှယ် ဝယ်ယူပြီးသကာလ။ပိဋ္ဌခဲ့ထ၊ ပန်ဆင်လိုက်ကြပါကုန်လော့။ ။ဤကားတ ရားရတနာမြို့တော်ကြီးထဲမှာ၊ အရိယာသူတော်ကောင်းတို့၊ လောကုတ္တရာ ဈေးဆိုင်တွေဘွင့်လှစ် ရောင်းချရောင်းချနေကြတဲ့ လောကုတ္တရာ ရတနာ သစ္စာလေးပါးပန်းပွင့်တွေ၊ ပန်းခိုင်တွေကို ပြခန်း အကျဉ်းပြီး၏။

သည်ထက်ကောင်းအောင်အကျယ်စိမံရေးသား၍၊ ဒုတိယတွဲမှာတော့ ပြလတံ့။ ။

ထို့ပြင် မွေးကြိုင်သော၊ ဂန္ဓယနံ့ဈေးဆိုင်ဘွေ ပြဦးမည်။ ။စန္ဓကူး အနံ့၊ တောင်ဇလပ်ပန်းအနံ့၊ ကြာညိုပန်းအနံ့၊ ဇိုးယိမ်းစွေပန်းအနံ့၊ အဲသည် လိုပန်းများကဖြစ်တဲ့။ နံ့သာမျိုးတွေလဲ မရောင်းမချသေးဘူးတဲ့။ ဘယ် ကြောင့်လဲဆိုတော့၊ ယခုပြဲခဲ့တဲ့ ပန်းအနံ့တွေဆိုတာက၊ လေအောက်သာ အနံ့မွေးနိုင်တယ်။ ယခုပြဲခဲ့တဲ့ ပန်းနံ့သာ မျိုးထက် အဆပေါင်း မရေ မတွက်နိုင်အောင် သာလွန်တဲ့ သူတော်ကောင်း များမှ အသုံးပြု၍၊ လေ အောက်၊ လေညာအထက်အောက် ဖိလာကစ၍၊ အရပ်ဆယ်မျက်နှာသုံး နှံ့အောင်မွေးနိုင်တဲ့ သိလတည်းဟူသောအနံ့ကသာသည်၊ မြတ်သည်တဲ့၊

သိလအနုံထက်၊ သမထသမာဓိအနုံကသာသည်၊ ၎င်းအနုံထက်၊အတ္တ ဒိဋ္ဌိခွါတဲ့၊ အနတ္တအနုံကသာလွန်ပြန်သည်။၎င်းအနုံထက်။ဝိပဿနာဉာဏ် ဆယ်ပါးအနုံက၊ တဆင့်တက် သာလွန်ပြန်သည်၊ ၎င်းအနုံတို့ထက်၊ သစ္စာလေးပါးအနုံအသာဆုံး၊အရေးအကြီးဆုံးဖြစ်သတဲ့ ၊ အဲတာကြောင့်။ တရားရတနာမြို့တော်ကြီးထဲမှာတည်ထားတဲ့ ။ လောကုတ္တရာစျေးရုံကြီး ထဲမှာ။ ။ဂန္ဓာဝင်ကံ၊သိလပန်းနုံသာဆိုင်တွေ၊သမာဓိပန်းနုံသာဆိုင်တွေ၊ ဝိပဿနာပန်းနုံသာဆိုင်တွေ၊ သစ္စာလေးပါးပန်းနုံသာဆိုင်တွေသာ၊ ပသာရယိ်၊ ရောင်းချဖွင့်လှစ်တည်ထား်တော်မူခဲ့လေပြီ။ ကမ္မေန၊ပါရမီဝဋ္ဋစေတနာကံအာဘိုးအခတို့ဖြင့်၊ ကိုကိုတွာန၊ လဲသွယ်ဝယ်ယူပြီးသကာလ၊ ဝိဇ္ဇနထ၊တကိုယ်လုံး၊ရုပ်ရော၊နာမ်ပါနှံ့အောင်၊လိမ်းကျံ၍ထားလိုက်ကြပါကုန်လေ၊ ။ဤကားလောကုတ္တရာ၊နုံသာတွေကို၊ အသုံးပြုကြမှ၊လိမ်းကျံကြမှသာ၊ တရားရတနာမြို့ကြီးထဲမှာနေနိုင်ကြလိမ့်မည်ကိုအကျဉ်းအားဖြင့်ပြဆိုခန်းပြီး၏။ ။

—o—

ထို့ပြင်အရသာဆိုင်တွေကို ပြဦးမည်။ ယခုလောကမှာလူတို့အသုံးပြုကြတဲ့၊စားစရာ၊သောက်ဥစ္စာ၊ အချို၊အချဉ်၊အငုံ၊ဒေါင်န်၊ အခါး၊အဆိပ်၊ အဖန်ငသောအရသာမျိုးတွေလဲ၊ မရောင်းမချသေး၊ အဲတာတွေထက်သာလွန်တဲ့၊ဟိမဝန္တာတောထဲများမှာ၊ နှတ်တွေ၊ဘီလူးတွေ၊ ကုမ္ဘဏ်တွေ၊ ဝိဇ္ဇာတွေ၊ဗျာန်ပျံရဿေတွေ၊ စားသောက်ဖွယ်ရာကြဲ့၊ သစ်သီးအရသာမျိုးတွေလဲ၊မရောင်းမချသေး၊ အဲသည်ဟိမဝန္တာတောက သစ်သီးအရသာတွေထက်သာလွန်တဲ့၊ နှတ်ပြည်ခြောက်ထဲမှာရှိကြတဲ့၊ နှတ်သုဓါ၊အစာအာဟာရ၊အရသာမျိုးတွေလဲ၊မရောင်းမချသေးဘူးတဲ့ ။ ။

အဲသည်နှတ်သုဓါအရသာတကာထက်အသာဆုံးဖြစ်သော၊အမြတ်ဆုံးဖြစ်သော၊သုံးဆဲ့တဘုံတွင်းမှာ၊ရှိရှိသမျှ၊အရသာမျိုးဟူသမျှထက်လဲ၊တုပစရာမရှိအောင်၊ပြိုင်ဘက်မရှိအောင်၊အောင်မြင်ဆုံးဖြစ်တဲ့။ ။ရသဘပဏ်သစ္စာလေးပါးတရားအရသာတွေရောင်းတဲ့ ၊ဆိုင်မျိုးကိုသာ၊ ပသာရယိ်၊ ရောင်းချဖွင့်ထစ် တည်ထား်တော်မူခဲ့လေပြီ၊ ကမ္မေန၊ပါရမီဝဋ္ဋစေတနာကံအာဘိုးအခတို့ဖြင့်၊ ကိုကိုတွာန၊လဲထွယ်ဝယ်ယူပြီးသကာလ၊ ဝိဝဏ၊

စားသောက်လိုက်ကြပါကုန်လေ၁။ ။ဤကားဘော်ဖြခဲ့သော၊သစ္စာလေးပါး အာရသာမျိုးတွေကို၊ စားဒသားကြမှသာ၊ နိဗ္ဗာန်ရောက်အောင်၊ တည် ထောင်တဲ့၊ တရားရတနာ မြို့တော်ကြီးထဲမှာ နေနိုင်ကြလိမ့်မည်ကို၊ အကျဉ်းအားဖြင့်ဖြဆိုခန်းပြီး၏။ ။

—:o:—

ထို့ဖြင့်သစ်သီးဆိုင်တွေကို ပြဦးမည်၊ ။ထိုတရားရတနာတည်းဟူ သောမြို့တော်ကြီးဌ၊ ယခုလောကမှာ၊ လူတို့စားသောက်၊ အသုံးပြုနေကြ တဲ့၊တည်သီး၊ လွန်သီး သစ်မဉ္ဇူသီး၊နွဲသီး၊ထောက်ခါသီး၊ ဩဇောသီး၊ သရက်သီးစသောအသီးမျိုးတွေလဲ၊မရောင်းမချသေးဘူးတဲ့။ ။

ထို့ဖြင့်ကနုဖိုးချင်ချို၊ ခရွာက်ချင်၊ခရွာက်ချို၊လိမ်မော်၊သံပုရာ မာကလာ ပိန်း၊နွဲ၊မျောက်လုပ်၊ ဝေရုပ်သစ်တယ်၊သစ်အယ်၊သစ်ကြား၊ ဒူရင်း၊စုမွှဒ၊ မင်းဂွတ်၊ဒခုံး၊ထန်း၊သပြေ၊သရက်၊ မဂဓရက်စသော၊ သစ်သီးမျိုးတွေလဲ၊ မရောင်းမချသေးဘူးတဲ့။ ။

ဓဲသည်သစ်သီးမျိုးတွေထက် သာလွန်သောနတ်များ၊ ဈာန်ပုံရသော့ များဆောင်ယူမှ၊ ရနိုင်တဲ့၊ ဇမ္ဗူသဒြေသီးမျိုးတွေလဲ မရောင်းမချသေး ဘူးတဲ့၊ ။

ဂင်းတက်သာလွန်းသာရနိုင်ခဲနှမှာလဲ၊ ဇမ္ဗူသပြေသီးထက်ခဲယဉ်း သော၊မိဖုယားများစားမိရင်၊ စကြာမင်းဒလောင်းဖြစ်မဲ့၊ သားတော်ကိုပဋိ သန္ဓေရယူနိုင်သော၊ တခါစားမိရင်၊ ခြောက်လတိုင်တိုင်၊ အစာဒရစာ၊ အဟာရတို့မမှိဝဲတဲ့၊ ဒနိုင်ဆော၊အ ဘွဲ့ရသခုက်သီးဆိုတာ ရှိသေး သတဲ့။ ဂင်းသခုက်သီးရှိရာအရပ်ကတော့၊ဟိမဝန္တာတော၊ တောင်ဘက် ကပ်းပါးရံ၊ တောင်ခြေကစ၍၊ အလွန်မြင့်သောတောင်တန်းခုနစ်ခုကျော် လွန်၍သွားပြီးမှ၊ သုံးယူဇနာကျယ်ဝန်းသော ရေအိုင်ကြီးတခုရှိ၏၊ ထို ရေအိုင်ကြီး၏အရှေ့ဖြောက်ယွန်းယွန်းမှာရွှေအတိပြီးသော၊သုဝဏ္ဏဂိရိ၊ ရွှေ တောင်နှစ်ခုရှိသည်၊ ဂင်းရွှေတောင်နှစ်ခုကြားမှာ၊ ဝေသဝဏ် နတ်မင်း ကြီး၏ဗိမာန်ရှိသည်။ နတ်မင်းကြီးသည်၊ ရက္ခဖိုဝ်နတ်ပေါင်းတထောင် အလုပ်အကျေးရှိသည်။ နတ်မင်းကြီး၏ဗိမာန်ရှိရာနှင့် မနီးမဝေးမှာ၊ နတ် သုဓ၊အရသာနှင့်အလားတူသော၊ သရက်ဥယျာဉ်ရှိသည်။ ဂင်းဥယျာဉ်

တွင်းမှာပင်၊ အင်္ဂါနဲ့ရသရက်ပင်ရှိသည်။ ဝေသဝဏ်နှတ်မင်းကြီးသာစားသောက်ဖွဲ့ခဲ့ရသည်၊ အကြွင်းအကျန်ကို၊ နှတ်မိဖုယားကြီးများ၊ ရန်ဘန်ရန်ခါ၊ စားသောက်၊ ဖွဲ့ဝဲရ၏။ အလုံးစုံအပင်ရင်းမှစ၍၊ သံကွန်ရက်ဖြင့်ခြုန်ထပ်ရံ၏၊ ကုန်မှ ဏ်တို့စောင့်ရသည်။ ဤမျှလောက်တောင်ဘဲ၊ အတိုးတန်၊ ခဲယဉ်းတဲ့သရက်သီးဖြစ်လေ၏။ မြေပြင်ပေါ်ရှိ သမျှ အသီးတွေထဲမှာ ဖြင့်ပဌမတန်းဘဲတဲ့။ သည်လိုအင်္ဂါနဲ့ရသရက်သီးမျိုးတောင်၊ မချောင်းမချသေးဘူးတဲ့။ ။

သုံးဆဲ့တဘုံတွင်းမှာ၊ ပြိုင်စဉ်၊ တုပစဉ်၊ နှိုင်းပြိုင်စဉ် မရှိသော၊ ဗြဟ်မာ်ပုထုဇဉ်ပုဂ္ဂိုလ်မျိုးဆိုတာ၊ ဘယ်တော့မှမစားထိုက်သော။ အရိယာဇကနဖြစ်တော့မယ့် ဘဝကျတဲ့ တိဟိတ်ပုထုဇဉ်ပညာရှိပုဂ္ဂိုလ်များမှသာစားရတတ်သတဲ့၊ စားပြီးနှင်လဲ၊ ဘဝအဆက်ဆက်ကပါလာသော အကုသိုလ်၊ ဒုစရိုက်ကံကောင်းတွေ၊ ကံသစ်တွေအကုန်လုံးပြုတ်ကျပါရော၊ အကုသိုလ်နှာ၊ အပါယ်နှာ၊ မိစ္ဆာဒိဋ္ဌိနှာတွေလဲ ကင်းကွာပျောက်လွင့်စေတတ်သော၊ သဒ္ဓမ္မသဝနအာဟုဋ္ဌလာဘအမည်ရတဲ့ ။ဖလာပဏံလောကုဇ္ဇာရာပရမတ္ထ၊ သစ္စာလေးပါး သစ်သီးမျိုးတွေကိုသာ၊ ပသာရယိ၊ ရောင်းချဖွင့်တတ်လို့၊ တည်ထားတော်မူခဲ့လေပြီ။ ကမ္ဘာမှန်၊ ပါဒုဗိဝဉ္ဇကုသိုလ်စေတနာကံဘည်းဟူသော၊ အာဟိုးအခတို့ဖြင့်၊ ကိုကိုတွေနှာ၊ လဲလှယ်ဝယ်ယူပြီးသကာလ။ ပိဝထ၊ ဖွဲ့ဝဲစားသောက် ဃိုက်ဘ်ပါကုန်လေ့။ ။ဤကားတရားရတနာ မြို့တော်ကြီးဌ၊ အရိယာပုဂ္ဂိုလ် ပညာရှိ အပေါင်းတို့၊ ရောင်းချလျက် ရှိနေကြသော၊ သစ္စာလေးပါး သစ်သီးတွေကို ပြဆိုခန်းအကျဉ်းပြီး၏။ ။

—o—

ထို့ပြင်တရားရတနာမြို့တော်၊ ဈေးရုံ၊ ဈေးတန်းရှိဆိုင်တွေမှာ၊ ပုလဲ၊ သန္တာ၊ နီလာ၊ ဂေါမုတ်၊ ဥသဖယား၊ စိန်၊ ကျောက်၊ မြ၊ ပတ္တမြား၊ ဆိုတဲ့နဝရတ်ကျောက်မျိုးတွေလဲ၊ မရောင်းမချသေးဘူးတဲ့။ ။

ထို့ပြင်ဟိမဝန္တာတော၊ ဝေပုလ္လတောင်၊ ဝေဘာရ တောင်များမှာ၊ ဘီသူးတထောင်၊ ကုန်းကဏ်ဘားထောင်တို့၊ သံသျက်စကြဝဠကိုင်လျက်၊ နေ့ရော၊ ညည့်ပါဘယ်ခါမပြတ်ဆောင့်ရောက်နေကြတဲ့၊ ဝဠဟိနဲ့ကျောက်၊

တာလဖိဇကျောက်၊ သုဝဏ္ဏပဋ္ဌာကျောက်၊ မေဉ်ရဂိဝါကျောက်၊ဒေဝဒကကျောက်၊ဇလာရုပကျောက်၊ပဋ္ဌကာသျာဏီကျောက်၊ သင်္ဘာရုပကျောက်၊ မဏိဇောတကျောက်၊ ဇောတိရသကျောက်၊ မနောမယကျောက်၊ မဿာရဏ်လကျောက်စသော၊ နတ်မျိုးယူဆောင်၍ပေးဖွရနိုင်သော၊ကျောက်မျိုးတွေလဲ၊မရောင်းမချသေးဘူးတဲ့။ ။

အဲသည်လောကီကျောက်မျိုးတို့၊ သင်္ကြိသဘောတွေကို။ မင်္ဂလိမဒေသရာဇဝင်ခန်းမှာစုံလင်အောင်ဘေဒါပြခဲ့ပြီ။ ၊

ထို့ပြင် လူပြည်မှာလဲမရနိုင်၊ ဟိမဝန္တာတောတောင်တွေမှာလဲမရနိုင်။ တာဝတိံသာ၊သိကြားမင်းစံရာ၊ သုဒဿနာ၊ နတ်နန်းမြို့ကြီးမှာသာရှိ၍၊ သိကြားမင်းပေးမှရနိုင်သော၊ ဝေရောစနကျောက်မျိုးတွေလဲ၊ မရောင်းမချသေးဘူးတဲ့။ ၊

သို့ဘယ်လို ကျောက်မျိုးများမှ၊ ရောင်းချပါသလဲဆိုတော့၊ အလွန်တရာရခဲ၊ပေါ်ခဲတဲ့။ပုထုဇဉ်မှန်ရင်၊နတ်သိကြားများနှင့်ဗြဟ္မာများတောင်ဘဲ။မရနိုင်မဖြင်နိုင်၊မကိုင်နိုင်သော၊ ပုထုဇဉ်အနွယ်ပြတ်ပြီးသော ပုဂ္ဂိုလ်များမှသာ၊ရနိုင်၊ကိုင်နိုင်၊ဖြင်နိုင်သော၊ အတိဒုလ္လဘအမည်ရသော၊ ။ရတနာပစ္စည်းတွေကိုအကျဉ်းအားဖြင့်ပြဆိုခန်းပြီး၏။ ၊

——:o:——

ထို့ပြင်မနှိုင်းယှဉ်အပ်သော၊ မတုပနိုင်အပ်သော၊တုရားရှင်အချင်းချင်းတို့မှတပါး၊ ဒုတုမရှိသော၊ လောကုတ္တရာ၊ ဗိသုကာလက်သမားဆရာတည်းဟူသော၊ ဖြတ်စွာဘုရားရှင်သည်။ တည်ထောင် အပ်သော

လောကုတ္တရာ၊ တရားရတနာတည်းဟူသော မြို့တော်ကြီး၌ လောကုတ္တရာ၊ ဈေးရုံ၊ ဈေးတန်း၊ ဈေးဆိုင်တွေများမှာ၊ ယဉ်ချလောကလူတွေအသုံးပြုကြတဲ့။ ကိုးဆဲ့ခြောက်ပါး၊ ကိုးဆဲ့ရှစ်ပါးရောဂါကင်းလေးများလောက်သာ။ ပျောက်ကင်းစေနိုင်တဲ့။ ဇောတိပ္ပုလ်၊ မောလာ၊ ကွက္ကာ၊ ဆောင်းမေးဂါး၊ ဖန်ခါး၊ ကြဖု၊ ဇမ္ဗု။ သဗျက်၊ ဆူးခေါက်နက်၊ ဆူးခေါက်သိန်း၊ ပြင်းတော်သိန်း၊ ပြင်းတော်မ၊ ဘိုမလဲလူ၊ ဟူလေသမျှ၊ ငြုပ်၊ ဝိတ်ချင်း၊ ချင်းစသော ဆေးမြစ်မျိုးတွေလဲ၊ မရောင်း မချသေးဘူးတဲ့။ ထိုပြင် ယဉ်ချပြုခဲ့တဲ့ ဆေးမြစ် မျိုးတွေထက်၊ အဆအရာ၊ အထောင် သာလွန်သော။ ဟိမဝန္တာတောကြီး တောင်ကြီးများမှာသာရှိသော။ နတ်များ၊ ဘီလူးများ၊ ကုမ္ဘဏ်များ၊ အမြေးစောင့်ရှောက်လျက်ရှိသော။ လောကီ၊ ကာယသိဒ္ဓိ၊ ဓနသိဒ္ဓိ၊ ဝိယသိဒ္ဓိတို့ကို ပြီးစေနိုင်သော၊ နတ်များယူဆောင်ပေးမှ ရနိုင်သော။ နိပ္ပန္နာဆေးမြစ်၊ အာယုဒိယာဆေးမြစ်။ နာနာရူပဆေးမြစ်။ ဝဏ္ဏဂဏ္ဍိဆေးမြစ်။ သူဂရိယဆေးမြစ်။သိလာဆတ္တာဆေးမြစ်၊ ဇရာရူပဆေးမြစ်။ ပဉ္စကလျာဏီ ဆေးမြစ်၊ သတ္တာရူပဆေးမြစ်။ ကန့်ချုပ်နက် ဆေးမြစ်ဆိုတဲ့၊ အဲသည်လို ဆေးမြစ်မျိုးတွေတောင် မရောင်းမချသေးဘူးတဲ့။ ထိုပြခဲ့သော၊ ဟိမဝန္တာတောရှိ၊ နတ်ဆေးမြစ်တို့၏။ အစွမ်းသတ္တိများကို၊ မဏ္ဍိမဒေသရာဇဝင်ခန်း၊ ဟိမဝန္တာ တောနယ်၏အကြောင်းမှာ။ ရုံလင်စွာ ပေါ်ပြခဲ့ပြီ။ ထိုဆေးမြစ်များထက် သာလွန်သော၊ တာဝတိံသာ၊ သုဒဿနာ၊ နတ်နန်းမဟာဝုန် ဥယျာဉ် မှာသာပေါက်ရောက်မြဖြစ်၍၊ သိကြားမင်းပေးမှ ရနိုင်သော၊ စန္ဒကူး ဆေးမြစ် အစစ်ဆိုတာ ရှိသေးတယ်၊ အဲ့သည်လိုဆေးမြစ်မျိုးတွေတောင် မရောင်း မချ သေးဘူးတဲ့၊ ပြခဲ့ပြီးသော ဆေးမြစ်မျိုးတွေ ဟူသမျှတို့ထက်၊ အဆပေါင်း မရေမတွက်နိုင်အောင် သာလွန်သော၊ အတုမရှိအောင် ထူးမြတ်သော၊ လူနတ်ဗြဟ္မာတို့၏၊ ကိုးကွယ်ရာအစစ်။ သဗ္ဗညုမြတ်စွာဘုရားရှင် တည်းဟူသော၊ လောကုတ္တရာ ဆေးဆရာကြီးပေးမှသာရရှိနိုင်သော၊ လူ၊ နတ်၊ သိကြား၊ ဗြဟ္မာ၊ ပုထုဇဉ်သတ္တဝါတွေမှာ၊ ဘယ်တော့မှမပျောက် မကင်းနိုင်ဘဲ၊ ဘဝအဆက်ဆက်၊ ကမ္ဘာ အဆက်ဆက်၊ သံသရာအဆက်ဆက်တွေကပါလာသော။ အထက်က ပြခဲ့သမျှ ဆေးမြစ်မျိုးတွေနဲ့ ကုသ၍ မရနိုင်သော။ ဇောတိနာတွေ၊ ဇရာနာတွေ၊မရဏနာတွေ၊ အပါယ်နာတွေ၊ အာသဝ၊ ဩဃ၊ ယောဂနာတွေ၊ သံသရာ နာတွေကို၊ ဝိနိုးကြာပက်ပေါ်တွင် ရေမတင် လျှောကျသကဲ့သို့၊ လွတ်လပ်ပင်ပင်၊ ပျောက်ကင်းစေ

နိုင်သော။ သိသသာသနာ ဆေးမြစ်တွေ။ သမာဓိသာသနာ ဆေးမြစ်တွေ၊ ပညာသာသနာ ဆေးမြစ်တွေကို စားကြ၊ သောက်ကြ၊ မှီဝဲကြပလားဆိုမှ ဖြင့်။ သောတာပန်အရိယာ၊ သကဒါဂါမ်အရိယာ။ အနာဂါမ်အရိယာ၊ ရဟန္တာအရိယာ၊ ပစ္စေကဗုဒ္ဓါ အရိယာတို့နှင့် တကွ၊ မြတ်စွာဘုရားရှင် အဖြစ်တိုင်အောင်၊ ဖြစ်မြောက်နိုင်သော၊ အတိဒုလ္လာဘအမည်တော်ရသော ပါရမီမက်လာ၊လောကုတ္တရာ၊သာသနာဆေးမြစ်များတွေမှသာ။ ။ဓမ္မနဂရေ တရားရတနာတည်းဟူသော၊ မြို့ကြီး၌၊ ပသာရယိ ံ၊ ရောင်းချ၊ ဖွင့်လှစ် တည်ထား၊တော်မူခဲ့၊လတ္တံ့။ ကမ္မေန၊ ပါရမီ ဝိဝဋ္ဋ ကုသိုလ်ကံ၊ စေတနာ တည်းဟူသော အဘိုးအခတို့ဖြင့်၊ ကိ ုကိုတွေ၌၊ လဲလှယ် ဝယ်ယူပြီး သကာလ၊ဝိဝဏ၊ သွေး၍သောက်လိုက်ကြပါကုန်လေ့။ ၊ဝိဝဏ၊ဆေးမြစ်တွေကိုအလိမ္မာဉာဏ်ပညာတည်းဟူသော၊နှလုံခမ်း၊ပစ္စယ်တို့ဖြင့်၊ဝါး၍ စားလိုက်ကြပါကုန်သော့၊ ။ဤကား၊လောကုတ္တရာ၊တရားရတနာမြို့ကြီးဌ အရိယာပုဂ္ဂိုလ်တွေ။ ဓမ္မကထိက ပုဂ္ဂိုလ်တွေ။ စာချပုဂ္ဂိုလ်တွေ၊ ဓုတင်ဆောင်ပုဂ္ဂိုလ်တွေ၊ တောရဆောက်တည်တဲ့ ပုဂ္ဂိုလ်တွေ စသည်တို့သည်၊ သာသနာတော်တည်သ၍ ကာလပတ်လုံး၊ နေ့ရောညည့်ပါ၊ ဘယ်ခါမစဲ။ အစဉ်မပြတ် ရောင်းချလျှက် ရှိနေကြကုန်သော၊ လောကုတ္တရာဆေးမြစ်တွေကို၊ အကျည်းအားဖြင့်ပြဆိုခန်းပြီး၏။ ။

ဤသို့လျှင်မြဝတ်စွာဘုရားရှင်၏ တရားရတနာ တည်းဟူသော၊မြို့တော်သည်၊ ဇာတိဘေး၊ ဇရာဘေး၊ ဗျာဓိဘေး၊မရဏာဘေး၊ အပါယ်ဘေးဟူဆိုအပ်ကုန်သော၊ သံသရာဘေး ဒုက္ခအ ားပါင်းတို့၏၊ ကင်းငြိမ်းရာမြို့ကြီးဖြစ်လေသောကြောင့်။ အဘယပုရမြို့ကြီးဟူ၍လည်း ခေါ်နိုင်၏။ (တနည်း) အမတပုရမြို့ကြီးဟူ၍ ခေါ်နိုင်သေး၏။ ထိုတရားရတနာမြို့ကြီးကို၊ မြတ်စွာဘုရားရှင်သည်၊ ကောင်းစွာ တည်ထောင်အပ်၏။ ကောင်းစွာဝေဘန်အပ်၏။ ကောင်းစွာ ဘန်ဆင်းအပ်၏။ ကောင်းစွာ စိရင်အပ်၏၊ မသေနိုင်သော၊ သေမင်းရှာ၍မရနိုင်သော၊ ပန်းဈေးဆိုင်တွေ။ နံ့သာဈေးဆိုင်တွေ။ အရသာ ဈေးဆိုင်တွေ။ သစ်သီး ဈေးဆိုင်တွေ၊ ရတနာ ကျောက်မြတ် ဈေးဆိုင်တွေ၊ ဆေးမြစ် ဈေးဆိုင်တွေကိုလဲ။ ကောင်းစွာရောင်းချ၊ တည်ထောင် ဖွင့်လှစ်အပ်၏၊ သံသရာ ဘေးဒုက္ခ တွေထဲက။ ကင်းလွတ်ကြရလေအောင်။ ကောင်းစွာ ရှောင့်ရှောက်အပ်၏။ ကောင်းစွာလုံခြုံစေအပ်၏၊ သာသနာတော်မှ အပဖြစ်ကုန်သော ရန်သူတို့သည်၊ မနှိပ်စက် နိုင်လေ၊

ဤသို့သော အကြောင်း။ ဤသို့သော အထောက်အထား။ ဤသို့သောနည်း နာနိသဿ။ ဤသို့သောအနုမာနဖြင့်၊လောကုတ္တရာဗုဒ္ဓသုကာဆရာဖြစ်တော် မူသော၊ မြတ်စွာဘုရားရှင်သည်။ ထင်ရှားရှိတော်မူ၏ဟု သိအပ် ယုံကြည် အပ်၏။ အလွန်ချီးမွမ်းဘွယ် ကောင်းလှ၏။ အလွန် အံ့သြဘွယ် ကောင်း လှ၏၊ အတုမရှိ မြင့်မြတ်သုပါပေ၏ဟူ၍ လူ၊နတ်၊သိကြား၊ ဗြဟ္မာပညာရှိ အပေါင်းတို့က၊ အထူးသဖြင့် ယုံကြည် အားထားကြ လေသောကြောင့်။ အရိယာဖြစ်ကုန်တာတွေလဲ များခဲ့လှလေပြီ၊ယခုအခါမှာလဲ၊ တရားရတနာ မြိုကြီးထဲရောက်၍၊ အရိယာဖြစ်ကြရလေအောင်၊ကြိုးစားကြကုန်ရာ၏။

အခြားသော မိန္ဆာဘါဒါ၊ ဘာသာတပါးတို့မှာ၊ ဤကဲ့သို့တရားရတနာ မြိုကြီးများ တည်ဆောင်၍ ပြန့်ပြောကြရဲ့လား၊လို စုံစမ်း၍လဲ ကြည့်ကြလေ၊ ဘာသာတပါးတို့မှာ၊ဘယ်တော့မှမရှိဟူ၍မှတ် အပ်၏၊ထို့ကြောင့် အလိမ္မာ ပညာနှင့် ပြည့်စုံသောပုဂ္ဂိုလ်မှန်သ၍၊ လောကုတ္တရာတရားရတနာ မြိုတော် ကြီးသည်။ ဘယ်နေရာ ဘယ်ဌာနမှာရှိတယ်ဆိုတာ။ မရ ရအောင်ရှာကြ လေ။ မတွေ့ တွေ့အောင်ရှာကြလေ၊ ပေါ့ပေါ့ ရော့ရော့ မနေကြနဲ့၊ တရား ရတနာမြိုကြီးကို၊မြင်အောင် ကြည့်ကြ။ ။ဒီသာမှသော၊ တရားရတနာမြို့ တော်ကြီးသည်။ဘယ်မှာရှိသလဲဆိုတာကို၊ယခုတရားဟောတဲ့ ဘုန်းကြီး နဲ့ပရိသတ်တို့ပါမြင်အောင်၊ကြည့်ရှုပါကုန်အုံ့။ ။ကြည့်ရှုလို့မြင်တဲ့အခါ မှာလဲ၊ ။ဂမာမှသော၊လျင်မြန်မနှေး၊ပြေးသွားကြပါကုန်အုံ့။ပဝေသေမှသော၊ လျင်မြန်မနှေး၊ပြေးဝင်ကြပါကုန်အုံ့။ ။ပြေးဝင်မိရင်လဲအဘယပုရဆိုတဲ့။ ဝါ၊အမတပုရဆိုတဲ့။ သဉ္ဇပါဒိသေသ နိဗ္ဗာန်မြို့ကြီးထဲ ရောက်ကြပြီ ဟူ၍ မှတ်ကုန်ရာ၏။ သဉ္ဇပါဒိသေသ နိဗ္ဗာန် မြို့ ကြီးထဲရောက်ပြီဆိုမှဖြင့်။ အနုပါ ဒိသေသ၊ အသင်္ခတ နိဗ္ဗာန်မြို့ထဲရောက်အောင် ကူးဘို့ရာမှာ၊ ဘင်ဆိုတဲ့ ခဏငယ် ကလေး တရသာ ခြားလျက် ရှိနေတော့သည်ဟူ၍၊ အဘိဓမ္မာ ပါဠိတော်ကြီးများ၏ အလိုအားဖြင့်မှန်လှ၏။ ။ထို့ကြောင့် ဤမင်္ဂလိမဒေသ သာသနာဝင်ကျမ်းကြီးကို၊ကြည့်ရှုလေ့လာကြကုန်သော၊ သူတော်ကောင်း အပေါင်းတို့သည်၊တရားရဘနာတည်းဟူယော၊သဉ္ဇပါဒိသေသ၊အသင်္ခတ နိဗ္ဗာန်မြို့ကြီး၊ ဂင်းမြို့ကြီးမှတဖန်၊ မဟာအတုလ၊ သုဒဿန၊ အသင်္ခတ၊ အနုပါဒိသေသ နိဗ္ဗာန်မြို့ကြီးများသို့ ရောက်ကြရ လေအောင်၊ ခြေလျင်လဲ မသွားကြဘဲ၊လဲ့၊ လှေ၊ရေယာဉ်၊ရထား၊သင်္ဘော်၊ လေယာဉ်ပျံတွေနဲ့လဲ မသွားကြဘဲ၊ သစ္စာလေးပါး ပန်းခိုင်တွေ့ ပန်ဆင်၍ သွားကြပါကုန်လေ၃။

သစ္စာလေးပါး နှံသားတွေ လိမ်းကျုံးပြီး သကာလ။ သစ္စာလေးပါး အရသာတွေ စားသောက်ပြီး သကာလ။သစ္စာလေးပါး သစ်သီးတွေစားသောက်ပြီး သကာသ။သစ္စာလေးပါးကျောက်မြက်ရတနာလက်စွပ်တွေ။လက်ကောက်တွေ ဆင်မြန်းပြီး သကာလ။ သစ္စာလေးပါး ဆေးမြစ်တွေ၊ လိန်းကျုံးသောက်ပြီးသကာလ သွားမှသာ ရောက်နိုင်ကြလေသေးကြောင့်။ သွားကြရောက်ကြပါကုန်လေ့။ ။အဲသည်လို ဘုန်းကြီးမှာတဲ့ အတိုင်းဘဲရှေးက သွားနှင့် ရောက်နှင့် ပြီးသောသူတော်ကောင်းတို့ကမှာကြားတော်မူခဲ့သော၊ ဒေသနာတော်ကတော့။ ။

သုသုခံ အဘာယံပုရံ၊ (တနည်း) သုသုခံ အဓမတံပုရံ၊
လောကံတံဗုဒ္ဓဒေသိကံ၊
အာတိဌန္တာ အာဂစ္ဆာန္တာ၊
ဂန္တာရော ဟောထ သာဓဝေါ။

သာဓဝေါ၊ မင်္ဂလိမဒေဿသာသနာဝင်ကျမ်းကြီးကို၊ ကြည့်ရှုလေ့လာကြကုန်သော၊ သူတော်ကောင်း အပေါင်းတို့။ တဖွေ၊ သင်သူတော်ကောင်းတို့သည်၊ဗုဒ္ဓဒေသိတံ၊အတုမရှိတဲ့၊ လောကုတ္တရာလက်သမား ဗိသုကာ၊ ဆရာတည်းဟူသော၊ မြတ်စွာဘုရားရှင်သည်။ ဟောကြား တည်ထောင်တော်မူအပ်သော။ လောကန္တံ၊ အထက်က တည်ထောင်ပြီး ဖြဲ့တဲ့၊ သံသရာလောကကြီးထဲမှာ၊ ဂိုဂိုသမျှ မြို့တကာအပေါင်းတို့ထက်၊ အလွန်အကြူး၊ အထူးသဖြင့် မတုပနိုင်အောင်၊ မနှိုင်းပြိုင်နိုင်အောင်၊ သာလွန်မြင့်မြတ်လသောကြောင့်၊ သောက၏ အာဘုံး ချုပ်ဆုံးရာဌာနဖြစ်သော၊ သုသုခံ၊ သုံးဆဲ့တဘုံထဲမှာ ဂိုဂိုသမျှသော။ ဘယ်ပြည်၊ ဘယ်နန်း၊ ဘယ်စည်းစိမ်၊ ဘယ်ရတနာတို့နှင့်မှ မတူတဲ့၊ အလွန်တရာ မျိုးဇာသာယာလှစွာသော၊အဘာယံပုရံ၊ဘော.အပေါင်းတို့ကင်းပ၊ အဘာယပုရဆိုတဲ့။ တရားရတနာမြို့တော်ကြီးသို့၊ အမတံပုရံ၊ သေခြင်းကင်းပ၊ အမတပုရဆိုတဲ့၊ တရားရတနာ မြို့တော်ကြီးသို့၊အတိဌန္တာ၊တောင်တောင် ငြောက်ငြောက် ပျင်းပျင်း ရိရိနဲ့၊ ကလိကမာတွေ များပြီးသကာလ၊ မသွားမလာ တန့်ရပ်၍လည်းမနေကြဘဲ၊အာဂစ္ဆန္တာ၊ ခြေလျင်ခရီး၊လှေ၊လှော်၊ရေ၊ယာဉ်၊ ရထား၊ သင်္ဘော်၊ ပြောပမကုန်၊ လေအဟုန်ဖြင့်၊ သွားလာပျံသန်း။လေယာဉ်ပျံနှင့် သွားလို့လဲ မရောက်မှာ အဟုတ်ဖြင့် သွားလည်းမသွားကြဘဲ။ ဂန္တာရော၊ အဘာယပုရ၊ အမတပုရဆိုက်၊တရားရတနာ မြို့တော်ကြီးထဲမှာ။ ရောင်းချ

နေကြတဲ့၊ သစ္စာလေးပါး ပန်းမြတ်ရတနာငါးသော ငစွဉ်းတွေနှင့်ရောက်ကြကုန်သည်။ ပြေပေါဟာထ၊ဖြစ်ကြပါကုန်လော့၊ ဟူ၍ ရှေးဆရာမြတ်တို့ ဒေသနာပေးကြားတော်မူခဲ့လေသတည်း။ ။

ဤကား လောကုတ္တရာ တရားရတနာ မြို့တော်ကြီးတည်ထောင်ပုံ အာကျဉ်းပြီး၏၊ ။

သည်ထက်ကောင်းအောင်၊ မြို့တော်တနည်းတည်ပုံကို၊ ဒုတိယတဲ့မှာ ဆက်လက်၍ဘော်ပြလိမ့်မည်၊သတိမူကြလေ၊ ။

နိဒါန်းစကားအစဉ်၌၊ ဝန်ခံချက်ရှိခဲ့သည်နှင့် အညီ။ ဗာရာဏသီ နေပြည်တော်၌ ဘွားရာဇာတိဖြစ်သောအရှင်ဂေါတမ မြတ်စွာဘုရားရှင်၏၊ အလောင်းတော်သတ္တဝနုမင်းသား၏ ဇာတ်တော်ကို၊ ရေးသားဘော်ပြပေအံ့၊ ။

သတ္တဝနုဇာတ်။

ရှေးလွန်လေပြီးသောအခါ၊ ဗာရာဏသီနေပြည်တော်၌၊ ဗြဟ္မဒတ်မင်းကြီးသည်၊ တရားနှင့်အညီ၊ တိုင်းပြည်ဓနုပ်ချုပ် မင်း ပြုလုပ်တော်မူ၏၊ ထိုအခါ တသောင်း ခြောက်ထောင်သော မိဖုယားတို့၏ အကြီးအမှူးဖြစ်သော၊ ကေသနီ မိဖုယားကြီးသည်၊ ဗြဟ္မဒတ် မင်းကြီး၏။ ဒေဝင်နန်းစံအဂ္ဂမဟေသီမိဖုယားကြီးဖြစ်တော်မူ၏၊ထိုကေသနီမိဖုယားခေါင်ကြီးနှင့် တကွ၊ တသောင်းခြောက်ထောင်သော မိဖုယားတို့တွင်၊ တယောခံသောမိဖုယားမှသားကိုဂုဏ်း၊ သိဉ်းကိုဂုဏ်းမရကြကုန်၊ မြို့နေသူလူအပေါင်းတို့သည်၊ တိုင်းပြည်ကိုစောင့်ရှောက်အံ့သောငှာ၊သားတော် ရဘာနာကိုဂုဏ်း၊သိဉ်းတော် ရတနာကိုဂုဏ်းရှိပါမှ သင့်လျော်မည့်အားကြောင်း။ နန်းတော်သို့ချဉ်းကပ်ကြကုန်၍၊ကြွေးကျော်ကြကုန်၏၊ ထိုအခါ မင်းကြီးသည်။ လေးညွှင်းခံရာမှန်းလသာပြုတင်းကို၊ ဖွင့်တော်မူလျှင်၊နန်းတော်ပြင်ဘက်၊ရွေ အဆင်းနှင့်တူသော၊ မြေတလင်းပေါ်တွင်၊ မင်းလမ်း နင်းလမ်း၊ တင်းကြပ်ကြဲအောင်၊ စည်းဝေးကြွေးကျော်၍နေကြကုန်သော၊ လူအပေါင်းတို့ကိုမြင်တော်မူ၍၊ ၊အိုလူအပေါင်းတို့၊ သင်တို့သည်၊ အဘယ် အကြောင်းကြောင့်၊ ကြွေးကျော်ကြကုန်သနည်းဟုမေးတော်မူ၏၊ ၊ထိုအခါ လူအပေါင်းတို့သည်၊ လက်ဆုပ်ကိုင်ကြကုန်ငြားလျှင်၊ မြတ်သောမင်းကြီး၊ အ

ရှင်မင်းကြီးသည်၊ နတ်ပြည်သို့စံတော်မူသောအခါ၌။ နန်းညွှန့်၊ နန်းမွေကို ဆက်ခံအုံသောငှာ၊ သားတော်သည်ရင်း။ သို့တော်သည်ရင်း၊ မရှိသည် ဖြစ်၍၊ အသို့လျှင်ဖြစ်နိုင်ပါအံ့နည်း၊ တိုင်းပြည်ကိုအုပ်ချုပ် မင်းလုပ်ခြင်း ငှာစွမ်းနိုင်သော၊သားဆုကိုရင်။ သို့းဆုကိုရင်းတောင့်ဘတော်မူပါလေ့ ဟု၊ တောင်းပန်လျောက်ထားကြကုန်၏။ ။ထိုသို့ လျောက်ထားကြသော စကားကိုကြား၊တော်မူသည်ရှိသော်၊ မင်းကြီးသည်၊ကောင်းပြီဟုဝန်ခံမိန့် မြွက်တော်မူပြီးနောက်၊ အလုံးစုံသော မိဖုယားတို့ကိုရင်း၊ကျော်စောထင် ရှားသော ကချေသည်တို့ကိုရင်း၊ မင်းယင်ပြင်၌ စည်းဝေးစေတော် မူပြီး သော်၊ သင်မိဖုယားတို့သည်၊ သားဆုကိုတောင်းကြကုန်းလော့၊ ထို့သို့ သားဆုကိုတောင်း၍၊ သားရသေးမိဖုယားအား၊ အလုံးစုံသောငါမင်းကြီး၏ဘိုင်းပြည်ကိုအပ်နှင်းချီးမြှင့်တော်မူမည်ဟု မိန့်တော်မူ၏။

မိဖုယားတို့သည်၊ မင်းကြီးမိန့်တော်မူသည်ကိုကြား၍။ မိမိတို့အ သိုးအသိုးကိုးကွယ်ရာဖြစ်သော နတ်တို့ကို ရှိုးခိုး၍၊ ဗလီ နတ်ဘာကျွေးပြီး လျှင်၊ ခုနစ်ရက်တိုင်တိုင်၊သားဆုကိုတောင်းကြကုန်သော်လဲ၊ တယောက် သော မိဖုယားမှာမှ၊ သားကိုရင်း၊ သို့းကိုရင်း မရကြကုန်၊ ထိုအခါ ကေ သနိမိဖုယားကြီးသည်၊လပြည့်နေ့၌၊နံက်စောစောအခါကပင်၊မိမိကိုယ်ကို သန့်ရှင်း၊စင်ကြယ်စေ၍၊ ဒသက်ရှစ်ပါးရှိသော၊ ဥပုသ်ကို၊ ဆောက်တည် တော်မူပြီးလျှင်၊ တသိန်းသော ဒေလ္လာကိုပေး၍၊ နိမ့်သောနေရာ၌နေတော် မူလျက်၊ မိမိ၏သိလက်ို ဆင်ခြင်တော်မူ၏။ ငါ၏သိလသည်။အကယ်၍ မကျိုးမပေါက်၊ သန့်ရှင်းစင်ကြယ်သည်ဖြစ်အံ့။ ငါ့အားတိုင်းပြည်အုပ်ချုပ် မင်းလုပ်နိုင်သော၊ သားထူး၊ သားမြတ်၊ သားကောင်းရတနာကို ရပါစေ သတည်းဟု၊ နှလုံးသွင်းဆင်ခြင်တော်မူလေသတည်း။ ။

ထိုသို့မိဖုယားကြီးသည်၊ သိလကိုဆင်ခြင်သောခဏ၌။သိကြားမင်း၏ နေရာ၊ ပဏ္ဍုကမ္ဗလာ၊ မြကျောက်ဗျာသည်၊တင်းမာ၍ပူသော၊အခြင်းအ ရာကိုပြ၏။ ထိုအခါ သိကြားမင်းသည်ဆင်ခြင်လတ်သော်၊ ဗာရာဏသီ ပြည်၊ ကေသနိမိဖုယားကြီးသည်၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော၊ ဥပုသ် သိလကို၊ စောင့်ထိန်း၍၊ သားကောင်းရတနာ လိုကြောင်း။ ဆုတောင်း သည်ကို သိမြင်လေ၏။စင်စစ်သော်ကား၊ ငါသိကြားမင်းသည့် မိဖုရား ကြီးအား၊ လျောက်ပတ်သော သားကောင်းရတနာဆုကိုပေးရမည့်၊ တာ ဝန်ဖြစ်လာ၏။ထိုသို့တာဝန်ဖြစ်လာသည်နှင့် အညီ။ နတ်ပြည်ခြောက်ထပ်

လုံးဌ၊ ဂိုဂိုသမျှနတ်သား အပေါင်းတို့တွင်၊ မိဖုယားကြီးအားလျော်စွာ တော်သော နတ်ပြည်မှ ရတော့ခါနီးသော မြတ်သော နတ်သားကို၊ ဂျာကြီး ကြည့်ရှုသည်ရှိသော်၊ တုသိတာ နတ်ပြည်၌၊ ဘုရားအလောင်းတော်နတ်သားကို မြင်လေ၏။

သိကြားမင်းသည်၊ ထို အလောင်းတော် နတ်သားရှိရာသို့ သွား၍။ တောင်းပန်လိုရကား။ ကောင်းမြတ်သော အကျင့်နှင့် ပြည့်စုံသော၊ အကျွန်ုပ် သိကြားမင်းနှင့် အလားတူသော၊ အချင်းနတ်သား၊ သင်နတ်သားသည်၊ ဤတုသိတာနတ်ပြည်မှ၊ ရတော့၍၊ အထက်နတ်ပြည်သို့၊ မဖြစ်ပါလေနှင့်။ လူပြည်သို့ကူးပြောင်း၍၊ ဗာရာဏသီပြည်၌တရားနှင့်အညီမင်းပြုသော၊ ဖြဟ္မဒတ်မင်းကြီး၏၊ အဂ္ဂမဟေသီ မိဖုယားခေါင်ဖြစ်သော ကောသန္ဒီမိဖုယားကြီးဝမ်းတိုက်ဝယ်၊ ပဋိသန္ဓေယူစေခြင်းငှာတောင်းပန်ပါ၏ဟု ဆို၏။ အလောင်းတော်နတ်သားလည်း၊ သိကြားမင်းတောင်းပန်သည့် အတိုင်း ဝန်ခံသည်ရှိသော်၊ သိကြားမင်းသည်၊ ဗိုလ်သေနာပတိမင်းအား ကြီးအချိန်၌၊ မိုဃယားကြီး၏ ကြက်သရေရှိသောတိုက်ခန်းသို့ဝင်ပြီးလျှင်၊ မိဖုယားကြီးရှိရာ ချဉ်းကပ်၍၊ အိပ်နေစဉ်အိပ်မက်ပေးသော သဘောမျိုးနှင့်၊ မြတ်သောဗိဖုယား-သင်သည်။ နံက်ဗိုလ်းလင်းသို့ရောက်လျှင်။ ဤမိကိုယ်ကို၊ သန့်ရှင်းစင်ကြယ်စွာပြု၍၊ တန်ဆာဆင်ပြီးသော်၊ မှန်လေးသာပြု။ တင်းပေါက်၌၊ တံခါးဘက်သို့ မျက်နှာ မူလျက်၊ ရှေးရှုကာရပ်၍ နေပါလော့။ ယိုသို့သင်ရပ်၍နေစဉ်ပင်၊ ဌက်စွန် တကောင်သည်။ မဒရက်သီးကိုနှပ်သီးဖြင့် ချိယူလာ၍၊ သင်၏ရှေ့၊ နှန်းကြမ်းယင်ပြင်၌ချလတံ့၊ သင်သည် ထိုမဒရက်သီးကို၊ကောက်ယူ၍ စားသည်ရှိသော်၊သင်မိဖုယားကြီး၊ ဒေဝီး၊ အမှန်ပင်ထူးမြတ်သော သားကောင်းရတနာကိုရလတံ့ဟုဆို၍၊ သိကြားမင်းသည်။ မိမိနေရာတော်သို့ပြန်သွားလေ၏။

ထိုအခါမိဖုယားကြီးသည်၊ဗိုလ်းလင်း၍၊ အိပ်ရာမှနိုးလတ်သော်၊ ဤအားမက်လာရှိသော အိပ်မက်ဖြင့်၏ဟု အောက်မေ့တော်မူပြီးလျှင်၊ နံနက်အခါကပင် ဦးခေါင်းကိုဆေးလျှော်၍၊မိမိကိုယ်ကိုတန်ဆာဆင်ပြီးနောက် ပြု။တင်းကုပ်တွင်တော်မူကာ၊အိပ်မက်ဖြင်မက်သည် အတိုင်းနေတော်မူ၏။ ထိုခဏ၌သိကြားမင်းသည်ဌက်စွန်ရောင်ဘန်ဆင်းပြီးသော်၊တာဝတိံသာ၊ နတ်ပြည် မဟာဝုန်ဥယျာဉ်မှ၊ မဒရက်သီးကို၊ နှပ်သီးဖြင့် ချိလျက်လာပြီးလျှင်၊ မိဖုယားကြီးဖြင်လောက်ရာရှေ့၌ချလေ၏။ မိဖုယားကြီးလည်းဖြင်

သဖြင့်၊ ဝမ်းမြောက်ဝမ်းသာနှင့်၊ ထိုမုဒုရက်သီးကိုယူ၍ စားလေ၏၊ အ
စေ့ကိုပြူတင်းပါက်မှ၊ မြေသို့ချလိုက်၏။ ထိုအခါ မင်းကြီးသည်အသုံး
တော်ပြုပြီးသော၊ အလွန်လိမ်မာသော၊ အလွန် အိုမင်းသော၊ အန္ဓသ်ရှိ
သည်ဖြစ်၍။ နန်းတော်တွင်း၌၊ ဘေးခဲ့ လွတ်ထားသော မြင်းမ တကောင်
သည်၊ပြာသာဒ်၏အောက် အတိုဖြစ်သော၊ အရပ်၌ ကျက်စား၍နေစဉ်။
အထက်မှ ကျလာသော၊ မုဒုရက်စေ့ကို မြင်၍ စားလေ၏။ စားပြီးသော
အခါ မြင်းမ၌၊ ပဋိသန္ဓေကိုယ်ဝန်ရှိလေ၏၊ကောသနိဝိဂုယားကြီး၌လည်း
ပဋိသန္ဓေကိုယ်ဝန်ရှိတော်မူလေသတည်း။ ။

ထိုအခါ ကောသနိဝိဂုယားကြီးသည်၊ ဗြဟ္မဒတ်မင်းကြီးသို့ ချဉ်းကပ်၍၊
ရှိသေစွာ လက်အုပ်ချိုလျက်၊ မြတ်သောမင်းကြီး၊ အကျွန်ုပ်အား ပဋိသန္ဓေ
ရပြီဖြစ်ပါ၍၊ အနားစောင့်အရှောက်ကို ပြုပါလေ့ဟု၊ လျှောက်ထားလေ၏။
မင်းကြီးသည် ကြားတော်မူ၍၊ အလွန် ဝမ်းမြောက်နှစ်သက်သော နှလုံး
တော်ရှိသဖြင့်၊ မိဂုယားကြီးအား၊ ကိုယ်ဝန်အစောင့်အရှောက်၊အခြံအရံ
ကိုပေးတော်မူ၏၊ ထိုအခါ၌မြင်းမသည်၊ ရှေးဦးစွာသားကိုမွေးဘွားလေ
၏၊ ထိုမွေးဘွားသော မြင်းငယ်ကလေး၏။ မျက်လုံးတို့သည်၊ ပတ်ဝန်းကျင်
ညီနှင့်တူကုန်၏၊ ထို့ကြောင့် မြင်းငယ်ကို၊(မဏိကဏ္ဍ)ဟူသောအမည်ကို
ပြုကြကုန်၏။ ကောသနိဝိဂုယားကြီးလည်း၊ ဆယ်လကို လွန်သဖြင့်၊ ဖွေ
ဆင်းထုကဲ့သို့သော၊ သားတော်ကို ဘွားမြင်တော်မူ၏။ ထိုမင်းသား၏
ဘွားမြင်သော ခဏ၌ပင်လျှင်၊အလုံးစုံသော ဓမ္မ။ဒိပါကျွန်း၌ နေကုန်သော
မင်းတို့သည်၊ရတနာဆုနှစ်ပါးဟူ ဆိုအပ်သော၊ လက်ဆောင်တို့ကိုစေလွှတ်
၍ဆက်သကြကုန်၏။ ခမည်းတော် မင်းကြီးလည်း၊မိမိ၏ သားတော်ကို၊
(သတ္တဓနု)ဟူ၍သာလျှင် အမည်ကိုပြုတော်မူ၏။ ထို သတ္တဓနုမင်းသား
သည်၊ ကြီးသော အရွယ်သို့ရောက်လျှင်၊ လေးအတတ်၌၊တစုံတယောက်
သောသူမျှ မတူနိုင်အောင်၊ထူးလွန်၍တတ်မြောက်တော်မူ၏။ ထိုသို့လေး
အတတ်ကို၊ ကောင်းမွန်စွာ တတ်မြောက်ခြင်းကြောင့်လဲ၊ သတ္တဓနုမင်း
သားဟူသော အမည်သည်၊ နောက်နောက်ကထက်၊ သာလွန် ထင်ရှား
ကျော်စောလျှံလာလေ၏။ ။

ထိုအခါသတ္တဓနုမင်းသား၏ ဦးရီးတော်၌သည်း၊ သဝကမင်းသား
နှင့် ကရေဏုဝတီမင်းသို့ပဟူ၍၊ သားတော်၊ သို့တော် နှစ်ယောက်ရှိ၏၊
ကရေဏုဝတီသည် အလွန်အဆင်းသ၏။ကြည့်ရှုဘွယ်သော ကြက်သရေ

မင်္ဂလာနှင့်လည်း ပြည့်စုံ၏၊ ထိုကရေဏုဝတီမင်းသို့သည်၊ သတ္တဝနေ့ မင်းသားအား၊ များစွာလျောက်ပတ်၏ဟူ၍၊ အလုံးစုံသော၊ ဆွေတော်၊ မျိုးတော်ဘိုသည်၊ စွဲလမ်းထင်ဖြင့်ကြကုန်၏၊ ။

အခါတပါးသောနေ့၌၊ အလောင်းတော် သတ္တဝနေ့မင်းသားသည်၊ ညီတော်ဖြစ်သော၊ ကေသဝမင်းသား နှင့်၊ အတူတကွကစားတော်မူကြသည်ရှိသော်၊ အလောင်းတော်သည်၊ နှစ်မတော် ကရေဏုဝတီမင်းသို့၏ ရုပ်ပုံကို၊ အလွန်တူအောင်ဆင်းရေး၍။ ညီတော်ကို ပြ၍ လျှောက်ကြား၏၊ ညီတော်၏ နှစ်မအခင်းဖြစ်သော၊ ကရေဏုဝတီ၏မျက်နှာကို၊ ငါနောင် တော်သည်။ ဤရုပ်ပုံကိုကြည့်တိုင်း၊ ကြည့်တိုင်း၊ နောင်တော်၏မျက် မှောက်သို့ကိုယ်တိုင် ရောက်လာသလို၊ ထင်မြင်စွဲလန်း၍ နေတော့သည် ဖြစ်ကြောင်း ပြောပြသောအခါ၊ မင်းသား ညီနောင် နှစ်ဦးတို့သည်။ များစွာ အချင်းစကား ဖြစ်ပွါးကြ၍၊ အသီးအသီး ငြိမ်သက်စွာနေကြလေ၏။ ။

ဤသို့သောနည်းဖြင့် အစဉ်အတိုင်း ကြီးပြင်းတော်မူကြသည်ရှိသော်၊ ဘုရားလောင်းသတ္တဝနေ့မင်းသားသည်။ တဆဲ့ခြောက်နှစ်အရွယ်သို့ရောက် တော်မူသော ကာလ၌၊ ဒမည်းတော် မင်းကြီးသည်၊ နတ်ရွာစံတော်မူ လေ၏။ မယ်တော်ပါ၊ များစွာသော မူးမတ်များနှင့်တတွ၊ မြို့နေသူလူ အပေါင်းတို့သည်၊ မင်းကြီး၏အလောင်းတော်ကို၊ သင်္ဂြိုဟ်ခြင်းကိစ္စပြုကြ ပြီး၍။ သားတော် သတ္တဝနေ့ မင်းသားအား၊ အဘိသိက်သွန်းခြင်းကိုပြု လိုကြသဖြင့်၊ အလုံးစုံသော မင်းမြောက်တန်ဆာတို့ဖြင့်၊ တန်ဆာဆင် တော်မူစေပြီးသော်။ မဂဓရက်ဧစ်ကိုစား၍ဘွားမြင်သော။ နတ်မြင်းပျံကဲ့သို့ လျင်ခြင်းဌါစွမ်းနိုင်သောမကိကကွ၊ သိန္ဓောမြင်းကိုလည်း တန်ဆာဆင် စေပြီး၍၊ ဘုရားလောင်းထံသို့ဆောင်လာကြကုန်၏။ ဘုရားလောင်းသည် မြင်းပေါ်သို့တက်၍ စီးကာမျှဖြင့်သာလျှင်၊ နန်းတော်အတွင်း အပြင်၌ရှိရှိ သမျှကုန်သော၊ တရိယာတို့သည်၊ လူတို့မတီး၊ မမှုတ်ဘဲ။ အလိုအလျောက်၊ အံ့ဘွယ်ဖြစ်သော၊ မြည်ခြင်းတို့ဖြင့် မြည်ကြကုန်၏။ ပြည်သူတို့သည် အလွန်အံ့သြဘွယ်ရာဖြစ်သော၊ ကောင်းကြီးပေးကြကုန်၏။ တဆိန်းသော ဦးရစ်၊ ပုဆိုးတို့ကိုဝတ်ကြကုန်၏၊ ။

အလောင်းတော်နှင့်စီးတော်မြင်း၊ နှစ်ဦးလုံးပင် လာဘ်ပူဇော်အလွန်များကုန်၏၊မကိုက်ကွမြင်းသည်ကား၊ အစဉ်သဖြင့်၊ထန်းတပျဉ်းမျှ။နှစ်ပျဉ်းမျှ၊ သုံးပျဉ်းမျှစသည်ဖြင့်။ ထန်းခုနစ်ပျဉ်းတိုင်အောင်၊ ပုံတက်၍သွားပြီးလျှင်၊ အလွန်လျင်မြန်စွာ ကောင်းကင်သို့ ပျံသွားလေသည်ကို။ အလုံးစုံသော၊ လူတို့သည်အထင်အရှားမြင်ကြသောအခါ။ မယ်တော်ဖြစ်သော ဒေဝဒယားကြီးအား၊အကြောင်းကို လျှောက်ထားကြကုန်၏။ မယ်တော်သည်လျင်စွာလာ၍၊သိန္နောမြင်းစီး၍၊ ကောင်းကင်သို့ပျံတက်၍သွားသော၊ သားတော်ကို၊ ကြယ်စွာသောအသံဖြင့်၊ လက်ရပ်ပြ၍၊ချစ်သား၊ အမောင်ချစ်သားရဲ့၊ လျင်စွာပျံခဲ့ပါလေ၁။ တို့ဦးပြည်ကိုအပ်နှင်း၍၊ ဘိသိက်၊ မင်္ဂလာပြုမည်ဆဲဆဲ၊ အဘယ်ကြောင့် သိန္နောမြင်းကိုစီး၍၊ အလွန်ဝေးသော၊ ကောင်းကင်တိမ်ကြို၊ တိမ်ကြားတိုင်အောင်ပျံတက်၍သွားပါသလဲ။ သည်လိုသာဖြင့်၊မယ်တော်၏အသက်ခန္ဓာ၊မကြာမီ၊ကိုယ်ကွဲပါရလိမ့်။လျင်လျင်မြန်မြန်၊ ပြန်ခဲ့ပါလေ၁ချစ်သားရဲ့။ ဘဲသည်လို၊ ခေါကာ၊ခေါကာ၊တစာစာနှင့်၊မျက်ရည်စက်လက်၊ ငိုကြွေးသောမျက်နှာဖြင့်၊ ရင်ပတ်စည်တီးဖြစ်၍ ကျန်ရစ်ခဲ့သော၊မယ်တော်၏ ပရိဒေဝ၊ဒုက္ခတွေကို၊ အလောင်းတော်သည်၊မြင်းပေါ်မှနေ၍၊ ကောင်းကင်ကမြင်သောအခါ။ အလောင်းတော်သည်။မယ်တော်ဒိုရာမျက်နှာလွှဲ၍။ အိုကျေးဇူးရှင်ဖြစ်တော်ရှင်သော၊ မယ်တော်မြတ်ဘုရား-သားတော်သည်၊ မယ်တော်ကိုမုန်း၍၊ သွားရသည်မဟုတ်။တို့ဦးပြည်ကိုမလို၍၊စွန့်ပစ်သွားရသည်လဲမဟုတ်မှန်ပါ၏။ သိန္နောမြင်းသည်သာ၊ သူသဘောအတိုင်းနှင့်၊ သားတော်ကို ဆောင်ယူ၍ သွားခြင်းသည်သာမှန်ပါ၏ဟု၊မယ်တော်အား၊ အကြောင်းပြ၍၊ လျှောက်ထားပြန်ပြောသောအသံကို၊ မယ်တော်သည်ကြားလေလျှင်၊ ကာနဒေါမယ်တော် ဒေဝဒယားကြီးသည်၊အိုချက်လွှတ်သော၊သားတော်ခဲ့။ မြင်းကိုလွှဲ၍၊ နောက်သို့ပြန်ခဲ့ပါ၊လေ၁။မယ်တော်အား၊ ကိုးကွယ်ရာမဲ့သည်ကိုမပြုပါလင့်ဟု၍၊ အော်ဟစ်ခါ၊ အကြိမ်ကြိမ်ခေါပါသော်လဲမရ။ မယ်တော်သည်၊ မချမ်းမသာသောမျက်နှာဖြင့် ရင်ပတ်စည်ကိုး၊ ကြည့်ရှုသုတ်နေစဉ်။ အလွန်အလွန်မြင့်၍သွားသောအခါ၊ အလောင်းတော်မင်းသားနှင့် သိန္နောမြင်း၊ နှစ်ဦးလုံးပင်၊ ကိုယ်သဏ္ဌာန်၏၊ အလွန်သေးငယ်သော၊ အဖြစ်သို့ရောက်၍၊ ရေးရေးကလေးသောကိုသာ၊မြင်ရတဲ့အခါကျတော့.မယ်တော်သည်၊ နှစ်ဖြာသောလက်တို့ကို၊မြှောက်ချီးတော်မူပြီးသျှင်၊ ဤဂါထာကိုဆင်တော်မူ၏။ ။

ဟာဟာ ပုတ္တ နိဝင်္ဂတ္တ၊
မာ အနာထံ ကရောတိ မေ။
အဇ္ဇ ပုတ္တံ နပဿာမိ၊
ဟဒယံ မေ ဖါလေသတိ။

ပုတ္တ၊ချစ်သားရတနာ၊မွေလည်းချာ။ ဟာဟာ၊သေကလွယ်းခြင်၊ မချမ်းမမြေ၊ပင်ပန်းလှပါသင်္ကွဲ့။ နိဝင်္ဂတ္တ၊နောက်ကိုလွှဲ၍၊ ငဲ့ကွက်စာနာ။ပြန်ခဲ့ပါလော့၊မေ၊ကျွေးမွေးတော်ရှင်၊မိခင်မျက်ဖြာ၊တော်နန်းပျော်အား။ အနာထံ၊ကိုးကွယ်ရာမဲ့၊အားနွဲ့ဘို့ရာ၊ မချင်းသားအောင်၊ မာကရောဟိ၊ မသနားမည်သာ၊ရက်စက်စွာဖြင့်၊ပစ်ခွါချန်ထား။မသွားပါနှင့်၊ အဇ္ဇ၊မကြာချက်ခြင်း၊ ယခုပင်။ ပုတ္တံ၊ဇမ္မူရှင်ခြေပင်အတူ၊ နုနုနယ်နယ်၊ ရှာဘွယ်စတောင်း၊ယို ပြောင်းညှံ့အိ။ မျက်စိအသေရေဖြစ်တဲ့၊ သားတော်ကလေးကို။ နပဿာမိ၊ ရှေ့တွင်ဒိဋ္ဌ၊ရှာဆထင်ထင်၊မတွေ့မြင်ရသည်ဖြစ်အံ့။ မေ၊ကျွေးမွေးတော်ရှင်၊ မိခင်မယ်တော်၊တောင်နန်းပျော်၏။ ဟာဒယံ၊ ရင်မှာစုဖုံး၊ ရွေ့နှုံလုံးသည်၊ ဖါလေသတိ၊ ခုနစ်စိပ်၊ခုနစ်မျှာ၊ ကျိုးကျမ်းကွာ၍၊ မျက်မှောက်ထင်ထင်၊ ရင်လွှာကွဲ၍၊လဲရုပါလိမ့်၊သားတော်ရေလို့။ မယ်တော်သည်၊ တကြော်ကြော်အော်ဟစ်၍၊ခေါ်သံကိုကြားတော်မူလေသကဲ့သည်း။ ။

ဘဲသည်လိုတကြော်ကြော်၊ ခေါ်တဲ့အသံကို၊ ဒေလောင်းတော်သည် ကောင်းကင်မှကြားကာလ၊ယူကျုံးမရ၊ မျက်နှာမလှဘဲ၊ စဉ်းစားတော်မူ ပြန်၏။ ခြေခမည်းတော်သည်၊ နတ်ရွာလားတော်မူပြီးနောက်။ မယ် တော်သည်၊ မိမိအားကိုးကွယ်ရာဟာ၊ အားပြု၍နေရာ၊ ယခုကဲ့သို့ငါနှင့် ကွေကွင်းရသည်ရှိသော်။ ငါ၏မပါတော်သည်၊ မည်သူ့အား၊ ကိုးကွယ် အားထား၍နေနိုင်ရှာအံ့နည်းဟု။ ဒေ့ကြောင်းဇကြောင်းကို၊ မျှော်တွေးတော် မူပြီးလျှင်၊အလွန်ပင်မယ်ဘော်၏အပေါ်၌၊ သနားကရုဏာရှိတော်မူလှ၍။ မယ်တော်၏အသံကို ကြားရတိုင်း။ ကြားခဲတိုင်း၊ အသည်းနှလုံးပျို့ကွဲ မတတ်၊ဝမ်းနည်းပူဆွေးလှသောကြောင့်၊ ကွဲပျိုပျက်စီးအံ့သော၊ စိတ်နှလုံး တော်ရှိလေ၏။ ။

ထိုကဲ့သို့ကွဲပျိုပျက်စီး ဒဏ်ကြီးနှိပ်ဖြစ်အံ့သော၊ နှလုံးတော် ရှိလှသဖြင့်၊ သတ္တမနုမင်းသားသည်၊မိမိ၌ပါလာသော၊ သံထျက်ကိုး၊ သံဝေဂဒီပိမှ ထုတ်တော်မူပြီးလျှင်၊ မဏိကဏ္ဌမြင်း၏ ဦးခေါင်းကို ဖြတ်တော်မူမည့်

အကြံဉာဏ်၏၊ မြင်းသည်လည်း၊ မြတ်သောမြင်းဖြစ်၍ ဘုရားလောင်း၏အကြံ
ကိုသိ၍၊ မြင်းက ဤသို့ဆို၏၊ မြတ်သောမင်းကြီး- သည်းခံတော်မူပါ။
အကျွန်ုပ်ကိုသတ်ခြင်းမှ၊ ချမ်းသာပေးတော်မူပါ။ အဘယ်ကြောင့်၊ ဤကဲ့သို့
တောင်းပန်းရပါသနည်းဆိုသော်။ အကျွန်ုပ်သည် သာမည်မြင်းမဟုတ်။
အကျွန်ုပ်ကိုကျွေးမွေးပြုစု၊ မွေးမြူသော၊ အဂ္ဂဉာဝင်မျိုးအား၊ မြတ်သော၊
အမျိုးကောင်းဖြစ်သော၊ သို့ကဉာ၊ ဂုဏာနာများကိုလည်း ဂ္ရာကြို၍ပေး
တတ်ပါသည်။

ထို့ပြင် တိုင်းပြည်များကိုလည်းရအောင်ကြံစို၍ ပေးနိုင်ပါသည်၊ထင်
ပေါ်ကျော်စောသော၊ တိုင်းပြည်ဂုဏ ဘုရင်မင်းအဖြစ်သို့ ရောက်အောင်
လည်းကြံစို၍ပေးနိုင်ပါသည်ဟုဆိုလေ၏။ဘုရားလောင်းသည်၊ မဏိကဏ္ဍ
မြင်း၏စကားကို၊ ကြားတော်မူသည်ရှိသော်။ အသို့နည်း၊ သင်သည်မှန်သော
စကားကိုဆိုသလောဟုမေးတော်မူ၏၊ မြက်သောမင်းကြီး-အကျွန်ုပ်သည်၊
မှန်သောစကားကိုသာဆိုပါသည်ဟုပြောလေ၏။

ထိုအခါအလောင်းတော်သည်။ မြင်း၏စကားကို ကြား၍၊ ယုံကြည်
နှစ်သက်လေသောကြောင့်၊သံလျက်ကို၊ သံလျက်အိမ်သို့ပြန်သွင်း၍။မယ်
တော်၏ ဂုဏ်ကျေးဇူးကို အောက်မေ့တော်မူ၍၊ အသွယ်သွယ်သော၊
မျက်ရည်တို့သည်၊ယိုစီးလျက်၊ မယ်တော်ကိုအလွန်ပင် လွမ်းဆွတ်တော်
မူသဖြင့်။ ကောင်းကင်မှာ နေလျက်ပင်၊ ယင်တော်ကို ရှိခိုးတော်မူ၍၊
အလောင်းတော်သတ္တဝနေမင်းသားကို၊ မဏိကဏ္ဍမြင်းသည် ဆောင်ယူ
သဖြင့်၊ အစဉ်အတိုင်း သွားသည်ရှိသော်။ (သေတမြို့) သို့တိုင်အောင်
ရောက်တော်မူလေ၏။ထိုသေတမြို့၌၊ သေဒါအမည်ရှိသောမင်းကြီးသည်၊
မင်းပြု၏၊ ထိုမင်းကြီး၏မိဖုယားခေါင်ကြီးသည်၊ ပဒုမဂဉ္ဇာအမည်ရှိ၏၊
သို့တော်သည်လည်း၊ စိရပ္ပဘာအမည်ရှိ၏။ ပိန်းမတို့တတ်အပ်၊ တဆဲ့နှစ်
ဂုဏ်သော၊ပညာမှာလည်း၊ တဘက်ကမ်းရောဲတတ်မြောက်တော်မူ၏၊ ရုပ်ရေ
အင်္ဂါ မင်္ဂလာကြွက်သေရေမှာလည်း ပြောပစရာမရှိ။ မင်းသို့၌ အလုပ်
အကျွေးအခြံအရံတထောင်ရှိ၏၊ အဝတိန်းတော်မှာလည်း၊ပဒုမာအမည်ရှိ၏၊
မင်းသို့၏ကျော်စောသတင်းသည်၊ လွန်စွာပြန့်နှံ့လေသောကြောင့်။ ဇမ္ဗူ။ဒီ
ပါကျွန်းဌနေကုန်းသော၊ အလုံးစုံသောမင်းတို့သည်၊ စိရပ္ပဘာ၊ မင်းသို့ကို
အလိုရှိ၍။ အတ်ိုင်းမသိ၊ များစွာထိုက်တန်သော၊ ဂုဏာလက်ဆောင်
တို့ကိုပို့စေ၏။သေဒါမင်းကြီးသည်၊ ထိုလက်ဆောင်တို့ကိုပယ်တော်မူပြီး

လျှင်။ အကျွန်ုပ်၏သို့ဖြစ်တော်ကို၊ သိကြား။ နတ်မင်း၏ခြေရင်းခံသာ၊ အလုပ်အကျွေးပြုစေအံ့၊ မိတ်ဆွေဖြစ်သော၊ အသင်မင်းသားတို့အား။ ဘယ်လို နည်းမျိုးနှင့်မှ မပေးနိုင်ဟူ၍၊ အားကြောင်းပြန်ကြားလိုက်လေ၏။ ထိုနောက် စိန္ဒပဿာမင်းသို့ကို၊ ပဒုမာအမည်ရှိသော အထိမ်းတော်နှင့်ပင်၊ ဘုံဆုနစ်ဆင့်ရှိသော ပြာသာဒ်၌၊ တင့်တယ်စွာနေ၏တော့။ ။

အလောင်းတော် သတ္တဝနုမင်းသားသည်လည်း သေတမြို့သို့ ရောက်တော်မူလျှင်၊ မြို့၏ပြင်ပ၌ ဝတ်ဆင်သော တန်ဆာတို့ကို ချွတ်တော်မူ၍၊ မာဏိကကွမြင်းကို၊ ဤသို့ဆိုတော်မူ၏၊ အမောင်မဏိကကွ ဝေးသော အရပ်သို့ မသွားပါနှင့်၊ ဤနေ့ချဉ်းပင်လျှင်၊ လှည့်လည် ကျက်စား၍ နေပါလော့။ ငါသည် သင့်အား၊ အလိုရှိ၍၊ အားကံမဲ့လိုက်သောအခါ၌၊ လျင်စွာလာပါလော့ဟု မှာထားလေ၏။ မြင်းကလည်းကောင်းပါပြီဝန်ခံ၍၊ ဤနေ့ချဉ်းပင် ကျက်စားလျက်နေလေ၏၊ ဆုရားလောင်းလည်း၊ ပုဏ္ဏားဖြစ်၏ အသွင်ကို ဝတ်ဆင်လျက်၊ မြို့တွင်းသို့ဝင်လေ၏။ ထိုသို့ ဘုရားလောင်းသည်၊ မြို့တွင်းသို့ ဝင်သည်ရှိသော်၊ တပါးသောပုဏ္ဏားတို့သည် ဘုရားလောင်းကိုမြင်၍ အလွန်လျှင်၊ ချစ်မြတ်နိုးကြကုန်၏။ ဘုရားလောင်းသည်၊ မြို့တွင်းသို့ သွားသောကာလ၌၊ မြို့လယ်၌ရှင်း၊ မြစ်ဆိပ်၌ရှင်း၊ လမ်းခရီးဆုံ၌ရှင်း၊ လှည့်လည်၍သွားသည်ရှိသော်၊ အကြင်အကြင်လူတို့သည်၊ ထိုထိုအရပ်၌၊ ရုပ်ဝေး၍ စိန္ဒပဿာမင်းသို့၏။ အဆင်းနှင့် ပြည့်စုံသဖြင့်၊ ချော ကြောင်း၊ လှကြောင်းယဉ်ကျေးကြောင်းကိုသာ၊ ပြောဆို၍နေကြကုန်၏၊

မင်းသို့သည်၊ ဤမျှလောက် လှပယဉ်ကျေးကြောင်းကို၊ လူအများ ရုပ်ဝေး၍နေရာ၊ အရပ်တိုင်း၌ ချီးမွမ်း၍၊ပြောဆိုကြရခြင်းနှင့်၊ လွန်စွာ ကျေဉ်စောသတင်းဖြစ်ရခြင်းသည်၊ အဘယ်ကောင်းမှု၊ ကုသိုလ်ကံကြောင့် ပါနည်းဆိုလျှင်၊ လွန်ခဲ့သော အတိတ် ဘဝက။ ကျောင်း၊ ဆေး၊ ဆွမ်း၊ သင်္ကန်း ၄စွဲည်းလေးပါးတို့ကို။ သြဂဿပုန်သင်္ခါ၊အာဂမသင်္ခါတို့ဖြင့် လှူဒါန်းခဲ့သည်တကြောင်း။ ဘုရားဆင်းထုတော်ကို ပြုလုပ်တည်ထား ပူဇော်ခဲ့ဘူးသည်၏အစွမ်းအားဖြင့်ဌင်း၊ အဆင်းလှခြင်း။ ဘုရင်မင်း၏ သို့းတော်စသည်ဖြစ်ရခြင်းအကျိုးတို့နှင့်ပြည့်စုံရံရေလသတည်း။ ။

ထိုသို့ အရပ်တိုင်း ဒေနရာတို့ိင်းတို့၌၊လူအများရုဝေး၍၊ စိန္ဒပဿာမင်းသို့း၏ အဆင်းလှကြောင်း၊ပညာကြီးကြောင်းတို့ကို ပြောဆိုချီးမွမ်းထျက်ကြသောစကားကိုအလောင်းတော်မင်းသားကြားရသည်ရှိသော်၊မင်းသို့း

ကိုရှာဘားကြည့်ရှုလိုသောဆန္ဒသည်။ အားကြီးစွာဖြစ်လာလေသောကြောင့်။ မင်းသားတို့ ဆင်မြန်းလေ့ရှိသော၊ အဝတ်တန်ဆာရတနာကို၊ ရှုချင်စဘွယ် ကင့်တယ်စွာ ဝတ်ဆင်၍၊ မဏ္ဍိကကွမြင်းကိုအောက်မေ့လိုက်လျှင်၊ခဏ ချင်းမြင်းသည်လာလတ်၍၊မြတ်သော အရှင်မင်းသား၊အဘယ်အကြောင်း ရှိပါသနည်းဟုမေး၏၊ ဘုရားလောင်းက ငါသည်စိရပ္ပဘာမင်းသို့းကို၊ အလွန်ကြည့်ရှုလို၏ဟုဆို၏၊ မြင်းသည် ကောင်းပါပြီဟုဝန်ခံ၍မင်းသားကို၊ မင်းသို့းစံမြန်းရာဘုံရုနစ်ဆင့်ရှိသော၊ ပြာသာဒ်ကံခါးဝသို့ဆောင်တော်မူ၍ ရောက်လေ၏။ဘုရားလောင်းသည်၊ ရွှေပွတ်တိုင်၊ ငွေပွတ်တိုင်တို့ဖြင့်၊ စိတ်နှစ်ကာရုံလျက်ရှိသော ဖလံ၊ဖွန်၊ မဟူရာတို့ဖြင့် စိမံထားသော ပြူးကောင်းပေါက်မှ၊ ကြည့်ရှုသည်ရှိသော်၊ အထိမ်းတော် ပဒုမာနှင့် အိပ်စက်၍နေသော မင်းသို့းကို မြင်လေ၏။ ရွှေအဆင်းကဲ့သို့ရှုချင်စဘွယ် တင့်တယ်သော ရုပ်ရောင်အေးစင် အတု၊နုနုနယ်နယ်၊ ရှာဘွယ်စတောင်း၊ ယိုပျောင်းညှံ့အိ၊ မျက်ဝိအာသရေဖြစ်တဲ့ မင်းသို့းသည်၊ လျောင်းလျက်အိပ်စက်နေသည်ကို။ လင်းလဲမလင်းလွန်း၊ မှိန်လဲမမှိန်လွန်း သဖြင့်၊ ညှိုးထွန်း၍ ထားအပ်သော၊ နံ့သာဆီမီးရောင်တွင် ရှုမြင်တော်မူရ၍။ အလှစ်ခေတ်စိတ်စွဲသဖြင့်၊ မခွဲနိုင်၊ မခွဲရက်အောင်ဖြစ်၍နေလေ၏။ ထို့နောင်မင်းသို့းနှင့် အဝတ်တန်ဆာ၏ဆံပင်များကို၊ တိတ်တဆိတ်မသိအောင် ပြုပြင်၍၊ပန်းများဖြင့် ပန်ဆင်ပြီး၊ မင်းသားသည်၊ တိုက်ခန်းတွင်းမှ ထွက်တော်မူပြီးလျှင်၊ မဏ္ဍိကကွမြင်းတော်ကိုစီး၍၊ ရှိုပြင်စခန်းချရာ၊နေရာသို့ပြန်ခဲ့၏။ ဘုရားလောင်းသည်၊ မြင်းကိုဤသို့ဆို၏။ အမောင်မဏ္ဍိကကွ၊ငါသည်စိရပ္ပဘာမင်းသို့းနှင့် တာ ရှည်စွာ ကွေကွင်း၍နေရလျှင်၎င်း၊ မမြင်ရလျှင်၎င်း၊အသက် ခန္ဓာကိုယ်က ခွါရုလတံ့။သင်သာလျှင်ညှဉ်တိုင်း၊ ယနေ့သွားသော အချိန်သို့ကျရောက်လျှင်၊ ငါ့အားမင်းသို့း၏စံမြန်းရာ၊ ပြာသာဒ်တံခါးဝသို့၊ အမြဲရှိသော ပါလေးဟူ၊ မှာထားတော်မူ၏။ မြင်းလည်းစိုးရိမ်တော်မူပါနှင့်၊ ဤဆောင်ပါမည်ဟူ၍ဝန်ခံ

ပြီးလျှင်၊ ဒိဒိသည်ကျက်စား၊ပျော်ပါးခြင်အရပ်၌၊ လှည့်လည် ကျက်စား၍ နေလေ၏။ ။

ထိုညဉ့်မိုးလင်းခြင်းသို့ရောက်သော်၊ မင်းသွီးသည်၊စက်တော်ခေါ်ရာ မှန်းလတ်၍။ နံ့သာပန်းတို့ဖြင့်၊လိမ်းကျံ၊ဆင်မြန်း၍နေသောအထိမ်းတော် ပဒုမာကိုမြင်လျှင်၊ ရယ်ရွှင်လျက်၊ ရှင်မပဒုမာ၊ သင့်အားအာဘယ်မှုပန်းနံ့သာ လိမ်းကျံပန်ဆင်ခြင်းကို ရသနည်းဟုမေးလေ၏။ အထိန်းတော်သည် မင်းသွီး၏ဝကားကိုကြားသော်၊အရှင်မ၊ အရှင်မမှာလည်း အာဘယ်အရပ်မှ၊ ပန်းနံ့သာ လိမ်းကျံပန်ဆင်ခြင်းကို ရသနည်းဟုမေးပြန်၏။ မင်းသွီးလည်း၊အာဘိန်းတော်၏စကားကိုကြား၍။ အဆောင်တော်တွင်းရှိ၊ ဖုန်ကြေးမှုံဖြင်၌ ကြည့်သည်ရှိသော်၊ ပန်းနံ့သာတို့ဖြင့်လိမ်းကျံပန်ဆင်လျက်နေသော၊ ဝိဒိ၏ကိုယ်ဦးခေါင်းဆံပင်စသည်ကိုမြင်၍၊ စဉ်းစား၏။ သြော် အကာလညဉ့်အခါသိကြားနတ်မင်းများဘဲ၊အဆောင်တော်တွင်းသို့၊ တန်ခိုးတော်ဖြင့်၊ဝင်ရောက်လာ၍။ ဆင်မြန်းသည်များဘဲဖြစ်လေရာ သလား။ သို့တည်းမဟုတ်၊ ဟိမဝန္တာတောမှ၊ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီ၊ ရဿဝသော ဈာန်ပျံပုဂ္ဂိုလ်တွေဘဲ၊ လာရောက်ဆင်မြန်းလေရော့သလား။ သာမညလူသားပုဂ္ဂိုလ်များတော့၊ အဆောင်တော်တွင်းကိုမဆိုထားသိ၊ ဖလတံတိုင်းကာရံထားသော၊ ဝင်းအတွင်းကို ပင်ဝင်ခြင်းငှာ မစွမ်းနိုင်၊ အာဘယ်လိုပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များလာရောက်ဆင်မြန်း၊ လိမ်းကျံ၍ထားပါလိမ့်မလဲလို့ ဆင်ခြင်စဉ်းစား၍ မရနိုင်လောက်အောင်ပင်ဖြစ်လေသောကြောင့်။ မင်းသွီးသည် အထိန်းတော်နှင့် တိုင်ပင်၍ ယနေ့ညဉ့်ခွဲစောင့်၍။ ကြည့်ရှုကြကုန်အံ့ဟုဆိုလေ၏။ အထိန်းတော်သည်းမင်းသွီးနှင့် သဘောတူအိပ်သော အချိန်ကျရောက်သောအခါ၌၊ အိပ်စက်ချင်ယောင်ဆောင်၍၊ စောင့်ဆိုင်းကာနေကြလေ၏။

ထိုအခါဘုရားအလောင်းသည်၊ နံ့သာပန်းတို့ကိုယူတော်မူ၍။တန်ဆာဆင်ပြီးသော်၊ သနန်းခေါင်အချိန်၌၊ မြင်းကိုအောက်မေ့တမ်းတလိုက်သောအခါ၊ မြင်းသည်လာ၍၊ ဘုရားလောင်းကို ဆောင်ယူပြီးလျှင် မင်သွီး၏ပြာသာဒ်သို့သွား၏။ ဘုရားလောင်းသည်၊ တံခါးကို ဖွင့်ပြီးနောက်၊ အခမ်းတွင်းသို့ ရောက်တော်မူသဖြင့်၊ ရပ်လျက်နေတော်မူ၏။ ထိုအခါ မင်းသွီးသည် ဘုရားလောင်းကိုမြင်လျှင်၊ သိကြားနတ်မင်း ကြွလာသည်ဟူသော အမှတ်ဖြင့်၊အထိန်းတော်ကိုပြောလေ၏။ အထိန်းတော်ပဒုမာလည်း မြင်

၏။ မင်းသို့သည်၊ဖိဖို၏ရတနာတိုက်ခမ်းတွင်းသို့ရောက်လာသော၊ဘုရား လောင်း၏တင့်တယ်ခြင်းကိုဖြင်လျှင်၊ အလွန်ပင် ချစ်ခင်နှစ်သက်၊ မြတ်နိုး လှသည်ဖြစ်၍၊ မာယာဆောင်ပြီးလျှင် ဖိဖိခွဲခြုံထားသော ရထားမြတ်ဘက် ဖြင့်၊ မျက်နှာတော်ကိုဝှက်ဖုံးတော်မူ၍၊ အိပ်ယာယောင် ဆောင်လျက်နေ ၏။ ဘဝထိန်းတော်လည်း မင်းသို့နည်းတူပင် အိပ်ယာယောင်ဆောင်၍နေ လေသတည်း၊

ထိုအခါ၊ဘုရားလောင်းသည်၊ မင်းသို့နှင့် အထိန်းတော်တို့ကို၊ ဖိဖိမှာ ပါလာသော နံ့သာပန်းတို့ဖြင့် ရှေးနည်းအဝဂ္ဂ၊ လိမ်းကျံ ပန်ဆင်ပြီးလျှင်၊ အနီးအပါးဌာပင်၊ မင်းသို့ကိုးစုံးစုံကြည့်ရှုလျက်ရပ်လေ၏၊ မင်းသို့လည်း ဖိဖိခွဲခြုံထားသော ရထားမြတ်ဘက်တွင်းမှပင်၊ မင်းသား၏။ အရိပ်အခြေ ကိုစဉ်စားကြည့်ရှုလျက်နေစဉ်။ အပြင်ဘက်၌ ရှိသော မကိုကကွမြင်း သည်၊ ဘုရားလောင်းကို၊ အရှင် မင်းသားအချိန်လွန်ပြီ။ အခမ်းတွင်းမှ ထွက်ခေါ်မူပါလောဟုဆိုလေ၏။ မင်းသားသည်မြင်းပြောသံကိုကြား၍၊ အသံမကြားအောင်၊ဖျည်းညှင်းသာယာစွာ၊ ခြေလှမ်းကိုယုတ်၊နောက်သို့ ဆုတ်နေစဉ်၊မင်းသို့နှင့်အထိန်းတော်နှစ်ယောက်လုံးပင်၊ အလန့်တကြား ထလာကြ၍၊ မင်းသားကို လက်နှစ်ဘက်စီဖြင့်၊ အတင်းပွေ့ဘက်၍။ အ ရှင်သိကြားနတ်မင်း၊သည်.ခံးတော်မူပါ၊ မကြွပါနှင့်၊ ဒုနတော်မူပါဦး၊ဆိုင်း ငံ့တော်မူပါဦး။ အကျိုးအကြောင်းတို့ကို စုံစေ့အောင် လျှောက်ထားလိုပါ သည်ဟုတောင်းပန်၍ထားကြလေ၏၊ ထိုအခါ၊ စိရပ္ပဘာ မင်းသို့သည်၊ မြတ်သောအရှင်မင်းကြီး။အရှင်သည်၊ နတ်မျိုး၊သိကြားမျိုး၊ ဗြဟ္မာမျိုး၊ဤ သုံးမျိုးတွင် အဘယ်အမျိုးအနွယ်ဖြစ်ပါသနည်းဟုမေးတော်မူ၏၊မင်းသား က၊ ချစ်နှမ။ ငါသည်၊နတ်မျိုး၊ သိကြားမျိုး၊ဗြဟ္မာမျိုးမဟုတ်၊ဗာရာဏသိ ပြည်ရှင်၊ဗြဟ္မဒတ်မင်း၏ သားတော် သတ္တဓနုမင်းသားတည်းဟု ပြန်ပြော လေ၏။ ၊

ဤသို့မင်းသား၏စကားကိုကြားကာမျှဖြင့်၊ မင်းသို့သည်၊ တားဆီး၍ မရနိုင်လောက်အောင်ပင်၊ အလွန်အကြူး၊ အထူးသဖြင့်၊ ချစ်ခင်ရုံမက်၊ နှစ်သက်မြတ်နိုးလှသည်ဖြစ်၍။ မင်းသားနှင့်မင်းသို့နှစ်ပါးတို့သည်၊ တဦး နှင့်တဦး၊ ရှေးရောက်ဆပါင်းကူးသဖြင့်၊ ချက်ခင်ခြင်းတူမျှကြသည်ဖြစ်သော သောကြောင့်၊ဘုံဘုန်စဆင့်ရှိသော၊မင်းသို့စံချာပြဿဒတ်၌ပင်၊ စားကာ၊ သောက်ကာ၊ပျော်ရွှင်စွာနှင့်စံစားလျက်နေကြလေ၏။ ၊

ဤသို့သော၊ အကြောင်းအရာအလုံးစုံတို့ကို၊ မင်းသို့၏ ခမည်းတော်၊ မယ်တော်တို့ကြားသိရသည်ရှိသော်။ သို့းတော်ကိုခေါ်၍မေး၏။ သို့းတော်, လည်း ဟုတ်တိုင်းမှန်ရာအလုံးစုံလျောက်ထားသောအခါ။ ခမည်းတော် မင်းကြီးကကောင်းပြီ၊သို့းတော်နှင့်ချစ်ခင်စုံမက်၊ နှစ်သက်လျက်ရှိနေသော၊ မင်းသားကိုခွေတော်သို့၊ အပြန်ရောက်အောင်သွင်းခဲ့ရမည်။ ။

ထိုမင်းသား၏၊ အဆင်းကြွနိုအင်၊ လက္ခဏာကိုလည်း၊ အားအစွမ်း သတ္တိကိုလည်း၊ဘုန်းတန်ခိုးကိုလည်း၊ကြည့်ရှုအံ့၊ အကယ်၍ထိုမင်းသားသည်၊ အဆင်းကြွနိုအင်လက္ခဏာ၊ အားအစွမ်း၊ ဘုန်းတန်ခိုးတို့မရှိငြားအံ့၊ ငါ သည်သံလျက်ဖြင့်၊မင်းသား၏ ဦးခေါင်းကိုဖြတ်အံ့ဟုကြံလေ၏၊ ဤသို့ကြံ ပြီး၍။ မင်းကြီးသည်အလုံးစုံသော၊ဇမ္ဗူဒီပါကျွန်းဌိုရိကုန်သော၊ပြည့်ရှင်မင်း အပေါင်းတို့ကို၊ပင့်ဘိတ်၍၊ စည်းဝေးစေပြီးလျှင်။မင်းသား၏လေးအတတ် ကိုကြည့်ရှုကြကုန်အံ့ဟု၊ အမတ်တို့အားပြောကြား၏။ အမတ်တို့လည်း အလုံးစုံမြို့ကိုတန်ဆာဆင်၍။ လေးအတတ်ကိုပြရာနေရာကိုလည်း၊ ပြည့် စုံကောင်းမွန်စွာ စီမံပြီးလျှင်၊ လေးအတတ်၌ အလွန်ကြွင်းကျင်တတ် မြောက်သော၊လေးဆရာပေါင်းများစွာတို့ကိုလည်း၊ မင်းအပေါင်းတို့စည်း ဝေးရာသို့၊ အသင့်ခေါ်ဆောင်၍ထားသော်၏ မင်းကြီးနှင့်တပ်မှူတိုင်၊ သို့း တော်နှင့်အမတ်တို့သည်၊ သက္ကာခနုမင်းသားထံသို့ သွားရောက်လျောက် ထားပင့်ဘိတ်ကြ၏။ဘုရားအလောင်းတော်မြတ်သည်။ အမတ်ဘို့၏စကား ကိုကြား တော်မူသော်။ မိမိ၌ပါလာသော၊ အလုံးစုံသော တန်ဆာတို့ကို ဆင်တော်မူပြီးလျှင်၊ မင်းသို့းကိုလက်ဖြင့် ဆွဲကိုင်တော်မူ၍၊ နေ၊လနှစ်ပါး ပမာဏသို့၊ကြက်သရေနှင့်ပြည့်စုံသော၊လာရှင်းဖြင့် ပြဿဒ်မှဆင်းသက် တော်မူ၍၊ ရပ်လျက် ထိုမှဤမှ ကြည့်ရှုတော်မူ၏။ ထိုသို့ကြည့်ရှုရာအရပ် တိုင်း၌၊လူတို့သည်၊တုန့်လှုပ်ကြကုန်၏။ ။

ထို့ဖြင့်ယောက္ခမ၊ ဖြစ်သော၊ သေဒါမင်းကြီးသည်၎င်း၊ ပဒုမဂန္ဓာ မိဖုယားကြီးသည်၎င်း၊ ဆွေတော် မျိုးတော်တို့သည်၎င်း၊ မင်းမောင်းမ မိသီအပေါင်းတို့သည်၎င်း၊စစ်သည်ဗိုလ်ပါတို့သည်၎င်း။ အမတ်အပေါင်း တို့ခြံရံလျက်၊ လာရောက်စည်းဝေးကြကုန်သော၊ ဘုရင်မင်းအပေါင်းတို့ သည်၎င်း၊ အလောင်းတော် သက္ကာခနုမင်းသားနှင့် စိရပ္ပဘာမင်းသို့းတို့၊ နှစ်မရုံရပ်လျက်နေသည်ကိုမြင်ကြသဖြင့်၊ အလွန်နှစ်သက်ကြည်ညိုသော စိတ်ရှိကြသည်ဖြစ်၍၊သူထက်ငါ၊ မြင်ရအောင်တိုးဝှေ့၊ ချတ်ရက်ခတ်ဖြစ်

ကြကုန်၏။မင်းသား၊မင်းသို့တို့၏၊ လှပယဉ်ကျေးကျး၊ တင့်တယ်သောကြက်သရေကိုဖြင်ကြသူတို့သည် တဦးကိုတဦးလက်တွဲ၍၊ ခေါင်းတည့်မှည့်ညှပ်၊ လည်တည့်မှည့်ညှပ်နေကြကုန်၏၊ ။

ဘုရားလောင်းမင်းသား‌သည်သည်း၊ပြာသာဒ်ထက်မှ၊ ဆင်းသက်တော်မူ၍၊ယောကျ်ားမဖြစ်သော၊ မင်းကြီးနှင့်မိဖုယားကြီ တို့ကို၊ ရှိခိုးလျက်ရပ်လေ၏။ မင်းကြီးသည်၊ ဘုရားလောင်းအား၊ သင်၏လေးအတတ်ကို၊ ကြည့်ရှုလိုသည်ဟုမိန့်တော်မူသောအခါ။ ဘုရားလောင်းသည်၊ မိမိ၌ပါလာသော၊ လေးနှင့်မြှားကိုယူ၍၊ ကောင်းကင်သို့ ပစ်လွှတ်သည်ရှိသော်၊ မြှားတို့သည်။လူတို့မမြင်လောက်အောင်၊ တည်တည်ကောင်းကင်သို့တက်ပြီးမှ၊ မြေပြင်ရှိ၊ လူတို့စည်းဝေးရာအရပ်၌၊ လူတို့ကိုလည်းမထိမခိုက်ဘဲ။ လူတို့၏အကြား၊အကြား၌၊ မြှားသွားခြင်းစင်၍ကုန်ပြီးမှ၊ မင်းသား၏အနီ သို့တဖန်ပြန်၍၊ကျလာကြကုန်၏၊ မင်းသား၌ပါလာသောလေးညှို့ကို၊ မည်သူဘစုံတယောက်မျှတင်ခြင်းငှါလည်းမစွမ်းနိုင်ကြကုန်။ ၊

ထိုမျှလောက်ထူ ကဲ၊ အံ့သြ ချီးမွမ်း၍၊ မကုန်မိုင်အောင်ပင်၊ ဘုရားလောင်း၏၊ဘုန်းတန်ခိုး၊ ပညာအစွမ်း သတ္တိဘို့ကိုမြင်၍၊ ပရိသတ်တို့သည်၊ လက်ပန်းပေါက်ခပ်၍၊ သြဘာဒေးကြပြီးလျှင်။ ဦးရစ်ခေါင်းပါင်း၊ ပုခုံးမြောက်သောအဝတ်တန်ဆာ၊ ရုတနာတို့ကို၊ လာဘ်ပူဇော်သောအားဖြင့်၊မေးရမတွက်နိုင်အောင်၊မြေပြင်ဆံ့ပစ်ကြကုန်၏။ ၊

ဘုရားလောင်း၏တန်ခိုးဒေဝတာကြောင့်၊ မြေကြီးသည်လည်းတုန်လှုပ်၏၊ မည်သည့်သတ္တဝါမျိုးမှာမျှအန္တရာယ်မဖြစ်၊မင်းသားကို အဝေးကြောင်းပြု၍၊ ကြက်သရေမင်္ဂလာလည်း၊ လွန်စွာတိုးတက်ကြကုန်၏။စိရပ္ပဘာမင်းသို့၏၊ ခမည်းတော်၊ မယ်တော်ဖြစ်တော်မူသော၊ သေဒါမင်းကြီးနှင့် ပဒုမဂ္ဂာမိဖုယားကြီးတို့သည်လည်း၊ ဘုရားလောင်းသည်ခနုမင်းသားနှင့်သို့တော်တို့အား၊ အလွန်ချစ်ခင်နှစ်သက်ကြကုန်၍၊ ပန်းကုံးမင်္ဂလာစွပ်ကြပြီးလျှင်၊ မင်းတို့အခမ်းအနားဖြင့်လက်ထပ်မင်္ဂလာပြုတော်မူ၏၊ ၊

ဤကားသတ္တခနုမင်းသား၏၊ ပထမဇနီးဦးစွာသော၊ လက်ထပ်မင်္ဂလာအခမ်းပြီး၏၊ ။

ဤသို့လက်ထပ်မင်္ဂလာပြုပြီးနောက်၊ ရက်အတော်ကြာကာလ။ ဘုရားလောင်း သတ္တဝန္တု မင်းသားသည်။ ဖိဖို၏အနန္တကျေးဇူးရင် ဖြစ်သော၊ ဗာရာဏသီနေပြည်တော်၌၊ ကောသနိ မယ်တော်ကြီးအား၊ လွမ်းဆွတ်အောက်မေ့လွယ်သဖြင့်၊ မယ်တော်၌အားကိုးရာမဲ့ဖြစ်၍နေသည်ကို၊ တရေးရေးတွေးမိတိုင်း၊ မျက်ရည်စက်လက်၊ ငိုကြွေးသောမျက်နှာဖြင့်၊ စိတ်၏ပင်ပန်းခြင်းဖြစ်၍နေလေ၏။ ။

ကိ်ဘဝိသတိ အမ္မာ မေ၊
ကထံ ဂစ္ဆာမိ မာတရံ၊
အဟံ အမ္ဗံ နပသဿာမိ၊
မဒ္ဒဲ ဟေဿာမိ ဇီဝိတံ၊

မေ၊သတ္တဝန္တုခနဲ့၊ခေါ်ပြုသည်ရာ၊မည်သာပျံသင်း၊ ငါမင်းသား၏။ အမ္မာ၊ ကျေးဇူးတော်ရှင်၊မိခင်မျက်ဖျာ၏၊ တောင်နှံးပျော်သည်။ ကိ်ဘဝိသတိ၊ ငါ့ကိုတမ်းတ၊ လွမ်းစပိုဓိ၊ လို့ကံခါဖို၍၊ ငိုကြွေးပူဆွေးမျှားနေလေရော့သလား၊မာတရံ၊မယ်တော်မိနတ်၊မိဘုန်းမြတ်ကို၊ ကထံဂစ္ဆာမိ၊ခြေတော်ရင်း၌၊ ဝပ်စင်းမပြတ်၊ အသို့လျှင်ဆည်းကပ်ရပါအံ့နည်း။ အဟံ၊သတ္တဝန္တုခနဲ့၊ခေါ်ပြုထင်ရှား၊ငါမင်းသားသည်။ အမ္ဗံ၊မယ်တော်မိနတ်၊ မိဘုန်းမြတ်ကို။ နပသဿာမိမည် ညှိုးခွေနွမ်းလျ၊ပင်ပန်းလှသဖြင့်၊နေ့ရက်ရှည်ကြာ၊မတည်ပါဘဲ၊ရွှေရင်ကွဲ၍ အသဲလိုက်ကြွေ၊သေရမည်လျှင်၊ထင်လှချေ၏။ ။

ဤသို့လျှင်၊ဘုရားလောင်းသည်၊ လွန်စွာပင်ကြည်ကွဲ၊ ဝမ်းနည်းတော်မူလှသဖြင့်။ ငိုကြွေးတမ်းတတော်မူလျက်၊ယိုစီး၍ကျလာသော၊မျက်ရည်ကိုသုတ်ခါ၊သုတ်ခါနှင့် ဝမ်းနည်းစွာနေတော်မူရှာလေ၏။ ထိုအခါ၊မကြည်မချင်ငိုကြွေး၍နေသော၊ မောင်တော်မင်းသားကို မင်းသို့သည်မြင်ရသောအခါ။ မောင်တော်ဘုရားသည်၊ ဘယ်အတွက်ကြောင့်၊မသက်မသာ၊ဝမ်းနည်းစွာဖြင့်၊ငိုကြွေးတော်မူရပါသနည်းဟု၊လျှောက်ထားမေးမြန်းရှာလေ၏။

ထိုသို့နှစ်မတော်မင်းသို့သည်၊ လျှောက်ထားသော၊ စကားသံကိုကြားကာလ၊ ဘုရားလောင်းက၊ မောင်တော်သည်၊ မွေးသမိခင်၊ကျေးဇူးရင်ဖြစ်သော၊ မယ်တော်ကိုအောက်မေ့တော်မူ၏။ ဘိသိက်မင်္ဂလာပြုမည်နေ့၌။ မင်္ဂိကကွဲမြင်းဆောင်ယူလာသည်ကစ၍၊ စိရပ္ပဘာမင်းသို့နှင့်တွေ့သည်တိုင်အောင်၊မကြွင်းမကျန်၊ အလုံးစုံပြန်ပြောပြီးလျှင်။ မယ်တော်နှင့်

ကင်း၍၊ အသက်ရှင်ခြင်းဌါမတတ်နိုင်၊ နှစ်မတော်ဖြစ်သော၊ သင်မင်းသို့ဝ်း သည်း၊ဤတိုင်းပြည်မှာသာနေရစ်ခဲ့ပေတော့၊ မောင်တော်သည်၊ မယ်တော် ရှိရာ။ ဗာရာဏသီ၊နေပြည်တော်သို့၊ ပြန်တော့အံ့ဟုဆို၏။ မင်းသို့ဝ်းသည်၊ မင်းသားဇ၏စကားကိုကြားရလေသော်။ ဗိမိဇ၏နှလုံးသားသည်၊ တုန်လှုပ် ချောက်ခြား၍။ ချနှစ်စိပ်၊ချနှစ်ဖြာ၊ ကဲ့ပျိုပျက်စီးအံ့သကဲ့သို့၊ ရင်ဝမှာဆို့ပြီး လျှင်၊မနှစ်မသာ၊ ဝမ်းနည်းစွာငိုကြွေးရှာလျက်၊နှစ်မတော်သည်။ မောင် တော်နှင့်အတူ၊ နောက်တော်က၊ အလုပ်အကျွေးပြု၍၊ လိုက်ခဲ့ပါအံ့ဟု တောင်းပန်လျောက်ထားရှာလေ၏။ ။

ထိုအခါဘုရားလောင်းသည်၊ သေတ မြို့နှင့် ဗာရာဏသီနေပြည်တော် သည်။ အလွန်ခရီးဝေးကွာသည်တကြောင်း၊ မြေပြင်ခရီးမဟုတ်၊ ကောင်း ကင်ခရီးဖြစ်၍၊ အလွန်ပြင်းထန်သော၊ဝေဒနာလေသော၊ လေပြင်းမုဠိတိုင်း တို့အလွန်ကြောက်မက်ဘွယ် ကောင်းသည်တကြောင်း၊ ဤသို့အန္တရာယ် အနေပါင်းတို့မျှားပြားကြောင်း။ စုပေါင်းဝေဘန်ပြ၍၊ တားမြစ်ပါသော်လဲမရ လေသော်ကြောင့်၊မင်းသား၊မင်းသို့နှစ်ဦးလုံး၊ ခမည်းတော် မယ်တော် တို့ထံသို့ဝင်ရောက်၍၊ ဗာရာဏသီနေပြည်တော်၌၊ ဘုရားလောင်း၏မယ် တော်၊ကောသနိုဒိဗုယားကြီးအား ဖူးမြော်ကန်တော့ရန် သွားလိုကြောင်း လျောက်ထားတောင်းပန်ကြလေ၏။ ။

ထိုသို့သားတော်၊ သို့်းတော်တို့၏လျောက်ထားသံကိုကြားသောအခါ၊ ခမည်းတော် မယ်တော်တို့သည်၊ ဝတ်တရားရှိသည်အတိုင်း။ အကြောင်း ကြောင်းတို့ကို ဆုံးမပြီးလျှင်၊ ဘုရားလောင်း၏၊မယ်တော်ကို ပူဇော်ကန် တော့ရန်၊အဘိုးထိုက်တန်လှစွာသော ရတနာအဖြာဖြာတို့နှင့်တကွ၊ လမ်း စာရိကသွားတို့ကို ပြည့်စုံလုံလောက်စွာ စီမံ၍ပေးလေ၏။သားတော်သို့်းတော် တို့သည်လည်း၊ ခမည်းတော်၊ မယ်တော်တို့အား၊ လက်ျာရစ် လှည့်၍။ ချိုယွင်းလစ်ဟင်းသော အပြစ်မျှားရှိခဲ့ပါလျှင် ၊သည်းခံတော် မူကြပါမည် အကြောင်း၊ရှိခိုးပူဇော်ကန်တော့ကြပြီးလျှင်၊ နှုန်းတော်အတွင်းအပြင်၊ရှိရှိ သမျှကုန်သော လူအပေါင်းတို့အားလည်း။တရားလမ်းကြောင်း၊ကောင်းရာ ညွှန်ပြဆုံးမပြီးလျှင်၊ ဘုရားလောင်းသည်။ မဏိကက္ခမြင်းကို၊ အောက်မေ့ တမ်းတလိုက်သည်ရှိသော်မြင်းသည်လာရောက်၍၊ဘုရားလောင်း၏ ခြေရှေ့ ရပ်လေ၏။

ဘုရားလောင်းသည်၊ မဏိကက္ခမြင်း ရောက်လာလျှင်၊ မင်းသို့်းကို၊

ကျကျနန၊မတိမ်းမယိမ်းရအောင် နောက်က ထားပြီးလျှင်၊ဘုရားလောင်း သည်၊ဧရှ.မှစီးတော်မူ၏၊ ထိုခဏ၌၊ မြင်းသည်ကောင်းကင်သို့တက်၍ပျံ လေ၏၊ ထိုအခါခမည်းတော်၊ မယ်တော်တို့နှင့်တကွ၊ဆွေတော်၊မျိုးတော်၊ မူးမတ် အပေါင်းတို့ပါ မျှားစွာသော မြို့နေသူ၊လူအပေါင်းတို့သည်။ မဏ္ဍိ ကကွမြင်းဂုံစီး၍၊ မင်းသား၊ မင်းသွဲ့တို့သည်။ ကောင်းကင်သို့ပျံ တက် တော်မူသည်ကို မြင်ကြ၍။ အလွန်ပင် လွမ်းဆွတ်ကြ သဖြင့်၊ ငိုကြွေး မြည်တမ်းကြကုန်လျက်၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ကျမ်းမာကြပါစေသ တည်း။ တက်သစ်သောနေ့၊ ထွန်းသစ်စလ၊ ပမာဏသို့၊ကြက်သရေ မဂ် လာ ဘုန်းတန်ခိုးအာဏာတို့သည်။ တနေ့ထက်တနေ့၊ တိုးတက်၍၊တဖန် လျင်လျင်မြန်မြန်၊ မကြန့် ကြာဘဲ။ ဖြန်လာနိုင်ကြ ပါစေသတည်းဟု၊ ဆု တောင်း မေတ္တာ အဖြာဖြာတို့ကို ပို့သကြလေကုန်သတည်း။ထိုအခါမြင်း သည်၊အစဉ်အတိုင်းတက်၍၊ အလွန်မြင့်သောကောင်းကင်ခရီးသို့ ရောက် လေသော်၊ မင်းသွဲ့သည်။ မြင်း၏လျှင်စွာသော အဟုန်ကြောင့်၊ လေတို့ဖြင့် တိုက်ခတ်သကဲ့သို့ဖြင့်၊ ဖွေတကျစ်နွယ်ကဲ့၊ဘယ်သည်ဟု တောင်၊မြောက်ကလာ ရောက်၍၊ လေညှင်းထိလျှင်၊ အဒိအဒိ၊တရိမ်းရိမ်း၊ တိမ်းနွဲ့ ပင်ပန်းသည် ကို၊ မင်းသား၊မြင်လျှင်၊မင်းသွဲ့ကို သက်သာရာရစေခြင်းငှာ။ မဏ္ဍိကကွ မြင်းကို၊ ခေတ္တရပ် တန့်နားနေစေလိုကြောင်း ပြော၏။ မြင်းက အရှင်မင်း သား၊ ဤအရပ်သည်၊ကန္တာရ ဘီလူးစောင့်ရှောက်သည်ဖြစ်၍။ ရပ်တန့် ခြင်းငှာမသင့်။ ထိုကန္တာရဘီလူးသည်၊ လွန်စွာဒေါသခက်ထန်သည်။ ဤ အရပ်သို့ရောက်လာကြကုန်သော သူအားပါင်းတို့သေကြေ၊ပျက်စီး၍သွား သည်မှာ များစွာလှလေပြီ၊ ထိုဖြင့်ကန္တာရဘီလူး၌၊ အစ္စနဝတ်ဟိ အမည်ရှိ သော နှမ အရင်းဘီလူးမတယောက်သည်လည်း၊ သမုဒ္ဒရာပင်လယ်ကမ်း နား၊မနီး မဝေးသော အရပ်၌၊ပြာသာဒ်ဆောက်လုပ်၍၊ဇမ္ဗူဒီပါကျွန်း၌ နေ ကုန်သော ဘုရင်မင်းတို့၏။သို့ကညာရတနာတို့ကို ခိုးယူ၍၊မိမိ၏ အလုပ် အကျွေးအဖြစ်၌ထားပြီးလျှင်၊ ပျော်ရွှင်စွာစံစားလျက်နေသည် လည်းရှိပါ သည်၊ ထိုဘီလူးမ၏၊ အလုပ်အကျွေး ဖြစ်သော မင်းသွဲ့တို့တွင်၊ ဘုရား လောင်း၏ နှမဝမ်းကွဲဖြစ်သော ကရေဏုဝတီမင်းသွဲ့လည်း ပါဝင်၍၊ အ လွန်ချစ်ခင်သော အလုပ်အကျွေးအရာ၌ထားရှိလေ၏။

မောင်နှမ နှစ်ယောက်သုံးပင်လူသားကိုစားလေ့ရှိကြပါသည်။ပင်လယ် ခရီးမှ သင်္ဘောပျက်၍ ရောက်လာကြကုန်သော လူအပေါင်းတို့ကိုလည်း။

ဘမ်းယူ၍၊ အလုပ်အကျွေး အဖြစ်နှင့်ထားသူကိုလည်း ထား၏။ လူသား ကိုလည်းစား၏။ သို့အတွက်ကြောင့်၊ အရှင်မင်းသား—အကျွန်ုပ်တို့သည်၊ ဤကန္တာရ ဘီလူးမောင်နှမ နှစ်ယောက်တို့ပိုင်စား‌သော နယ်ပယ်အတွင်း၌၊ ရပ်တန့်နားနေခြင်းငှာ၊ မသင့်ပါဟူ၍၊ မြင်းသည် ဘုရားလောင်းအား လျှောက်ထား၊ တောင်းပန်လေသတည်း။

ထို‌အခါ ဘုရားလောင်းသည်၊ အောက်အဘို့၌ရှိသော မြေပြင်သို့ကြည့်ရှု‌သော‌အခါ၊ ကန္တာရဘီလူး၏ စရပ်တန်ဆောင်ကို မြင်လေ၏။ ဘုရားလောင်းသည်၊ အချင်းမဏ္ဍိကက္ခ—အကယ်၍ငါတို့သည်၊ ဤအရပ်၌၊ ခဏလောက် နားနေခြင်းကို မပြုခဲ့သည်ရှိသော်၊ နှမတော် ဖြစ်သော မင်းသို့သည်၊ အသက်သေရေတော့မည်အမှန်ပင်ဖြစ်ချေ၏။ ထို့ကြောင့်၊ သင်သည် အောက်သို့ဆင်း၍၊ နားပါဦးလော့ဟု ဆိုတော်မူ၏။ မြင်းသည်ကောင်းပါပြီဟု ဝန်ခံပြီးလျှင်၊ ကောင်းကင်မှဆင်းသက်၍၊ မြေပြင်သို့ရောက်သော‌အခါ၊ ဘုရားလောင်းနှင့် မင်းသို့တို့ကိုလည်း၊ မိမိ၏ ကျောက်ကုန်းထက်မှ ဆင်းသက်စေ၏၊ ဘုရားလောင်းသည်။ မင်းသို့ကိုသက်သာရာ-ရစေပြီးလျှင်၊ ရေနွေးတို့ဖြင့် ချိုးစေ၏။ ဘုရားလောင်းနှင့် မင်းသို့တို့သည်၊ စရပ်တွင်းသို့ဝင်၍၊ ပါလာသော ရိက္ခာ အစာ၊ အာဟာရတို့ကိုစား‌ကြ၏။ မြင်းလည်းစရပ်၏အပြင်ဘက် အနီးဦးရှိ‌သော ပင်တော်၊ မြေစာ နယား၊ ဆင်ငို၊ အမျိုး အလိုက်စားတတ်၊ ကြိုက်တတ်‌သော‌အာဟာရ တို့ကိုပင်ချမ်းသာစွာ၊ စား‌သောက်လျက်နေလေ၏။ ထို‌အခါညဉ့်မှောင်မိုက်သော အချိန်သို့ ရောက်သော်ကာလ၊ မဏ္ဍိကက္ခမြင်းသည်၊ စရပ်၏ တံခါး၀၊ အပြင် ဘက်ကစောင့်၍အိပ်၏။ မင်းသား မင်းသို့တို့သည်၊ စရပ်တွင်းဌာပင်၊ ချမ်းသာစွာအိပ်ကြကုန်၏၊ ထိုသို့သုံးဦးလုံးပင် အိပ်၍နေကြစဉ်၊ သန်းခေါင်ယံအချိန်ကျ‌သော အခါ၊ ကန္တာရဘီလူးသည်လာ၍၊ ဤစရပ်၌ အိပ်သူတို့ကား အသူနည်းဟု မေး၏။ မဏ္ဍိကက္ခမြင်းသည်၊ အိပ်ရာမှနိုးလတ်၍၊ ငါတို့ကို ခေါ်သူကား အဘယ်သူနည်းဟုပြန်၍မေး၏။ ဘီလူးက၊ ငါသည် ကန္တာရဘီလူးတည်း၊ ဤအရပ်နယ်ပယ်နှင့်တကွ၊ စရပ်ပါ၊ ငါ၏ပိုင်စားဖြစ်၏၊ စရပ်တွင်း၌ မည်သူမျှားရှိ‌သေးသနည်း။ ငါဘီလူး၏၊ အထံမှ အသွင်မရဘဲလျက်၊ အဘယ်ကြောင့် အိပ်စက်ကြသနည်း၊ ဒေါသ အလွန်ထံ၍၊ စစ်ထိုးခြင်းငှါ၊ အလွန်ဝါသနာရှိ‌သော၊ ကန္တာရဘီလူးဟူ၍၊ သတင်းစကား မကြားဘူး‌လေသလောဟု၊ ကြမ်းထမ်း‌သော စကားဖြင့်ပြော‌သော‌အခါ၊ မဏ္ဍိကက္ခ

မြင်းသည်။ အရှင်နှစ်ပါးတို့၏ အသက်ကို စောင့်ရှောက်သောအားဖြင့်၎င်း၊ ကာကွယ်သောအားဖြင့်၎င်း။စရင်တွင်းမှ၊မထွက်စေမူ၍၊ ကန္တာရဘီလူးကိုဆို၏။ အသင်ဘီလူး၊သင်သည်၊ ငါမြင်းနှင့်စစ်ထိုးခြင်းကိုပြုအံ့။ ဘီလူးက၊ကောင်းပြိစစ်ထိုးလေ့ဟုဆို၍၊ နှစ်ဦးသဘောတူ၊ ကောင်းကင်သို့ပျံတက်၍ စစ်ထိုးကြကုန်၏။ ထိုသို့အကြိမ်ကြိမ် စစ်ထိုးကြသောကာလ၊ မဏိကက္ခမြင်းသည်၊ အလွန် ပင်ပန်းသည်ဖြစ်၍၊ ရှုံးခြင်းသို့ရောက်၏၊ ကန္တာရဘီလူးသည်၊မဏိကက္ခမြင်းကိုယူ၍၊ မိမိ၏အစေခံဘီလူးတို့အားပေးပြီးလျှင်၊ ဤမြင်းကိုကျမ်းမာအောင်၊ဆေးဝါးကုသ၊ စောင့်ရှောက်ကြကုန်လေ့ဟုမှာထားပြောဆိုလေ၏၊

ထိုနောက်ဘုရားလောင်းနှင့်မင်းသို့ိုးတို့သည်၊စရင်၏၊ အပြင်သို့ထွက်၍၊ ထိုမှဤမှ မြင်းကိုကြည့်သော် မမြင်အကြိမ်ကြိမ် အောက်မေ့တမ်းတပါသော်လည်းမလာ၊ ဤသို့မလာသည်ရှိသော်၊ ငါတို့၏ ကျေးဇူးကိုလွန်စွာဆောင်ရွက်ပေသော၊ မဏိကက္ခမြင်းကို၊ ကန္တာရဘီလူးသည်ပင်၊ ဘယ်းယူ၍သွားမည်ထင်၏၊ သို့တည်းမဟုတ်၊ ကန္တာရဘီလူး၏၊ အစာအာဟာရပင်ဖြစ်ပြီလောမသိ။ ငါတို့အားကိုးကွယ်ရာမဲ့ဖြစ်ချေပြီ။ သြော်ငါတို့မောင်နှံ၊အဘန်တန်သောဒုက္ခတွေ့ဖြင့်တွေ့ကြတော့မည်။ ငါတို့သည်အရည်းနှီးပျက်စီးကြတော့ပါတကား၊ငိုကြွေးကြကုန်လတ္တံ့၊ မဏိကက္ခမြင်းသည်လည်းသေရာလေပြီ။ဟူသောအမှတ်ဖြင့်၊ မျက်ရည်မဆည်နိုင်အောင်၊အကြိမ်ကြိမ်ငိုကြွေးကြကုန်၏။ ။

အဟော နဋ္ဌာ ဥဘော မယံ၊
ဇိဍိတံ နော နတိဋ္ဌတိ။
မဏိကက္ခေန စ ဝိနာ၊
မညေ ဟောသာမိ ဇိဝိတံ။

ဥဒေါ၊အလှည်တူ၊ဇနီးမောင်နှံ၊သဏ္ဌာန်မြေကျောက်၊ နှစ်ယောက်ကုန်သော၊မယံ၊တလက်လက်ဝင်း၊ကိုယ်အဆင်းမှာ၊ထွန်းလင်းတောက်ပကုန်သောငါတို့သည်၊ အဟောနဋ္ဌာ၊ မရဏာစက်ကွင်း၊ သေဘက်ချဉ်း၍၊ ဆွတ်ယွင်းအမှန်၊ ဇကနဲပင်ပျက်စီးရတော့ မှာပါတကား။ နော၊ဇနီးမောင်နှံ၊ သဏ္ဌာန်မြေကျောက်နှစ်ယောက်သောငါတို့၏ဇိဝိတံ အသက်သည်နတိဋ္ဌတိ၊ယနေ့ကစ၊ ကာလရောက်၊နောင်လာရက်ရှည်၊ မတည်တော့ပြီ၊မဏိကက္ခန၊ ကျေးဇူးကြီးလှ၊ မြင်းတော်အသ၊မဏိကက္ခနှင့်၊ ဝိနာ၊အတူမနေ၊ကင်းခဲ့

လေသော်၊ ဇီဝိတံ၊ အသက်သည်၊ ဟာသာဓိမညော၊ ညှိုးငွေ့နွမ်းလျ၊ ပင်ပန်းလွယ်သဖြင့်၊ ကာလရှည်ကြာ မတည်ပါဘဲ၊ ချေရင်ကွဲ၍၊ အုန်အသဲလိုက်ကြွေ၊ သေမည်လျင်ထင်လှ၏။

ဤသို့နှစ်ပါးတံသော၊ မင်းသား၊ မင်းသို့တို့သည်၊ မကောက်ကွေ့မြင်းနှင့် ကွေ့ကွင်းရခြင်းကြောင့်။ များစွာငိုကြွေးပူဆွေးလျက်ပင်၊ စရပ်မှထွက်ခွါ၍ သွားကြလေသော်။ အထက်ကောင်းကင်၊ အာကာပြင်၌၊ မိုးသားဝိုင်းအုံ၊ မှိုင်းမှုံစိုစို၊ ညို့ညို့ရီမှောင်၊ တောင်ကြီးအိသို့၊ အိအိလွင်မီး၊ အခိုးတွေထ၊ တခဏခြင်း၊ ရွာသွန်း၍ ချမည်အလား၊ ကောင်းကင်ဗျားမှာ၊ မိုးသားအဆင်းတက်ခါကျင်းသည်ဟုထင်မြင်ကြရကုန်၏။ ရွှေကိုတလျော်၊ အစဉ်ရောက်၍သွားကြလေသော်။ဟိုရွှေမှာကား။ မှိုင်းမှုံရီမှောင်၊ ညှိုချောင်ပြာဆင်း၊ ငါးရောသေးမြစ်တို့၏စီးဆင်းရာ၊ မဟာသမုဒ္ဒရာပင်ဖြစ်သတဲ့။ ထိုမဟာသမုဒ္ဒရာ၊ အဏ္ဏဝါသို့၊ ရုတနာအလား၊ နှစ်ပါးကုန်သော၊ ငါတို့သည်၊ မကြာမကျွက်ခြင်း။ခုလက်ငင်းသွားကြစို့။ သမုဒ္ဒရာကမ်းသို့ရောက်လျှင်၊ သစ်ပင်ထိပ်ဗျားခွါ၊ ကြွားကြွားသွန်သွန်၊ အလန်ဟုဆိုအပ်သော၊ တမ်းခွန်ကို စိုက်ထူ၍ထားက၊ ကုန်သည်ဖြစ်သော၊ လူအများတို့မြင်သော်၊ ငါတို့ကို ယူကာ၊ ချမ်းသာစွာဘေးမထိ၊ အာဉ်၊ ကောင်းမွန်စွာ ဆောင်ယူကြကုန်လတံ့ဟု၊ အချင်းချင်းပြောဆို၍သွားကြလေ၏၊ သမုဒ္ဒရာကမ်းသို့ရောက်သောအခါ။ ဘုရားလောင်းသည် သစ်ပင်ထက်သို့တက်၍၊ ပါလာသောအဝတ်ကို၊ တမ်းခွန်ပြုကာစိုက်ထူလျက်ထားပြီးမှ၊ သစ်ပင်ထက်က၊ ဆင်းသက်၍၊ သစ်ပင်ရင်းခွါ၊ အာသက်အန္တရာယ်၊ ကယ်ဆယ်မည့်သူတို့ကို၊ စောင့်ဆိုင်း၍နေကြစဉ်၊ မကြာမီထိုခဏခွါ၊ ငါးရာသောကုန်သည်တို့သည်၊ သင်္ဘောနှင့် လာကြသည်ရှိသော်၊ သမုဒ္ဒရာကမ်းသို့ ရောက်ကြသဖြင့်၊ သစ်ပင်ထက်ခွစိုက်ထူ၍ထားသော၊ တမ်းခွန်ကိုမြင်၍၊ သမုဒ္ဒရာကမ်းသို့ကြည့်ရှုရာ၊ မင်းသား၊ မင်းသို့တို့ကိုမြင်၍၊ ဆိုက်ကပ် ကြပြီးလျှင်။ အခြောင်းရုံစွာမေးမြန်းကြသောအခါ။ ဘုရားလောင်းမှန်းသိ၍၊ သင်္ဘောသားတို့သည်၊ ဘုရားလောင်းမင်းသား၊မင်းသို့တို့အား၊ အလိုရှိ၍သွားလိုသော၊သမုဒ္ဒရာတဘက်ကမ်းသို့ပို့အံ့သောငှါ၊ သင်္ဘောကိုလွှင့်ဇ၏။ တနေ့ချင်းခွါပင်၊ အလွန်ကြမ်းတမ်းသော လေသည်၊ တိုက်ခတ်သည်ဖြစ်၍၊ လျှင်မြန်စွာယူဇနာခုနစ်ရာတို့ကိုင်အောင်လွှင့်လေ၏။ ကုန်သည်တို့သည်၊ ထိုသင်္ဘောကို၊ နှိုင်နင်းအောင်၊ ခုတ်ခြင်း၊ ရပ်ခြင်း၊ ပဲ့ခြင်းငှါမတတ်နိုင်ကုန်

သည်ဖြစ်၍၊ လေ၏အဟုန်သည် တဖြည်းဖြည်း ပြင်းထန်လာသည်ရှိသော်၊ သင်္ဘောသဉ္ဇ စင်၍ထားသော၊ ပျဉ်ချပ်တို့သည်။ အစစ်ဖွဲကဲ့ပျက်ကြပြီးလျှင်၊ ထိုမှ ဤမှ၊ တကဲ့တပြားစီဖြစ်၍ မျောကုန်၏။ ကုန်သည်တို့သည် သင်္ဘောပျက်သည်ကို မြင်လျှင်၊ အလွန် ကြောက်လန့်ကြကုန်သည်ဖြစ်၍၊ သည်းထန်စွာ ငိုကြွေးကြကုန်လျက်၊ မိမိတို့ကိုးကွယ်သော၊ နတ်တို့ကိုရှိခိုးကာ တောင်းပန်ကြကုန်၏။ ဘုရားလောင်းသည်ကား၊ မိဇယားနှင့်တကွ။ ထောပတ်၊ ပျား၊ တင်လဲအစရှိသည်တို့ကို၊ အလိုရှိတိုင်း စားသောက်တော်မူကြပြီး၊သော်၊ပုဆိုးကိုဆီဖြင့်ဆွတ်၍။ကိုယ်ကိုလည်း ဆီဖြင့်သွန်းလောင်း၍၊သင်္ဘော၏ရွက်တိုင်ပျားသို့ တက်၊တော်မူပြီးလျှင်၊ ဘုရားလောင်းသည်၊ မင်းသို့ကို ရင်ခွင်၌ပုဆိုးဖြင့် ချည်ပြီးနောက်၊မိမိကိုယ်နှင့်ပျဉ်ချပ်ကိုလည်း တဖန်ပုဆိုးဖြင့်ဖွဲချည်ပြီး၊သော်။ဗာရာဏသီနေပြည်တော်ရှိရာ၊ ရည်မှန်းပြီးလျှင်၊ရွက်တိုင်ပျားဖျဉ်းနှုတ်ချော၊ငါးဆင်၊ငါးမန်း၊မကာရ်း၊လိပ်၊ငါး၊မိကျောင်းစသော ရေသတ္တဝါတို့မှ။ လွတ်ကင်းရာ ဌာန ရှစ်ဥသဘ ဝေးကွာသော အရပ်သို့ ကျလေ၏။ မင်းသား မင်းသို့တို့ တကွဲစီ ဖြစ်၍မသွားရ လေအောင်၊ ပုဆိုးဖြင့် ချည်နှောင်၍ ထားပါသော်လဲ။ ရှေးအတိတ် ဘဝက၊ ပြုအပ်ပြီးသော မကောင်းမှု အကုသိုလ်ကံ လိုက်၍၊ ချည်နှောင်ထားသော ပုဆိုးသည် ပြတ်၍၊မင်းသားသည်၊ ပျဉ်ချပ်နှင့်တကွ တပါးသော အရပ်သို့ မြောလေ၏။ ။ မင်းသို့လည်း မင်းသားနှင့် ကွဲကွာ၍ မျောသွားရာ၊ အခြားသော ပျဉ်ချပ်တခုကိုရ၍။ ဝေးစွာသော အရပ် တပါးသို့ပင် မျောသွားလေသတည်း။

ထိုသို့မင်းသား၊ မင်းသို့တို့သည်၊ တကွဲတပြားစီ မျောသွားကြလေသည်ဖြစ်၍။ လိုင်းတံပိုးတို့၏ အကြားဌ၊ ငုပ်တုံ ပေါ်တုံမျောသွားကြသည်ရှိသော်၊ တဦးကို တဦးတမ်းတ၍၊ အလွန်စိုးရိမ် ပင်ပန်းခြင်း ဖြစ်ကြ၍။ ငိုကြွေးကြရကုန်၏၊ မင်းသား မင်းသို့တို့မှာလည်း။ ခံတွင်း ပါးစပ်နှုတ်သော၊ ခန္ဓာကိုယ် အင်္ဂဝိုပ်ခပ်တို့ဌ၊ ဆားငန်ရေတို့ဖြင့် တွေ့ထိသောကြောင့်၊ စပ်စပ်နာကျင်၊ ထိထိဗိုဗို၊ မှိုရိအားကိုးရာ။ ကမ်းအပြင် တို့ကိုလည်း မမြင်၊လှိုင်းလေတို့သည်၊တိုး၍ တိုး၍ ပြင်းထန်လေသောကြောင့်၊ တဦးနှင့် တဦး ဝေးသည်ထက်ဝေး၍မျောသွားကြရာလေ၏။ ၊ဤသို့ နေ့ရက်ရှည်ကြာစွာ မျောသွားကြ၍၊ စိုရပ္ပဘာ မင်းသို့မှာ၊ ကံကောင်း ထောက်မ၍နတ်များစောင်မသဖြင့်။ပင်လယ်ကမ်းသို့ ကောင်းမွန်စွာရောက်သွားလေ၏၊

ထိုသို့ရောက်သည်ရှိသော်၊ မင်းသို့သည်။ ကမ်းသို့တက်ပြီးလျှင်၊ အတိုင်းမသိ။ ကျယ်ဝန်းလှစွာသော၊ သမုဒ္ဒရာပင်လယ် ရေပြင်ကို ကြည့်လျက်။ သြော်ငါသည်းဤမျှလောက်ကျယ်ဝန်း၍ကြောက်မက်ဘွယ်သော၊ဘေးအပေါင်းတို့ ပေါများလှစွာသော၊ဆားငန်ရေပြင်ကြီး၌၊ မျော၍ လာပါကလား။ ငါ၏ မောင်တော်သည်လည်း၊ သမုဒ္ဒရာရေပြင်၌။ သေမျှားသော့ရာလေရော့ သလားဟု ကြိမ်စီစင်းစား၊ကာဘုရားလောင်းကို အောက်မေ့တော်မူသဖြင့်။ မကြည် မလင် မနှစ် မသာ၊ ညှိုးငယ်သော မျက်နှာတော်နှင့်။ သည်းထန်စွာ၊စိတ်ဆင်းရဲခြင်းသို့ ရောက်တော်မူသောကြောင့်၊ တသလိုက်ဖို ကွဲပျိုမတတ်ငိုကြွေးပူဆွေးလျက်။ ။

ကထံ ပသာမိ တံ နာထံ၊
ကထံ ဇီဝါမိ တံ ဝိနာ။
ရူပဉ္ဆေ ဏ္ဍ နုပသာမိ၊
မညေ ဧဟာသာမိ ဇီဝိတံ။ ။

မေ၊ စီရပ္ပဘာ၊ သညာကြော်သိး။ ငါမင်းသို့အား၊ နာထံ၊ အားထားရာအစစ်၊ကိုးကွယ်ရာဖြစ်သော၊တံ၊ထိုအလောင်းတော်မြတ် နှုန်းညီးနတ်ကို၊ ကထံ၊ဘယ်သို့ကြည့်ရှု၊လုံ့လပြုကာကြံစီကာလျှင်။ ပသာမိ၊ရှုတွင်ဒိဋ္ဌ၊ ရှုဆထင်ထင်၊ဖူးမြင်ရပါအံ့နည်း၊ တံ၊ထို အလောင်းတော်မြတ်၊ နှုန်းညီးနတ်ကို။ဝိနာ၊ မနေရတဲ့၊ကင်းကွာရှဲ၍။ကထံ၊ အယ်ရှိလျှင် ဇီဝါမိ အသက်ခန္ဓာမပျက်တာရှည်တည်နေနိုင်ပါအုံးနည်း။ ဧတ္ထ၊ကယ်သူမသူလူသူဝဲးကွာ၊ဘေးဘယာသွမ်း၊ ဤသမုဒ္ဒရာကမ်းဌ။ ရူပံ၊ ရှု၍မဝ၊ လှငပြေပြစ်၊ ရွယ်သစ်လွင်လွင်၊ကျေးဇူးရှင်ကို။နပ သာမိ၊ကောင်းစွာရှေ့တွင်။မတွေ့မမြင်ရတော့ပြီ။ မေ၊ စီရပ္ပဘာ၊ သညာကြော်သိး၊ငါးငင်းသို့း၏။ ဇီဝိတံ၊ အသက်သည်။ ဟာသာမိမညေ၊ ညှိုးခွေနွမ်းလျ၊ပင်ပန်းလှသဖြင့်။ကာလရှည်ကြာ၊မတည်ပါဘဲ၊ရွေ့ရင်ကွဲ၍၊ အရှဲသို့က်ကြော်၊သေရမည်လျှင်၊ ထင်လှချေ၏။ ။

ဘုရားလောင်းကို။၍သို့တမ်းတလွမ်းဆွတ်၍၊နေရစ်ရာသော၊ စီရပ္ပဘာ၊ ရတနာဒေဝီ၊နုနဲးသိကိသည်။ သိန်ကြည်လျှပ် ဇာန်နိုနတ်သို့။ မျိုးမြတ်ချစ်ရှင်။ ပိဒိ၏ ငယ်ချစ်သခင်ဖြစ်သော၊ ဇမ္ဗု။ မျက်ရှင် လောင်ဗုဒ္ဓင်မြတ် သတ္တဝန္ဒု။ ချစ်ဖွယ်ရသည့်၊နှုန်းသူမြက်ချယ်၊ နေမျိုးနွယ်ကို၊ အသွယ်သွယ်လွမ်းတ။

စိတ်သောက ပိုဗိုအားနွဲ့နွဲ့နှင့်၊ သြဝ် ငြီးကာငိုရှာလျက်ပင်၊ ထိုထို ဤဤ ကြံစိုတွေးဆ။သောကမကင်း ပြောဆိုမြည်တမ်းခြင်းကို ပြုလျက် နေစဉ်။ အရပ်မျက်နှာကိုမျှ မသိနိုင်အောင်။ မျက်စိ လည်တော် မူသောကြောင့်၊ အလိုရှိရာ အရပ်သို့ မသွားတတ်သဖြင့်။ ပိဗိ၏ မျက်မှောက်တွင် ရှိသော။ တောခရိုးလမ်းကို မြင်လျှင်။ ထိုခရိုးကိုပင်ဝေ့ခရမ်း၍။ သွားတော်မူရှာလေ၏။ ဤသို့အစဉ်သဖြင့် မကြောက်မရွံ့၊ ပိန်းမကြမ်းလုပ်၍ တွင်တွင် သွားသည် ရှိသော်။ ကံအား ထောက်မ၊ နတ်ကောင်းမ၍။ ဇုန္နပတ္တနဂိုရ်၊ မင်းနေပြည် အနိုးသို့ ရောက်လေ၏။ ထိုဇုန္နပတ္တနဂိုရ်၊ မင်းနေပြည်အနိုး မှာပင်။ တန့်ရပ်နားနေ အပန်းဖြေ၍၊ ပိဗိ၏မင်းသို့းအသွင်ကို လျှို့ဝှက်ပြီး လျှင်၊ ဆင်းရဲသို့း အသွင်ဖြင့်၊ မြို့တွင်းသို့ဝင်၍ သူဆင်းရဲ အိမ်တအိမ်၌။ အစားဆင်းရဲ၊ အနေဆင်းရဲ၊ အအိပ် ဆင်းရဲစွာနှင့်ပင်။ တည်းခို၍ နေရှာလေ၏။ ထိုအခါမင်းသို့းသည် ပိဗိ၌ပါလာသော၊ ပတ္တမြားလက်စွပ်ကို၊ သူဌေးတဦးထံသို့ သွားရောက်၍၊ ဣ၊ လွဲလေးစီးတို့ကို။ ငွေ၊ လဲလေးစီး တို့ကိုဖြင့် ရောင်းချပြီးလျှင်။ထို၊ ဣ၊ ငွေတို့ကိုယူလာ၍၊ အိမ်ရှင်အား၊လည်း၊ ဣ၊ ငွေတို့ဖြင့်၊ ပူဇော်ကံတော့သောအားဖြင့်။ ကျေးဇူးဆပ်ခြင်းကိုပြု၏။

ထို့နောက်မင်းသို့းသည်။ပိဗိ၏အလုပ်အကျွေးအလိုငှါ၊ ကျွန်ယောကျ်ား ကျွန်မိန်းမများစွာတို့ကို ဝယ်၍။ အစေအပါးအဖြစ်နှင့် ထားပြီးလျှင်၊ အိမ်ရှင်အား၊လည်း။ ပိဗိ၏ ဖြစ်ပျက်ခဲ့သမျှ အကြောင်းအရာ အလုံးစုံ တို့ကို ပြောပြ၏။ အိမ်ရှင်များကလည်း သို့းရင်းကဲ့သို့ စောင့်ရှောက် ပြုစုကြ၏။ မင်းသို့းသည်၊အိမ်ရှင်များနှင့် တိုင်ပင်၍၊အလွန်ကျေ်စေသော၊ ဗိသုကာ လက်သမား တို့ကိုငှါး၍၊ အကိုးတန်သော အကောင်းဆုံးသော ပျဉ်တို့ကိုလည်းဝယ်၍။ ပိဗိနေထိုင်စရာ ပြာသာဒ် တဆောင်ကိုလည်းဆောက်လုပ်စေ၏။ ၎င်းနောက်၊ ဇုန္နပတ္တနဂိုရ်မြို့၏။ မြို့လယ် လမ်းမ လူအများသွားလာတွေ့မြင်လွယ်သော၊နေရာအရပ်၌။အလွန် ဆန်းကြယ် ထူးဆန်း၊ ကြည့်ရှု၍ မခန်းလောက်အောင်၊ စရင်တဆောင်ကိုလည်း၊ ဆောက်လုပ်စေပြီးလျှင်၊ ထိုစရပ်၌ အစောင့် အရှောက် တို့ကိုလည်း များစွာထား၏။ အချိန်မဲ့ရွေး မည်သူမဆို၊ ဒရိုးသွားတို့ကိုလည်း။ တည်းခိုနိုင်စေ၏။ အချိန်မဲ့ရွေး လာလာသမျှကုန်သော၊သူတို့အားလည်း။ထမင်း၊ဟင်း၊အချို၊ အချဉ် စသည်တို့ဖြင့်။ပြုစုကျွေးမွေးစေခြင်းငှါ၊အစာအာဟာရ လုံလောက်စွာဖြင့်၊ အချက်အပြုတ် သမားတို့ကိုလည်း၊လုံလောက်စွာ ငှါး၍ထား၏။ အိပ်ရာ၊

နေရာ စသည်တို့နှင့်တကွ၊သောက်ရေ၊သုံးဆောင်ရေ၊ချိုးရေ တို့ဖြင့်လည်း။ လုံလောက် ပြည့်စုံစွာထား၏၊ ၎င်းပြင်လက်သမား တို့ကို၊ စရပ်၏အတွင်း အကာ အရံ ဟူသမျှတို့ဖြင့်၊ မြင်သူအပေါင်း ရွှမ်းညှာင်း လောက်အောင်။ ဆေးရောင်စုံတို့ဖြင့်၊ ရုပ်စုံ၊ ဓာတ်စုံတို့ကိုလည်း ထုလုပ်စေ၏။ ရှေးဦးစွာ ထုလုပ်သော ရုပ်စုံများမှာကား၊ ။သတ္တဝနုမင်းသားသည်၊ မဏိကက္ခ မြင်းကိုစီး၍၊စီခုပ္ပဘာမင်းသို့စံရာ၊ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်၏ တံခါးဝ သို့လာ၍နေပုံ။ ထိုနောက် မင်းသားသည်၊မင်းသို့၏ အဆောင်တော်တွင်း သို့ဝင်၍၊ မင်းသို့နှင့် အထိမ်းတော်တို့အား၊ ပန်းနံ့သာတို့ဖြင့် ဆင်မြန်း၍ ပေးနေပုံ။ထိုနောက် မင်းသို့ကိုမြင်းနှင့်တင်၍ ဆောင်ယူသွားပုံ၊ထိုနောက် ကန်တော်ရေ ဘီလူး၏ စရပ်၌တည်းခိုစေမ်းချ၍ နေကြပုံ။ ထိုနောက် မြင်းနှင့် ကန်တော်ရေ ဘီလူးတို့စစ်ထိုးပုံ၊ ထိုနောက် သမုဒ္ဒရာ ပင်လယ် ရေပြင်မှာ၊ သင်္ဘောပျက်ပုံ၊ထိုနောက် မင်းသား၊မင်းသို့တို့ ရွက်တိုင်ပေါ်သို့တက်၍၊ ဆားငန်ရေပြင်သို့ချနှဲ့ချပုံ၊ထိုနောက်ရေပြင်၌၊ လိုင်းလေတို့နှိပ်စက်၍၊တက္ကဿိ တခြားစီ မျောသွားကြပုံစသည်တို့ကို၊အလွန်အသွင် တူအောင်၊ ထုလုပ် ရေးသား စေပြီးလျှင်၊ စရပ်၌ စောင့်ရှောက်သူ တို့အားလည်း။ ဤသို့မှာ ထား၏။မည်သူမဆို ဤစရုပ်သို့ လာရောက် တည်းခိုသူတိုင်းကိုပင်၊ ရုပ်စုံ တို့ကိုပြကြရမည်။ ထိုရုပ်စုံတို့ကို ကြည့်ရှု၍၊ အကြင်သူသည်၊ နှစ်သက် ဝမ်းမြောက်စွာနှင့် ရုပ်လည်းရုပ်ငြားအံ့။ထိုနောက် အလွန်ညှို့ငယ်သော မျက်နှာဖြင့်ငိုလည်းငိုငြားအံ့။ထိုသူကိုကျွန်မ၏ နေထိုင်ရာ ပြာသာဒ်ပေါ်သို့။ အချိန်မရွေး ခေါ်ဆောင်ခဲ့စေရမည်ဟူ၍၊ မှာထားပြောဆို၍။ မင်းသို့သည်၊ ပိဒိ၏ ကြင်ရာချစ်ခင်စုံမက်နှစ်သက်အောက်မေ့လှသော။မောင်တော်ဘုရား လေးပါးနှင့်၊မဏိကက္ခ မြင်းတို့ကိုငုံးငုံး၊ခမည်းတော် မယ်တော်တို့ကိုငုံးငုံး၊ ဆွေတော်မျိုးတော်တို့ကိုငုံးငုံး၊ လွန်စွာလွမ်းဆွတ် အောက်မေ့ တမ်းတ လျက်၊တနေ့ဝင် လာနိုး၊တဖိုးသောက် ရောက်လိမ့်မည်ဟူသော အမှတ် ဖြင့်၊ မျက်ရည်စက်လက် ယိုထွက်သောလက္ခဏာနှင့်။ ရည်မှန်းကာမြော်ပါ လင့်ဘောင့်တလျက်နေလေ၏။ ။

ထိုအခါဘုရားဒလောင်းသည်။ သမုဒ္ဒရာပင်လယ်၊ဆားငန်ရေပြင်၌၊မြော သည်ရှိသော်၊ အစဉ်အားဖြင့်၊ ကန်တော်ရေဘီလူး၏။ နှမဖ အရင်း ဖြစ်သော၊ အညွှန်ဝတီဘီလူးမ၏၊ နေရာဆိပ်ကမ်းသို့ ရောက်လေ၏။ ဘုရားလောင်း လည်း၊ကမ်းသို့တက်ပြီးလျှင်၊ စိရပ္ပဘာမင်းသို့ကို၊ လွန်စွာ လွမ်းဆွတ်၊

အောက်မေ့တော်မူသဖြင့်၊ မျက်ရည်စက်လက်၊ ငိုကြွေးလျက်၊ ဌက်ပျော်တောတခုသို့ဝင်၍၊ ပုံးအောင်းကာ နေလေ၏။ တနေ့သ၌၊ အစ္စုနဝတီဘိုလူးမသည်။ မိမိသည်၊ ခိုးယူ၍ သိမ်းထားပြီး ဖြစ်သော ဘုရားလောင်း၏ နှမ ဝမ်းကွဲ၊ ကရေဏုဝတီမင်းသို့းကိုခေါ်၍၊ ရှင်မကရေဏုဝတီ၊ ရှင်မသည်၊ ငါ၏ အလုပ်အကျွေးဖြစ်သော မင်းသို့း တဆဲ့ခြောက်ယောက်တို့ကို ခေါ်၍၊ ဌက်ပျော်တော အနီးရှိ၊ ရေဆိပ်သို့သွား၍၊ ငါ၏ ချိုးရေအလို့ငှာ၊ ရေခပ်ချေလော့ဟုစေ၏။ ကရေဏုဝတီမင်းသို့းလည်း၊ တဆဲ့ခြောက်ယောက်သော မင်းသို့းတို့ကိုရေအိုး ကိုယ်စီနှင့် ခေါ်သွား၍၊ မိမိသည်အစောင့်အရှောက်၊ အဖြစ်ဖြင့်သွားကြ၍။ ဌက်ပျော်တော၏အနီး၊ ရေဆိပ်သို့ရောက်လေ၏။ ထိုအခါဘုရားလောင်းသည်၊ပထမတိုင်းပြည်၌၊ ငယ်ရွယ်စဉ်က၊ အလွန်ချစ်ခင်စွဲလမ်းခဲ့ဘူးသော၊ နှမဝမ်းကွဲဖြစ်သော ကရေဏုဝတီမင်းကိုဖြင်၍၊ ကောင်းစွာမှတ်မိလေ၏၊ ထိုမှနောက်၌၊ အလုံးစုံသော၊ မင်းသို့းတဆဲ့ခြောက်ယောက်တို့သည်။ ရေချိုးကြပြီးလျှင်၊ ရေအိုးတို့ဖြင့်၊ ရေကိုဆောင်ယူကာ၌မှသွားကြ၏၊ကရေဏုဝတီမင်းသို့းလည်း။ နောက်မှ တဖြည်းဖြည်းလိုက်၏။ ဘုရားလောင်းသည်၊ဌက်ပျော်တောဒွတွက်၍၊ ရှေ့ကသွား သော မင်းသို့းတို့မမြင်ရအောင်၊ နောက်ဆုံးကဖြည်းညှင်းသာယာစွာလိုက်သော ကရေဏုဝတီမင်းသို့းနောက်သို့လိုက်၍၊ ကရေဏုဝတီရေ၊ကရေဏုဝတီခဲ့။ခေတ္တလောက်ရပ်ဆိုင်းပါဦး၊ ခဏကလေးလောက်ရပ်ဆိုင်းပါဦးလော့ဟု၍၊ မကြားတကြား ခပ်ဟိုးဟိုးသော အသံဖြင့်၊တကျော်ကျော်ခေါ်သော အခါ၊ ကရေဏုဝတီမင်းသို့းလည်း၊ ခေါ်သံကိုကြား၍ တောင်၊ မြောက်၊လေးပါးအရပ်မျှားသို့ကြည့်ရှုရာ၊ ဘုရားလောင်းကိုမြင်သဖြင့်၊ မောင်ဝမ်းကွဲဖြစ်သော သတ္တဝနုမင်းသားမှန်းသိ၍၊ပြေးလာပြီးလျှင်၊ ဘုရားလောင်းကိုဘက်၍၊ ငိုကြွေးပူပန်လျက်၊ ဘုရားလောင်း၏ခြေတော်ရင်း၌၊ လဲကျပြီးလျှင်၊ဘုရားလောင်းနှင့် အတူပင်သတိလစ်ဟင်းမေ့လျော့၍ နေကြလေ၏။ အတန်ကြာမှ၊ နှစ်ယောက်လုံးပင်သတိရကြ၍၊ တဦးနှင့်တဦးဖြစ်ပျက်ခဲ့သမျှ၊အကြောင်းမျိုးစုံတို့ကို၊ မေးမြန်းပြောဆိုကြပြီးလျှင်၊ ကရေဏုဝတီမင်းသို့းသည်၊ အလွန်ချစ်ခင် စုံမက်ခဲ့ ဘူးသော မောင်ဝမ်းကွဲဖြစ်သော ဘုရားလောင်းအား။

ကစ္စိ ဒေဝ ကုသလံ ဝိ၊
ကစ္စိ ဒေဝ အနာမယံ။
ကစ္စိ ပိတာ အာရောဂါတော၊
ဗလဂ္ဂါနေဂမာစ ယေ။ ။

ဟူသော ဂါထာဖြင့်၊ ဤသို့မေးမြန်း လျှောက်ထားပြန်၏။ ။ဒေဝ၊ မောင်တော် ဘုရား၊ အရှင်မင်းသား။ကစ္စိ၊ဘယ်လိုပါလဲဘုရား။ကုသလံဝိ၊ ဘေးရန်ပယ်ကင်း၊ ချမ်းချမ်းသာသာနှင့်၊ကျမ်းကျမ်းမာမာများရှိပါ၍လား ဘုရား။ ဒေဝ၊မောင်တော်ဘုရား၊ အရှင်မင်းသား။ ကစ္စိ၊ ဘယ်လို ပါလဲ ဘုရား။ အနာမယံ၊ အန္တရာယ်ကင်း၊ ရောဂါရှင်းပါ၍လားဘုရား။ ဒေဝ၊ မောင်တော်ဘုရား၊ အရှင်မင်းသား။ ကစ္စိ၊ ဘယ်လိုပါလဲ ဘုရား။ တော၊ မောင်တော်ဘုရား၏။ ပိတာ၊ ခမည်းတော်မြတ်၊ပြည်လုံးနှတ်သည်၊အရောဂါ၊ ကိုးဆယ်ခြောက်ရှစ်၊ဘေးတဆစ်မျှ၊ မညိမတွယ်၊ ကင်းစင်ကြယ်ပါ၍လားဘုရား။ ဒေဝ၊ မောင်တော်ဘုရား၊ ဗလဂ္ဂါစ၊ ဆင်မြင်း ရထားခြေသည်အားဖြင့်၊ လေးပါးသောစစ်သည်တို့သည်ရှင်း၊နေဂမာစ၊များစွာပြောထူ၊ နိဂုံးသူတို့သည်ရှင်း။ နဂရေ၊ ဗာရာဏသီ၊ ဗေဟိဆော်တီး ခွေပြည်ကြီးဌ။ ယေ၊များစွာပြောထူ၊အကြင်လူတို့သည်။ သန္တိ၊ထင်ရှား ရှိကြကုန်၏။ တော၊ထိုများစွာသောင်းသောင်း လူအပေါင်းတို့သည်၊ အရောဂါ၊ကိုးဆယ်ခြောက်ရှစ်၊ဘေးတဆစ်မျှ၊ မညိမတွယ်၊ ကင်းစင်ကြယ်ပါ၍လားဘုရား။ ဤသို့နှမဝမ်းကွဲဖြင့်သောကရေကျဝဘီမင်းသို့ကမေးတော်မူလျှင် ဘုရားလောင်းက၊ နှမဖြစ်သော ကရေကျဝတီ၏၊ ကိုယ်စိတ်နှစ်ဖြာ၊ ရှင်လန်းဝမ်းမြောက်စေခြင်းငှာ။ ငါမောင်တော်မှစ၍၊ အလုံးစုံ ကျမ်းမာချမ်းသာကြပါ၏ဆိုတဲ့ အကြောင်းတို့ကို ပြန်ပြောလေ၏။

ထို့နောက် ကရေကျဝတီမင်းသို့ကား မေးပြန်၏။မောင်တော်ဘုရားမှာ၊ မကိုကကွမြင်းလဲမပါ၊ ဗာရာဏသီနေပြည်တော်ကြီးနှင် တကွ၊ ခမည်းတော်၊ မယ်တော်၊ ဆွေးတော်၊ မျိုးတော်၊မှူကြီး၊ မတ်ရာ၊သေနာပတိမှစ၍ အလုံးစုံသောစည်းစိမ်တို့ကို စွန့်ခွါ၍၊ ဘယ်အတွက်ကြောင့်ဤမျှလောက် ဝေးကွာသော ကန္တာရခရီးနှင့်၊ပင်လယ်ခရီးတို့ကိုဖြတ်သန်း၍၊ ဘယ်လိုများ ကြွလာပါသလဲဘုရား၊ ဘယ်လိုကြောင်းရာကိစ္စများရှိပါသလဲ ဘုရားဟူ၍၊ မေးမြန်းလျှောက်ထားသော အခါ၊မောင်တော်ဖြစ်သော သတ္တဝန္

မင်းသားသည်၊ နှမတော်အား၊ ဖြစ်ခဲ့သမျှအကြောင်း၊ အစ၊အလယ်၊ အဆုံး၊ အလုံးစုံတို့ကို တစမကျန်ပြန်ပြောလေ၏။ ထိုအခါ ကရေဏုဝတီမင်းသွီးက၊ ကောင်းပါပြီ ဘုရား။ အကြောင်းမျိုးစုံလဲသိရပါပေပြီ၊မောင်တော်ဘုရားမှာ၊ ယခုအခါ ဘယ်လိုမျှားအကြံရှိတယ်ဆိုတာ၊ နှမးတော်အား အလုံးစုံအမိန့်ရှိပါတော့၊ ဤနေရာ၊ ဤအရပ်နှင့် သက်ဆိုင်တဲ့ အကြောင်းရှိသ၍။ အလုံးစုံကြံစိ၊ကူညီဆောင်ရွက်၍ပေးပါမည်ဘုရား၊စိုးရိမ်တော်မမူပါနှင့်၊ သို့သော်လဲ၊ ယခုအခါမောင်တော်ဘုရားကိုအခြားသော မင်းသွီးတွေနှင့်၊ ဘိုလူးမတွေမဖြင်ရအောင်၊ ဤအရပ်၌သာ ပုံးအောင်းငုံ၍သာ နေပါဦးလော့ဟုမှာထားပြီးလျှင်၊ ကရေဏုဝတီ မင်းသွီးသည်၊ ရှေ့ကသွားသော မင်းသွီးတို့၏။နောက်မှလိုက်၍၊ အပ္ပနဝတိဘိလူးမစံစားသော ပြာသာဒ်ထက်သို့တက်ခါမျှနှင့်၊ ဘိလူးမက၊ယခုအခါ ဤအရပ်၊ဤနေရာ၊ ဤငါ၏ပြာသာဒ်ထက်၌။ မနုဿလူသား၏အနံ့သည်နံ့၏။ ဤအရပ်၌၊ လူသားမျှား လာသလောဟုမေး၏။ ကရေဏုဝတီမင်းသွီးနှင့် ရေခပ်သွားသောမင်းသွီးတဆဲ့ခြောက်ယောက်တို့က၊ဤအရပ်သို့ လူသားစင်စစ်မလာမရှိကြောင်းလျှောက်ထားကြ၏။နောက်မျှားမကြာမှီ၊ဤနည်း အတိုင်းပင် ရေခပ်သွားကြရပြန်သောအခါ၊ရေဆိပ်သို့မရောက်မီလမ်းခရီးအကြား၌၊ အပေါ်ဖြစ်သော မင်းသွီးမျှားက၊ ကရေဏုဝတီမင်းသွီးအား မေး၏။ ဘယ်လိုလဲ ကရေဏုဝတီ၊အမှန်ကိုသာ ပြောပါ၊ တစုံတခု ကိစ္စမဖြစ်ရအောင်၊ ညီမဖြစ်သော ကျွန်မတို့ကပင်၊ဖုံးအုပ်၍ထားပါမည်။ ကျွန်မတို့ရှေးဦးစွာ ပြာသာဒ်သို့တက်၍၊ရောက်သွားသောအခါ၊ အပ္ပနဝတိ ဘိလူးမက၊ ဘာတခုမျှမပြောဘဲ ရှင်မကရေဏုဝတီတက်လာကာမှ၊လူနံ့နံ့သည်ဟုပြောခြင်းသည်။ ရှင်မကရေဏုဝတီအတွက်ကြောင့်သာလျှင်ပြောတာမှန်ပါသည်။ ထိုနေ့ကရေခပ်ပြန်တဲ့အခါမှာလဲ၊ ရှင်မကရေဏုဝတီသည် ခါတိုင်းကဲ့သို့မဟုတ်၊ အတော်ဘဲနောက်ကျပါတယ်၊ကျွန်မတို့သည်၊ ကရေဏုဝတီ၏အပေါ်၌၊ မျှားစွာယနံ့မကင်းဘဲ၊ သံသယရှိနေကြပါသည်၊

ယခုမှဖြင့်၊သန်းခေါင်ထက်၊ညည့်တိုး၍မနက်းတော့ပါဘူး၊ကျွန်မတို့လဲ၊ ဖုံးနိုင်သ၍ဖုံး ဖိနိုင်သ၍ဖိပါမည်။ အကြောင်းခြင်းရာ၊ ထုတ်ဘော်ပြောပါတော့ဟူ၍၊တဆဲ့ခြောက်ယောက်သော၊ မင်းသွီးတို့က၊ အကြိမ်ကြိမ်မေးသောအခါမှ။ ကရေဏုဝတီမင်းသွီးသည်၊ သတ္တဒနေ့မောင်တော်မင်းသားနှင့်ထိုနေ့ရေခပ်ပြန်စဉ်၊ လမ်းခရီးမှာ၊ ဖြစ်ပျက်ခဲ့သမျှ အကြောင်းအရာ

အလုံးစုံတို့ကိုပြန်ပြော၏၊ ထိုအခါ တဆဲ့ခြောက်ယောက်သော၊မင်းသို့ တို့က၊ ရှင်မကရေဏုဝတိ၊ ဤယခုပြောသောစကားအတိုင်းမှန်ပါ၏လော ဟုမေးကြကုန်၏။ မှန်ပါ၏ဟုပြောလေ၏။ ထိုကဆဲ့ခြောက်ယောက်သော မင်းသို့တို့သည်၊ကရေဏုဝတိမင်းသို့နှင့်၊ တသဘောတည်းဖြင့်၍၊ဘုရား လောင်းရှိရာဌကပျော်တောသို့သွား၍၊ကြည့်ရှုကြကုန်၏။ ။

ဘုရားလောင်းသည်၊နှစ်ပေပမ်းကွဲ၊ ကရေဏုဝတိမင်းသို့နှင့်ပါလာကြ သော၊ တဆဲ့ခြောက်ယောက်သော မင်းသို့တို့နှင့်တွေ့၍၊ ဒေဖြစ်အပျက် အလုံးစုံတို့ကို၊ အချင်းချင်းမေးမြန်းစုံစမ်းကြပြီးလျှင်။ အလုံးစုံတို့ပင်လျှင်၊ ဘုရားလောင်းမင်းသားမှစ၍၊မင်းသို့တို့ပါ၊ တယောက်မကျန်၊ တိုင်းပြည် ရှင်၊ဘုရင်မင်းတို့၏သားတော်သို့တော်တို့သာဖြစ်ကြကြောင်း၊ကောင်းစွာ ယုံကြည်၊သိရှိကြပြီးနောက်၊ ကရေဏုဝတိနှင့်တကွ၊ တဆဲ့ခုနစ်ယောက် သော၊မင်းသို့တို့သည်။ ဘုရားလောင်းအား။ အလွန်အကြူးချစ်ခင်စုံမက် နှစ်သက်ကြကုန်၏။ ဘုရားလောင်းလည်း၊ ထိုအဝှာင် ချစ်ခင်စုံမက်နှစ် သက်တော်မူ၏၊ ထိုနောက်မင်းသို့တို့သည် ရေကိုယူဆောင်သွားကြ၍။ အဋ္ဌနဝတိဘီလူးမ၏ပြာသာဒ်ထက်သို့ တက်ကာမျှနှင့်၊ လူ၏အနံ့တို့သည် လိုင်ကုန်သဖြင့်၊အဋ္ဌနဝတိဘီလူးမသည်၊ ထိုလူ၏အနံ့ကိုနံ၍၊ရှင်မတို့၊သင် တို့ ယခုရောက်လျှင်ရောက်ချင်း၊ လူ၏အနံ့သည်လွန်စွာနံ၏။ အဘယ် ကြောင့်နံသနည်းဆိုတာကို။ အကယ်၍ငါ့အားမပြောကြားကုန်အုံ၊ သင်တို့ ၏အသက်သည်မရှိပြီဟု၊ ခြိမ်းခြောက်၏။ ထိုမင်းသို့တို့သည်၊ သေဘေးမှ ကြောက်သဖြင့်၊ဘီလူးမကိုတောင်းပန်ပြီးလျှင်။ အကြောင်းကိုပြောကြား သည်မှာ၊အရှင်ဘီလူးမ။ ဗာရာဏသီနေပြည်ကြီးကို အစိုးရတော်မူသော၊ ဗြဟ္မဒတ်မင်းကြီးနှင့် ကောသိုဓိဝယားခေါင်ကြီးတို့၏ သားတော်ရင်းဖြစ် သော၊ အရှင်ဘီလူးမ၏ခြေရင်းအလုပ်အကျွေး၊ ကရေဏုဝတိမင်းသို့၏၊ မျောင်တော်ဖြစ်သော၊ရုပ်ဖေအင်္ဂါမင်္ဂလာကြက်သရေမှာလဲ၊ရှုမြင်မခမ်းနှုန်း ညွှန့်၊နှုန်းလျာဖြစ်သော၊ သတ္တဝနေ့၊မည်ရထင်ရှား။ အရှင်မင်းသားသည်။ သဘော်ပျက်၍၊ ဤဆိပ်ကမ်းသို့ရောက်လာပြီးလျှင်။ ယခုအခါ။ ကျွန်မတို့ ရေခပ်ရာ၊| ရေဆိပ်၏အနီးဌကပျော်တောမှာပင်ရှိပါကြောင်း။ ပြောကြား ကြသောအခါ။ ထိုမင်းသား၏ရောက်လာကြောင်း၊ ပြောသောအသံကို ကြားရသည်နှင့်တပြိုင်နက်၊အလွန်ချစ်ခင်စုံမက်နှစ်သက်သောစိတ်ဖြစ်လာ သဖြင့်။ ဘီလူးမသည်ကြီး၏၊ အကယ်၍ ထိုမင်းသားသည်ပညာရှိသည်

ဖြစ်အံ့၊ ငါပေးလိုက်သောအမှတ်ကိုသိလတံ့၊ ပညာမရှိလျှင်၊ သိခြင်းဌါ
မစွမ်းနိုင်လတံ့ဟု၊ ဘိလူးမသည်။ မင်းသား၏ပညာစွမ်းကိုစုံစမ်းလိုသော
ကြောင့်၊သစ်ရွက်ကိုယူ၍၊မင်းသားကိုမဖြင်ဘူးသော်လဲ၊စိတ်အထင်နှင့်မှန်း
၍။ထိုသစ်ရွက်ပေါ်၌၊သတ္တဝနုမင်းသားကို၊မိမိ၏လက်ဖြင့်ပွေ့ဘက်လျက်
နေသော၊ ရုင်ပုံကိုရေးပြီးသော်၊ ကဒရဿဝတီ မင်းသို့၏လက်၌ ပေး
အပ်ခါ။အာဂယ်စင်စစ်၊ သင်၏မောင်တော်သည်။ ဤသစ်ရွက်ပေါ်၌ရေး
သော အမှတ်သညာကိုသိအံ့၊ အလျှင်အမြန်ပြန်ခဲ့လော့။ အာဂယ်၍၊ထို
အမှတ်သညာကိုမသိအံ့။ သင်၏မောင်တော် မင်းသားသည်၊ ငါ၏အစာ
ဖြစ်လတံ့ဟုဆို၍စေလွှတ်လိုက်၏။ ကရေဏုဝတီမင်းသို့သည်၊ ဘိလူးမ၏
စကားကိုကြားလျှင်၊ ငါ၏မောင်တော်သည်၊ သစ်ရွက်ပေါ် မှာရေးသော၊
ရုပ်ပုံ၏သဘောကို မသိလျှင်၊ ဇကနဒေရတောဒ္ဓမည်ဟူ၍။ အောက်မေ့
စိုးရိမ်ခြင်းဖြင့်။ရုပ်ပုံရေးသော၊သစ်ရွက်ကိုယူ၍၊ငိုကြွေးပူပန်လျက်၊ဘုရား
လောင်း၏အထံတော်သို့သွားလေ၏၊ ရောက်လျှင်ဘုရားလောင်းကိုရှိခိုး၍၊
ရုပ်ပုံသစ်ရွက်ကိုပြပြီးလျှင်။ ဘိလူးမမှာလိုက်သောစကားကို၊ ငိုကြွေး၍၊
လျှောက်ထားပြောကြားလေ၏။ ။

ဘုရားလောင်းသည်ကား။ရုပ်ပုံသစ်ရွက်ကိုဖြင်လျှင်။ စဉ်းစားတော်မူ
လျက်၊ဤဘိလူးမသည်။ ငါကိုအလွန်ချစ်ခင်ရုံမက်၊နှစ်သက်ကြောင်း။ထင်
ရှားစေခြင်းငှါ၊ ပြုသောရုပ်ပုံဖြစ်ကြောင်း ကောင်းစွာ သိရှိသည်ဖြစ်၍၊
သစ်ရွက်ပေးလာသူ၊ နှမဝမ်းကွဲဖြစ်သော၊မင်းသို့အား၊ ချစ်နှမကရေဏု
ဝတီ၊ မေိုးရိမ်နှင့်။မောင်တော်သည်။ ဤသစ်ရွက်၌ပါလာသော။ ရုပ်ပုံ၏
သဘောကိုကောင်းစွာသိ၏ဟူ၍၊ ပြောပြသောအခါ၊ နှမတော်ကရေဏု
ဝတီသည်။ဝမ်းမြောက်နှစ်သက်ရာလေ၏။ ထို့နောက်၊ သတ္တဝနုမင်းသား
သည်။ဘိလူးမ၏စိတ်သဘောထားကို သိရှိပြီးဖြစ်သည်နှင့်အညီ၊ ဖိဖိက
တဖန်ပြန်၍၊ဘိလူးမကိုလက်နှစ်ဘက်နှင့်ပွေ့ဘက်၍နေသော်၊ ရုပ်ပုံကိုပင်၊
သစ်ရွက်ပေါ်၌ရေး၍၊ ဘိလူးမအားပြရန်၊ ကရေဏုဝတီမင်းသို့၏လက်၌
ပေးအပ်လိုက်လေ၏။ မင်းသို့သည်။ မောင်တော်ကပေးလိုက်သော၊ရုပ်ပုံ
ကိုယူ၍၊ ဘိလူးမအားပြလေ၏။ ဘိလူးမသည်၊ ဘုရားလောင်းပေးလိုက်
သောရုပ်ပုံကိုမြင်၍။ ဤမင်းသားသည်။ ပညာရှိယောကျ်ားမှန်၏။ ငါ၏
အလိုဆန္ဒကို သိစွမ်းနိုင်သော ပညာစွမ်းသတ္တိရှိသည်ကိုသိ၍၊ ဘုရား
လောင်းပေးလိုက်သော၊ရုပ်ပုံကိုမြင်ရုံမျှနှင့်၊ ဘိလူးမသည်။ ဘုရားလောင်း

အား၊ အလွန်စွဲလမ်းသောနှစ်သက်ခြင်း ဒိတိဖြစ်လေသောကြောင့်၊ မင်းသားကို၊ မိမိထံသာစေလိုသောဆန္ဒဖြင့်၊ အဋ္ဌနဝတီဘီလူးမသည်၊ လျင်စွာပြာသာဒ်တွင်းသို့ဝင်၍။ အလိုရှိတိုင်းသောအဝတ်တန်ဆာ၊ ရတနာတို့ကိုရှင်း၊ ပန်းနံ့သာလိမ်းကျံစရာတို့ကိုရှင်းယူပြီးလျှင်၊ မင်းသား၏အာဘို့၊ လက်ဆောင်အလိုငှာ၊ ပေးပို့ရန်၊ ကရဝေကဝတီမင်းသို့၏လက်သို့ အပ်ပေးကာ၎င်းခိုင်းလိုက်လေ၏။ မင်းသို့လည်းဘုရားလောင်း၏ အထံသို့သွား၍။ မောင်တော်ဘုရား။ ဤယခုယူဆောင်လာသော၊ အဝတ်တန်ဆာရတနာတို့နှင့်တကွ။အသုံးခံသောပစ္စည်းတို့ကို။ အဋ္ဌနဝတီဘီလူးမသည်ဟု၊ မောင်တော်ဘုရားအား။ လက်ဆောင်အလိုငှာ၊ ပေးပို့လိုက်ပါသည်ဟု ပြောလေ၏။ ၊

ဘုရားလောင်းလည်း။ တန်ဆာတို့ကိုမြင်တော်မူလျှင်။ နှစ်သက်ဝမ်းမြောက်တော်မူသဖြင့်၊ ဇရချိုးတော်မူပြီး၍။ တန်ဆာတို့ကိုဝတ်ဆင်တော်မူ၍၊ နှမဝမ်းကွဲဖြစ်သော၊ ကရဝေကဝတီမင်းသို့နှင့်အတူ၊ ကောသရာဇာခြံးသို့မင်းကဲ့သို့၊ ကြောက်ရုံ့ခြင်းကင်းလျက်၊ ဘီလူးမ၏ပြာသာဒ်သို့သွား၍၊ တဆဲ့ခြောက်ယောက်သောမင်းသို့တို့ကို၊ ခေါ်ဆောင်ပြီးလျှင်။ သိကြားမင်းနှိမ်နင်းခြင်းရှိသကဲ့သို့အသားတူ၊ ဘုရားလောင်းသည်၊ ကရဝေကဝတီအစရှိသောမင်းသို့အခြံအရံတို့ဖြင့်၊ အလွန်တင့်တယ်သော၊ ကိုယ်ရောင်၊ ကိုယ်ဝါတို့ဖြင့်၊ ဘီလူးမ၏ပြာသာဒ်တွင်းသို့ဝင်၍၊ သင့်လျော်သောနေရာ၌၊ ခဲဝန့်စွာနေတော်မူ၏၊ အဋ္ဌနဝတီဘီလူးမသည်လည်း၊ ဘုရားလောင်း၏တင့်တယ်ခြင်းကြောင့်လျှင်၊ အလွန်လျှင်နှစ်သက်၊ စုံမက်လေသောကြောင့်။ ယောကျ်ားမြတ်သခင်၊ အရှင်မင်းသား။ အရှင်မင်းသားသည်၊ အလိုတော်ရှိသည်အတိုင်း၊ ကျွန်မ၏စံမြန်းရာ၊ ပြာသာဒ်တွင်းဌာနအလိုရှိသလောက်စံစားတော်မူပါ။ ကျွန်မအိမ်ရာ၊ ဂုတနာကြာချို၊ ရွှေသလွန်ထက်ဌာ၊ ထိုင်တော်မူပါဘုရား။ နတ်သုခါနှင့်အသားတူသော၊ အာဟာရတို့ကိုသုံးဆောင်တော်မူပါဘုရားဟူ၍၊ ဝတ်တရားနှုတ်ပြည့်စုံအောင်၊ ပြုစုရ၍။ချစ်ခင်စုံမက်နှစ်သက်ဖွယ်ကျက်၊ စံစားကာနေကြလေသတည်း။ ၊

ဤကား။ဘုရားလောင်းသတ္တဝနုမင်းသားသည်၊ ကန္တာရဘီလူး၏နှမအရင်းဖြစ်သော၊ အဋ္ဌနဝတီဘီလူးမနှင့်နှစ်ကြိမ်မြောက်၊ ပညာစွမ်းကိုပြ၍။ လက်ဆပ်ခန်းပြီး၏။ ။

———:o:———

ဘုရားလောင်းသည်။ ဤသို့အားဖြင့်၊ ဘီလူးမနှင့် နေတော်မူသော ကာလ၊တွေ့သဖြင့်၊ကရေဏုဝတီမင်းသို့းကိုခေါ်တော်မူ၍၊ချစ်နှမ၊ဤအရပ်၌၊ မဏီကက္ခမြင်းရှိသလောဟု မေးတော်မူ၏၊ အရှင်မင်းသားကဘုရား ဘီလူးထံ၌ရှိပါ၏ဟုဆို၏၊ မောင်တော်သည်၊ ထိုမြင်းကိုအာဘယ်နည်းနှင့် ရနိုင်ပါအံ့နည်းဟုမေးတော်မူ၏။ စိုးရိမ်တော်မမူပါနှင့်၊ အစ္စုနဝတီဘီလူးမ ထံမှရနိုင်ပါ၏၊ အာဘယ်ကြောင့်ဆိုသော်။ ဤအရပ်၌မနိုး မဝေးဖြစ်သော အရပ်၌၊ မောင်တော်မင်းသား၏၊ကျင်ရာ အစ္စုနဝတီဘီလူးမ၏၊ မောင် အရင်းဖြစ်သော၊ ကန္တာရဘီလူးသည်ရှိ၏။ ထိုမောင်အရင်းဖြစ်သော၊ ကန္တာရဘီလူးသည်၊နှမအရင်းဖြစ်သော၊ အစ္စုနဝတီဘီလူးမကိုအလွန်ချစ်၏၊နှမကပြောတိုင်းနားထောင်၏။ နှမကအလိုရှိသည်ဆိုလျှင်၊မျက်လုံးကိုပင်ထုတ်၍ပေးမည်။အသက်ကိုလိုလျှင်၊ အသက်ကိုပင်ပေးမည်ဟူ၍ဝန်ခံထားသည်ကို၊ကျွန်မနှမတော်ကိုယ်တိုင်းကြားသိခဲ့ပါသည်။ သို့အတွက်၊ မောင်တော်သည်။အကယ်၍၊ မဏီကက္ခမြင်းကို၊ မည်သည့်အခါမဆို အလိုရှိလျှင်၊ အစ္စုနဝတီဘီလူးမကိုသာ၊ ပြောပြတော်မူပါ။ အမှန်ပင်ရနိုင်ပါလတ္တံ့ဟူ၍၊လျှောက်ထားပြောဆို၏။ ထိုအခါဘုရားလောင်းသည်၊မိမိ၏အနှစ်သဒ္ဒါ ကျေးဇူးရင်ဖြစ်သော၊ မယ်တော်ကို၊ အောက်မေ့တမ်းတ၍ ငိုကြွေးတော်မူ၏။ ထိုအခါအစ္စုနဝတီဘီလူးမသည်၊ မောင်တော်ဘုရား အာဘယ်ကြောင့် ငိုကြွေးပါသနည်းဟုမေးလျှင်၊ဘုရားလောင်းသည်၊မယ်တော်ကိုလွန်စွာလွမ်းဆွတ်သောကြောင့်ငိုကြွေးရသည်။ အကယ်၍မောင်တော်သည်၊ မယ်တော်နှင့်တာရှည်စွာကွဲ၍ နေရငြားအံ့၊ မောင်တော်၏ အသက်သည်မရှိတော့ဘဲ။အမှန်ပင်သေရလတ္တံ့။ ထိုကြောင့်မယ်တော်ထံပြန်လို၍၊ ငိုကြွေးရခြင်းဖြစ်ပေသည်ဟု ဘီလူးမအားပြန်ပြောသောအခါ။ ဘီလူးမက၊ကောင်းပါပြီ။ စိုးရိမ်ပူဆွေး၊ ငိုကြွေးခြင်းကိုပြုတော်မမူပါနှင့်၊ မောင်တော်သည်၊ မယ်တော်ထံပြန်လိုလျှင်၊ ပြန်နိုင်ပါ၏။ သို့သော်လဲ တာရှည်စွာ မနေပါနှင့်၊ မယ်တော်ကိုအလွမ်းပြေလောက်လျှင်၊ အမြန်ပြန်ခဲ့ပါ။နှမတော်အပေါ်မှာလဲ၊ ငဲ့ညှာတော်မူပါဘုရား၊ မောင်တော်သည်၊ မယ်တော်ထံပြန်မည့်ကိစ္စမှာ၊ ဘယ်လို အရာမျှားအလိုရှိပါသနည်း၊ နှမတော်ဘီလူးမသည်၊ ဘယ်လိုနေရာက၊ဘယ်လိုကိစ္စမျှားဆောင်ရွက်၍ပေးရပါမည်နည်း၊ အလိုရှိရာကိုသာအမိန့်ရှိတော်မူပါဘုရားဟူ၍ ပြောကြားလျှောက်ထားလေ၏၊ ထိုအခါဘုရားလောင်းသည်။ နှမတော် အစ္စုနဝတီ

၏၊ မောင်အရင်းထံမှာရှိသော မဏိကကွင်မြင်းကိုရနိုင်လျှင်၊ မယ်တော်ထံအမြန်ပြန်နိုင်ရန် အလွန်လွယ်ပါသည်။ သို့မဟုတ်လျှင်၊ အလွန်ခဲယဉ်းပါလိမ့်မည်ဖြစ်၍။ ထိုမြင်းကိုရအောင်ကြံဆောင်၍ ပေးပါလော့ဟု၊ ဘုရားသောင်းသည်၊ အစ္စုနဝတီဘီလူးမအား ပြောကြား၏။ မင်းသားပြောသောစကားကိုကြားရ၍၊ ဘီလူးမသည်။ မောင်အရင်းဖြစ်သော ကန်ဘာရဘီလူးထံသို့သွား၍၊ မဏိကကွင်မြင်းကိုတောင်း၍။ ပဉ္စလာခဲ့ရန်၊ ကရဏ္ဍဝတီမင်းသို့မင်းကိုစေလွှတ်၏။

မင်းသို့သည်၊ ကန်ဘာရဘီလူးထံသွား၍။ အစ္စုနဝတီဘီလူးမ၊ မှာလိုက်သော အကြောင်းစကားတို့ကို ပြောကြားသော အခါ၊ ကန်ဘာရ ဘီလူးသည်၊ နှစ်သက်ဝမ်းမြောက်စွာနှင့်ပင်၊ မဏိကကွင်မြင်းကိုပေးလိုက်၏။မင်းသို့သည်၊မြင်းကိုယူလာ၍၊ ဘုရားလောင်းအား ပြလေ၏။ မြင်းကို မြင်ရသောအခါ၊ ဘုရားလောင်းက၊ အမောင်မဏိကကွင်-ငါသည်၊ စီရပွဘာမင်းသို့နှင့်လည်းကွေကွင်း၍ နေရလေပြီ၊သင်နှင့်လဲကွေကွင်း၍ နေရလေသောကြောင့်၊ မင်းသို့နှင့် အမောင် မဏိကကွင်မြင်းတို့အား၊ ငါသည်နေ့စဉ်၊ တနေ့မပြတ် ငိုကြွေးလျက်ပင်၊ ခဏခဏအောက်မေ့ပူဆွေးလျက်နေရလေ၏ ဟူ၍ပြောကြားလေ၏။ ထိုအခါမဏိကကွင်မြင်းသည်၊ အရှင်မင်းသားဤအရပ်၌၊ ကြာမြင့်စွာ မနေပါနှင့်ဟုဆို၏လော့၏။ မြင်း၏စကားကိုကြားလျှင်၊ ဘုရားလောင်းသည်။ ကောင်းပြီဟုဝန်ခံတော်မူပြီးလျှင်၊ အမောင်မဏိကကွင်၊ငါတို့သည် တရက်မျှ၊ဤအရပ်၌ဆိုင်းငံ့၍ နေပြီးလျှင်၊ သွားကြကုန်အံ့ဟုဆိုကောင်းမူ၏။ မြင်းကလည်းကောင်းပါပြီဟု ဆိုပြီးလျှင်၊ ထိုအရပ်၌၊ဘုရားလောင်းနှင့်မြင်းတို့သည်၊ အတူတကွ နေကြလေ၏။ ဘုရားလောင်းသည်၊ နှမ ဝမ်းကွဲဖြစ်သောကရဏ္ဍဝတီကိုမှာကြား၏။ ချစ်နှမ-သင်သည်၊ ဤအရပ်၌နေဦးလော့၊ဘီလူးမအားလည်းတစုံတရာမျှ မပြောလေနှင့်၊ မောင်တော်သည်၊ မဏိကကွင်မြင်းကိုစီး၍၊ မယ်တော်ရှိရာ၊ ဇာရာဏသီနေပြည်တော်သို့၊ ခေတ္တပြန်ဦးမည်။ နောက်မှ၊ နှမတော်ကို မြင်းနှင့်လာ၍ ခေါ်ဆောင်မည်။ စိတ်ချ၍သာ နေရစ်ဦးလော့ဟုမှာထားပြီးလျှင်၊ ဘုရားလောင်းသည်၊မြင်းကိုတင်းတလိုက်သော အခါရောက်လာ၏၊ ဘီလူးမ၊မသိအောင်၊ဘုရားလောင်းသည်။တိတ်တဆိတ်မြင်းကိုစီး၍၊ကောင်းကင်သို့ပျံတက်တော်မူ၏။ ထိုခဏ၌ ဘီလူးမသည်၊ ရိပ်မိသဖြင့်၊ထိုမှ ဤ

မှ ကြည့်ရှုသည်ရှိသော်၊ ဘုရားလောင်းကို မဖြင့်သဖြင့်၊ နှစ်ဘက်သော လက်တို့ဖြင့် ရင်ကို ထုလျက်၊ အလွန်ပင်ပန်းစွာ၊ ငိုကြွေးလေ၏၊

ဒေဝရာဇာ မမသာဓိ၊
ကဏ္ဍဂတ္တိ သမာဂတာ၊
ဇေတိရောဓ နိဝတ္တတု၊
မာ မံ ဓဟာသိ ဇေဋ္ဌိကာ။

ဒေဝ၊ ကျွန်မသည်းချာ၊ လောင်းဖြတ်စွာ။ မမသာဓိ၊ ကျွန်တော်မ၏၊ ချစ်လှရတနာ၊ လောင်းဖြတ်စွာဖြစ်သော။ ရာဇာ၊ ဗာရာဏသီ၊ ဌာနီကြဌန်း။ မြို့တော်နန်းကို၊ စံမြန်းလေတတ်၊ မင်းဗြဟ္မဒတ်၏။ ခင်သွေး ရတနာသား သည်းချာသည်။ ကဏ္ဍ၊ ဘသ်မြို့ဒေသာ၊ ဘယ်ရပ်ရွာသို့။ ဂတ္တိ၊ မနားမနေ၊ ရောင်ခွာလေ၍၊ သမာဂတာ၊ ဘေးရန် မသန်း၊ စိတ်ဇောမ်း၍၊ ရှာင်လန်း ကြည်သာ၊ ရောက်နိုင်ပါအံ့နည်း။ ရာဇာ၊ မြင်းပျံစီး၍၊ ကောင်းကင်ပျံသွား၊ ချစ်လှရတနာ လောင်းမြတ်စွာ။ ဇေတိ၊ အဇဋူပြင်ကျယ်၊ ကောင်းကင်လယ်မှ၊ ခဏမကြာပြန်ခဲ့ပါလေ၊ နိဝတ္တတု၊ နောက်ကိုလှည့်၍၊ ငဲ့ကွက်စာနာ ပြန်ခဲ့ပါလော။ မံ။ အဋ္ဌနဝတီ သည်မည်ရ၊ ကျွန်တော်မကို။ ဇေဋ္ဌိကာ၊ အဘော်မယ်ကော်၊ စိတ်ရတာက်နှင့်၊ အိပ်စက်ပါသေး၏၊ သောကာဒုက္ခ၊ ပရိဒေဝ၊ ဖြစ်မှာမို့။ မာဇဟာသ်၊ ကရုဏာကင်း၊ မချစ်လျှင်းဘဲ၊ ရှောင်ကွင်း၍သာ၊ မစွန့်ပါနှင့်ဘုရား-ဟူ၍ အကြင်ကြင်တမ်းတခေါ်ရာ၊ ငိုကာယိုကာ တစာစာနှင့်၊ တဖန်လက်ကိုမြှောက်၍ လျှောက်ထားပြန်၏။

ဇေတိ မမ ဇဏ္ဍိသသိ၊
ဒါသိစ ပရိစာရိကာ၊
ဂဏ္ဍိသသိ မဟာရာဇ၊
နေဝံ ဟောသတံ ဇိဝိတံ၊

မဟာရာဇ၊ ဗာရာပြည်ဘွားလောင်းမြတ်စွာ။ ဇေတိ၊ အဇဋူပြင်ကျယ်၊ ကောင်းကင်လယ်မှ၊ ကြွတော်မူခဲ့ပါဘုရား ၊မမ၊ အဋ္ဌနဝတီ သည်မည်ရ၊ ကျွန်တော်မအား၊ ဂဏ္ဍိသသိ၊ နောက်သို့လွှဲ၍၊ ငဲ့ကွက်ပြန်ကာ၊ သနား

ညွှာ၍၊ခေါ်လှဲ့ပါဘုရား။ မဟာရာဇာ၊ဗာရာပြည်ဘွား၊လောင်းမြတ်စွာ။ ပရိစာဂိကာ၊ လက်နှယ်ခြေဆုပ် အလုပ်အကျွေးဖြစ်ကုန်သော။ ဒါသိစ၊ ဂိုကြွလေငြား၊ အစေအပါးများကိုလည်း။ ဂဏ္ဍိသဿိ၊ နောက်သို့လှဲ့၍၊ ငံ့ကွက်ပြုကာ၊သနားညွှာ၍ ခေါ်လှဲ့ပါဘုရား။ ဇဝံ၊ တကိုယ်တော်ချင်း၊ ဘေဒ်ခြာင်ကွင်း၍၊ အခင်းမလှ၊မခေါ်ဘဲကြွတော်မူသော်။မေ၊အဠုနဝတိ၊ သည်မည်ရ၊ ကျွန်တော်မ၏၊ ဇိဝိတံ၊ အသက်သည်။နပေဟသားတိ၊နေ့ရက်ကြာရှည်မတည်တော့ပါဘုရားဟူ၍၊အဠုနဝတိဘိလူးမသည်၊ပြင်းစွာသောဒိုင်းကြွေးခြင်းဖြင့်ဒိုင်းကြွေးလျက်၊နေရတော့သည်သာလျှင်ဘ ည်း။ ၊ထိုအခါမြင်းသည်၊ဘုရားလောင်းကိုဆောင်၍ကောင်းကင်သို့ပျံ၊လ၏၊ထိုသို့အစဉ်အတိုင်းပျံသွားသည်ရှိသော်၊ဇာန္ဒုပတ္တနဂိုဏ်ပြည်သို့ရောက်လေ၏၊မြင်းကိုမြို၏ပြင်ဘက် သင့်တင့်သောအရပ်၌။ နေလွဟုမှာထားပြီးလျှင်၊ မိမိသည်ပုဏ္ဏား၏အသွင်ဖြင့်၊ မြို့တွင်းသို့ဝင်၍၊ စိရပ္ပဘာမင်းသို့၏အကြောင်းကို။ စုံစမ်းကာသွားလေသော်၊ မြို့လယ်၊သမ်းဆုံ၊ လမ်းခွလူအများ ဆုံရာအရပ်တို့ဝင်းဦးပင်၊ စိရပ္ပဘာမင်းသို့ဆောက်လုပ်ထားသောစရပ်၏ ကြည့်ရှုဘွယ်တင့်တယ်၊ခမ်းနား၊ ထူးဆန်းသောအကြောင်းကိုပြောကြားနေကြသည်ကိုကြားသိရ၍။ ဘုရားလောင်းသည်။ထိုစရပ်၏အကြောင်းကို။ ထပ်လောင်းကာမေးမြန်းပြန်၏။ လူတို့သည်၊ ပုဏ္ဏားအသွင်ဖြင့်မေးသောဘုရားလောင်းကို၊ ဇစုံစုံစွာ၊တစမကျွန်ဆောက်လုပ်သော စရပ်ရှင်နှင့်ဟာ ကွ၊အသုံးစုံပြောပြသော အခါ၊ ဘုရားလောင်းသည်၊ထိုဧရပ်၌တည်းခို နေထိုင်လိုကြောင်းပြောပြန်၏၊ လူတို့သည်၊ ဘုရားလောင်းပုဏ္ဏားအား၊စရပ်ရှိရာကိုလမ်းညွှန်ပြကြ၏၊ ဘုရားလောင်းသည်။ ဧရပ်ရှိရာသို့သွား၍၊စရပ်စောင့်တို့အား၊ မိမိသည်၊ ခရီးသွားဧည့်သည်ဖြစ်၍၊ စရပ်၌ ခဏတာ တည်းခိုလိုကြောင်း ပြောလျှင်၊အစောင့်တို့က၊ ကောင်းပါပြီဟုဆို၍။ အိပ်ရာ၊ နေရာ၊ သောက်ရေ၊ သုံးဆောင်ရေ၊ ထမင်း၊ ဟင်း၊ အပျော်ယမကာတို့ကိုလုံလောက်စွာ ပေး၍နေစေ၏၊ နံက်ဖိုးလင်း အချိန်သို့ရောက်သောအခါ၊ စရပ်စောင့်ဖြစ်ကုန်သော အလုပ်အကျွေးကျွန်မတို့သည်၊ ပုဏ္ဏားအသွင်ရှိသောဘုရားလောင်းအား၊ ဤသို့ဆိုကြကုန်၏၊ အရှင်ပုဏ္ဏား၊ အရှင်သည် ဤစရပ်၌၊ စိမံထုလုပ်ရေးသားခဲ့ထားသော ရုပ်စုံတို့ကိုကြည့်ရှုပါလော့။ရှေးရှေးသော၊ဧည့်သည်တို့သည်လည်း။ ဤကဲ့သို့ပင် အစ၊ အလယ်၊ အဆုံးအလုံးစုံ တို့ကိုကြည့်ရှုချီးမွမ်း၍ သွားကြပါသည်၊ ထို့ကြောင့် အရှင်ပုဏ္ဏားသည်လည်း။

အစအဆုံး ဝေဖုံအောင် ကြည့်ရှုဝေဘဲ့ခုပါဟု၍၊ ပြောပြ တိုက်တွန်းကြသောအခါ၊ ဘုရားလောင်းလည်းလွှဲလည်၍ ဝေဖုံအောင်ကြည့်ရှုတော့မူသည်ရှိသော်၊ ဘုရားသောင်းသင်္ဘာဓနုမင်းသားသည်၊ မင်္ဂလိကကွမြင်းကို စီး၍၊ စီရပုဘာမင်းဘွဲ့စံစားသော ပြာသာဒ်သို့ လာသည်ကစ၍၊ ကန့်ရာဂိရီလူးဂိုရာဇာကဲ့ပုံ၊ သမုဒ္ဒရာပင်လယ်တွင်းဦးသင်္ဘောပျက်၍မြောသွားကဲ့ပြား၍သွားကြပုံ ထိုအောင် ထုလုပ်ခဲ့သား၊ ဆေးဆောင်ရုံ ချယ်ထားသော ဓာတ်သွားဓာတ်သာတို့ကိုမြင်၍၊ အလွန်ဝမ်းမြောက်စွာနှင့်၊ ရယ်လည်းရယ်၏၊ ငိုလည်းငို၏၊ ဤသို့သော အဖြစ်အပျက် ပုဏ္ဏားအသွင်ဘုရားဒလောင်း၏ ဖြစ်အင်၊ အမူအရာတို့ကို၊ စရင်စောင့်ဖြင်သော ဒကွးကွန်ပိန်းမတွေ့မြင်သောအခါ၊ ဧရင်ရှင်မင်းဘွဲ့ထံသို့သွားကြ၍၊ လျှောက်ထားပြောဆိုကြ၏၊

ထိုသို့ကွန်မတို့ပြောဆိုသော အသံကိုကြား၍၊ စီရပုဘာမင်းဘွဲ့ သည်၊ စဉ်းစား၏။ ယခုကွန်မအစေခံများလာရောက်ပြောကြားသောစရပ်၌ တည်းဒိုလျှက်ရှိသော ပုဏ္ဏားသည်၊ ဇကန်စင်စစ်အားဖြင့်၊ ပုဏ္ဏားမဟုတ်၊ ငါ၏ကြင်ရာမောင်တော်ဖြစ်သော ဘုရားလောင်းသင်္ဘာဓနုမင်းသား ပင်တည်း၊ ထို့ကြောင့်၊ ငါ၏ဒေထံသို့ခေါ်လာအံ့သောဌာနသင့်၊ ဘုရားလောင်း တည်းခိုရာဧရပ်သို့ပင်၊ ငါပင်သွားမှသင့်ထွေမည်အကျက်ဖြစ်ပေသည်ဟု၍၊ မင်းသည်းသည်၊ အောင့်အည်း၍ မရနိုင်ဘဲ၊ အသွယ်သွယ်သောမျက်ရည်၊ ယိုစီးထွက်၊ ထွက်မြဲနွားပြာသာဒ်ထက်မှ ဆင်းသက်ပြီးလျှင်၊ ဘုရားလောင်း၌ ရာသို့သွား၏၊ မြင်လျှင်မြင်ချင်း၊ ဘုရားလောင်းမှန်းသိ၍၊ မောင်တော်ဘုရားသောင်း၏ ဘန်းသို့ချဉ်းကပ်ထွက်၊ ခြံခြရင်းခွဲဦးခါင်းဆိုက်၍၊ ရင်ပတ်လည်တိုး အလွန်ဂမ်းနည်းစွာဖြင့်၊ အထူးထူး၊ အပြားပြားသော စကားတို့ကို၊ လျှောက်ထားပြောဆိုထုက်၊

သိကံမ ဟနယံ အန္တ၊
သန္တံ မေဝသာကသလ္လံ၊
တံဒိသွာ သာပိကံ ဒဝ၊
အသောကော မဘဝိသတိ၊

ဒေဝ၊ စမ္ပူရာဇာသွေးဝင်အတု၊ နွဲ့နဲ့နယ်နယ်၊ ရွှဲ့ယိမ်းတေ ငိုးမြိုးနှောင်း

ညံ့အိ၊ မျက်စိအသရေဖြင်တဲ့၊ အရှင်မင်းသား။ အစ္ဆနကိဖြန်မန္ဒ၊ဤယ နေ့၌၊ မေ၊စိရပ္ပဘာ၊ နန်းတောင်ညာ၏။ဟဒယံ၊ရင်မှာရဖုံး၊နှလုံးသားသည်။ သိတံ၊ ရေတွေ့သည့်ပန်း၊ လွန်ရွှင်လန်းသို့၊ ဇေမ်းလှပါပြီတုရား၊မေ၊ ညာ နတ်ဒေဝီ၊ မဟာသိဿ၊ ကျွန်တော်မ၏၊ သောကသလ္လံ၊အရှင်မင်းသား၊ရွှေ နန်းဘွားနှင့်၊ ကွာခြားသော ကြောင့်၊ စိတ်စိုးနှောင့်သည့် သောက၊ဒုက္ခ၊ ပရိဒေဝသည်။ သန္တုမေဝ-သန္တံဇေဝ၊ ရေတွေ့သည်ပန်း.လွန်ဇေမ်းသို့၊ ရွှင် လန်းလှပါတော့သည်သာလျှင်တည်း။ သာမိကံ၊ချစ်ကြင်ရတနာ၊ခင်လွန်စွာ သည့်၊ ကြင်မြည္ဘာဖြစ်သော၊ တံ၊မောင်တော်ဘုရား၊ရွှေနန်းဘွားကို။ဒိသွာ၊ ရှေ့၌ထင်ထင်၊ တွေ့ကာမြင်၍။ မေ၊ စိရပ္ပဘာ၊ နန်းတောင်ညာအား။ အ သောကော၊ စိုးရိမ်မရှိ ကင်းလွတ်ဘိ၍၊ တအိအိရွှမ်း၊ ဝိတိလွမ်းသည်။ ဘဝိသတိ၊အမှန်မုချဖြစ်ရပါ့တော့သည်ဘုရား၊ ။

၍သို့အားဖြင့်၊ စိရပ္ပဘာမင်းသို့သည်၊ နှလုံးသည်းပွတ်ကဲ့သို့၊ **အ**လွန် ချစ်ခင်တော်မူသော၊ မောင်တော်ဘုရား၊ ၊ယနေ့အတို့၌၊ကျွန်တော်မ၏၊ သောက၊ ဒုက္ခ၊ ပရိဒေဝတွေမျှားလှသောင်းသောင်း၊ခိုအောင်းနေတဲ့၊ အ သည်းနှလုံး၊ ယူကျုံးမရ၊ စိတ်ဒုက္ခအဖြာဖြာတို့သည်၊ မောင်တော်ဘုရား နှင့်တွေ့ရသောကြောင့်၊ ရေတွေ့သောပန်း၊ လွန်ရွှင်လန်းခြင်းသို့၊ ဇေမ်းလှ ပါပြီဘုရား၊ **အ**ဖြာဖြာ**အ**တန်တန်သော စကားတို့ဖြင့်၊လျှောက်ထား လေ သောအခါ၊ မောင်တော်ဘုရားလောင်းသည်၊တာရာညစ္စာ ကွေကွင်း၍ နေ သော၊ စိရပ္ပဘာမင်းသို့ကိုတွေ့ဖြင်ရသဖြင့်၊**အ**ားရနှစ်သက်၊ ရုံမက်ချစ်ခင် တော်မူလှ၍။ အထူးထူး၊အပြားပြား၊မျှားစွာသော ချစ်ဘွယ်စကားတို့ကို။ စိရပ္ပဘာမင်းသို့နှင့် ပြောဆိုတော်မူ၏၊**အ**လုံးရုံသော မြို့နေသူလူအပေါင်း တို့သည်လည်း။ရှေးက၊ သတ္တဓနုမင်းသားဟူသော**အ**မည်၊ သတင်းစကား ကိုသာ ကြားဘူးကြသဖြင့်။ ယခု**အ**ခါ သတ္တဓနုမင်းသား၊ ဘုရားလောင်း ကို၊ ကိုယ်တိုင်ဒိဋ္ဌတွေ့ကြုံကြရ၍၊ မျှားစွာ ချီးမွမ်းအံ့သြကြပြီးလျှင်၊ တုန် လှုပ်ခြောက်ချားကြကုန်၏။ ဤန္ဒပတ္တနဂိုရ နေပြည်တော်ကိုအစိုးရတော်မူ သော မင်းကြီးလည်း၊ သတ္တဓနုမင်းသားရောက်လာကြောင်းကြားရသော ကြောင့်၊ လက်ဆောင်တို့ကိုယူပြီးလျှင်၊ ဘုရားလောင်းရှိရာသို့သွား၍၊ အ သင်မင်းသား၊ ဤလက်ဆောင်တို့ကိုလည်းယူပါ။ ၍**အ**ကျွန်ုပ်၏၊ တိုင်း ပြည်၌လည်း၊မင်းလုပ်စိုးစံစရာလည်း။ အကြိမ်ကြိမ် တောင်းပန်လေ ၏။

ဤသို့ဇာနုပတ္တနဂိုရ်နေပြည်တော်ကြီး၌၊ မင်းအဖြစ်ကို၊ အပ်နှင်းသော်လည်း။မင်းသားသည်တောင်းပန်၍။ ထိုမင်းအဖြစ်မှ၊ပယ်တော်မူပြီးလျှင်။ ဇာနုပတ္တနဂိုရ်နေပြည်တော်၌၊ နှစ်ရက်၊သုံးရက်မျှနေတော်မူပြီးသော်၊ မင်းကြီးကိုပန်ကြား၍။ မင်းထိုင်၏ကျေးကျွန်းတို့ကိုလည်း။ ကျွန်အဖြစ်မှ ပယ်နုတ်၏။မင်းသို့၏ပထမတည်းခိုနေထိုင်ဘူးသော၊ အိမ်ရှင်တို့အားလည်း။ ဖွေငွေရာနာတို့ဖြင့်၊ကျေးဇူးဆပ်ပြုနှစ်ဖော်၏။ ဇာနုပတ္တနဂိုရ်နေပြည်တော်ရှိ၊ လူအပေါင်းတို့အားလည်း။ တချားလမ်းကြောင်းကောင်းရည်ရွယ်ပြု၊ ဆုံးမတော်မူပြီးလျှင်၊ မကောက်ကွေ့ဖြင်းကိုအောက်မေ့တမ်းတ၍၊ ရောက်လာသောအခါ။စိရပ္ပဘာမင်းသို့နှင့်တကွ။ မြင်းကိုစီး၍။ ဗာရာဏသီနေပြည်တော်သို့၊ပြန်လည်ကြွသွားတော်မူကြလေကုန်၏။ ထိုသို့အစဉ်သဖြင့်သွားသည်ရှိသော်။ သတ္တဓနုမင်းသား၏၊ ဘွားရာဇာတိ၊ မယ်တော်ရှိရာ၊ ဗာရာဏသီနေပြည်တော်သို့၊ကောင်းမွန်ချမ်းသာစွာရောက်တော်မူလေ၏။ ဘုရားလောင်း၏မယ်တော်၊ ကောသန္ဒီမိဖုရားခေါင်ကြီးသည်။ သားတော်သွားသောနေ့မှစ၍၊ နေ့ရောညဉ့်ပါဘယ်ခါမပြတ်၊ မျက်ရည်တို့ဖြင့်ပြည့်လျက်။ဘုရားလောင်း၏၊ပြန်လာခဲ့သောခရီးကိုသာကြည့်ရှုလျက်၊ပြာသာဒ်နန်းတံခါးဝ၌သာလျှင်၊ အမြဲထိုင်ကာ၊ မြော်ရှာလျက်နေလေ၏၊ ဘုရားလောင်းနှင့်စိရပ္ပဘာမင်းသို့တို့သည်၊မြင်းပေါ်မှဆင်းသက်၍၊ နန်းတော်သို့တက်ကြပြီးလျှင်၊ကောသန္ဒီမယ်တော်ကြီးရှိရာ၊ရိုသေလေးမြတ်စွာသွားကြ၍၊ ခြေရင်းခို၊ဦးခေါင်းဆိုက်လျက်၊ သုံးဦးလုံးပင်၊ငိုကြွေးကြကုန်၏။ ။

ထိုသို့အသီးအသီး၊ မျက်ရည်စက်လက်၊ ယိုထွက်သောလက္ခဏာနှင့်၊ လွန်စွာငိုကြွေးကြပြီးနောက်၊ချမ်းသာရာကို၊ရကြသောအခါ။မပျင်းတော်နှင့်တကွ၊ဆွေတော်မျိုးတော်မူးကြီး၊မတ်ရာ၊ သေနာပတိ၊ စစ်သည်၊ ဗိုလ်ပါ၊ တိုင်းသူပြည်သား၊လူအမျိုးတို့သည်။မင်းတို့၏အခမ်းအနားတို့ဖြင့်၊ ကြီးကျယ်စွာစီမံကြပြီးလျှင်၊ ဘုရားလောင်းသတ္တဓနုမင်းသားအား၊ ရာဇာဘိသေကဘိသိက်၊ သီရိပဒေသနာဘိသိက်စသည်တို့ဖြင့်၊ သွန်းလောင်း၊ချိုးမြှောက်ကြ၍၊မင်းအဖြစ်ကိုအပ်နှင်းတော်မူကြကုန်၏။ ဘုရားလောင်းလည်း။ မင်းအဖြစ်သို့ရောက်ပြီးနောက်၊စိရပ္ပဘာမင်းသို့အားလည်း၊ တောင်နန်းစံ၊ အဂ္ဂမဟာသီဓိဗုယားကြီးအရာ၌ချိုးမြှောက်၍၊ တိုင်းပြည်စိုးစံအုပ်ချုပ်၊မင်းလုပ်ထုံးကို၊နေကြလေကုန်သတည်း။ ။

ဤကား။ ဘုရားလောင်းသတ္တာခနုမင်းသားသည်၊ ဘွားများစာတိ၊ နေရင်း ဌာနဖြစ်သော၊ ဗာရာဏသီ နေပြည်တော်သို့ပြန်လည် ဆိုက်ရောက်ခမ်း ပြီး၏။ ။

———— ○ ————

ထိုနောက်သတ္တာခနုမင်းသားသည်။ မင်းအဖြစ်သို့ရောက်တော်မူပြီးမှ၊ ကန့်ဘရဘီလူး၏နှမ၊ အဋ္ဌနဝတီဘီလူးမနှင့်နှမဝမ်းကွဲဖြစ်သော၊ ကရေဏုဝတီမင်းသို့မိုးကို၊ လွန်စွာအောက်မေ့ လှသည်တကြောင်း။ ၎င်းပြင် ချစ်ခင်ရုံမက်ခဲ့ဘူးသော၊ တဆဲ့ခြောက်ယောက်သောမင်းသို့မိုးကိုလည်း၊ အောက်မေ့သွသည်တကြောင်း။ ဤသို့အကြောင်းကြောင်းတွေကို၊ တွေး တော၍။စဉ်းစားပြန်သည်မှာ၊ သြဝါဒိတ်မချမ် သာဘဲလူကြီးနှင့် ကျန်ရစ်ခဲ့ သော၊နှမဝမ်းကွဲ၊ ကရေဏုဝတီမင်းသို့ကိုလည်းသွား၍၊ ယူဆောင်မှ သင့်မည်။ တဆဲ့ခြောက်ယောက်သောမင်းသို့တို့ကိုလည်း ယူဆောင်၍၊ နေရင်းဌာန၊ အသိုးသိုးသောနေပြည်တော်တို့သို့၊ ရောက်အောင်၊ သနား သောအားဖြင့်ပို့ဆောင်မှသင့်မည်၊ အဋ္ဌနဝတီဘီလူးမသည်လည်း။ ငါနှင့် ၎င်အတူနေလိုပါက၊ ယူဆောင်၍နေစေမှသင့်မည်။ ထိုပြင်ယောက်ဖတော် ဖြစ်သော၊ ကန့်ဘရဘီလူးအားလည်း၊ ဒုရိုက်အကျင့်တို့ခွ ရှောင်ကြဉ်ရ လေးအောင်၊ ငါ၏ပညာစွမ်းသတ္တိဖြင့်၊ သိသအကျင့်၌တည်အောင်တရား လမ်းခကြောင်း၊ ကောင်းစွာညွှန်ပြ ဆုံးမမှသင့်လျော်မည်ဖြစ်သောကြောင့်။ ဘုရားလောင်းသည်၊ မယ်တော်နှင့် စိရပ္ပဘာဝဖုယားတို့အား။ အကျိုး အကြောင်းရုံလင်စွာပြောဆိုတောင်းပန်ပြီးလျှင် မကိုကလွှမြင်းတော်ကဲ့စီး ၍။ကန့်ဘရဘီလူး၏နေရာသို့ထွက်တော်မူ၏။ ထိုကန့်ဘရဘီလူး၏ နေရာ အရပ်သို့ရောက်တော်မူလျှင် ဘီလူး၏ပြာသာဒ်အထက်၊ ကောင်းကင်ပြင်မှ ရပ်လျက်၊ ဘီလူးကိုခေါ်တော်မူပြီးလျှင်၊ ဟဲ့ဘီလူးကြီး-ငါ၏ကြင်ရာမယား ဖြစ်သော၊ သင်၏နှမအရင်း၊ အဋ္ဌနဝတီဘီလူးမကို၊ ငါ့အားအမြန်းပေး လော့။ အကယ်၍မပေးခဲ့သည်ရှိသော်။ သင့်အား အကြီးအကျယ်ဒုက္ခ ရောက်အောင်၊ ဆုံးမရသတဲ့ဟု၍ ပြိန်းချောက်တော်မူ၏။ ဘီလူးသည်၊ ကောင်းကင်ကရပ်၍၊ ပြောသောဘုရားလောင်း၏အသံကိုကြားသျှင်။ အဋ္ဌန ဝတီဘီလူးမ၏အထံသို့သွား၍၊ ချစ်နှမ၊သတ္တာခနုမင်းသားသည်။သင်၏ခင် ပွန်းဖြစ်သော်လာဟူမေး၏။ ဘီလူးမကမှန်ပါ၏ဟု ဆို၏။ ထိုအခါကန့်ဘရ

ဘီလူးသည်။ဘုရားလောင်းအား။ယောက်ျားဖြတ်လာလေ၍၊ငါ၏မကိုသင့်အားပေးအံ့ဟုဆို၏။ ဘုရားလောင်းသည်မျှင်းနှင့်တကွ၊ ကောင်းကင်မှဆင်းသက်၍၊အစ္စုနဝတီဘီလူးမ၏ပြာသာဒ်သို့ဝင်ဘေဝ်မူ၍ ကြောက်ရှိုခြင်းကင်းလျက်၊သိကြားမင်း၏တင့်တယ်ခြင်းကဲ့သို့။ တင့်တယ်စွာအစ္စုနဝတီဘီလူးမနှင့်အတူ ထိုင်နေတော်မူ၏၊ထိုအခါ၊ ကန္တာရဘီလူးသည်၊ မျှ စွာသောဘီလူးပွဲသဘင်၊ အပျော်အပွဲငါတို့ကိုစိမ်ခင်းကျင်းပြီးလျှင်၊ ဘုရားလောင်းသတ္တဝေနမင်းသားအား၊ အစ္စုနဝတီဘီလူးမနှင့် လက်ထပ်မင်္ဂလာပြုတော်မူ၏။ ။

ဤသို့သက်ထင်မင်္ဂလာပြုပြီးလျှင်၊ ဘုရားလောင်းသည်။ ဘီလူးမ၏ပြာသာဒ်၌ပင် စံစားလျက်နေစဉ်၊ ကန္တာရဘီလူးနှင့်အဆွေအရံဖြစ်သော၊ ဘီလူးအပေါင်းတို့အား၊ဒုစရိုက်ဘို့၏အပြစ်ကြီးကြောင်းပြ၍။ ငါးပါးသီလခွဲအကျိုးကြီးကြောင်းကိုလည်း။ ဥပမာမျှားစွာတို့ကိုဆောင်၍၊ ပြသဟောကြားဆုံးမတော်မူလေသော်ကြောင့်။ ကန္တာရဘီလူးနှင့်တကွ၊ ကြားနာရသမျှဘီလူးအပေါင်းဝှိသည်။ သတိသံဝေဂမျှားစွာရကြပြီးလျှင်။ ဘုရားလောင်းဆုံးမသော ငါးပါးသီလခွဲတည်ကြကုန်၏။ ဤသို့အားဖြင့် ဘုရားလောင်းသည်၊ကန္တာရဘီလူးစသော၊ ဘီလူးအပေါင်းတို့ကို၊ တရားဓမ္မဟောကြားဆုံးမပြီးလျှင်။ တဆဲ့ခြောက်ယောက်သောမင်းသွီးအပေါင်းတို့ကိုလည်း၊အသိုးအသိုးသောမင်းသွီးတို့၏နေပြည်တော်သို့ မဏိကက္ခဖြင်းနှင့်တင်၍။ကောင်းစွာပြန်၍ပို့လေသောကြောင့်၊ချက်ကြကုန်၏၊နှမဝမ်းကွဲဖြစ်သော၊ကဉ္စနဝတီမင်းသွီးနှင့် အစ္စုနဝတီဘီလူးမတို့ကိုလည်း မြင်းနှင့်တင်၍၊ဗာရာဏသီနေပြည်တော်သို့ဆောင်ယူ၍၊ချမ်းသာစွာနန်းတော်၌စံစားစေ၏။ ဘုရားလောင်းလည်းကြီးစွာသော မင်း၏စည်းစိမ်ဖြင့်စံစားလျက်၊မင်းတို့ကျင့်ရာဆယ်ဖြာသောဓမ္မ။သင်္ဂဟလေးမည်၊ ခြောက်တည်သောနာယကဂုဏ်၊ အပရိဟာနိယတရားခုနစ်ပါးတို့နှင့်ညီညွတ်စွာ၊စောင့်ရှောက်၊မင်းလုပ်စိုးစံတော်မူလေ၏၊ရဝေ့၊ရဟန်း၊ ပုဏ္ဏားတို့အားလည်း။ အလှူဝတ်ကို အမြဲပြုတော်မူ၏။ တိုင်းသူပြည်သား လူအမျိုးတို့အားလည်း။လူတို့ကျင့်ရာ၊မြတ်ဓမ္မတို့ကိုလည်း အမြဲဆုံးမတော်မူ၍၊ အသက်အတိုင်းနေပြီးလျှင်။ နတ်ပြည်သို့လားကြကုန်၏၊ ဤသို့အားဖြင့်၊ ဘုရားလောင်းသတ္တဝေနမင်းသားမှစ၍၊ အလုံးစုံသောသူတို့သည်၊ လူပြည်၊နတ်ပြည် ဗြဟ္မာပြည်တို့ဌာကြည်လည်စုံဆန်ကြပြီးလျှင်၊ဤဘဒ္ဒကမ္ပာ၌။ ။

၈။ ။ဘုရားလောင်းသတ္တဝေနုမင်းသားဏ္ဍ၊ ခမည်းတော်ပြဟ္မဒတ်မင်းကြီးသည်၊သုဇွါဒနမင်းကြီးဖြစ်လာ၏။ ။

၂။ ။ဘုရားလောင်း၏မယ်တော်ကောသနိဒေဝီဖုယားကြီးသည်၊ မယ်တော်မဟာမာယာဒေဝီဖြစ်လာ၏။ ။

၃။ ။စိရပ္ပဘာမင်းသို့၏၊ခမည်းတော်သေတမင်းကြီးသည်၊ အရှင်ပေါမောဂ္ဂလန်ဖြစ်လာ၏။ ။

၄၊ ။စိရပ္ပဘာမင်းသို့၏၊မယ်တော်၊ ပဒုမဂန္ဓာဒေဝီဖုယားကြီးသည်၊ ဒိထွေးတော်ဂေါတမီဖြစ်လာ၏။ ။

၅၊ ။စိရပ္ပဘာမင်းသို့၏ အာထိန်းတော်သည်။ ဥပ္ပလဝဏ် ဖြစ်လာ၏။ ။

၆။ ။မဏိကက္ခဖြင်းသည်၊ကဏ္ဍကဖြင်းဖြစ်လာ၏ ။

၇။ ။အစ္ဆနဝတီဘီလူးမသည်။အဇပါလဘီလူးမဖြစ်လာ၏။ ။

၈။ ။ဘုရားလောင်း၏ နှမဝမ်းကွဲ ကရေဏုဝတီမင်းသို့သည်။ ဇနပဒကလျာဏီမင်းသို့ဖြစ်လာ၏။ ။

၉၊ ။ကောသနိဒေဖုယားကြီးကိုသားဆုပေးသော၊ သိကြားမင်းသည်၊ အရှင်အနုရုဒ္ဓါဖြစ်လာ၏။ ။

၁၀။ ။ကန္တာရဘီလူးသည်။သာတာဂိရိနတ်ဖြစ်လာ၏။ ။

၁၁။ ။စိရပ္ပဘာမင်းသို့သည်၊ရာဟုလာမယ်တော်၊ယသောဓရာဒေဝီဖြစ်လာ၏။ ။

၁၂။ ။သတ္တဝနုမင်းသားသည်၊ သိဒ္ဓတ္ထကုမာရ မင်းသားဖြစ်လာ၍၊ ဥရုဝေဠုတော။မဟာဗောဓိပင်အောက်၊ အပွဲရာဇိတပလ္လင်မထက်၊ ဒုက္ကရစရိယာ၊ခြောက်နှစ်အလွန်၊ သစ္စာလေးပါး တရားတော်မြတ်ကို၊ ဉာဏ်တော်တဆဲနှစ်ပါးတို့ဖြင့်၊ ပိုင်းခြားဝေဘန်၍ ထိုးထွင်းသိမြင်တော်မူပြီး လျှင်၊သာကီနွယ်ဘွား၊ အရှင်ဂေါတမ၊မြတ်စွာဘုရားဖွင့်အဖြစ်သို့ရောက်တော်မူလေသတည်း၊ ။

ဤကားဘုရားလောင်းသတ္တဝနုနိပါဂ်၊ဇာတ်တော်ကြီးသည်။အကျဉ်းအားဖြင့်ပြီး၏။ ။

ဘီလူးသည်။ဘုရားလောင်းအား။ယောက်ျားဖြတ်လာလေ၍၊ငါ၏မကိုသင့်အားပေးအံ့ဟုဆို၏။ ဘုရားလောင်းသည်မျှင်းနှင့်တကွ၊ ကောင်းကင်မှဆင်းသက်၍၊အစ္စုနဝတီဘီလူးမ၏ပြာသာဒ်သို့ဝင်ဘေဝ်မူ၍ ကြောက်ရှိုခြင်းကင်းလျက်၊သိကြားမင်း၏တင့်တယ်ခြင်းကဲ့သို့။ တင့်တယ်စွာအစ္စုနဝတီဘီလူးမနှင့်အတူ ထိုင်နေတော်မူ၏၊ထိုအခါ၊ ကန္တာရဘီလူးသည်၊ မျှ စွာသောဘီလူးပွဲသဘင်၊ အပျော်အပွဲငါတို့ကိုစိမ်ခင်းကျင်းပြီးလျှင်၊ ဘုရားလောင်းသတ္တဝေနမင်းသားအား၊ အစ္စုနဝတီဘီလူးမနှင့် လက်ထပ်မင်္ဂလာပြုတော်မူ၏။ ။

ဤသို့သက်ထင်မင်္ဂလာပြုပြီးလျှင်၊ ဘုရားလောင်းသည်။ ဘီလူးမ၏ပြာသာဒ်၌ပင် စံစားလျက်နေစဉ်၊ ကန္တာရဘီလူးနှင့်အဆွေအရံဖြစ်သော၊ ဘီလူးအပေါင်းတို့အား၊ဒုစရိုက်ဘို့၏အပြစ်ကြီးကြောင်းပြ၍။ ငါးပါးသီလခွဲအကျိုးကြီးကြောင်းကိုလည်း။ ဥပမာမျှားစွာတို့ကိုဆောင်၍၊ ပြသဟောကြားဆုံးမတော်မူလေသော်ကြောင့်။ ကန္တာရဘီလူးနှင့်တကွ၊ ကြားနာရသမျှဘီလူးအပေါင်းဝှိသည်။ သတိသံဝေဂမျှားစွာရကြပြီးလျှင်။ ဘုရားလောင်းဆုံးမသော ငါးပါးသီလခွဲတည်ကြကုန်၏။ ဤသို့အားဖြင့် ဘုရားလောင်းသည်၊ကန္တာရဘီလူးစသော၊ ဘီလူးအပေါင်းတို့ကို၊ တရားဓမ္မဟောကြားဆုံးမပြီးလျှင်။ တဆဲ့ခြောက်ယောက်သောမင်းသွီးအပေါင်းတို့ကိုလည်း၊အသိုးအသိုးသောမင်းသွီးတို့၏နေပြည်တော်သို့ မဏိကက္ခဖြင်းနှင့်တင်၍။ကောင်းစွာပြန်၍ပို့လေသောကြောင့်၊ချက်ကြကုန်၏၊နှမဝမ်းကွဲဖြစ်သော၊ကဉ္စနဝတီမင်းသွီးနှင့် အစ္စုနဝတီဘီလူးမတို့ကိုလည်း မြင်းနှင့်တင်၍၊ဗာရာဏသီနေပြည်တော်သို့ဆောင်ယူ၍၊ချမ်းသာစွာနန်းတော်၌စံစားစေ၏။ ဘုရားလောင်းလည်းကြီးစွာသော မင်း၏စည်းစိမ်ဖြင့်စံစားလျက်၊မင်းတို့ကျင့်ရာဆယ်ဖြာသောဓမ္မ။သင်္ဂဟလေးမည်၊ ခြောက်တည်သောနာယကဂုဏ်၊ အပရိဟာနိယတရားခုနစ်ပါးတို့နှင့်ညီညွတ်စွာ၊စောင့်ရှောက်၊မင်းလုပ်စိုးစံတော်မူလေ၏၊ရဝေ့၊ရဟန်း၊ ပုဏ္ဏားတို့အားလည်း။ အလှူဝတ်ကို အမြဲပြုတော်မူ၏။ တိုင်းသူပြည်သား လူအမျိုးတို့အားလည်း။လူတို့ကျင့်ရာ၊မြတ်ဓမ္မတို့ကိုလည်း အမြဲဆုံးမတော်မူ၍၊ အသက်အတိုင်းနေပြီးလျှင်။ နတ်ပြည်သို့လားကြကုန်၏၊ ဤသို့အားဖြင့်၊ ဘုရားလောင်းသတ္တဝေနမင်းသားမှစ၍၊ အလုံးစုံသောသူတို့သည်၊ လူပြည်၊နတ်ပြည် ဗြဟ္မာပြည်တို့ဌာကြည်လည်စုံဆန်ကြပြီးလျှင်၊ဤဘဒ္ဒကမ္ပာ၌။ ။

လောဘသည်၊ သောတာပတ္တိမဂ်မှာ ပေါ်သော။ သမုဒယ သစ္စာဟူ၍ပင် ဖွတ်ယူကြလေ ။

၃။ ။ပိပိဇ္ဈ အစ္ဆရိယဉ္စဒ္ဓမ္မာသော။ ခန္ဓာနာမ်၊ရုပ်၊ပရမတ် တရားတို့ကို၊ ဉာဏ်မှာ၊ ကောင်းကောင်းပေါ်လာလျှင်၊ ရှေ့ရှေ့က ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊သတ္တဝါစသည် ထင်ဖြင့်စွဲလမ်းချက်ဟူသမျှသည်။ပရမတ်မဟုတ်၊ ပညတ်မျှသာ ဖြစ်၏ဟူ၍။ ဉာဏ်မှာထင်ဖြင့် ပိုင်နိုင်လျှင်၊ ပိပိဇ္ဈ အစ္ဆရိယဉ္စဒ္ဓမ္မာသော။ အတိတ်ဘဝက ပါလာခဲ့သမျှသော၊ အကုသိုလ်၊ ဒုစရိုက်ကံဟောင်းဟူသမျှတို့နှင့်၊ ပစ္စုပ္ပန်ဘဝ၌ ထွေကြုံသမျှသော၊ အကုသိုလ်၊ ဒုစရိုက်ကံသစ်တို့ပါ အကုန်လုံး၊ ကင်းဖြာဘဲ ချုပ်ငြိမ်းကြလေကုန်၏။ ထိုသို့ကင်းဖြတ် ချုပ်ငြိမ်းလျှင်၊ အပါယ် ဘေး။ အပါယ်မီးတို့သည်၊ငြိမ်းကြကုန်၏။ဤကဲ့သို့ အပါယ်ဘေး အပါယ်မီးတို့၏ငြိမ်းခြင်း သိတိသုခ ။သန်လို့သုခသဘောသည်၊ သောဘာပတ္တိမဂ်မှာပေါ်လာသော။နိဗ္ဗောဓသစ္စာဟူ၍မှတ်ယူကြလေ။ ။

၄။ ။ပိပိဇ္ဈ အစ္ဆရိယဉ္စဒ္ဓမ္မာသော၊ ခန္ဓာနာမ်၊ ရုပ်တို့သည်။ ယေးကျား။ မိန်းမ၊ပုဂ္ဂိုလ်၊သတ္တဝါ မဟုတ်၊ယောကျား၊မိန်းမ၊ ပုဂ္ဂိုလ်၊သတ္တဝါသည်၊ ခန္ဓာ၊နာမ်၊ရုပ်မဟုတ်၊ ယေးကျား၊မိန်းမ၊ပုဂ္ဂိုလ်၊သတ္တဝါဟူသော အမည်ပညတ်သည်။ ပရမတ်သဘောသာ အမှန်ဖြစ်သော၊ ခန္ဓာ၊ နာမ်၊ ရုပ်တို့၏ အပေါ်၌။ တင်စား၍ ခေါ်သော၊ ပညတ်မျှသာ ဖြစ်သည်ဟူ၍၊ ဉာဏ်မှာ ထင်လာ ပိုင်ပိုင် သိမြင်နိုင်လျှင်၊သောတာပတ္တိမဂ်မှာ ပေါ်လာသော။ အနတ္တာ၊ မဂ္ဂသစ္စာဟူ၍မှတ်ယူကြလေ။ ။ဤကားသောတာပတ္တိမဂ်၊ စိတ္တက္ခဏာ၌ ပေါ်လာသော၊ အရိယာသောတာပန်နှင့်သာ၊သက်ဆိုင်သော သစ္စာလေးပါး ကိုပြဆိုခန်းပြီး၏။ ။

—o—

၁၊ ၊သကဒါဂါမိဖလဉ္စ သစ္စာလေးပါးပေါ်ပုံ။ ။သကဒါဂါမ် အရိယာပုဂ္ဂိုလ်သည်။ သောတာပန် ပုဂ္ဂိုလ်တို့မြင်သော၊ ဒုက္ခသစ္စာ ထက်ပိုမို၍၊ရာဂ၊ဒေါသ၊မောဟတို့၏ ဘေးဒုက္ခတို့ကင်းမြင်၏။ ထို့ကြောင့်၊ သောတာပန်ပုဂ္ဂိုလ်တို့ မြင်သော၊အပါယ်ဘေးနှင့်၊ ရာဂ၊ ဒေါသ၊ မောဟတို့၏ ဘေးဒုက္ခတို့သည်။သကဒါဂါမိမဂ်ဖိုလ်ဉာဏ်မှာ ပေါ်လာသော၊ ဒုက္ခသစ္စာဟူ၍မှတ်ယူကြလေ။ ။

၂၊ ။အတ္တဒီဠှ၊ ဝါ၊သက္ကာယဒီဠှကိုတွယ်တာနှစ်သက်သော။တဏှာလောဘနှင့်၊ ရာဂ၊ ဒေါသ၊ မောဟနှင့် ပတ်သက်သော၊ တဏှာ လောဘတို့သည်၊ သကဒါဂါမိမဂ် စိတ္တက္ခဏမှာ ပေါ်လာသော၊ သမုဒယသစ္စာဟူ၍မှတ်ယူကြလေ။ ။

၃။ ။အပါယ်ဘေးဒုက္ခအပေါင်းတို့မှ။ ငြိမ်းခြင်း၊သန့်သုခ၊ သိတိသုခချမ်းသာကိုရ၍။မြင်ရသည်ထက်၊ ရာဂ၊ ဒေါသ၊ မောဟတို့ခေါင်းပါးခြင်းဘို့သည်၊သကဒါဂါမိမဂ် စိတ္တက္ခဏမှာ ပေါ်လာသော၊ နိရောဓသစ္စာဟူ၍မှတ်ယူကြလေ။ ။

၄။ ။သကဒါဂါမ်ပုဂ္ဂိုလ်တို့သည်။ မိမိတို့၏ အစ္ဆတ္တ၊ခန္ဓာ၊နာမ်၊ရုပ်တို့၏ အနိစ္စပိဋ္ဌာ၊ ဒုက္ခပိဋ္ဌာ၊ အနတ္တပိဋ္ဌာတို့ကို နှလုံးသွင်း၍၊ ဥာဏ်မှာထင်မြင်ခြင်းသည်၊သကဒါဂါမိမဂ်စိတ္တက္ခဏမှာ ပေါ်လာသော၊ မဂ္ဂသစ္စာဟူ၍ မှတ်ယူကြလေ။ ။ဤကားသကဒါဂါမိမဂ် စိတ္တက္ခဏမှာ ပေါ်လာသော။သစ္စာလေးပါးကိုပြဆိုခန်းပြီး၏။ ။

၁။ ။အနာဂါမိမဂ်၌၊ သစ္စာလေးပါး ပေါ်ပုံ။ ။ကာမဂုဏ် ငါးပါးကြောင့်ဖြစ်သော၊ ဘေးဒုက္ခဟူသမျှ အကုန်။ ရာဂစိတ်ကြောင့်ဖြစ်သော ဘေးဒုက္ခအကုန်။ ဒေါသကြောင့် ဖြစ်သော၊ ဘေးဒုက္ခ အကုန်။ ထိုဘေးဒုက္ခဟူသမျှဘို့ကို ဖြင့်လျှင်၊ အနာဂါမိမဂ်စိတ္တက္ခဏမှာ ပေါ်လာသော၊ ဒုက္ခသစ္စာဟူ၍မှတ်ယူကြလေ။ ။

၂။ ။ကာမဂုဏ်ငါးပါးနှင့် ပတ်သက်သော၊ တဏှာ၊ ရာဂနှင့် ပတ်သက်သော၊ တဏှာ၊ ဒေါသနှင့်ပတ်သက်သော တဏှာတို့သည်။ အနာဂါမိမဂ်စိတ္တက္ခဏမှာ၊ပေါ်လာသော၊သမုဒယသစ္စာဟူ၍မှတ်ယူကြလေ။

၃။ ။ကာမဂုဏ်ငါးပါးနှင့် ပတ်သက်သော၊ ဘေးဒုက္ခဟူသမျှတို့၏။ ချုပ်ပြတ်ငြိမ်းခြင်း။ရာဂ၊ဒေါသတို့နှင့် ပတ်သက်သော၊ ဘေးဒုက္ခတို့၏။ ချုပ်ပြတ်ငြိမ်းခြင်း။သိတိသုခ၊သန့်သုခကိုးသည်။ အနာဂါမိမဂ် စိတ္တက္ခဏမှာပေါ်လာသော၊နိုးရောဓသစ္စာဟူ၍၊မှတ်ယူကြလေ။ ။

၄။ ။အတ္တဘဝခန္ဓာ၊ နာမ်၊ရုပ်တို့မှာ ပေါ်လာသော။ အနိစ္စပိဋ္ဌာ၊ ဒုက္ခပိဋ္ဌာ၊အနတ္တပိဋ္ဌာတို့ဥာဏ်မှာထင်မြင်ခြင်းသည်။အနာဂါမိမဂ် စိတ္တက္ခဏ

မှာပေါ်လာသော၊ မဂ္ဂသစ္စာဟူ၍ မှတ်ယူရာ၏၊ ။ဤကား၊ အနာဂါမိမဂ် စိတ္တက္ခဏမှာပေါ်လာသော။သစ္စားလေးပါးကို ပြဆိုခန်းပြီး၏။ ။

—o—

၁၁။ ။အရဟတ္တမဂ်၌သစ္စာလေးပါးပေါ်ပုံ။ ။ခပ်သိမ်းသော ကိလေသာတို့နှင့်ပတ်သက်သော၊သံသရာဘေးဒုက္ခဟူသမျှတို့ ဉာဏ်မှာ ထင်မြင်လျှင်၊ အရဟတ္တမဂ်စိတ္တက္ခဏမှာ ပေါ်လာသော ဒုက္ခသစ္စာဟူ၍၊ မှတ်ယူရာ၏။ ။

၂။ ။ခပ်သိမ်းသော၊ ကိလေသာ၊ တဏှာ၊ လောဘ ဟူသမျှတို့ကို ဉာဏ်မှာထင်မြင်လျှင်။အရဟတ္တမဂ်စိတ္တက္ခဏမှာပေါ်လာသော။သမုဒယသစ္စာဟူ၍မှတ်ယူရာ၏။ ။

၃။ ။ခပ်သိမ်းသော၊ ကိလေသာတို့နှင့် ပတ်သက်သော၊ ဘေးဒုက္ခဟူသမျှတို့သည်၊ခပ်သိမ်းသော၊ကိလေသာတို့ကင်းပြတ်ချုပ်ငြိမ်းသည်နှင့်တပြိုင်နက်၊ ထိုဘေးဒုက္ခ ဟူသမျှ တို့သည်လည်း။ ကင်းပြတ် ချုပ်ငြိမ်းကုန်၏၊ဤသို့ဘေးဒုက္ခဟူသမျှ၊ကင်းပြတ်ချုပ်ငြိမ်း။ငြိမ်းခြင်း၊ သိတိသုခ၊ သန္တိသုခတို့သည်၊ အရဟတ္တမဂ် စိတ္တက္ခဏမှာ ပေါ်လာသော၊ နိရောဓသစ္စာဟူ၍မှတ်ယူရာ၏။ ။

၄။ ။အစ္ဆိတ္တာခန္ဓာ၊ နာမ်၊ ရုပ်တို့မှာ ပေါ်လာသော။အနိစ္စဝိဇ္ဇာ၊ ဒုက္ခဝိဇ္ဇာ၊အနတ္တဝိဇ္ဇာတို့ဉာဏ်မှာထင်မြင်ခြင်းသည်။အရဟတ္တမဂ် စိတ္တက္ခဏမှာပေါ်လာလော၊မဂ္ဂသစ္စာဟူ၍မှတ်ယူရာ၏။ ။

ဤကားအရဟတ္တမဂ်စိတ္တက္ခဏမှာ ပေါ်လာသော၊သစ္စာလေးပါးတို့ကို ပြဆိုခန်းပြီး၏၊ ။ဤသို့ ယခုပြဆိုခဲ့သမျှသော၊ သစ္စာလေးပါး တို့သည်၊ စာချုနည်းသစ္စာလေးပါးမျိုးလည်း မဟုတ်၊ ကျမ်းဂျေးနည်း သစ္စာလေးပါးမျိုးလည်း မဟုတ်၊ တရား ဟောနည်း သစ္စာလေးပါး မျိုးလည်း မဟုတ်။ တရားကိုအားထုတ်နှလုံးသွင်း၍၊ အလုပ်လုပ်သောအခါ။ တဖြည်းဖြည်း ဉာဏ်ရင့်သန်၍၊ မဂ်စဉ်အတိုင်းမှာ ပေါ်လာသော။ အလုပ် သစ္စာလေးပါးမျိုးသာဟုတ်၏၊ မှန်၏။ ဤသို့ အလုပ် သစ္စာလေးပါး ဟုတ်သည်၊ မဟုတ်သည်။ မှန်သည် မမှန်သည်ကို။ ပယ်ပယ် ကြည်ကြည်၊ နှစ်နှစ် သက်သက်၊ ဖြစ်ကြရလေအောင်၊ ဝိပဿနာပညာခန်းကို ပေါက်ပေါက် ရောက်ရောက်

ပွားများအားထုတ်၍ကြည့်ကြလေ။ ။ပေါက်ရောက် ထင်မြင်သောအခါ ယုံကြည်ကြလိမ့်မည်။ ဘုန်းကြီး မှာသည့် အတိုင်း ပွားများအားထုတ်နိုင်ကြပါစေကုန်သတည်း။ ။အလုပ် သစ္စာလေးပါးတို့ကို၊ မင်္ဂစဉ့် အတိုင်း ဖြဆိုခန်းငြိုး၏၊ ။(အမှာ) မင်္ဂစဉ့် အတိုင်း ဖြဆိုခဲ့သမျှ၊ သစ္စာလေးပါး တို့ကိုတွင်၊ သောတာပတ္တိမဂ် စိတ္တက္ခဏမှာ ပေါ်လာသော၊ သစ္စာ လေးပါး မျိုးကို၊ ရှေးဦးစွာ ထင်မြင်ပေါက်ရောက်နိုင်ရန်၊ အရေးအကြီးဆုံး အချက် ဖြစ်သည်ဟူ၍၊ အရိုးစွဲအောင်မှတ်ယူကြကုန်ရာ၏။ ။

ထိုဖြင် မှားသော ဝိစ္ဆာဝါဒ၊ ဘာသာတပါးအယူဝါဒတို့၏ ရန်ကို တွန်းလှန်ဖြိုဖျက်သော နည်းလမ်းတို့သည်၊ သစ္စာလေးပါး နည်းလမ်းနှင့်၊ ပဋိစ္စသမုပ္ပါဒနည်းလမ်းတို့သည်။ အကောင်းဆုံးသော နည်းလမ်းတို့ဖြစ်သည်ဟူ၍၊ သဘောရှိသည်။ သံသရာက မ္ဘာလောကကြီးထဲမှာ၊ ရှိရှိသမျှကုန်သော၊ ဘာသာအယူဝါဒဟူသမျှတို့တွင်၊ သမ္မာသမ္ဗုဒ္ဓသာသနာဝင်၊ ဘာသာတမျိုးဌိသာလျှင်၊ သစ္စာလေးပါးတရားဟူ၍ရှိသည်။ပဋိစ္စသမုပ္ပါဒ တရားဟူ၍ရှိသည်။ သမ္မာသမ္ဗုဒ္ဓသာသနာဝင်၊ ဘာသာမှတပါး၊ အခြား သော ဘာသာဟူသမျှတို့၌၊ သစ္စာလေးပါး၊ ပဋိစ္စသမုပ္ပါဒ တရားဆိုလျှင်၊ ဆားမျှမြည်းစရာမရှိ၊ ဓာတ်မျှမက်စရာမရှိကြသည်ကား၊ အလွန်မှန်လှပေ၏၊သစ္စာလေးပါးပါဝင်နိုင်သော တရားမှသာလျှင်၊ သံသရာဘေးရုက္ခဟူသမျှတို့မှ၊ ထွက်မြောက်နိုင်သည်၊သစ္စာလေးပါး၊မပါမဝင်သော တရားမှန်သ၍၊ မည်သည့်အခါမှ၊ သံသရာဘေးရုက္ခအပေါင်းမှမထွက်မြောက်နိုင်ကြောင်းကို၊ အလိမ္မာဉာဏ်ပညာနှင့်ပြည့်စုံသော ပုဂ္ဂိုလ်မှန်သ၍၊ သိရှိပြီးဖြစ်ကြလေသောကြောင့်၊ အထူးပေါ်ပြရန်မလိုတော့ပြီ။ သစ္စာလေးပါး ပါဝင်သော တရားကို၊ဟောပြောပြသနိုင်သော အရှင်မျှားမှသာ၊ဘုရားစစ် ဘုရားမှန်ဖြစ်ကြောင်း၊သန္နိဋ္ဌာန်ကျမှတ်ကုန်ရာ၏၊ ။

သစ္စာလေးပါးဘုရားဒတ်ကို၊ မဟာ မပြုနိုင်သော လူ၊နတ်၊ဗြဟ္မာတို့ကို၊ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်ဖြစ်ကြသည်ဟူသော၊အမှတ်ဖြင့်ဂုဏ်း၊ဘုရား ဟူသောအမှတ်ဖြင့်ဂုဏ်း၊ အထွဋ် အမြတ်ထားပြီး ကမ္ဘာတည်စက စ၍၊ ယခုထက်တိုင်စွဲစွဲလမ်းလမ်းနှင့်၊ ယုံကြည်အားကိုးပြီး၊ ကြည်ညိုကိုးကွယ် ထျက်နေကြသော သူတို့ကို၊ ဘုန်းကြီးသည်မျှားစွာအံ့သြမိပါ၏။ဤကျမ်း စာအုပ်ကိုကြည့်ရှုသမျှ၊ပုဂ္ဂိုလ်အပေါင်းတို့သည်၊ ယခုဖော်ပြခဲ့သောသစ္စာ လေးပါးနှင့်ပတ်သက်သော စကားအရင်ရုပ်တို့ကို။အထူး အလေးပြုကြစေ

လုံ့ကြောင်း တိုက်တွန်းရခြင်းဖြစ်ပါသည်။ သမ္မာသမ္ဗုဒ္ဓ သာသနာဝင်၊ သမ္မာဒိဋ္ဌိလူမျိုးမှန်သ၍သည်၊ ဓိဋ္ဌာဝါဒဘာသာတပါးလူမျိုးတို့နှင့် တွေ့ဆုံ၍၊ သာသနာရေး၊ဘာသာရေးနှင့်ပတ်သက်သောစကားများ၊ ပြောဆိုကြတဲ့အခါမှာ၊ သစ္စာလေးပါးကိုအခြေခံ၍ပြောဆိုကြပါမူကား၊ ပညာဥာဏ်ဓာတ်ခံပါလာသော သူမှန်သ၍၊သမ္မာသမ္ဗုဒ္ဓသာသနာတော်သို့ သက်ဝင်ယုံကြည်၍၊လာကြလတံ့သည်ကားမှန်လှပေ၏၊ ထို့ကြောင့် သစ္စာလေးပါးတရားတော်များကို၊ အထူးကျွမ်းကျင်နားလည်တတ်မြောက်၊ထိုးထွင်းသိမြင်ပေါက်ရောက်ကြရလေအောင်၊ အထူးကြိုးစားအားထုပ်၊ ပွားများကြစေလိုကြောင်း၊ မေတ္တာတရားကြီးရှေထား၍၊ တိုက်တွန်း နှိုးဆော်လိုက်ရပေသည်။ တိုက်တွန်းသည်နှင့်အညီ အထူးလိုက်နာကြိုးစားနိုင်ကြပါစေကုန်သတည်း။

သစ္စာလေးပါးတိုက်တွန်းခန်းပြီး၏။

ပထမတွဲပြီး၏။

[နိဒါန်းစကားအစဉ်၌၊ ကျန်ရှိသော စကားရပ်များကို၊ဒုတိယတွဲ၌ဆက်လက်ဖော်ပြလတံ့၊

အရှင်သိလာစာရ။